www.burmeseclassic.com

# လူကလေးသို့ ပေးစာများ

## မြသန်းတင့်

BURMESE CLASSIC .com

LORD CHESTERFIELD

# LETTERS TO HIS SON AND OTHERS

www.burmeseclassic.com

www.burmeseclassic.com

# မြသန်းတင့်
## (၁၉၂၉-၁၉၉၈)

၁၉၂၉ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ပခုက္ကူခရိုင်၊ မြိုင်မြို့၌ အဖရှေ့နေဦးပေါ်တင့်၊ အမိဒေါ်လှိုင်တို့မှ မွေးဖွားသည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဘွဲ့ရရှိသည်။

၁၉၄၉ ခုနှစ်တွင် ဒုက္ခသည်' ဝတ္ထုတိုကို စတင်ရေးသားခဲ့ပြီး ပဒေသာ၊ သွေးသောက်၊ ရှုမဝ၊ ဂျာနယ်ကျော်၊ လင်းယုန်စသည့် မဂ္ဂဇင်းဂျာနယ်များ၌ ဝတ္ထု၊ ပြဇာတ်၊ ဆောင်းပါးများ ရေးသားသည်။ စာပေသစ်မဂ္ဂဇင်းကို ကိုသန်းတင်၊ ဒဂုန်တာရာ၊ မောင်ကြည်လင်၊ အောင်လင်းတို့နှင့်အတူ ဦးဆောင်ထုတ်ဝေခဲ့ပြီး စာရေးဆရာအသင်း၏ စာပေမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း၊ 'ပြည်တော်သစ်' ဂျာနယ်တွင် အယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ တိုးတက်ရေးသတင်းစာတွင် နိုင်ငံခြားရေးအယ်ဒီတာအဖြစ်လည်း ကောင်း၊ ဆောင်ရွက်သည်။ 'နွံထဲကကြာ' ဝတ္ထုမှစ၍ ကလောင်အမည်ကို 'မြသန်း' မှ 'မြသန်းတင့်' သို့ပြောင်းသည်။

ပင်ကိုယ်ရေးနှင့်ဘာသာပြန်စာအုပ် တစ်ရာခန့် ရေးသားခဲ့သည်။ ပင်ကိုယ်ရေးဝတ္ထုများအနက် နွံထဲကကြာ၊ အမှောင်ရိပ်ဝယ်၊ မာယာဘုံ၊ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည် တို့သည် ထင်ရှား၍ ဘာသာပြန်ဝတ္ထုများအနက်၊ 'စစ်နှင့်ငြိမ်းချမ်းရေး' သည် ၁၉၇၂ ခုနှစ် အမျိုးသားစာပေဘာသာပြန်ဆု၊ 'လေရူးသုန်သုန်' သည် ၁၉၇၈ ခုနှစ် အမျိုးသားစာပေဘာသာပြန်ဆု၊ 'ခန်းဆောင်နီအိပ်မက်' သည် ၁၉၈၈ ခုနှစ် အမျိုးသားစာပေဘာသာပြန်ဆု၊ 'သုခမြို့တော်' သည် ၁၉၉၂ ခုနှစ် အမျိုးသားစာပေဘာသာပြန်ဆု၊ 'အချစ်မိုးကောင်းကင်' သည် ၁၉၉၅ ခုနှစ် အမျိုးသားစာပေဘာသာပြန်ဆုများ ရရှိခဲ့သည်။

ဆရာမြသန်းတင့်သည် ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်နေ့ ည (၉:၁၅) တွင် ကွယ်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com

## လောကသစ်စာပေမှ ထုတ်ဝေပြီး စာအုပ်များ

| | | |
|---|---|---|
| 1. | ဇမိုး | Letters for All |
| 2. | ဦးသာနိုး | English Grammar for All |
| 3. | ဦးသာနိုး | Writing simple and Pleasant |
| 4. | ဇမိုး | English for Jobs and Exams |
| 5. | ဒေါက်တာခင်မောင်ဝင်း | အခြေခံသင်္ချာသစ် |
| 6. | ပျဉ်းမနား မောင်နီသင်း | ပုံပြင်ဖတ်ရအောင် |
| 7. | အုံ့မောင် | ရေခဲနတ်ဒေဝီ |
| 8. | အုံ့မောင် | အမြုတေရှာပုံတော် |
| 9. | မောင်ထွန်းသူ | ဓာတ်မြစ် ပ + ၃ + တ |
| 10. | မြသန်းတင့် | *သုခမြို့တော် ပ + ၃ |
| 11. | ဦးအေးမောင် | ပိဋကတ်မှ ဗုဒ္ဓနှင့် ဓမ္မ |
| 12. | ချိုထွန်း | Commercial spoken English |
| 13. | ဇမိုး | Idiomatic English |
| 14. | ကျော်အောင် | **အိုဂျေရုဆလမ် ပ+၃ |
| 15. | ဦးဝင်းတင် | Media English (1) |
| 16. | ဦးဝင်းတင် | Media English (2) |
| 17. | မောင်သော်က | ကဗျာ့ဘူကေး |

---

* ၁၉၉၂ အမျိုးသားစာပေ ဘာသာပြန်ဆုရ

** ၁၉၉၅ အမျိုးသားစာပေ ဘာသာပြန်ဆုရ

# မြသန်းတင့်

# လူလေးသို့ပေးစာများ

**Lord Chesterfield**
**Letters to**
**His Son and Others**

www.burmeseclassic.com

www.burmeseclassic.com

**ခွင့်ပြုချက်**
စာမူ ၅၀၄/၉၈ (၈)
အဖုံး ၄၀၅/၉၈ (၈)

**ထုတ်ဝေသူ**
ဦးဝင်းမြင့် (မြ ၀၁၅၁၂)
ဝင်းမြင့်အောင်စာပေ
၃၁၅/ ၂/ခ ရပ်ကွက်
ထောက်ကြံ့တိုးချဲ့ မင်္ဂလာဒုံ

**ပုံနှိပ်သူ**
ဦးမြတ်ကျော် (၀၅၅၅)
စာလုပ်ငန်းပုံနှိပ်တိုက်
၁၉၄၊ ၃၃ လမ်း၊ ရန်ကုန်။

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (မြ ၀၂၉၀၉)
ကျောက်စိမ်းပုံနှိပ်တိုက်
၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်။

**အဖုံးဒီဇိုင်း**
ဘဌေးကြည်

**ကွန်ပျူတာဖန်တီးမှု**
Prestige

**ဖလင်**
မဟာ

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊
အုပ်ရေ ၁၀၀၀၊
အောက်တိုဘာ၊ ၁၉၉၈။

**တန်ဖိုး**
၁၃၀၀ -ကျပ်

လောကသစ်စာပေ၊
၇၊ သုဝဏ္ဏလမ်း၊
ကျိုက္ကဆံရပ်ကွက်၊
ဗဟန်းမြို့နယ်။

BURMESE CLASSIC .com

## အမှာစာ

"လူလေးသို့ ပေးစာများ" သည် လော့စ်ချက်စတာဖီးလ်ဒ်၏ သားထံရေးသည့် ကမ္ဘာကျော်ပေးစာများကို ဆရာမြသန်းတင့် မြန်မာပြန်ဆိုထားခြင်းဖြစ်ပါသည်။

လော့ဒ်ချက်စတာဖီးလ်ဒ်သည် ၁၆၉၄–ခုနှစ် စက်တင်ဘာ ၂၂ တွင် လန်ဒန်မြို့၌ မွေးဖွားသည်။ ဗြိတိသျှနိုင်ငံရေးလောကတွင် အနှစ်သုံးဆယ် နီးပါးကျင်လည်ခဲ့ပြီး ၁၇၄၈–ခုနှစ်တွင် နိုင်ငံရေးလောကမှ အနားယူသည် ၁၇၇၃–ခုနှစ် မတ်လ ၂၄ ရက်တွင် ကွယ်လွန်သည်။

ဤပေးစာများမှာ သူ၏ သားဖြစ်သူဖိလစ်စတန်းဟုတ် (Philip Stanhope) ထံရေးသားခြင်းဖြစ်သည်။ ဖိလစ်စတန်းဟုတ်သည် ၁၇၃၂–ခုနှစ် ၌ မွေးဖွားသည်။ ပါလီမန်အမတ်အဖြစ် နှစ်ကြိမ် အရွေးခံရပြီး သံအမတ် အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ သို့သော် သူသည် သက်ဆိုးမရှည်ရှာ။ ၁၇၆၈–ခုနှစ် အသက် ၃၆ နှစ်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူ ယူဂျီးနီးယားစတန်းဟုတ်နှင့် သားနှစ်ယောက် ကျန်ရစ်ခဲ့သည်။

ပေးစာများမှာ သားဖြစ်သူ ဖိလစ်စတန်းဟုတ်အား ပညာပြည့်ဝနလုံးလှသည့် လူတော်လူကောင်းဖြစ်အောင် ပြုစုပျိုးထောင်ပေးသည့်အနေဖြင့် ရေးခဲ့ခြင်းဖြစ်ပြီး ပုံနှိပ်ထုတ်ဝေရန် ရည်ရွယ်ချက်မရှိပေ။ ဖိလစ်စတန်းဟုတ် ကွယ်လွန်သောအခါ ၎င်းသိမ်းဆည်းထားသော ဖခင်၏ ပေးစာများကို ဇနီးဖြစ်သူက စာအုပ်ထုတ်ဝေသူ ဂျိမ်းစ်ဝေါ့စ်လေအား ပေါင် ၁၅၀၀ နှင့် ရောင်းချလိုက်သည်။ ဤသို့ဖြင့် ၁၇၇၄–ခုနှစ်တွင် လော့ဒ်ချက်စတာဖီးလ်၏ သားထံ ပေးစာများသည် စာအုပ်အဖြစ် ပေါ်ထွက်လာသည်။ စာအသိရော ဘဝအသိပါ ပြည့်စုံကြွယ်ဝသည့် ဖခင်တစ်ဦးက သားဖြစ်သူအား လူတစ်လုံး သူတစ်လုံး ဖြစ်စေရန် ရည်ရွယ်၍ နေမှုထိုင်မှု၊ စားမှုသောက်မှု ပြောမှုဆိုမှု၊ ပေါင်းသင်း

www.burmeseclassic.com

www.burmeseclassic.com

ဆက်ဆံမှု၊ ပညာရှာမှီးမှု၊ အပန်းဖြေပျော်ရွှင်မှု၊ စိတ်ထားတတ်မှုတို့ကို အသေးစိတ်ဖော်ပြထားသော စာအုပ်ဖြစ်ရာ ထွက်ထွက်ခြင်းပင် စာဖတ်ပရိသတ်၏ တစ်ခဲနက်အားပေးမှုကို ခံရသည်။ အကြိမ်ကြိမ်ပြန်ရိုက်ခဲ့ရပြီး နိုင်ငံအသီးသီးတွင် ဘာသာအမျိုးမျိုးဖြင့် ပြန်ဆိုခြင်းခံရသည်။

၁၈–ရာစုအတွင်းက ပေါ်ခဲ့သော စာအုပ်သည် ၂၁–ရာစုတွင်းဝင်တော့မည့် ယခုအချိန်ထိ ကမ္ဘာအနှံ့တွင် ပုံနှိပ်ထုတ်ဝေနေရဆဲ ဖတ်ရှုမှတ်သားနေရဆဲဖြစ်ရာ စာကောင်းပေမွန်တို့မည်သည် အချိန်ကာလကိုလည်းကောင်း၊ နယ်နိမိတ်အပိုင်းအခြားတို့ကိုလည်းကောင်း ကျော်ဖြတ်နိုင်စွမ်းရှိသည်ဆိုသော စကား၏ ထင်ရှားသော သာဓကဖြစ်ပါသည်။

လူလေးသို့ ပေးစာများကို ဆရာမြသန်းတင့်သည် သားရွှေစင်မဂ္ဂဇင်း၊ တွံတေးမဂ္ဂဇင်း၊ အေးမြကမ္ဘာဂျာနယ်၊ စိန်ခြယ် မဂ္ဂဇင်းနှင့် English For All မဂ္ဂဇင်းတို့တွင် ရေးသားခဲ့ပြီး ယခုစာအုပ်သည် ယင်းမဂ္ဂဇင်းများမှ စာများကို စုစည်းထုတ်ဝေခြင်းဖြစ်ပါသည်။

စာအုပ်ကို စုစည်းစီစဉ်ရာ၌ ရှာမရဖြစ်နေသည့် သားရွှေစင်မဂ္ဂဇင်းများအား ငှားရမ်း၊ ကူညီခဲ့သူ ဆရာမောင်ခေတ်ထွန်းအား ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

လောကသစ်စာပေ

BURMESE CLASSIC .com

**၈၁–၁**

လန်ဒန် ဇူလိုင် ၂၄ ရက်၊ ၁၇၃၉ ခုနှစ်။

လူလေး

နောက်ဆုံးအကြိမ် ဖေဖေနဲ့တွေ့တုန်းက သားဆီကို ဘာဖြစ်လို့စာတွေဆက်မရေးတော့တာလဲလို့ မင်းကမေးတော့ ဖေဖေတော်တော် ဝမ်းသာသွားတယ်။ ဒါကိုကြည့်ရင် ဖေဖေရေးတဲ့စာတွေကို မင်းသဘောကျ အလေးထားတယ်လို့ ဖေဖေယူဆတယ်။ ဒီလိုဆိုရင်တော့ စာတွေ မကြာ မကြာ ရေးရဦးမှာပေါ့။ ဂရုစိုက်ပြီးဖတ်ရင် ဖေဖေရဲ့စာတွေဟာ မင်းအတွက် အသုံးကျလိမ့်မယ်လို့ ဖေဖေထင်တယ်။ ဘယ်စာကိုပဲဖတ်ဖတ်၊ စာဖတ်တယ်ဆိုတာ အလေးထားပြီး မှတ်မှတ်သားသားဖတ်မှ အကျိုးရှိတာ။ ဒီလိုမှမဟုတ်ရင် အချည်းနှီးပဲ။ လက်က တစ်ခုကိုလုပ်နေပြီး စိတ်က တစ် ခြားကို တွေးနေတာမျိုးဟာ သေးနုတ်သိမ်ဖျင်းတဲ့ စိတ်ဓာတ်ရဲ့ အမှတ်လက္ခဏာ ဖြစ်တယ်။ ဘယ်အလုပ်ကိုပဲလုပ်လုပ် ကိုယ်လုပ်နေတဲ့ အလုပ်ထဲကို စိတ်ရောက်နေရမယ်။ စာကို သင်အံလေ့ကျက်နေတုန်းမှာ ကစားတဲ့ဆီကို စိတ်ရောက်မနေသင့်ဘူး။ ကစားနေတုန်းမှာ စာထဲကို စိတ်ရောက်မနေသင့်ဘူး။ ဒီလိုမဟုတ်ဘဲ စာအုပ်ကို ရှေ့ဖြန့်ချပြီး တစ်ခြားကိုစိတ်ရောက်နေရင် ကိုယ့်အဖို့ နှစ်ခါဒုက္ခရှာတာနဲ့ အတူတူပဲ။ ဘာဖြစ်လို့လဲဆိုတော့ နောက်တစ်ခါ ပြန်ဖတ်ရတော့မှာကိုး။

ယဉ်ကျေးဖွယ်ရာမှုဟာ လူ့ဘဝမှာ အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်တယ်။ ယဉ်ကျေးဖွယ်ရာမှုဆိုတာ သင့်တင့်လျောက်ပတ်တဲ့အရာကို သင့်တင့်လျောက်ပတ်တဲ့နေရာမှာ လုပ်တတ်တာကို ခေါ်တာ။ တချို့ကိစ္စမှုဟာ အချိန်တစ်ချိန်၊ နေရာတစ်နေရာမှာ သင့်လျော်ပေမယ့် တစ်ခြားအချိန်၊ တစ်ခြားနေရာမှာ မသင့်လျော်ဘဲ ဖြစ်နေတတ်တယ်။ ဥပမာအားဖြင့် နေ့ခင်းအားလပ်တဲ့ အချိန်မှာ ကစားတာဟာ သင့်လျော်တယ်။ ဖွယ်ရာတယ်။

www.burmeseclassic.com

• မြသန်းတင့်

ဒါပေမယ့် ဆရာက စာသင်နေချိန်မှာ ထပြီး စွန်လွှတ်တယ်၊ ဖယ်တောက်တယ်ဆိုရင် မသင့်လျော်ဘူးပေါ့။ မဖွယ်ရာဘူးပေါ့။ ဒါကို နားလည်ရမယ်။ တောင်းကောင်းမွန်မွန်၊ အချိုးကျကျ ကတတ်တာဟာ သင့်လျော်တယ်။ ဖွယ်ရာတယ်။ ဒါပေမယ့် ကပွဲခန်းမတွေ၊ ပျော်ပွဲရွှင်ပွဲတွေမှာသာလျှင် ကရလိမ့်မယ်။ ဒီလိုမှမဟုတ်ဘဲ သီတင်းသီလ ဆောက်တည်ရာ ဘုရားရှိခိုးကျောင်းမှာ အသုဘမှာ သွားကတယ်ဆိုရင်တော့ မင်းကို အရူးလို့ပဲ ကဲ့ရဲ့ကြမှာပဲ။ ဒီဥပမာကိုကြည့်ရင် ယဉ်ကျေးဖွယ်ရာခြင်းဆိုတဲ့စကားကို မင်းသဘောပေါက်လောက်ရောပေါ့။ လူအများရဲ့ ချီးမွမ်းခြင်းကို ခံလိုရင် မင်းမှာ ယဉ်ကျေးဖွယ်ရာမှု ရှိရလိမ့်မယ်။ မင်းဟာ မင်းဆရာ မစ္စတာမိတ်တဲယားရဲ့ ချီးမွမ်းတာကိုတော့ ခံချင်မှာပဲ။ သူ့ချီးမွမ်းတာကို မခံရရင် ဖေဖေ့ရဲ့ ချီးမွမ်းတာကိုလည်း ခံရမှာ မဟုတ်ဘူး။ ဆရာပြောတာကို အလေးထားပြီး နားထောင်လိမ့်မယ်၊ သူနဲ့နေတုန်းမှာ တည်ကြည်လေးနက်ပြီး ယဉ်ကျေးဖွယ်ရာမှု ရှိလိမ့်မယ်လို့လည်း ဖေဖေမျှော်လင့်တယ်။ ပြီးရင်တော့ မင်းကြိုက်သလောက် ကစားပါ။ ပြေးပါ။ ခုန်ပါ။

စာ-၂

လန်ဒန် အောက်တိုဘာ ၂၆ ရက်၊ ၁၇၃၉ ခုနှစ်။

လူလေး

ကဗျာနဲ့ ဝစနာလင်္ကာရဆိုတဲ့ နှုတ်မှုအတတ်ပညာဟာ နေရာများစွာမှာ ခြားနားကြတယ်။ ဒါပေမယ့် အာဝဇ္ဇန်းကောင်းအောင်လုပ်ရာမှာတော့ ကဗျာဟာလည်း အလွန်အသုံးဝင်တယ်။ ဒါတင်မကဘူး။ ကဗျာမှာ ဥပမာတွေ၊ ဥပစာတွေ၊ အလင်္ကာတွေ အများကြီးပါတယ်။ စကားပြေကို ဖတ်သလို ကဗျာကို ဖတ်ခြင်းဖြင့်လည်း စကားအသုံးအနှုန်း ကောင်းလာနိုင်တယ်။ စကားတန်ဆာဆင်ယင်မှု ကျွမ်းကျင်လာနိုင်တယ်။ ကဗျာ အသုံးအနှုန်း၊ တစ်နည်းကဗျာရဲ့ ဘာသာစကားဟာ စကားပြေထက် ပိုပြီး နက်နဲသိမ်မွေ့တယ်။ စကားပြေမှာ ခွင့်ပြုမထားတဲ့ လွတ်လပ်ခွင့်တွေကို ကဗျာမှာ အသုံးပြုလေ့ရှိတယ်။ ဒါကို ကဗျာလိုင်စင် (ကဗျာလွတ်လပ်ခွင့်) လို့ ခေါ်တယ်။ ကဗျာနဲ့ စကားပြေကို သေသေချာချာ ဖတ်ရင် သူတို့နှစ်ခုရဲ့ ခြားနားချက်ကို မင်း အလွယ်တကူ တွေ့ရလိမ့်မယ်။ စကားပြေမှာ ပြောသလို ကဗျာမှာ ကိုယ်ပြောချင်တဲ့အရာကို အတည့်မပြောဘူး။ ရိုးရိုးစင်းစင်း မပြောဘူး။ သိုးကာသိကာပြောတယ်။ တန်ဆာဆင်ပြီး ပြောတယ်။ တိမ်ထူတဲ့မနက်လို့ ညစောင့်က ရိုးရိုးပြောတဲ့စကားမျိုးကို ကဗျာ (အယ်ဒီဆင်ရဲ့ကာတိုကဗျာ)မှာ ဒီလို ပြောထားတယ်။

အရုဏ်အုံ့ဆိုင်း၊ မနက်ခင်းနှိမ့်ဆင်း
တိမ်တွေနဲ့ လေးလံနေတဲ့နေ့
တရွေ့ရွေ့ဆက်သွား။

ဒါဟာ ကဗျာအသုံးအနှုန်းပဲ။ တစ်လုံးချင်းကို ယူသုံးနိုင်ပေမယ့် စကားပြေမှာ ဒီအတိုင်းသွားသုံးလို့ မတင့်တယ်ပေဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီစာနဲ့အတူ ဝေါလက်ရဲ့ ကဗျာတွေကို ဖေဖေ ပို့လိုက်တယ်။ အလွန်ကဗျာဆန်ပြီး နိမိတ်ပုံတွေနဲ့ တင်းကြမ်းပြည့်နေတယ်။ ကဗျာက ဗျတ်စောင်းကို တီးနေတဲ့ မိန်းမပျိုတစ်ယောက်ကို ဖွဲ့ထားတဲ့ကဗျာ။ ဗျတ်စောင်းဆိုတာ ကြိုးတွေအများကြီး တပ်ထားပြီး လက်ချောင်းကလေးတွေနဲ့ တူရိယာပစ္စည်းကို ခေါ်တာ။

သည်လောက်ဂရုမထားတဲ့ အတို့အထိက
သည်လောက်လွှမ်းဆွတ်စရာအသံ။
သူက အရေးမထားသလောက်
ငါတို့မှာ အရေးတကြီး။
တုန်ယင်နေတဲ့ ကြိုးများတစ်ဝိုက်
သူ့လက်ဖျားတွေ စုရုံးကြပြီး
အနမ်းတိုင်းမှာ သူတို့ရဲ့ ပီတိကိုပြောပြကြ။
အင်အားသေးသေးကလေး လှုပ်ရုံနဲ့
ထိုမျှတုန်ယင်ကြ။
လက်နဲ့ထိလိုက်ရုံနဲ့
ဘယ်သူမတုန်ယင်ပဲရှိပါ့။
သူမက နားကို ညွှတ်တုန်းမှာ
အချစ်ကရပ်ပြီး နာသူရဲ့နားကို
မြားကျည်တောက်ကုန်အောင်ပစ်လွှတ်။
နူးညံ့ဂီတ၊ စိတ်ကိုညှို့ငင်နူးစေရဲ့။
ဘယ်မြားတစ်စင်းမှ ခုခံမှုကိုမတွေ့ရ။
သည်နည်းနဲ့လှပတဲ့ မင်းအောင်ပွဲရ။
သူ့ကိုယ်သူ မျက်လုံးရဲ့အောင်ပွဲပမာ
တစ်ခါက စောင်းပိုက်တဲ့ နီရိုဘုရင်
မီးလောင်နေတဲ့ ရောမမြို့ကိုကြည့်ရင်း
သူ့စောင်းကို တီးခတ်သလိုပ။ ။

ဒီကဗျာထဲမှာပါတဲ့ ကဗျာအလှကို သတိပြုပါ။ မိန်းမပျို တီးခတ်လိုက်တဲ့အခါမှာ ပေါ်ထွက်တဲ့ စောင်းသံတွေဟာ အဲဒီမိန်းမပျိုရဲ့ လက်ကိုနမ်းရလို့ စောင်းကြိုးတွေရဲ့ပျော်ရွှင်ကြည်နူးမှုကို ဖော်ပြနေတဲ့အသံတွေလို့ သူက ဖွဲ့ထားတယ်။ အဲဒီစောင်းကြိုးရဲ့ တုန်ယင်မှုတွေဟာလည်း ကိုယ့်ချစ်သူရဲ့



အတို့အထိကို ခံလိုက်ရတဲ့အခါမှာ ခံစားရတဲ့ ပီတိနဲ့ အကြောက်ကြောင့် တုန်ယင်နေတဲ့ ချစ်သူတစ်ယောက်ရဲ့ တုန်ယင်မှုနဲ့ တူတယ်တဲ့။ အချစ် (အချစ်ဆိုတာကိုတော့ မင်းသိပြီးသားပါ။ လေးရယ်၊ မြားရယ်၊ မြားကျည်တောက်ရယ် ကိုင်ထားတဲ့ သူငယ်ကလေး မြားနတ်မောင်ပေါ့။) က မိန်းမပျို အနီးမှာ ရပ်ပြီး သူ့မြားတွေနဲ့ လူတွေရဲ့ အသည်းနှလုံးကို ပစ်နေတယ်တဲ့။ ဒီလိုပစ်နေတဲ့အခါမှာ မိန်းမပျိုရဲ့ ဂီတသံဟာ ပျော့ပျောင်းသွားပြီး သူတို့ကို အရှုံးပေးစေတယ်တဲ့။ ကဗျာအဆုံးမှာ ကဗျာဆရာက မိန်းမပျိုကို နီရိုးဘုရင်ကြီးနဲ့ တင်စားသွားတယ်။ နီရိုးဘုရင်ကြီးဆိုတာ အလွန်ရက်စက်ကြမ်းကြုတ်တဲ့ ရောမဧကရာဇ် ဘုရင်ကြီးတစ်ပါးပေါ့။ ရောမမြို့ကြီးကို မီးတင်ရှို့ပြီး မြို့ကြီး မီးဟုန်းဟုန်းတောက်နေတုန်းမှာ စောင်းတီးနေသူပေါ့။ ကဗျာဆရာများက အချစ်ကို မီးတောက် မီးလျှံတွေနဲ့ တင်စားသုံးနှုန်းလေ့ရှိတော့ နီရိုးက ရောမမြို့ကြီး မီးလောင်နေတုန်းမှာ စောင်းတီးနေသလို မိန်းမပျိုဟာလည်း လူတွေ သူ့အတွက် အချစ်မီးတောက်လောင်နေတုန်းမှာ စောင်းတီးနေတာတဲ့။ ဒီကဗျာတွေကို ဖေဖေနဲ့မတွေ့ခင် အလွတ်ရအောင် ကျက်ထားပါ။

ဒီကဗျာဟာ နည်းနည်းတော့ရှည်တယ်။ ကဗျာတစ်ကြောင်းမှာ ဝဏ္ဏဆယ်ခုရှိတယ်။ တစ်နည်းပြောရရင် ဂရုသံငါးခုရှိတယ်။ ဂရုသံတစ်ခုမှာ ဝဏ္ဏနှစ်ခုရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com

**စာ-၃**

ဘာ့သ် နိုဝင်ဘာ ၁ ရက်၊ ၁၇၄၃ ခုနှစ်။

လုလေး

ဝစနာလင်္ကာရ နှုတ်မှုအတတ်အကြောင်းကို ပြန်ကောက်ရဦးမယ်။ နှုတ်မှု အတတ်ဆိုတာ ကောင်းစွာ စကားပြောတတ်တဲ့ အတတ်ပညာဖြစ်တယ်။ ဒီအတတ်ပညာဟာ ဘဝအကွေ့တိုင်းမှာ အသုံးကျတယ်။ အကွေ့တော်တော်များမှာ လိုအပ်တယ်။ ဒါကြောင့် ဒီအတတ်ပညာကို သတိမမေ့အပ်ဘူး။ လွှတ်တော်ထဲမှာဖြစ်စေ၊ သာသနာဘက်မှာဖြစ်စေ၊ ဥပဒေအတတ်မှာဖြစ်စေ နှုတ်မှုပညာမတတ်ရင် လူချွန် မဖြစ်နိုင်ဘူး။ နေ့စဉ်ပြောဆိုတဲ့နေရာမှာတောင် ကိုယ်ပြောချင်တဲ့အရာကို မှန်မှန်ကန်ကန်၊ တိတိကျကျ စကားပြောတတ်သူ၊ သက်တောင့်သက်သာနဲ့ အလေ့အထုံ့ရှိတဲ့ စကားပြောကောင်းသူ တစ်ယောက်ဟာ အမှားမှား အယွင်းယွင်း၊ မသပ်မရပ် စကားပြောသူတစ်ယောက်ထက် အများကြီး အခွင့်သာတယ်။

ဖေဖေပြောဖူးတဲ့အတိုင်း နှုတ်မှုအတတ်ပညာရဲ့အလုပ်ဟာ လူတွေကို ဆွဲဆောင်သိမ်းသွင်းနားချဖို့ ဖြစ်တယ်။ လူတွေကို ဆွဲဆောင်နားချချင်ရင် သူတို့သဘောကျသွားအောင် ပြောနိုင်ရမယ်။ လွှတ်တော်ထဲမှာဖြစ်စေ၊ တရားပလ္လင်မှာဖြစ်စေ၊ တရားရုံးတော်မှာဖြစ်စေ လူပုံအလယ်မှာ စကားပြောရသူတစ်ယောက်အဖို့ ကိုယ့်စကားကို နားထောင်သူတို့ သဘောကျသွားအောင်ပြောတတ်ရင် ဘယ်လောက် အခွင့်သာသလဲဆိုတာ နောက်တော့ သိလာလိမ့်မယ်။ ဒီလိုဖြစ်ဖို့ရာဟာ နှုတ်မှုအတတ်ပညာမရှိဘဲနဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ စကားပြောကောင်းသူတစ်ယောက်ဟာ ကိုယ်ပြောနေတဲ့ အကြောင်းအရာနဲ့ ညီညွတ်တဲ့ စကားအသုံးအနှုန်းကို ပြောတတ်ရုံ၊ သဒ္ဒါစည်းကမ်းတွေနဲ့ ကိုက်ညီအောင် ပြောတတ်ရုံနဲ့ မလုံလောက်သေးဘူး။ ခမ်းခမ်းနားနား၊ သပ်သပ်ရပ်ရပ်လည်း



ပြောတတ်ရမယ်။ ဆိုလိုတာက အကောင်းဆုံး၊ အရှင်းလင်းဆုံး စကားလုံးတွေကို သုံးတတ်ရမယ်။ အဲဒီစကားလုံးတွေကို အသွားအလာ ရှေ့နောက်စီစဉ်တကျ ဖြစ်အောင် အကောင်းဆုံး ထားတတ်ရမယ်။ ကိုယ်ပြောတဲ့ စကားတွေကို သင့်လျော်တဲ့ ဥပမာ၊ ဥပစာ၊ ဥပမေယျတွေနဲ့ ပြောတတ်ရမယ်။ ဖြစ်နိုင်ရင် ဇဝနဉာဏ်သုံးပြီး ရွှင်မြူးဖွယ်ဖြစ်အောင် ပြောတတ်ရမယ်။

ဥပမာ မင်းက မစ္စတာမိတ်တဲယားဆီမှာ အားလပ်ရက်တစ်ရက် ခွင့်တောင်းချင်တယ်ဆိုပါတော့။ "ကျွန်တော့်ကို အားလပ်ရက် တစ်ရက်လောက် ပေးပါ" လို့ တုံးတိကြီး ပြောမလား။ ဒီလို တုံးတိကြီး သွားပြောတာမျိုးဟာ သူ့ကို ခွင့်ပေးချင်အောင် ဆွဲဆောင်ရာမရောက်ဘူး။ သူဟာ မင့်အပေါ်မှာ စိတ်ကောင်းထားကြောင်း၊ အလိုလိုက်ကြောင်း။ ဒါကို အတွေ့အကြုံအရ သိပြီးဖြစ်ကြောင်း၊ ဒါ့ကြောင့်မို့ သူ့ကို တစ်ခုတောင်းပန်လိုကြောင်း၊ အကယ်၍ တောင်းပန်တာကို လိုက်လျောခြင်း မပြုနိုင်လျှင်လည်း စိတ်မကောင်း မဖြစ်သင့်ကြောင်း၊ သူ့အာရုံစိုက်လာအောင်၊ သူ့ဘဝင်ကျသွားအောင် ပထမ ပြောပြရမယ်။

ဒီလို စကားပလ္လင်ခံပြီးတော့မှ မင်းလိုချင်တဲ့အရာကို တင်ပြရမယ်။ မင်းကို ခွင့်တစ်ရက်လောက် ပေးဖို့အကြောင်း၊ ခွင့်ပေးရင် ဘယ်နေရာကို သွားမယ့်အကြောင်း၊ ဘာလုပ်မယ့်အကြောင်းကို ပြောပြရမယ်။ ပြီးတော့ မင်းဟာ သူ့ဆီက ဒီလို မကြာခဏ ခွင့်ပန်ဖူးခြင်းမရှိကြောင်း၊ နောင်မှာလည်း မကြာခဏ ခွင့်ပန်မှာ မဟုတ်ကြောင်း၊ တစ်ခါတရံမှာ စိတ်ကို ခန္ဓာကိုယ်ကြီးကဖြစ်စေ၊ အလုပ်ကဖြစ်စေ ခွာပြီး အနားပေးသင့်ကြောင်း စသဖြင့် အကျိုးသင့်အကြောင်းသင့် ရှင်းပြရမယ်။ ဒီလိုရှင်းပြတဲ့အခါမှာ တတ်နိုင်လျှင် ဥပမာကလေးတစ်ခုနှစ်ခုနဲ့ ပြတတ်ရမယ်။ လေးကိုင်းများဟာ အမြဲ ညှို့ထားရင်၊ အမြဲကွေးမထားရင် ညှို့အားကောင်းသလို စိတ်ဟာလည်း မကြာခဏ ညီသလို အနားပေးထားရင်၊ ဖြေလျှော့ထားရင် ပိုပြီးခွန်အားကောင်း လာတတ်ကြောင်း စသဖြင့် ပြောတတ်ရမယ်။

ဒီလိုစကားမျိုးကတော့ အသေးစား အာဝဇ္ဇန်းအတွက် နှုတ်မှုပညာ အသေးစား ဥပမာကလေးတွေပဲ။ ဒါပေမယ့် ဒါကိုကြည့်လိုက်ရင် နှုတ်မှု ပညာတတ်ခြင်း၊ အာဝဇ္ဇန်းကောင်းခြင်းဆိုတာ ဘာလဲဆိုတာကို မင်းသဘော ပေါက်လိမ့်မယ်ထင်တယ်။ စကားပြောကောင်းခြင်း၊ အာဝဇ္ဇန်းကောင်းခြင်း ဆိုတာ အချုပ်မှာတော့ ဆွဲဆောင်သိမ်းသွင်းတဲ့ အတတ်ပညာပဲ။ နောင်

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကြီးတွေနဲ့ ကြုံတွေ့လာရတဲ့အခါမှာ ဒီအတတ်ပညာကို မင်းရလာလိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။

## စာ-၄

နိုဝင်ဘာ ၂၀၊ ၁၇၃၉ ခုနှစ်။

သူလေး

ခုအချိန်မှာ မင်းဟာ ရောမသမိုင်းကို ဖတ်နေတာ ဖြစ်လေတော့ ထိုက်သင့်တဲ့အာရုံစိုက်မှု၊ ထိုက်သင့်တဲ့ အလေးထားမှုနဲ့ ဖတ်လိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။ ရှေ့မှာ သွားနှင့်ခဲ့ကြသူတွေရဲ့ ကောင်းမှုတွေ၊ မကောင်းမှုတွေကို နမူနာပြပေးရာမှာ သမိုင်းဟာ အသုံးဝင်တယ်။ သမိုင်းကို ဖတ်ပြီး မှန်ကန်စွာ သင်ခန်းစာယူတတ်ကြရမယ်။ ကြီးမြတ်တဲ့ တီဟိတ်ပုဂ္ဂိုလ်များဟာ သူတို့ အသက်ရှိစဉ်ကာလများတုန်းက ဘယ်လို လေးစားကြည်ညိုခြင်းကို ခံခဲ့သလဲ၊ တို့ခေတ်အထိလည်း သူတို့ အမည်များဟာ ဘယ်လောက် ဂုဏ်သတင်းကျော်စောသလဲဆိုတာကို သမိုင်းကပြသနေတယ်။ ဒီလို ပြသပေးခြင်းဖြင့်တို့ကို ကောင်းမှုကိုချစ်တတ်အောင်၊ လက်တွေ့လုပ်ချင်လာအောင် သမိုင်းက လှုံ့ဆော်ပေးတယ်။ ရောမသမိုင်းမှာ မြင့်မြတ်မှု၊ ရက်ရောမှု၊ စိတ်ထားကြီးမှုတို့ ဥပမာတွေကို အခြားသမိုင်းများမှာထက် ပိုပြီးတွေ့နိုင်တယ်။ ရောမခေတ်တုန်းက ကောင်စစ်ဝန်များ၊ အမိန့်ပြန်သူများဟာ (အဲဒီခေတ်တုန်းက ခုံသမာဓိအရာသူကြီးများကို ဒီလိုပဲခေါ်ကြတယ်။) ထွန်တုံး ပေါက်ဆင်း၊ သူတို့စစ်တပ်ကြီးတွေကို ခေါင်းဆောင်ပြီး ရန်သူတွေကို တိုက်ခိုက်ခဲ့ကြတယ်။ အောင်ပွဲရလို့ ပြန်လာတဲ့အခါမှာလည်း ထွန်တုံးဆီကို ပြန်သွားကြပြီး မိမိတို့ရဲ့ဘဝကို ရိုးရိုးကုပ်ကုပ် အနားယူရင်း ကုန်ဆုံးစေခဲ့ကြတယ်။

သူရဲကောင်း ကျူးရီးယတ်စ်ဟာ သူ့ကိုယ်ပိုင် ငွေကြေးရယ်လို့ တစ်ပြားတစ်ချပ်မှ ရှိတာမဟုတ်ဘူး။ ဆန်နိုက်လူမျိုးတွေက သူ့ကို ငွေကြေးအမြောက်အများကြီးပေးတော့ သူကိုယ်တိုင် ပိုက်ဆံရှိတာထက် ပိုက်ဆံရှိသူတွေကို အုပ်ချုပ်ကွပ်ကဲရတာက ပိုပြီး ဂုဏ်ရှိတယ်ဆိုပြီး ပေးတဲ့ပိုက်ဆံတွေကို ငြင်း

www.burmeseclassic.com

www.burmeseclassic.com



ပယ်ခဲ့တယ်။ ရောမစစ်တပ်ကြီးကို မကြာခဏ ကွပ်ကဲခဲ့ရပြီး မကြာခဏ အောင်ပွဲရခဲ့တဲ့ စစ်သူကြီး ဖေဘာရီးယတ်စ်ဟာ မီးဖိုကလေးဘေးမှာ ထိုင်ပြီး သူ့ကိုယ်ပိုင်လယ်ယာမှာ သူကိုယ်တိုင် ထွန်ယက်စိုက်ပျိုးခဲ့တဲ့ သစ်သီးဝလံတွေကိုပဲ စားခဲ့တယ်၊ စစ်သူကြီး ဆီပီယိုဟာ စပိန်ပြည်ကိုသွားတိုက်ပြီး တိုက်ပွဲအောင်တော့ သုံ့ပန်းတွေ ဖမ်းမိခဲ့တယ်။ အဲဒီသုံ့ပန်းတွေထဲမှာ အလွန်ချောမောတဲ့ မင်းသမီးကလေးတစ်ပါး ပါလာတာကို တွေ့ရတယ်။ အဲဒီမင်းသမီးကလေးဟာ မကြာခင်မှာပဲ သူနဲ့အဆင့်အတန်းတူညီတဲ့ မင်းသားတစ်ပါးနဲ့ စုလျားရစ်ပတ်တော့မယ်လို့လည်း သတင်းကြားရတယ်။ ဒီတော့ စစ်သူကြီးက အဲဒီမင်းသမီးကလေးကို သူ့ခမည်းတော်ရဲ့ စံအိမ်မှာရှိစဉ်ကလို အဆောင်အယောင်၊ အခမ်းအနားတွေ၊ အထိန်းတော်၊ အကတော်တွေနဲ့ သေချာစွာထားတယ်။ အဲဒီမင်းသမီးလေးရဲ့ ချစ်သူကို ရှာလို့တွေ့တာနဲ့ သူတို့နှစ်ဦးကို လက်ထပ်ပေးလိုက်ပြီး သူ့ကိုရွေးနုတ်ယူဖို့ သူ့ခမည်းတော်ကပေးလိုက်တဲ့ ပိုက်ဆံထဲက အချို့အဝက်ကိုလည်း လက်ဖွဲ့လိုက်တယ်။

ဒီအဖြစ်အပျက်ဟာ နိုင်ထက်ကလူ မပြုခြင်း၊ မိမိကိုယ်ကို ထိန်းချုပ်နိုင်ခြင်း၊ စိတ်သဘောထားကြီးခြင်းတို့ကိုပြတဲ့ ထင်ရှားတဲ့ နမူနာတစ်ခုဖြစ်တယ်။ ဒီအရည်အချင်းတွေကြောင့်ပဲ စစ်သူကြီးဆီပီယိုဟာ စပိန်ပြည်သူတွေရဲ့ နှလုံးသည်းပွတ်ကို ဆွတ်ခူးနိုင်ခဲ့တယ်။

ဒီလို စပိန်လူမျိုးတွေရဲ့ ချစ်ခင်မှုကို ရခဲ့တာဟာ ကောင်းမြတ်တဲ့အကျင့်ကို သရဖူဆောင်းပေးလိုက်တဲ့ ဆုလာဘ်ပဲ ဖြစ်တယ်။ မင်းဟာ ကြီးမြတ်ထင်ရှားပြီး ကောင်းမြတ်တဲ့လူတစ်ယောက် ဖြစ်ချင်ရင် အဲဒီစရိုက်တွေကို အတုယူရမယ်။ ချမ်းမြေ့ပျော်ရွှင်တဲ့ လူတစ်ယောက်ဖြစ်ဖို့အတွက် အဲဒီနည်းဟာ တစ်ခုတည်းသော နည်းလမ်းဖြစ်တယ်။ အာဒီးယူး။

## စာ-၅

တနင်္လာနေ့။

လူလေး

မနေ့က မင်းနဲ့ပတ်သက်လို့ မစ်တဲယားဆီက စာကို မျှော်နေပေမယ့် ဘာမှရောက်မလာလို့ ဖေဖေစိတ်မကောင်းဖြစ်မိတယ်။ မစ္စတာမစ်တဲယားဟာ မင်းကို တော်တော်အပင်ပန်းခံပြီး သင်ပေးရှာတာပဲ။ အပြန်အလှန်အားဖြင့် မင်းရဲ့အလေးထားမှုနဲ့ အာရုံစိုက်မှုကိုတော့ ရသင့်ပေတာပေါ့။ ပြီးတော့ မင်းလည်းစဉ်းစားကြည့်ဦးလေ။ မင်းဟာ မင်းတို့ရွယ်တူတွေထဲမှာ စာအတော်ဆုံးဆိုတဲ့ဂုဏ်ကို ထိုက်ထိုက်တန်တန် ရထားရာက ဒီဂုဏ်သတင်းကို ဆုံးရှုံးသွားတယ်ဆိုရင်၊ မင်းနောက်မှာကျန်ခဲ့တဲ့ တခြား ကျောင်းသားတွေက မင်းကို ကျော်သွားမယ်ဆိုရင် ဘယ်လောက် ရှက်စရာကောင်းသလဲ။ မင်းက စာကိုကျက်လိုက်ရင် မြန်မြန်ရလွယ်ပြီး ရရင်လည်း မှတ်မိလွယ်တော့ အာရုံစိုက်မှုပဲ လိုနေတယ်။ ဒါပေမယ့် စာကျက်နေတုန်းမှာ အာရုံမဝင်စားဘူးဆိုရင်တော့ စာအုပ်ကို ရှေ့ချပြီး ကြည့်နေတဲ့အချိန်တွေဟာ သဲထဲရေသွန်ဖြစ်ရတာပေါ့။ ကိုယ့်မှာ စာသင်ဖို့ အခွင့်အရေးတွေ ရပါလျက်နဲ့ ပညာမဲ့သူတစ်ယောက်ဖြစ်နေရင် ပိုလို့တောင် ရှက်စရာကောင်းသေးတယ်။ ပညာမဲ့သူတစ်ယောက်ဟာ ပွဲလယ်မတင့်တဲ့အပြင် လူ့ပုံလယ်မှာ အထင်သေးခံရမယ်။ ပညာမဲ့သူတစ်ယောက်ကို ဘယ်သူကမှ အပေါင်းအသင်း လုပ်ကြမှာမဟုတ်ဘူး။ ဆန်ကုန်မြေလေးအဖြစ်ပဲ သဘောထားကြမှာပဲ။ ဒီလို အရေးမထားခံရတဲ့ ပညာမဲ့သူတစ်ယောက် သေသွားတဲ့အခါမှာ ပြောစရာရှိတဲ့ ဥဒ်သစ်ဆိုရိုးစကားကလေးတစ်ခုရှိတယ်။ **ပညာမဲ့သူတို့မည်သည် တစ်ခါက ရှင်ခဲ့သော်လည်း ယခုသေလေပြီဆိုတဲ့** ဆိုရိုးစကား ဖြစ်တယ်။

ခု မင်း မစ္စတာရိုလင်ရဲ့ "ရှေးဟောင်းသမိုင်း" ကို ဖတ်နေတယ်

www.burmeseclassic.com



မဟုတ်လား။ ရှေးဟောင်းသမိုင်းကိုဖတ်ရင် အနားမှာ မြေပုံတွေ ရှိပါစေ။ စာအုပ်ထဲမှာပါတဲ့ နေရာတွေကို မြေပုံပေါ်မှာ ပြပေးဖို့ မွန်စီယာပဲလ်နီးကို ပြောပါ။ အာဒီးယူး။

## စာ-၆

ဇွန် ၉ ၊ ၁၇၄၀ ခုနှစ်။

လူလေး

ဖေဖေ လန်ဒန်က ထွက်လာတုန်းကလို မင်းဟာ ဖေဖေ့ရဲ့ အရေးထားမှုနဲ့ ထိုက်တန်တယ်လို့ ယူဆတဲ့အတွက်ကြောင့်တစ်ကြောင်း၊ မစ္စတာ မစ်တဲယားကလည်း ဖေဖေနဲ့ နောက်ဆုံးရှိစဉ်အချိန်တုန်းကလို မင်းကို ချီးမွမ်းနေသေးတယ်လို့ ယူဆတဲ့အတွက်ကြောင့်တစ်ကြောင်း၊ ဖေဖေ ဒီစာကို ရေးလိုက်တယ်။ ဒီလိုမှမဟုတ်ရင် မင်းအတွက် ဖေဖေစိုးရိမ်ပူပန်နေလို့ကော ဘာအကျိုးထူးမှာလဲ။ ဖေဖေ မြို့ကိုရောက်လာရင် အဝေးက မင်းအပေါ်မှာ ဖေဖေ အထင်ကြီးခဲ့တာကလေးတွေကို ပျောက်မသွားအောင် ဂရုစိုက်ပါ။

မင်း အလွန်လိုချင်တဲ့ ရွှေပြည်စိုးငှက်ကလေးတွေနဲ့ ငှက်ရွှေဝါကလေးတွေ ရလောက်ပြီလို့ ဖေဖေထင်တယ်။ ငှက်ရွှေဝါကလေးတွေကို အတုခိုးဖို့ ဖေဖေ တိုက်တွန်းချင်တယ်။ ငှက်ရွှေဝါကလေးတွေမှာ သူတို့ရဲ့ ကိုယ်ပိုင်တေးသံရယ်လို့ မရှိဘူး။ သင်မပေးရင် သူတို့ဟာ တေးမဆိုတတ်ကြဘူး။ ဒါပေမယ့် သင်ပေးလိုက်တာနဲ့ တခြားငှက်တွေထက် အသံသာအောင် မြည်တတ်တယ်။ ဒီလိုတေးဆိုတတ်လာတာဟာ သူတို့ရဲ့အာရုံစိုက်မှုနဲ့ မှတ်ဉာဏ်ကြောင့်ဖြစ်တယ်။ မင်း သတိထားကြည့်ပါ။ သူတို့ကို တေးဆိုသင်ပေးတဲ့အခါမှာ သေသေချာချာ ဂရုစိုက်ပြီး နားထောင်တယ်။ ဘယ်တော့မှ ခုန်ပေါက်ပြေးလွှားမနေဘူး။ အဲ -- မင်းဟာ မင်းမွေးထားတဲ့ ငှက်ရွှေဝါကလေးလောက်တောင်မှ အာရုံမဝင်စားဘူးဆိုရင်တော့ တော်တော် ရှက်စရာကောင်းဘယ်လို့ ဖေဖေထင်တယ်။

မကြာခင်တုန်းက မင်းဟာ ဂရုတစိုက်နဲ့ အာရုံဝင်စားခဲ့တဲ့အတွက် လက်တင်ကဗျာကို တော်တော်လေး ကျွမ်းဝင်ပြီလို့ ဖေဖေယူဆတယ်။ ဂရိဘာသာမှာလည်း လက်တင်ဘာသာကို အမီလိုက်နိုင်လိမ့်မယ်လို့ ဖေဖေ ထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

စာ-၇

ဗုဒ္ဓဟူးနေ့။

လူလေး

လွန်ခဲ့တဲ့ တနင်္ဂနွေနေ့တုန်းက မစ္စတာဘိုဒင်ရဲ့ အိမ်မှာ မင်း ပြောဆိုဆက်ဆံပုံတွေ ကောင်းတဲ့အတွက် ချီးမွမ်းတာကို ခံထိုက်ပါပေတယ်။ ပြီးတော့ မင်းဒီလိုနေထိုင်တာကို မြင်လိုက်ရတော့ လိမ္မာယဉ်ကျေးခြင်းနဲ့ ပတ်သက်တဲ့ စည်းကမ်းတချို့တလေကိုလည်း ဖေဖေ ပြောချင်လာတယ်။ ဒီစည်းကမ်းတွေကို မင်းလိုက်နာလိမ့်မယ်လို့လည်း ဖေဖေ ယုံကြည်တယ်။

လူ့အများရဲ့ အထင်ကြီးလေးစားမှု၊ ချစ်ခင်မြတ်နိုးမှုကို ခံချင်ရင် ပညာရှိဖို့လိုသလို သမာဓိနဲ့ သီလလည်း ရှိဖို့လိုတယ်။ လူတောထဲမှာ၊ စကားဝိုင်းမှာ မင်းကို သဘောကျပြီး ဆီးကြိုစေချင်ရင် ယဉ်ကျေးသိမ်မွေ့မှုနဲ့ လိမ္မာယဉ်ကျေးခြင်းတို့ ရှိဖို့လည်း အလားတူ လိုအပ်တယ်။ သီလ၊ သမာဓိ၊ ပညာ စတဲ့ ကြီးကျယ်တဲ့ အရည်အချင်းတွေဟာ သာမန်လူတွေအထက်မှာ ရှိတယ်။ သာမန်လူများဟာ ဒီအရည်အချင်းတွေကို ပိုင်လည်းမပိုင်ကြဘူး။ သူများတွေမှာ ရှိရင်လည်း အကဲမဖြတ်တတ်ကြဘူး။ ဒါပေမယ့် ယဉ်ကျေးသိမ်မွေ့ခြင်း၊ နှစ်လိုဖွယ်ကောင်းခြင်း၊ အလိုက်သိတတ်ခြင်း၊ ရည်မွန်စွာ ပြောဆိုဆက်ဆံတတ်ခြင်း စတဲ့ အငယ်စား အရည်အချင်းကလေးတွေနဲ့ ပတ်သက်လာရင်တော့ သာမန်လူတွေဟာ တရားသူကြီးများ ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအရည်အချင်းတွေမှာ ကောင်းတဲ့အကျိုးသက်ရောက်မှုတွေ ရှိပြီး လူ့အဖွဲ့အစည်းကြီးကို သက်တောင့်သက်သာဖြစ်အောင်၊ ကျေနပ်စရာကောင်းအောင် လုပ်ပေးတယ်ဆိုတာကို သူတို့သဘောပေါက်ကြလို့ပဲ။

လိမ္မာယဉ်ကျေးခြင်း ရှိသင့် မရှိသင့်ကို နေရာတော်တော်များများမှာ စဉ်းစားဉာဏ်နဲ့ ဆုံးဖြတ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့အရာတွေဟာ အချိန်တစ်ချိန်မှာ လူတစ်ယောက်အတွက် ယဉ်ကျေးတယ်လို့ မြင်နေပေမယ့် အခြားအချိန်တစ်ချိန်မှာ အခြားလူတစ်ယောက်အဖို့ တစ်မျိုးမြင်နေတတ်လို့ပဲ။



ဒါပေမယ့် ဘယ်နေရာမှာပဲဖြစ်ဖြစ် အမြဲမှန်နေတဲ့ လိမ်မာယဉ်ကျေးခြင်းနဲ့ ပတ်သက်တဲ့ ယေဘုယျ စည်းကမ်းတွေတော့ ရှိတယ်။ ဥပမာအားဖြင့် လူတစ်ယောက်နဲ့ စကားပြောရင် သူ့ရဲ့ဂုဏ်သိက္ခာ၊ အဆင့်အတန်း၊ အသက်အရွယ်ကို လိုက်ပြီး ဟုတ်ကဲ့ခင်ဗျာ၊ မဟုတ်ပါဘူးခင်ဗျာ စသဖြင့် ခင်ဗျာ ထည့်သုံးရမယ်။ ဒီလို မသုံးဘဲ ဟုတ်ကဲ့၊ မဟုတ်ဘူး စသဖြင့် တုံးတိကြီး ပြောတာမျိုးဟာ ဘယ်ချိန်ဘယ်နေရာမှာပဲဖြစ်ဖြစ် ရိုင်းပျရာ ရောက်တယ်။ ပြင်သစ်စကားမှာ ဟုတ်ကဲ့ မွန်စီယာ၊ ဟုတ်ကဲ့မဒမ်၊ ဟုတ်ကဲ့မတ်မွိုင်ဇယ် စသဖြင့် သုံးသလိုပေါ့။ ပြင်သစ်စကားမှာ အိမ်ထောင်ရှိတဲ့ အမျိုးသမီးကို မဒမ်လို့ သုံးပြီး၊ အိမ်ထောင်မရှိတဲ့ အမျိုးသမီးကို မတ်မွိုင်ဇယ်လို့ သုံးတာကိုတော့ မင်းသိပြီး ဖြစ်မှာပေါ့။

လူတွေက ကိုယ့်ကို စကားလာပြောရင် ထိုက်သင့်တဲ့ အာရုံဝင်စားမှုကို မပြတာ၊ ယဉ်ကျေးတဲ့အဖြေကို မပေးတာဟာလည်း အလွန်ရိုင်းတယ်။ ကိုယ့်ကို စကားပြောနေတုန်းမှာ တခြားကို ထသွားတာ၊ ဒါမှမဟုတ် ဒီပြင်အလုပ်တစ်ခုကို ကောက်လုပ်နေတာမျိုးဟာလည်း အလွန်ရိုင်းတယ်။ ဒီလိုလုပ်လိုက်တော့ တစ်ဖက်သားက သူ့ကို အထင်သေးလို့ လုပ်တာလို့ ထင်သွားနိုင်တယ်။ သူပြောတဲ့စကားဟာ နားထောင်လောက်အောင် တန်ဖိုးမရှိလို့၊ ပြန်ဖြေရလောက်အောင် တန်ဖိုးမရှိလို့ ဒီလိုလုပ်တာလို့ ထင်သွားနိုင်တယ်။ ပြီးတော့ အခန်းထဲမှာ ကိုယ်က အကောင်းဆုံးနေရာမှာ ဝင်ထိုင်တာ၊ ထမင်းစားပွဲမှာ ဘယ်သူမှ မစားခင် ကိုယ်ကြိုက်တဲ့ အစားအစာကို ခက်ခနဲ ကောက်စားလိုက်တာ၊ တခြားဘယ်သူတွေ ဘာဖြစ်နေနေ ဂရုမစိုက်တဲ့ ပုံမျိုးနဲ့ ဘယ်သူ့ကိုမှ ဦးစားမပေးဘဲ ကိုယ်ကအရင် ကောက်စားလိုက်တာမျိုးဟာလည်း အလွန်ရိုင်းတယ်ဆိုတာ ဖေဖေပြောစရာတောင် မလိုဘူးထင်တယ်။ စားသောက်ရာမှာ ဒီလိုမလုပ်သင့်ဘူး။ ကိုယ်နဲ့အတူ ရှိနေသူတွေ အဆင်ပြေရေးကို တတ်နိုင်သမျှ ဦးစားပေးရမယ်၊ လိမ္မာယဉ်ကျေးခြင်းဆိုတာ ဘာမင်လုပ်ယူတာမျိုး မဖြစ်စေရ၊ သက်တောင့်သက်သာပဲ လွယ်လင့်တကူနဲ့ ယဉ်ကျေးတာမျိုး ဖြစ်ရမယ်။ လူကြီးလူကောင်းတစ်ယောက်ရဲ့ အမူအရာမျိုးနဲ့ ယဉ်ကျေးတာမျိုး ဖြစ်ရမယ်။ ဒီနေရာမှာ ပြင်သစ်လူမျိုးတွေကို လေ့လာသင့်တယ်။

ရှက်တတ် ကြောက်တတ်တာနဲ့ ပတ်သက်လို့ ပြောဦးမယ်၊ အခုမှ ကို လုပ်ဖို့ ဘယ်တော့မှ ရှက်ကြောက်ခြင်း မရှိပါနဲ့။ ဒါကို အမြဲသတိရပါ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က လိမ္မာယဉ်ကျေးခြင်း မရှိဘူးဆိုရင်တော့ အလွန်ရှက်စရာကောင်းတယ်၊ ဒါပေမယ့် ကိုယ်က ယဉ်ကျေးတယ်ဆိုရင် ဘာဖြစ်လို့ ရှက်ရမှာလဲ။ ဘာကို ရှက်ကြောက်နေရမှာလဲ။ ဘယ်နှစ်နာရီ ထိုးပြီလဲလို့ လာမေးတာမျိုးကို ကိုယ်က အလွယ်တကူ၊ သဘာဝကျကျ၊ ယဉ်ယဉ်ကျေးကျေးနဲ့ မဖြေနိုင်စရာ ဘာအကြောင်းရှိသလဲ။ ဒီလို ရှက်ကိုးရှက်ကန်း ဖြစ်တာမျိုးကို ပြင်သစ်တွေက "သနားစရာအရှက်" လို့ မှန်မှန်ကန်ကန်ပဲ နာမည်ပေးထားကြတယ်။ ဒီလို ရှက်ကိုးရှက်ကန်း ဖြစ်နေတာဟာ လူဖျင်းလူညံ့တစ်ယောက်ရဲ့ သိသာထင်ရှားတဲ့ လက္ခဏာတစ်ခုပဲ။ အင်္ဂလိပ်လူဖျင်းလူညံ့တစ်ယောက်ဟာ ရည်မွန်တဲ့လူများနဲ့တွေ့ရင် ဒီလိုပဲ စကားပြောရမှာကို သေမလောက်ကြောက်တယ် မဟုတ်လား။ မရှောင်သာလို့ စကားပြောရရင်လည်း မျက်နှာတွေနီမြန်းထူပူပြီး အထစ်ထစ်အငေါ့ငေါ့နဲ့ စကားကို လေလုံးကွဲအောင် မပြောတတ်တော့ဘူး။ သူတစ်ပါးရယ်မှာကိုအခြေအမြစ်မရှိဘဲကြောက်နေပုံကို ကြည့်ရတာကိုက ရယ်စရာကောင်းနေပြီ။ ဒါပေမယ့် လိမ္မာယဉ်ကျေးသူတစ်ယောက်ကတော့ ကမ္ဘာပေါ်မှာ တန်ခိုးအကြီးဆုံး ဘုရင်ဧကရာဇ်နဲ့တွေ့ရင်လည်း မင်းနဲ့စကားပြောနေသလို ကြောက်လန့်မှုမရှိဘဲ အေးအေးဆေးဆေး လွယ်လွယ်ကူကူနဲ့ စကားပြောမှာပဲ။

ဒီတော့ ယဉ်ကျေးသိမ်မွေ့ခြင်း၊ သက်တောင့်သက်သာ သဘာဝကျကျ ယဉ်ကျေးသိမ်မွေ့ခြင်း (ဒါကို လိမ္မာယဉ်ကျေးတယ်လို့ ခေါ်ကြတယ်။) ဟာ အပေါင်းအဖော်များရဲ့ ချစ်ခင်ခြင်း၊ ကောင်းစွာ ဆီးကြိုခြင်းကို ခံရတဲ့ တစ်ခုတည်းသော နည်းလမ်းဖြစ်တယ်။ ရိုင်းပျခြင်း၊ ရိုင်းစိုင်းခြင်းဟာ သည်းမခံနိုင်စရာ ကောင်းပြီး အပေါင်းအသင်းများရဲ့ ဖဲကြဉ်ခြင်း ခံရတဲ့နည်း ဖြစ်တယ်။ ရှက်ကိုးရှက်ကန်း ဖြစ်ခြင်းဟာလည်း လူရယ်စရာ ကောင်းတယ်။ ဒါတွေကို မင်းကောင်းကောင်း သတိရပါ။ ဖေဖေပြောတဲ့အချက်တွေကို ဂရုစိုက်ပြီး လက်တွေ့လည်း လိုက်နာလိမ့်မယ်လို့ ဖေဖေယုံကြည်တယ်။ ဒါကြောင့်မို့ မင်းကြီးပြင်းလာရင် မင်းဟာ အင်္ဂလန်ပြည်က မင်းရွယ်တူတွေမှာ အကောင်းဆုံး၊ အတော်ဆုံး ကျောင်းသားနဲ့ အလိမ္မာအယဉ်ကျေးဆုံး သူငယ်တစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ဖေဖေယူဆတယ်။ အာဒီးယူး။

## ၈၁–၅

ဇူလိုင် ၂၅ရက်၊ ၁၇၄၁

လူလေး

အတင်းကျပ်ဆုံးနဲ့ အဖြောင့်မှန်ဆုံးသော သမာဓိနှင့် သီလတို့ ရှိမှသာလျှင် လူ့အသိုင်းအဝိုင်းရဲ့ လေးစားတန်ဖိုးထားခြင်းခံရတယ်။ လုပ်ရည်ကိုင်ရည်နှင့် ကြံရည်ဖန်ရည်ရှိမှသာလျှင် အသိုင်းအဝိုင်းရဲ့ ချစ်ခင်မြတ်နိုးမှုနဲ့ ကောင်းချီးသြဘာပေးခြင်းတို့ကို ခံရတယ်။ ဒါပေမယ့် ကိုယ်ရေးကိုယ်တာ ဘဝမှာတော့ အငယ်စားအရည်အချင်းကလေးတွေရှိဖို့ လိုကို လိုအပ်တယ်။ ဒီလိုရှိမှမင်းကို အများက နှစ်သက်ကြလိမ့်မယ်၊ ချစ်ခင်ကြလိမ့်မယ်၊ ပေါင်းသင်းကြလိမ့်မယ်။ ဒီအကြောင်းကို ဖေဖေ အရင်စာတွေထဲမှာ ရေးခဲ့ပြီးပြီ။ အဲဒီအငယ်စားအရည်အချင်းကလေးတွေထဲမှာ လိမ္မာယဉ်ကျေးမှုကတော့ အဓိကအကျဆုံး ဖြစ်ပြီး အလိုအပ်ဆုံးလည်း ဖြစ်တယ်။ ဒီအရည်အချင်းဟာ သူ့ပင်ကိုယ်အားဖြင့် အရေးကြီးရုံမျှသာ မဟုတ်ဘူး။ စိတ်ဓာတ်နဲ့ နှလုံးသားကိုလည်း အရောင်အဝါထွက်အောင် လုပ်ပေးတယ်။

လိမ္မာယဉ်ကျေးတဲ့အကြောင်းကို အရင်တုန်းက ဖေဖေရေးခဲ့ဖူးပြီ။ ဒါကြောင့်မို့ ဒီစာမှာတော့ လိမ္မာယဉ်ကျေးမှုဆိုတဲ့ အရည်အချင်းပြီးရင် နောက်ထပ်လိုအပ်တဲ့ အရည်အချင်းတစ်ခုအကြောင်းကို ရေးလိုက်မယ်။ အဲဒီအရည်အချင်းကတော့ ရည်မွန်ပျော့ပျောင်းတဲ့ အပြုအမူနဲ့ အနေအထိုင်ဖြစ်တယ်။ ကိုးရိုးကားရားဟန်တွေ၊ မကောင်းတဲ့အကျင့်တွေ၊ အချိုးမကျဖြစ်တာတွေ လုံးဝမရှိတာမျိုးဖြစ်တယ်။ ဉာဏ်ပညာရှိပြီး အထက်တန်းကျတယ်ဆိုတဲ့ လူတော်တော်များများရဲ့ အပြုအမူမှာတောင် ဒီချွတ်ယွင်းချက်တွေ ရှိနေတယ်။ ရည်မွန်တဲ့ အပြုအမူဟာ ဘာမှအရေးမကြီးဘူးလို့ ထင်ရသမယ့် ပေါင်းသင်းဆက်ဆံရေး၊ အထူးသဖြင့် အမျိုးသမီးများနဲ့ ပေါင်းသင်း ဆက်ဆံရေးမှာ တစ်ဖက်သားကို ကျေနပ်စေတဲ့အတွက် အလွန်အရေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးတယ်။ ရည်မွန်ခြင်းမရှိဘဲ အချိုးမကျ၊ ကိုးရိုးကားရားနိုင်လှတဲ့အတွက် တွေ့တွေ့ချင်း အထင်သေးခံရ၊ မနှစ်သက်ခြင်းခံရတဲ့ လူတော်တော်များများကို ဖေဖေ တွေ့ဖူးတယ်။ သူ့မှာ ဘယ်လောက်ကောင်းတဲ့ တခြားအရည်အချင်း တွေရှိသည့်တိုင် ဒီတစ်ချက်တည်းနဲ့ အထင်ကြီးခြင်းမခံရတော့ဘဲ ဖြစ်သွား ရတယ်။ ရည်မွန်တဲ့အပြုအမူကြောင့် လူတွေ ကိုယ့်ဘက် ပါလာကြတယ်။ ကိုယ့်ဘက်ကို တိမ်းညွှတ်လာကြတယ်။ ကိုယ့်ကို ခင်မင်နှစ်သက်လာကြတယ်။

ကိုးရိုးကားရားနိုင်တယ်ဆိုတာ အကြောင်းနှစ်ခုကနေ ပေါ်လာတာ ဖြစ်တယ်။ တစ်ခုကတော့ ကောင်းမွန်တဲ့ အပေါင်းအသင်းမျိုး မရှိခဲ့လို့ဖြစ်ပြီး နောက်တစ်ခုကတော့ ကိုးရိုးကားရားမဖြစ်အောင် အာရုံမစိုက်လို့ဖြစ်တယ်။ ကောင်းမွန်တဲ့ အပေါင်းအသင်းရှိဖို့ကတော့ ဖေဖေက ဖန်တီးပေးရမှာပေါ့။ မင်းအနေနဲ့ သူတို့ရဲ့အနေအထိုင်၊ အပြောအဆိုတွေကို ဂရုစိုက် လေ့လာ မှတ်သားပြီး ကိုယ်ပိုင်ရည်မွန်မှုရှိလာအောင် လုပ်ယူရလိမ့်မယ်။ အာရုံစိုက်ဖို့ ဆိုတာကတော့ အခြားသောကိစ္စများမှာ လိုအပ်သလို ဒီနေရာမှာလည်း အာရုံစိုက်ဖို့ အထူးလိုအပ်တယ်။ အာရုံစိုက်မှုမရှိတဲ့ လူတစ်ယောက်ဟာ ဒီကမ္ဘာလောကကြီးမှာ အသက်ရှင်နေထိုင်ဖို့ မသင့်ဘူး။

ကိုးရိုးကားရားနိုင်တဲ့ လူတစ်ယောက် အခန်းထဲကို ဝင်လာရင် လွယ် ထားတဲ့ဓားရှည်က ခြေထောက်ထဲ ရောက်သွားလို့ ခြေထောက်နဲ့ဓားလွယ် တိုက်မိပြီး လဲကျမယ်။ ဒါမှမဟုတ်ရင်လည်း အနည်းဆုံး ဒယီးဒယိုင်ဖြစ် သွားမယ်။ သတိရလို့ ကိုယ့်ကိုယ် ပြန်ထိန်းလိုက်ပြီးတဲ့နောက်မှာလည်း အခန်းထဲမှာ ကျိုးတိုကြောင်တောင်နဲ့ ဟိုသွားဒီသွား လျှောက်သွားပြီး မထိုင် ရမယ့်နေရာမှာ သွားထိုင်မယ်။ ထိုင်မယ်အလုပ်မှာ ခေါင်းက ဦးထုပ်က ကျွတ်ကျမယ်။ ဦးထုပ်ကို ငုံ့ကောက်နေတုန်းမှာ လက်ကကိုင်လာတဲ့ ကြိမ်တုတ်က လွတ်ကျသွားပြန်ရော၊ ဒါနဲ့ ကြိမ်တုတ်ကို ပြန်ကောက်တော့ ခေါင်းမှာ ဆောင်းထားတဲ့ဦးထုပ်က ဒုတိယအကြိမ် ကျွတ်ကျပြန်ရော။ ဒီလိုနဲ့ ဆယ့်ငါးမိနစ်လောက် ကုန်းလိုက်ကွလိုက်နဲ့ အလုပ်များနေပြီးမှပဲ နေသားတကျ ဖြစ်တော့တယ်။ ကော်ဖီတို့၊ လက်ဖက်ရည်တို့ သောက်ပြန် ရင်လည်း အပူကြီးကို ကောက်သောက်လိုက်လို့ လျှာအပူလောင်ပြန်ရော။ လျှာအပူလောင်တော့ ယောင်ပြီး လက်ဖက်ရည်ပန်းကန်လုံးဖြစ်ဖြစ်၊ ပန်းကန် ပြားဖြစ်ဖြစ် လွတ်ကျသွားတယ်။ ဒီတွင် လက်ဖက်ရည်တွေ၊ ကော်ဖီတွေ ဘောင်းဘီပေါ်မှာ ဖိတ်ကုန်တယ်။ အဲ...ညစာစားပြီဆိုရင်တော့ ပိုပြီးအလုပ်



များလာတဲ့အတွက် သူ့အခြေအနေက ပိုလို့တောင် ဆိုးလာသေးတယ်၊ ဓားတို့၊ ဇွန်းတို့၊ ခက်ရင်းတို့ ကိုင်တာကလည်း သူများနဲ့မတူ ကိုးရိုးကားယား လျှောက်ကိုင်။ ဓားနဲ့ကော်စားလို့ အာခေါင်ကို ထိုးမိ၊ ခက်ရင်းနဲ့ သွားကြား ထိုး၊ ဇွန်းနဲ့စားတော့လည်း ဇွန်းက ပါးစပ်ဆီမရောက်ဘဲ အကြိမ်နှစ်ဆယ် လောက် လည်ပင်းဆီရောက်သွား၊ နောက် ပန်းကန်ပြားထဲ ပြန်ထည့်တာ မျိုးတွေ ဖြစ်တတ်တယ်။

အသားလှီးပြန်တော့လည်း အသားကို မလှီးမိဘဲ အရိုးကြီး သွားလှီးမိလို့ ပန်းကန်ကြားထဲက ဆော့စ်တွေ အနားကလူတွေကို လျှောက်စဉ်ကုန်တယ်။ လက်သုတ်ပဝါကို ကြယ်သီးပေါက်ထဲ ထိုးထည့်ထားလို့ မေးအဖျားကို ယားကလိ။ မေးမှာ အဆီတွေ၊ ဟင်းချိုရည်တွေက ပေလို့။ ရေသောက်တော့လည်း အန်ခွက်ထဲမှာ ချောင်းဆိုးလိုက်လို့ အနားကလူတွေကို ရေတွေ စဉ်ကုန်ရော။ ပြီးတော့ သူ့မှာ ထူးဆန်းတဲ့ အမူအရာတွေ၊ အကျင့်တွေကလည်း ရှိသေးတယ်။ နှာခေါင်းကို ရှုံ့ချီပွချီလုပ်တာ၊ မျက်နှာကို မဲ့တာရွဲ့တာ၊ နှာခေါင်းကို လက်နဲ့နှိုက်တာ။ လက်ကိုင်ပဝါကို နှပ်ညှစ်ပြီး လက်ကိုင်ပဝါကို ဖြန့်ကြည့်တာ။ ဒီတော့ အနားမှာနေတဲ့လူ ဘယ်လောက် စိတ်ပျက်လိုက်မလဲ စဉ်းစားသာ ကြည့်ပေတော့။ ဒီအထဲမှာ လက်ကလည်း တမှောင့်။ လက်ထဲမှာ ကိုင်စရာမရှိရင် လက်ကို ဘယ်ထားရမှန်း မသိဖြစ်နေပြီး ဟိုထားရမလိုလို သည်ထားရမလိုလိုနဲ့။ တစ်ခါတလေ လက်က ဘောင်းဘီခွကြားကို ရောက်သွားလိုရောက်၊ ရင်ဘတ် ဆီကို တက်လာလိုလာနဲ့။ ပြီးတော့ အဝတ်အစားဝတ်တာကလည်း မသပ်မရပ်။ ချုပ်ပြောရရင် သူက တခြားသူတွေနဲ့ နည်းနည်းလေးမှမတူဘဲ ဖြစ်နေတယ်။ တ်ပါတယ်။ ဒီလိုနေတာဟာ ရာဇဝတ်မှုဖြစ်တယ်လို့တော့ ဖေဖေမပြောလို ဘူး။ ဒါပေမယ့် လူတောထဲမှာတော့ တော်တော်စိတ်ပျက်စရာလည်း ကောင်း၊ ရယ်စရာ လည်းကောင်းတဲ့ အပြုအမူပဲ။ လူတွေရဲ့ ချစ်ခင်နှစ်လိုခြင်းကို ခံလိုသူများ အဖို့တော့ ဒီအရာတွေကို သတိထားပြီး ရှောင်သင့်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## စာ-၄

လူလေး

မင်းမလုပ်သင့်တဲ့အရာတွေကို ဖတ်ကြည့်ခြင်းပြီးတဲ့နောက် မင်းလုပ်သင့်တဲ့အရာတွေကို မင်းသိလောက်ရောပေါ့။ လောကကြီးအကြောင်းကို ကောင်းကောင်းသိတဲ့ နေတတ်ထိုင်တတ်သူများရဲ့ အပြုအမူ၊ အနေအထိုင်တွေကို အသင့်အတင့် အာရုံစိုက်လိုက်ရင် မင်းလည်း အကျင့်ဖြစ်သွားပြီး နေတတ်ထိုင်တတ် ဖြစ်သွားမှာပါပဲ။

အလားတူပဲ ခွကျတဲ့ အနေအထိုင်တွေကို ရှောင်သင့်သလို ခွကျတဲ့ အမူအရာတွေ၊ အပြောအဆိုတွေကိုလည်း သတိထားပြီး ရှောင်သင့်တယ်။ ဥပမာအားဖြင့် မှားတဲ့အင်္ဂလိပ်စကားကို ပြောတာ၊ အသံထွက်မှားတာ၊ ဆိုရိုးစကားကိုပြောတာ၊ ဆီသည်မလက်သုတ်ဖတ်လို ဖြစ်နေတဲ့ စကားပုံတွေကို သုံးတာ စသည်တို့ဟာ အောက်တန်းကျပြီး ညံ့ဖျင်းတဲ့ အပေါင်းအသင်း၊ အသိုင်းအဝိုင်းက လာတယ်ဆိုတာ သက်သေပြနေတဲ့ အထောက်အထားတွေပဲ။ ဥပမာ တစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်း မတူကြဘူး။ လူတိုင်းမှာ အကြိုက်တစ်မျိုးစီ ရှိကြတာပဲလို့ ပြောမယ့်အစား မင်းက စကားပုံတစ်ခုသုံးပြီး ပြောတယ်ဆိုပါစို့။ အဲဒီလိုပြောတဲ့အခါမှာ တစ်ယောက်ရဲ့အသားဟာ တစ်ယောက်အဖို့ အဆိပ်ဖြစ်တယ်ဆိုတာမျိုး၊ ကိုယ်ကြိုက်ရင် ဘာဖြစ်သလဲ၊ ကိုယ့်နွားမကို ကိုယ်ငုံ့နမ်းတော့ကော ဘာ အရေးလဲလို့ ပြောတာမျိုးတွေ။ ဒီလိုစကားပုံတွေကိုသုံးရင် မင်းဟာ အိမ်စေ သူငယ်တွေနဲ့ အိမ်စေမကလေးတွေလောက်ပဲ အပေါင်းအသင်းရှိတဲ့လူမျိုးလို့ ထင်မှတ်မှားသွားနိုင်တယ်။

အာရုံစိုက်လိုက်ရင် ဒီအရာတွေဟာ ပျောက်သွားနိုင်တယ်။ အာရုံစိုက်မှုမရှိဘဲ ဘာမှုမပြီးမြောက်နိုင်ဘူး။ အာရုံစိုက်မှုမရှိခြင်းဟာ အတွေးအခေါ်မရှိခြင်းနဲ့ အတူတူပဲ။ အာရုံစိုက်မှုမရှိခြင်းဟာ မိုက်မဲမှု၊ သို့မဟုတ် ရူးသွပ်မှုနဲ့ အတူတူပဲ။ မင်းဟာ အရာရာမှာ အာရုံစိုက်ရမယ်။ အာရုံစိုက်ရမယ်



ကမှာလည်း မြန်မြန်အာရုံစိုက်တာမျိုး ဖြစ်ရမယ်။ တစ်ခဏကလေးအတွင်းမှာ အခန်းထဲမှာရှိတဲ့ လူတွေအားလုံးကို သတိပြုမိပြီးသား ဖြစ်ရမယ်။ သူတို့ရဲ့လှုပ်ရှားဟန်တွေ၊ သူတို့ရဲ့ အမူအရာတွေ၊ သူတို့ရဲ့စကားလုံးတွေကို သတိပြုမိပြီးသား ဖြစ်ရမယ်။ ဒါပေမယ့် ဒီလိုသတိပြုတဲ့နေရာမှာ သူတို့ကို စိုက်ကြည့်တာမျိုး၊ သူတို့ကို အကဲခတ်တာမျိုး မဖြစ်စေရဘူး။ ဒီလိုလျှင်မြန်စွာ လူသူသတိမပြုမိဘဲ သတိပြုတတ်ခြင်းဟာ လူ့ဘဝမှာ အလွန်အကျိုးရှိတယ်။ ဒီလိုသတိပြုတတ်အောင် ဂရုတစိုက် ကျင့်ယူရမယ်။ ဒီလိုမဟုတ်ဘဲ နှမော်နှမဲ့ဖြစ်တာ၊ ယောင်တီးယောင်နဖြစ်တာ၊ အာရုံစိုက်မှုမရှိတာမျိုးဟာ လူတစ်ယောက်ကို အရူးတစ်ယောက်၊ အနှမတစ်ယောက်နဲ့ အလားသဏ္ဍာန်တူစေတယ်။ ဖေဖေရဲ့အမြင် ပြောရရင်တော့ လူရူးနဲ့ လူအနှမဟာ အတူတူပဲ။ ဘာမှကွဲပြားခြားနားခြင်းမရှိဘူး။ လူအနှမတစ်ယောက်ဟာ ဘယ်တော့မှ အတွေးအခေါ်မရှိသူဖြစ်ပြီး လူရူးတစ်ယောက်ကတော့ အတွေးအခေါ် ပျောက်ဆုံးသွားသူဖြစ်တယ်။ သတိမရှိတဲ့လူ၊ နှမော်နှမဲ့နိုင်တဲ့လူဟာလည်း အဲဒီအခိုက်အတန့်မှာတော့ အတွေးအခေါ်မရှိတဲ့လူသာ ဖြစ်တယ်။

အာဒီးယူး။ နောက်စာရေးရင် ပါရီလိပ်စာနဲ့ရေးပါ။ ဖေဖေပြန်လာရင် မျှော်လင့်ထားတဲ့ တိုးတက်မှုမျိုးကို တွေ့ရအောင် ကြိုးစားပါ။

www.burmeseclassic.com

www.burmeseclassic.com



**စာ-၁၀**

စနေနေ့

လုလေး

မင်းစာတော်တဲ့အကြောင်း၊ လိမ္မာရေးခြားရှိတဲ့အကြောင်းကို လော့ဒ်သြရဲရီ ကြားရလို့ နောက်တနင်္ဂနွေနေ့မှာ သူတို့အိမ်ကို ညစာစား ဖိတ်ချင်တယ်တယ်လို့ ဖေဖေ့ကို ပြောနေတယ်။ ညစာစားပွဲကို လာမယ်လို့လည်း ဖေဖေက ပြောလိုက်တယ်။ ခုလောက်ဆိုရင်တော့ သူ့ဖိတ်ကြားချက်ကို မင်းရလောက်ပြီပေါ့။ တကယ်လို့ မရသေးဖူးဆိုရင်တော့ မနက်ဖြန် နှစ်နာရီနဲ့ သုံးနာရီကြားမှာ မင်းကိုယ်တိုင် သူတို့အိမ်ကို သွားပြီး လော့ဘွိုင်း (လော့ဘွိုင်းဆိုတာ သူ့သားရဲ့အမည်) က ဖိတ်တဲ့အတွက် လာရတဲ့အကြောင်း ပြောပြပါ။ ဖေဖေကတော့ မနက်ဖြန်မှာ ညစာစားပွဲကို လိုက်မှာ မဟုတ်တဲ့အတွက် နောက်တစ်နေ့ မနက်စာ စားမှ အကျိုးအကြောင်း မေးရတော့မှာပဲ။ မနက်စာ လာစားတဲ့အခါကျတော့ မင်းကြိုက်တတ်တဲ့ ချောကလက်ကောင်းကောင်းကို ကျွေးရမှာပေါ့။

လောကကြီးမှာ လူရာဝင်ချင်ရင် လိမ္မာရေးခြားရှိဖို့ ဘယ်လောက်လိုတယ်ဆိုတာ ဖေဖေအထူးပြောစရာမလိုဘူး။ အထူးသဖြင့် မင်းတို့အရွယ် မင်းတို့အတွေ့အကြုံ၊ မင်းတို့လို လောကအကြောင်း သိတန်သလောက် သိတဲ့ လူငယ်တွေကို သာပြီးတောင် ပြောစရာမလိုသေးတယ်။ ဒါပေမယ့် ဂရိစာသင်ရ ကရစ်ကက်ဘောလုံးရိုက်သင်ရ၊ လက်တင်စာသင်ရဆိုတော့ မင်းအလုပ်တွေ အများသား မဟုတ်လား။ ဒီတော့ လိမ္မာရေးခြားရှိဖို့ ကိစ္စကို အာရုံစိုက်ချင်မှ စိုက်နိုင်လိမ့်မယ်။ ဒါကြောင့် ဒီအချက်ကို အလေးဂရုပြုပြီး လော့ဒ်သြရဲရီရဲ့ ညစာစားပွဲမှာ လိမ္မာယဉ်ကျေးစွာ ပြုမူဆက်ဆံဖို့ ဖေဖေ ရေးလိုက်ရခြင်း ဖြစ်တယ်။ လူအချင်းချင်း တွေ့လျှင် တွေ့ချင်း ကိုယ့်ဘက်ကို တိမ်းညွတ်လာစေချင်တယ်ဆိုရင် လိမ္မာရေးခြားရှိမှ ဖြစ်မယ်။ လိမ္မာရေးခြား ရှိခြင်းသာလျှင် လူတစ်ယောက်ကို တွေ့လျှင် တွေ့ချင်း ကိုယ့်ဘက်ကို တိမ်းညွတ်လာအောင် လုပ်ပေးနိုင်တယ်။ ကိုယ့်မှာရှိတဲ့ ကောင်းမွန်တဲ့ အရည်အချင်းတွေကိုတော့ အချိန်အတန်ကြာမှ တွေ့နိုင်တယ်မဟုတ်လား။ လိမ္မာရေးခြားရှိခြင်းဆိုတာ ခါးကိုင်းပြီး နှုတ်ဆက်ရုံ ထုံးတမ်းစဉ်လာ လောကဝတ်ကို ပြုရုံတင်မကဘူး။ အလွယ်တကူ သက်သက်သာသာ ယဉ်ယဉ်ကျေးကျေး၊ လေးလေးစားစား ပြုမူနေထိုင်ပြတာလည်း ပါတယ်။ ဒါကြောင့်မို့ ကိုယ့်ကို လာစကားပြောတယ်ဆိုရင် တစ်ဖက်သားကို အလေးဂရုပြုဖို့လိုတယ်။ နေရာယူရင်လည်း စားပွဲထိပ်မှာ မထိုင်ဘဲ စားပွဲအောက်ဖက်မှာ ထိုင်ဖို့လိုတယ်။ ကိုယ့်ကိုစားပွဲထိပ်မှာ အထိုင်ခိုင်းမှသာလျှင် ထိုင်သင့်တယ်။ ဆုတောင်းသောက်ရင်လည်း အိမ်ရှင်အမျိုးသမီးအတွက် အရင် ဆုတောင်းပြီး အိမ်ရှင်အမျိုးသားအတွက် နောက်မှ ဆုတောင်းသောက်သင့်တယ်။ စားသောက်ရာမှာလည်း ကိုးရိုကားယား ညစ်ပတ်ညစ်ပတ် စားသောက်မိခြင်း မရှိဖို့ သတိထားရမယ်။ အခြားသူများက မတ်တပ်ရပ်နေတုန်းမှာ ကိုယ်က ငုတ်တုတ်ကြီး ထိုင်မနေဖို့ သတိပြုရမယ်။ ဒီအရာအားလုံးကို လုပ်တဲ့နေရာမှာ မလုပ်ချင်သလို လုပ်ချင်သလို ဆောင့်ကြီးအောင့်ကြီးနဲ့ မလုပ်ရဘူး။ လိုလိုချင်ချင် လုပ်ရမယ်။ လူညံ့တွေ လူဖျင်းတွေ ယဉ်ကျေးတဲ့ အမူအရာပြတဲ့အခါမှာ လုပ်လေ့ရှိသလို အနှစ်မပါတဲ့ မပြုံးချင်ပြုံးချင် အပြုံးမျိုးကို ပြုံးပြရမယ်လို့ဆိုလိုတာ မဟုတ်ဘူး။ ကြည်လင်ရွှင်လန်းတဲ့ အမူအရာမျိုးနဲ့ လုပ်ရမယ်။ လိမ္မာရေးခြားရှိအောင် လုပ်ရတာလောက် ဘယ်အရာမှ ခက်ခဲခြင်း မရှိဘူး။ လိမ္မာရေးခြား ရှိခြင်းလောက် လိုအပ်တဲ့အရာလည်း တစ်ခုမှမရှိဘူးလို့ ဖေဖေထင်တယ်။ လိမ္မာရေးခြားရှိတဲ့ အမူအရာဟာ ထုံးတမ်းစဉ်လာအရ မလုပ်ချင် လုပ်ချင် လုပ်တာမျိုးနဲ့လည်း မတူဘူး။ လောကဝတ်အရ လုပ်ရတာမျိုးနဲ့လည်း မတူဘူး။ ဂရုစိုက်စရာ မလိုဘူးဆိုတဲ့ ဆောင့်ကြွားကြွား အမူအရာမျိုးနဲ့လည်း မတူဘူး။ လူတွေ့ရင် စကားမပြောချင်သလို ဘာလို ရှက်ကိုးရှက်ကန်း ဖြစ်နေတာမျိုးနဲ့လည်း မတူဘူး။ ထုံးတမ်းစဉ်လာ လောကဝတ်ဟာ နည်းနည်းပါးပါး လိုအပ်တာတော့ မှန်ပါတယ်။ လူတွေနဲ့ ဆက်ဆံရာမှာ သတ်မှတ်ထားတဲ့ လောကဝတ်တွေကိုလည်း လိုက်နာရမှာပေါ့။ ဒါပေမယ့် ပြောစရာရှိတာ၊ ဆိုစရာရှိတာကိုလည်း ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပြောရဲရမယ်။ ကိုယ်နှုတ်အမူအရာအားဖြင့် [illegible]လည်း ရှိရမယ်။ ဒီအရာတွေကို ဘယ်နေရာမှာ ဘယ်လောက် အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အဘာထိ ကျင့်သုံးရမယ်ဆိုတာကတော့ လောကကြီးအကြောင်းကို သိပြီး အတွေ့အကြုံတွေ ရလာမှ မင်းဆုံးဖြတ်နိုင်လိမ့်မယ်။

မနေ့က မစ္စတာ ဖစ်ဂျရယ် ဖေဖေ့ဆီကို အလည်ရောက်လာတယ်။ သူကတော့ မင်းကို အားကြီးချီးမွမ်းတာပဲ။ ဒီတော့ သူတစ်ပါး ချီးမွမ်းခံရအောင် နေပါ။ ချီးမွမ်းခံရအောင် နေရင် ချီးမွမ်းခံရမှာပဲ။ အာဒီးယူး။

## စာ-၁၁

ဒပ်ဗလင်ရဲတိုက်၊ နိုဝင်ဘာ ၁၉၊ ၁၇၄၅ ခုနှစ်။

လုလေး

လွန်ခဲ့တဲ့ စနေနေ့က မင်းနေထိုင်ပြုမူသွားပုံတွေကို ဖေဖေ ကြားပြီးပြီ။ ဒီသတင်းကြောင့် ဖေဖေ တော်တော် ကျေနပ်သွားတယ်။ မစ္စတာ စိန့်မောရစ်ကို တော့ ဖေဖေ အရင်တုန်းက မသိခဲ့ဘူး။ အလံကိုင် ဗိုလ်ကလေးအဖြစ် ဖေဖေ ခန့်အပ်ခဲ့တဲ့ ပိန်းကတော့ ဖေဖေ့ဆီကို ရောက်လာတယ်။

ဘာလိုလိုနဲ့ နှာတာလူးပွဲတော်လည်း နီးလာပြီ။ မင်းကို အကသင်ပေးဖို့ မစ္စတာ ဒက်စနွိုင်းယားကို ဖေဖေ ပြောထားတယ်။ လက်တွေရဲ့ လှုပ်ရှားမှု ကို အထူးသတိထားစေချင်တယ်။ ဦးထုပ်ကိုဆောင်းပုံ၊ လက်ကမ်းပေးပုံ စသည်တို့ဟာ လူကြီးလူကောင်းတစ်ယောက် အရေးထားရမယ့် အရာတွေ ဖြစ်တယ်။ ကတယ်ဆိုတဲ့ကိစ္စကတော့ အသေးအဖွဲကိစ္စလေးတစ်ခုပဲ။ သေးဖွဲ ရုံတောင်မကဘူး။ မိုက်မဲရာတောင် ရောက်သေးတယ်လို့ ဖေဖေ ယူဆတယ်။ ဒါပေမယ့် ဒါဟာ ခိုင်မြဲနေတဲ့ မိုက်မဲမှုတစ်ခု ဖြစ်နေလေတော့ တစ်ခါတစ်ရံမှာ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေတောင် လိုက်နာကျင့်သုံးနေကြရတဲ့ အစဉ်အလာတစ်ခု ဖြစ်နေတယ်။ အဲဒီလို လိုက်နာရတယ် ဆိုတော့လည်း ကောင်းကောင်း ကတတ်အောင် လေ့ကျင့်ကြရပြန်တာပေါ့။ ဖေဖေဟာ မင်းကို ကချေသည် တစ်ယောက် မဖြစ်စေချင်ပေမယ့် မလွဲသာလို့ ကရတယ်ဆိုရင်လည်း ကောင်း ကောင်း ကတတ်စေချင်တယ်။ အခြားအရာကိစ္စများမှာ ကောင်းကောင်းမွန်မွန် ဆုပ်တတ်ကိုင်တတ် ဖြစ်စေချင်သလို ကတဲ့နေရာမှာလည်း ကောင်းကောင်း ကတတ်စေချင်တယ်။

အမှန်ကတော့ ကတာလောက် အသေးအဖွဲနိုင်တဲ့ အလုပ်ရယ်လို့ မဟုတ်ဘူးလို့တောင် ဖေဖေထင်တယ်။ ဒါပေမယ့် (အဲဒီအလုပ်ကို မရှောင်မလွဲသာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရတော့မယ်ဆိုရင်လည်း) သပ်သပ်ရပ်ရပ်၊ ကောင်းကောင်းမွန်မွန် ဖြစ်အောင် လုပ်သင့်တယ်။ မင်းဟာ ကရစ်ကက် ကစားရာမှာပဲဖြစ်ဖြစ်၊ ဘောလုံးရိုက် ကစားရာမှာပဲဖြစ်ဖြစ်၊ စက်စမင်စတာကျောင်းမှာ အတော်ဆုံးလူငယ်တစ်ယောက် ဖြစ်စေချင်တယ်ဆိုတာ ဖေဖေ ပြောခဲ့ပြီးပြီ။ ဥပမာအားဖြင့် အဝတ်အစား ဝတ်တယ်ဆိုတာ တော်တော်မိုက်မဲ ရူးနှမ်းတဲ့အလုပ် ဖြစ်တယ်။ ဒါပေမယ့် ကိုယ့်အဆင့်အတန်းနဲ့အညီ ကိုယ့်ဂုဏ်သိက္ခာနဲ့အညီ ကောင်းမွန် သပ်ရပ်စွာ ဝတ်စားခြင်း မပြုဘူးဆိုရင်တော့ တော်တော်မိုက်မဲရူးနှမ်းတဲ့ ကိစ္စပဲ။ ကိုယ်နဲ့အတူ နေထိုင်သူလို ဝတ်စားဆင်ယင်ခြင်းဟာ တစ်ဖက်သားရဲ့ နားလည်မှုကို မသိကျိုးကျွံပြုရာ မရောက်တဲ့အပြင် တစ်ဖက်သားရဲ့ နားလည်မှုကို သဘောပေါက်ကြောင်း ပြသရာလည်း ရောက်တယ်။ အဝတ်အစား ဝတ်ဆင်ရာမှာ အမြော်အမြင် ရှိတဲ့လူနဲ့ အဝတ်အစားကို ရှိုးပြချင်လို့ဝတ်တဲ့ လူကြွားတို့ဟာ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ လူကြွားက အဝတ်အစားကိုပြပြီး သူ့ကိုယ်သူ တန်ဖိုးမြှင့်တယ်။ ဉာဏ်ရှိတဲ့လူကတော့ အဝတ်အစား လော်လီတာကို ရယ်မောပစ်ပေမယ့် အဝတ်အစားကို လျစ်လျူမပြုအပ်ဘူးဆိုတာ သဘောပေါက်တယ်။ အဝတ်အစား ဝတ်ရာမှာ မိုက်မဲရူးနှမ်းတဲ့ ထုံးတမ်းဓလေ့တွေဟာ ထောင်ချီပြီး ရှိတယ်။ ဒါပေမယ့် ဒီထုံးတမ်းဓလေ့တွေဟာ ရာဇဝတ်မှု မဟုတ်တဲ့အတွက် ဉာဏ်ရှိသူများဟာ ကာလဒေသကို ကြည့်ပြီး အသာတကြည် လိုက်လျောကျင့်သုံးရလိမ့်မယ်။ လောကကြီးကို လှောင်ပြောင်တတ်တဲ့ (ဂရိပညာရှင်) ဒိုင်အိုဂျင်းဟာ အဝတ်အစား လော်လီတာကို အထင်သေးတဲ့ ဉာဏ်ရှိသူတစ်ယောက်ဖြစ်တယ်။ ဒါပေမယ့် ဒီလိုဝတ်စားပြလိုက်တဲ့အတွက်လည်း သူလည်း ရူးနှမ်းတဲ့အဖြစ်ကို ရောက်သွားရတယ်။ တတ်နိုင်ရင် အဝတ်အစား ဝတ်ဆင်ရာမှာ အခြားသူများထက် အမြော်အမြင် ရှိပါစေ။ ဒါပေမယ့် သူများကိုတော့ သွားပြီး အပြစ်မတင်ပါလေနဲ့။

မင်းနဲ့အတူ ဆာချားလ်စ်ဟော်တန် (ယင်းမှာ သူနှင့်ရွယ်တူ မြို့စားငယ်ကလေးတစ်ယောက်ဖြစ်သည်။) လာနေတယ်ဆိုလို့ ဖေဖေ ဝမ်းသာတယ်။ သူ့ကို မင်း ဂရုစိုက်လိမ့်မယ်လို့ ဖေဖေ မျှော်လင့်တယ်။ မင်္ဂလာညပါ။

## စာ-၁၂

ဘာ့သ်၊ ၁၇၄၆ ခုနှစ်၊ ၄ အောက်တိုဘာ။

လူလေး

မင်းဆီကို ဖေဖေ အချိန်ယူပြီး စာတွေတစ်စောင်ပြီးတစ်စောင် ရေးနေပေမယ့် ဖေဖေရည်ရွယ်တဲ့အတိုင်း အကျိုးမှရှိပါ့မလားလို့ မကြာခဏ သံသယ ဖြစ်မိတယ်။ ယေဘုယျအားဖြင့် ပြောရရင် လူဆိုတာ အကြံဉာဏ်ပေးတာတို့ ဘာတို့ကို လက်မခံချင်ကြဘူး မဟုတ်လား။ အများဆုံး အကြံဉာဏ်ပေးတာကို အနည်းဆုံး လိုက်နာတတ်ကြတယ်ဆိုတာ ဖေဖေ သိပါတယ်။ ပြီးတော့ မိဘရဲ့ အကြံဉာဏ်ဟာလည်း အများအားဖြင့် ဆူပူကြိမ်းမောင်းတာမျိုး၊ အမိန့်ပေးတာမျိုး၊ ဗျစ်တောက်ဗျစ်တောက် ပြောတာမျိုးတွေ ဖြစ်နေတယ်။ ဒါပေမယ့် မင်းကတော့ ကိုယ်ပိုင် မစဉ်းစားတတ်သေးသည့် အရွယ်ဖြစ်ပေမယ့် ဒီလို အကြံပေးတာမျိုးကို ကြားရရင် ဆင်ခြင်တတ်၊ လက်ခံတတ်တဲ့ အသိဉာဏ်မျိုး ရှိတယ်လို့ ဖေဖေယူဆတဲ့အတွက် ဒီအကြံဉာဏ်တွေကို ပေးနေခြင်း ဖြစ်တယ်။ ခုလို အကြံဉာဏ်ပေးတာဟာ မင်း ကောင်းစေလိုတဲ့ စေတနာအပြင် တခြား ဘာဆန္ဒမှမရှိဘူးဆိုတာ မင်းသဘောပေါက်လိမ့်မယ်လို့လည်း ဖေဖေ ယုံကြည်တယ်။ ဖေဖေပေးတဲ့ အကြံဉာဏ်တွေကို မင်းလက်မခံနိုင်ဘူး ဆိုရင်၊ အနည်းဆုံး စဉ်းစားဆင်ခြင်စရာ ဖြစ်လိမ့်မယ်လို့ မျှော်လင့်တယ်။ ဒီလို စဉ်းစားဆင်ခြင်လာနိုင်ရင် အကျိုးထူးမှာ သေချာတယ်။ ဒီလို မြော်တဲ့အတွက် ဖေဖေဟာ မိဘတစ်ယောက်အနေနဲ့ မင်းကို အမိန့်တွေ ပေးနေတယ်လို့ မထင်လိုက်ပါနဲ့။ မင်းကို ဖေဖေ ခုပြောတဲ့စကားတွေဟာ မိတ်ဆွေတစ်ယောက်၊ အလိုလိုက်တတ်တဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့ ပြောနေတာ ဖြစ်တယ်။ တစ်ခါ ဒီလို အကြံဉာဏ်တွေ ပေးနေတာကိုလည်း မင်းရဲ့ လူငယ်ဘာဝ ပျော်ရွှင်မှုတွေကို ဟန့်တားနှောင့်ယှက်နေတယ်၊ ပိတ်ပင်

www.burmeseclassic.com



နေတယ်လို့ မထင်စေချင်ဘူး။ တကယ်တော့ မင်းနဲ့ ပတ်သက်လာရင် ဖေဖေဟာ ခိုခံကြပ်မတ်သူတစ်ယောက်မဟုတ်ဘဲ လမ်းညွှန်သူတစ်ယောက်ပဲ ဖြစ်ချင်တယ်။ ဖေဖေငယ်ငယ်တုန်းက ဘဝလမ်းတစ်လျှောက်မှာ တွေ့ခဲ့ရတဲ့ ဆူးညှောင့်၊ ခလုတ်မျိုးတွေကို ရှောင်ရှားနိုင်ပြီးမင်းဘဝ ချောမော ဖြောင့်ဖြူးစေချင်လို့ ဖေဖေရဲ့ အတွေ့အကြုံတွေကို ပြောပြနေခြင်း ဖြစ်တယ်။ ဒီလို ပြောတဲ့အတွက် မင်းဟာ ဖေဖေ့အပေါ်မှာလုံးဝ မှီခိုအားထားနေရတဲ့ အဖြစ်မျိုးကိုလည်း မရောက်စေချင်ဘူး။ ငွေရေးကြေးရေးနဲ့ ပတ်သက်လာရင် ဖေဖေ့ကိုသာ အားကိုးနေရတယ်၊ ဖေဖေကလွဲရင် တခြားဘယ်သူမှ အားကိုးစရာ မရှိဘူးဆိုတဲ့သဘောမျိုးကိုလည်း မရောက်စေချင်ဘူး။ ဖေဖေဟာ မင်းနဲ့ ပတ်သက်လာရင် မိန်းမတွေလို ငဲ့ညှာတာမျိုးတွေ မရှိတဲ့အတွက် ဖေဖေရဲ့ အထောက်အပံ့၊ ဖေဖေရဲ့ ကူညီမှုကို ရရေးမရရေးဟာ မင်းဘယ်လောက် ကောင်းအောင် နေနိုင်သလဲ မနေနိုင်သလဲ ဆိုတဲ့ အချက်ပေါ်မှာ တည်နေတယ်။ မင်းဟာ သည့်ထက် ပိုပြီး ကောင်းမွန်အောင်၊ မှန်ကန်အောင် နေပါဆိုတဲ့ စကားတွေကို ပြောနေတာ မဟုတ်ဘူးဆိုတာလည်း သဘောပေါက်စေချင်တယ်။ မင်းကို ဒီစကားတွေ ပြောနေတာဟာ ဖေဖေအပေါ်မှာ ကျေးဇူးဆပ်တဲ့အနေနဲ့ ဖေဖေ့ကို လေးစားချစ်ခင်တဲ့အနေနဲ့ မှန်ကန်တဲ့အနေနဲ့ လုပ်တာမျိုးပဲ ဖြစ်စေချင်တယ်။ ကတိလေးပါးအနက် တစ်ခုခုကြောင့် လုပ်တာမျိုး မဖြစ်စေချင်ဘူး။

ပညာကို လေ့လာ လိုက်စားရာမှာ အာရုံစိုက်ဖို့၊ လက်တွေ့ကျင့်ကြံဖို့ မင်းကို ဖေဖေ မကြာခဏ ပြောခဲ့ဖူးတယ်။ ဒါတွေကို တာဝန်ဝတ္တရား တစ်ရပ်အနေနဲ့ လိုက်နာရမယ်လို့ ဖေဖေ မပြောခဲ့ဘူး။ ဒါပေမယ့် ပျော်ရွှင်မှုကို လိုချင်ရင် ဒါတွေဟာ အထောက်အကူဖြစ်ရုံမက လိုလည်း လိုအပ်တယ်ဆိုတာကို တော့ ဖေဖေပြောခဲ့တယ်။ မိမိရဲ့ ရွယ်တူတန်းတူတွေ မိမိရဲ့ အပေါင်းအသင်းတွေကြားထဲမှာတော်တယ်လို့ ချီးမွမ်းခံရတာမျိုးထက် ကောင်းတဲ့ ပျော်ရွှင်မှုမျိုး ရယ်လို့ လောကမှာ ရှိနိုင်သေးလို့လား။ သူများထက် အောက်ကျနောက်ကျ ဖြစ်ရတာထက် ကြောက်စရာကောင်းတဲ့ အဖြစ်မျိုးလည်း လောကမှာ ရှိနိုင်သေးလို့လား။ တကယ်လို့သာ သူများထက် အောက်ကျနောက်ကျ ဖြစ်ခဲ့ရင် မင်းဟာ တခြားသူတွေထက်တောင် အဆများစွာ ရှက်စရာ ကောင်းနေလိမ့်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ မင်းပညာရေးနဲ့ ပတ်သက်လို့ ဖေဖေ ဘယ်လောက်ဂရုစိုက်တယ်၊ မင်းရွယ်တူတွေနဲ့စာရင် မင်းမှာ အခွင့်အရေးတွေ



ဘယ်လောက် ရခဲ့တယ်ဆိုတာကို အားလုံး သိနေကြတယ် မဟုတ်လား၊ ခုဖေဖေ ဒီစကားတွေကို ပြောနေရတာဟာ သူများထက် သာရုံ၊ သူများထက် ကြီးစားရုံလောက်အတွက် ပြောနေတာ မဟုတ်ဘူး။ (အမှန်ကတော့ သူများထက် နည်းမှန် လမ်းမှန်သာတယ်ဆိုတာဟာ ပျော်စရာကောင်းပြီး ဂုဏ်ယူထိုက်တဲ့ကိစ္စပါပဲ။) ဖေဖေပြောနေတာဟာ သူများထက်သာတာ မသာတာ အပထား၊ တော်ကို တော်စေချင်လွန်းလို့ ပြောနေတာ။ ဖေဖေ့အဖို့တော့ ကိစ္စတစ်ခုကို မပြည့်မစုံ၊ တစ်ပိုင်းတစ်စ သိတာထက် လုံးလုံးမသိတာက တောင် ကောင်းတယ်လို့ ထင်တယ်။ အရာကိစ္စတစ်ခုအကြောင်းကို မတောက်တခေါက် သိတာမျိုးဟာ ကျေနပ်စရာလည်း မကောင်းဘူး။ ဂုဏ်လည်း မတက်ဘူး။ အရှက်ရစရာ၊ လှုအထင်သေးစရာတောင် ကောင်းသေးတယ်။

ကဗျာစာဆိုကြီး ပုတ်က ပညာသုတ၊ တစ်ပိုင်းတစ်စလျှင်၊ အကျိုးမများ၊ အန္တရာယ်များ၏လို့ ရေးခဲ့ဖူးတယ်။

ဒီစကားဟာ သွေးထွက်အောင် မှန်တဲ့ စကားလို့ ဖေဖေထင်တယ်။ ဘာတစ်ခုကိုမှ မယ်မယ်ရရ မသိဘဲ ဟိုစပ်စပ် ဒီစပ်စပ် သိတာမျိုးဟာ လူကြားလူဝါတွေရဲ့ စရိုက်ပဲ။ ဖေဖေဟာ ငယ်ငယ်တုန်းက ပညာဗဟုသုတရဲ့ အရသာကို မသိခဲ့ရင်၊ မစုဆောင်းခဲ့မိရင် ခုလောက်ဆိုရင် တော်တော်စိတ်ဆင်းရဲတဲ့ လူတစ်ယောက်ဖြစ်နေမှာပဲလို့ မကြာခဏ စဉ်းစားမိတယ်။ ပညာဗဟုသုတသာ မရှိခဲ့ရင် ဒီအရွယ်ကျမှ ဖေဖေဘာတတ်နိုင်တော့မှာလဲ။ အခြားသော ပညာမဲ့သူများလို ညနေမှာ သောက်စားမူးယစ်ပြီး ကျန်းမာရေးနဲ့ ကိုယ်စွမ်းအားတွေကို ဖျက်ဆီးတဲ့ လူတစ်ယောက်ပဲ ဖြစ်နေတော့မှာပဲ။ ဒါမှမဟုတ်ရင်လည်း မိန်းမရှုပ်ပွေပြီး လေလွင့်ပျက်စီးနေတော့မှာပဲ။ အဲဒီလို ဆိုရင် ဖေဖေဟာ အဲဒီမိန်းမတွေရဲ့ လှောင်ပြောင်အထင်သေးတာကို ခံနေရတော့မှာပဲ။ ဒါမှမဟုတ်သေးရင်လည်း နေ့စဉ်နေ့တိုင်း ဖိနှပ်ကြိုးတပ်ရတာ၊ ခေါင်းဖီးရတာနဲ့ အချိန်ကုန်နေတာကို ငြီးငွေ့ပြီး တစ်ခါက လူတစ်ယောက်ဖြစ်ခဲ့သလို ကိုယ့်ကိုယ်ကို ကြိုးဆွဲချသေသွားမိမှာပဲ။ စာအုပ်တွေ၊ ဖေဖေ့ အသိပညာတွေကြောင့်သာ ဖေဖေဟာ ခု ဒီအခြေကို ရောက်နေခြင်းဖြစ်တယ်။ ပညာနဲ့ပတ်သက်လို့ ပညာရှိ ဆိစာရိုပြောတဲ့စကားတွေဟာ တယ်မှန်ပါလားဆိုတာ ဖေဖေနေ့တိုင်း တွေ့နေရတယ်။ ဆိစာရိုက "ပညာကို လိုက်ရာ၏။ ဥစ္စာကို သိမ်းရာ၏။ စကားကို ချွေတာရာ၏။ အကြံဉာဏ်ကို မြှင့်ရာ၏" လို့ ဆိုခဲ့ဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com



စကားကို ရွှေတာရာ၏လို့ ဆိုလိုက်တဲ့အတွက် အသက်ကြီးတဲ့ သူများမှာ စကားအပြောအဆို မရှိရဘူး၊ စကားပြောရတာဟာ အချည်းနှီးသော အရာ ဖြစ်တယ်လို့ ပြောတာ မဟုတ်ဘူး။ ဘယ်အသက်၊ ဘယ်အရွယ်မှာ ဖြစ်ဖြစ် မိတ်ဆွေများနဲ့ စကားစမြည်ပြောဆိုခြင်းဟာ အလွန်ကောင်းတဲ့ ပျော်ရွှင်မှုတစ်ခုဖြစ်တယ်၊ ဒါပေမယ့် ပညာမဲ့သူတို့ရဲ့ စကားစမြည် ပြောဆိုမှုကတော့ စကားလို့ မခေါ်သင့်ဘူး။ သူတို့မှာ စကားပြောလို့လည်း ပျော်ရွှင်မှုကို မရနိုင်ဘူး။ သူတို့မှာ ပြောစရာစကား မရှိတဲ့အတွက် စကားဝိုင်းတစ်ဝိုင်းလည်း ဖွဲ့နိုင်တဲ့ အရည်အချင်း မရှိဘူး။

ဒါကြောင့်မို့ မင်းဟာ အချိန်ရှိတုန်းမှာ ပညာဗဟုသုတကို အတတ်နိုင်ဆုံး ရှာဖွေစုဆောင်းပါလို့ ဖေဖေ အလေးအနက် တိုက်တွန်းချင်တယ်။ ငယ်ငယ်ရွယ်ရွယ် ပေါ့ပေါ့လွင်လွင်နေတုန်းမှာတော့ အဲဒီစုဆောင်းထားတဲ့ ပညာဗဟုသုတတွေကို သုံးဖို့ အခွင့်အရေး ကြုံချင်မှကြုံလိမ့်မယ်။ ဒါပေမယ့် တစ်နေ့နေ့မှာတော့ အဲဒီပညာကို သုံးဖို့ အချိန်တစ်ချိန် ရောက်လာမှာပါ။ အများပြည်သူသုံးတဲ့ ကျိုကျတိုက်တာများဟာ နှစ်ပေါင်းများစွာ သိုမှီးစုဆောင်းလာခဲ့ကြရတာ ဖြစ်တယ်။ ရှေ့နှစ်၊ ဒုတိယနှစ်၊ တတိယနှစ်မှာ ဆန်ရေစပါးရှားပါးလိမ့်မယ်ဆိုတာ သိလို့မဟုတ်ဘူး။ ဒါပေမယ့် တစ်နေနေ့ တစ်ချိန်ချိန်မှာ ဆန်ရေစပါးရှားတဲ့ အချိန်ရှိလာလိမ့်မယ်။ အဲဒီလို ရှိလာရင် ဆန်ရေစပါးတွေ လိုလာလိမ့်မယ်ဆိုတာ သိလို့ ဒီလို သိုမှီးစုဆောင်းထားခဲ့ကြခြင်း ဖြစ်တယ်။

ဒီအကြောင်းကတော့ ဒီမျှလောက်ပဲ ဖေဖေရေးလိုက်တယ်။ မင်းကို ဒီလို စုဆောင်းသိုမှီးနိုင်ဖို့ မင်းအနားမှာ မင်းဆရာ မစ္စတာဟာတီ ရှိနေပြီပဲ။ တစ်ခုတော့ ပြောလိုက်ရဦးမယ်။ ပညာဗဟုသုတကို ရှာမှီးဖို့ ဖေဖေ ပြောတဲ့နေရာမှာ စာအုပ်ထဲကပညာကိုသာရှာဖို့၊ အဲဒီပညာသာလျှင် အသုံးကျတယ်၊ ရွှင်လန်းဖွယ်ကောင်းတယ်လို့ပြောတာမဟုတ်ဘူး။ လောကကြီးထဲကလည်း သင်ယူလေ့လာရမယ်လို့ ပြောတာ။ လောကကြီးထဲကရတဲ့ ဗဟုသုတဟာ စာအုပ်တွေထဲကရတဲ့ ပညာဗဟုသုတတွေထက်တောင် လိုအပ်သေးတယ်။အမှန်ပြောရရင်တော့ လောကကြီးထဲကရတဲ့ ပညာနဲ့ စာအုပ်ထဲကရတဲ့ ပညာဟာ တစ်ခုကိုတစ်ခု အပြန်အလှန် ကူညီထောက်ပံ့နေကြတယ်။ ဒီနှစ်ခုစလုံးကို မပြည့်စုံရင်တစ်ခုကိုလည်း ပြည့်စုံမှာ မဟုတ်ဘူး။ လောကကြီးရဲ့ ပညာဗဟုသုတကို လောကကြီးထဲကပဲရနိုင်တယ်။ အခန်းကလေးထဲက မရနိုင်ဘူး။ အရာရာကို စာအုပ်တွေကချည်း သင်ကြားမပေးနိုင်ဘူး။ စာအုပ်တွေက



ယ်သတိမပြုမိတဲ့အရာတွေကို သတိမူမိလာအောင်တော့ လုပ်ပေးနိုင်တယ်။ ရေးကြီးကတော့ လောကကြီးထဲက အချင်းအရာတွေကို ကိုယ်ကိုယ်တိုင် တိထားမိအောင်၊ သိအောင်လုပ်ဖို့လိုတယ်။

စာအုပ်တွေထဲက အကြောင်းတွေကို သိဖို့ထက် လောကကြီးအကြောင်းကို သိဖို့ကပိုခက်တယ်။ ပိုပြီးအမြင်သန်ဖို့လိုတယ်။ ပိုပြီးထက်မြက်မှုရှိဖို့ လိုတယ်။ အချိန်မှာ ဖေဖေဟာ အသက်တော်တော်ကြီးတဲ့ ပုဂ္ဂိုလ်တော်တော်များများကို တွေ့နေရတယ်။ သူတို့ဟာ လောကထဲကို ဖြတ်သန်းခဲ့ကြပြီးပြီ။ ဒါပေမယ့် ငယ်ငယ်က ပေါ့ပေါ့လျော့လျော့ နေခဲ့ကြတဲ့အတွက် ခုဆိုရင် လောကကြီးအကြောင်းကို သိရာမှာ အသက် ဆယ့်ငါးနှစ်သားလောက်က သိတာထက် ဘာမှ မပိုတော့ဘူး။ ဒါကြောင့်မို့ လောကကြီးအကြောင်းကို သိဖို့ဆိုတာ ယ်ပါတယ်။ အပေါင်းအသင်းတွေနဲ့ ဟောလားဝါးလား ပြောဆိုနေထိုင်ရင် တာပဲလို့ လွယ်လွယ်မတွေးလိုက်ပါနဲ့။ ဒီထက် လေးလေးနက်နက်လေ့လာ ။ မင်းဟာ လူတွေကို ကြည့်ရာမှာ အပေါ်ယံကိုလည်း ကြည့်ရမယ်။ တွင်းကိုလည်း ကြည့်တတ်ရမယ်။ ဘယ်သူပဲဖြစ်ဖြစ် လူရယ်လို့ ဖြစ်လာကြရင် တို့အားလုံးမှာ တစ်စုံတစ်ခုသော အတိုင်းအတာအထိတော့ အာသာဆန္ဒတွေ လုံး ရှိတတ်ကြတယ်။ ဒါပေမယ့် လူတိုင်းမှာလိုလို အဓိကကျတဲ့ သာဆန္ဒတစ်ခုတော့ရှိတတ်ကြတယ်။ အခြားသော အာသာဆန္ဒများဟာ အာသာဆန္ဒရဲ့လက်အောက်ခံတွေသာ ဖြစ်တယ်။ ဒီတော့ လူတွေကို င်းသင်းတဲ့ နေရာမှာ သူရဲ့အဓိကကျတဲ့ အာသာဆန္ဒကို ရှာကြည့်ပါ။ သူ့ တွင်းသန္တာန်ကို ဖောက်ထွင်းကြည့်နိုင်အောင် ကြိုးစားပါ။ တခြားသူတွေမှာ အာသာဆန္ဒဟာ အဓိကကျသလဲဆိုတာကို လေ့လာပါ။ အဲလူတစ်ယောက် ကြီးစိုးနေတဲ့ အဓိက အာသာဆန္ဒကို တွေ့ပြီဆိုရင်ဒီ အာသာဆန္ဒနဲ့ က်လာတဲ့ ကိစ္စတွေမှာ အဲဒီလူကို ဘယ်တော့မှ မယုံပါလေနဲ့။ အဲဒီ ာဆန္ဒကိုကြည့်ပြီး သူ့ကို ဆုံးဖြတ်ပါ။ သူက ဘယ်လို ကတိတွေပေးပေး ာသာဆန္ဒနဲ့ သူ့ကို တိုင်းထွာဆုံးဖြတ်ပြီး သတိဝီရိယနဲ့နေပါ။

ဒီစာကို နှစ်ခေါက်လောက်ဖတ်စေချင်သည့်တိုင် တစ်ခေါက်တောင် င် ဖတ်မှ ဖတ်ပါ့မလားလို့ဖေဖေသံသယရှိတယ်။ ကဲ မင်းကိုဖေဖေသိပ် ယ်လိုတော့ပါဘူး။ နောက်များမှပဲ ဒီအကြောင်းကိုရေးတော့မယ်။ ဘူး။

www.burmeseclassic.com

www.burmeseclassic.com

**စာ-၁၃**

ဘာသ်၊ အောက်တိုဘာ ၁၉ ရက်၊ ၁၇၄၆ ခုနှစ်။

လူလေး

ဟိုက်ဒယ်ဘာက်ကနေပြီး ရှာဖိဟော်ဇင်ကို အသွားမှာ မင်းကြုံတွေ့ခဲ့ရတဲ့ ဒုက္ခတွေ၊ ကောက်ရိုးပုံပေါ်မှာ အိပ်ခဲ့ရတာတွေ၊ ပေါင်မုန့်ညိုညိုမည်းမည်းကြီးတွေကို စားခဲ့တာတွေ၊ ဂျာမန်စကားကောင်းကောင်း မတတ်လို့ အခက်ကြုံရတာတွေကို ဖတ်ရတယ်။ အမှန်ကတော့ ဒါတွေဟာ ရှေ့ခရီးတစ်လျှောက်မှာ တွေ့လာနိုင်တဲ့ စိတ်ပင်ပန်း၊ လူပင်ပန်းစရာတွေအတွက် ခံနိုင်အောင် မင့်ကို လေ့ကျင့်မှု ပေးနေတဲ့အရာတွေပဲ။ ဒါကို ဥပဒေသ ထုတ်ကြည့်ချင်သေးတယ်ဆိုရင် ဒါတွေဟာ လူ့ဘဝခရီးကြီးတစ်လျှောက်မှာ ကြုံတွေ့ရမယ့် အခက်အခဲတွေ၊ အကြပ်အတည်းတွေ၊ အတားအဆီးတွေအတွက် မြည်းစမ်းကြည့်ဖို့ နမူနာကလေးတွေလို့တောင် ဆိုနိုင်တယ်။ ဘဝခရီးမှာ ဒီလို အခက်အခဲတွေဟာ တွေ့ရစမြဲဆိုတာ နားလည်သဘောပေါက်ရမယ်။ ဒီလို နားလည်သဘောပေါက်ခြင်းဟာ ကိုယ်ခံစွမ်းအားကြီးတစ်ခုပဲ။ မင့်ဘဝ အဆိုးအကောင်းဟာ အဲဒီကိုယ်ခံစွမ်းအား အနည်းအများ အကြီး အသေးပေါ်မှာ တည်တယ်။ လောလောဆယ်မှာ မင်းဟာ ဆိုးတဲ့လမ်းတွေကို တွေ့ကောင်းတွေ့မယ်။ ညံ့တဲ့တည်းခိုရိပ်သာတွေကို တွေ့ကောင်းတွေ့မယ်။ ဒီအတွက် လိုအပ်တဲ့ ခံနိုင်ရည်မျိုးရှိအောင် ပြင်ထားရမယ်။ အဲဒီကိုယ်ခံစွမ်းအား၊ အဲဒီ ခံနိုင်ရည်ကို နေ့တိုင်းစစ်ဆေးပါ။ နည်းသွားရင် ထပ်ဖြည့်ပါ။ ချို့ယွင်းသွားရင် ကောင်းအောင်လုပ်ပါ။ လူတိုင်းမှာ ဒီလို လုပ်နိုင်တဲ့အရည်အချင်းတွေ ပါပြီးသားဖြစ်တယ်။ ဒါကြောင့် ကိုယ်ခံစွမ်းအား၊ ခံနိုင်ရည် ရှိမှုကို မွေးမြူရမယ်။ ဒီလို မွေးမြူဖို့ ပျက်ကွက်သူ၊ မေ့လျော့သူ ပေါ့ဆသူကတော့ မေ့လျော့၊ ပေါ့ဆမှုဒဏ်ကို ခံရမှာပဲ။ ခံလည်း ခံထိုက်တယ်လို့ ဖေဖေယူဆ



တယ်။

မေ့လျော့ပေါ့ဆမှုအကြောင်း စကားစပ်မိလာတဲ့အတွက် ပြောလိုက်ရဦးမယ်။ မင်းအပေါ်မှာချစ်တဲ့ ဖေဖေ့ရဲ့ အချစ်ဟာ အားနည်းနုံ့နဲ့တဲ့ အချစ်၊ ခိန်းမဆန်တဲ့အချစ် မဟုတ်ဘူးဆိုတာ မင်းကိုမကြာခဏ ပြောဖူးတယ်။ ဒီလို ချစ်တဲ့အတွက် ဖေဖေဟာ မင့်မှာရှိတဲ့ အပြစ်တွေကို မမြင်ပဲ မနေရုံတင် ကောဘူး၊ ပိုပြီးတောင် မြန်မြန်ဆန်ဆန် မြင်လွယ်သေးတယ်။ မြင်တဲ့ပြစ်ချက်ကို မင့်ကို ပြောပြဖို့ကိစ္စဟာ ဖေဖေရဲ့ လုပ်ပိုင်ခွင့်လည်း ဖြစ်တယ်။ ဝတ္တရားလည်း ဖြစ်တယ်။ ဒီပြစ်ချက်တွေကို ပြင်ဖို့ကတော့ မင့်ဝတ္တရားပေါ့။ မင့်ကိစ္စပေါ့။ မင်းကို ဖေဖေ တစ်လျှောက်လုံး စောင့်ကြည့်လေ့လာခဲ့ရာမှာ ခုအချိန်အထိ မင့်စိတ်နှလုံးမှာ မကောင်းမှုရယ်လို့ မတွေ့ခဲ့သေးဘူး။ မင့်ဦးနှောက်မှာလည်း အားနည်းချက်ဆိုလို့ မတွေ့ခဲ့သေးဘူး။ (ဒီလို မတွေ့တဲ့အတွက်လည်း ကျေးဇူးတင်ရတယ်။) ဒါပေမယ့် မင့်မှာ ပျင်းရိတာ၊ အာရုံဝင်စားမှု မရှိတာ၊ မေ့လျော့ပေါ့ဆတာတွေကိုတော့ တွေ့နေရတယ်။ ဒီ ပြစ်ချက်တွေဟာ လူအိုကြီးတွေမှာ ဆိုရင်တော့ ခွင့်လွှတ်သင့်တာပေါ့။ သူတို့မှာ နေဝင်ချိန်ရောက်လို့ ကိုယ်ခန္ဓာအားဖြင့်ရော စိတ်ဓာတ်အရပါ အတော့ပိုင်းကို ရောက်နေကြပြီကိုး။ သူတို့အဖို့ အဲဒီလို ငြိမ်ငြိမ်ဆိမ်ဆိမ်၊ အေးအေးဆေးဆေး ဘဝမျိုးကို နေပိုင်ခွင့်ရှိတာပေါ့။ ဒါပေမယ့် လူငယ် တစ်ယောက်အဖို့တော့ ဒီလို မဖြစ်သင့်ပေဘူး။ လူငယ်တစ်ယောက်မှာ တော်ရမယ်၊ ချွန်ရမယ်ဆိုတဲ့ ရည်မှန်းချက်မျိုး ရှိရမယ်။ ဒီလို တော်အောင်၊ ချွန်အောင်ကြိုးစားရာမှာ ဖျတ်လတ်ရမယ်၊ တက်ကြွရမယ်၊ ဇွဲရှိရမယ်။ ဒီမှာ လူငယ်တွေမှာ ရှိအပ်တဲ့ တော်အောင်၊ ချွန်အောင်၊ တစ်ဖက်သား ကျေနပ်အောင် လုပ်ချင်စိတ် နည်းပါးနေတယ်လို့ ဖေဖေထင်တယ်။ အောင်မြင် ကျော်ကြားလိုတဲ့ ဆန္ဒလည်း မရှိ၊ အောင်မြင်ကြီးပွားအောင်လည်း ကြိုးစားအားထုတ်ခြင်းမပြုဘဲ ရေသာခို လိုက်နေမယ်ဆိုရင် အောင်မြင်ကြီးပွားမှုကို ဘယ်တော့မှ ရနိုင်မှာ မဟုတ်ဘူး။ ဒီအတိုင်းပဲ။ လူအများ ကျေနပ်အောင် လုပ်ဖို့ကိစ္စမှာလည်း လုပ်ချင်စိတ်မရှိ၊ လုပ်ဖို့လည်း မကြိုးစားဘူးဆိုရင် မင်း ဘယ်တော့မှ အများချစ်ခင်ခြင်းကို ခံရမှာ မဟုတ်ဘူး။ ကြိုးစားလျှင် အောင်မြင်ရာ၏ဆိုတဲ့ စကားဟာ ကဗျာလင်္ကာကိစ္စကလွဲရင် နေရာတကာမှာ မှန်တယ်လို့ ဖေဖေထင်တယ်။ သာမာန် အသိဉာဏ်ရှိသူတစ်ယောက်ဟာ ... တဲ့ ပြုစုပျိုးထောင်မှု၊ ဂရုစိုက်မှု၊ အာရုံဝင်စားမှုနဲ့ ကြိုးစားအားထုတ်မှု

www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့ရင် ကဗျာဆရာကောင်းတစ်ယောက်ကလွဲလို့ ကျန်တာအားလုံးဖြစ်နိုင်တယ်လို့ ဖေဖေထင်တယ်။

မင်းသွားရမယ့် ခရီးပန်းတိုင်ဟာ အပြောကျယ်ပြီး ရှုပ်ထွေးတဲ့ ကမ္ဘာလောကကြီးဖြစ်တယ်။ မင်းရဲ့ လောလောဆယ်ရည်မှန်းချက်ကတော့ ဥရောပတိုက်တစ်ဝှမ်းမှာ ဖြစ်ပေါ်နေတဲ့ အရေးကိစ္စတွေ၊ ပြဿနာတွေ၊ ဥရောပတိုက်ရဲ့သမိုင်းတွေ၊ ဖွဲ့စည်းအုပ်ချုပ်ပုံတွေ၊ ဓလေ့ထုံးစံတွေနဲ့ နေထိုင်ပြုမူပုံကို လေ့လာဖို့ ဖြစ်တယ်။ ဒီလိုကိစ္စတွေမှာတော့ သာမန်စဉ်းစားဉာဏ်ရှိတဲ့လူတစ်ယောက် သာမန်ကြိုးစားလိုက်ရုံနဲ့ကို ချွန်နိုင်ပါတယ်။ ရှေးခေတ်သမိုင်းနဲ့ ခေတ်သစ်သမိုင်းဆိုတာ အာရုံစိုက်လိုက်ရင် အလွယ်တကူ နားလည်နိုင်တယ်။ ပထဝီဝင်နဲ့ သင်္ချာဗေဒတို့ဟာလည်း ဒီအတိုင်းပါပဲ။ အလွန်ထူးခြားတဲ့ ပါရမီဉာဏ်၊ အလွန်ထူးခြားတဲ့ ထိုးထွင်းဉာဏ်ရှိဖို့ မလိုပါဘူး။ ကြည်လင်ပြတ်သားစွာ၊ မှန်ကန်စွာ၊ လွယ်ကူချောမောစွာ၊ လှပပြေပြစ်စွာ စကားပြောတတ်ဖို့၊ စာရေးတတ်ဖို့ဆိုတဲ့ကိစ္စတွေဟာလည်း သင်ယူလို့ရနိုင်တဲ့ အရာတွေပါပဲ။ အတော်ဆုံး အကောင်းဆုံးသော စာရေးဆရာတွေရဲ့ စာတွေကို ဂရုတစိုက်ဖတ်ရင်၊ သက်ရှိထင်ရှားရှိနေတဲ့ အကောင်းဆုံးသော နမူနာများကို အာရုံစိုက်ပြီး လေ့လာရင် ဖြစ်နိုင်ပါတယ်။ ဒီအရည်ချင်းတွေဟာ မင်းတို့ကျောင်းမှာ အထူးလိုအပ်တယ်။ ဒီအရည်အချင်းတွေ မင်းမှာ ရှိပြီးသားလို့လည်း ဖေဖေယူဆတယ်။ မင်းမှာ ရှိပြီးသားမဟုတ်ရင်တော့ ဖေဖေ စိတ်ဆိုးရလိမ့်မယ်ဆိုတာ ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တယ်။ မင်းလက်ထဲမှာ ဒါတွေကို သိပြီးသားဖြစ်အောင် လုပ်နိုင်တဲ့ နည်းလမ်းတွေ ရှိထားလေတော့ ဒီလို သိအောင် မလုပ်ခဲ့ရင် မင့်အပြစ်ပဲလို့ ပြောရတော့မှာပဲ။

ဒီလို အရည်အချင်းတွေရှိအောင် လုပ်ဖို့အတွက် ဂရုစိုက်ဖို့နဲ့ လက်တွေ့လုပ်ဖို့ပဲလိုတယ်။ ဒီအရည်အချင်းတွေလောက်မှ မရှိခဲ့ရင်တော့ မင်းဟာ ဘယ်တော့မှ လူရာဝင်နိုင်မှာ မဟုတ်ဘူး။ လူပုံအလယ်မှာလည်း ဘယ်တော့မှ ပွဲလယ်တင့်နိုင်မှာ မဟုတ်ဘူး။ ဒီအရာတွေဟာ သေးငယ်တဲ့ အောင်မြင်မှုကလေးတွေကို ရဖို့ လိုအပ်တယ်။ လူပုံအလယ်မှာ ကျေနပ်အောင်၊ နှစ်လိုဖွယ်ဖြစ်အောင် လုပ်ဖို့အတွက် သေးငယ်တဲ့ အောင်မြင်မှုကလေးတွေဟာလည်း လိုအပ်တာပဲ။ အမှန်ပြောရမယ်ဆိုရင်တော့ လုပ်သင့်လုပ်ထိုက်တာ မှန်သမျှကို ကောင်းစွာ လုပ်သင့်တယ်။ ဘယ်အရာကိုပဲလုပ်လုပ် ဂရုတစိုက် လုပ်ဖို့ လိုတယ်။ ဒါကြောင့်မို့ ဖေဖေ့အနေနဲ့ ပြောရရင် ဘယ်လောက်ပဲသေးငယ်တဲ့



*အလုပ်ကလေးတွေကို လုပ်သည်ဖြစ်စေ၊ ဂရုတစိုက်နဲ့ လုပ်တာချည်းပဲ*

ကုန်ကုန်ပြောရရင် ကပွဲသွားတာနဲ့ အဝတ်အစားဝတ်တာကအစ ဂရုစိုက်တယ်။ ဖေဖေတို့ ထုံးတမ်းစဉ်လာအရ ကပွဲကို သွားတာဟာလည်း လူငယ်တစ်ယောက်အတွက် တစ်ခါတစ်ရံမှာ လိုအပ်တယ်။ ဒါကြောင့် အကသင်တယ်ဆိုရင်လည်း ကောင်းကောင်းတတ်အောင်သင်ပါ။ ကတာဟာ ရယ်စရာကောင်းသည့်တိုင် ရယ်စရာကောင်းအောင် မသင်ပါလေနဲ့။ အဝတ်အစားဝတ်တဲ့ကိစ္စဟာလည်း ဒီအတိုင်းပဲ။ အဝတ်အစားကိုတော့ ဝတ်ရမယ်မဟုတ်လား။ ဒီတော့ အဝတ်အစား ဝတ်တဲ့ကိစ္စကိုလည်း ဂရုစိုက်ပါ။ အဝတ်အစား ဝတ်ရာမှာ တုပြိုင်ဖို့အတွက် မဝတ်ပါနဲ့။ ကြွားဝါဖို့အတွက် မဝတ်ပါနဲ့။ သူများထက်ထူးခြားအောင်ဆိုပြီး မဝတ်ပါနဲ့။ လှောင်ပြောင်ရယ်မောခံရအောင် မဝတ်ပါနဲ့။ မင်းရောက်နေတဲ့နေရာမှာ မင်းနဲ့ရွယ်တူလူငယ်တွေ ဝတ်သလို စဉ်းစားဉာဏ်ရှိတဲ့လူတွေဝတ်သလို ဝတ်ဆင်ပါ။ စဉ်းစားဆင်ခြင်ဉာဏ်ရှိတဲ့လူတွေဟာ အဝတ်အစားကို လူပြောသူပြော ခံရအောင် ဝတ်ဆင်ခြင်း မပြုကြဘူး။ ပေါ့ပေါ့ဆဆလည်း မဝတ်ကြဘူး။ အလွန်အကြူး ဂရုထားပြီးလည်း မဝတ်ကြပါဘူး။

လူကြောင်ဆိုတာ စိတ်ဓာတ်အင်အားနည်းတဲ့လူ၊ ဒါမှမဟုတ် ဟန်များတဲ့လူကို ခေါ်တာဖြစ်တယ်။ ဒီလိုလူမျိုးဟာ အပေါင်းအသင်းတွေထဲမှာ အတော်စိတ်ပျက်စရာကောင်းမှာပဲလို့ ဖေဖေထင်တယ်။ ဟုတ်လည်း ဟုတ်တယ်။ ဒီလိုလူမျိုးဟာ သာမန်ယဉ်ကျေးသိမ်မွေ့မှုဆိုတာကိုလည်း နားမလည်ဘူး။ ဒီနေ့ခေတ်လူတွေအကြောင်းကိုလည်း ကောင်းကောင်းမသိတော့ဘဲ ရှေးခေတ်အကြောင်းလောက်ကိုပဲ သိတော့တယ်။ အပေါင်းအသင်းတွေကြားထဲရောက်ရင်လည်း စကားဝိုင်းထဲမှာ မဝင်ဆန့်တော့ဘူး။ တစ်ခါတစ်ခါမှာသာ အိပ်မက်ကလန့်နိုးလာသူလို တစ်ခွန်းတစ်လေ ဝင်ပြောတတ်ပြီး ပြောရင်လည်း မဆီမဆိုင် အဆက်အစပ်မရှိ သူစိတ်ကူးပေါ်ရာတွေကို ပြောလားပြောတတ်တယ်။ ဒီလိုလက္ခဏာချက်မျိုးဟာ အရာဝတ္ထုတစ်ခုအကြောင်းထက် ပိုမစဉ်းစားနိုင်တဲ့ စိတ်အားသတ္တိနည်းပါးမှုရဲ့ လက္ခဏာချက်တစ်ခုဖြစ်တယ်။ ပြီးတော့လည်း ဟန်များတဲ့အတွက် သူ့ပုံပန်းသဏ္ဌာန်ကအလွန်ကို စိတ်ဝင်စားနေတဲ့ပုံ၊ ဒါမှမဟုတ်ရင်လည်း သိပ်ပြီးကြီးကျယ်သေးတဲ့ ပြဿနာကြီးတွေကို စဉ်းစားနေတဲ့ပုံမျိုး ဖြစ်နေတတ်တယ်။ လောကကြီးမှာ ဆာအိုင်းဇက်နယူတန်တို့လို၊ ဂျွန်လော့တို့လိုတွေးခေါ်ရှင်တွေသာလျှင် ဒီလိုဟန်မျိုး လုပ်ခွင့်ရှိတယ်။ ဒီလို နေခွင့်ရှိတယ်။ သူတို့လို ပုဂ္ဂိုလ်တွေကတော့

www.burmeseclassic.com

www.burmeseclassic.com



သူတို့ စဉ်းစားတွေးခေါ်နေတဲ့ အကြောင်းအရာကိုက ဒီလိုနေဖို့ လိုအပ်တဲ့ အကြောင်းအရာတွေ ဖြစ်နေတာကိုး။ ဒါပေမယ့် ဒီလိုအကြောင်းအရာမျိုးကို စဉ်းစားနေတယ်လို့ ပြောစရာမရှိတဲ့ လူငယ်တစ်ယောက်၊ လောကကြီးထဲမှာ လှုပ်ရှားသွားလာနေရတဲ့ လူတစ်ယောက်က အသိုက်အဝန်းအလယ်မှာ အထီးတည်း နေခွင့်ရှိတယ်လို့ ပြောလာရင်၊ ဒီလိုနေခွင့်ကိုလည်း လက်တွေ့ကျင့်သုံးလာတယ်ဆိုရင်တော့ မတန်မရာ တောင်းဆိုလာတဲ့ အခွင့်အရေးဖြစ်တဲ့အတွက် ဒီလူဟာ အသိုက်အဝန်းက တစ်ခါတည်း ပစ်ပယ်လိုက်ပြီး တစ်သက်လုံး အထီးတည်း ဖြစ်သွားရတော့မှာ သေချာတယ်။ အသိုက်အဝန်းတစ်ခုဟာ ဘယ်လောက်ပဲ ဟန်များပြီး ဘယ်လောက်ပဲ ပေါ့ပေါ့တန်တန်နေသည် ဖြစ်စေ၊ သူတို့အထဲကို ရောက်သွားခဲ့ရင် သူတို့ကိုပေါ့ပေါ့တန်တန်သမားတွေလို့ ထင်ကြောင်းကို မပြပါလေနဲ့။ သူတို့နဲ့ အလိုက်အထိုက်နေပြီး သူတို့ရဲ့ အားနည်းချက်ကလေးတွေကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ လိုက်လျောသည်းခံပါ။ သူတို့ကို အထင်သေးဟန် မပြပါနဲ့။

လောကမှာ အထင်သေး၊ အမြင်သေး ဖြစ်တာလောက် လူတွေ ခံပြင်းတဲ့အရာရယ်လို့ မရှိဘူး။ အထင်သေး အမြင်သေး ဖြစ်တာကို ခွင့်လည်းမလွှတ်ကြဘူး။ နာကျင်အောင် လုပ်တာကို မကြာခင် မေ့ချင်မေ့ပစ်လိုက်မယ်။ စော်ကားတာကိုတော့ တော်တော်နဲ့ မမေ့တတ်ကြဘူး။ ဒါကြောင့် တစ်ဖက်သားကို အခံရခက်အောင် မလုပ်ပါနဲ့။ ကျေနပ်အောင် လုပ်ပါ။ ကွယ်ရာမှာ မကောင်းပြောခံရအောင် မနေပါနဲ့။ အကောင်းပြောခံရအောင် နေပါ။ အမုန်းခံရအောင် မလုပ်ပါနဲ့။ အချစ်ခံရအောင် လုပ်ပါ။ မိမိပတ်ဝန်းကျင်က လူများကို အလေးထားပါ။ ဒီလို အလေးထားခြင်းဟာ လူရဲ့ သေးငယ်တဲ့မာနကို အသိအမှတ်ပြုရာ ရောက်တယ်။ အလေးမထားမှုဟာ သူ့ရဲ့မာနကို ထိခိုက်စေတဲ့အတွက် မင့်အပေါ်မှာ ရန်ငြိုးဖွဲ့တတ်တယ်။ အနည်းဆုံး မကောင်းတဲ့စိတ် ထားတတ်တယ်။ ဥပမာဆိုပါတော့။ လူတော်တော်များများမှာ အားနည်းချက်တွေ ရှိကြတယ်။ သူတို့မှာ သူတို့မကြိုက်တာတွေ ရှိကြတယ်။ ဥပမာအားဖြင့် လူတစ်ယောက်ဟာ ကြောင်ကို မုန်းတယ်။ ဒိန်ခဲကို မုန်းတယ်ဆိုပါတော့။ (ဒီနှစ်ခုကတော့ အများကြိုက်တတ်တဲ့ အရာတွေ မဟုတ်လား) ဒါကြောင့် မင်းက သူ့ကို ကြည့်ပြီးရယ်တယ်။ ဒါမှမဟုတ် သူလာမယ့်လမ်းမှာ မင်းက တမင်သော်လည်းကောင်း၊ မတော်တဆသော်လည်းကောင်း ချထားမိတယ်ဆိုပါတော့။ ဒီအခါမှာ မင်းဟာ သူ့ကို



ဆော်ကားတယ်လို့ ပထမဆုံးထင်မယ်။ ဒါမှမဟုတ်ရင်လည်း သူ့ကို လှောင်ဘယ်လို့ အနည်းဆုံး ထင်သွားမယ်။ အဲဒီအချက်ကို သူတစ်သက်လုံး မေ့တော့မှာမဟုတ်ဘူး။ ဒါပေမယ့် မင်းက သူကြိုက်တတ်တာကလေးတွေကို သူ့အတွက် ယူလာမယ်။ ဒါမှမဟုတ် သူမကြိုက်တတ်တာကို ဖယ်ရှားပေးမယ် ဆိုပါတော့။ သူ့ကို မင်းအလေးဂရုပြုတယ်ဆိုတာကို ပြမယ်ဆိုပါတော့။ ဒီလိုဆိုရင် သူ့ရဲ့မာနကို ချီးမြှောက်ရာ ရောက်မယ်။ သူဟာ မင့်အတွက် မိတ်ဆွေကောင်းဖြစ်လာမယ်။ ဒီလို လုပ်ပေးလိုက်တာဟာ ဒီထက် အရေးကြီးတဲ့ အလုပ်ကြီးတစ်ခုကို လုပ်ပေးလိုက်တာထက်တောင် သာသွားနိုင်သေးတယ်။

မိန်းမတွေနဲ့ ပတ်သက်လာရင်တော့ ဒီထက်သေးငယ်တဲ့ ဂရုစိုက်မှုမျိုးလေးတွေကိုတောင် လုပ်ပေးသင့်တယ်။ တကယ်တော့ ဒါဟာ မွန်ရည်သဉ်ကျေးတဲ့ ထုံးတမ်းစဉ်လာပဲ မဟုတ်လား။

မင်းဆီကို ဖေဖေပေးတဲ့စာတွေဟာ ရှည်လျားပြီး ခဏခဏ ဖြစ်နေတယ်။ ဒီစာတွေဟာ ဖေဖေမှန်းထားတဲ့ ရည်မှန်းချက်အောင်မြင်အောင် လုပ်ပေးနိုင်ပါ့မလား ဆိုတာကိုတော့ ဖေဖေ ခုထိ သံသယရှိနေတုန်းပဲ။ ဒီစာတွေကို အားရင်း ဟိုတုန်းက ဖေဖေ ကစားခဲ့ပြီး မကြာခင်တုန်းကအထိ မင်းကစားခဲ့တဲ့ ဘူးစွန်တွေကို သွားပြီး အမှတ်ရမိသေးတယ်။ ဖေဖေဟာ ဖေဖေရဲ့ စွန်တွေကို စာပို့သမားဆိုတဲ့ ကြိုးနဲ့တော့ လွှတ်တင်လိုက်တာပဲ။ တစ်ချို့စွန်တွေက သေတိုက်ရာကို လွင့်ပါသွားကြတယ်။ တစ်ချို့စွန်တွေကတော့ ကြိုးနဲ့ ငြိပြီး ပြတ်သွားကြတယ်။ ဒါပေမယ့် တစ်ချို့စွန်တွေကတော့ ကြိုးမပြတ်သေးပဲ ဘန်းလန်းပဲ ရှိပါသေးတယ်။ ဖေဖေအနေနဲ့ အချို့သော စွန်များဟာ ကြိုးမပြတ် လေမလွင့်ပဲ မင်းဆီကို အကောင်းပကတိ ရောက်တယ်ဆိုရင်ပဲ အေးဆေးကျေနပ်ပါပြီ။ အာဒီးယူး။

www.burmeseclassic.com

www.burmeseclassic.com

**စာ-၁၄**

လန်ဒန်၊ ဒီဇင်ဘာ ၂ ရက်၊ ၁၇၄၆ ခုနှစ်။

လူလေး

အခုတလောမှာ ဖေဖေ သိပ်အလုပ်များနေတဲ့အတွက် အရင်တုန်းကလို စာတွေကို မကြာမကြာရေးဖို့ အချိန်သိပ်မရဘူး။ ဟိုတုန်းကတော့ အချိန်တော်တော်များများရလို့ အချိန်ရတိုင်း မင့်ဆီကို စာတွေ ရေးခဲ့တယ်မဟုတ်လား။ ဒါပေမယ့် မင့်အပေါ်မှာ ဖေဖေ ဘယ်လောက်ချစ်တယ်ဆိုတာကို စာတွေရဲ့ အရေအတွက်နဲ့ မဆုံးဖြတ်ပါလေနဲ့။ အရေအတွက်က ဆုံးမသွန်သင်တာ မဟုတ်ပါဘူး။ စာကသာ မင့်ကို ဆုံးမသွန်သင်တာပါ။

၂၅ ရက် နေ့စွဲနဲ့ ပေးလိုက်တဲ့ မင့်စာကို ခုပဲ ဖေဖေရတယ်။ မစ္စတာဟာတီဆီက စာကိုလည်း တစ်ချိန်တည်းရတယ်။ ဒီစာနှစ်စောင်လုံးကို ဖတ်ပြီး ဖေဖေတော်တော်လည်း ဝမ်းသာသွားတယ်။ မင့်ဆရာ မစ္စတာဟာတီရဲ့ စာတဲမှာ မင်းနဲ့ပတ်သက်လို့ ကောင်းကြောင်း ရေးထားတဲ့အတွက် ဖေဖေ ပိုလို့ ဝမ်းသာရတယ်။ မင်းရဲ့စာထဲမှာ ဖေဖေသိချင်တာတွေ ထည့်ရေးလိုက်တဲ့အတွက်လည်း ပိုလို့ ဝမ်းသာရတယ်။ နောင်မှာ မင်းရောက်တဲ့နိုင်ငံက အုပ်ချုပ်ရေးပုံသဏ္ဌာန်တွေအကြောင်းကို ခုလိုပဲထည့်ပြီးရေးပါ။ လောဆိန်းမြို့က တောင်တက်တောင်ဆင်းကလေးတွေရှိတော့ ခုလို အေးတဲ့ရာသီနဲ့တော့ အတော်ဖြစ်သွားတာပေါ့။ တောင်ကုန်းကလေးတွေကို တက်လိုက်ဆင်းလိုက်ဆိုတော့ လမ်းလျှောက်ရတာ နွေးသွားတာပေါ့။ လောဆိန်းမှာ အပေါင်းအသင်းကောင်းတွေလည်း အများကြီးလို့ မင်းစာထဲမှာ ရေးထားတယ်။ အဲဒီအပေါင်းအသင်းတွေထဲမှာ ရောသွားမိရဲ့လား။ မိတ်သစ် ဆွေသစ်တွေကော တွေ့ရဲ့လား။ တွေ့ရင် ဘယ်သူတွေလဲ။ တစ်ချို့ကို ပြောပြပါလား။ ဖေဖေသိချင်တယ်။ ဂျာမန်စာကို အရေး၊ အဖတ်၊ အပြော သုံးခုစလုံး သင်နေတုန်းပဲလား။



မနေ့က မစ္စတာဘိုးချက်က ဖေဖေ့မိတ်ဆွေတစ်ယောက်ဆီရေးတဲ့ စာကို ဖတ်ခဲ့ရတယ်။ အဲဒီစာကို တွေ့လိုက်ရတော့ ဖေဖေ တော်တော် ဝမ်းသာသွားတယ်။ အများကြီးလည်း စိတ်ချမ်းသာသွားတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီစာထဲမှာ မင်းအကြောင်းကို ချီးမွမ်းရေးထားတာကိုး။ မင်းရဲ့ ကောင်းကြောင်းတွေ ရေးထားတဲ့အထဲမှာ ဖေဖေ မကျန်းမာတုန်း မင်းဘယ်လို ပြုစုတာ၊ ဘယ်လို စိတ်ပူတာတွေကို အကျယ်ရေးထားတယ်။ ဒါတွေအတွက် (ဖေဖေရဲ့ ကျေးဇူးရှိသည့်တိုင်) မင်းကို ဖေဖေကျေးဇူးတင်တယ်။ ကျေးဇူးသိတတ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ ဖေဖေ မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ (ဒီနေရာမှာ မိဘကနေ သားသမီးကို သဘာဝအလျောက်ချစ်တာမျိုးကို ပြောတာမဟုတ်ဘူး။ လူသားတစ်ယောက်ကနေ တစ်ခြားလူသားတစ်ယောက်ကိုထားတဲ့ မေတ္တာမျိုးကို ဖေဖေ ပြောနေတာ။) မင်းယုံကြည်သဘောပေါက်မှသာ မင်းကလည်း ဖေဖေ့ကို ပြန်ပြီး ချစ်နိုင်မယ်လို့ ဖေဖေ ယုံကြည်တယ်။ ဒါပေမယ့် ဖေဖေ လိုချင်တာက မင်းဆီက တုံ့ပြန်မေတ္တာထက် မင်းရဲ့ကျေးဇူးတုံ့ပြန်မှုကို ပိုလိုချင်တယ်။ မင်းရဲ့ကျေးဇူးတုံ့ပြန်မှုဆိုတာ တစ်ခြားမဟုတ်ဘူး။ လူတစ်ယောက်အနေနဲ့ ကောင်းတဲ့အကျင့်တွေကို ကျင့်ကြံပြီး ပညာဗဟုသုတကို လိုက်စားဖို့ ဖြစ်တယ်။ အာဒီးယူး။ မင်းထိုက်တန်နေသေးသရွေ့ ဖေဖေဟာ မင်းကို ချစ်နေမယ်ဆိုတာ သဘောပေါက်ပါ။ ဒါပေမယ့် မထိုက်တန်တဲ့ အခါမှာတော့ မင်းကို ချစ်ခင်နေမှာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

စာ-၁၅

လန်ဒန်၊ ဒီဇင်ဘာ ၉ ရက်၊ ၁၇၄၆ ခုနှစ်။

လုလေး

ဒီစာကို အချိန်လုပြီး မစ္စဟာတီကတစ်ဆင့် ပို့လိုက်တာ။ စာတိုကလေး တစ်စောင်ဖြစ်ဖြစ် ရေးမှပဲလို့ ယူဆပြီး ဒီစာကို ကောက်ရေးလိုက်တာပဲ။ မင်းရေးလိုက်တဲ့ စာကို ဖတ်ရတဲ့အတွက် ဖေဖေ စိတ်ထိခိုက်ပေမယ့် စာရေးဖော်ရတဲ့အတွက် ဖေဖေ ကျေးဇူးတင်တယ်။ ဖေဖေ ဘာကြောင့် စိတ်ထိခိုက်ရတယ်ဆိုတာကို မင်းကို ဖေဖေ ပြောခဲ့ပြီးပြီပဲ။ ဖေဖေ ခုရရှိလိုက်တဲ့ ရာထူးအသစ်ဟာ လူတော်တော်များများရဲ့ အမြင်မှာ အားကျလောက်တဲ့ ရာထူးပါပဲ။ ဒါပေမယ့် ဖေဖေ့အဖို့တော့ တော်တော်စိတ်ညစ်ရတယ်။ လက်မခံရင် မဖြစ်တဲ့အခြေအနေတွေကြောင့်သာ ဒီရာထူး လက်ခံရတာ။ ဒီရာထူးမှာ တာဝန်ထမ်းဆောင်ဖို့ကိစ္စဟာ ဖေဖေ့မှာရှိတဲ့ ကာယအင်အားနဲ့ စိတ်ဓာတ်အင်အားထက် ပိုပြီး နေလို့ပဲ။ နောင် လေးငါးနှစ်လောက်ရှိရင် ဒီသဘောကို မင်းနားလည်လာလိမ့်မယ်လို့ ဖေဖေထင်တယ်။ အဲဒီအချိန်လောက် ရောက်ရင်တော့ မင့်ကို ဖေဖေ့ရုံးခန်းကို ခေါ်လာလို့ဖြစ်ပြီ မဟုတ်လား။ အဲဒီအချိန်လောက် ရောက်ရင် မင်းလည်း ဖေဖေ့အလုပ်တွေကို ကူလုပ်နိုင်လောက်ပြီပေါ့။ ဖေဖေ့အလုပ်က ခေတ်သစ် ဘာသာစကားတွေကို ကျွမ်းကျင်စွာ ဖတ်တတ်ဖို့၊ ရေးတတ်ဖို့၊ ပြောတတ်ဖို့ လိုတယ်။ အနိုင်နိုင်ငံက တရားဥပဒေတွေ၊ အထူးသဖြင့် အင်ပါယာကြီးရဲ့ ဖွဲ့စည်းပုံတွေကို သိဖို့လိုတယ်။ သမိုင်း၊ ပထဝီဝင်နဲ့ ခုနှစ်သက္ကရာဇ်တွေကို သိဖို့လိုတယ်။ ဒီအရာတွေကို မင်းလည်း တတ်ကျွမ်းစေချင်တယ်။ ဒီလို အရည်အချင်းတွေ ရှိခဲ့ရင် မင်းဟာ ခုလောလောဆယ် မဟုတ်သည့်တိုင် နောင်တစ်နေ့မှာ ဖေဖေရဲ့ ရာထူးမှာ ဝင်လုပ်ပြီး ဖေဖေခြေရာကို နင်းလာနိုင်မှာပဲ။



လူတွေဟာ အချိန်ကို ကောင်းကောင်း အသုံးမချတတ်ဘူး။ မင်းကတော့ အသုံးချတတ်လိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။ မင်းရဲ့ ကိုယ်ပိုင် အချိန်တိုင်းမှာ အကျိုးအမြတ် တစ်မျိုးမဟုတ် တစ်မျိုးကို ရအောင် လုပ်နိုင်လိမ့်မယ်လို့လည်း ဖေဖေ မျှော်လင့်တယ်။ မိတ်ဆွေများနဲ့ ပေါင်းဖော်ပါ။ လမ်းလျှောက်ပါ။ မြင်းစီးပါ။ အချိန်ကို ကောင်းစွာ အသုံးချပါ။ သူ့အချိန်နဲ့သူ အသုံးချတတ်အောင် ကြိုးစားပါ။ ဖေဖေ ခွင့်မလွှတ်နိုင်တဲ့ အချက်ကတော့ ယီးတီးယားတားနဲ့ လျှောက်သွားနေပြီး ဘာမှမလုပ်ဘဲ နေတာပဲ။ အချိန်ဟာ အလွန် အဖိုးတန်တဲ့အရာ ဖြစ်တယ်။ ဆုံးရှုံးသွားရင် ဘယ်တော့မှ ပြန်ယူလို့ မရတဲ့အရာ ဖြစ်တယ်။

မင်းကော လောဆိန်းမှာ အမျိုးကောင်းသမီးတွေနဲ့ တွေ့ရဲ့လား။ မင့်ကို ချစ်ခင်နှစ်သက်လာအောင် ယဉ်ယဉ်ကျေးကျေး ဆက်ဆံရဲ့လား။

တော်သေးပြီ၊ ဘုရားသခင် စောင်မပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## စာ-၁၆

လန်ဒန်၊ မတ်လ ၆ ရက်၊ ၁၇၄၇ ခုနှစ်။

လူလေး

မင်းလုပ်သမျှဟာ တစ်နည်းမဟုတ် တစ်နည်းအားဖြင့် ဖေဖေနဲ့ ဆိုင်နေတယ်။ ခုတစ်လောမှာ မင်းနဲ့ပတ်သက်တဲ့ စာနှစ်စောင်ကို ရတဲ့အတွက် ဖေဖေ ဝမ်းသာနေရတယ်။ တစ်စောင်ကတော့ လောဆိန်းမှာရှိတဲ့မဒမ် စိန့်ဂျာမိန်းဆီက စာဖြစ်ပြီး နောက်တစ်စောင်ကတော့ မွန်စီယာပန်ပစ်နီဘီစာ ဖြစ်တယ်။ သူတို့နှစ်ယောက်စလုံးရဲ့ စာထဲမှာ မင်းနဲ့ပတ်သက်လို့ အကောင်း ရေးထားကြတဲ့အတွက် သူတို့ကိုရော မင်းကိုပါ ဖေဖေကျေးဇူးတင်နေရတယ်။ ဖေဖေ ဝမ်းသာတဲ့အကြောင်းကို သူတို့ကိုရော၊ မင့်ကိုရော ပြောဖို့ ဝတ္တရား ရှိလာတယ်။ အကျင့်စရိုက်ကောင်းရှိသူများဟာ သူတို့မှာ အဲဒီလို စရိုက်ကောင်း ရှိတာကို သိပြီး ကိုယ့်ဘာသာ ပီတိဖြစ်ထိုက်တယ်လို့ ဖေဖေယူဆတယ်။ အကျင့်စရိုက်ကောင်းရှိတယ်လို့ ကိုယ့်ကိုယ်ကိုယ် သိခြင်းဟာ ဆုလာဘ်တစ်ပါး လည်း ဖြစ်တယ်။ အားပေးမှုတစ်ခုလည်း ဖြစ်တယ်။ သူတို့နှစ်ဦးစလုံးကပဲ မင်းဟာ အနေအထိုင် ပိပြား ယဉ်ကျေးရုံတင်မကဘူး စိတ်နေသဘောထား လည်း ယဉ်ကျေးရည်မွန်တယ်လို့ ရေးလိုက်ကြတယ်။ အင်္ဂလိပ်လူမျိုးတွေမှာ ရှိတတ်ကြတဲ့ ခွတီးခွကျ ယောင်နန ဖြစ်တာတွေ၊ ရှက်သလို ကြောက်သလို လှုတောမတိုးရဲတာတွေ၊ မာကြောတာတွေ အတော်အတန် ပျောက်သွားပြီလို့ လည်း ရေးလိုက်ကြတယ်။ ဒီလိုကြားရတဲ့အတွက် ဖေဖေ တော်တော် ဝမ်းသာသွားတယ်။ ဖေဖေ မကြာခဏ ပြောလေ့ရှိတဲ့အတိုင်း တဖြည်းဖြည်း အပတ်တကုတ် အားထုတ်တာ၊ အပေါ်ယံ ယဉ်ကျေးမွန်ရည်တာ၊ နူးညံ့သိမ်မွေ့စွာ နေထိုင်ပြောဆိုတာ စတဲ့ အသေးစား အရည်အချင်းကလေးတွေဟာ အများ ထင်တာထက် ပိုပြီး အကျိုးရှိတယ်။ အထူးသဖြင့် အင်္ဂလန်ပြည်မှာဆိုရင် ပိုပြီး အကျိုးရှိတယ်။ အဲ ပညာနဲ့ သီလတို့ကတော့ ရွှေလိုပဲ။ သူတို့ကိုယ်၌ကိုက အလိုလို တန်ဖိုးရှိနေတယ်။ ဒါပေမယ့် သူတို့ကို ပွတ်တိုက်အရောင်တင်ခြင်း မပြုရင်တော့ အရောင်ဟာ မှေးမှိန်သွားမှာ အမှန်ပဲ။ လူတော်တော်များများ



ကပဲ ပွတ်တိုက်မထားတဲ့ ရွှေတုံးအရိုင်းကို ကျော်ပြီး ပွတ်တိုက် အရောင်တင် ထားတဲ့ ကြေးနောက်ကို လိုက်သွားကြမှာပဲ။

ပြင်သစ်လူမျိုးတွေဟာ အပေါ့အလွှဲင်နေပြီး အပေါ်ယံအားဖြင့် ယဉ်ကျေး ဖွယ်ရာ ရှိကြသည့်တိုင် ဘယ်လောက်များ ဒုစရိုက်တွေများ လိုက်ကြသလဲ။ သူတို့မှာ စဉ်းစားဉာဏ်လိုနေတယ်။ တော်တော်များများမှာတော့ ပညာဉာဏ် လိုနေကြတယ်။ ဒါပေမယ့် ယေဘုယျအားဖြင့်တော့ သူတို့ရဲ့ အပေါ်ယံ ယဉ်ကျေးဖွယ်ရာ ဟန်တွေနဲ့ ဖုံးထားတဲ့အတွက် သိပ် သတိမထားမိကြဘူးပေါ့။ ပြင်သစ်လူမျိုးတစ်ယောက်ဟာ သူတို့လူမျိုးရဲ့ ပင်ကိုယ်စရိုက်ဖြစ်တဲ့ ယဉ်ကျေး မွန်ရည်မှုလည်းရှိ၊ အပြောအဆိုအနေအထိုင်ကလည်း သိမ်မွေ့တဲ့အပြင် နောက် ဆပ် သီလလည်းရှိ၊ ပညာလည်းရှိ၊ စဉ်းစားဉာဏ်လည်း ရှိတယ်ဆိုရင်တော့ သူဟာ လောကမှာ အပြည့်စုံဆုံး၊ အကောင်းဆုံး လူတစ်ယောက်ပဲ။ ဒါကို ဖေဖေ မကြာခဏ ပြောခဲ့ဖူးပြီး ခုတိုင်လည်း အဲဒီအတိုင်း ယူဆတုန်းပဲ။ မင်းဟာ အဲဒီလို ပြီးပြည့်စုံတဲ့ လူတစ်ယောက် ဖြစ်ချင်လိမ့်မယ်၊ ဖြစ်လည်း ဖြစ်လိမ့်မယ်လို့ ဖေဖေ မျှော်လင့်တယ်။ သီလဆိုတာ ဘာလဲဆိုတာကို မင်း သိပြီးသားပဲ။ မင်းမှာသီလ ရှိချင်စိတ်ရှိရင် သီလရှိမှာပဲ။ သီလကို စောင့်ထိန်းဖို့ ဆိုတာ လူတိုင်းတတ်စွမ်းနိုင်တဲ့ အလုပ်ပေပဲ။ သီလမရှိတဲ့လူကတော့ လောကမှာ ရှုတ်စရာ အကောင်းဆုံးပဲ။ ဘုရားသခင်က မင်းကို စဉ်းစားဉာဏ်ပေးထားတယ်။ ပညာဉာဏ်ဆိုတာကတော့ မင့်မှာ လူတစ်ယောက် ရှိသင့်ရှိထိုက်တဲ့ ပညာ ဉာဏ်မျိုး အသင့်အတင့်ရှိနေပြီ။ ဒီအရည်အချင်းတွေနဲ့အတူမင်းကို လောကကြီး အလယ်ကို ဖေဖေ လွှတ်လိုက်ပြီ။ ဒီတော့ မင့်အကျင့်စရိုက်နဲ့ စိတ်နေ သဘောထားကို ကြီးရင့်ဖွံ့ဖြိုးအောင် လုပ်ဖို့ လိုအပ်တဲ့ အခြားအရည်အချင်း တွေကို ရအောင် ကိုယ့်ဘာသာကိုယ် မလုပ်တတ်ဘူးဆိုရင်တော့ မင့်အပြစ်ပဲ။

မဒမ် စိန့်ဂျာမိန်းနဲ့ မွန်စီယာပန်ပစ်နီးတို့ နှစ်ယောက်စလုံးကိုလည်း မင်းအနေနဲ့ ကျေးဇူးတင်စကားပြောပါ။ မင်းကို အထူးဂရုစိုက်သင်ကြားပေး ကြတဲ့အတွက်ကြောင့်ရော၊ မင်းနဲ့ပတ်သက်လို့ အကောင်းသတင်းတွေ ရေးဖို့ အတွက်ကြောင့်ရော ဝမ်းမြောက်ကျေးဇူးတင်ကြောင်းကို ပြောဖြစ်အောင် ပြောပါ။

အာဒီးယူး။ ခုလို ချီးမွမ်းထောက်ခံတာတွေကို ရရှိအောင် ဆက်လက် ကြိုးစားပါ။ အဲဒီလို ကြိုးစားမယ်ဆိုရင် ဖေဖေရဲ့ မေတ္တာကို ယူရရုံမျှမက ရောက်တယ်လို့လည်း ဖေဖေ ယူဆတယ်။

www.burmeseclassic.com

www.burmeseclassic.com



**စာ-၁၇**

လန်ဒန်၊ မတ်လ ၂၇ ရက်၊ ၁၇၄၇ ခုနှစ်။

လူလေး

ပျော်ရွှင်မှုဟာ လူငယ်လူရွယ် တော်တော်များများက ထုခွဲနေတဲ့ ကျောက်တုံးကြီးနဲ့ တူတယ်။ လူငယ်တွေဟာ ရွက်အဖုံဖုံတပ်ဆင်ထားတဲ့ လှေတွေနဲ့ အဲဒီပျော်ရွှင်မှုကို ရှာဖို့ခရီးထွက်လာခဲ့ကြတယ်။ ဒါပေမယ့် သူတို့မှာ ခရီးကို လမ်းညွှန်ဖို့အတွက်တော့ အိမ်မြှောင်မပါလာကြဘူး။ လှေကို ကောင်းစွာ ပဲ့ကိုင်ဖို့လည်း အသိဉာဏ် မကြွယ်ဝကြသေးဘူး။ အဲဒီလို မရှိတဲ့အတွက် အပြန်ခရီးမှာ ပျော်ရွှင်မှုဆိုတဲ့ ကျောက်တုံးကြီး ပါမလာခဲ့ဘဲ အရှက်နဲ့ ဒုက္ခဝေဒနာကိုသာ ရလာခဲ့ကြတယ်။ ဒီလို ပြောတဲ့အတွက် ဖေဖေဟာ ပျော်ရွှင်မှုကို မကောင်းဘူးလို့ ပြောနေတယ်လို့ မထင်လိုက်နဲ့။ (ဂရိခေတ်က) စတိုးအစ်လို့ ခေါ်တဲ့ ဥပေက္ခာဝါဒီတစ်ယောက်လို ပျော်ရွှင်မှုကို အပြစ်ဆိုနေတယ်လို့ မထင်လိုက်နဲ့။ ဘုန်းကြီးတစ်ပါးလို ပျော်ရွှင်မှု စည်းစိမ်ချမ်းသာကို ရှုတ်ချနေတယ်လို့ မထင်လိုက်နဲ့။ ဒီသဘော ပြောနေတာမဟုတ်ဘူး။ ဖေဖေဟာ မင်းကို အဲဒီပျော်ရွှင်မှု စည်းစိမ်ကို ရှာဖွေဟတ်အောင်၊ ခံစားတတ်အောင် အက်ပီကျူးရီးယန်းတစ်ယောက်လို သင်ပြပေးနေတာ။ မင့်ကို ပျော်ရွှင်မှုတွေ အများကြီး ရစေချင်တယ်။ ခု ဖေဖေ ပြောနေတာက အပျော် မှားမှာစိုးလို့ ပြောနေတာ။

လူရယ်လို့ဖြစ်ပြီး အရွယ်ရောက်လာတာနဲ့ လူငယ်တွေ ပထမဆုံး လိုချင်တောင့်တတဲ့အရာကတော့ ပျော်ရွှင်မှုပဲ။ ဒါပေမယ့် ပျော်ရွှင်မှုဆိုတာ ဘာလဲလို့မေးရင် ယောင်ဝါးဝါး သမရိုးကျ အဓိပ္ပာယ်နဲ့ပဲ နားလည်ကြတယ်။ ပျော်ရွှင်မှုကို ရှာတော့မယ်ဆိုရင် မိမိရဲ့အကြိုက်၊ မိမိရဲ့ဝါသနာကို ပထမ ဆန်းစစ်ကြည့်ရမယ်။ သူများတွေ ပြောတိုင်း ပျော်ရွှင်မှုဆိုတာကို အရမ်း လက်ခံလို့မဖြစ်ဘူး။ ပျော်ရွှင်မှုကို ခံစားသူဆိုတဲ့စကားကို မကောင်းတဲ့ အနက်အဓိပ္ပာယ်နဲ့ ဖွင့်ဆိုရင် အရက်သေစာ သောက်စားနေတဲ့သူ၊ အပျော် အပါး မိန်းမလိုက်စားတဲ့သူ၊ သောက်သောက်စားစား လူမင်းသားဆိုတဲ့ အမျိုးမျိုးနေတဲ့သူလို့ အဓိပ္ပာယ်ထွက်တယ်။ မင်းကို ဖေဖေ ရှက်ရှက်နဲ့ ဝန်ခံရမယ်ဆိုရင် ဖေဖေငယ်ငယ်တုန်းက ပျော်ရွှင်မှုကို ခံစားသူ ဆိုတဲ့အနက် အဓိပ္ပာယ်ကို အဲဒီလို အမှားမှားအယွင်းယွင်း နားလည်ခဲ့မိလို့ အမှားတွေ လုပ်ခဲ့ဖူးတယ်။ ဖေဖေဟာ ပင်ကိုယ်အားဖြင့် အရက်ကို မကြိုက်ပါဘူး။ ဒါပေမယ့် မကြာခဏဆိုသလို အရက်ကို အလွန်အကျွံသောက်မိလို့ မူးခဲ့တာ တွေရှိတယ်။ နောက်တစ်နေ့မှာ နေထိုင်မကောင်းဖြစ်တဲ့အခါမှာ အဲဒီအရက် အပေါ် ရွံမုန်းသွားပြန်ရော။ ဒါဖြင့် ဘာဖြစ်လို့ သောက်သလဲလို့ မေးရင် အဲဒီတုန်းက အရက်သောက်မှ လူကြီးလူကောင်း ပီသမယ်၊ ပျော်ရွှင်မှုကို ခံစားတတ်တဲ့သူ ဖြစ်မယ်လို့ ထင်ခဲ့မိလို့ပဲ။

လောင်းကစားကိစ္စမှာလည်း ဒီအတိုင်းပဲ။ ဖေဖေ ပိုက်ဆံ မလိုချင်ပါဘူး။ ဒါ့ကြောင့် ပိုက်ဆံအတွက် လောင်းကစားစရာ အကြောင်းမရှိပါဘူး။ ဒါပေမယ့် လောင်းကစားတာဟာ လူကြီးလူကောင်းတစ်ယောက်ဖြစ်ဖို့၊ ပျော်ရွှင်မှုကို ခံစားတတ်တဲ့ လူတစ်ယောက်ဖြစ်ဖို့ လိုအပ်တဲ့ အခြားအရည်အချင်း တစ်ခုလို့ ထင်ခဲ့မိတဲ့အတွက် ဝါသနာမပါပဲ လောင်းကစားခဲ့ဖူးတယ်။ လောင်းကစားတာမှ အခြားသော ပျော်ရွှင်မှုတွေကိုတောင် သတိမရနိုင်လောက် အောင်ပဲ။ အနှစ် သုံးဆယ်လုံးလုံး လောင်းကစားတာနဲ့ပဲ အချိန်ကုန်ခဲ့တယ်။ ဖေဖေ့ဘဝမှာ အကောင်းဆုံးအချိန်တွေပေါ့။

ပြီးတော့ ဖေဖေ ဘယ်လောက်များ ရူးလိုက်သလဲဆိုရင် လူကြီးလူကောင်း တစ်ယောက် ပီသအောင်ဆိုပြီး ဆဲရေးတိုင်ထွာတာမျိုးတောင် လုပ်လိုက်သေး တယ်။ ဒီအကျင့်ကိုတော့ ဖေဖေ မကြာခင်မှာပဲ စွန့်လွှတ်ပစ်လိုက်ပါတယ်။ ဒါကတော့ အပြစ်လည်း ကြီးတယ်၊ ရိုင်းလည်း ရိုင်းစိုင်းတယ်လို့ သိလာတော့ မကြာခင်မှာပဲ ဖေဖေ စွန့်လွှတ်ပစ်လိုက်ပါတယ်။

ဒီနည်းအားဖြင့် အများလုပ်တဲ့ ဖက်ရှင်တွေကို လိုက်အတုခိုး၊ အပေါ်ယံ ပျော်ရွှင်မှုဆိုတာတွေကို အရမ်းကာရော အထင်ကြီးခဲ့မိတဲ့အတွက် ဖေဖေ့မှာ အစစ်အမှန်ပျော်ရွှင်မှုတွေ ဆုံးရှုံးခဲ့ရတယ်။ စည်းစိမ်ဥစ္စာလည်း ပျက်ခဲ့ရတယ်။ ကျန်းမာရေးလည်း ယိုယွင်းခဲ့ရတယ်။ ဖေဖေ့အမှားအတွက် ရထဲ့ပြစ်ဒဏ် ပေးဖေယူ ဆတယ်။

www.burmeseclassic.com



ဒီတော့ မင်းအနေနဲ့ အဲဒီသင်ခန်းစာတွေကို ယူပါ။ ကိုယ့်ပျော်ရွှင်မှုကို ကိုယ်တိုင်ရွေးချယ်ပါ။ ပျော်ရွှင်မှုက ကိုယ့်ကို အနိုင်ယူတာမျိုး မဖြစ်ပါစေနဲ့။ အများလုပ်တဲ့ ဖက်ရှင်ကို မလိုက်ပါနဲ့။ သဘာဝကို လိုက်ပါ။ ကိုယ်ခံစားနေတဲ့ ပျော်ရွှင်မှုနဲ့ အဲဒီပျော်ရွှင်မှုနောက်က လိုက်လာတဲ့ အကျိုးသက်ရောက်မှုတွေ ချိန်ထိုးကြည့်ပါ။ ပျော်ရတာနဲ့ ရတဲ့ ရလာဘ်နဲ့ ကာမိရဲ့လား၊ ထိုက်တန်ရဲ့လား ဆိုတာကို စဉ်းစားပါ။ ပြီးတော့မှ ကိုယ်ပိုင်စဉ်းစားဉာဏ်နဲ့ ကိုယ့်ပျော်ရွှင်မှုကို ရွေးချယ်ဆုံးဖြတ်ပါ။

ဖေဖေသာ လူငယ်ပြန်ဖြစ်ရမယ်ဆိုရင် ဖေဖေဟာ အထင်နဲ့ရတဲ့ ပျော်ရွှင်မှုတွေကို မရှာတော့ဘဲ တကယ့်ပျော်ရွှင်မှုတွေကိုပဲ ရှာတော့မယ်။ ဥပမာအားဖြင့် အစားအသောက် စားပွဲရဲ့ ပျော်ရွှင်မှုနဲ့ ဝိုင်အရက်ချိုကလေးရဲ့ ပျော်ရွှင်မှုတွေကို ရှာမယ်။ ဒါပေမယ့် အစားကျူးခြင်း၊ အသောက်ကျူးခြင်းနဲ့ ဆက်စပ်နေတဲ့ ဆိုးပြစ်တွေကို မရအောင် တော်ရုံသင့်ရုံလောက်နဲ့ ရပ်မယ်။ အသက်ကလေး နှစ်ဆယ်လောက်မှာ ဖေဖေဟာ မသောက်မစား ဥပုသ်သီတင်း အမြဲစောင့်တဲ့ တရားဟောတဲ့ ဘုန်းကြီးတစ်ပါးတော့ မလုပ်နိုင်ဘူးပေါ့။ ပြီးတော့ အဲဒီလို တော်ရုံသင့်ရုံ ပျော်ရွှင်မှုကို ရှာတဲ့သူကိုလည်း အပြစ်မတင်ဘဲ သူတို့လည်း ပျော်ရွှင်မှုကို သူတို့နည်းနဲ့ သူတို့ရှာကြပါစေဆိုတဲ့ နားလည်မှုကို မွေးမယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကို ဂရုမစိုက် စည်းမရှိ ကမ်းမရှိ နေတဲ့သူတွေရဲ အလိုကိုလိုက်ပြီး ကိုယ့်ရဲ့ ကျန်းမာရေးကို ထိခိုက်ခံတဲ့အဖြစ်ကိုတော့ ဘယ်တော့မှ ရောက်ခွင့်မပေးဘူး။ ဖေဖေဟာ ပျော်ရွှင်မှုအတွက် လောင်းကစားခြင်းအမှုကို နည်းနည်းပါးပါး လုပ်ကောင်းလုပ်မယ်။ ဒါပေမယ့် ဒုက္ခရောက်အောင်တော့ ဘယ်တော့မှ မလုပ်ဘူး။ ဖေဖေ ဆိုလိုတဲ့သဘောက အပေါင်းအသင်းကြောင့်ဖြစ်စေ၊ ထုံးစံရေလဲ့ကြောင့်ဖြစ်စေ ကစားဖို့ လိုအပ်ရင် ကစားမယ်။ ဒါပေမယ့် ငွေကြေးအနိုင်ရလိုမှုကြောင့် လောင်းကစားတာမျိုးကိုတော့ မလုပ်တော့ဘူး။ သူဌေးဖြစ် ခွေးဖြစ် လောင်းကစားတာမျိုးကိုတော့ ဖေဖေ မလုပ်လိုဘူး။ ကစားပွဲမှာ မကြာခဏ တွေ့ရသလို ရန်ဖြစ်ကြတာမျိုး ဆိုတာကတော့ ဝေးရော။

ဖေဖေအားရင် စာဖတ်မယ်။ ဉာဏ်ရှိတဲ့သူ၊ ပညာရှိတဲ့သူတွေကြားမှာ အနားယူမယ်။ အမျိုးကောင်းသားတွေနဲ့ ခေတ်ဆန်နေတဲ့ အမျိုးသမီးတွေကြားမှာ ရောနှောမယ်။ ခေတ်ဆန်တဲ့ အမျိုးသမီးများဟာ ပေါ့ပေါ့လွင်လွင်နေတတ်သည့်တိုင် စိတ်သဘော ကောက်ကွေးခြင်းကင်းတယ်။ စိတ်ကို



လန်းဆန်းစေတယ်။ ယောကျ်ားတွေရဲ့ အပြုအမူကို အရောင်တင်ပေးပြီး ပျော့ပျောင်းစေတယ်။

ဒါတွေကတော့ လူငယ်ပြန်ဖြစ်ခဲ့ရင် ဖေဖေ လိုချင်တဲ့ ပျော်ရွှင်မှုတွေ ပျော်ရွှင်နည်းတွေပဲ။ ဒီပျော်ရွှင်မှုမျိုးတွေဟာ ကျိုးကြောင်းညီညွတ်မှုရှိတဲ့ ပျော်ရွှင်မှုတွေ ဖြစ်တယ်။ မင်းကို ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီလောက်ကတော့ ခုခေတ်မှာ ခေတ်မီသူတိုင်း လူတိုင်းလောက် လုပ်နေကြတဲ့ အရာတွေပဲ။ ဒီထက် လွန်သွားပြီဆိုရင်တော့ ခေတ်မီအောင် လုပ်တယ်လို့ ဖေဖေ မယူဆတော့ဘူး။ ခေတ်မီတယ်လို့ ပြောရင် ပြောပြောပဲ ရှိမှာပဲ။ လူကောင်းသူကောင်းတွေကြားထဲမှာ အရက်တွေမူးပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေတဲ့ သူတစ်ယောက်ကို ဘယ်သူက အပေါင်းအသင်း လုပ်ချင်မှာလဲ။ ကိုယ်အင်အားနဲ့ ကိုယ်ချင့်ချိန် လောင်းကစားတာမျိုး မဟုတ်ဘဲ ဝိုင်းမှာ ခွက်ခွက်လန်အောင် ရှုံးလို့ ရင်ပတ်စည်တီး ဖြစ်နေတဲ့ လူတစ်ယောက်ကို ဘယ်သူကလာပြီး သနားမှာလဲ။ နာခေါင်းတစ်ဝက်လောက်သာ ကျန်ပြီး လူစဉ်မမှီလောက်အောင် အပျော်ကျူးခဲ့တဲ့ မိန်းမလိုက်စားသူတစ်ယောက်ကို ဘယ်သူက လူရာသွင်းချင်မှာလဲ။ ဘယ်သူကမှ လူရာသွင်းမှာ မဟုတ်ဘူး။ ဒီအကျင့်စရိုက်မျိုးကို အကောင်းထင်နေကြသူတွေဟာ ကလျာဏမိတ္တ မဟုတ်ဘူး။ အဲဒီလို လူမျိုး အသိုင်းအဝိုင်းထဲ ဝင်လာရင်လည်း စိတ်မပါတပါနဲ့ လက်ခံတာမျိုးပဲ ဖြစ်လိမ့်မယ်။ တကယ်ခေတ်မီတဲ့သူ၊ တကယ်ပျော်ရွှင်မှုကို ခံစားတတ်သူဟာ ညဉ့်ကျေးဖွယ်ရာမှုကို အမြဲသတိထားတယ်။ အနည်းဆုံးတော့ မကောင်းမှုတွေကို မလုပ်ဘူး။ ဖြန့်ဖြူးခြင်း မပြုဘူး။ ကံမကောင်း အကြောင်းမလှလို့ သူ့မှာ အဲဒီလို မကောင်းမှုမျိုး ရှိခဲ့ရင်တောင် အဲဒီမကောင်းတဲ့ ဝါသနာတွေကို အေးစဉ်းစားစား သိမ်သိမ်မွေ့မွေ့ ရွေးချယ်ပြီး လျှို့ဝှက်စွာ လိုက်စားတယ်။

ခုအထိ ဖေဖေ ပြောသွားတာတွေဟာ ကာယပျော်ရွှင်မှုနဲ့ ပတ်သက်တာတွေပဲ ရှိသေးတယ်။ စိတ်ပျော်ရွှင်မှုနဲ့ ပတ်သက်တာတွေ မပါသေးဘူး။ (တကယ်တော့ စိတ်ရဲ့ ပျော်ရွှင်မှုသာလျှင် ခိုင်မာပြီး အရှည်တည်တယ်။) လူတွေ သိနေတဲ့ ပျော်ရွှင်မှုဆိုတာက အာရုံငါးပါးနဲ့ ခံစားပြီး ရတဲ့ ပျော်ရွှင်မှုတွေကို ဆိုလိုနေခြင်း ဖြစ်တယ်။ စိတ်ရဲ့ ပျော်ရွှင်မှုကတော့ ဒီလို မဟုတ်ဘူး။ စိတ်ရဲ့ ပျော်ရွှင်မှုဆိုတာ သီလကြောင့်ဖြစ်တဲ့ ပျော်ရွှင်မှု၊ ဒါန ကြောင့်ဖြစ်တဲ့ပျော်ရွှင်မှု၊ ပညာကြောင့်ဖြစ်တဲ့ပျော်ရွှင်မှုတို့ကို ဆိုလိုတာ။ ဒီပျော်ရွှင်မှုသာလျှင် စစ်မှန်ပြီး အရှည်တည်တံ့တဲ့ ပျော်ရွှင်မှုဖြစ်တယ်။ ဒီ

www.burmeseclassic.com

www.burmeseclassic.com



သဘောတွေကို မင်းသိပြီးသား ဖြစ်လိမ့်မယ်လို့ မျှော်လင့်တယ်။ အာဒီးယူး။

ဇာ-၁၈

လန်ဒန်၊ ဧပြီလ ၃ ရက်၊ ၁၇၄၇ ခုနှစ်၊

လူလေး

ဖေဖေကြားရတဲ့အတိုင်းသာမှန်ရင် ဖေဖေဟာ ခု လူကြီးလူကောင်းတစ်ယောက်ဆီကို စာရေးနေတာပေါ့။ ရွှေခြည်ကွပ်ထားတဲ့ ကြက်သွေးရောင်ကုတ်အင်္ကျီ၊ ဘရိုကိတ် အတွင်းခံ ခါးပြတ်အင်္ကျီနဲ့ လူကြီးလူကောင်းတွေဝတ်ဆင်လေ့ရှိတဲ့ တစ်ခြား အဆောင်အယောင်၊ အဆင်တန်ဆာတွေနဲ့ပေါ့။ စာရေးဆရာတိုင်းဟာ ကိုယ်ရေးတဲ့စာအတွက် ကောင်းကြောင်း၊ ချီးမွမ်းသံကိုကြားရရင် ကျေနပ်ကြတာ မမှတာပဲ။ ခုလည်း ဖေဖေရဲ့ နောက်ဆုံးစာအုပ်ဟာ ချုပ်လုပ်တဲ့နေရာမှာ တော်တော်ကို ကောင်းတယ်လို့ မင့်ဆရာ မစ္စတာဟာတိက ပြောတယ်ဆိုတာ ကြားရတော့ ဖေဖေ တော်တော်လေး ဝမ်းသာရတယ်။ ဖေဖေ့စာအုပ်ကို သူက အနီရောင်သားရေဖုံး ထပ်ချုပ်ပြီး ရွှေကွပ်ထားတယ်ဆိုတော့ နောင်မှာ အနှောင့်ကို ရွှေစာလုံးနဲ့များ ထပ်ထိုးဦးမလားမပြောတတ်ဘူး။ အဲဒီလို လှလှပပ ချုပ်လုပ်ထားတယ်ဆိုတာ မျက်စေ့ပသာဒကို ဆွဲဆောင်နိုင်တာအမှန်ပဲပေါ့။ စာအုပ်ကို မြင်သူတိုင်းကပဲ သတိပြုမိကြတာပဲ။ ဒါပေမယ့် တစ်ခုတော့ရှိရဲ့။ မိန်းမများနဲ့ မိန်းမနဲ့တူသော ယောကျ်ားများသာလျှင် စာအုပ်တစ်အုပ်ကို ကြည့်တဲ့နေရာမှာ အတွင်းသားထက် အဖုံးကို ဂရုစိုက်လေ့ရှိကြတယ်။ စဉ်းစားဉာဏ်ရှိပြီး အသိပညာရှိတဲ့လူများကတော့ အဖုံးထက် အတွင်းကိုသာ ချက်ချင်း ကောက်လှန်လေ့ရှိကြတယ်။ အကယ်၍ အတွင်းမှာပါတဲ့စာဟာ အဖုံးလှပကောင်းမွန်မှုနဲ့ ထိုက်တန်ဖက်ခြင်း မရှိတော့ဘူးဆိုရင် အကြီးဆုံးသော ဒေါသအမျက် အကြီးဆုံးသော အထင်သေးမှုနဲ့ အဲဒီစာအုပ်ကို ပစ်ချလိုက်ကြတာပဲ။ ခု ဖေဖေရဲ့နောက်ဆုံးစာအုပ်ကို ကောက်လှန်ပြီး ဖတ်ကြည့်မိကြရင် အကောင်းဆုံးသော

www.burmeseclassic.com

www.burmeseclassic.com



အကဲဖြတ်များဟာ အဖုံးနဲ့ အတွင်းစာသားတို့ရဲ့ လိုက်ဖက်မှု၊ ဆီလျော်မှု၊ ရှေ့နောက်ညီညွတ်မှု၊ သိပ်သည်းမှုတို့ကို တွေ့ရလိမ့်မယ်လို့ ဖေဖေ မျှော်လင့်တယ်။ မစ္စတာဟာတီက ဖေဖေ့စာအုပ်ကို ဘယ်လောက်ပဲ ချီးကျူး ချီးကျူး မင်းကပါ ဝင်ရောက်ချီးကျူးခြင်းမပြုဘူးဆိုရင် ဘယ်မှာပြည့်စုံပါ့မလဲ။

မြေထဲပင်လယ်တစ်ဝိုက်မှာ ဖေဖေတို့ဖက်က အနိုင်ရနေတယ်လို့ဆိုတဲ့ သတင်းကို ရေးလိုက်တဲ့အတွက် မင့်ကို ကျေးဇူးတင်တယ်။ မင်းပြောသလို နိုင်ငံတော်ဝန်ကြီးတစ်ဦးဟာ သတင်းတွေကို ပြည့်ပြည့်စုံစုံ သိသင့်ပေတာပေါ့။ ဒါကြောင့်မို့ မင်းရတဲ့သတင်းများကို ဖေဖေ့ဆီကို ရေးပို့လိမ့်မယ်လို့ ဖေဖေ မျှော်လင့်တယ်။ မင်းက သတင်းစုံကြားရတဲ့ အီတလီမှာ ရောက်နေတယ် မဟုတ်လား။ ပြီးတော့ မင်းက မြေပုံကို မကြာခဏ ကြည့်တတ်တဲ့အလေ့အကျင့် ရှိတဲ့အတွက် အရေးကြီးတဲ့စစ်ပွဲတွေနဲ့ ပတ်သက်လို့ တော်တော်လေး သိနေလိမ့်မယ်လို့လည်း ဖေဖေ ယူဆတယ်။

ဆားတွင်းတွေနဲ့ ပတ်သက်လို့ မင်းရေးလိုက်ပုံကို ဖေဖေသဘောကျတယ်။ မင့်စာကို ဖတ်လိုက်တာနဲ့ ဆားတွင်းတွေကို သွားကြည့်ခဲ့တုန်းက မင်းဘယ်လောက် ဂရုတစိုက် လေ့လာခဲ့သလဲဆိုတာကို အလွယ်နဲ့ သိနိုင်တယ်။ မင်းပြောသလို ဆွစ်ဇာလန်က ဆားဟာကောင်းတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် အက်တစ်ဆား (လို့ခေါ်တဲ့ အေသင်မြို့ကြီးသားတို့ရဲ့ ဇဝနဉာဏ်) ကိုတော့ မှီမယ်မထင်ဘူး။ အက်တစ်ဆားကတော့ ဂရိပြည်ကြီးတစ်ပြည်လုံးကို နုးညံ့ပျော့ပျောင်းသွားအောင် စီမံပေးခဲ့ပေတာပဲ။ အဲဒီအက်တစ်ဆားဟာ နောက်တော့ ရောမကို တင်ပို့ခဲ့တယ်။ ရောမရောက်တော့ ယဉ်ကျေးသိမ်မွေ့ခြင်းလို့ခေါ်တဲ့ ဓာတ်ဆားတစ်မျိုးက အဲဒီဆားကို လိုက်တုခဲ့တယ်။ အဲဒီ ယဉ်ကျေးသိမ်မွေ့ခြင်းဆိုတဲ့ ဓာတ်ဆားဟာ တစ်ခါမှာတော့ မူရင်းဖြစ်တဲ့ အက်တစ်ဆားလောက်နီးပါး အနံ့အရသာနဲ့ ပြည့်စုံလာခဲ့တယ်။ အဲဒီ ဆားနှစ်မျိုးကို ညက်ညက်ကြေအောင် ထောင်းပြီးသုံးသည်နှင့်အမျှ မင်းလည်းလို သဘောကျလာပြီး ပိုအရသာတွေ့လာမှာ အမှန်ပဲ။

အာဒီယူး။ မစ္စတာဟာတီနဲ့ မစ္စတာအဲလီယော့တို့ကို ဂါရဝပြုလိုက်ကြောင်း ပြောပြပါ။

စာ-၁၉

လန်ဒန်၊ ဧပြီ ၁၄ ရက်၊ ၁၇၄၇ ခုနှစ်။

လူလေး

မင်းနဲ့ပတ်သက်လို့ မစ္စတာဟာတီဆီက ကောင်းသတင်းကို ကြားရတဲ့အတွက် ဖေဖေဝမ်းသာသလို မင်းကောင်းကောင်းမွန်မွန် နေတာကို ကိုယ့်ဘာသာကို သိပြီး တစ်ဝက်လောက် ဝမ်းသာမယ်ဆိုရင် ဖေဖေ မင့်ကို ဘာမှ ဆုံးမကြွပ်ညှပ်စရာအကြောင်း သိပ်မရှိတော့ဘူး။ ကိုယ့်ကိုယ်ကို ချစ်တတ်လို့ ရှိရင် မကောင်းမြစ်ထာ ကောင်းရာညွှန်လတ်ဆိုတဲ့ သဘောတွေကို အထူး ပြောနေဖို့လည်း မလိုတော့ဘူး။ လောကမှာ ကိုယ့်ကိုယ်ကို ချစ်တတ်ရင် မကောင်းတာကို အလိုလိုရှောင်ပြီး ကောင်းရာကိုဆောင်တတ်ကြတာ မမှတ်ဘဲ။ မစ္စတာဟာတီက စာသင်ရာမှာ မင်းဂရုတစိုက်ရှိကြောင်း၊ စာပေကို လေ့လာ လိုက်စားကြောင်း ရေးလိုက်တယ်။ ပြီးတော့ စာပေကို နားလည်လာရင် စာပေရဲ့ အရသာကို ခံတတ်လာတယ်ဆိုတာကိုလည်း ရေးလိုက်သေးတယ်။ စာပေကို လေ့လာရတာဟာ အင်မတန် ပျော်စရာကောင်းတယ်။ ပျော်စရာ ကောင်းလာသည်နှင့်အမျှ ပိုပြီး လေ့လာချင်လာလေဖြစ်မှာပဲ။ ဒီလို လုပ်လာလို့ အခင်းရှင်းလိုက်တဲ့အခါမှာ လက်ကျန်ဟာ မင်းကောင်းဖို့မင်း အကျိုးရှိဖို့ပဲ ဖြစ်မှာပဲ။

ဘယ်အလုပ်ကိုပဲလုပ်လုပ်၊ အလုပ်တစ်ခုကို လုပ်မယ်ဆိုရင် သတ်သတ်မှတ်မှတ် လုပ်ပါ၊ တစ်ချိန်တည်းမှာ အလုပ်နှစ်ခုကို မလုပ်ပါနဲ့လို့ မင်းကို ဖေဖေ မကြာခဏ ပြောခဲ့ဖူးတယ်။ ဒီလိုပြောတဲ့အတွက် တစ်နေ့လုံးစာအုပ်နဲ့ မျက်နှာမခွာပဲ တကုတ်ကုတ် စာတွေ လေ့လာကျက်မှတ်နေရမယ် လို့ ဖေဖေ ပြောလိုတာ မဟုတ်ဘူး။ ဒီသဘောနဲ့တစ်ခြားစီပဲ။ ဖေဖေဆိုလိုတာက မင်းမှာ ပျော်ရွှင်မှုလည်း ရှိသင့်တယ်လို့ ဆိုလိုတာဖြစ်တယ်။ စာတွေကို လေ့လာ

www.burmeseclassic.com



ကျက်မှတ်တဲ့ အချိန်ရှိသလို ပျော်ရွှင်ဖို့အချိန်လည်း ရှိရမယ်။ ဒီနှစ်ခုကို အညီအမျှ ဂရုမထားခဲ့ဘူးဆိုရင် နှစ်ခုစလုံးမှာ ပျော်ရွှင်မှု၊ ဒါမှမဟုတ် ကောင်းမွန်မှုကို ရမှာမဟုတ်ဘူး။ လူတစ်ယောက်ဟာ မိမိရဲ့အာရုံကို လက်ရှိ လုပ်နေတဲ့ အလုပ်အပေါ်မှာ စူးစိုက်ခြင်းမပြုခဲ့ရင်၊ သို့မဟုတ် မပြုနိုင်ခဲ့ရင် အဲဒီအချိန်မှာ အခြားသော အလုပ်များကို (တစ်စုံတစ်ခုသော အတိုင်းအတာ ဖြစ်စေ) ဖယ်ထုတ်မထားခဲ့ရင် အဲဒီလူဟာ အလုပ်လုပ်ဖို့လည်း မသင့်လျော်ဘူး။ ပျော်ရွှင်မှုအတွက်လည်း မသင့်လျော်ဘူး။ လူတစ်ယောက်ဟာ ကပွဲမှာဖြစ်စေ၊ ညစာစားပွဲမှာဖြစ်စေ၊ ညှိခံပွဲမှာဖြစ်စေ သူ့စိတ်ထဲမှာ ယူကလစ်ပုစ္ဆာတစ်ပုဒ်ကို တွက်နေရင် အဲဒီလူဟာ အလွန်ညံ့ဖျင်းတဲ့ အဖော် တစ်ယောက် ဖြစ်နေမှာပဲ။ အဲဒီ အသိုက်အဝန်းထဲမှာ အလွန်သနားစရာကောင်းတဲ့ သတ္တဝါတစ်ယောက်ပဲ ဖြစ်နေမှာပဲ။ ဒီလိုမဟုတ်ဘဲ အခန်းထဲမှာ ပုစ္ဆာ တစ်ပုဒ်ကို တွက်နေတုန်း အကအကြောင်းကို စဉ်းစားနေရင်လည်း သူဟာ အလွန်ညံ့ဖျင်းတဲ့ သင်္ချာသမား တစ်ယောက်သာ ဖြစ်လာလိမ့်မယ်လို့ ဖေဖေ ဆိုချင်တယ်။ တစ်ချိန်မှာ အလုပ်တစ်ခုကိုသာ လုပ်သွားရင် တစ်နေ့တစ်နေ့မှာ သူ့ဆိုင်ရာဆိုင်ရာလုပ်ဖို့ လုံလောက်တဲ့ အချိန်ရှိတယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာ အလုပ်နှစ်ခုကို လုပ်မယ်ဆိုရင် တစ်နှစ်လုံးမှာတောင် လုံလောက်တဲ့အချိန်ရှိမှာ မဟုတ်ဘူး။

၁၆၇၂ ခုနှစ်တုန်းက ဒေါသထွက်နေတဲ့ လူအုပ်ရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရတဲ့ (ဒတ်ချ်အမျိုးသားနိုင်ငံရေးခေါင်းဆောင်) ဒီဝစ်ဟာ သမ္မတနိုင်ငံရဲ့ တာဝန်အားလုံးကို ထမ်းရွက်နေပေမယ့် သူ့မှာ ညနေခင်း ဝတ်တက်ဖို့ အချိန်ရှိတယ်။ မိတ်ဆွေအပေါင်းအသင်းများနဲ့ ညစာစားဖို့ အချိန်ရှိတယ်။ နိုင်ငံအတွက် အလုပ်တွေကိုလည်း လုပ်သေးတယ်၊ ညနေခင်းမှာ ဘုရားတရားကို အာရုံစိုက်ဖို့လည်း အချိန်ရသေးတယ်၊ အပေါင်းအသင်းမိတ်ဆွေများနဲ့ ထမင်းလက်ဆုံလည်း စားလိုက်သေးတယ်။ ဒီလိုလုပ်ဖို့ ဘယ့်နှယ်လုပ် အချိန်တွေရသလဲလို့ သူ့ကိုမေးတော့ သူက လွယ်လွယ်ကလေးပါတဲ့။ အချိန် တစ်ချိန်မှာ အလုပ်တစ်ခုပဲလုပ်ပါတဲ့။ ဒီနေ့လုပ်လို့ရတာမှန်သမျှကို မနက်ဖြန်ကို ဘယ်တော့မှ မရွှေ့ပါနဲ့တဲ့။ အလုပ်ကိစ္စတစ်ခုတည်းကို မသွေမဖည် တည်တည်ငြိမ်ငြိမ် အာရုံစိုက်ခြင်းဟာ စိတ်တန်ခိုးသတ္တိကြီးပြီး ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်တို့ရဲ့ အမှတ်လက္ခဏာဖြစ်တယ်။ ရေးကြီးသုတ်ပျာနိုင်ခြင်း၊ ဒရောသောပါးလုပ်ခြင်း၊ စိတ်လှုပ်ရှားခြင်း စသည်တို့ကတော့ စိတ်တန်ခိုးအားနည်းပြီး ပေါ့ပေါ့လွှင်လွှင်နေတတ်တဲ့လူတွေရဲ့ ခွဲခြားမရတဲ့ လက္ခဏာချက်တွေ ဖြစ်တယ်။



ဟိုးရေ့စ်ရဲ့ စာတွေကိုဖတ်ရင် သူ့အတွေးအခေါ်ရဲ့ မှန်ကန်မှု၊ သူ့စကားအသုံးအနှုန်းရဲ့ အာဝဇ္ဇန်းရွှင်မှုနဲ့ သူ့ကဗျာရဲ့လှပမှုတို့ကို အာရုံစိုက်ပြီး ဖတ်ပါ။ ဟိုးရေ့စ်ကို ဖတ်နေတုန်းမှာ (သမိုင်းဆရာ) ပူပန်ဒေါ်ရဲ့ "လောကနီတိ" ကျမ်းအကြောင်းကို မတွေးပါနဲ့။ ပူပန်ဒေါ်ရဲ့ သမိုင်းကျမ်းကို ဖတ်နေတုန်းမှာ မဒမ်ဒီစီနဲ့ဂျာမိန်းအကြောင်းကို မတွေးပါနဲ့။

ဂျာမနီတုန်းက မင်းပျောက်သွားခဲ့တဲ့ ပစ္စည်းတွေအတွက် အချို့အဝက်ကို အစားပြန်ဝယ်ပေးပြီးပြီလို့ မစ္စတာဟာတီရဲ့စာထဲမှာ ပါတယ်။ အားလုံးကို အစားပြန်ဝယ်ပေးဖို့ ဖေဖေ သဘောတူပါတယ်။ တကယ်တော့ ဒီပစ္စည်းတွေဟာ မင်းမှာ ရှိသင့်တဲ့ပစ္စည်းတွေပဲ မဟုတ်လား။ ဖေဖေ မတွန့်တိုပါဘူး။ မင်းလိုတဲ့ အရာတွေကို မရ မဖြစ်စေချင်ဘူး။ မင်းထိုက်တန်တယ်ဆိုရင် မင်းလိုတဲ့အရာတွေ မပြည့်မစုံ မဖြစ်စေချင်ဘူး။ ဘယ်အရာမဆို လိုချင်တယ်ဆိုရင် ထိုက်တန်စွာရအောင် ကြိုးစားဖို့ကတော့ ကိုယ့်အပေါ်မှာပဲ တည်တယ်။

ဖေဖေ့ဆီမှာ မင်းတစ်ခါကဖတ်ခဲ့တဲ့ ပီယာဘူဘွားရေးတဲ့ "စိတ်ကို ဆေးမြှုနည်း" ဆိုတဲ့ စာအုပ်ကလေးတစ်အုပ်ရှိတယ်။ အားလပ်တဲ့အချိန်များမှာ အဲဒီစာအုပ်ကလေးကို ပြန်ဖတ်စေချင်တယ်။ ဒီစာအုပ်ကလေးဟာ အပျင်းပြေရုံတင်မကဘူး။ မိမိရဲ့အကြိုက်ဝါသနာကို မွေးမြူရာမှာ၊ မှန်ကန်စွာ ဆွေးခေါ်တတ်အောင် လုပ်ရာမှာ အများကြီး အထောက်အကူဖြစ်စေတယ်။ အာဒီးယူး။

www.burmeseclassic.com

www.burmeseclassic.com

စာ-၂၀

လန်ဒန်၊ ဇွန် ၃၀ ရက်၊ ၁၇၄၇ ခုနှစ်။

လူလေး

မင်းရဲ့နောက်ဆုံးပေးစာထဲမှာ ဆွစ်ဇာလန်ရောက်တုန်းက မင်းအပေါ်မှာ ယဉ်ကျေးပျူငှာကြပုံကို ဖတ်ရတဲ့အတွက် ဖေဖေဝမ်းသာတယ်။ ခု ဒီစာနဲ့အတူပဲ မစ္စတာဘာနာဘီထံကိုလည်း ကျေးဇူးတင်တဲ့အကြောင်း စာတစ်စောင် ပို့လိုက်တယ်။ သူတို့တတွေက မင်းကို ဂရုတစိုက် ဧည့်ခံကြတဲ့အတွက် ဝမ်းသာတယ်ဆိုရင် (ဝမ်းသာလိမ့်မယ်လို့လည်း ဖေဖေ ယူဆတယ်။) အဲဒီ ဝမ်းသာမှုကနေပြီး ဥပဒေသတစ်ခုထုတ်သင့်တယ်လို့ ဖေဖေထင်တယ်။ အဲဒီ ဥပဒေသကတော့ "တစ်ဖက်သားက အရေးတယူပြုခြင်းနှင့် ယဉ်ကျေးပျူငှာရှိခြင်းတို့သည် မိမိအား ကျေနပ်စေ၏။ အလားတူ မိမိက အရေးတယူပြုခြင်းနှင့် ယဉ်ကျေးပျူငှာရှိခြင်းသည်လည်း တစ်ဖက်သားကို ကျေနပ်စေ၏" ဆိုတဲ့ ဥပဒေပဲ။

ဆွစ်ဇာလန်ပြည်မှာ ခရီးသွားခဲ့တဲ့ ဘုန်းတော်ကြီး ဘန်းနက်ရဲ့ ခရီးသွား မှတ်တမ်းဟာ တော်တော်ကောင်းတယ်။ ဆွစ်ဇာလန်မှာ အကြာကြီး နေထိုင်ပြီး ဆယ့်သုံးကင်တုန် (ဆွစ်ဇာလန်) အကြောင်းကို ရေးသွားတဲ့ မစ္စတာစတန်ယန်ရဲ့ မှတ်တမ်းကတော့ အကောင်းဆုံးလို့ ဆိုရမယ်ထင်တယ်။ ဒါပေမယ့် မင်းပြန်လာလို့ ဆွစ်ဇာလန်ပြည်အကြောင်း ရေးလိုက်ရင်တော့ သူတို့စာအုပ်တွေကို ဘယ်သူမှတောင် ဖတ်ကြတော့မှာမဟုတ်ဘူးထင်တယ်။ ဖေဖေ အတည်ပြောနေတာ။ မင်းဟာ ချက်ချင်း စာရေးဆရာကြီးလုပ်ပြီး မင်းရဲ့ ခရီးသွားမှတ်တမ်းတွေကို ရေးထုတ်ရမယ်လို့ ဖေဖေ မတိုက်တွန်းပါဘူး။ ဒါပေမယ့် ဘယ်နေရာကိုပဲသွားသွား အဲဒီနေရာအကြောင်းကို စာအုပ်တစ်အုပ်ရေးဖို့ ရည်ရွယ်သလို စေ့စေ့စပ်စပ်၊ သေသေချာချာ လေ့လာ



ဖို့ ဖေဖေ ပြောချင်တာပါ။

အဲဒီနေရာအကြောင်းကို လေ့လာတဲ့အခါမှာ အိမ်ခြေက ဘယ်လောက်ရှိတယ်၊ လူဦးရေက ဘယ်လောက်ရှိတယ်၊ ဆိုင်းဘုတ်က ဘယ်နှစ်ခုရှိတယ်၊ သင်္ချိုင်းမှတ်တိုင်က ဘယ်နှစ်ခုရှိတယ် ဆိုတာတွေကို သိအောင် အပတ်တကုတ် လေ့လာစူးစမ်းရမယ်လို့ ဖေဖေ ပြောလိုတာ မဟုတ်ဘူး။ ကိုယ်ရောက်နေတဲ့ အချိန်ကလေးအတွင်းမှာ အဲဒီမြို့ဟာ လွတ်လပ်တဲ့မြို့လား၊ ဘယ်သူပိုင်တဲ့ မြို့လဲ၊ ဘယ်လိုပိုင်ဆိုင်ပုံမျိုးလဲ၊ အဲဒီမြို့ရဲ့ ထူးခြားထင်ရှားတဲ့ ထုံးစံတွေက ဘာတွေလဲ၊ အခွင့်အရေးတွေက ဘာတွေလဲ၊ ဘယ်လိုလုပ်ငန်းကို လုပ်ကိုင်ကြသလဲ၊ ဘယ်ပစ္စည်းတွေကို ထုတ်သလဲ စတဲ့ အချက်အလက်တွေနဲ့ လူတွေ သိသင့်သိထိုက်တဲ့အရာတွေကို စူးစမ်းလေ့လာရမယ်လို့ ပြောချင်တာပါ။ အချက်အလက်တွေကို မှတ်ဉာဏ်နဲ့ မမှတ်သားနိုင်ရင် မှတ်စု စာအုပ်လေး တစ်အုပ်နဲ့ မှတ်သားသင့်တယ်။ ဒီအချက်အလက်တွေကို သိဖို့တစ်ခုတည်းသော နည်းလမ်းကတော့ မင်းကို အဲဒီအကြောင်းအရာတွေ ပြောပြနိုင်မယ့် အဖော်တစ်ယောက်ရှိဖို့ လိုတယ်။

ဖေဖေလည်း အိပ်ချင်ပြီ။ မင်္ဂလာညပါ။

www.burmeseclassic.com

www.burmeseclassic.com

## စာ–၂၁

လန်ဒန်၊ ဇူလိုင် ၂၀ ရက်၊ ၁၇၄၇ ခုနှစ်

လူလေး

ဒီစာနဲ့အတူ မေမေရဲ့ စာကို ပူးတွဲထည့်ပေးလိုက်တယ်။ မေမေရဲ့ စာအိတ်ထဲမှာ မင့်ဒေါ်လေးက သူ့ဆီကို အာကူဘူးဆိတ်ရေပူစမ်းက ရေကို ပို့ပေးတဲ့အတွက် ကျေးဇူးတင်တဲ့အကြောင်း ရေးလိုက်တဲ့ စာတစ်စောင်လည်း ပါတယ်။ အဲဒီရေကို ရတဲ့အတွက် တော်တော်လည်း ဝမ်းသာနေတယ်။မင်းဆီက ရေးလိုက်တဲ့စာကို ဖေဖေ့ကိုတော့ မပြဘူး။ ဒါပေမယ့် ကောင်းတဲ့ဆန္ဒနဲ့ ကောင်းတဲ့အကြံဉာဏ်ပါတယ်လို့တော့ ပြောတယ်။ မင်းဆီက ပြန်စာလာရင် တော့ ဖေဖေ့ကိုပြမှာ အမှန်ပဲ။ ဒါကြောင့်မို့ သူ့ဆီကို စာပြန်ရေးရင် ဘယ်လို ရေးသင့်တယ်ဆိုတဲ့ စာကြမ်းကို ဖေဖေ ပူးတွဲ ပို့လိုက်တယ်။ ဒီကိစ္စမှာ မတောင်းဘဲနဲ့ ဝင်အကူအညီပေးတဲ့အတွက် ဖေဖေ့ကိုဘယ်လိုမှ သဘောမထားနဲ့ ဘာဖြစ်လို့လဲဆိုတော့ ခုအချိန်ထိ မင်းက ကိုယ့်ထက်အသက်အရွယ်ကြီးတဲ့ ဂုဏ်သရေရှိအမျိုးသမီးတွေဆီကို စာရေးလေ့ရေးထမရှိတဲ့အတွက် ဖေဖေ အကြမ်းရေးပေးလိုက်တာ။

စကားစပ်လာတဲ့အတွက် ပေးစာရေးနည်းနဲ့ ပတ်သက်လို့ ပြောရဦး မယ်။ ပေးစာတွေတဲမှာ အကောင်းဆုံး နမူနာတွေကတော့ ဆီဇာရို၊ ဂိုဏ်းချုပ် ဆရာတော်ကြီး ဒိုးဆက်၊ မဒမ်ဆေဗီညေး၊ ဘုန်းတော်ကြီး ဘူဆေရာဘူတင်တို့ရဲ့ ပေးစာတွေပဲ။ အတ္တိကပ်စ်နဲ့ တစ်ခြား မိတ်ဆွေတွေထံ ပေးတဲ့ ဆီဇာရိုရဲ့ မေတ္တာစာများဟာ အတုခိုးဖို့ အကောင်းဆုံး နမူနာတွေဖြစ်တယ်။ သူ့မေတ္တာ စာတွေထဲမှာ စေတနာလည်းပါပြီး စာကလည်း အလွန်ချောတယ်။ ဂိုဏ်းချုပ် ဆရာတော် ဒိုးဆက်ရဲ့ မေတ္တာစာများကတော့ ရိုးရိုးနဲ့ ရှင်းလင်းတယ်။ အလုပ်အကိုင်နဲ့ ပတ်သက်ရဲ့ ကိစ္စတွေမှာ စာကို ဘယ်လို ရေးရတယ်ဆိုတာ



လေ့လာနိုင်တယ်။ သူ့စာတွေထဲမှာ ကြွားဝါဟန်ဆောင်တာတွေ မပါဘူး၊ ဘမင်အားထုတ်ထားတဲ့ စကားလုံးတွေ မပါဘူး။ ဒါကြောင့် သူ့စာတွေဟာ ပြင်ရှင်းလင်းနေတယ်။ အလုပ်အကိုင်နဲ့ ပတ်သက်တဲ့ စာဆိုတာ ရှုပ်ရှုပ် ထွေးထွေး၊ ဝိုးတိုးဝါးတား ရေးလို့ရတာ မဟုတ်ဘူး။ တတ်နိုင်သမျှ လိုရင်းတိုရှင်း ဖြစ်ရတယ်။ ဘူဆေရာဘူတင်နဲ့ မဒမ်ဆေဗစ်ညေးတို့ရဲ့ ပေးစာများကတော့ ဖတ်ရတဲ့သူမှာ စိတ်နှလုံးရွှင်ပြုံးစေတယ်။ သူတို့စာကို ဖတ်ရတာ စကားပြော ကောင်းတဲ့သူတစ်ယောက်၊ ဇဝနဉာဏ်ထက်သန်တဲ့သူတစ်ယောက် ကိုယ့် အနားမှာ လာထိုင်ပြီး ပြောနေသလို အင်မတန် သဘာဝကျပြီး အင်မတန် နားထောင်လို့ကောင်းတယ်။ မင်းရဲ့ ခရီးဆောင် စာကြည့်တိုက်ကလေးထဲမှာ အဲဒီစာအုပ်ကို ယူသွားသင့်တယ်။ အဲဒီစာအုပ်ကိုဖတ်ရင် စိတ်လည်း ကြည်နူးမယ်။ ဗဟုသုတလည်း ရမယ်။

ခု လောလောဆယ်တော့ ဒီလောက်ပဲ ရေးလိုက်ဦးမယ်။ မင်္ဂလာညပါ။

www.burmeseclassic.com

www.burmeseclassic.com

## စာ-၂၂

လန်ဒန်၊ ဇူလိုင် ၃၀ ရက်၊ ၁၇၄၇ ခုနှစ်

လူလေး

မင်းဆီကရော၊ မစ္စတာ ဟာတီဆီကရော စာမရတာ စာပတ်လေးပတ် ရှိသွားပြီ။ ဒါကိုထောက်ရင် မင်းတို့တတွေ ဆွစ်ဇာလန်ပြည်မှာ သိပ်နားချိန် မရဘဲ ခရီးပြင်းနှင်နေကြလို့ပဲလို့ ဖေဖေယူဆတယ်။ ခုချိန်လောက်ဆိုရင်တော့ မင်းတို့ ဆွစ်ဇာလန်ခရီးဟာ ပြီးဆုံးလောက်ပြီလို့ ထင်တယ်။

မင်းဆီကိုရော၊ မစ္စတာဟာတီဆီကိုရော ပေးလိုက်တဲ့စာတွေအ မိုက်ကယ်မတ်စ်ပွဲတော်လောက်ဆိုရင် မင်းတို့တတွေ လိုက်ပဇစ်ကို ရောက်ေ ရမယ်ဆိုတာ သိလောက်ပြီပေါ့။ လိုက်ပဇစ်ရောက်ရင် ပါမောက္ခ မတ်စကိုရဲ အိမ်မှာ စားသောက်ရမယ်။ သူ့အိမ်ရဲ့အနီးတစ်ဝိုက်မှာ အထက်တန်းလွှ လူငယ်တစ်ချို့နဲ့ အတူတည်းခိုရမယ်ဆိုတာကို သိလောက်ပြီပေါ့။ ပါမောက္ခကြ က "ဂရိုးရှပ်စ်ရဲ့ တရားဥပဒေအယူအဆ" ဂျပ်စတီးနီးယန်း တရားဥပဒေစန နဲ့ "ပြည်သူ့ကျင့်ဝတ်" ဆိုတဲ့ စာတမ်းတွေကို ဖတ်မယ်လို့ ကြားရတယ် အဲဒီစာတမ်းဖတ်ပွဲကို မင်းတက်ရောက်နားထောင်ရုံသာမဟုတ်ဘဲ အ ဂရုစိုက် လေ့လာမှတ်သားလိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။ ဂျာမန်ဘာသ စကားကိုလည်း ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် လေ့လာလိမ့်မယ်လို့ ဖေဖေ မျှော်လ တယ်။ တရားမျှတရာရောက်အောင် မင်းကို တစ်ခုတော့ ကြိုတင် သတိပေ ရဦးမယ်။ လိုက်ပဇစ်မှာ ဖေဖေရဲ့ သူလျှိုဒလံတွေရာချီပြီး မင်းကို စောင့်ကြ နေကြတယ်ဆိုတဲ့အချက်ပဲ။ လိုက်ပဇစ်မှာ မင်းလုပ်ခဲ့သမျှ၊ မင်း ပြောဆိုခဲ့သ တွေကို ဖေဖေအကုန်သိနေမှာ။

လိုက်ပဇစ်မှာလည်း ကောင်းတဲ့အပေါင်းအသင်းတွေရှိတယ်။ တစ်နေ့ စာသင်ချိန်ပြီးရင် ညနေပိုင်းမှာ သွားရောက်လည်ပတ်နိုင်တယ်။ အဲဒီ



ကော့တလင်းနယ်စားရဲ့ မယ်တော်ကြီး နယ်စားကတော်ကြီးရဲ့ အသိုက်အဝန်း ကလေးတစ်ခုရှိတယ်။ နန်းတွင်းအသိုက်အဝန်းကလေး ခပ်ဆန်ဆန်ပဲ။ အဲဒီကိုလည်း သွားလည်သင့်တယ်။ ပိုလန်ဘုရင်နဲ့ နောက်လိုက် နောက်ပါ အခြွေအရံတွေဟာ လိုက်ပဇစ်ဈေးပွဲတော်ကို တစ်နှစ်ကို နှစ်ကြိမ်လောက် ကြွရောက်လာလေ့ရှိတယ်၊ ဘုရင့်ရှေ့တော်မှောက်ကို သွင်းပေးဖို့၊ နန်းတွင်းအသိုင်း အဝိုင်းမှာ မိတ်ဆက်ပေးဖို့ ဘုရင်ရဲ့ အတွင်းဝန်မင်းဖြစ်တဲ့ ဆာချားလ်စ် ဒ်လျံဆီကို ဖေဖေစာရေးလိုက်မယ်။

ဒါပေမယ့် နန်းတွင်းအသိုင်းအဝိုင်းရဲ့ ထုံးတမ်းယဉ်ကျေးမှုတွေကို မင်းမလေ့လာရင်၊ မလိုက်နာရင်၊ အထက်တန်းလွှာ အသိုင်းအဝိုင်းက လူငယ် တစ်ယောက် ယဉ်ကျေးဖွယ်ရာမျိုးနဲ့ ဆက်ဆံဖို့ စိတ်အားထက်သန်ခြင်း မရှိ ရင်တော့ အဲဒီအသိုင်းအဝိုင်းကို မကြာခဏသွားလည်တာဟာ ဘာမှ အကျိုး များမှာ မဟုတ်ဘူး။ မင်းဟာ ကိုယ့်ရဲ့ ဆက်ဆံပြုမူပုံတွေကို ဂရုထားသလို တော်စားဆင်ယင်မှုတွေကိုလည်း လျစ်လျူမပြုအပ်ဘူး။ သန့်ရှင်းဖို့၊ အဝတ် အစားကို ကျကျနန ဝတ်ဖို့၊ ယဉ်ကျေးဖို့၊ လူတော်တော်များများမှာ ဖြစ်တတ် သလို မနှစ်မြို့စရာသဘောထားမျိုးကို မထားမိဖို့၊ လူပုံအလယ်မှာ ကိုးရိုး ကားရားမနေမိဖို့ ဂရုစိုက်ရမယ်။ မင်းရဲ့သွားတွေကို မနက်တိုင်း အစားအစာ စားပြီးတိုင်းတိုက်ပြီး သန့်သန့်ရှင်းရှင်းဖြစ်အောင် ဂရုစိုက်ရဲ့လား၊ သွားတွေ ကြာရှည်ခံအောင်၊ သွားကိုက်တဲ့ဝေဒနာကို မခံရအောင် သွားတွေကို က်ဖို့လိုတယ်။ ဖေဖေ့မှာတော့ သွားဒုက္ခပေးခဲ့တာ တော်တော်ကြာပြီ။ သွားတွေဆိုရင်လည်းမရှိတော့ဘူး။ ဒီလိုဖြစ်ခဲ့တာဟာ မင်းအရွယ်တုန်းက တွေကို ဂရုမစိုက်ခဲ့မိလို့ပဲ။ အဝတ်အစားကိုကော ကျကျနန ကောင်း င်းမွန်မွန်ဝတ်စားရဲ့လား။ ဖြစ်ကတတ်ဆန်း ဝတ်သလား။ အပြုအမူ ပြောအဆိုမှာရော ယဉ်ကျေးသိမ်မွေ့ရဲ့လား။ ဒါမှမဟုတ် လိုနေသေးသလား။ ကွတ်ဖြစ်နေသလား။ ဒါမှမဟုတ် ပိုနေသေးသလား။ ဒီအရာတွေကို က်အလျောက် ဂရုစိုက်ဖို့တော့ လိုတယ်။ ဒုတိယတန်းစား အလေးထား ာက်ရှိရင် လုံလောက်ပါတယ်။ ဒီလို နေတတ်ထိုင်တတ်ရင် ကိုယ့်ရဲ့အရည် ဟာ ပိုပြီး တောက်ပြောင်လာတာပေါ့။ [ချစ်ခင်နှစ်လိုဖွယ်ရှိသော ဝသည် တာဝရတည်သော ထောက်ခံချက်လက်မှတ်တစ်စောင်နှင့် လို့] ဖေဖေ့ရဲ့ဆရာ လော့ဒ်ဘေကွန်က ပြောဖူးတယ်။ ချစ်ခင်နှစ်လိုဖွယ် ဇ်ဘ်ထားဟာ လူချီးမွမ်းခံရတဲ့ အရည်အချင်းဖြစ်ပြီး အရည်အချင်းရှိ

www.burmeseclassic.com

www.burmeseclassic.com



ရာရှိကြောင်း နည်းလမ်းကောင်းတစ်ခုလည်း ဖြစ်တယ်။

လာမယ့် နွေရာသီမှာ မင်းကို ဟန်နီဗာက ဖေဖေစောင့်နေမယ်ဆိုတာရယ်၊ မင်းရဲ့ တိုးတက်ပြည့်စုံမှုကို မျှော်လင့်နေမယ်ဆိုတာရယ်ကို မမေ့ပါနဲ့။ အဲဒီမျှော်လင့်ချက်အတိုင်း မဖြစ်လာခဲ့ရင်၊ ဒါမှမဟုတ် အဲဒီမျှော်လင့်ချက်နားလောက်အထိမှ ဖြစ်မလာဘူးဆိုရင်တော့ ဖေဖေစိတ်ကောင်းမှာ မဟုတ်ဘူး။ ဖေဖေကတော့ မှန်ဘီလူးကြီးကြီးနဲ့ မင့်ကိုယ်ပေါ်မှာရှိတဲ့ အသေးဆုံးသော အစွန်းအထင်းကလေးအထိ လိုက်ကြည့်ရမှာပဲ။ ဒါဟာ မှတ်တဲ့ သတိပေးချက်လို့ ဖေဖေ ယူဆတယ်။ ဒါ့ကြောင့် ဖေဖေရဲ့ ဆန္ဒနဲ့အညီဖြစ်အောင် ဂရုစိုက်ပါ။ သင်၏ ဖေဖေ။

## စာ-၂၃

လန်ဒန်၊ ဩဂုတ် ၇ ရက်၊ ၁၇၄၇ ခုနှစ်။

လူလေး

ဒီစာဟာ လောဆိန်းမှာ မင်းရှိနေတုန်း အချိန်မီရောက်မှ ရောက်ပါ့မလား မသိဘူး။ ဒါပေမယ့် လိုက်ပဇစ်ကို မင်းမရောက်ခင် နောက်ဆုံးစာဖြစ်တဲ့အတွက် ထည့်ဖြစ်အောင်ထည့်လိုက်ရတယ်။ ပြီးခဲ့တဲ့အပတ်တုန်းက မစ္စတာဟာတီကို ပေးတဲ့စာအုပ်ထဲမှာ မြူးနစ်ကိုရောက်ရင် ပထမဆုံးသွား တွေ့ရမယ့် ပုဂ္ဂိုလ်ဆီကို ယူသွားဖို့ စာတစ်စောင်လည်း ထည့်ပေးလိုက်တယ်၊ သူကမင်းကို ဂျာမနီရဲ့ နန်းလျာဆွေတော်မျိုးတော် မိသားစုတစ်စုဆီကို ခေါ်သွားလိမ့်မယ်။ အဲဒီအခမ်းအနားမှာ မင်းဟာ အမျိုးကောင်းသားပီသစွာ လေးစားမှု၊ ယဉ်ကျေးမှုယ်ရာရှိမှုနဲ့ တက်ရောက်လိမ့်မယ်လို့ မျှော်လင့်တယ်။

ဒီအကြိမ်ဟာ နန်းတွင်းအသိုင်းအဝိုင်းကို ပထမဆုံးရောက်ဖူးတာဖြစ်လေတော့ လိုက်နာရမယ့် ထုံးတမ်းအစဉ်အလာတွေများရှိခဲ့ရင် အမှားအယွင်း၊ အချွတ်အချော်မရှိအောင် လေ့လာထားပါ။ ဗီယင်နာနန်းတွင်းမှာတော့ အမျိုးသားများဟာ ဘုရင်ကို ဦးညွှတ်နှုတ်ဆက်ခြင်းမပြုရဘဲ ယဉ်ကျေးစွာနှုတ်ဆက်ရတယ်။ ပြင်သစ်နန်းတွင်းထုံးစံမှာတော့ ဘုရင်ကို ဦးညွှတ်နှုတ်ဆက်ခြင်း၊ လက်ကိုနမ်းရှုပ်ခြင်း မပြုရဘူး။ စပိန်နဲ့အင်္ဂလန်နန်းတွင်းထုံးစံတဦးညွှတ်ရတယ်။ လက်ကို နမ်းရှုပ်ရတယ်။ နန်းတိုင်းနန်းတိုင်းမှာ သူ့အစဉ်လာ ထုံးစံတွေ ရှိတယ်။ နန်းတော်ကို ဝင်ခစားမယ့်သူဟာ အဲဒီထုံးတမ်းဓလေ့တွေကို ကြိုတင်သိအောင် လုပ်ထားရတယ်။ အဲဒီနန်းတွင်းကို ဝင်တော့မယ်ဆိုရင် ဒါတွေကို ကြိုတင်သိထားဖို့ လိုတယ်။ဒီလို လေ့လာထားမှသာလျှင် အမှားမှားအယွင်းယွင်း၊ ကိုးရိုးကားရား အပြုအမူတွေကို ရှောင်ကွင်းနိုင်လိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပဇစ်ကိုသွားရာမှာ ချောချောမောမော ဖြစ်ပါစေလို့ ဆုတောင်းဖို့မှအပ ယခုလောလောဆယ်မှာ ထွေထွေထူးထူးတော့ ပြောစရာမရှိပါဘူး။ လမ်းမှာဖြစ်စေ၊ လိုက်ပဇစ်မှာဖြစ်စေ အစစအရာရာ သတိဝီရိယနဲ့ သွားပါဆိုတာလောက်ပဲ ဖေဖေပြောချင်တယ်။ တခြားထွေထွေထူးထူးတော့ ပြောစရာမရှိပါဘူး။ အာဒီးယူး။

စာ-၂၄

လန်ဒန်၊ အောက်တိုဘာ ၉ ရက်၊ ၁၇၄၇ ခုနှစ်။

လူလေး

မင်းတို့အရွယ်မှာ ကိုယ့်အကြောင်းနဲ့ ပတ်သက်လာရင် ဘာကိုမှ ထိန်ချန်မထားဘဲ ပွင့်ပွင့်လင်းလင်း ပြောလေ့ရှိကြတယ်။ ဒီလိုပြောတဲ့အတွက် မင်းတို့မှာ ပရိယာယ်ဝေဝုစ်များတဲ့ လူတွေရဲ့ သားကောင်အဖြစ်ကို မကြာခဏ ကျရောက်လေ့ရှိကြတယ်။ မင်းတို့ရဲ့ မိတ်ဆွေကောင်းတွေပါလို့ ပြောတဲ့ သူနုံလူအ၊ လူညံ့လူဖျင်းတွေရဲ့စကားကို အဟုတ်ထင်တတ်ကြတယ်။ ဒီမှာတင် ဘလျာဏမိတ္တဆိုတဲ့ အဖိုးထိုက်တန်တဲ့အရာကို ပေးလိုက်ကြပြီး သူတို့ကို အကြွင်းမဲ့ယုံစားသွားကြတော့တာပဲ။ ဒါနဲ့အတူ ကိုယ့်မှာ အဆုံးရှုံးကြီး ဆုံးရှုံးရုံတင်မကတော့ဘဲ အပျက်စီးကြီး ပျက်စီးကြရတော့တာပဲ။ ခု မင်းဟာ သူတောကို တိုးရတော့မှာဆိုတော့ အဲဒီလို မိတ်ဆွေမျိုးကို သတိထားပြီး ရှောင်ပါ။ သူတို့ကို ကြည်ဖြူစွာ ဆီးကြိုပါ။ ဒါပေမယ့် ယုံကြည်စွာ မဆီးကြိုပါနဲ့။ သူတို့ကို လေးမြတ်မှုနဲ့ ဆက်ဆံပါ။ ယုံကြည်မှုနဲ့ မဆက်ဆံပါနဲ့။ ခင့်ကိုယ်မင်း တတ်လှပြီ သိလှပြီအထင်နဲ့ မြင်မြင်ချင်း မင့်မိတ်ဆွေဖြစ်ပြီလို့ အောက်မေ့ပါနဲ့။ ခဏတဖြုတ်အသိအကျွမ်းဖြစ်တောင်မှ အချိန်အနည်းငယ်အလေးအတွင်းမှာ ကိုယ့်မိတ်ဆွေလို့ မအောက်မေ့ပါနဲ့။ စစ်မှန်တဲ့ မိတ်ရင်းဆွေချာ ဆက်ဆံရေးမျိုးဆိုတာ သစ်ပင်စိုက်သလို တဖြည်းဖြည်းချင်းသာ ကြီးထွားတိုးတက်လာခြင်း ဖြစ်တယ်။ မိတ်ဆွေဆက်ဆံရေးဆိုတာ တစ်ဦးကိုတစ်ဦး အပြန်အလှန် သဘောပေါက်နားလည်မှသာလျှင် ခိုင်မြဲကြီးထွားလာတတ်တဲ့အရာမျိုးဖြစ်တယ်။

လူငယ်တွေကြားထဲမှာ အမည်ခံမိတ်ဆွေ သူငယ်ချင်း ဆက်ဆံရေးမျိုးဆိုတာလည်း ရှိသေးတယ်။ အဲဒီဆက်ဆံရေးမျိုးကတော့ ခဏတဖြုတ်သာ

www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးတာမျိုးပဲ။ ဒီလို မိတ်ဆွေဆက်ဆံရေးမျိုးကတော့ ပေတဲ့တေတဲ့နေရာမှာ တွေ့လာကြပြီး မြန်မြန် မိတ်ဆွေဖြစ်သွားကြတယ်။ အပျော်အပါးလိုက်စားတဲ့နေရာမှာ ခိုင်မာသိပ်သည်းမှုကို ရနေလေတော့ သူတော်ချင်းချင်း သိတင်းလွှလွှလို့ပဲ ခေါ်မလား၊ ပုလင်းတူ ဘူးဆို့လို့ပဲခေါ်ရမလား မသိဘူး။ အမှန်ကတော့ ဒါကို မိတ်ဆွေဆက်ဆံရေးလို့ မခေါ်သင့်ဘူး။ စာရိတ္တတရားနဲ့ ကောင်းမြတ်တဲ့ အပြုအမူတွေကို ဖျက်ဆီးဖို့အတွက် လူမိုက်တစ်သင်း ပေါင်းဖော်ခြင်းသာ ဖြစ်တယ်။ သမာမိတ္တမဟုတ်ဘဲ မသမာမိတ္တသာဖြစ်တယ်။ အဲဒီလို မသမာမိတ္တမျိုးကို တရားရုံးတို့ဘာတို့ကတောင် အပြစ်ပေးသင့်တယ်လို့ ထင်တယ်။ ကြည့်စမ်းပါဦး။ ဒီလို မကောင်းတဲ့ ပေါင်းဖော်မှုမျိုးကို ကလျာဏမိတ္တ၊ မိတ်ဆွေဆက်ဆံရေး စသဖြင့် မရှက်မကြောက်၊ မိုက်မိုက်မဲမဲ ခေါ်နေကြသေးတယ်။ အဲဒီလို မိတ်ဆွေသူငယ်ချင်းမျိုးဟာ မကောင်းမှုကိုလုပ်ဖို့အတွက် အချင်းချင်း ပိုက်ဆံချေးမယ်။ သူတို့အပေါင်းအသင်းအတွက် အုပ်စုလိုက် ရန်ဖြစ်မယ်။ ကိုယ့်အတွင်းရေးရယ်၊ မပြောအပ်တာရယ်လို့ မချန်တော့ဘဲ သိသမျှကိုရော၊ အပိုဆာဒါးတွေကိုရော အကျယ်ချဲ့ပြီး ပြောမယ်။ အဲဒီလို ပေါင်းသင်းနေရင်းက မမျှော်လင့်တဲ့ အကြောင်းတစ်ခုခုကြောင့် ကွဲကွာသွားကြပြီဆိုရင်လည်း တစ်ယောက်ကိုတစ်ယောက် ပြန်စောင်းတောင် လှည့်မကြည့်ကြတော့ဘူး။ သတိလည်း မရကြတော့ဘူး။ သူတို့ရှုပ်ခဲ့၊ ပွေခဲ့တာတွေ၊ မကောင်းပြောပြီး ရယ်စရာဖြစ်အောင် လုပ်ကြတဲ့အခါမျိုးတွေကျမှပဲ အမှတ်တရ ဖြစ်ပြီး သူ့အကြောင်းကို ပြောဖော်ရတော့တယ်။ ဒါကြောင့် အပေါင်းအဖော်နဲ့ မိတ်ဆွေကြားမှာ ကြီးမားတဲ့ ခြားနားချက်ကြီး ရှိတယ်ဆိုတာကို သတိရပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်နဲ့စိတ်တူသဘောတူရှိတဲ့ အပေါင်းအဖော်ဟာ မကြာခဏဆိုသလို မကောင်းတဲ့၊ အလွန်အန္တရာယ်ကြီးတဲ့ မိတ်ဆွေ ဖြစ်လာတတ်လို့ပဲ။

လူတွေဟာ မင်းအပေါ်ကို အကဲဖြတ်ရာမှာ မင့်အသိုင်းအဝိုင်း၊ မင့်အပေါင်းအဖော်တွေဟာ ဘယ်သူလဲဆိုတာကိုကြည့်ပြီး အကဲဖြတ်လေ့ရှိတယ်။ ဒါဟာ အကြောင်းမဲ့မဟုတ်ဘူး။ စပိန်စကားပုံတစ်ခုရှိတယ်။ အဲဒီစကားပုံကတော့ **"သင်ဘယ်သူနဲ့ နေသလဲဆိုတာ ပြောပါ။ သင်ဘယ်သူလဲဆိုတာ ပြောပြမယ်"** တဲ့။ ဒီစကားပုံကလေးဟာ တော်တော်မှန်တဲ့ စကားပုံကလေးပဲ။ မိမိရဲ့ မိတ်ဆွေကို လူနုံလူအအဖြစ်၊ လူဖျင်းလူညံ့အဖြစ်ရောက်အောင် လုပ်တဲ့လူဟာ သူ့မှာ မကောင်းတဲ့ ရည်ရွယ်ချက်တစ်ခုရင်လည်း ရှိရမယ်။



ဒါမမဟုတ် ဖုံးကွယ်ချင်တာ တစ်ခုရင်လည်း ရှိရမယ်။ ဒါပေမယ့် တစ်ပြိုင်နက်တည်းမှာ ကိုယ်က လူဖျင်း လူမိုက်ကို ဝေးဝေးကရှောင်ရင် သူတို့နဲ့ ရန်သူဖြစ်စရာလည်း အကြောင်းမရှိတော့ဘူးပေါ့။ လောကမှာ လူဖျင်းလူမိုက်ဆိုတာ အများသားကလား။ ဖေဖေဟာ လူမိုက်နဲ့ဖြစ်စေ၊ လူဖျင်းနဲ့ ဖြစ်စေ မဟာမိတ်လည်း မဖွဲ့လိုဘူး။ ပဋိပက္ခလည်း မဖြစ်ချင်ဘူး။ ဒီနှစ်ခု ကြားထဲမှာ စိတ်ချရတဲ့ ကြားလမ်းကိုပဲ ရွေးချင်တယ်။ သူတို့နဲ့ ပုဂ္ဂိုလ်ရေးအရ ဘာမျှ မဖြစ်သည့်တိုင် သူတို့ရဲ့ မကောင်းမှုတွေ၊ မိုက်မဲမှုတွေကို မင်းမကြိုက်တော့ဘူးဆိုရင် မင်းဟာ သူတို့ရဲ့ ရန်သူကြီးဖြစ်လာတော့တာပဲ။ သူတို့နဲ့ မိတ်ဆွေဖြစ်ပြီးရင် နောက်ကြောက်စရာကောင်းတာ တစ်ခုကတော့ ဘက်ပြန်ပြီး ကိုယ့်အပေါ်မှာ ရန်ငြိုးထားလာတတ်တဲ့ကိစ္စပဲ။ လူတိုင်းကို ကိုယ်ပေါင်း စိတ်ချွာ ဖာသိဖာသာ ဆက်ဆံပါ။ ဒါပေမယ့် ဘယ်သူ့ကိုမှ ကိုယ်ပေါင်းစိတ်ချွာ ဖာသိဖာသာဟန်မျိုး မပြပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ပေါင်းစိတ်ချွာ ဖာသိဖာသာဟန်မျိုး ပြတာဟာ နှစ်လိုဖွယ်မကောင်းတဲ့အပြင် ကိုယ့်အတွက်လည်း အလွန်အန္တရာယ်များတတ်လို့ပဲ။ လူတော်တော်များများဟာ တကယ် ကိုယ်ပေါင်း စိတ်ချွာ ဖာသိဖာသာနေပြီး အဲဒီလိုဟန်မျိုးမပေါ်အောင် မနေတတ်ကြဘူး။ လူတော်တော်များများဟာ ရယ်စရာကောင်းလောက်အောင် အသိရခက်ပြီး ဘာမဟုတ်တဲ့ အသေးအဖွဲကလေးတွေမှာ ဖာသိဖာသာကိုယ်ပေါင်းစိတ်ချွာ နေတတ်ကြတယ်။ ဘချို့ကျတော့လည်း မသိသာ ဆိုးဝါးစွာ ကိုယ်သိတာ မှန်သမျှကို လိုအပ်တာရော၊ မလိုအပ်တာရော အကုန်လျှောက်ပြောတတ်ကြပြန်ရော။

မိတ်ဆွေကို ဘယ်လိုရွေးချယ်ရမယ်ဆိုတာကို သိပြီးရင် နောက်အရေးကြီးတဲ့အချက်တစ်ခုကတော့ အပေါင်းအသင်းကို ဘယ်လိုရွေးရမယ်ဆိုတဲ့ အချက်ပဲ။ ကိုယ့်အထက်ကလူများနဲ့ ပေါင်းသင်းနိုင်အောင် တတ်နိုင်သမျှ ကြိုးစားပါ။ သူတို့နဲ့ ပေါင်းသင်းနိုင်သည်နှင့်အမျှ ကိုယ်လည်း မြင့်တက်လာမှာပဲ။ ကိုယ့်အောက်နိမ့်ကျတဲ့သူတွေနဲ့သာ ပေါင်းသင်းရင် သူတို့နဲ့ ပေါင်းသင်းသည်နှင့်အမျှ ကိုယ်လည်း နိမ့်ဆင်းပြီး အောက်တန်းကျသွားမှာပဲ။ ဖေဖေ မကြာခဏ ပြောဖူးတဲ့အတိုင်း မင်း ဘယ်အပေါင်းအသင်းကို ပေါင်းသလဲဆိုတာကို ကြည့်ပြီး မင်းဘယ်သူလဲဆိုတာကို ဆုံးဖြတ်တယ်။ ကိုယ့်အထက်က လူနဲ့ ပေါင်းသင်းရမယ်ဆိုတဲ့ စကားကို တလွဲအဓိပ္ပာယ်မကောက်နဲ့ဦး။ မျိုးရိုးဂုဏ် အဆင့်အတန်းမြင့်တဲ့လူကို ပြောတာပဲလို့ မကောက်နဲ့ဦး။ ဒါတွေကို ဖေဖေ ပြောနေတာမဟုတ်ဘူး။ ဖေဖေပြောတဲ့ ကိုယ့်အထက်က လူဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ထက် စာရိတ္တအရ၊ စိတ်ထားအရ၊ အရည်အချင်းအရ သာတဲ့သူ၊ ပတ်ဝန်းကျင်က လူတော်လူကောင်းလို့ ချီးမွမ်းခံရတဲ့လူမျိုးကို ဆိုလိုတာ။

ကောင်းတဲ့အပေါင်းအသင်းနှစ်မျိုးရှိတယ်။ တစ်မျိုးကတော့ ဗျူးမွန်းလို့ ပြင်သစ်တို့ခေါ်တဲ့ အပေါင်းအသင်းမျိုး၊ အဲဒီလူတွေဟာ နန်းတွင်းရေးရာကိစ္စများမှာ ယဉ်ကျေးတတ်ပွန်ကြတယ်။ လူ့ဘဝရဲ့ပျော်ရွှင်ကြည်နူးစရာကိစ္စတွေမှာ တတ်ပွန်လိမ္မာကြတယ်။ နောက်အပေါင်းအသင်းတစ်မျိုးကတော့ ထူးခြားတဲ့ အရည်အချင်းတစ်ခုခုကြောင့် ထင်ရှားသူတွေ၊ ထူးခြားပြီးတန်ဖိုးရှိတဲ့ ဝိဇ္ဇာပညာရပ်များနဲ့ သိပ္ပံပညာရပ်များမှာ ကျွမ်းကျင်တတ်မြောက်သူတွေဖြစ်တယ်။ ဖေဖေ့အနေနဲ့ ပြောရရင်တော့ စာရေးဆရာကြီး အယ်ဒီဆင်တို့၊ ကဗျာဆရာကြီးပုတ်တို့ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေနဲ့ ပေါင်းသင်းရတာဟာ ကိုယ့်အထက်က ပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံရတယ်လို့ ထင်မိတယ်။ သူတို့နဲ့ ပေါင်းသင်းရတာဟာ ဥရောပမှာရှိတဲ့ အမြတ်ဆုံး၊ အတော်ဆုံး၊ အရဲရင့်ဆုံး မင်းညီမင်းသားတွေနဲ့ ပေါင်းသင်းရသလိုပဲ။ မပေါင်းအပ်တဲ့ နိမ့်ကျတဲ့ အပေါင်းအသင်းဆိုတာကတော့ သူတို့ကိုယ်တိုင်လည်း ဘာအရည်အချင်းမှမရှိ၊ အောက်တန်းလည်းကျ၊ သူတို့ကိုယ်ကို သူတို့ အဟုတ်ထင်၊ မကောင်းမှုလုပ်တာကိုလည်း အားပေးအားမြှောက်လုပ်တဲ့သူမျိုးတွေကို ဆိုလိုတာ။ အပေါင်းအသင်းထဲမှာ ငါတော်တယ်၊ ငါသာတယ်ဆိုပြီး ဘဝင်မြင့်တတ်ကြတာတွေရှိတတ်တယ်။ ဒီလို ထင်ခြင်းဟာ မိုက်မဲရုံမျှမက မှားလည်းမှားတယ်။ လောကမှာ အဲဒီလိုထင်တာလောက် အောက်တန်းကျတာ မရှိဘူး။

မင်းက မေးကောင်းမေးမယ်။ ဒီလိုဆိုရင် လူတစ်ယောက်မှာ အကောင်းဆုံးသော အပေါင်းအသင်း အသိုင်းအဝိုင်းထဲကိုရောက်အောင် လုပ်နိုင်တဲ့စွမ်းအား မရှိတော့ဘူးလား။ လုပ်ရင်လည်း ဘယ်လိုလုပ်ရမလဲလို့ မေးကောင်းမေးမယ်။ လုပ်နိုင်တဲ့စွမ်းအားရှိတယ်လို့ပဲ ဖြေရမှာပဲ။ ဘယ်လိုရှိသလဲ။ ကိုယ်တိုင်က ထိုက်တန်အောင် နေပြရလိမ့်မယ်။ သူကိုယ်တိုင်ကိုက လူကြီးလူကောင်းတစ်ယောက်ရဲ့ အခြေခံမျိုးရှိဖို့လိုတယ်။ အသိပညာ ရှိလာရင်၊ အမျိုးကောင်းသားပီပီ လိမ္မာယဉ်ကျေးရင် ကောင်းတဲ့အပေါင်းအသင်းကိုရမှာပဲ။ မင်းကို မကြာခဏ ပြောဖူးတဲ့အတိုင်း ယဉ်ကျေးသိမ်မွေ့ခြင်းနှင့် မွန်ရည်ယဉ်ကျေးခြင်းဟာ အခြားသော ကောင်းတဲ့ အရည်အချင်းများကို အရောင်တင်ပေးတယ်။ အဆင်တန်ဆာ ဆင်မြန်းပေးတတ်တယ်။ ဒါတွေမရှိရင် မင်းမှာ ဘယ်လောက်ပဲ အသိပညာရှိသည်ဆိုစေ၊ ဘယ်လောက်ပဲ ပြည့်စုံသည်ဆိုစေ



အဲဒီပညာနဲ့ ပြည့်စုံမှုဟာ ထင်ပေါ်မှာမဟုတ်ဘူး။ မွန်ရည်ယဉ်ကျေးခြင်းမရှိတဲ့ ပညာရှင်သုခမိန်ဟာ ကဝိလူကြွားတစ်ယောက်ဖြစ်ရုံပဲ ရှိမှာပဲ။ မွန်ရည်ယဉ်ကျေးခြင်းမရှိတဲ့ ဒဿနဆရာတစ်ယောက်ဟာ လောကကြီးကို အရွဲ့တိုက်တဲ့ခွစာတစ်ယောက်ပဲဖြစ်မှာပဲ။ ဖွယ်ရာယဉ်ကျေးခြင်းမရှိတဲ့ စစ်သားတစ်ယောက်ဟာ လူရိုင်းတစ်ယောက်ပဲ ဖြစ်မှာပဲ။ မွန်ရည်ယဉ်ကျေးခြင်းမရှိတဲ့ လူတစ်ယောက်ဟာ မနှစ်မြို့စရာလူတစ်ယောက်ပဲ ဖြစ်နေမှာပဲ။

လိုက်ပဇစ်ကို မင်းရောက်တဲ့အခါမှာ အသိုင်းအဝိုင်းက ဘယ်လိုယူဆကြသလဲဆိုတာကို ဖေဖေသိချင်တယ်။ ဖေဖေ့မှာ မင်းကို မျက်ခြည်မပြတ်လိုက်ကြည့်ဖို့ သစ္စာရှိစွာ သတင်းပို့တဲ့ မျက်လုံးတစ်ထောင်ရှိတဲ့ ဩဂတ်ဆက်စ်တော်သားတွေ အများကြီးရှိတယ်။ ဖေဖေရတဲ့ သတင်းတွေဟာ အမှန်တွေပဲ ဖြစ်မှာပဲ။ ဘယ်လို သတင်းမျိုးတွေလဲဆိုတာကတော့ မင့်အပေါ်မှာပဲ လုံးဝ တည်နေတယ်။ အာဒီးယူး။

www.burmeseclassic.com

www.burmeseclassic.com

**စာ-၂၅**

လန်ဒန်၊ အောက်တိုဘာ ၁၆ ရက်၊ ၁၇၄၇ ခုနှစ်။

လူလေး

နှစ်လိုစဖွယ်ဖြစ်အောင်လုပ်တဲ့ အတတ်ပညာဟာ လူတစ်ယောက်မှာ အလွန်လိုအပ်တဲ့အရာ ဖြစ်တယ်။ ဒါပေမယ့် အဲဒီအတတ်ပညာကို ရဖို့ကတော့ တော်တော်ကို ခက်တဲ့ကိစ္စပဲ။ နှစ်လိုစဖွယ်ကောင်းအောင် ဘယ်လို နေရထိုင်ရမယ်ဆိုတာ ဥပဒေသတွေ ချမှတ်လို့ရတာ မဟုတ်ဘူး။ ဘယ်လိုပြုမူနေထိုင်ရမယ်ဆိုတာကို ဖေဖေ ပြောပြတာထက် ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်အတွေ့အကြုံကသာ သင်ကြားပေးနိုင်လိမ့်မယ်။ **"ကိုယ့်ကို ပြုမူစေချင်သလို သူများကိုလည်း ပြုမူပါ"** ဆိုတဲ့ စကားတစ်ခုရှိတယ်။ ဒီနည်းဟာ နှစ်လိုစဖွယ်ကောင်းအောင် လုပ်ရာမှာ အသေချာဆုံးနည်းလို့ ဖေဖေထင်တယ်။ တစ်ဖက်သားကို ကိုယ်ဘာ့ကြောင့် နှစ်သက်သလဲဆိုတာကို စဉ်းစားကြည့်ပါ။ ကိုယ်ကလည်း အလားတူ ပြုမူနေထိုင်ခဲ့ရင် ကိုယ့်ကိုလည်း အများက နှစ်သက်ကြမှာပဲ။ မင့်ရဲ့အလိုဆန္ဒကို တစ်ဖက်သားက ဂရုစိုက်တဲ့အတွက် လိုက်လျောတဲ့အတွက် သူ့ကို နှစ်သက်တယ်ဆိုရင် သူတို့ရဲ့အလိုဆန္ဒ၊ သူတို့ရဲ့အကြိုက်၊ သူတို့ရဲ့အားနည်းချက်တွေ၊ ဝါသနာတွေကိုလည်းမင်း အလေးထား လိုက်လျောရမှာပေါ့။ အဲဒီလို လုပ်နိုင်ရင် မင်းကို သူတို့ ချစ်ခင်နှစ်သက်လာကြမှာ အမှန်ပဲ။ မင်းရောက်ရှိနေတဲ့ ပတ်ဝန်းကျင်အပေါင်းအဖော်ရဲ့ဆန္ဒနဲ့ ကိုက်ညီအောင်နေပါ။ ကိုယ့်ဆန္ဒကို အတင်းရိုက်မသွင်းပါနဲ့။ အပေါင်းအဖော်တွေက လေးနက်ရင် လေးနက်ပါ။ ပျော်ရွှင်ရင်ပျော်ရွှင်ပါ။ သေးဖွဲ့ရင်တောင်သေးဖွဲ့ပါ။ တစ်ယောက်ဟာ အများရဲ့ ဆန္ဒသဘောထားကို လိုက်လျောသင့် တယ်။ အပေါင်းအသင်းတွေထဲမှာ ပုံတိုပတ်စတွေ သိပ်မပြောပါနဲ့။ ပုံတို ပတ်စတွေ ပြောတာဟာ ငြီးငွေ့စရာလည်း ကောင်းပြီး မနှစ်သက်စရာလည်း ကောင်းတယ်။ အကယ်၍ စကားစပ်မိလို့



အကြောင်းတိုက်ဆိုင်ပြီး ပြောစရာ ရှိလာရင်တောင်မှ ကိုယ်ပြောစရာရှိတာကို စကားလုံး နည်းနိုင်သမျှ နည်းနည်း နဲ့ပြောပါ။ ဒီအခါမှာတောင်မှ ကိုယ်ဟာ ဒီလို ပုံတိုပတ်စတွေကို ပြောချင် လို့ ပြောတာ မဟုတ်ဘဲ တိုတောင်းတဲ့အတွက် ပြောတာမျိုးဖြစ်အောင် အများသိအောင် ပြပါ။

အရေးအကြီးဆုံးကတော့ ကိုယ်ပြောတဲ့စကားထဲမှာ ကိုယ်ရည်သွေးတာမျိုးတွေ မပါအောင် ဂရုစိုက်ပါ။ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေ၊ ကိုယ်ရေးကိုယ်တာ ပြဿနာတွေကို ပြောပြပြီး သူများကို ဒုက္ခပေးဖို့ စိတ်မကူးပါနဲ့။ ဒီအကြောင်းအရာတွေဟာ ကိုယ့်အတွက် စိတ်ဝင်စားစရာကောင်းပေမယ့် တစ်ခြားသူတွေအတွက်တော့ ငြီးငွေ့စရာကောင်းပြီး စော်ကားသလိုဖြစ်နေတတ်တယ်။ [တကယ်တော့ ဘယ်သူမှ ကိုယ်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို လျှို့ဝှက်နိုင်ကြတာ မဟုတ်ပါဘူး။ ကိုယ်မပြောလည်း သိကြမှာပါပဲ။] မင်းဟာ မင်းဘာသာမင်း ဘယ်လောက်တော်တယ်၊ တတ်တယ်လို့ ထင်ထင် ဒီလိုထင်ကြောင်းကို အပေါင်းအသင်းတွေရှေ့မှာ တမင်ကလာ ထုတ်ဖော်မပြပါနဲ့။ ဒါမှမဟုတ်ရင်လည်း အချို့လူတွေ လုပ်လေ့လုပ်ထရှိသလို ကိုယ်တော်ကြောင်း၊ တတ်ကြောင်းကိုပြဖို့ အခွင့်အရေးရအောင်၊ အဲဒီအကြောင်းစကားစပ်မိအောင် ကြိုးစားအားထုတ်ခြင်း မပြုပါနဲ့။ [ကိုယ့်မှာ တကယ်တော်တဲ့ အရည်အချင်းရှိခဲ့ရင် ဒါကို ကိုယ်မပြောသည့်တိုင် လူအများက သိကြမှာပါ။ အဲဒီလိုသိတာက ပိုတောင် ကောင်းသေးတယ်။ မင်းဟာ အမှန်ဘက်ကလို့ ထင်သည့်တိုင် တစ်ဖက်သားနဲ့ ဆူဆူညံညံ၊ ပြင်းပြင်းထန်ထန် ငြင်းခုံခြင်း မပြုပါနဲ့။ ကိုယ့်ထင်မြင်ချက်ကို တည်တည်ငြိမ်ငြိမ်၊ အေးအေးဆေးဆေး ပြောပြပါ။ အဲဒီနည်းဟာ တစ်ဖက်သား သဘောပေါက်လက်ခံနိုင်စေတဲ့ တစ်ခုတည်းသော နည်းလမ်းဖြစ်တယ်။ ဒီလို ပြောရက်သားနဲ့မှ သူသဘောမပေါက်သေးရင် ဒီအကြောင်းကို ဆက်မဆွေးနွေးတော့ဘဲ တစ်ခြားစကားကို ပြောင်းပစ်လိုက်ပါ။] "ကဲ ကျွန်တော်တို့ နှစ်ယောက်ကတော့ တစ်ယောက်အမြင်ကို တစ်ယောက် လက်မခံနိုင်ပဲဖြစ်နေကြပြီ။ အေးလေ၊ လက်မခံနိုင်လည်း အကြောင်းမဟုတ်ပါဘူး၊ တစ်ခြားအကြောင်းကို ပြောကြတာပေါ့" လို့ ပြုံးရယ်မောမောနဲ့ ပြောပါ။

ဘယ်အပေါင်းအဖော်နဲ့ပဲ ပေါင်းသည်ဖြစ်စေ၊ သူ့ဒေသဆိုင်ရာ ထုံးတမ်းစဉ်လာတွေကို လိုက်နာရတယ်ဆိုတာကို သတိပြုပါ။ ပတ်ဝန်းကျင်တစ်ခုမှာ အလွန်ဆေ့ဘ်ကန်သင့်မြတ်တဲ့ အရာတစ်ခုဟာ အခြားသော ပတ်ဝန်းကျင်မှာ

www.burmeseclassic.com

www.burmeseclassic.com



မလျော်ကန် မသင့်မြတ်တဲ့အရာတစ်ခု ဖြစ်နေတတ်တယ်။

အချို့သော ပြက်လုံးကလေးတွေ၊ အချို့သော အဖြစ်အပျက်ကလေး တွေဟာ ပတ်ဝန်းကျင်တစ်ခုမှာ သင့်လျော်ပေမယ့် အခြားသော ပတ်ဝန်းကျင် တစ်ခုမှာ ရယ်စရာမကောင်းဘဲ ငြီးငွေ့စရာဖြစ်နေတတ်တယ်။ ပတ်ဝန်းကျင် တစ်ခုရဲ့ အလေ့အထများ၊ အကျင့်စရိုက်များ၊ ဝေါဟာရများဟာ ကိုယ်ပြောတဲ့ စကား၊ ဒါမှမဟုတ် ကိုယ့်ရဲ့ အပြုအမူတစ်ခုအတွက် အထောက်အကူ ဖြစ်ချင်ဖြစ်ပေမယ့် တစ်ခြားပတ်ဝန်းကျင်မှာ အထောက်အကူဖြစ်ချင်မှ ဖြစ်နေ တတ်တယ်။ ဒီနေရာမှာ လူတော်တော်များများ မှားတတ်ကြတယ်။ တချို့ လူတွေဟာ တစ်နေရာမှာ သူတို့ပြောခဲ့တဲ့စကားကို သဘောကျတာကို တွေ့တာ နဲ့ နောက်တစ်နေရာမှာလည်း သဘောကျမှာပဲဆိုပြီး အဲဒီစကားကို ထပ်ပြော တတ်ကြတယ်။ ဒါပေမယ့် အချိန်မှား၊ နေရာမှားပြီး ပြောတဲ့အတွက် သူတို့ စကားဟာ ရယ်စရာ၊ နှစ်လိုစရာမကောင်းပဲ အနံ့အရသာကင်းမဲ့ နေတတ်တယ် စော်ကားသလိုတောင် ဖြစ်နေတတ်သေးတယ်။

ဒီလို ပြောတဲ့နေရာမှာလည်း သူတို့က ရိုးရိုးပြောတာ မဟုတ်သေးဘူး "ခင်ဗျားတို့ကို သိပ်ကောင်းတာတစ်ခု ပြောပြရဦးမယ်" ဆိုတာမျိုး၊ "ခင်ဗျား တို့ကို ကမ္ဘာပေါ်မှာ အကောင်းဆုံးအကြောင်းအရာတစ်ခုကို ပြောပြရဦးမယ်" ဆိုတာမျိုးနဲ့ နိဒါန်းချီတတ်ကြတယ်။ ဒီလိုလည်း ပြောလိုက်ရော လူတွေကလည်း စိတ်ဝင်စားလာပြီး မျှော်တလင့်လင့် ဖြစ်လာကြတယ်လေ။ ပြောလိုက်တော့ ဘာမှ မဟုတ်ဘူး။ အဲဒီမှာတင် ပြောတဲ့လူဟာ ပေါတောတော၊ ကြောင်တောင် တောင်လူအဖြစ် ထိုက်တန်စွာ ရောက်ရှိသွားတော့တာပဲ။

အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ လူတွေရဲ့ ချစ်ခင်နှစ်သက်မှု မိတ်ဆွေခင်မင်မှုမျိုးကို ရယူချင်တယ်ဆိုရင် သူတို့ရဲ့ သိသာထင်ရှား ကောင်းကွက်တွေကို လိုက်ရှာပါ။ (ကောင်းကွက်ရှိခဲ့ရင်ပေါ့လေ။) ပြီးတော့ သူတို့ရဲ့ အားနည်းချက်ကိုလည်း လိုက်ရှာပါ။ (ဒါကတော့ လူတိုင်း ရှိကြတာချည်းပဲ။) အဲဒီလိုရှာပြီးရင် သူတို့ရဲ့ ကောင်းကွက်တွေကို ချီးမွမ်း သူတို့ရဲ့ အားနည်းချက်တွေကို ပိုပြီး ချီးမွမ်းပါ။ လူတွေမှာ တော်တဲ့အချက် ရှိကြတယ်။ ဒါမှမဟုတ်ရင်လည်း သူတို့ဘာသာသူတို့ တော်တယ်လို့ထင် အချက်တွေ ရှိကြတယ်။ သူတို့ တကယ်တော်တဲ့ အချက်တွေကို ချီးကျူး ပြောဆိုတာကို သဘောကျကြသည့်တိုင် သူတို့ တော်ချင်တဲ့အချက်တွေ ပတ်သက်လို့ ချီးကျူးပြောဆိုတာကို ပိုပြီး သဘောကျ၊ ပိုပြီး ကျေနပ်



ရှိကြတယ်။ (အဲဒီလိုအချက်မျိုးမှာ သူတို့ကိုယ်တိုင်လည်း တော်သလား မတော်ဘူးလားဆိုတာကို ဇဝေဇဝါ ဖြစ်နေတတ်ကြတယ်။) ဥပမာအားဖြင့် သူ့ခေတ်မှာတင်မက နောင်ခေတ်များစွာအထိ အတော်ဆုံးသော နိုင်ငံရေး သုခမိန်တစ်ဦးဖြစ်တဲ့ ကာဒီနယ်ရစ်ချလျူးဟာ သူ့ကို အကောင်းဆုံး ကဗျာဆရာ တစ်ယောက်လို့လည်း လူတွေ ထင်စေချင်တဲ့ ဘဝင်မြင့်မှုကလေး ရှိတယ်။ သူက နာမည်ကျော်ကဗျာဆရာ ကော်ရယ်လီရဲ့ ကျော်ကြားမှုမျိုးကို အားကျ ဘယ်။ ကော်ရယ်လီရဲ့ ကဗျာစာအုပ်ကို ဝေဖန်တဲ့ ဆောင်းပါးတစ်စောင် အရေးခိုင်းတယ်။ ဒါကြောင့်မို့ သူ့ကို ကျွမ်းကျင်စွာ မြှောက်ပင့်သူများကဆိုရင် သူ့ရဲ့ နိုင်ငံရေးရာ ကျွမ်းကျင်မှုကို သိပ်ပြောလေ့မရှိကြဘူး။ ဒါမှမဟုတ်ရင် လည်း စကားကြုံလောက်အဖြစ်ပဲ ထည့်ပြီး ချီးမွမ်းကြတယ်။ ဒါပေမယ့် သူ့ကို ကဗျာဆရာကြီးတစ်ယောက်ဆိုတဲ့ အမွှေးတိုင်ကို ထွန်းပေးလိုက်ကြ ဘယ်။ ဒီအမွှေးတိုင်က အနံ့ဟာ ရစ်ချလျူးကို ယစ်မူးသွားစေနိုင်တယ်ဆိုတာ သူတို့ သိကြတာကိုး၊ ထင်တဲ့အတိုင်းပဲ၊ သူတို့ကို သဘောကျသွားတော့ ဘာပေါ့။ ဒါဟာ ဘာဖြစ်လို့လဲ။ ရစ်ချလျူးဟာ သူတစ်ဖက်မှာ တော်တာကို ကောင်းကောင်း ယုံကြည်သည့်တိုင် တစ်ဖက်မှာရှိတဲ့ သူ့အရည်အချင်းကို သိပ်စိတ်မချလို့ပဲ။

လူတစ်ယောက်ပြောတဲ့စကားထဲက အနှစ်သက်ဆုံး ပြောလေ့ပြောထရှိတဲ့ စကားကို ကြည့်လိုက်ခြင်းဖြင့် အဲဒီလူမှာ ဘယ်ကိစ္စမှာ သူဂုဏ်ယူဝင့်ကြွားလေ့ ရှိသလဲဆိုတာကို အလွယ်နဲ့ သိနိုင်တယ်။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်တတ်ကျွမ်း တယ်လို့ ထင်တာကို အများအားဖြင့် ပြောတတ်ကြတယ် မဟုတ်လား။ ဒီတော့ လူတစ်ယောက်က မင်းကို နှစ်သက်စေချင်ရင် အဲဒီအချက်ကိုသွားထိ လိုက်ပါ။ ချက်ကောင်းကို မိပါလိမ့်မယ်။ ကွယ်လွန်သူ နန်းရင်းဝန်ကြီး ဆာရောဗတ်ဝါးပိုးဟာ (အမှန်ကတော့ တော်တော်အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်ကြီး တစ်ဦးပါ။) ဒီသဘောနဲ့ပြောရင် နည်းနည်း အမြှောက်ကြိုက်တယ်လို့ ပြော တယ်၊ သူ့ရဲ့ အားနည်းချက်ကတော့ ယဉ်ကျေးသိမ်မွေ့တဲ့သူတစ်ဦးဖြစ်ပြီး ... ခိုန်တည်းမှာလည်း ရဲရင့်ပြီး ယောကျ်ားပီသတဲ့လူတစ်ယောက်လို့ အထင်ခံ ချင်တဲ့ ဆန္ဒပဲ။ (နှလုံးရည်ရော၊ လက်ရုံးရည်ရော စွယ်စုံရတဲ့သူလို့ အထင်ခံ ချင်တာပဲ။) တကယ်ကတော့ သူဟာ ယဉ်ကျေးသိမ်မွေ့သည့်တိုင် ယောကျ်ားပီသ တဲ့သူတစ်ဦးလို့တော့ ပြောလို့မရဘူး။ သူနဲ့စကားပြောရင် အဲဒီလို ရဲလည်း ... ယဉ်လည်းယဉ်ကျေးတဲ့ စွယ်စုံရ အရည်အချင်းအကြောင်းကို မကြာခဏ

www.burmeseclassic.com

www.burmeseclassic.com



ပြောလေ့ရှိတယ်။ အဲဒီအကြောင်းကို သဘောပေါက်တဲ့သူတွေကတော့ သူဟာ အဲဒီလို ရဲရင့်ပြီးယောက်ျားပီသတဲ့ လက်ရုံးရည် ပုဂ္ဂိုလ်ဖြစ်ကြောင်း ပြောလိုက်တာနဲ့ အောင်မြင်မှုကို ရသွားကြတာချည်းပဲ။

ယေဘုယျအားဖြင့် ပြောရရင် မိန်းမတွေမှာ ရည်မှန်းချက်တစ်ခုပဲ ရှိတယ်။ အဲဒါကတော့ သူတို့ရဲ့အလှ၊ သူတို့ ရုပ်ရည်ပဲ။ အလှနဲ့ပတ်သက်လို့ကတော့ ဘယ်လောက်ပဲ ပြောင်ကျကျ မြှောက်ပင့်ပြောသည့်တိုင် သူတို့ ငိုက်ဆင်းသွားကြတော့တာပဲ။ တကယ်တော့လည်း သဘာဝဟာ တော်တော်တန်တန်မိန်းမကို အရုပ်ဆိုးအောင် ဖန်တီးခဲ့တာမှ မဟုတ်ပဲကိုး။ ဒီတော့ မိန်းမဟာ သူ့အလှနဲ့ ပတ်သက်လို့ မြှောက်ပင့်ပြောဆိုတာကို သဘောမကျပဲ မနေနိုင်ပေဘူးပေါ့။ မိန်းမတစ်ယောက်ဟာ မျက်နှာပေါက် သိပ်မလှဘူး။ ဒီလိုမျက်နှာပေါက်မလှတာကို သူကိုယ်တိုင်လည်း နည်းနည်းပါးပါး ရိပ်မိသလောက် ရိပ်မိတယ် ဆိုပါစို့။ ဒီလိုအခါမျိုးမှာ သူ့ခန္ဓာကိုယ်နဲ့ သူ့အမူအရာတွေက အဲဒီမျက်နှာမလှတာကို ပျောက်သွားအောင် လုပ်ပေးနိုင်တယ်လို့ သူယုံကြည်တတ်တယ်။ သူ့ရဲ့ခန္ဓာကိုယ်က ပုံပျက်ပန်းပျက် ဖြစ်နေတယ်ဆိုရင်လည်း သူ့မျက်နှာက ပြန်ပြီး ထိန်းပေးတတ်တယ်လို့ သူယုံတတ်တယ်။ တစ်ခါ မျက်နှာရော၊ ကိုယ်လုံးကိုယ်ပေါက်ရော မလှဘူးဆိုရင်လည်း သူ့မှာ ကျက်သရေရှိတယ်၊ တင့်တယ်သေးတယ်လို့ ယူဆသေးတယ်။ တခြားကို မကြည့်ပါနဲ့။ ကမ္ဘာပေါ်မှာ ရုပ်အဆိုးဆုံးဆိုတဲ့ မိန်းမရဲ့ သေချာစွာ ပြင်ဆင်ဝတ်စားထားတဲ့ အဝတ်အစားကို ကြည့်ရင် ဒီအချက်ကို သိနိုင်တယ်။ မိန်းမတကာတို့အနက် ပြိုင်ဖက်ကင်းတဲ့၊ တုကျွန်းလွတ်တဲ့အလှကို ပိုင်ဆိုင်ထားတယ်လို့ အများက လက်ခံ အသိအမှတ်ပြုထားကြတဲ့ မိန်းမများဟာ အလှနဲ့ ပတ်သက်လာပြီး မြှောက်ပင့်တာမျိုးကို သဘောကျမှုအနည်းဆုံးပဲ။ ဒါဟာ သူတို့အဖို့ ဘာမှ မဆန်းဘူးလေ။ သူတို့မှာရှိတဲ့အလှကို သွားပြီး ချီးကျူးနေတာဟာ ရသင့်ရထိုက်တဲ့ ချီးကျူးမှုမျိုးပဲလို့ပဲ ယူဆလိုက်ကြတာပေါ့။ ဒီလိုလှတဲ့ မိန်းမကို လှပါပေတယ်လို့ သွားချီးကျူးရင် ချီးကျူးသူကို ဘာမှ ကျေးဇူးတင်မှာ မဟုတ်ဘူး။ အဲ ဒါပေမယ့် သူ့မှာရှိသော်လည်းလူတွေက မရှိဘူးထင်နေတဲ့ အရည်အချင်းမျိုးတစ်ခု၊ ဥပမာ အသိဉာဏ်၊ အမြော်အမြင် ရှိပါပေတယ်လို့ သွားချီးကျူးမယ် ဆိုရင်တော့ အများကြီးကို သဘောကျသွားမှာ သေချာတယ်။

ဖေဖေဟာ အောက်တန်းကျပြီး ရာဇဝတ်မှုသင့်တဲ့ မြှောက်ပင့်မှုတွေကို



လုပ်ဖို့ အားပေးသွန်သင်နေတယ်လို့ အထင်မလွဲလိုက်နဲ့။ ဒီသဘောမဟုတ်ဘူး။ လူတစ်ယောက်ယောက်ရဲ့ ဆိုးယုတ်မှုနဲ့ ရာဇဝတ်မှုတို့ကို ဘယ်တော့မှ မြှောက်ပင့်ချီးမွမ်းခြင်း မပြုပါနဲ့။ မြှောက်ပင့်ချီးမွမ်းခြင်း မပြုရုံသာမက အဲဒီ အရည်အချင်းမျိုးတွေကို စက်ဆုတ်ရွံမုန်းပါ။ အားပေးအားမြှောက်ပြုခြင်းမှ ရှောင်ကြဉ်ပါ။ ကိုယ့်အားနည်းချက်ကို ချီးမွမ်းခြင်းကို ကြိုက်တာဟာ အပြစ်ရှိသော်လည်း နည်းနည်းတော့ ရယ်စရာကောင်းတာ အမှန်ပဲ။ ဒါပေမယ့် ကြိုက်တာက မိမိရဲ့ အားနည်းချက်ကို ချီးမွမ်းတာကို မကြိုက်တဲ့လူရယ်လို့ လောကကြီးမှာ တစ်ယောက်မှမရှိဘူး။ လူတစ်ယောက်ဟာ ရှိတာထက်ပိုပြီး ဉာဏ်ရှိတယ်လို့ အထင်ခံချင်ရင်၊ မိန်းမတစ်ယောက်ဟာ ရှိတာထက်ပိုပြီး လှတယ်လို့ အထင်ခံချင်ရင် သူတို့အများဟာ သူတို့အဖို့ ဖြေသိမ့်မှုပေးတဲ့ အမှားတစ်ခုသာဖြစ်ပြီး အခြားသူများအပေါ်မှာ အပြစ်ကင်းမဲ့စွာ ကျူးလွန်တဲ့ အမှားတစ်ခုသာ ဖြစ်တယ်။ ဖေဖေကတော့ အဲဒီလိုလူမျိုးတွေနဲ့တွေ့ရင် သူတို့မှာ သူတို့ထင်သလို မရှိပါဘူးလို့ပြောပြီး သူတို့ရဲ့ ရန်သူအဖြစ်ကို ရောက်ချင်ဘူး။ သူတို့ရှိနေတဲ့အထင်ကို လက်ခံပြီး မိတ်ဆွေအဖြစ်ကို ရောက်ချင်တယ်။

အလားတူပဲ တစ်ဖက်သားကို နှစ်သက်စေတဲ့ အလေးထားမှုကလေးတွေ လောကမှာ အများကြီးရှိတယ်။ ဒီလို အသေးအဖွဲကလေးတွေကို ဂရုစိုက်အလေးထားရင် သူတို့ရဲ့ ဂုဏ်ယူမှုနဲ့ သူတို့ရဲ့အတ္တကို ဂရုစိုက်အလေးပေးရာ ရောက်တယ်။ ကိုယ့်ကိုယ်ကို ဂုဏ်ယူမှုနဲ့ အတ္တစိတ်ဆိုတာကလည်း လူ့သဘာဝကြီးနဲ့ ခွဲလို့ မရကောင်းတဲ့အရာတွေ မဟုတ်လား။ ဒီလို အရေး ...သာ၊ အလေးထားတာဟာ အရေးပေးခံရသူ၊ အရေးထားခံရသူတို့ကို ...ည်း ကိုယ်က လေးစားရာ၊ စာနာရာ ရောက်တယ်။ ဥပမာအားဖြင့် ...နှစ်သက်စေချင်သူရဲ့ အသေးအဖွဲအလေ့အထကလေးတွေ၊ အကြိုက်...လေးတွေ၊ စရိုက်ကလေးတွေ၊ မကြိုက်တာကလေးတွေ၊ ဝါသနာကလေး...ကို အလေးပေးတာမျိုး ဆိုပါတော့။ သူတို့ကြိုက်တာကလေးတွေကို ...ပြီး သူတို့မကြိုက်တာကလေးတွေကို ရှောင်တာမျိုးဆိုပါတော့၊ သူတို့ဟာ ... အစားအသောက်မျိုး၊ ဒီလို အခန်းမျိုးကို ကြိုက်တယ်ဆိုတာ ...ကြောင်းကို မသိမသာ၊ တစေ့တစောင်းပြတာမျိုး ဆိုပါတော့။ ဒီလိုပြီး ... ကြိုက်ကလေးတွေကို လုပ်ပေးသင့်တယ်။ ပြောင်းပြန်အားဖြင့် သူတို့ ...သက်တဲ့ အစားအသောက်၊ သူတို့မနှစ်သက်တဲ့လူမျိုးကို ကိုယ်ကသိပြီး

www.burmeseclassic.com



ကိုယ်က ဒါမျိုးကို မတွေ့အောင် ဖန်တီးပေးတာမျိုးကို လုပ်ပေးသင့်တယ်။ အသေးအဖွဲ့ကလေးတွေကို ဂရုစိုက်ပေးတာဟာ အကြီးကြီးတွေကို ဂရုစိုက်ပေးတာထက် သူ့အတွက်ကို နှစ်သိမ့်မှု ပေးနိုင်တယ်။ ဒါဆို အသေးအဖွဲ့ကလေးတွေကို ကိုယ်က ဂရုထားရင် သူတို့ကို အဓိကထားပြီး ဂရုစိုက်တယ်၊ အလေးထားတယ်လို့ ထင်သွားတတ်ကြတယ်။

လောကကြီးထဲကို ဝင်ရင် မင်းသင်ရမယ့်အရာတွေ အများကြီး ကျန်သေးတယ်။ ခုပြောတာတွေက ပဏာမပဲ ရှိသေးတယ်။ မင်းတို့လို အရွယ်တုန်းက ဖေဖေ ဒီလိုများသိခဲ့ရင် သိပ်ကောင်းမှာပဲလို့ အောင်းမေ့မိတယ်။ ခုတော့ ဖေဖေ့မှာ ဒါတွေကို သိအောင် ငါးဆယ့်သုံးနှစ်တောင် တန်ဘိုးပေးခဲ့ရပြီးပြီ။ အဲဒီ အကျိုးအမြတ်တွေကို မင်းအလွယ်တကူ ရိတ်သိမ်းနိုင်တဲ့အတွက် ဖေဖေ မင့်အပေါ်မှာ ဘာမှ မနာလိုတိုရှည်မရှိပါဘူး။ အာဒီးယူး။

## စာ-၂၆

လန်ဒန်၊ ဒီဇင်ဘာ ၁၂ ရက်၊ ၁၇၄၇ ခုနှစ်။

လူလေး

လူတော်တော်များများ မသိပေမယ့် မင်းကိုအသိစေချင်ဆုံး အရာတစ်ခု ရှိတယ်။ အဲဒါကတော့ အချိန်ရဲ့ အသုံးကျမှုနဲ့ အချိန်ရဲ့ တန်ဖိုးပဲ။ အချိန်ဟာ တန်ဘိုးရှိတယ်။ အချိန်ကို အသုံးချရမယ်လို့ လူတိုင်း ပါးစပ်က ပြောကြတယ်။ ဒါပေမယ့် လူတော်တော်များများက လက်တွေ့မလုပ်ကြဘူး။ အချိန်ကို အလဟဿဖြုန်းတီးပစ်နေတဲ့ လူဖျင်းလူညံ့တစ်ယောက်တောင်မှပဲ အချိန်အဖိုးတန်ကြောင်း၊ အချိန်လျင်မြန်ကြောင်းနဲ့ ပတ်သက်တဲ့ သန်းပေါင်းများစွာရှိတဲ့ စာကြောင်းတွေကို မကြာခဏ ရွတ်ဆိုလေ့ရှိကြတယ်။ ဥရောပတိုက်တစ်ဝှမ်းမှာရှိတဲ့ နေနာရီတွေပေါ်မှာလည်း ဒီအကြောင်းနဲ့ ပတ်သက်လို့ အဆိုအမိန့်တွေ၊ အဆုံးအမတွေ ရေးထားကြတယ်။ ဒါ့ကြောင့် လူတွေဟာ နေ့စဉ်နဲ့အမျှ အချိန်တွေကို အလဟဿ အကုန်ခံနေကြပေမယ့် ဒီစကားတွေ၊ ဒီအဆုံးအမတွေကိုတော့ မကြားဖူးတဲ့လူရယ်လို့ ရှိမယ်မထင်ဘူး။ ဒါပေမယ့် ဒီအဆိုအမိန့်တွေကို ဉာဏ်အမြော်အမြင်ရှိရှိနဲ့ မစဉ်းစားတတ်ရင်တော့ ဒီအဆိုအမိန့်တွေဟာ အချည်းနှီးပဲ။ မလိုက်နာဘူးဆိုရင်တော့ မပြောနဲ့တော့။ ခု မင်းရေးလိုက်တဲ့စာထဲမှာ ပါတဲ့အတိုင်းဆိုရင်တော့ မင်းဟာ ဉာဏ်ရှိရှိနဲ့ အချိန်ကို အသုံးချတတ်တယ်လို့ပဲ ဖေဖေယူဆတယ်။ ဒီလို ဉာဏ်အမြော်အမြင်ရှိရင် ပိုပြီး ဉာဏ်ပညာကြွယ်ဝလာမှာ အမှန်ပဲ။ ဒါ့ကြောင့် အချိန်ကို ကောင်းစွာ အသုံးချခြင်း၊ ဖြုန်းတီးခြင်းနဲ့ ပတ်သက်လို့ အကျိုးအပြစ် ဝေဖန်တဲ့ ဆုံးမဩဝါဒတစ်စောင် ဖေဖေ မရေးလိုတော့ဘူး။ မင်း အနာဂတ်မှာ တွေ့ကြုံရမယ့် တော်တော်ကလေး ရှည်ကြာမယ့် အချိန်တစ်ခုကို အသုံးချရေးနဲ့ ပတ်သက်လို့ပဲ ဖေဖေရေးလိုက်တော့မယ်။ နောင်လာမယ့်နှစ်နှစ်ကို ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုတာပါ။

ဘယ်ပညာဗဟုသုတကိုပဲဖြစ်ဖြစ် အသက်ဆယ့်ရှစ်နှစ် မပြည့်မီမှာ ခိုင်ခိုင်မာမာ အခြေခံမချခဲ့မိရင် မင်းဟာ ဘယ်တော့မှ ကြီးပွားမှာ မဟုတ်ဘူး။ အဲဒါကို မြဲမြဲမှတ်ထားပါ။ ဖေဖေတို့လို အသက်ကြီးတဲ့လူများအဖို့တော့ ပညာဗဟုသုတဆိုတာဟာ လိုလည်းလိုအပ်၊ ချမ်းလည်းချမ်းမြေ့တဲ့ ရိပ်မြုံတစ်ခုပဲ။ ငယ်ငယ်တုန်းက အဲဒီပညာအပင်ကြီးကို မစိုက်ခဲ့ရင် ကြီးလာတော့ ခိုလှုံနားနေဖို့အရိပ် ဘယ်မှာ ရှိပါတော့မလဲ။ လောကကြီးထဲကို ဝင်ရောက်လာပြီးတဲ့နောက်မှာ စာအုပ်တွေကိုချည်း အပတ်တကုတ်လေ့လာနေရမယ်လို့ ဖေဖေ မတောင်းဆိုပါဘူး။ ဒါဟာ ဘယ်ဖြစ်နိုင်ပါ့မလဲ။ သင့်လည်း မသင့်လျော်ဘူးပေါ့။ ဒါကြောင့်မို့ ခုအချိန်ဟာ မင်းအတွက် စာပေပညာကို အဆက်မပြတ်၊ မပျင်းမရိ လေ့လာဖို့ဟာ တစ်ခုတည်းသော အချိန်၊ နောက်ဆုံးအချိန်ပဲ။ တကယ်လို့ ဒီလိုပညာတွေ၊ သင်ခန်းစာတွေကို သင်အံကျက်မှတ်ရတာဟာ ပင်ပန်းခက်ခဲတဲ့ အလုပ်ကြီးတစ်ခုလို့များ တစ်ခါတစ်လေထင်မိရင် အဲဒီပင်ပန်းမှုဟာ ရှောင်လွှဲလို့မရတဲ့ ခရီးရှည်ကြီးတစ်ခုကို သွားရတဲ့အတွက် ရတဲ့ ပင်ပန်းမှုလို့ပဲ သဘောထားပါ။ တစ်နေ့တစ်နေ့မှာ အချိန်ပိုပြီး ခရီးသွားလေလေ၊ ခရီးပန်းတိုင်ကို မြန်မြန်ရောက်လေလေပေါ့။ မင်းရဲ့လွတ်လပ်မှုရဖို့ မြန်မြန် အရည်အချင်းရှိလာလေလေ လွတ်လပ်မှုကို မြန်မြန်ရလေလေပဲ ဖြစ်မှာပေါ့။ မင်းရဲ့ခရီးပန်းတိုင်ကို လျင်မြန်စွာ ရောက်ရေး မရောက်ရေးဟာ ဒီကြားထဲမှာရှိတဲ့ အချိန်ကာလတွေကို မင်းဘယ်လောက် အသုံးချနိုင်သလဲ ဆိုတဲ့အပေါ်မှာ တည်တယ်။ တကယ်လို့သာ အသက်ဆယ့်ရှစ်နှစ်မပြည့်ခင်မှာ ဖေဖေစိတ်တိုင်းကျ မင်းလုပ်ပေးခဲ့ပြီး ဆယ့်ရှစ်နှစ်ကျော်တဲ့နောက်မှာ မင်းစိတ်တိုင်းကျ ဖေဖေ လုပ်ပေးမယ်လို့ ကတိကဝတ်ပြုကြေးဆိုရင် ဖေဖေလုပ်တဲ့ အလောင်းအစားဟာ ကောင်းတဲ့ အလောင်းအစားလို့ ဖေဖေထင်တယ်။ ဖေဖေ့ဘက်ကတော့ ကတိတည်ပါတယ်။

မိမိရဲ့ အချိန်ကို ကောင်းကောင်း အသုံးချတတ်တဲ့ ဖေဖေ့ရဲ့ မိတ်ဆွေ တစ်ယောက်ရှိတယ်။ ဘယ်လောက်တောင် အချိန်ကို အသုံးချသလဲဆိုရင် သဘာဝကိစ္စအတွက် သက်ဆိုင်ရာ အခန်းကို ဝင်ရမှာတောင် ရသမျှ အချိန်ကလေးကို အလဟဿ အဖြစ်မခံဘူး။ ဒီလိုနဲ့ တဖြည်းဖြည်းနဲ့ပဲ သူဟာ လက်တင်ကဗျာဆရာကြီးတွေအားလုံးရဲ့ ကဗျာတွေကို ရေအိမ်ထဲမှာ ပြီးအောင် ဖတ်သွားခဲ့တယ်။ ဆိုပါတော့ လက်တင်ကဗျာဆရာကြီး ဟိုးရေစ်ရဲ့



ဈေးချိုချို ပုံနှိပ်ထုတ်ဝေတဲ့ ကဗျာစာအုပ်ကို ဝယ်တယ်။ အဲဒီအထဲက နှစ်ရွက်သုံးရွက်လောက်ကို နေ့တိုင်းဆုတ်ပြီး သက်ဆိုင်ရာအခန်းကို ဝင်တဲ့ အခါမှာ ယူသွားတယ်။ သဘာဝကိစ္စဆောင်ရွက်ရင်း အဲဒီကဗျာတွေကို ဖတ်တယ်။ ပြီးတော့မှ အဲဒီစာရွက်တွေကို ရေအိမ်စောင့်နတ်ဖြစ်တဲ့ ကလိုစီနာကို ပူဇော်လိုက်တယ်။ တစ်နေ့ထစ်နေ့ ရေအိမ်ကိုသွားတဲ့အချိန်တွေကို ပေါင်းလိုက်ရင် နည်းသလား။ ဒီလို နမူနာမျိုးကိုယူဖို့ ဖေဖေ တိုက်တွန်းချင်တယ်။ အဲဒီလို အချိန်မျိုးမှာ ကိုယ်ဝါသနာပါတဲ့အရာကို လုပ်ရတယ်ဆိုတာ အကျိုးရှိတာပေါ့။ ဒီလိုအချိန်မျိုးမှာ ဖတ်ရတဲ့စာအုပ်ဟာလည်း မှတ်မိလွယ်လိမ့်မယ်လို့ ဖေဖေထင်တယ်။ သိပ္ပံပညာဆိုင်ရာ စာအုပ်မျိုး၊ လေးနက်တဲ့စာအုပ်မျိုးကျတော့ ဒီလို ပြတ်တောင်းပြတ်တောင်း ဖတ်လို့ မဖြစ်ဘူး။ တောက်လျှောက်ဖတ်ရလိမ့်မယ်။ ဒါပေမယ့် တချို့စာအုပ်ကျတော့လည်း နည်းနည်းချင်းဖတ်၊ တစိတ်စိတ်ဖတ်၊ ဖြည်းဖြည်းချင်း ဖတ်ရတာမျိုးတွေ ရှိတယ်။ ဥပမာပြောရရင် လက်တင်ကဗျာစာအုပ် တော်တော်များများဟာ အဲဒီလိုနည်းနဲ့ ဖတ်ရမယ့် စာအုပ်တွေ ဖြစ်တယ်။ ခုခေတ်မင်းကြိုက်တဲ့ ခေတ်ပေါ်ကဗျာဆရာများရဲ့ ကဗျာများဟာလည်း အဲဒီလိုနည်းနဲ့ ဖတ်ရမယ့်စာမျိုးတွေဖြစ်တယ်။ တစ်ပုဒ်ကို ရှစ်မိနစ်လောက် ဖတ်လိုက်ရင် ပြီးနိုင်တယ်။ ဘေးလ်ရဲ့ အဘိဓာန်ကျမ်းတို့၊ မိုရဲရီရဲ့အတ္ထုပ္ပတ္တိ အဘိဓာန်ကျမ်းနဲ့ အခြားသော အဘိဓာန်မျိုးတို့ကတော့ အားရင် မကြာခဏ လှန်ကြည့်ရမယ့် စာအုပ်မျိုးတွေဖြစ်တယ်။ မင်္ဂလာညပါ။

www.burmeseclassic.com

www.burmeseclassic.com

စာ-၂၇

လန်ဒန်၊ ဇန်နဝါရီ ၂ ရက်နေ့၊ ၁၇၄၈ ခုနှစ်။

လူလေး

လိုက်ပဇစ်မှာရှိနေတုန်း အချိန်ကိုကောင်းစွာ အသုံးချခဲ့တယ်လို့ သိရတဲ့အတွက် ဖေဖေဝမ်းသာတယ်။ မနက်ကနေ ညအိပ်ရာဝင်သည်အထိ အချိန်ကို အကျိုးရှိစွာ အသုံးချခဲ့တယ်လို့ပဲ ပြောရမှာဘဲ။ လူမိုက်လူ့ဖျင်းများကတော့ အချိန်အားမရအောင် အသုံးချရမလား၊ ကိုယ့်ကိုယ်တိုင်အဖို့တောင် အချိန်မရှိတော့ပါလားလို့ ပြောကောင်းပြောကြပေလိမ့်မယ်။ ဒါပေမယ့် သေသေချာချာ စဉ်းစားကြည့်လိုက်ရင် အချိန်ကို ခုလိုမှန်ကန်စွာ အသုံးချခဲ့တာသည်ပင်လျှင် ကိုယ့်ဖို့ချည်း မဟုတ်ဘူးလား။ ကိုယ့်ဖို့တင်တောင်မကပါဘူးလေ။ ဒါတွေဟာ နောင်အရှည်မှာ အတိုးတွေပွားအောင် လုပ်နေတာ။ နောင်နှစ်အတန်ကြာလာတဲ့အခါမှာ အဲဒီအတိုးတွေဟာ စုမိဆောင်းမိဖြစ်လာပြီး ကြီးမားတဲ့ အရင်းအနှီးကြီး တစ်ခုဖြစ်လာမှာပဲ။

မင်းနဲ့အတူ ဘော်ဒါဆောင်မှာ နေထိုင်တဲ့သူ ဆယ့်လေးယောက်အနက် ဆယ့်နှစ်ယောက်ဟာ လောကကြီးမှာ တော်တော်စိတ်ပျက်စရာကောင်းတဲ့ သူတွေ ဖြစ်ချင်ဖြစ်မယ်။ ရည်မွန်ယဉ်ကျေးမှု မရှိသူတွေ ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမယ့် သူတို့ကို ဘယ်တော့မှ အထင်သေးဟန် မပြမိအောင် အမြဲသတိထားပါ။ သူတို့ကို လှောင်ပြောင်အထင်သေးခြင်း မပြုမိအောင် ဂရုစိုက်ပါ။ ဒီလိုဆက်ဆံတာဟာ အသိဉာဏ်မရှိရာရောက်ရုံမျှမက ယဉ်ကျေးမှုမရှိရာလည်း ရောက်တယ်။ ဒီလိုလှောင်ပြောင်အထင်သေးမယ့်အစား သူတို့မှာရှိတဲ့ ကောင်းတဲ့အရည်အချင်းတွေကိုရှာပြီး ကိုယ့်အတွက်ရအောင်ယူပါ။ ဘယ်သူ့မှာပဲဖြစ်ဖြစ် ကောင်းတဲ့ အရည်အချင်းတော့ ရှိတတ်ကြတာပဲ။ အနည်းဆုံး ပြောရရင် သူတို့ဟာ မင်းကိုဂျာမန်ဘာသာစကား ပိုကောင်းအောင် ကူညီနိုင်



ဘယ်။ သူတို့ဟာ အတိုင်းတိုင်းအပြည်ပြည်ကလာကြသူတွေဖြစ်တဲ့အတွက် သူတို့တိုင်းပြည်နဲ့ ပတ်သက်လို့ ကိုယ်မသိတဲ့အကြောင်းတွေကို မေးနိုင်တယ်။ ဘယ်လောက်ပဲ ငြီးငွေ့စရာကောင်းကောင်း၊ ဘယ်လောက်ပဲစိတ်ပျက်စရာကောင်းကောင်း သူတို့ဆီက သူ တို့တိုင်းပြည်နဲ့ ပတ်သက်တဲ့ ဗဟုသုတတွေဆီ မေးမြန်းရှာဖွေနိုင်တယ်။ အနည်းဆုံးသူတို့ နိုင်ငံရဲ့ တရားဥပဒေတွေ၊ ဆုံးတမ်းစဉ်လာတွေ၊ အုပ်ချုပ်ရေးစနစ်အကြောင်းတွေ၊ သူတို့နိုင်ငံက ထင်ရှားတဲ့ မိသားစုအကြောင်းတွေကို သူတို့ဆီက မသိနိုင်ပေဘူးလား။ ဒီအရာတွေကို သိရတာဟာ မသိတာထက်ပိုပြီး မကောင်းပေဘူးလား။ သိကောသိထိုက်တဲ့ အရာတွေ မဟုတ်ဘူးလား။ လောကမှာ အစစအရာရာ အားလုံးကောင်းနေတဲ့ လူရယ်လို့ တစ်ယောက်မှ မရှိသလို အစစအရာရာ အားလုံးဆိုးတဲ့ လူရယ်လို့လည်း တစ်ယောက်မှမရှိနိုင်ဘူး။ တော်တဲ့ပေါင်းဖိုပိုင်ရှင်တစ်ယောက်ဟာ ဘယ်ပစ္စည်းကမဆို စိမ်ရေချက်နိုင်သလို ပညာဉာဏ်ရှိတဲ့သူ တစ်ယောက်ဟာလည်း ကျွမ်းကျင်မှု၊ စေ့စပ်မှုကိုသုံးပြီး ကိုယ်နဲ့ စကားပြောသူတိုင်းဆီက ပညာဗဟုသုတကို ထုတ်ယူနိုင်ရမယ်။

ခုဆိုရင် မင်းကို ကိုးလင်းနယ်စားကတော်ကြီးနဲ့လည်း မိတ်ဆက်ပေးပြီ။ ဒီတော့အချိန်အားရခဲ့ရင် မကြာခဏ သွားပေးပါ။ မြို့စားကတော်ကြီးဟာ အလွန်ယဉ်ကျေး သိမ်မွေ့ပြီး ဉာဏ်ပညာရှိတယ်လို့ ကြားရတယ်။ ခိုင်မာတဲ့ ဆုံးဖြတ်ချက်တစ်ခု သို့မဟုတ် ခိုင်မာတဲ့ အသိပညာတစ်ခုကို ရဖို့အတွက် အမျိုးသမီးတစ်ယောက်ဆီမှာ ဆည်းကပ်ရမယ်လို့တော့ ဖေဖေ ပြောချင်ပါဘူး။ ဒါပေမယ့် အမျိုးသမီးတွေနဲ့ ဆက်ဆံရခြင်းဟာလည်း ကောင်းတဲ့အချက်တွေ အများကြီးရှိတယ်။ အမျိုးသမီးတွေနဲ့ ပေါင်းသင်းဆက်ဆံတဲ့အတွက် အပြုအမူ၊ အပြောအဆိုတို့ဟာ တောက်ပပြီး အရောင်လက်လာတယ်။ ပြီးတော့ လောကအလယ်မှာ လိုအပ်တဲ့ သက်တောင့်သက်သာရှိမှုကိုလည်း ရစေတယ်။ ဒီအရည်အချင်းကတော့ အင်္ဂလိပ်လူမျိုးတွေမှာ အများအားဖြင့် ခေါင်းပါးတဲ့ အရည်အချင်းတစ်ခုပဲ။

မင်းရဲ့ညလည်စာဟာ သိပ်ပြီးကောင်းလွန်း၊ အရသာခံလွန်းတယ်လို့တော့ ဖေဖေမပြောလိုဘူး။ ဒါပေမယ့် ဝအောင်စားဖို့တော့လိုတယ်။ ဇွပ်ပြုတ်ပန်းကန်လောက်နဲ့ အာလူးနှစ်ပေါင်လောက်ကို ညလည်စာအဖြစ် စားရင် နောက်တစ်နေ့မနက်စာကို စိတ်ရှည်ရှည်နဲ့ စောင့်ဆိုင်းနိုင်တာပေါ့။ ညလယ်စာထဲက အစာတစ်ချို့ (အာလူး) ဟာ ဖေဖေ့မိတ်ဆွေတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပေပေတို့ အိုင်းရစ်လူမျိုးတွေ အမြဲစားကြတဲ့ အစာပဲ။ ဒါကြောင့်မို့ အိုင်းရစ်လူမျိုးဟာ ဥရောပမှာ အကြံ့ခိုင်ဆုံး၊ အကျန်းမာဆုံးလူမျိုးဖြစ်တယ်လို့ ထင်တာပဲ။

မင်းနဲ့ မစ္စတာဟာတီဆီကို ပေးတဲ့ ဖေဖေစာတော်တော်များများဟာ မရောက်ဘူးထင်တယ်။ ဖေဖေ့ဆီကို ပေးတဲ့ မင်းတို့စာတွေလည်း အကုန်မရောက်ဘူး။ နောင်စာရေးလို့ရင် ဖေဖေ့ဆီက စာတွေရတဲ့ နေ့စွဲတွေကို ထည့်ရေးစေချင်တယ်။ ဖေဖေလည်း မင်းတို့စာတွေရတဲ့ နေ့စွဲတွေကို ထည့်ပေးမယ်။

မင်းတို့ဆီက နောက်ဆုံးရတဲ့စာကတော့ နိုဝင်ဘာလ ၂၅ ရက်နေ့စွဲနဲ့ ရေးလိုက်တဲ့စာပဲ။

ဖေဖေ့ကျန်းမာရေးကလည်း သိပ်တော့မဆိုးပါဘူး။ အအေးမိတာလောက်ပဲ ရှိတယ်။ ဒါလည်း ခုတော့ ပျောက်သွားပြီ။

စာ–၂၈

လန်ဒန်၊ ဇန်နဝါရီ ၁၅ ရက်၊ ၁၇၄၈ ခုနှစ်။

…လေး

နောက်တစ်နှစ်အတွက် ဖေဖေ့ကို နှစ်သစ်ကူးလက်ဆောင်ပေးမယ်ဆိုလို့ …သာတယ်။ အဖိုးထိုက်တန်တဲ့ လက်ဆောင်ပေးလေလေ ဖေဖေကလည်း …ူးနုတင်လေလေ ဖြစ်ရမှာပေါ့။ ဘာလက်ဆောင်ကို ပေးမလဲဆိုတာကတော့ …င်းအပေါ်မှာတည်တယ်။ နှစ်တိုင်း ဖေဖေအလိုချင်ဆုံး လက်ဆောင်ကတော့ …အုပ်တစ်အုပ်အသစ် ပြန်ရိုက်သလို မင်းတစ်ယောက် လူသစ်ဖြစ်လာရေးပဲ။ …ဒီစာအုပ်ဟာ ပိုပြီး အကျအပေါက်နည်းရမယ်။ ပိုပြီး အရွယ်ပမာဏကြီးလာ…ယ်။ ပိုပြီးအမှားတွေကို ပြင်ဆင်ထားတာ ဖြစ်ရမယ်။

မင်းကဘုရင်ရဲ့ တရားရုံးတော်မှာလည်း တရားသူကြီးမလုပ်ချင်၊ …လန်မှာလည်း ရာထူးဂုဏ်ထူးတွေ မလိုချင်ဆိုတော့ တက္ကသိုလ်တစ်ခုခုမှာ …စာပေပါမောက္ခကော မလုပ်ချင်ဘူးလား။ အဲဒီအလုပ်ကတော့ ဂုဏ်လည်း …ယ်။ ဂရိစာပေကိုလည်း ဒီလောက်ကျွမ်းကျင်စရာမလိုဘူး။ (မင်းမှာ …တာလောက်နဲ့ ဖြစ်ပြီလို့ ဖေဖေယူဆတယ်။) ဒါကိုမှ မကြိုက်သေးဘူးဆို…့ ဖေဖေအနေနဲ့ ဘာကို အကြံပေးရမှန်းတောင် မပြောတတ်တော့ဘူး။ …ကြောင့်မို့ မင်းအနေနဲ့ ဘယ်လို အလုပ်မျိုးကို လုပ်ချင်သလဲဆိုတာ ဖေဖေ…ချင်တယ်။ ဒီအချိန်ဟာ ကိုယ်ဘယ်ပန်းတိုင်ကို သွားမယ်ဆိုတာ သတ်မှတ်…ယ့်အချိန်၊ လုပ်စရာရှိတာကို လုပ်ရမယ့်အချိန်ဖြစ်တယ်၊ မစ္စတာဟာတီ…ပြသလောက်ဆိုရင်တော့ မင်းဟာ နိုင်ငံရေးရာ ကျွမ်းကျင်သူတစ်ဦးဖြစ်ဖို့ …မှန်းနေတယ်လို့ သိရတယ်။ ဒီအတိုင်းမှန်ရင် ဖေဖေနေရာမှာ ဆက်ခံ…င်လုပ်ရုံပေါ့။ မင်းလုပ်ချင်တယ်ဆိုရင် ဖေဖေနုတ်ထွက်ပြီး မင်းကို

www.burmeseclassic.com

www.burmeseclassic.com



အချိန်မရွေးလွှဲပြောင်းပေးဖို့ အဆင်သင့်ပဲ။ ဒါပေမယ့် အဲဒီလို နိုင်ငံရေးရာ ကျွမ်းကျင်သူတစ်ဦးဖြစ်ချင်ရင် လိုအပ်တဲ့ အသေးအဖွဲ့ကလေးတွေကိုတော့ ပြင်ဆင်ထားရလိမ့်မယ်။ ဒီလိုဖြစ်ဖို့အတွက် ရှေးဟောင်းသမိုင်းနဲ့ ခေတ်သစ် သမိုင်းတို့အပြင် ဘာသာစကားများကို ကျွမ်းကျင်ဖို့လိုလိမ့်မယ်။ လူမျိုးတိုင်းရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံတွေ၊ အုပ်ချုပ်ရေးစနစ်တွေ၊ ရှေးဟောင်းနဲ့ခေတ်သစ် အင်ပါယာ နိုင်ငံကြီးတွေ ပေါ်ထွန်းလာပုံနဲ့ ပျက်စီးပြိုလဲသွားပုံတွေ၊ အဲဒီလို ပေါ်ထွန်းလာပုံနဲ့ ပျက်စီးသွားရတဲ့ အကြောင်းရင်းတွေ၊ တိုင်းပြည်တွေရဲ့ အင်အားတွေ၊ ကြွယ်ဝမှုတွေ၊ ကူးသန်းရောင်းဝယ်မှုတွေ။ ဒါတွေကို သိဖို့လို လိမ့်မယ်။ ဒီအရာတွေဟာ သေးဖွဲ့တယ်လို့ထင်ရပေမယ့် နိုင်ငံရေးသမားတစ် ယောက်အနေနဲ့ ကောင်းကောင်းသိဖို့လိုတယ်။ ဒါ့ကြောင့်မို့ အဲဒီအကြောင်း အရာတွေကို မင်းလေ့လာလိမ့်မယ်လို့ မျှော်လင့်တယ်။

နိုင်ငံခေါင်းဆောင်လုပ်တဲ့နေရာမှာ အခြားသော အရံ အရည်အချင်း များလည်း လိုသေးတယ်။ အဲဒီအရည်အချင်းတွေကိုရအောင် မင်းအားလပ်တဲ့ အချိန်မှာ ကြိုးစားလေ့လာထားပါ။ အဲဒီအရည်အချင်းတွေကတော့ မိမိရဲ့ စိတ်ကို ထိန်းချုပ်နိုင်ခြင်းပဲ။ ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် စိတ်လိုက်မာန်ပါ မဖြစ်ဖို့ အရေးကြီးတယ်။ နောက်အရည်အချင်း တစ်ခုကတော့ စိတ်ရှည်ခြင်း ပဲ။ အနှစ်မရှိတဲ့၊ သေးဖွဲ့တဲ့၊ လျော်ကန်ခြင်းမရှိတဲ့၊ ကျိုးကြောင်းညီညွတ်ခြင်း မရှိတဲ့စကားတွေကို စိတ်ရှည်စွာ နားထောင်နိုင်ရမယ်။ ဒီလိုနားထောင်ပြီး တစ်ဖက်သားကို စိတ်ထိခိုက်ခြင်း မရှိစေဘဲ ငြင်းပယ်တဲ့စကားကို ဆိုတတ် ရမယ်။ လိုက်လျောရင်လည်း တစ်ဖက်သားအနေနဲ့ အလေးအနက်ခံယူသွား အောင် ပြောတတ်ရမယ်။ နောက်တစ်ချက်ကတော့ ကျွမ်းကျင်လိမ္မာ မှုသားပြောဆိုခြင်းမရှိဘဲ အမှန်တရားတစ်ခုကို ဖုံးကွယ်နိုင်တဲ့ ကျွမ်းကျင်မှု ရှိရမယ်။ နောက်တစ်ခုက အခြားသူများရဲ့ မျက်နှာအမူအရာကို ဖတ်တတ် တဲ့ ထိုးထွင်းပါးနပ်မှုရှိရမယ်။ နောက်တစ်ခုက မင်းရဲ့စိတ်ထဲမှာ ဘာဖြစ်နေ တယ်ဆိုတာကို တစ်ခြားလူမသိနိုင်အောင် ဖုံးကွယ်ထားနိုင်တဲ့ တည်ငြိမ်မှု ရှိရမယ်။ သဘောကတော့ အပြင်ပန်းအားဖြင့် ပွင့်လင်းပြီး တကယ်အခံ အားဖြင့် သီးသန့်ဖြစ်နေရမယ်။ ဒီအရည်အချင်းတွေကတော့ နိုင်ငံရေးသမား တစ်ယောက်အဖို့ မရှိမဖြစ်တဲ့ အရည်အချင်းတွေပဲ။

စာ-၂၉

လန်ဒန်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ ၁၇၄၈ ခုနှစ်။

လူလေး

မင်းရဲ့နောက်ဆုံးစာထဲမှာ လိုက်ပဇစ်မှာ အချိန်ကို ကောင်းစွာအသုံးချ ခဲ့ကြောင်း ဖော်ပြထားတဲ့အတွက် ဖေဖေဝမ်းသာတယ်။ ဒီအတိုင်းပဲ အကျိုးရှိ အောင်နေပါ။ ဒီလိုသာအချိန်ကို မှန်ကန်စွာ အသုံးချသွားတတ်ရင် နောင်နှစ်နှစ် လောက်အတွင်းမှာ မင်းဟာ မင်းရွယ်တူတွေထက် သာသွားမှာပဲလို့ ဖေဖေ ယုံကြည်တယ်။ ဖေဖေမေးထားတဲ့ ဂျာမန်စကား နှစ်လုံးတို့ရဲ့ အဓိပ္ပာယ်ကို ရှင်းပြတဲ့အတွက် ကျေးဇူးတင်တယ်။ ဖေဖေအကြံပေးချင်တာကတော့ ဂျာမန် စကားကောင်းကောင်း တတ်ချင်ရင် ကိုယ့်အစေခံအဖြစ် ဂျာမန်စကားတစ်ခု တည်းကိုသာ ပြောတတ်တဲ့ ဂျာမန်အစေခံတစ်ယောက်ကို ငှားထားရင် အကောင်းဆုံးပဲထင်တယ်။ ဒီလိုဆိုရင် ဂျာမန်စကားကို ကောင်းကောင်းကျွမ်းကျင် သွားမှာ သေချာတယ်။ ဒါပေမယ့် ဘယ်လိုအစေခံကိုပဲငှားငှား အစေခံကို သူဝတ်ရမယ့်တူညီဝတ်စုံကို အမြဲဝတ်ဆင်ပါစေ။ အစေခံတွေမှာ အစေခံတွေ ဝတ်ရမယ့် တူညီဝတ်စုံမပါရင် တော်တော်အကြည့်ရဆိုးတယ်။ ပြီးတော့ အသုံးလည်း မတည့်ဘူး။ မင်းက နောက်ထပ် အစေခံတစ်ယောက်ငှားလိုက် ရင် လက်ရှိအစေခံက သူ့ကို အစေခံတူညီဝတ်စုံမဝတ်ဘဲ နေခွင့်ပေးဖို့ မင်းကိုတောင်းဆိုလိမ့်မယ်။ ဘဏ္ဍာစိုးကလည်း အလားတူတောင်းလိမ့်မယ်။ သဘောကတော့ သူတို့အနေနဲ့ မင်းကိုဆံပင်ဖြီးချင်ဖြီးပေးလိမ့်မယ်။ မုတ်ဆိတ် ရိတ်ချင်ရိတ်ပေးမယ်။ ဒါလောက်ပဲလုပ်မယ်။ တစ်ခြားအလုပ်တွေကိုတော့ လုပ်နိုင်တော့ဘူးဆိုတဲ့သဘောပဲ။ ဒါ့ကြောင့်မို့ မင်းကိုသတိပေးချင်တာက ဘယ်အစေခံကိုပဲဖြစ်ဖြစ် အသစ်ဖြစ်စေ၊ အဟောင်းဖြစ်စေ အစေခံတူညီဝတ်စုံ ဝတ်ဆွတ်ပါစေနဲ့။ မိုးရေထဲမှာ ဖုံတွေထဲမှာ မင်းကို အဝတ်အစားလဲပေးဖို့၊ •

www.burmeseclassic.com

www.burmeseclassic.com



ရထားနောက်ကွယ်မှာ မင်းကို အဝတ်အစားလဲပေးဖို့၊ ကုလားထိုင်မှာထိုင်ရင်းက မင်းကို အဝတ်အစားလဲ ပေးဖို့ အစေခံတစ်ယောက်ကို ခေါ်သွားရတာဟာ နေရာတကာမှာ မသင့်လျော်ဘူးဆိုတာ မင်းသိပါတယ်။ ဒါပေမယ့် မသင့်လျော်သည့်တိုင် လိုအပ်လာရင် ဒီအလုပ်တွေကို လုပ်ပေးဖို့အတွက် အစေခံကိုတော့ တူညီဝတ်စုံကို အမြဲဝတ်ခိုင်းထားရမယ်။

မွန်စီယာနဲ့ မဒမ်ဖလင်းမင်းတို့နဲ့တွေ့တယ်။ မင်းကို ချီးမွမ်းကြတဲ့အတွက် ဖေဖေဝမ်းသာတယ်။ အထူးသဖြင့် ယဉ်ကျေးသိမ်မွေ့တယ်လို့ ပြောကြတဲ့အတွက် ဖေဖေပိုပြီး ဝမ်းသာရတယ်။ ဖေဖေစိတ်ထဲမှာ ဒီလောက်မှ ယဉ်ကျေးသိမ်မွေ့ပါ့မလားလို့ သံသယဖြစ်နေခဲ့တာ ခုလို ကြားရတော့ ပိုပြီး ဝမ်းသာတာပေါ့။ မဒမ်ဖလင်းမင်းကဆိုရင် မင်းဟာ ရှက်ကိုးရှက်ကန်းမဖြစ်တတ်ဘူးတဲ့။ အေးအေးဆေးဆေး သက်သက်သာသာပဲတဲ့။ အဲဒီအချက်ကတော့ မင်းတို့အရွယ် အင်္ဂလိပ်လူမျိုးတစ်ယောက်အတွက် အရေးကြီးဆုံးပါပဲ။

ဖေဖေလည်း မနက်ဖြန်မှာ ဘာ့သ်ကိုသွားမယ်။ တစ်လလောက်တော့ ကြာလိမ့်မယ်ထင်တယ်။ ဖေဖေ့အဖို့တော့ ပိုကောင်းသွားတာပေါ့။ အလုပ်တာဝန်တွေက အနားရပြီးတဲ့နောက်မှာ အေးအေးဆေးဆေးနေခွင့်ရသွားတာပေါ့။ အဲဒီရောက်ရင် ဖေဖေဆီက စာတွေဒီထက်များများ ဖတ်ရလိမ့်မယ်ထင်တယ်။ မင်္ဂလာညပါ။

## စာ-၃၀

ဘာ့သ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ ၁၇၄၈ ခုနှစ်။

သုလေး

အငြိမ်းစားဘဝကို ဖေဖေပထမဆုံး အသုံးချလိုက်တာကတော့ ဘာ့သ်ကို ခရီးထွက်လိုက်တာပဲ။ မနေ့ကပဲ ဖေဖေဘာ့သ်ကို ရောက်တယ်။ ဖေဖေရဲ့ ကျန်းမာရေးကလည်း အခြေခံအားဖြင့် အဆိုးကြီးမဟုတ်သည့်တိုင် သင့်တင့်လျောက်ပတ်တဲ့ ဂရုစိုက်မှုမရှိခဲ့တဲ့အတွက် နည်းနည်းပါးပါးတော့ ပြင်စရာဆင်စရာကလေးတွေ ရှိနေတယ်။ ဘာ့သ်က စမ်းရေနဲ့ ကုလိုက်ရင်တော့ ကောင်းသွားမှာပါပဲ။ ဖေဖေလည်း ဘာ့သ်ကရေကို တစ်လလောက်သောက်လိုက်ဦးမယ်။ အဲဒီကမှ လန်ဒန်ကို ပြန်မယ်။ လန်ဒန်ရောက်ရင်တော့ အလုပ်တာဝန်တွေရဲ့အောက်မှာ ညည်းညူမနေရတော့ဘဲ အပေါင်းအသင်း၊ အသိုက်အဝန်းတွေကြားမှာ စိတ်အေးလက်အေးနေနိုင်ပြီပေါ့။ နောင်မှာ ဖေဖေ ဘယ်လိုနေထိုင်မယ်ဆိုတာနဲ့ ပတ်သက်လို့ ဆောင်ပုဒ်စာတမ်းကလေးတစ်ခု ရေးထားတယ်။ အဲဒီဆောင်ပုဒ်စာတမ်းကလေးကို ဖေဖေစာကြည့်ခန်းနံပူး နည်းမှာ ဆွဲထားတယ်။ အဲဒီဆောင်ပုဒ်ကလေးမှာ **"လွတ်လပ်မှုထက် အဖိုးတန်သောအရာမရှိ၊ ထိုအဖိုးတန်ရတနာကို ကောင်းစွာအသုံးပြုရာ၏"** လို့ ရေးထားတယ်။

စကားကြုံလို့ ပြောရဦးမယ်။ ဖေဖေအဖို့တော့ စာကြည့်ခန်းထဲမှာ နေရတာဟာ ပျော်ပြီးပျော်စရာကောင်းတာပဲ။ အဲဒီစာကြည့်ခန်းထဲကို ဝင်စဉ်မှာတော့ ပီတိကို ဘယ်လို ပီတိမျိုးနဲ့မှ မလဲနိုင်ဘူး။ ဒီလိုပီတိမျိုးကို ခံစားတတ်လာတာကလည်း တစ်ခြားကြောင့်မဟုတ်ဘူး။ မင်းအရွယ်လောက်ကတည်းက ဖေဖေဟာ စာကြည့်ခန်းထဲကို ရောက်ပြီး၊ စာအုပ်တွေကို ဖတ်ခဲ့ရလို့ပဲ။ အဲဒီတုန်းကတည်းက ဖေဖေဟာ စာကြည့်ခန်းထဲမှာနေပြီး စာအုပ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ချင်နေခဲ့တာ။ ဒါပေမယ့် အလုပ်အကိုင်နဲ့ ဖြစ်လာတဲ့အခါကျတော့ စာကြည့်ခန်းထဲကို သိပ်မရောက်ဖြစ်တော့ဘူး။ စာကိုလည်းကောင်းကောင်း မဖတ်ဖြစ်ခဲ့တော့ဘူး။ ခုတော့ စာကြည့်ခန်းထဲမှာ စာအုပ်တွေနဲ့ ဖေဖေ ကြိုက်သလောက် နေနိုင်ပြီဆိုတော့ ဖေဖေရဲ့ပီတိဟာ ပြည့်စုံတဲ့ပီတိဖြစ်သွားပြီးပေါ့။ ငယ်ငယ်တုန်းကတည်းက အသိပညာသစ်ပင်ကြီးကို စိုက်ပျိုးနိုင်ခဲ့တော့ ကြီးလာတဲ့အခါမှာ အရိပ်ခိုနိုင်ပြီပေါ့။ ဒါ့ကြောင့်မို့ မင်းလည်းငယ်စဉ် အရွယ်ကောင်းစဉ်မှာ အသိပညာသစ်ပင်ကို စိုက်ပျိုးပါ။ စိုက်ပျိုးရာမှာ ဒုက္ခခံရတာ အနည်းအကျဉ်းရှိသည့်တိုင် အကျိုးကျေးဇူး အလွန်ကြီးတယ်။

ဖေဖေဟာ ငယ်ငယ်တုန်းက လူငယ်ပီပီ အပျော်အပါး နည်းနည်းပါးပါးရှိခဲ့ဖူးတယ်။ ဒါပေမယ့် ဒီလို အပျော်အပါးရှိခဲ့တဲ့အတွက် ဖေဖေ နောင်တမရပါဘူး။ အပျော်အပါးဆိုတာ သူ့အရွယ်နဲ့သူရှိကြတာချည်းပဲ။ လူငယ်ဆိုတာ ပျော်ချင်ပါးချင်တာပဲ။ ဒီတော့ ငယ်တုန်းမှာ ပျော်ပျော်ပါးပါး နေရမှာပေါ့။ တကယ်လို့သာ ငယ်ငယ်တုန်းက ပျော်ပျော်ပါးပါး မနေခဲ့မိလို့ ခုကြီးမှ ပျော်မှုပါးမှုကို အထင်ကြီးတန်ဖိုးထားနေရင် မခက်ပါလား။ လူဆိုတာ ကိုယ်မသိတဲ့အရာ၊ ကိုယ်မတွေ့ဖူးတဲ့အရာကို ဒီလိုပဲအထင်ကြီး တန်ဖိုးထားတတ်ကြတယ် မဟုတ်လား။ ခုတော့ ဖေဖေဟာ ပျော်မှုပါးမှုဆိုတာ ဘယ်လိုဟာလဲဆိုတာ ငယ်ငယ်ကသိခဲ့ပြီး ဖြစ်လေတော့ အဲ့ဒီပျော်ပါးမှုရဲ့ တကယ့်တန်ဖိုးကိုလည်း သိသွားပြီ။ ပျော်ပါးမှုကို ပိုပြီး မတွက်တော့ဘူးပေါ့။ အလားတူပဲ အလုပ်တာဝန်တွေကြားမှာ ကုန်ခဲ့ရတဲ့အချိန်တွေအတွက်လည်း ဖေဖေနောင်တ မရပါဘူး။ အလုပ်ကိစ္စရဲ့ အပြင်ပန်းလောက်ကိုသာ မြင်သူတွေအဖို့ကတော့ ဒီလို လုပ်ငန်းတာဝန်တွေကို ထမ်းရွက်ရတာဟာ ပျော်စရာတွေရှိမှာပဲလို့ ထင်ကြမှာပေါ့။ ဒါ့ကြောင့်လည်း ဒီလိုအလုပ်တွေကို သူတို့မက်မောနေကြတာပေါ့။ တကယ်ကတော့ ဒီအလုပ်တွေရဲ့ သဘာဝကိုသိမှ အမှန်ကိုမြင်လာကြမှာ။ ဖေဖေကတော့ ပျော်မှုပါးမှုမှာရော၊ အလုပ်ကိစ္စမှာရော ကန့်လန့်ကာနောက်ကိုထဲထဲဝင်ဝင် ရောက်ခဲ့ဖူးသူဖြစ်လေတော့ ပရိသတ်မျက်စေ့ထဲမှာ အံ့ဩစရာကောင်းအောင် တောက်ပပြိုးပြက်နေတဲ့ အခမ်းအနား၊ အပြင်အဆင်တွေနောက်မှာ စက်သီးတွေ၊ ကြိုးတွေ ရှုတ်ယှက်ခတ်နေတာကို မြင်ခဲ့ဖူးပြီ။ ဒါ့ကြောင့်မို့ ခုလိုအလုပ်တာဝန်က အနားယူလိုက်ရတဲ့အခါမှာ နောင်တမရတဲ့အပြင် ကျေနပ်ရောင့်ရဲပြီး ပီတိတောင် ဖြစ်နေသေးတယ်။

ဒါပေမယ့် ဖေဖေနောင်တရတဲ့အရာ နောင်မှာလည်း နောင်တရနေ



မယ့်အရာတစ်ခုတော့ ရှိတယ်။ အဲဒါကတော့ ငယ်တုန်းရွယ်တုန်း၊ အချိန်ရှိတုန်းမှာ ဘာမှမလုပ်ဘဲ ပျင်းရိငြီးငွေ့ပြီး အချိန်ကုန်သွားတာမျိုးပဲ။ ဒါကလည်း လူငယ်တွေမှာ မဆင်မခြင်နေတတ်တဲ့အတွက် ပေါ်လာတဲ့ရလာဒ်ပဲ။ ဒါ့ကြောင့် ဒီလိုအချိန်တွေ အလဟသကုန်ပြီး အကျိုးမဲ့ အချည်းနှီးမဖြစ်အောင် အထူးသတိထားစေချင်တယ်။ ခဏငယ်ကလေးတွေဟာ အသုံးချတတ်ရင် အလွန်တန်ဖိုးကြီးမားတယ်။ အသုံးမချဘဲ လွှင့်ပစ်လိုက်မယ်ဆိုရင်တော့ နောင်မှာ အဲဒီအချိန်ကလေးတွေကို ဘယ်တော့မှ အစားပြန်ရတော့မှာ မဟုတ်ဘူး။ ဒါကြောင့်မို့ မင်းမှတ်ထားဖို့က အချိန်တိုင်း ခဏငယ်တိုင်းဟာ အသုံးဝင်တာချည်းပဲ။ အဲဒီအချိန်ကလေးတွေကို အသုံးမချလို့ရတဲ့ ပျော်ရွှင်မှုထက် အသုံးချလို့ရတဲ့ ပျော်ရွှင်မှုက ပိုပြီးကြီးမားတယ်။

အချိန်ကို အသုံးချရမယ်လို့ ဆိုလိုက်တဲ့အတွက် အချိန်ရှိသရွေ့ စာပေတွေကို သင်အံလေ့ကျက်နေရမယ်လို့ ဖေဖေပြောတာမဟုတ်ဘူး။ ဒီလို မလုပ်ရဘူး။ ပျော်ပါးမှုဆိုတာ သင့်တင့်လျောက်ပတ်တဲ့အချိန်မှာ လိုအပ်ရုံမျှမက အသုံးလည်းကျတယ်။ ပျော်ပါးမှုဟာ လောကကြီးအလယ်မှာ နေတတ်ထိုင်တတ်အောင် မင်းကို ပုံသွင်းပေးတယ်။ လူတွေအကြောင်း သင်ပေးတယ်။ လူတွေရဲ့ ပကတိအတွင်းသဘောကို မြင်အောင်ပြသပေးတယ်။ ဒါပေမယ့် ပျော်ပါးမှုအတွက် အချိန်ပေးရင်း အဲဒီပျော်ပါးမှုတွေကို အသုံးချတတ်အောင် ကြိုးစားပါ။ တစ်ချို့လူပျင်းတွေကို ဖေဖေတွေ့ဖူးတယ်။ သူတို့ဟာ ပျော်မှုပါးမှုမှာရော၊ အလုပ်ကိစ္စမှာရော၊ ဘာကိုမှ အလေးမထားတတ်ကြဘူး။ ပျော်ပါးမှုရဲ့ အရသာကိုလည်း မခံစားတတ်ကြဘူး။ အလုပ်ကိုလည်း မလုပ်တတ်ကြဘူး။ သူတို့ကိုယ်သူတို့ အပျော်အပါးကို ဝါသနာပါသူလို့သာ ထင်နေကြပေမယ့် တကယ်တော့ သူတို့ဟာ ပျော်ပါးမှုကို ရှာနေတဲ့လူတွေထဲမှာ အထတဖြုတ် ရောက်သွားတာပဲရှိတယ်။ အလားတူပဲ သူတို့ကိုယ်သူတို့ အလုပ်ကိစ္စတွေကို လုပ်နေကြတယ်လို့ ထင်နေကြပေမယ့် တကယ်တော့ သူတို့ဟာ ဘာမှလုပ်တဲ့လူတွေ မဟုတ်ဘူး။ အလုပ်လုပ်ရင် ဘာကိုပဲလုပ်လုပ် ရည်ရွယ်ချက်ရှိရှိလုပ်ပါ။ အပေါ်ယံမလုပ်ပါနဲ့။ သေသေချာချာ ကျကျနနလုပ်ပါ။ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် အောက်ခြေထိအောင် သွားပါ။ တစ်ဝက်တစ်ပျက်လုပ်တာ တစ်ဝက်တစ်ပျက်သိတာဟာ လုံးလုံးမသိတာ လုံးလုံးမလုပ်တာနဲ့ အတူတူပဲ။ အဲဒါ ထက်တောင် ပိုဆိုးသေးတယ်ထင်တယ်။ လုံးလုံးမလုပ်တာ မသိတာက ကောင်းသေးတယ်။ တစ်ဝက်တစ်ပျက်လုပ် တစ်ဝက်တစ်ပျက်သိတာက အရှား

www.burmeseclassic.com

www.burmeseclassic.com



အယွင်းတွေ တွေ့နိုင်တယ်။ မင်း ယူတတ်လို့ရှိရင် လောကမှာ ပညာဗဟုသုတ မရနိုင်တဲ့နေရာ၊ မရနိုင်တဲ့အသိုင်းအဝိုင်းရယ်လို့ ဘယ်မှာမှမရှိဘူး။ ဘယ်သူ ဖြစ်ဖြစ် တစ်ခုခုအကြောင်းကိုတော့ သိထားတာချည်းပဲ။ သိတဲ့အခါမှာလည်း သူသိတဲ့အကြောင်းကို ပြောချင်ကြတဲ့လူချည်းပဲ။ ဒါ့ကြောင့် ဒီဘဝမှာဖြစ်ဖြစ် နောင်တမလွန်ဘဝမှာဖြစ်ဖြစ် ဘယ်အရာကိုမဆိုရှာပါ။ ရှာရင်တွေ့ပါလိမ့်မယ်။ အရာရာကိုကြည့်ပါ။ အရာရာကို စုံစမ်းမေးမြန်းပါ။ ဒီလိုဆိုရင် စပ်စုတဲ့ သဘောရောက်မနေပေဘူးလား၊ ဒီလိုမေးခွန်းတွေကို မေးတာဟာ သင့်လျော်ပါ့မလားလို့ ပြောကောင်းပြောမယ်။ အဲဒီလို ဖြစ်မဖြစ်ကတော့ မင်းရဲ့အပြုအမူ၊ မေးပုံမြန်းပုံပေါ်မှာတည်တယ်။ ဘယ်အရာဖြစ်ဖြစ် အကောင်းအဆိုး သင့် မသင့်ဟာ အပြုအမူပေါ်မှာ အများကြီးတည်တယ်။ ကျွန်တော်မေးလိုက်လို့ စိတ်မရှိပါနဲ့ခင်ဗျာ၊ နည်းနည်းများ အနှောက်အယှက် ဖြစ်များနေမလားမသိဘူး၊ တစ်ခြားလူတွေက ခင်ဗျားလို ဘယ်သူမှ မပြောနိုင်လို့ ဒီလိုမေးရတာပါခင်ဗျာ စသဖြင့် လိမ္မာယဉ်ကျေးစွာ ပြောရမယ်။

ခုဆိုရင် မင်းဟာ လူသာရီယန်းအယူဝါဒကို လိုက်နာတဲ့တိုင်းပြည်မှာ ရောက်နေပြီ။ ရောက်နေတုန်းမှာ ဘုရားကျောင်းတွေကိုသွားပါ။ သူတို့ရဲ့ ကိုးကွယ်ဝတ်ပြုမှုထုံးစံတွေကို လေ့လာပါ။ သူတို့အခမ်းအနားတွေကို တက်ရောက်ပြီး အဲဒီအခမ်းအနားတွေရဲ့ အဓိပ္ပာယ်တွေ၊ ရည်ရွယ်ချက်တွေကို မေးမြန်းစုံစမ်းပါ။ အဲဒီလိုလုပ်ရင် ဂျာမန်လူမျိုးအကြောင်းကို မင်းကောင်းကောင်းသိလာလိမ့်မယ်။ ပြီးတော့ သူတို့ရဲ့ တရားပွဲတွေကိုတက်ပြီး တရားနာပါ။ သူတို့မွေကထိကများ တရားဟောပုံကို မှတ်သားပါ။ သူတို့သာသနာကို ဘယ်လိုခန့်ခွဲအုပ်ချုပ်သလဲ။ နိုင်ငံတော်က အုပ်ချုပ်သလား။ သာသနာ့ခုံရုံးက အုပ်ချုပ်သလား။ သာသနာ့စည်းဝေးသဘင်က အုပ်ချုပ်သလားဆိုတာကို လေ့လာပါ။ ပြီးတော့ သာသနာအတွက် ထောက်ပံ့ငွေများ လှူငွေများကိုလည်း ဘယ်ကရသလဲ။ ဝတ္ထုကမြေ အခွန်တော်များကရသလား။ လှူဒါန်းငွေများက ရသလား၊ အစိုးရထောက်ပံ့ငွေများကရသလား။ ဘုရင်ဂျီဘာသာဝင်တိုင်းပြည် များကို ရောက်တဲ့အခါမှာလည်း ဒီလိုပဲ။ ဘုရင်ဂျီဘုရားရှိခိုးကျောင်းများ ကိုသွားပါ။ သူတို့အခမ်းအနားများကို လေ့လာပါ။ အဲဒီအခမ်းအနားတွေရဲ့ အဓိပ္ပာယ်ကို မေးမြန်းပါ။ သူတို့အခေါ်အဝေါ်တွေကို မှတ်သားပါ။ ဥပမာ အားဖြင့် အရဏ်ဝတ်၊ မိုးသောက်ဝတ်၊ မနက်ဝတ်၊ မွန်းတည့်ဝတ်၊ မွန်းယိမ်း ဝတ်၊ ညနေဝတ်၊ နေဝင်ချိန်ဝတ်၊ သန်းခေါင်ဝတ်ဆိုတဲ့ အခေါ်အဝေါ်တွေ



ဆိုပါတော့။ ပြီးတော့ ဘုရင်ဂျီဘာသာ သာသနာ့ဝန်ထမ်းတွေရဲ့ အဆင့်တွေ၊ သူတို့ရဲ့ ဝိနည်းတွေ၊ သူတို့ရဲ့ပဓာန နာယကတွေ၊ သူတို့ရဲ့ ဥပုသ်သီလတွေ၊ သူတို့ရဲ့အလေ့အထတွေ၊ သူတို့ရဲ့ အခွန်တော်ငွေတွေအကြောင်းကိုလည်း လေ့လာပါ။ အဲဒီလို အများပြည်သူကိုးကွယ်ဝတ်ပြုရာဌာနတွေကို တတ်နိုင်သမျှ ရောက်အောင်သွားကြည့်ပါ။ အဲ တစ်ခုတော့ ဖေဖေ သတိပေးလိုက်မယ်။ အဲဒီလို နေရာမျိုးတွေကို ရောက်တဲ့အခါမှာ ကိုယ့်အမြင်အရ သူတို့ ကိုးကွယ်မှုဟာ ဘယ်လောက်ပဲ မှားယွင်းနေတယ်လို့ ထင်သည့်တိုင် အဲဒီထုံးတမ်း ပဉ္စလာတွေဟာ လှောင်ပြောင်အထင်သေးစရာ မဟုတ်ဘူးဆိုတာပဲ။ ရိုးသား တဲ့အမှားကို လှောင်ပြောင်ခြင်းမပြုသင့်ဘူး။ သနားကရုဏာသက်သင့်တယ်။ ကမ္ဘာပေါ်မှာရှိတဲ့လူတွေအားလုံးရဲ့ ဝတ်ပြုကိုးကွယ်ရာဟာ အားလုံးအတူတူ ချည်းပဲ။ အားလုံးဟာ လူကို ဖန်ဆင်းလိုက်တဲ့ ထာဝရဘုရားသခင်ကို ကိုးကွယ်တာချည်းပဲ။ ဒါ့ကြောင့်မို့ ကိုးကွယ်ပုံချင်း ကွာခြားပေမယ့် သူတစ်ပါး ရဲ့ ကိုးကွယ်ပုံကို လှောင်ပြောင်အထင်သေးခြင်း မပြုအပ်ဘူး။ ဘာသာတိုင်း ဘာသာတိုင်း၊ ဂိုဏ်းတိုင်း ဂိုဏ်းတိုင်းဟာ ကိုယ်မှန်တယ်လို့ ထင်ကြတာချည်းပဲ။ ကိုယ့်ကိုးကွယ်နည်းဟာ အကောင်းဆုံးလို့ ထင်ကြတာချည်းပဲ။ မင်းရောက် လေရာ တိုင်းပြည်မှာ အခွန်တော်ကောက်ခံပုံ၊ စစ်တပ်ဖွဲ့စည်းပုံ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ပုလိပ်အဖွဲ့စတဲ့ အကြောင်းများကိုလည်း တတ်နိုင်သမျှ မေးမြန်း လေ့လာပါ။ ဒီလိုနေရာတွေကို သွားတဲ့အခါမှာ မှတ်စုစာအုပ်ကလေးတစ်အုပ် ကို အမြဲဆောင်သွားပါ။ ဂျာမန်တွေကတော့ အဲဒီလိုမှတ်စုစာအုပ်ကလေးတွေ ကို အယ်လ်ဘမ်လို့ခေါ်တယ်။ ဒီလို မှတ်သားတဲ့နေရာမှာလည်း အများသူငါ ယုံလေ့ရှိသလို တွေ့သမျှလူက ပြောတာတွေကိုချည်းလဲ လိုက်မှတ်မနေနဲ့၊ ယုံလောက်တဲ့ ပြောရေးဆိုခွင့်ရှိသူများက ပြောတာတွေကိုလောက်ပဲ မှတ်ပါ။

ဩော် မင်း မေးမြန်းစုံစမ်းရမယ့် အကြောင်းအရာတစ်ခုကို ရေးဖို့ ကျန်နေသေးတယ်။ တရားစီရင်ရေးကိစ္စပါ။ သူတို့ဆီမှာ တရားစီရင်တာဟာ အများသူငါ သွားလာနားထောင်နိုင်တဲ့ တရားရုံးတော်မှာ စီရင်လေ့ရှိတဲ့အတွက် ဖြစ်နိုင်ရင် သွားရောက်နားထောင်ပါ။ လေ့လာမှတ်သားပါ။

ခုဆိုရင် ဖေဖေ့မှာ စိုးရိမ်စရာ တစ်ခုပဲ ရှိတော့တယ်။ အဲဒါကတော့ မင်းဟာ လောကမှာ အစစအရာရာတော်တဲ့၊ ပြီးပြည့်စုံတဲ့သူရယ်လို့ ဘယ်သူမှ မရှိ ပေမယ့် မင်းကိုတော့ ပြီးပြည့်စုံတဲ့လူတစ်ယောက်ဖြစ်စေချင်တယ်။ ဒါပေမယ့် ဒါဟာ မဖြစ်နိုင်တဲ့ကိစ္စဖြစ်လေတော့ အတတ်နိုင်ဆုံး ပြီးပြည့်စုံတဲ့ လူတစ်

www.burmeseclassic.com



ယောက်ဖြစ်ဖို့ပဲ ဖေဖေဆုတောင်းတယ်။ ဒီလို ပြီးပြည့်စုံအောင် လုပ်ဖို့ဆိုတာကလည်း ကိုယ်မှလွဲလျှင် တစ်ခြား ဘယ်သူမှ တတ်နိုင်တဲ့ကိစ္စမျိုး မဟုတ်ဘူး။ မင်း ပညာရေးအတွက် အားစိုက်ပေးသလောက် ဘယ်သူ့အတွက်ကိုမှ ဖေဖေ အားမစိုက်ခဲ့ဖူးဘူး ။ ပညာဗဟုသုတကို ရှာမှီးဖို့ အခွင့်အရေးရှိတဲ့သူဆိုလို့လည်း မင်းလောက်အခွင့်အရေးရတဲ့သူရယ်လို့ ဘယ်သူမှရှိမယ် မထင်ဘူး။ ဖေဖေကတော့ မျှော်လင့်ချည်တစ်လှည့်၊ ဆုတောင်းချည်တစ်လှည့်၊ သံသယဖြစ်ချည်တစ်လှည့်၊ စိုးရိမ်ချည်တစ်လှည့်နဲ့ ဖြစ်နေရတော့တာပဲ။ အဲ တစ်ခုတော့ ဖေဖေယုံကြည်ပါတယ်။ မင်းဟာ မင့်အဖေရဲ့ အကြီးဆုံးသော ကြိုးပမ်းအားထုတ်မှုတွေ အကြီးဆုံးသော ပျော်ရွှင်မှုတွေနဲ့ ထိုက်တန်အောင်တော့ လုပ်ပြနိုင်လိမ့်မယ်လို့။

စာ-၃၁

ဘာ့သ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ ၁၇၄၈ ခုနှစ်။

လေး

မြင့်မြတ်တဲ့အရည်အချင်းတိုင်း၊ ကောင်းတဲ့အရည်အချင်းတိုင်းမှာ အတူ ပါလာတတ်တဲ့ မမြင့်မြတ်မှုတွေ၊ မကောင်းမှုတွေ ရှိတတ်တယ်။ အဲဒီ ောင်းမှုတွေ၊ မြင့်မြတ်မှုတွေဟာ လိုအပ်သည်ထက် ပိုသွားရင်၊ နယ်နိမိတ်ကို ျော်သွားရင် မကောင်းမှုထဲကိုနစ်မြုပ်သွားတော့တာပဲ။ ရက်ရောသဘောထား ှုဟာ လွန်သွားရင် လက်ဖွာတဲ့အဖြစ်ကို ရောက်သွားတယ်။ ချွေတာ းဟာ လွန်သွားရင် ကပ်စေးနဲတဲ့အဖြစ်ကို ရောက်သွားတယ်။ သတ္တိကောင်း းဟာ လွန်သွားရင် မိုက်ရူးရဲအဖြစ်ကို ရောက်သွားတတ်တယ်။ သတိထားခြင်း လွန်သွားရင် ကြောက်တဲ့အဖြစ်ကို ရောက်သွားတတ်တယ်။ ဒါကြောင့် ဆောင်းမှုကို မှန်မှန်ကန်ကန်လုပ်ဖို့ဟာ မကောင်းမှုကို ရှောင်ဖို့ထက် ခက် ယ်၊ မကောင်းမှုဆိုတာ သူ့နဂိုပကတိအားဖြင့် အရုပ်ဆိုးတယ်။ မြင်လိုက် ့ဲ့ဲ့ ကို စက်ဆုတ်စရာကောင်းတယ်။ ဒါကြောင့်မို့ မကောင်းမှုဟာ လူကို ိုပကတိရုပ်နဲ့ ဆွဲဆောင်နိုင်တာ မဟုတ်ဘူး။ ပထမတစ်ကြိမ်မှာ ောင်းမှုဟာ ကောင်းမှုယောင်ဆောင် ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီးမှ လူကို ဆောင်လို့ရတယ်။ ဒါပေမယ့် ကောင်းမှုဆိုတာကတော့ နဂိုပကတိအား လှပတယ်။ မြင်မြင်ချင်း နှစ်လိုခုံမင်စရာကောင်းတယ်။ ဒီမှာတင် တ ကောင်းမှုကို သဘောကျသည်ထက် ကျလာပြီး ခုံမင်သည်ထက် င်သာတော့တာပဲ။ အခြားသော အလှအပများလို ကောင်းမှုဟာလည်း ယ်လို့မရှိဘူး၊ လွန်တယ်လို့မရှိဘူးလို့ ယူဆလာတတ်တယ်။ အဲဒီမှာတင် အချိန်မှာ အသင့်အတင့်ဖြစ်အောင်၊ မယုတ်မလွန်ဖြစ်အောင် လုပ်ရမယ် ကို သတိရဖို့ လိုလာပြီ။ ကောင်းမွန်တဲ့ကိစ္စတစ်ခုက ပေါ်ထွက်လာမယ့်

www.burmeseclassic.com

www.burmeseclassic.com



ရလဒ်ကို ဘယ်လိုသင့်တင့်အောင် သုံးစွဲရမလဲဆိုတာကို စဉ်းစားတတ်ဖို့ လိုလာတယ်။

ခု ဒီလိုတွေးခေါ်ပုံမျိုးကို ကောင်းမှုကိစ္စနဲ့ ထင်ဟပ်ပြီး မပြတော့ဘူး။ အဲဒီလို မစဉ်းစား မဆင်ခြင်လို့ သာမန်ကောင်းတဲ့အရည်အချင်းတစ်ခုဟာ ဘယ်လောက်လှောင်ပြောင်စရာ ဖြစ်သွားသလဲ၊ ဘယ်လောက် အပြစ်ပြောစရာ ဖြစ်သွားသလဲဆိုတာလောက်ကိုပဲ ပြလိုက်မယ်။ အဲဒီအရည်အချင်းကတော့ တခြားမဟုတ်ဘူး။ ပညာအလွန်အကျွံတတ်တဲ့ ကိစ္စပဲ။ ပညာကို ဉာဏ်နဲ့မချင့် တတ်ရင် အများတွေတတ်တယ်။ ဘဝင်မြင့်တဲ့အပြစ်ကို ရောက်တတ်တယ်။ ပညာရှိမဟုတ်ဘဲ ပညာရှိအဖြစ်ကို ရောက်တတ်တယ်။ မင်းဟာ ပညာထူးချွန်သူ တစ်ယောက်ဖြစ်လာမှာဖြစ်တဲ့အတွက် ဖေဖေ့အတွေ့အကြုံကနေ ထုတ်နုတ် ပြောလိုက်တဲ့ အဲဒီစကားတွေဟာ အသုံးကျလိမ့်မယ်လို့ မျှော်လင့်တယ်။

အချို့သောပညာရှိများဟာ သူတို့ပညာအတွက် မာနတက်ကြပြီး သူတို့ပြောတာမှ အမှန်ထင်ကြတယ်။ သူတို့ဆုံးဖြတ်တာကိုပဲ လိုက်နာစေချင် တယ်။ ရလဒ်ကတော့ လူ့လောကကြီးဟာ အစော်ကားခံရတဲ့အတွက် ချင် ဖြစ်လာတယ်။ ဖိနှိပ်ခံရတဲ့အတွက် နာကျည်းလာတယ်။ ဒီမှာတင် တော်လှန်ဖီဆန်လာတော့တာပဲ။ ဒီလိုအနိုင်ကျင့်မှုကို ခါချချင်တဲ့အတွက် တရားဝင်အာဏာစက်ကိုတောင် စိန်ခေါ်လာကြတော့တာပဲ။ ဒါကြောင့် မင်းဟာ ပညာတတ်လေလေ၊ ရိုကျိုးနှိမ့်ချမှုရှိလေလေ ဖြစ်ရမယ်။ စကားစပ်မိလို့ ပြောလိုက်ရဦးမယ်။ နှိမ့်ချရိုကျိုးခြင်းဟာ မင်းရဲ့မာနကို နှစ်သိမ့်မှုပေးရာ အသေချာဆုံးနည်းလမ်းပဲ။ မင်းစိတ်ထဲမှာ ဘယ်လောက်ပဲ သေချာနေပေမဲ့ မသေချာတဲ့အသွင်ပေါ်အောင်နေပါ။ တစ်ဖက်သားအပေါ်မှာ ငါစကားမျိုး မပြောပါနဲ့။ ကျိုးကြောင်းရှိရှိတင်ပြပါ။ တခြားသူကို သဘောပေါက်အောင် ပြောနေတဲ့အချိန်မှာ ကိုယ့်ကိုယ်ကို သဘောပေါက်အောင်ပြောတဲ့အသွင် ဆောင်ပါ။

အချို့သောသူများဟာ သူတို့ဘယ်လောက်ပညာတတ်ကြောင်း ပြသချင် တဲ့အတွက်၊ ဒါမှမဟုတ် သူတို့မှာ အတန်းပညာတွေ ဘယ်လောက်ရခဲ့ကြောင်း ပြချင်တဲ့အတွက် ရှေးခေတ်ကလူတွေကို ခုခေတ်လူတွေထက် ပိုတော် လူတွေအဖြစ် ချီးမြှောက်ပြောပြီး ခုခေတ်လူတွေကိုတော့ အဆင့်အတန်းမရှိ လူတွေလို ပြောလေ့ရှိကြတယ်။ သူတို့အိတ်ထဲကိုကြည့်လိုက်ရင်လည်း ရှေး ဟောင်းဂန္ထဝင်တစ်အုပ် နှစ်အုပ်လောက်တော့ အမြဲထည့်ထားကြတယ်။ သူတို့



ရှေးခေတ်ကစာတွေကိုပဲ ဖတ်တယ်။ ခုခေတ် စာညံ့ စာဖျင်း၊ စာပေါ့ စာလွင် တွေကို မဖတ်ဘူးလို့ ဆိုကြတယ်။ ပြီးတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀၀ လောက်ကအတွင်းမှာ သိပ္ပံပညာမှာရော၊ အနုပညာမှာရော ဘာမှမယ်ရရ တိုးတက်မှုမရှိခဲ့ဘူးလို့လည်း ပြောကြသေးတယ်။ မင်းဟာ ရှေးဟောင်းစာပေ တွေကို မလေ့လာဘဲမနေရုံတင်မကဘူး။ အဲဒီရှေးဟောင်းစာပေတွေကို ကျွမ်းကျင် နံ့စပ်ရမယ်။ ခေတ်စာပေအကြောင်းကိုပြောတဲ့အခါမှာ လှောင်ပြောင်အထင် သေးတဲ့သဘောနဲ့မပြောပါနဲ့။ ရှေးဟောင်း ဂန္ထဝင်အကြောင်းကို ပြောရာမှာ လည်း ကိုးကွယ်ဆည်းကပ်တဲ့သဘောနဲ့ မပြောပါနဲ့။ အဲဒီအရာတွေကို အကဲဖြတ်ရာမှာ ခေတ်နဲ့အကဲမဖြတ်ဘဲ သူတို့ရဲ့ အရည်အချင်းနဲ့ အကဲဖြတ်ပါ။ မင်းအိတ်ထဲမှာ ရှေးဟောင်းဂန္ထဝင်စာအုပ်များ ပါလာခဲ့ရင် ဒီစာအုပ်ကို လူမြင်အောင် မပြပါနဲ့။ ပါလာကြောင်းကိုလည်း မပြောပါနဲ့။

တချို့သောသုခမိန်များဟာ အများနဲ့ဆိုင်တဲ့ဘဝမှာရော၊ ကိုယ်ရေး ကိုယ်တာဘဝအတွက်ရော ဆောင်ပုဒ်တွေကို ချမှတ်ရာမှာ မပြောင်းလဲဘဲ အတူတူချမှတ်လေ့ရှိကြတယ်။ ဒီလိုလုပ်တာဟာ အဓိပ္ပာယ်မရှိဘူးလို့ ဖေဖေ ထင်တယ်။ ရှေးတုန်းက စာရေးဆရာကြီးတွေ၊ ပညာရှိကြီးတွေလည်း ဒီလိုပဲ အများဘဝနဲ့ ကိုယ်ရေးကိုယ်တာဘဝကို တစ်သဘောတည်းထားကြတာပဲလို့ ပြောလေ့ရှိကြတယ်။ အမှန်ကတော့ ရှေးတုန်းက စာရေးဆရာကြီးတွေ၊ ပညာရှိကြီးတွေဟာ အများဘဝနဲ့ ကိုယ်ရေးကိုယ်တာဘဝကို တစ်သဘောတည်း ထားလေ့မရှိကြပါဘူး။ ကမ္ဘာကြီးဖြစ်ပေါ်လာကတည်းက တစ်ခုနဲ့တစ်ခု ထပ်တူကျတဲ့အရာလို့ မရှိနိုင်ဘူး မဟုတ်လား။ နောက်တစ်ချက်က သမိုင်းဆရာ၊ ဘယ်ပညာရှိကဝိကမှလည်း အဖြစ်အပျက်တစ်ခုကို ပြောရာမှာ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တယ်လို့ တစ်ခါတည်း ပြောနိုင်ခဲ့ တာ မဟုတ်ပါဘူး။ အဖြစ်အပျက်ကို သိပြီးမှသာလျှင် အကြောင်းတရားကို ရှာကြရတာပါ။ အဖြစ်အပျက်တစ်ခုကို စစ်ဆေးတော့မယ်ဆိုရင် အဲဒီအဖြစ် အပျက်နဲ့တကွ ဒီအဖြစ်အပျက်ကို ပေါ်ပေါက်စေနိုင်တဲ့အခြေအနေတွေကို ပြီး ရှာဖွေရတာပါ။ ရှေးက ပညာရှိ ကဝိတွေကဆိုခဲ့လို့၊ သမိုင်းဆရာ ဆိုခဲ့လို့ လက်ခံကြတာမဟုတ်ပါဘူး။ မင်းလုပ်ချင်တယ်ဆိုရင် ရှေးတုန်းက ဆောင်ရှိခဲ့တဲ့အဖြစ်အပျက်တွေကိုတော့ စဉ်းစားနိုင်တယ်။ ဒါပေမယ့် အသိအဖြစ်သာယူပါ။ လမ်းညွှန်အဖြစ်မယူပါနဲ့။ တို့တစ်တွေဟာ ပညာ ကြားမှုကြောင့် တစ်ဖက်စောင်းနင်းဖြစ်သွားပြီး ရှေးက ပညာရှိကဝိတွေက

www.burmeseclassic.com

www.burmeseclassic.com



သူတို့သူ့ရဲကောင်းတွေကို အမွှမ်းတင်တာနဲ့ တို့ကလည်းလိုက်ပြီး ရှေးက အရှုးတွေကို အမွှမ်းတင်မိလျက်သား ဖြစ်နေတတ်တယ်။ ရှေးက ဂန္တဝင် ဆိုတိုင်း အဟုတ်ထင်နေကြတာကိုး။ ဖေဖေဟာ လီယိုနီးဒတ်စ်နဲ့ကားတီးယတ်စ် တို့ကို ရှေးအစဉ်အလာသမိုင်းမှာရှိခဲ့တဲ့ သူရဲကောင်းနှစ်ယောက်အနေနဲ့ ကြည်ညိုလေးစားပါတယ်။ ဒါပေမယ့် ဖေဖေတို့တိုင်းပြည်မှာ ဒီလို သူရဲကောင်း နှစ်ယောက်ကို အတုခိုးပြီး သူတို့လုပ်သလို လိုက်လုပ်မယ်ဆိုရင်တော့ တော်တော် ရယ်စရာကောင်းတဲ့ကိစ္စပဲ။ ရောမခေတ်တုန်းက စစ်ပွဲတစ်ပွဲမှာ ငန်းတွေကို မျှော်စင်ပေါ်မှာ ဖမ်းလှောင်ထားပြီး နောက်တော့ ရန်သူစစ်တပ်ထဲကို လွှတ်လိုက် သလို တို့ခုစစ်ပွဲမှာလည်း ငန်းတွေကို လန်ဒန်မျှော်စင်ကြီးပေါ်မှာ ပိတ်လှောင် ထားပြီး လွှတ်လိုက်လို့ ဖြစ်မတဲ့လား။ ဒီလိုပုံတူကူးယူမှုမျိုး၊ ဒီလိုအတုံးလိုက် အတစ်လိုက် တွေးခေါ်ပုံမျိုးနဲ့ဆိုရင်တော့ တော်တော်ဆင်းရဲတဲ့နိုင်ငံရေးသမား တစ်ယောက်ပဲဖြစ်မှာပဲ။

သူတို့လောက်မဆိုးပေမယ့် သူတို့နီးပါး မသိသာဆိုးရွားတဲ့ ပညာရှိ ကဝိတွေ ရှိသေးတယ်။ သူတို့ကတော့ မိန်းမတွေနဲ့ စကားပြောရာမှာတော် ရှေးခေတ်က ဂရိစာပေတွေ၊ လက်တင်စာပေတွေ ကောက်နုတ်ကိုးကားပြီး ကြွားဝါတတ်တဲ့ ပညာရှိမျိုးတွေပဲ။ ဒီလိုလူတွေကတော့ ရှေးခေတ်ဂန္တဝင်ထဲက စာပိုဒ်ကလေးတစ်ပိုဒ် နှစ်ပိုဒ်လောက်ကို အာဂုံကျက်၊ လူထုထုရှိတာနဲ့ အဲဒီ စာပိုဒ်ကလေးတွေကို အာဘောင်အာရင်းသန်သန်နဲ့ ကောက်နုတ်ကိုးကားပြီး သူတို့ကိုယ်သူတို့ ပညာရှိကဝိအထင်ခံချင်တတ်ကြတယ်။ ဒါကြောင့်မို့ မင်းဟာ ပညာရှိယောင်ယောင်လို့ အခေါ်မခံချင်ရင်၊ တစ်ပြိုင်နက်တည်းမှာ နလပိန်းတုံး လို့လည်း အထင်မခံချင်ရင် ပညာရှိယောင်မဆောင်ချင်ပါနဲ့။ ပညာရှိယောင် မကြွားဝါပါနဲ့။ လူတွေထဲရောက်ရင် အများသူငါ ပြောတဲ့စကားကိုပြောပါ။ လူတွေပြောသလိုပြောပါ။ ကောက်နုတ်ကိုးကားတာမျိုးတွေ မလုပ်ပါနဲ့။ မင်းရောက်ရှိနေတဲ့ အသိုင်းအဝိုင်းထဲကလူတွေထက် ပိုပြီးပညာရှိသယောင် ပိုပြီးတတ်သယောင်မပြပါနဲ့။ အိတ်ဆောင်နာရီကို ကိုယ်တစ်ယောက်တည်းသိ အိတ်ထဲမှာလူမမြင်အောင် ဆောင်ထားသလို ပညာကိုလည်း ကိုယ့်အိတ်ထဲမှာ ပဲဆောင်ထားပါ။ လူတွေရှေ့မှာ နာရီကို ထုတ်ပြပြီး မကြွားပါနဲ့။ ကိုယ့်ကို ဘယ်နှစ်နာရီရှိပြီလဲလို့ လာမေးမှပြောပါ။ မမေးဘဲနဲ့မပြောပါနဲ့။ အဆောင် သံချောင်းခေါက်သလို နာရီတိုင်း နာရီတိုင်းကို မောင်းခေါက်မနေပါနဲ့။

ချုပ်ပြောရမယ်ဆိုရင်တော့ ပညာ (ဂရိနဲ့ရောမစာပေတို့ကိုတတ်ခြင်း)



ဟာ အသုံးကျပြီး လိုအပ်တဲ့ အဆင်အယင်တစ်ခုပဲ။ ဒီနှစ်ခုကို မပိုင်နိုင်ရင် ရှက်စရာကောင်းတယ်။ ဒါပေမယ့် စောစောကပြောခဲ့တဲ့အမှားမျိုးတွေကို မမှားပါစေနဲ့။ ခေတ်သစ်ပညာဟာ ရှေးခေတ်ပညာတွေထက်လိုအပ်တယ်ဆိုတာ သတိချပ်ပါ။ ခေတ်သစ်ကမ္ဘာကြီးအကြောင်းကို ရှေးခေတ်ကမ္ဘာကြီးအကြောင်း ထက် ပိုနားလည်အောင် လုပ်ပါ။ နှစ်ခုစလုံးအကြောင်းကို ကောင်းကောင်း သိဖို့တော့ လိုအပ်တာပေါ့။

ခုလေးတင်ပဲ ၁၇ ရက်နေ့စွဲနဲ့ မင်းပေးလိုက်တဲ့စာကိုရတယ်။ ခုလောလောဆယ်မှာ မင့်ဘဝအတွက် ကြီးကျယ်တဲ့အပြောင်းအလဲကြီးတွေ မရှိသေးလို့ ရေးစရာမရှိဘူးလို့ထင်ရပေမယ့် ရေးမယ်ဆိုရင် စာတစ်စောင်ထဲမှာ ရေးစရာတွေ အများကြီးပဲ။ မြင်တယ်၊ ကြားတယ်၊ ဖတ်တယ်။ နေ့စဉ်နဲ့အမျှ အသစ်တွေဖြစ်ပေါ်နေတယ်။ ဒီအကြောင်းတွေနဲ့ပတ်သက်လို့ မင်းဘယ်လို ထင်သလဲ ဆိုတာကို ရေးပြရင်တောင် ရေးလို့ကုန်နိုင်မှာမဟုတ်ဘူး။ မင်းက ဘာအကြောင်းရေးရမလဲလို့ မေးလိုက်တဲ့အတွက် ရေးစရာအကြောင်းကို ပြောလိုက်မယ်။ ဂျာမနီက လူသာရီယန်းသာသနာ့ဂိုဏ်းအကြောင်း၊ သူတို့ရဲ့ သာသနာအုပ်ချုပ်ပုံအကြောင်း၊ ထောက်ပံ့မှုအကြောင်း၊ ဘုန်းကြီးတွေရဲ့ အခွင့်အာဏာနဲ့ ဘွဲ့တွေအကြောင်း အများကြီး ရေးလို့ရတာပဲ။

မင်းပြောတဲ့စာအုပ်ဟာ ဒီမှာတော်တော်ရှားတယ်။ အဖိုးလည်း တန်တယ်။ ဒါပေမယ့် ဖေဖေမလိုပါဘူး။ ခရီးသွားရင် စာအုပ်တွေ သိပ်ဝယ်နေရင် လိုက်ပစ္စည်းက ပြန်ထွက်တဲ့အခါ အသယ်ရခက်နေလိမ့်မယ်။ အကောင်းဆုံး ကတော့ အဲဒီကပြန်ရင် လိုတဲ့စာအုပ်တွေကို သင်္ဘောနဲ့ပြန်ပို့လိုက်တာ အကောင်းဆုံးပဲ။ သင်၏ဖေဖေ။

www.burmeseclassic.com

စာ-၃၂

ဘာ့သ်၊ မတ် ၉ ရက်၊ ၁၇၄၈ ခုနှစ်။

လူလေး

ဖေဖေမကြာခဏ ဆုံးမသွန်သင်ခဲ့တာကို မင်းလိုက်နာဖို့ မကြာခဏ ပျက်ကွက်ခဲ့တယ်၊ ခုလည်း ဒီစကားကိုပဲ ဖေဖေထပ်ပြောရဦးမယ်။ အဲဒီစကား ကတော့ **ယဉ်ကျေးသိမ်မွေ့မှုကို ပူဇော်ပါ**ဆိုတဲ့စကားပဲ (တစ်နေ့မှာ ဂရိပညာရှိ ပလေတိုက အမြဲတမ်းသုန်မှုန်ပြီး ယဉ်ကျေးသိမ်မွေ့မှုမရှိတဲ့ ဒဿနဆရာဇီနို ကရေတီးကို ပြောသတဲ့။ အဲဒီစကားကတော့ အချင်းဇီနိုကရေးတီး၊ ယဉ်ကျေး သိမ်မွေ့မှုကို ပူဇော်လေဆိုတဲ့စကားဖြစ်သတဲ့။) ယဉ်ကျေးသိမ်မွေ့ခြင်းမရှိတဲ့ စကားနဲ့ ယဉ်ကျေးသိမ်မွေ့ခြင်းမရှိတဲ့အလုပ်က ပေါ်ထွက်လာတဲ့ရလဒ်ဟာ ယဉ်ကျေးသိမ်မွေ့တဲ့စကားနဲ့ အလုပ်တို့က ပေါ်ထွက်လာတဲ့ရလဒ်နဲ့ မနှိုင်းယှဉ် သာအောင် ကွာခြားတယ်။ ယဉ်ကျေးသိမ်မွေ့တဲ့စကားနဲ့အလုပ်ဟာ တဖက် သားရဲ့ စိတ်နှလုံးကို ယိုဖိတ်စေတယ်။ စိတ်နှလုံးယိုဖိတ်တာဟာ ကိုယ့်အပေါ် မှာ ချစ်ခင်နားလည်မှုကို ကြီးစွာ အထောက်အကူဖြစ်စေတယ်။ ဒါကြောင့်မို့ ကိုယ့်အကျိုးရှိစေချင်ရင် ယဉ်ကျေးသိမ်မွေ့မှုရှိဖို့လိုတယ်။ မိန်းမတွေ ချစ်စရာ ကောင်းတာဟာ တခြားကြောင့် မဟုတ်ဘူး။ ယဉ်ကျေးသိမ်မွေ့မှုရှိတဲ့ အတွက်ကြောင့်ပဲ။ မိန်းမတွေတင်မကဘူး ယောကျ်ားတွေ၊ အတော်ဆုံးဆိုတဲ့ ယောကျ်ားတွေ ချစ်ခင်နှစ်လိုဖွယ်ကောင်းတာဟာလည်း အဲဒီယဉ်ကျေး သိမ်မွေ့မှုကြောင့်ပဲ။ တစ်ဘက်သားက ကိုယ့်ကိုချစ်ခင်နှစ်သက်စေချင်ရင် ယဉ်ကျေးသိမ်မွေ့မှုကို ပြရမယ်၊ ပညာရှိရှိရှေဖိုးကောက **ယဉ်ကျေးသိမ်မွေ့မှုသည် အောင်ကြောင်းတရားဖြစ်၏**လို့ ပြောခဲ့ဖူးတယ်။ ဒါကြောင့်မို့ ယဉ်ကျေးသိမ်မွေ့ မှုဟာ တစ်ဖက်သားရဲ့စိတ်နှလုံးကိုဆွဲဆောင်ရာမှာ အရေးကြီးတယ်။ ကိုယ့် မှာ တခြားအရည်အချင်းတွေ ဘယ်လောက်ပဲရှိနေနေ ဘယ်လောက်ပဲတော်နေနေ ယဉ်ကျေးသိမ်မွေ့မှု မရှိရင် အချည်းနှီးပဲ။ မင်းမှာ တော်တဲ့အရည်အချင်းတွေ



ရှိတဲ့အတွက် မင်းကို အထင်ကြီးကောင်းကြီးမယ်။ ဒါပေမယ့် ယဉ်ကျေးသိမ်မွေ့ မှုမရှိရင် ချင်ခင်နှစ်သက်မှုကိုတော့ ရမှာမဟုတ်ဘူး။ တစ်နည်းပြောရရင် တစ်ဘက်သားရဲ့နှလုံးသားကိုတော့ ရမှာမဟုတ်ဘူး။ မင်းဟာတစ်ဖက်သားရဲ့ ချစ်ခင်နှစ်သက်မှုကို ရချင်ရင် မင်းရဲ့ ပင်ကိုယ်အရည်အချင်းတွေအပြင် သူတစ်ပါးအပေါ်မှာ ယဉ်ကျေးသိမ်မွေ့မှုကိုလည်း ပြရလိမ့်မယ်။ သူ့ကိုကူညီ ယိုင်းပင်းရမယ်၊ စောင်မရမယ်။ လေးစားရမယ်။ အထင်ကြီးရမယ်။ လိုက်လျော ရမယ်။ ဂရုစိုက်ရမယ်။ အဲဒီအလုပ်တွေကိုလုပ်တဲ့နေရာမှာ ယဉ်ကျေးသိမ်မွေ့ တဲ့အမူအရာကို ပြနိုင်ရင် သူ့နှလုံးသားကို ဖွင့်နိုင်ပြီလို့ အောက်မေ့ပေတော့။

မနှစ်သက်စရာ အမူအရာမျိုးကိုပြတာ၊ စကားကို မထိလေးစားပြောတာ၊ ကိုယ့်ကိုယ်ကို ကားရားဝတ်စားဆင်ယင်တာ၊ စကားပြောရင် တစ်ဖက်သားကို မလေး မခန့်ပြောတာ၊ သူတပါးပြောတဲ့စကားကို အလေးဂရုမပြုတာတို့ဟာ တစ်ဖက် သားကို မင့်အပေါ်မှာမနှစ်သက်တဲ့ စိတ်ထားကို အလိုလိုပေါ်ပေါက်လာစေတယ်။ တစ်ဖက်လူက ကိုယ့်ကိုဒီလိုဆက်ဆံလာရင်လည်း သူ့ဖာသာသူ ဘယ်လောက်ပဲ တော်နေနေ ဘယ်လောက်ပဲ အရည်အချင်းရှိနေနေ အဲဒီလူအပေါ်ကို မနှစ် သက်တဲ့စိတ်ထား ဖြစ်ပေါ်လာမှာ အမှန်ပဲ။ တကယ်လို့ ကိုယ့်အပေါ်မှာ တရိုတသေ၊ တလေးတစား၊ ပျူပျူငှာငှာ ဆက်ဆံလာရင် ကိုယ်ကလည်း အဲဒီလူအပေါ်မှာ အလိုလို ချစ်ခင်နှစ်သက်လာတတ်တယ်။ အဲဒါကို မြဲမြဲ မှတ်ထားပါ။ မင်းဟာ တစ်ဖက်သားအပေါ်မှာ အဲဒီလို အရည်အချင်းတွေ ရှိလိမ့်မယ်လို့ မျှော်လင့်ထားပြီး မျှော်လင့်တဲ့အတိုင်း ဖြစ်မလာရင် စိတ်ပျက်မှာပဲ။ အလားတူပဲ တစ်ဖက်သားက ကိုယ့်အပေါ်မှာ အရည်အချင်းကောင်းတွေ ရှိလိမ့်မယ်လို့ မျှော်လင့်ထားပြီး ဆက်ဆံလိုက်တာနဲ့ မျှော်လင့်သလို ဖြစ်မလာရင် ကိုယ့်အပေါ်မှာလည်း စိတ်ပျက်သွားမှာပဲ။ တစ်ဖက်သားကို နှစ်သက်ကျေနပ် စေတဲ့ ယဉ်ကျေးသိမ်မွေ့မှုဆိုတဲ့စကားလုံးထဲမှာ အသေးအဖွဲ့ အရာကလေးတွေ ပါဝင်ပေါင်းများစွာ ပါဝင်တယ်။ အဲဒါတွေကို တစ်ခုချင်း လိုက်ပြောနေလို့ ပြီးတာမဟုတ်ဘူး။ လူတစ်ယောက်ဟာ သနရုပ်လည်း ဖြစ်တယ်၊ အနေအထိုင် လည်း နူးညံ့သိမ်မွေ့တယ်၊ အဝတ်အစားကိုလည်း အထိုက်အလျောက် သင့်တယ်ပြေပြစ်အောင် ဝတ်တတ်တယ်၊ အသံကလည်း ချိုတယ်၊ မျက်နှာထား ကလည်း ရယ်မောခြင်းမရှိ ရွှင်လန်းပြီး ပွင့်လင်းတယ်။ စကားအပြောအဆို ကလည်း ပီသရှင်းလင်းပြီး ယဉ်ကျေးတယ်။ ဒီအရာတွေအားလုံးနဲ့ အခြား အရာများစွာတို့ဟာ ယဉ်ကျေးသိမ်မွေ့ခြင်းဆိုတဲ့အထဲမှာ အကျုံးဝင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးသိမ်မွေ့ခြင်းဆိုတာ ဘာလဲလို့ တိတိကျကျ သတ်မှတ်လို့ မရပေမယ့် လူတိုင်းရဲ့စိတ်ထဲမှာတော့ အလိုလို သိနေကြတယ်။ ဒီတော့ တစ်ဖက်သားနဲ့ ဆက်ဆံရာမှာ မင်းဘာကို သဘောကျသလဲ၊ ဘာကို သဘောမကျသလဲဆိုတာကို သေသေချာချာ စဉ်းစားပါ။ အဲဒီအခါမှာ တစ်ဖက်သားက ကိုယ့်အပေါ်မှာ ဘာကိုသဘောကျသလဲ ဘာကိုသဘောမကျသလဲ ဆိုတာကိုလည်း အလိုလို သိလာလိမ့်မယ်။

စာစောက ရယ်တဲ့အကြောင်းကို ဖေဖေပြောခဲ့တယ်။ ဒီနေရာမှာ အရယ်မသန်ဖို့ ဖေဖေ မင်းကို အထူးသတိပေးချင်တယ်။ ဖေဖေ့သဘောကို ပြောရရင် မင်းတစ်သက်လုံးပြုံးတာကို ဖေဖေမြင်ချင်တယ်။ ဒါပေမယ့် ရယ်သံကို ဖေဖေမကြားချင်ဘူး။ မကြာခဏ ကျယ်လောင်စွာ ရယ်ခြင်းဟာ မိုက်မဲမှုနဲ့ ရိုင်းပြမှုရဲ့ လက္ခဏာချက်တွေ ဖြစ်တယ်။ ကျယ်လောင်စွာရယ်ခြင်းဟာ ရွှေနှမ်းတဲ့ အရာတွေကို ရွှေနှမ်းတဲ့ပျော်ရွှင်မှုနဲ့ ပြသတတ်တဲ့ လူဖျင်းလူညံ့တို့ရဲ့ အမူအရာဖြစ်တယ်။ ဖေဖေ့အထင်မှာတော့ ကျယ်ကျယ်လောင်လောင် ရယ်မောတာလောက် ရိုင်းပြတဲ့ မယဉ်ကျေးတဲ့ အမူအရာရယ်လို့ မရှိဘူးလို့တောင်ထင်တယ်။ တကယ့်ဇဂနဉာဏ်၊ တကယ့်ဟာသဉာဏ်ဆိုတာ တစ်ဖက်သားကို ကျယ်ကျယ်လောင်လောင်ရယ်အောင် ဘယ်တော့မှ ကလိမထိုးဘူး။ တကယ့်ဇဝနဉာဏ်နဲ့ တကယ့်ဟာသဉာဏ်ဆိုတာ အဲဒီအရာတွေရဲ့ အထက်မှာ ရှိတယ်၊ တကယ့်ဟာသဉာဏ်ဆိုတာ စိတ်ကိုရွှင်ပြုံးစေပြီး မျက်နှာကို ကြည်လင်ရွှင်လန်းစေတယ်။ အောက်တန်းကျတဲ့ ပြက်လုံး၊ ရွှေနှမ်းတဲ့အဖြစ်အပျက်တို့ကသာလျှင် တစ်ဘက်သားကို ကျယ်ကျယ်လောင်လောင် ရယ်မောစေတတ်တာဖြစ်တယ်။ အဆင့်အတန်းရှိပြီး ဉာဏ်အမြော်မြင်ရှိတဲ့ လူများဟာ အဲဒီလို အောက်တန်းကျတဲ့ ပြက်လုံးတွေရဲ့အထက်မှာ ရှိသင့်တယ်။ လူတစ်ယောက်ဟာ သူ့နောက်မှာ ကုလားထိုင်ရှိတယ်အထင်နဲ့ ထိုင်ချလိုက်တယ်။ အဲဒီမှာတင် ဖင်ထိုင်လျက် ကျသွားတယ်။ ဒီမှာတင် အားလုံးက တဟားဟား တဟီးဟီး ဝိုင်းရယ်ကြတယ်၊ ဒါပေမယ့် တကယ့်ဟာသဉာဏ်ရှိသူ တကယ့်ဉာဏ်အမြော်အမြင်ရှိသူကတော့ ရယ်လိမ့်မယ်မဟုတ်ဘူး။ ဒီလိုရယ်ခြင်းမျိုးကတော့ တော်တော်အောက်တန်းကျပြီး တော်တော်ရိုင်းစိုင်းတဲ့ ရယ်ခြင်းမျိုးပဲ။ ရယ်ချင်စိတ်ဟာ စဉ်းစားဉာဏ်နဲ့ ချုပ်တည်းလိုက်ရင် ချုပ်တည်းလို့ လွယ်ပါတယ်။ ဒါပေမယ့် ရယ်တယ်ဆိုတာ ပျော်ရွှင်တာနဲ့ ယေဘုယျအားဖြင့် ဆက်စပ်နေလေတော့ ရယ်ခြင်းရဲ့ အနှစ်မရှိပုံကို လူတွေတော်တော်နဲ့ သဘော



မပေါက်နိုင်ပဲ ဖြစ်နေကြတယ်။ ဖေဖေဟာ စိတ်ညစ်ညူးတတ်တဲ့ လူတစ်ယောက် မဟုတ်ဘူး။ တစ်ဖက်သားကို ရှလောင်ပြောင်အထင်သေးတတ်တဲ့လူ မဟုတ်ပါဘူး။ တစ်ခြားလူတွေလိုပဲ ကြည်နူးသာယာချင်တဲ့လူမျိုးပါ။ ဒါပေမယ့် ဖေဖေဟာ စဉ်းစားဉာဏ်ကို ကောင်းစွာ အသုံးပြုခဲ့တဲ့အတွက် ဖေဖေ့အသိုင်းအဝိုင်းမှာ ဖေဖေ့ရယ်သံကိုကြားဖူးတဲ့သူ တစ်ယောက်မှမရှိဘူးလို့ ထင်တယ်။ လူတော်တော်များများဟာ ပထမအနေရခက်လို့ နောက်တော့ အကျင့်ပါလာလို့လား မသိဘူး။ စကားပြောရင် ရယ်ရယ်ပြီး ပြောတတ်တယ်။ ဒီလို ရယ်ရယ်ပြီး စကားပြောတာဟာ တော်တော်မနှစ်သက်စရာကောင်းပြီး တော်တော် ရွှေနှမ်းတဲ့အကျင့်လို့ ဖေဖေထင်တယ်။ မစ္စတာဝေါလားဆိုတဲ့ တော်တော် ဉာဏ်ပညာ အမြော်အမြင်ရှိတဲ့ လူတစ်ယောက်ကို ဖေဖေတွေ့ဖူးတယ်။ ဘယ်လောက်ပဲ မထူးဆန်းတဲ့အကြောင်းအရာကလေးတစ်ခုကို ပြောတာပဲဖြစ်ဖြစ် ရယ်ရယ်ပြီး ပြောလေ့ရှိတယ်။ မရယ်ဘဲနဲ့ သူစကားပြောတဲ့အခါရယ်လို့ ဖေဖေတစ်ခါမှ မတွေ့ဖူးသေးဘူး။ ဒီတော့ အကြောင်းမသိတဲ့သူတွေက သူရယ်ပြီး စကားပြောတာကိုမြင်တော့ အူတူတူလူပဲလို့ ပထမထင်သွားကြတာချည်းပဲ။ နောက်တော့သာ အနကြောင်းသိသွားကြတာ။

အဲဒီအလေ့အထနဲ့အလားတူ မနှစ်သက်စရာကောင်းတဲ့ အလေ့အထများဟာ လူ့လောကကြီးထဲကို စတင်ဝင်ရောက်ခဲ့ကြတုန်းက ယောင်တီးယောင်တ၊ ခွကျကျဖြစ်ခဲ့ရာက အစပြုခဲ့တာချည်းပဲ။ အဲဒီလူမျိုးတွေဟာ လူတောထဲ ဝင်ရမှာကိုရှက်ကြတယ်။ လူတောထဲရောက်တော့ အိုးနင်းခွက်နင်း မနေတတ်မထိုင်တတ်တွေ ဖြစ်ကုန်ပြီး ကိုယ်ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်ကုန်ကြတယ်။ ဣန္ဒြေရအောင်ဆိုပြီး နည်းအမျိုးမျိုးကို သုံးကြတယ်။ ဒီလိုနဲ့ အဲဒီနည်းတွေဟာ နောင်မှာလုပ်ဖန်များလာတော့ အလေ့အထဖြစ်သွားတော့တာပဲ။ တစ်ချို့က နှာခေါင်းကို နှိုက်တယ်။ တစ်ချို့က ခေါင်းကုတ်တယ်။ တစ်ချို့က ဦးထုပ်ကို လက်ထဲမှာ ကိုင်ပြီးလှည့်တယ်။ အတိုချုပ် ပြောရရင်တော့ မွန်ရည် ယဉ်ကျေးခြင်းမရှိ ခွကျကျလူတိုင်းဟာ အဲဒီနည်းတွေကို သုံးကြတာပဲ။ ဒီလို အလေ့အထတွေဟာ ရာဇဝတ်မှုတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် အဲဒီ အလေ့အထတွေဟာ တစ်ဖက်သားရဲ့စိတ်နှလုံးကို ကြည်နူးနှစ်သက်အောင် လုပ်ရာမှာ အတားအဆီးတွေ ဖြစ်တဲ့အတွက် သတိထားပြီး ရှောင်သင့်တာတော့အမှန်ပဲ။ တစ်ဖက်သားကို ကျေနပ်အောင်လုပ်တယ်ဆိုတာ တစ်ဖက်သားအပေါ်မှာ အောင်နိုင်အောင် လုပ်တယ်ဆိုတာ သတိပြုပါ။ ဒါမှမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သားကို အောင်နိုင်အောင်လုပ်ရာမှာ အရေးကြီးတဲ့ခြေလှမ်းတစ်ခုဆိုတာ သတိပြုပါ။ အထူးသဖြင့် ရှေ့ဘဝတက်လမ်းကိုရှာမယ့် မင်းအဖို့ အဲဒီ အတတ်ပညာကို သေသေချာချာ လေ့လာပါ။ အင်္ဂလန်ထွက်သွားတုန်းက မင်းမှာ အနေအထိုင်နဲ့ပတ်သက်လို့ ဆောင်ရန်၊ ရှောင်ရန်တွေကို သင်ကြားမသွား ရသေးဘူး။ အင်္ဂလန်မှာတော့ ဒီလိုမှ သင်ကြားလေ့မရှိကြပဲကိုး။ ဒါပေမယ့် မင်းဟာ အကင်းပါးတဲ့ လူတစ်ယောက်ပီပီ၊ နိုင်ငံခြားမှာတော့ အနေအထိုင်တွေကို သင်ကြားလိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။ မင်းဟာလောကကြီးမှာ တင့်တင့် တယ်တယ် ဖြစ်ချင်ရင်၊ လူတစ်လုံးသူတစ်လုံး ဖြစ်ချင်ရင် (ဖြစ်ချင်တယ် လို့လည်း ဖေဖေယုံတယ်) ကိုယ်ထူကိုယ်ထဆိုသလို ကိုယ်တိုင်လုပ်မှရတယ်။ လောကကြီးအလယ်မှာ မင်းလူတစ်လုံးသူတစ်လုံး လုပ်တဲ့အချိန်လောက်မှာ ဆိုရင် ဖေဖေဟာ ဒီလောကကြီးက ထွက်ခွာသွားပြီးသား ဖြစ်ချင်ဖြစ်နေတော့ မှာ။ လူ့လောကကြီးမှာ လူတစ်လုံးသူတစ်လုံး ဖြစ်ချင်ရင် မင်းရဲ့ဉာဏ်အဆင့် အတန်းတွေနဲ့ မင်းရဲ့စည်းစိမ်ဥစ္စာတွေက ဘာမှ ပံ့ပိုးကူညီနိုင်မှာ မဟုတ်ဘူး။ မင်းရဲ့ အရည်အချင်းနဲ့ အနေအထိုင်ကသာလျှင် မင်းကို လူတစ်လုံးသူတစ်လုံး ဖြစ်အောင် ကြီးပွားချမ်းသာအောင် လုပ်ပေးနိုင်မှာ။ ဖေဖေကတော့ မင်းကို ပညာသင်ပေးခြင်းဖြင့် အဲဒီအရာတွေကိုရဖို့ အုတ်မြစ်ချပေးလိုက်ပြီ။ အဆောက် အဦကိုတော့ မင်းကိုယ်တိုင် ဆောက်ရလိမ့်မယ်။

## စာ - ၃၃

လန်ဒန်၊ ဧပြီ ၁ ရက်၊ ၁၇၄၈ ခုနှစ်။

သူလေး

ခုချောစာသုံးပတ်ရှိသွားပြီ။ ဒီချောစာ သုံးပတ်စလုံးမှာ မင်းဆီကရော မာတာဟာတီဆီကတော့ စာတစ်စောင်မှမရဘူး။ စာထည့်လျက်သားနဲ့ လန်ဒန်နဲ့ သိုက်ပဇစ်ကြားမှာ အပျောက်အရှရှိလို့ပဲလို့ ဖေဖေယူဆတယ်။ ဝေးလည်းဝေး သော့ ဒီကြားထဲမှာ အပျောက်အရှတို့ ဘာတို့ကလည်း ရှိနိုင်ပေတာပဲ။ မင်းကျန်းမာရေးနဲ့ ပတ်သက်လို့ မင်းစာထဲမှာ ဘာမှ ပြောသံဆိုသံ မကြားရတော့ အနေထိုင်ကောင်းတယ်လို့ပဲ ဖေဖေယူဆတယ်။ ဖေဖေကတော့ မင်းရဲ့ ကျန်းမာရေး နဲ့ မင်းရဲ့ ပျော်ရွှင်ရေးအတွက်ကိုပဲ စိတ်ပူမိတာ။ ဖေဖေ့ဆီကို မင်းစာမရေး တာဟာ သည့်ထက်သည်အကျိုးရှိတဲ့ အလုပ်တစ်ခုကို လုပ်နေလို့မရေးဖြစ်တာ ပဲလို့ ဖေဖေယူဆတယ်။ မင်းဟာ အစားအသောက်ကို မျှတစွာ စားသုံးရင် ကျန်းမာရေးလည်းကောင်းနေမှာပဲ။ မင်းတို့အရွယ်မှာ သဘာဝကြီးက မင်း တို့ရဲ့ ခန္ဓာကိုယ်ကို စောင့်ရှောက်ထိန်းသိမ်းပေးနေမှာပဲ။ ဒီလိုသဘာဝက ထိန်းသိမ်းပေးရာမှာ သဘာဝကိုတော့ သွားနှောက်ယှက်လို့ မရပေဘူးပေါ့။ ကိုယ်က အစားအသောက်ကို မဆင်မခြင်စား၊ ဖြစ်လာရင် ဆေးဝါးတွေသောက်။ ဒီလိုလုပ်နေရင်တော့ သဘာဝကြီးက မင်းကိုစောင့်ရှောက်မှာ မဟုတ်ဘူး။ ကိုယ်ခန္ဓာကို အဲဒီလို သဘာဝက ထိန်းသိမ်းစောင့်ရှောက်သွားသလို စိတ်ကို လည်း သဘာဝကြီးက အလားတူ စောင့်ရှောက်ပေးသွားတာပဲ။ အထူးသဖြင့် မင်းတို့အရွယ်မှာ စိတ်ကို အစဉ်အမြဲသတိနဲ့ စောင့်ကြည့်ဖို့ လိုတယ်။ စိတ်ကို လေ့ကျင့်ခန်း လုပ်ပေးဖို့လိုတယ်။ လူ့ရဲ့စိတ်ဟာ ဆယ့်ငါးမိနစ်တစ်ကြိမ် တိုင်းမှာ ကောင်းမှုကိုဖြစ်စေ၊ မကောင်းမှုကိုဖြစ်စေ တစ်ခုခုကို ခံစားနေ တတ်တယ်။ ဒါကြောင့် အဲဒီစိတ်ကို ကျန်းမာအောင် လုပ်ဖို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ခန်းကောင်းကောင်းလိုတယ်။

တစ်ခြားကိုမကြည့်ပါနဲ့။ ယဉ်ကျေးအောင်မွေးမြူထားတဲ့စိတ်နဲ့ ယဉ်ကျေးအောင်မွေးမြူထားခြင်းမရှိတဲ့ စိတ်တို့ရဲ့ ခြားနားပုံကိုပဲ လေ့လာကြည့်ပါ။ စိတ်ကို ယဉ်ကျေးအောင် မွေးမြူရတာက ခက်ခဲလွန်းလှတယ်။ အဲဒီလောက်အချိန်ပေးနိုင်မှာ မဟုတ်ဘူးလို့ ထင်ကောင်းထင်လိမ့်မယ်၊ မြင်းရထားသမားတစ်ယောက်ဟာ မိလ်တန်လို၊ လော့ခ်လို၊ နယူတန်လို ကိုယ်လက်အင်္ဂါအပြည့်အစုံနဲ့ မွေးဖွားလာတာပဲ၊ ဒါပေမယ့် စိတ်ကို ယဉ်ကျေးအောင် မွေးမြူနိုင်ခဲ့တဲ့အခါကျတော့ ရထားသမားဟာ မြင်းထက် အဆင့်မြင့်သလို မိလ်တန်တို့၊ လော့ခ်တို့၊ နယူတန်တို့ဟာလည်းရထားသမားထက် အဆင့်မြင့်သွားကြတယ်။ တစ်ခါတစ်လေမှာ ပညာသင်ကြားမှု၊ မွေးမြူသင်ကြားမှုရယ်လို့မရှိခဲ့ပဲ လူတစ်လုံးသူတစ်လုံး ဖြစ်လာတဲ့ ပါရမီရှင်တွေတော့ ရှိတတ်ပါရဲ့။ ဒါပေမယ့် ဒါမျိုးက တစ်ရာတစ်ယောက်ဆိုသလို ရှားပါးလေတော့ ဒါကို ဥပမာတစ်ခုအနေနဲ့ ကြည့်နေလို့မဖြစ်ဘူး။ တကယ်လို့သာ သူတို့မှာ ပညာသင်ကြားမှု၊ စိတ်ကို မွေးမြူသင်ကြားမှုရယ်လို့ ရခဲ့ရင် သည့်ထက်သည်တောင်ကြီးကျယ်ထင်ရှားတဲ့ ပုဂ္ဂိုလ်ဖြစ်နိုင်သေးတယ်။ တကယ်လို့သာ ရှိတ်စပီးယားရဲ့ ပါရမီဉာဏ်မျိုးဟာ မွေးမြူထိန်းကျောင်းပေးခဲ့ရင် ရှိတ်စပီးယားရဲ့ကဗျာအလှဟာ သည့်ထက်သည် ပိုမိုတောက်ပြောင်လာမှာ သေချာတယ်။

ယေဘုယျအားဖြင့် ပြောရရင် လူတွေဟာ ပညာသင်ကြားမှုနဲ့ အပေါင်းအသင်း ပတ်ဝန်းကျင်က ပုံသွင်းပေးလိုက်တဲ့အတိုင်း ဖြစ်လာကြရတာပဲ။ အထူးသဖြင့် အသက်ဆယ်နှစ်နဲ့ နှစ်ဆယ့်ငါးကြားမှာ ဘယ်လို ပညာသင်ကြားခဲ့သလဲ ဘယ်လိုပတ်ဝန်းကျင်မှာ နေခဲ့သလဲဆိုတဲ့အချက်ဟာ တော်တော်အရေးကြီးတယ်။ ဒါကြောင့်မို့ နောင်လာမယ့် ရှစ်နှစ်ကိုးနှစ်ဟာ မင်းအတွက် တော်တော်အရေးကြီးတယ်။ မင်းဘဝကို အဲဒီရှစ်နှစ်ကိုးနှစ်က ဆုံးဖြတ်သွားမှာပဲ။ မင်းဟာ ဖေဖေ့မျှော်လင့်ချက်တွေနဲ့ နီးစပ်သူဖြစ်လိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။ ဒါပေမယ့် သေးဖွဲတယ်လို့ ပြောကြတဲ့အရာတွေကို မင်းလျစ်လျူရှုမှာကို ဖေဖေစိုးရိမ်တယ်။ အမှန်ကတော့ သေးဖွဲတယ်လို့ ပြောတဲ့အရာတွေဟာ တော်တော်အရေးကြီးတဲ့ အရာတွေဖြစ်နေတတ်တယ်။ ဥပမာအားဖြင့် အပြုအမူ၊ အပြောအဆို ယဉ်ကျေးသိမ်မွေ့တာ၊ စကားကို ရည်မွန်အောင် ပြောတတ်တာ၊ စကားအရာလိမ္မာတဲ့အမူအရာမျိုးကို ပြတတ်တာစတဲ့ အရာတွေဟာ တော်တော်အရေးကြီးတဲ့ အရာတွေ ဖြစ်တယ်။ အဲဒီ



အရာတွေသာလျှင် တကယ်ခိုင်မာတဲ့ အခွင့်သာမှုတွေ ဖြစ်တယ်။ လောကကြီးအကြောင်းကို ကောင်းစွာမသိသူများသာလျှင် အဲဒီအရာတွေကို အသေးအဖွဲလို့ မှတ်ယူကြတယ်။

မင်းစကားပြောတာဟာ မြန်ပြီး ပီပီသသ မရှိဘူးလို့ ဖေဖေသိရတယ်။ ဒီလိုဖြစ်ရတာဟာ တော်တော် အရုပ်ဆိုးတယ်ဆိုတာ ဖေဖေ မကြာခဏပြောခဲ့ဖူးပြီ။ ဒါကြောင့်မို့ ဂရုစိုက်ပြီး စကားကို ပီသအောင်ပြောပါ။ စကားပြောရာမှာ ပီပီသသ၊ ရှင်းရှင်းလင်းလင်း၊ နှစ်လိုဖွယ်ကောင်းအောင် ပြောတတ်ဖို့ဟာ တော်တော် အရေးကြီးတယ်။ တချို့လူတွေဟာ တော်တော်ကောင်းတဲ့အကြောင်းအရာတွေကို ပြောပါလျက်နဲ့ လက်လွှတ်စပယ်ပြောတတ်တဲ့အတွက် ကိုယ်ပြောတဲ့စကားဟာ အရာမရောက်ပဲ ဖြစ်ရတာကို ဖေဖေ တော်တော်များများ တွေ့ခဲ့ဖူးပြီ။ အာဒီးယူး။

www.burmeseclassic.com

www.burmeseclassic.com

## ၈ - ၃၄

လန်ဒန်၊ မေ ၁ ရက်၊ ၁၇၄၈ ခုနှစ်။

လူလေး

အရင်လ ၁၆ ရက်နေ့စွဲနဲ့ ပေးလိုက်တဲ့စာကို မနေ့ကရတယ်။ မင်းစာကို ရရချင်းပဲ ဒရက်စဒင်မှာရှိတဲ့ ဗြိတိသျှသံအမတ်ကြီး ဆာဝီလျံဆီကို ဖေဖေစာရေးလိုက်တယ်။ မင်းကိုကောင်းစွာ ပြုစုစောင့်ရှောက်လိုက်တဲ့အတွက် ကျေးဇူးတင်တဲ့အကြောင်းပေါ့။ ပိုလန် ရွှေနန်းတော်ကို မင်းဝင်ရောက်ခစားပုံကို ကြားရတာ ကျေနပ်စရာပါပဲ။ ပိုလန်ဘုရင်မင်းမြတ်ကလည်း မင်းကို ချီးမြှောက်တော်မူတယ်လို့ ကြားရတဲ့အတွက် ဖေဖေဝမ်းသာတယ်။ ရွှေနန်းတော်မှာ ရှိသေလေးမြတ်စွာ၊ တည်ကြည်စွာ ခစားနိုင်တဲ့အတွက် ထူးခြားတဲ့ဂုဏ်ပုဒ်များကို ရလိမ့်မယ်လို့လည်း ဖေဖေမျှော်လင့်တယ်။ တကယ်တော့ လေးစားမှုနှင့်တည်ကြည်မှုဟာ အထက်တန်းအသိုင်းအဝိုင်းကို ဝင်လိုသူတွေမှာရှိအပ်တဲ့ အရည်အချင်းတွေပဲ။

ပညာအဆင့်အတန်း နိမ့်ကျသူများဟာ ကြီးကျယ်မြင့်မြတ်မှုရဲ့ အရောင်အဝါတွေကို မခံနိုင်ဘူး။ သူတို့တစ်တွေဟာ ဘုရင်တို့ ကြီးမြတ်တဲ့ပုဂ္ဂိုလ်တို့နှင့် တွေ့လို့ စကားပြောရင် အကြီးအကျယ် ကြောက်လန့်နေကြတယ်။ မနေတတ်မထိုင်တတ်ဖြစ်ပြီး ရှိုးတိုးရှန့်တန့် ဖြစ်နေတတ်ကြတယ်။ သူတို့ကို မေးလာရင်လည်း ဘာကစပြီး ပြောရမှန်းမသိဘဲ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေတတ်ကြတယ်။ ဂုဏ်သရေရှိ အမျိုးသားများကတော့ ကိုယ့်အထက်က လူကြီးတွေနဲ့တွေ့ရမှာ ရှိုးတိုးရှန့်တန့် မဖြစ်ကြဘူး။ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ဘယ်လိုဆက်ဆံရမယ်၊ ဘယ်လိုအရိုအသေပေးရမယ်ဆိုတာကို ကောင်းကောင်း သိတယ်။ ဒီလိုဆက်ဆံရာမှာလည်း အိုးနင်းခွက်နင်း မဖြစ်ကြဘူး။ ဘုရင်တစ်ပါးနှင့် စကားပြောရသည့်တိုင် သာမန်ပုဂ္ဂိုလ်တစ်ယောက်နဲ့ စကားပြောရသလို သက်တောင့်သက်သာ၊ ချောချောမောမော စကားပြောနိုင်တယ်။



ဒီလိုဆက်ဆံနိုင်တာ တခြားကြောင့်မဟုတ်ဘူး။ ငယ်ငယ်ရွယ်ရွယ်မှာ လူတောကို တိုးခဲ့ဖူးလို့၊ ငယ်ငယ်ရွယ်ရွယ်ကတည်းက ကိုယ့်အထက်လူကြီးနဲ့ စကားပြောကျင့်ကိုရခဲ့လို့ပဲ။ အထက်တန်းကျောင်းနဲ့ တက္ကသိုလ်မှာ အင်္ဂလိပ်ပညာရေးကို ကောင်းကောင်းရခဲ့တဲ့လူတွေတောင် ဘုရင်ရှေ့ရောက်ရင် ခြေထောက်နဲ့ရပ်ရမလား၊ ခေါင်းနဲ့ရပ်ရမလားလို့ မဝေခွဲနိုင်ဘဲ ဣန္ဒြေပျက်နေတဲ့ လူတော်လူကောင်းများများကို ဖေဖေတွေ့ဖူးပြီ။ ဘုရင်က စကားတစ်ခွန်း ပြောလိုက်တာနဲ့ သူတို့မှာ နေစရာထိုင်စရာမရှိအောင် ကြောက်နေကြပြီ။ ဒူးတဆတ်ဆတ်တုန်တဲ့လူကတုန်၊ လက်ကိုဘယ်ထားရမှန်းမသိ ဟိုနှိုက်ဒီနှိုက် လုပ်တဲ့လူကလုပ်၊ အိတ်ထဲကို လက်မရောက်ဘဲဘေးချော်ထွက်တဲ့လူကထွက်၊ ဦးထုပ်ချွတ်ကျသူကကျ၊ ကျွတ်ကျတဲ့ ဦးထုပ်ကို မကောက်ရဲဖြစ်တဲ့လူကဖြစ်နဲ့၊ အမျိုးမျိုး ဖေဖေတွေ့ခဲ့ဖူးတယ်။ အတိုချုပ်ပြောရရင်တော့ အဲဒီလူတွေဟာ သဘာဝကျကျ မှန်မှန်ကန်ကန် မနေတတ်တော့ဘဲ အဲဒါနဲ့ပြောင်းပြန်တွေအကုန်ဖြစ်တော့တာပဲ။ မင်းမှတ်ထားဖို့က ရည်မွန်ယဉ်ကျေးတဲ့ လူငယ်တစ်ယောက်ဟာ မိမိထက်နိမ့်သူများနဲ့ စကားပြောရာမှာ လေးလေးစားစား သက်သောင့်သက်သာနဲ့ ပြောဆိုရမယ်။ သူတို့ဟာ ဘုရင်နဲ့စကားပြောရာမှာ ကြောက်လန့်မှုမရှိဘူး။ အထက်တန်းစားမိန်းမတွေနဲ့ စကားပြောရာမှာ ရင်းရင်းနှီးနှီး၊ ရွှင်ရွှင်ပျပျ ပြောပေမယ့် လေးစားမှုအပြည့်နဲ့ပြောတယ်။ မိမိနဲ့ တန်းတူ အသိမိတ်ဆွေ များနဲ့ စကားပြောရာမှာ စိတ်အားဖြင့် မယုံသင်္ကာဖြစ်မှု၊ ကိုယ်အားဖြင့် အချိုးမကျဖြစ်မှုတို့မရှိဘဲပြောတယ်။

မင်းကို လော့ဒ်ချားလ်စ်ဝီလျံက လက်ဖက်ရည်ပွဲအသုံးအဆောင်တွေ ပေးလိုက်တယ်ဆို။ အဲဒီပစ္စည်းကို မေမေ့ကိုလက်ဆောင်ပေးလိုက်ရင် ကောင်းမယ်ထင်တယ်။ ဂျူဗယ်ပြန်လာရင် သူနဲ့အတူ မေမေ့ဆီကို ပို့လိုက်ပါလား၊ မေမေဟာ မင်းအပေါ်မှာ ဂရုစိုက်ရုံမျှမက ကြင်နာယုယတဲ့အတွက် သူ့အပေါ်မှာ ပြန်ပြီး ကြင်နာယုယဖို့ဟာ မင်းမှာ တာဝန်ရှိရုံတင်မကဘူး။ ဝတ္တရားလည်း ရှိတယ်။

ဒရက်စဒင်မှာ မင်းဘယ်လိုနေခဲ့တယ်ဆိုတာကို ဖေဖေသိချင်လှပြီ၊ ပြီးတော့ မင်းကို ဖေဖေမေးထားတဲ့မေးခွန်းတွေနဲ့ ပတ်သက်လို့လည်း မင်းရဲ့အဖြေကို သိချင်လှပြီ။

အာဒီးယူး။ မင်းကို ဘုရားသခင် စောင့်ရှောက်တော်မူပါစေ

www.burmeseclassic.com

www.burmeseclassic.com

## ဓာ - ၃၅

လန်ဒန်၊ ဖွန် ၂၁ ရက်၊ ၁၇၈၄ ခုနှစ်။

လူလေး

စကားပြောရာမှာ မင်းအသံထွက်မကောင်းတာနဲ့ ပတ်သက်လို့ ဖေဖေ တော်တော်စိတ်ညစ်နေတယ်။ တဆိတ်ရှိရင် ဒီအကြောင်းကိုပဲ ဖေဖေ စဉ်းစားနေမိတယ်။ ဒါကြောင့် ခုစာမှာ ဒီအကြောင်းကို ဖေဖေအကျယ်ရေးလိုက်တယ်။ နောင်စာတော်တော်များများမှာလည်း ဒီအကြောင်းကို ဖေဖေရေးနေမိလိမ့်ဦးမယ်ထင်တယ်။ ခုလို စောစောစီးစီး သိရတော့ ဖေဖေတို့နှစ်ယောက်စလုံးအတွက် ကောင်းသွားတာပေါ့။ ဒီလိုသိရအောင် ဆာဝီလျံက ရေးလိုက်တဲ့အတွက် ဖေဖေရော မင်းရော သူ့ကို ကျေးဇူးတင်ရမယ်။ ဖြစ်ရလေကွယ်။ ဒီလိုအသံထွက်တွေ အမှားမှား အယွင်းယွင်းနဲ့ ဆက်ပြောနေရင် နောင်မှာအကျင့်ကြီး ဖြစ်သွားတော့မှာပေါ့။ ဒီအတိုင်းသာပြောနေရင် နောင်နှစ်နှစ်လောက်ဆိုရင် မင်းဟာ ကိုယ့်အသိုင်းအဝိုင်းထဲမှာရော၊ လူတောထဲမှာရော ရှက်စရာကြီး ဖြစ်နေတော့မှာပေါ့။ ဒီလိုအမှားမှား အယွင်းယွင်းနဲ့ပြောရင် မင်းအသိုင်းအဝိုင်းက မင်းကို ဘယ်သူလုရာသွင်းပါ့မလဲ။ လူတောထဲမှာလည်း မင်းပြောတဲ့စကားကို ဘယ်သူနားထောင်ပါ့မလဲ။

စကားပြောရာမှာ အသံထွက်တို့၊ လေယူလေသိမ်းတို့နဲ့ ပတ်သက်လာရင် ဆီဇာရိုနဲ့ ကွင်တီလီယန်တို့ရဲ့စာတွေကို ဖတ်ပါ။ ဘယ်နေရာမှာ အသံကို ဖိပြောရမယ်။ ဘယ်နေရာမှာ အသံကို ဖော့ရမယ်ဆိုတာ သေသေချာချာ ပြောခဲ့ကြတယ်။ ဆီဇာရိုကတော့ သည့်ထက်တောင် ရှည်ရှည်ဝေးဝေး ပြောခဲ့သေးတယ်။ သူက စကားပြောကောင်းသူတစ်ယောက်မှာ ကိုယ်နေဟန်ထားလဲ လိုတယ်တဲ့။ အထူးသဖြင့် စကားပြောကောင်းသူတစ်ယောက်ဟာ ကိုယ်ခန္ဓာအားဖြင့် မဝလွန်းရဘူး။ မရှည်လွန်းရဘူး။ ပုံမကျ ပန်းမကျ မဖြစ်ရဘူးတဲ့။



ဒါကိုထောက်ရင် ဆီဇာရိုဟာ လောကအကြောင်းကို ကောင်းကောင်းနားလည်သူဖြစ်တယ်ဆိုတာ ထင်ရှားတယ်။ လူတစ်ယောက်မှာ ဘယ်လိုပုံပန်းသဏ္ဍာန်မျိုးရှိမှ လူအများနှစ်သက်သလဲ၊ လူတစ်ယောက်မှာ ဘယ်လိုဟန်မူရာမျိုးဟာ ဘင့်တယ်ပြေပြစ်သလဲဆိုတာ သူကောင်းကောင်းသိတယ်။

ယောက်ျား မိန်းမတော်တော်များများဟာ ဦးနှောက်ထက် နှလုံးသားရဲ့ အလိုကို လိုက်လေ့ရှိကြတယ်။ နှလုံးသားကို ရောက်အောင် အာရုံငါးပါးဆိုတဲ့ တံခါးပေါက်တွေက ဝင်ရတယ်။ သူတို့ အမြင်အာရုံကို ကျေနပ်အောင် လုပ်နိုင်ရင်၊ သူတို့အကြားအာရုံကို ကျေနပ်အောင် လုပ်နိုင်ရင် ကိစ္စတစ်ဝက်ပြီးပြီလို့ အောက်မေ့လိုက်ပေတော့။ လူတစ်ယောက်ရဲ့ ကြီးပွားရာကြီးပွားကြောင်းဟာ လူပုံလည်မှာပြောတဲ့ သူ့ရဲ့ပထမဆုံး စကားတစ်ခွန်းအပေါ်မှာ ဘည်တယ်။ ဒါကို ဖေဖေ မကြာခဏ မြင်ခဲ့ဖူးပြီ။ သူပြောတဲ့စကားကို သဘောကျသွားတာနဲ့တစ်ပြိုင်နက် လူတွေက ဒီပုဂ္ဂိုလ်ဟာဖြင့် တကယ့်ကို အရည်အချင်းရှိတဲ့လူ ဖြစ်ပါပေတယ်ဆိုပြီး မဆိုင်းမတွ လက်ခံလိုက်ကြတော့ဘာပဲ။ တကယ်ကတော့ အဲဒီလူမှာ အရည်အချင်းရှိချင်မှရှိတာ။ တကယ်လို့ စကားပြောရာမှာ အိုးနင်းခွက်နင်း ဖြစ်သွားပြီဆိုရင်လည်း ဒီလူဟာ ဘယ်လောက်ပဲ အရည်အချင်းတွေ ရှိနေနေ သူ့ကို သိပ်အထင်မကြီးကြတော့ဘူး။ ၎တ်တရက်ကြည့်ရင် ဒီလိုထင်သွားတာဟာ မဖြစ်သင့်ဘူးလို့ ထင်စရာပဲ။ ဟုတ်တယ်လေ၊ လူတစ်ယောက်ဟာ ဉာဏ်ပညာရှိတယ်ဆိုရင် စကားပြောပြေပြစ်ဖို့၊ သာယာငြိမ့်ညောင်းဖြစ်ဖို့၊ တစ်ဖက်သားညွတ်နူးအောင် လုပ်ဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိရမှာပေါ့။ ဒီလိုသိတယ်ဆိုရင် စကားအပြောအဆို ပြေပြစ်ဖို့၊ စကားပြောကောင်းဖို့ ကြိုးစားရမှာပေါ့။ တိုးတက်အောင် လုပ်ရမှာပေါ့။ မင်းရဲ့ ကိုယ်ခန္ဓာကလည်း ကြည့်လို့ကောင်းတယ်။ စကားပြောတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေမှာလည်း မပီတာတို့ဘာတို့၊ စတဲ့ သဘာဝချို့ယွင်းချက်တွေကင်းတယ်။ မင်းပြောတဲ့စကားကလည်း စိတ်ဝင်စားစရာကောင်းတယ်။ ဒီအထဲမှာ စကားပြောတဲ့ မင်းရဲ့ဟန်နေဟန်ထားကလည်း ကြည့်လို့ကောင်းတယ်ဆိုရင် မင်းပြောတဲ့ စကားကို နားထောင်ချင်ကြမှာပေါ့။ မင်းကိုလည်း အထင်ကြီးကြမှာပေါ့။ ဒီလိုမဟုတ်ဘဲ စကားပြောပုံကလည်း ကိုယို့ကားယား၊ ပြောတဲ့စကားကလည်း ငြီးငွေ့စရာကောင်း၊ ပြေပြစ်ပါဆိုပေါက်ဟာလည်း သာယာညှင်းပျောင်းမရှိဘူးဆိုရင် မင့်စကားကို ဘယ်သူမှ နားထောင်ချင်မှာမဟုတ်ဘူး။ နားမထောင်ချင်တဲ့အပြင် မင်းကို ဉာဏ်ပညာ

www.burmeseclassic.com



မရှိတဲ့လူလို့ ထင်သွားကြမှာပဲ။

ဇာတ်စင်ပေါ်မှာ ပြဇာတ်မင်းသား မင်းသမီးတွေကို ပရိသတ်က ဘယ်လို အကဲဖြတ်သလဲ။ မင်းစဉ်းစားကြည့်စမ်း။ အသိဉာဏ်အရှိဆုံးလူတွေဟာ စကားအကောင်းဆုံး ပြောနိုင်ခဲ့ကြတယ်မဟုတ်လား။ အသံကောင်းချင်မှ ကောင်းမယ်။ ဒါပေမယ့် အသိဉာဏ်ရှိတော့ သူတို့ကို ပရိသတ်က သဘောကျခဲ့ကြတယ်မဟုတ်လား။ သူတို့ ဘယ်လိုပြောကြသလဲ။ အသံကောင်းချင်မှ ကောင်းပေမယ့် ရိုးရိုးရှင်းရှင်း ပြောတယ်။ အလေးအနက်ပြုပြီး ပြောရမယ့်နေရာမှာ လေးလေးနက်နက်ပြောတယ်။ ရိုးစီးယတ်စ်ဟာ ဗလစ်ဗလစ်နဲ့ ပြောကြည့်စမ်းပါလား။ ဗလုံးဗထွေး ပြောကြည့်စမ်းပါလား။ ကို့ယို့ကားယားဟန်နဲ့ ပြောကြည့်စမ်းပါလား။ သူ့စကားကို ဘယ်သူက နားထောင်မှာလဲ။ ဆီဇာရိုကလည်း သူ့ကို စကားပြောကောင်းပါပေတယ်လို့ ဘယ်မှာ ချီးမွမ်းပါ့မလဲ။ စကားလုံးတွေဟာ ဖေဖေတို့ရဲ့ အတွေးအခေါ်ကို ထုတ်ဖော်ပြောဖို့ ပေါ်လာတာ။ ဒီတော့ လူတွေနားမလည်အောင် ပြောနေရင် ဘာလုပ်တော့မှာလဲ။ အချည်းနှီးပဲ ဖြစ်တော့မှာပေါ့။

ဒီတော့ မင်းဘယ်လောက် အရည်အချင်းရှိသလဲ မရှိဘူးလဲဆိုတာကိုလည်း မင်းဘယ်လောက် ဣန္ဒြေသိက္ခာရှိရှိစကားပြောနိုင်သလဲ မပြောနိုင်သလဲဆိုတဲ့အချက်နဲ့ စံထားပြီး ဆုံးဖြတ်ချင်တယ်။ မင်းဟာ စကားကို လှပတင့်တယ်အောင် ပြောနိုင်တဲ့ အရည်အချင်းရှိတယ်လို့ ဖေဖေ ယူဆထားလေတော့ ဒီလိုမပြောနိုင်မချင်း မင်းစိတ်ထဲမှာ ဆင်းရဲနေမယ်ဆိုတာ ဖေဖေကောင်းကောင်းသိတာပေါ့။ ဒီတော့ စကားပြောကောင်းဖြစ်အောင်ကျင့်တဲ့အနေနဲ့ မင်းဆရာမစ္စတာဟာတီရဲ့ ရှေ့မှာ နေ့တိုင်း အသံထွက်ပြီး စာဖတ်ပြပါ။ တကယ်လို့ မင်းစာဖတ်တာမြန်ရင် ရပ်သင့်တဲ့နေရာမှာ မရပ်ရင်၊ အသံကိုဖိပြီး မဖတ်သင့်တဲ့နေရာမှာ ဖိဖတ်ရင် အရပ်ခိုင်းပြီး ပြင်ပေးဖို့ မင်းဆရာကို ပြောပါ။ ပြောတဲ့စကားလုံးတိုင်းကို ပီပီသသ အသံထွက်စေဖို့အတွက် စကားပြောရင် မစ္စတာဟာတီကိုဖြစ်စေ၊ မစ္စတာအဲလီယော့ကိုဖြစ်စေ၊ ဒါမှမဟုတ် အနီးမှာရှိနေတဲ့ တစ်ယောက်ယောက်ကိုဖြစ်စေ မင်းကို သတိပေးပြီး အရပ်ခိုင်းဖို့ ပြောထားပါ။ အနားမှာ ဘယ်သူမှ မရှိရင်လည်း ကိုယ်တစ်ယောက်တည်း အသံထွက်စာဖတ်ပြီး ကိုယ့်အသံကို ကိုယ်ပြန်နားထောင်ကြည့်ပါ။ စဖတ်ခါစမှာ လိုသည်ထက်ပိုပြီး နှေးနှေးဖတ်ကြည့်ပါ။ ဒီလိုလေ့ကျင့်မှသာလျှင် စကားမြန်မြန်ပြောတတ်တဲ့ ရှက်စရာအကျင့်ကြီးကို မင်း



ဖျောက်နိုင်မှာ။ အတိုချုပ်ပြောရရင် စကားပြောကောင်းတစ်ယောက်ဖြစ်ချင်ရင် စကားပြောရမယ့် အတတ်ပညာကို လေ့လာရမယ်။ ဆည်းပူးရမယ် နှစ်ခြိုက်ရမယ်။ ဒီတော့မင်းမှာ စဉ်းစားဉာဏ်ရှိရင် စကားပြောတဲ့ အတတ်ပညာနဲ့ပတ်သက်လို့ ဖေဖေဒီလောက်ပြောရင် လုံလောက်ပြီလို့ ထင်တယ်။ စဉ်းစားဉာဏ်မရှိဘူးဆိုရင်တော့ ဖေဖေဘယ်လောက်ပဲပြောပြော အချည်းနှီးပဲဖြစ်နေမှာပဲ။ ဒါကြောင့် စကားပြောတဲ့အတတ်ပညာနဲ့ ပတ်သက်လို့ ဖေဖေဒီလောက်ပဲ ပြောလိုက်မယ်။

စကားပြောအတတ်ပညာနဲ့ပတ်သက်လို့ ပြောပြီးရင် နောက်အရေးကြီးတာတစ်ချက် ပြောချင်သေးတယ်။ အဲဒါကတော့ နူးညံ့သိမ်မွေ့တဲ့ ကိုယ်ဟန်အနေအထားနဲ့ လူတွေရှေ့မှာ ကြည့်လို့တင့်တယ်အောင် ဘယ်လိုနေရမယ်ဆိုတဲ့ကိစ္စပဲ။ ဒီအချက်ဟာလည်း လိုအပ်တယ်။ ခက်လည်းခက်တယ်။ လူငယ်တစ်ယောက်မှာ ဟန်ဆောင်တဲ့အတွက် ခွင့်လွှတ်နိုင်ပေမယ့် အဲဒီအချက်တွေ မရှိခဲ့ရင်တော့ လုံးလုံးကို ခွင့်လွှတ်နိုင်စရာ မရှိဘူး။ မင်းရဲ့လှုပ်ရှားဟန်တွေဟာ ကို့ယို့ကားယားနိုင်ပြီး ကိုယ့်ကိုယ်လည်း တော်တော်ပစ္စလက္ခတ်နေတယ်လို့ ဖေဖေကြားရတယ်။ ဒီအတိုင်းသာ ဆက်နေသွားရင် ကြာလာတဲ့အခါမှာ အကျင့်ကြီးဖြစ်သွားပြီး ပြင်ဖို့ ခက်သွားလိမ့်မယ်။ ကိုယ်ဟန်အနေအထားမှာ ကိုးရိုးကားရားနိုင်တာဟာ တော်တော်စိတ်ပျက်ဖို့ကောင်းတယ်။ အဝတ်အစားနမော်နမဲ့ဝတ်တာ၊ အမှုအရာမှာ ဖြစ်ကတတ်ဆန်းနေတတ်တာတို့ဟာ အစဉ်အလာနဲ့ အများသူငါ လက်ခံနေကြတဲ့ ထုံးတမ်းတွေကို ဓော်ကားရာ ရောက်တယ်။ မစ္စတာ --- ကို မင်းသတိရတယ် မဟုတ်လား။ သူ့နေပုံထိုင်ပုံဟာ ဘယ်လောက် ပစ်စလက်ခတ်နိုင်သလဲ။ လူကတော်သလောက် သူ့မှာ အဲဒီလို အနေအထိုင်က ဖျက်ဆီးနေတယ်။ သူ့ပညာတွေ ဘယ်လောက်ပဲ တော်တော် အဲဒီလို အနေအထိုင်တွေကြောင့် သူ့ပညာဂုဏ်သတင်းဟာ မှေးမှိန်သွားရတယ်မဟုတ်လား။

လူတစ်ယောက်ရဲ့ အပြုအမူ၊ အနေအထိုင်မှာ မိန်းမရဲ့ ဩဇာဟာ တော်တော်ကြီးတယ်။ ကိုးရိုးကားရား အနေအထိုင်မတတ်တဲ့ လူတစ်ယောက်ကို ဘယ်မိန်းမကမှ သဘောကျမှာ မဟုတ်ဘူး။ ဒါကြောင့် မင်းဝတ်စားဆင်ယင်မှုကို ဂရုစိုက်ပါ။ မင်းရဲ့ လှုပ်ရှားဟန်တွေကို ဂရုစိုက်ပါ။ ဒီနှစ်ခုကို လျစ်လျူမပြုပါနဲ့။ အထူးသဖြင့် နန်းတော်အသိုင်းအဝိုင်းကို သွားတဲ့အခါမှာ ဒီနှစ်ခုကိုအထူးသတိထားပါ။

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့သီချင်းဆိုတဲ့ငှက်ကလေး သေသွားတယ်ဆိုတဲ့ သတင်းကို ကြားရတဲ့အတွက် ဖေဖေစိတ်မကောင်းဘူး။ အာဒီးယူး။

## စာ - ၃၆

လန်ဒန်၊ ဇူလိုင် ၂၄ ရက်၊ ၁၇၄၈ ခုနှစ်။

လုလေး

မကောင်းတဲ့စိတ်နှစ်မျိုးရှိတယ်။ တစ်မျိုးက လူတစ်ယောက်ကို စဉ်းစားဆွေးခေါ်ခြင်း မပြုအောင် လုပ်တယ်။ အခြားစိတ်တစ်မျိုးကတော့ လူတစ်ယောက်ကို ရယ်စရာဖြစ်အောင် လုပ်တတ်တယ်။ ဖေဖေပြောလိုတဲ့ မကောင်းတဲ့စိတ်နှစ်မျိုးကတော့ ပျင်းရိတဲ့စိတ်နဲ့ ပေါ့ပျက်တဲ့စိတ်ကို ဆိုလိုတာပဲ။ မင်းရဲ့စိတ်ကတော့ အဲဒီနှစ်မျိုးစလုံးမဟုတ်ဘူးလို့ ဖေဖေယူဆတယ်။ ပျင်းရိတဲ့စိတ်ဟာ အရာဝတ္ထုတွေကို လေ့လာရာမှာ ဘယ်တော့မှ ဒုက္ခခံပြီး နှိုက်နှိုက်ချွတ်ချွတ် လေ့လာခြင်း မပြုဘူး။ ဘယ်ကိစ္စမှာဖြစ်ဖြစ် အခက်အခဲကလေးတွေကို တွေ့လိုက်တာနဲ့တစ်ပြိုင်နက် တုံ့ကနဲရပ်သွားပြီး အလွယ်တကူ အပေါ်ယံသိတဲ့ အသိကလေးနဲ့ ကျေနပ်လိုက်တော့တာပဲ။ ဒုက္ခကလေးနည်းနည်း ခံရတာကို ကြောက်ပြီးမသိရင်လည်း နေပါစေတော့ဆိုပြီး နေလိုက်ကြတယ်။ (ခက်တာက သိသင့်သိထိုက်တဲ့ အရာဆိုတာကလည်း အနည်းနဲ့အများဆိုသလို ဒုက္ခနည်းနည်းတော့ခံပြီးမှ သိရတာချည်းပဲ) သူတို့အဖို့ကတော့ ကိစ္စတော်တော်များများဟာ မဖြစ်နိုင်ဘူးလို့ ထင်သွားတတ်ကြတယ်။ လုံ့လဝီရိယရှိပြီး အားကြိုးမာန်တက် လုပ်သူအဖို့ကတော့ မဖြစ်နိုင်တဲ့ အရာဆိုတာ နည်းနည်းပါးပါးပဲ ရှိတယ်လို့ ယူဆကြတယ်။ လုံ့လနည်းသူများဟာ သူတို့ပျင်းရိတာကို အကြောင်းပြ ခွင့်လွှတ်ဖို့အတွက် နည်းနည်းတွေ့လာတဲ့ အခက်အခဲတွေကို မဖြစ်နိုင်တဲ့ အရာတွေလို့ ထင်လိုက်ကြတော့တာပဲ။ ဒါမှမဟုတ်ရင်လည်း ထင်ဟန်ဆောင် လိုက်ကြတော့တာပဲ။ သူတို့အဖို့ ဒီလို အခက်အခဲကလေးတွေကို ကျော်လွှားဖို့ တစ်နာရီလောက်ကလေး ကြိုးပမ်းအားထုတ်ရတာကို သိပ်ပြီး ပင်ပန်းတယ်လို့ ထင်ကြတယ်။ သူတို့ပထမဆုံးတွေ့လိုက်မြင်လိုက်တဲ့အတိုင်းပဲ စဉ်းစားကြတော့တယ်။ ဘယ်လိုလုပ်ရင် ဘယ်လို ဖြစ်နိုင်သလဲ၊ ဘယ်အကျိုးကကြည့်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမြင်ရမလဲဆိုတာကို မစဉ်းစားကြတော့ဘူး။ အရာဝတ္ထုတစ်ခုကို ဘက်တစ်ဖက်ကသာ စဉ်းစားကြတော့တယ်။ ဘက်စုံရှုထောင့်ပေါင်းစုံက လှည့်ပြီး မစဉ်းစားကြတော့ဘူး။ တစ်နည်းပြောရင်တော့ သူတို့တစ်တွေဟာ ကိစ္စတစ်ခုကို ဘယ်တော့မှ ရေဆုံးရေဖျား မစဉ်းစားကြတော့ဘူး။ ဒီလိုမစဉ်းစားတဲ့အတွက် ကြိုးကြိုးကုတ်ကုတ် စဉ်းစားလုပ်ဆောင်ခဲ့တဲ့သူတွေရှေ့မှာ စကားပြောတဲ့အခါကျတော့ သူတို့ပျင်းရိတာ သူတို့မသိတာတွေ ဘွားဘွားပေါ်လာပြီး အားလုံးအိုးနင်းခွက်နင်း ဖြစ်ကုန်တော့တာပဲ။ ဒါကြောင့် ဖေဖေ ပြောချင်တာက ဘယ်အလုပ်ကိုပဲလုပ်လုပ် ပထမတွေ့ရတဲ့ အခက်အခဲကလေးတွေကြောင့် စိတ်မပျက်ပါနဲ့။ တည်တည်ငြိမ်ငြိမ် ရဲရဲရင့်ရင့် ရင်ဆိုင်ပါ။ အမျိုးကောင်းသားတိုင်း သိသင့်တဲ့အတိုင်း အဲဒီကိစ္စတွေရဲ့ အောက်ခြေကိုရောက်အောင် နှိုက်နှိုက်ချွတ်ချွတ် လေ့လာစူးစမ်းပါ။

အချို့သော သက်မွေးဝမ်းကျောင်းလုပ်ငန်းတွေနဲ့ဆိုင်တဲ့ သိပ္ပံပညာရပ်တွေ ဝိဇ္ဇာပညာရပ်တွေဟာ ကိုယ်က အဲဒီသက်မွေးဝမ်းကျောင်းလုပ်ငန်းကို မလုပ်ဘူးဆိုလို့ရှိရင် သိပ်ပြီး နက်နက်ရှိုင်းရှိုင်း တိတိကျကျ သိဖို့မလိုဘူး။ ဥပမာအားဖြင့် ခံတပ်ဆောက်လုပ်ခြင်း အတတ်ပညာနဲ့ ရေကြောင်းသွားလာမှု အတတ်ပညာဆိုပါစို့။ ဒီအကြောင်းတွေ ဒီဘာသာရပ်တွေကို နည်းနည်းပါးပါး သိရင်လုံလောက်ပြီ။ လူတောသူတောမှာ စကားပြောနိုင်ရုံလောက် သိရင်တော်ပြီ။ စပ်မိလို့ ပြောလိုက်ရဦးမယ်။ ခံတပ်ဆောက်လုပ်ရေးနဲ့ ပတ်သက်တဲ့ အတတ်ပညာကတော့ မင့်အဖို့ နည်းနည်းပါးပါး သိဖို့လိုတယ်။ စစ်တို့ဘာတို့ ဖြစ်လာတဲ့အခါမှာ အဲဒီအတတ်ပညာနဲ့ ပတ်သက်လို့ စကားဝိုင်းတွေမှာ မကြာခဏ ပြောတတ်ကြတယ်မဟုတ်လား။ ဒီတော့ သူများတကာတွေက ဒီအကြောင်းတွေကို ပြောနေတုန်းမှာကိုယ်က တစ်လုံးမှမပြောနိုင်ဘဲ ပါးစပ်ကြီး အဟောင်းသားနဲ့ နေရတယ်ဆိုရင် မကောင်းဘူးပေါ့။ ဒါပေမယ့် ကိုယ့်သက်မွေးဝမ်းကျောင်း မဟုတ်သည့်တိုင် အမျိုးကောင်းသားတစ်ယောက် သိသင့်တဲ့ အကြောင်းအရာများကိုလည်း နှိုက်နှိုက်ချွတ်ချွတ်၊ သေသေချာချာ သိသင့်တယ်လို့ ဖေဖေ ယူဆတယ်။ ဥပမာအားဖြင့် ဥရောပတိုက်မှာရှိတဲ့ တိုင်းပြည်တိုင်းရဲ့ ဘာသာစကားတွေ၊ သမိုင်းတွေ၊ ရှေးခေတ်နဲ့ခုခေတ် ပထဝီဝင်တွေ၊ ဒဿနတွေ၊ ယုတ္တိဗေဒပညာရပ်တွေ၊ နှုတ်မှုအတတ်ပညာတွေပေါ့။ အထူးသဖြင့် မင့်အဖို့ဆိုရင် ဥရောပတိုက်မှာရှိတဲ့ပြည်တိုင်းရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွေ၊ အဲဒီတိုင်းပြည်များက စစ်ရေးစစ်ရာနဲ့



အုပ်ချုပ်ရေးရာတွေကို သေသေချာချာသိသင့်တယ်။ ဒီအရာတွေကို လေ့လာတာဟာ အလွန်ကျယ်ဝန်းတဲ့အတွက် အခက်အခဲတွေရှိတယ်။ ဒါကြောင့် အနည်းနဲ့အများ အားစိုက်ရမယ်ဆိုတာကိုတော့ ဖေဖေ ဝန်ခံတယ်။ ဒါပေမယ့် နှီးကြားတက်ကြွပြီး လုံ့လဝီရိယရှိတဲ့စိတ်ဓာတ်ဟာ ဒီအခက်အခဲတွေကို ကျော်နိုင်ရမှာပေါ့။ အဲဒီလိုကျော်လွှားနိုင်ရင် အကျိုးကျေးဇူးများမှာ အမှန်ပဲ။

ပေါ့ပျက်တဲ့စိတ်ကတော့ အမြဲပဲ အလုပ်များနေတတ်တယ်။ ဒါပေမယ့် ဘာကိုမှ ပြီးမြောက်မှာတော့ မဟုတ်ပေဘူး။ ပေါ့ပျက်တဲ့စိတ်ဟာ ကိစ္စကြီးတွေကို အသေးအဖွဲ့လို့ ထင်တယ်။ အသေးအဖွဲကလေးတွေမှာ အချိန်ကို ဖြုန်းတီးပစ်တယ်။ သူတို့စူးစမ်းလေ့လာတဲ့၊ စိတ်ဝင်စားတဲ့ ပစ္စည်းတွေကို ကြည့်လိုက်ရင်လည်း ဘာမဟုတ်တဲ့ တိုလီမုတ်စအရာတွေ လိပ်ပြာတွေ၊ ခရုခွံကလေးတွေ၊ ပိုးမွှားကလေးတွေအကြောင်း ဖြစ်နေတတ်တယ်။ လူကို အကဲခတ်ရင်လည်း ဓိတ်နေစိတ်ထားထက် အဝတ်အစားကို အဓိကထားပြီး အကဲခတ်တတ်ကြတယ်။ ဇာတ်ပွဲကြည့်တာတောင်မှာ ဇာတ်ပွဲကတင်ဆက်တဲ့ အကြောင်းအရာထက် အခမ်းအနား၊ အပြင်အဆင်ကို အဓိကထားကြည့်ကြတယ်။ ဘုရင့်ထီးနန်းတစ်ခုကို ရောက်သွားရင်လည်း နန်းတွင်းရေး၊ နိုင်ငံရေးကိစ္စတွေထက် နန်းတွင်းအဆောင်အယောင်၊ အခမ်းအနားတွေကို အဓိကထားပြီး ကြည့်တတ်ကြတယ်။ အချိန်ကို အဲဒီအရာတွေပေါ်မှာ ဖြုန်းတီးပစ်တာဟာ အချိန်ကို အလဟဿ ဆုံးရှုံးလိုက်ရတာနဲ့ အတူတူပဲ။ ခုဆိုရင် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မင်းလေ့လာဖို့အချိန်ဟာ သုံးနှစ်လောက်ပဲကျန်တော့တယ်။ ဖေဖေ မကြာခဏ ပြောခဲ့သလိုပဲ ဒီသုံးနှစ်အတွင်းမှာ မင်းဘာလုပ်သလဲ၊ ဘာဖြစ်သလဲဆိုတာဟာ ဘဝတစ်ခုလုံးနဲ့ ဆိုင်နေတယ်။ ဒီတော့ ဒီသုံးနှစ်ကို မင်းဘယ်လို အသုံးပြုမလဲ။ ပျင်းရိနေတာနဲ့ အချိန်ကုန်မလား။ အသေးအဖွဲ့ကလေးတွေထဲမှာ အချိန်ကုန်မလား။ ဒါမှမဟုတ် မင့်ဘဝရှေ့ရေးကို တိုးတက်ကောင်းမွန်စေမယ့် နည်းလမ်းတွေနဲ့ အချိန်ကုန်မလား။ ဒီနှစ်လမ်းအနက် မင်းဘယ်လမ်းရွေးမလဲဆိုတာကို ဖေဖေဘာမှ သံသယမရှိဘူး၊ ရှိလည်းမရှိချင်ဘူး။ ဒီတော့ စာဖတ်ရင် အသုံးကျမယ့်စာအုပ်ကိုသာ ဖတ်ပါ၊ အကြောင်းအရာတစ်ခုကို လေ့လာရင် ကျွမ်းကျင် နှံ့စပ်စွာ နားလည်သည်အထိ လေ့လာပါ။ ကျွမ်းကျင်နှံ့စပ်ခြင်းမရှိဘဲ မတောက်တခေါက် လုပ်တာမျိုး သွားမလုပ်ပါနဲ့။ မိတ်ဆွေအပေါင်းအသင်းများနဲ့ စကားပြောရင် အသုံးကျတဲ့ စကားမျိုးကို ပြောပါ။ ဒီလို ပြောရာမှာလည်း အများစိတ်ဝင်စားအောင်

www.burmeseclassic.com

www.burmeseclassic.com



ပြောပါ။ သမိုင်းအကြောင်း၊ စာပေအကြောင်း၊ တိုင်းပြည်အသီးသီးရဲ့ ဓလေ့ထုံးတမ်းတွေအကြောင်း၊ သူကောင်းမျိုးရိုး အဆင့်ဆင့်တွေအကြောင်း၊ ကျူတန်မျိုးနွယ်တွေရဲ့ သူကောင်းဘွဲ့တွေအကြောင်း၊ မော်လ်တာကျွန်းသားတွေရဲ့ သူကောင်းမျိုးတွေအကြောင်း စသည်တို့ကို ပြောတာဟာ ရာသီဥတုအကြောင်း၊ အဝတ်အစားအကြောင်း၊ ဘာမဟုတ်တဲ့ ပုံတိုပတ်စတွေအကြောင်း စတဲ့ စကားဖျင်းတွေကို ပြောတာထက် အများကြီးကောင်းတယ်။ ဘုရင်တွေ၊ ကြီးမြတ်ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေရဲ့အကြောင်းကို စကားဝိုင်းမှာသာ သိနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့သက်ရှိထင်ရှားရှိနေတုန်းမှာ သူတို့အကြောင်းကို မှန်ကန်စွာ မရေးဖြစ်ကြလို့ပဲ။ ဒါ့ကြောင့်မို့ စကားဝိုင်းမှာ ဘုရင်တွေ၊ ကြီးမြတ်ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေရဲ့အကြောင်းဟာ တော်တော်စိတ်ဝင်စားစရာကောင်းတဲ့ ဘာသာရပ်ဖြစ်ပြီး ကိုယ့်အတွက်လည်း သင်ခန်းစာတွေ အများကြီး ရနိုင်တယ်။ ပြောသူရဲ့ရှုထောင့်၊ ရပ်တည်ချက်ကိုလိုက်ပြီး သူတို့အကြောင်းကိုလည်း ရှုထောင့်မျိုးစုံက သိရတယ်။

မေးခွန်းမေးရမှာကို ဘယ်တော့မှမရှက်ပါနဲ့။ ဘယ်တော့မှ မကြောက်ပါနဲ့။ မင်းမေးတဲ့မေးခွန်းဟာ ပညာဗဟုသုတ တိုးပွားစေမယ့် မေးခွန်းမျိုးဖြစ်ရင်၊ အဲဒီမေးခွန်းကို မေးတဲ့အခါမှာလည်း ဆီလျော်တဲ့ အကြောင်းပြချက်ကို ပြနိုင်ခဲ့လို့ရှိရင် မင်းကိုရိုင်းတယ်၊ အလိုက်ကန်းဆိုးမသိ မေးတယ်၊ စပ်စုတယ်လို့ ဘယ်သူကမှ ထင်ကြမှာ မဟုတ်ပါဘူး။ ဒီလိုမေးမြန်းတဲ့အခါမှာ ကိုယ်နှုတ်နှစ်ပါး ယဉ်ကျေးသိမ်မွေ့ဖို့ပဲ လိုတာပါ။ **"ခြစ်စည်းရိုးကို ကျော်ပြီး တကြည့်ကြည့် လုပ်နေတဲ့လူထက် မြင်းကိုနိုးသွားတဲ့လူက တော်သေးတယ်"** ဆိုတဲ့စကားပုံရှိတယ်။ စကားပုံက ရိုင်းပေမယ့် တော်တော်မှန်တဲ့ စကားပုံပဲ။

အပြုအမူ အပြောအဆိုကသာလျှင် အရေးကြီးပါတယ်၊ လောကမှာ အမူအရာတစ်မျိုး မဟုတ်ရင် တစ်မျိုးနဲ့ပြောလို့မရနိုင်တဲ့အရာရယ်လို့မရှိဘူး။ ကိုယ့်ကိုယ်ကိုယ် စိတ်ချယုံကြည်ဟန်အပြည့်နဲ့ ပြောမလား။ သရော်တော်တော် လှောင်တောင်တောင် အမူအရာမျိုးနဲ့ ပြောမလား။ ဟာသနှောပြီး ပြောမလား။ ပြောနည်းအမျိုးမျိုးရှိတယ်။ အရေးကြီးတာက ဘယ်အချိန်မှာ ဘယ်လိုအမူအရာမျိုးနဲ့ ပြောမလဲဆိုတဲ့ အချက်ပဲ။ ဒီအချက်ကို ကောင်းကောင်းသိဖို့ လိုတယ်။ လူရဲ့ကိုယ်နေဟန်ထား၊ မျက်နှာအမူအရာ၊ စကားပြောတဲ့ဟန်ပန် စသည်တို့ဟာ တော်တော်အရေးကြီးတယ်။ ယဉ်ကျေးသိမ်မွေ့သူတစ်ယောက်က စိတ်ဝင်စားလောက်ပါ၊ သိက္ခာရှိရှိ၊ ပီပီသသနဲ့ စကားပြောရင် ကျေနပ်သွားပေမယ့် ဒီ



စကားကိုပဲ ခွတီးခွကျ လူတစ်ယောက်က မျက်နှာထားကြီးနဲ့ သွားကြီးဖြဲပြီး ပြောရင် ကြားရသူဟာ အထိတ်တလန့် ဖြစ်သွားမှာပဲ။ ကဗျာဆရာများဟာ ဗီးနပ်စ်နတ်သမီးကို ဖွဲ့ဆိုတဲ့အခါမှာ ကောင်းခြင်းသုံးဖြာနဲ့ ပြည့်စုံတယ်လို့ ဖွဲ့လေ့ရှိတယ်။ အဲဒီကောင်းခြင်းသုံးဖြာမရှိရင် ဗီးနပ်စ်ရဲ့ အလှသည်ပင်လျှင် အချည်းနှီးဖြစ်ရသတဲ့။ အဲဒီကောင်းခြင်းသုံးဖြာကို ပညာနတ်သမီးဖြစ်တဲ့ မီနာဗာကိုလည်း အပ်နှင်းပေးသင့်တယ်လို့ ဖေဖေထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကောင်းခြင်းသုံးဖြာမရှိရင် ပညာသင်ကြားခြင်းသည်ပင်လျှင် စိတ်ဝင်စားစရာကောင်းမှာ မဟုတ်လို့ပဲ။ ဒါ့ကြောင့် အဲဒီကောင်းခြင်းသုံးဖြာကို မင်းစကားတိုင်း၊ မင်းလှုပ်ရှားမှုတိုင်းမှာ သတိပြုပါ။ အာဒီးယူး။

စာကြွင်း။ ဒီစာကိုရေးပြီး မကြာခင်မှာပင် မင်းစာကိုရတယ်။ နေ့စွဲတော့ မပါဘူး။ စာထဲမှာ ပရပ်ရှင်း စစ်တပ်တွေ ဖွဲ့စည်းပုံနဲ့ ပတ်သက်လို့ အကျယ်ရေးထားတာကို တွေ့ရတယ်။ ဒီစာတမ်းကို မင့်ဆီမှာလည်း မိတ္တူတစ်စောင် သိမ်းထားမယ်လို့ ဖေဖေ မျှော်လင့်တယ်။ မင့်ဆီမှာရှိတဲ့ မိတ္တူကို သေတ္တာထဲမှာ သေသေချာချာ သိမ်းထားပါ။ ပြီးတော့ အဲဒီစာတမ်းမှာ ဆက်ဖ့်မျိုးနွယ်ထဲက အခြားနိုင်ငံနဲ့ အခြားဘုရင့်နိုင်ငံများက စစ်အဆောက်အအုံတွေအကြောင်းကိုလည်း ဆက်ရေးထားပါ။ ဆက်ဖ့်နီလူမျိုးတွေရဲ့ စစ်အဆောက်အအုံ ဖွဲ့စည်းမှုအကြောင်းတွေကို အလွယ်တကူရှာလို့ ရနိုင်တယ်။ ပြီးတော့ ဆက်ဖ့်နီနယ်က အုပ်ချုပ်ရေးနဲ့ သာသနာရေးဆိုင်ရာ ကိစ္စတွေကိုနဲ့ ပတ်သက်လို့ မင်းကို မေးထားတဲ့ မေးခွန်းတွေကိုလည်း ဖြေဖို့မမေ့နဲ့ဦး။

ခု ဖေဖေ ရေးလိုက်တဲ့စာကို ဖတ်ပြီး ပြောဟန်ဆိုဟန်၊ စကားအသုံးအနှုန်း၊ စကားတွေနဲ့ ပတ်သက်တဲ့ကိစ္စမှာသာ မင်းကို သတိပေးနေတယ်လို့ ထင်လေနဲ့ဦး။ စကားပြောတဲ့နေရာမှာ အသံထွက်တဲ့နေရာမှာ သိက္ခာရှိရှိ၊ ပီသသရှိရဖို့လည်း လိုသေးတယ်။ ဒီလိုပြောနိုင်အောင်အတွက် မင့်ဆရာ ဟာတာဟာတီရှေ့မှာ မကြာခဏ စာကို အသံထွက်ပြီး ဖတ်ပြပါ။ စကားပိုဒ်များကို အလွတ်ရွတ်ပြပါ။ ပြဇာတ်ထဲက စကားပြောခန်းတွေကို ပြောကြည့်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျက်သရေရှိပြီး နားထောင်ကောင်းတဲ့အသံထွက်မလာရင် မင့်စကားပြောဟန်ဟာ ဘယ်လောက်ပဲကောင်းကောင်း ဘာမှ တန်ဖိုးရှိမှာ မဟုတ်လို့ဘဲ။

မစ္စတာလစ်တဲတန်က ဖေဖေ့ရဲ့ အိမ်သစ်ကို သဘောကျတယ်။ အထူးသဖြင့် ဖေဖေ့အိမ်မှာ သုံးတဲ့တိုင်လုံးကြီးတွေကို သဘောကျတယ်လို့

www.burmeseclassic.com



သိရတဲ့အတွက် ဝမ်းသာတယ်။ ဖေဖေ့အိမ်မှာထားတဲ့ ဆီဇာရှိရဲ့ကိုယ်တစ်ပိုင်းရုပ်တုဟာ တော်တော်ကောင်းတယ်။ အဲဒီရုပ်တုကို ဖေဖေ့စာကြည့်ခန်းထဲက အကောင်းဆုံးနေရာမှာ ထားရမယ်။ မင်းပြန်လာလို့ ရုပ်တုအသစ်တစ်ခုပါလာတယ်ဆိုရင်တော့လည်း တစ်မျိုးပေါ့။ ဒါပေမယ့် ဖေဖေက ရှေးဟောင်းပစ္စည်းနဲ့ ပတ်သက်လို့ ဈေးထူတတ်သူဖြစ်လေတော့ မင်းဝယ်လာတဲ့ ရုပ်တုကိုလည်း သေသေချာချာတော့ စစ်ဆေးရဦးမယ်။

မစ္စတာဟာတီကိုလည်း နှုတ်ဆက်လိုက်ကြောင်း ပြောပြပါ။ သူပြန်ပြီးနေထိုင်ကောင်းလာပြီလို့ ကြားရတဲ့အတွက် ဝမ်းသာတယ်။

## စာ - ၃၇

လန်ဒန်၊ စက်တင်ဘာ ၅ ရက်၊ ၁၇၄၈ ခုနှစ်

ုလေး

မစ္စတာဂရီဗင်ကိုးထံ ဂျာမန်ဘာသာနဲ့ မင်းရေးလိုက်တဲ့စာ ပူးတွဲပါရှိတဲ့ င့်စာကို ရတယ်။ ဂျာမန်ဘာသာကို အချိန်တိုကလေးအတွင်းမှာ သင်ခဲ့ရပေမယ့် င်းရေးတဲ့ ဂျာမန်ဘာသာ အရေးအသားဟာ တော်တော်ကောင်းတယ်လို့ ္စတာဂရီဗင်ကိုးက ဖေဖေ့ကို ပြောတယ်။ ခုအခက်ခဲဆုံးအပိုင်းကို ကျော်လွန်ာပြီဖြစ်တဲ့အတွက် ရှေ့ရှောက်ပြီး မှန်မှန်သွားဖို့၊ ကျန်တဲ့အစိတ်အပိုင်းတွေမှာ ျွမ်းကျင်အောင် လုပ်ဖို့ပဲလိုတော့တယ်။ ဘာသာစကားတစ်ခုကို လုံးဝ တ်မြောက်ခြင်းမရှိသူတစ်ယောက်ဟာ အမြဲတမ်း တစ်ပန်းရှုံးနေမှာပဲ။ ာင်မကဘူး၊ အရေးအသားမှာရော၊ အပြောအဆိုမှာပါ စိတ်သွားတိုင်း ိုယ်မပါနိုင်ဖြစ်နေမှာပဲ။ ကိုယ့်အတွေးအခေါ်တွေကို ဖော်ပြဖို့အတွက် လိုအပ်တဲ့ ားလုံးတွေ၊ စကားပိုဒ်တွေ မရှိဘူးဆိုရင်၊ ကျွမ်းကျင်နိုင်နင်းခြင်း မရှိဘူး ိုရင် အဲဒီလူရဲ့အတွေးအခေါ်တွေဟာ အတုပ်အနှောင်ခံနေရတတ်တယ်။ ြည့်မစုံ မရှင်းမလင်းဖြစ်သယောင် ထင်ရတတ်တယ်။ ဒါကြောင့်မို့ ယ်ငါးရက်ကိုတစ်ကြိမ်လောက် မစ္စတာဂရီဗင်ကိုးဆီကို ဂျာမန်လို မပျက် ွက်ရေးစေချင်တယ်။ အဲဒီလိုရေးကျင့်ရှိသွားရင် မင့်အဖို့ ဂျာမန်ဘာသာနဲ့ ေတာလွယ်ကူသွားလိမ့်မယ်။ ဂျာမနီက ထွက်လာပြီး ကျူရှင်ကို ်တောင်မှပဲ ဖေဖေ့ဆီကိုစာရေးရင် ဂျာမန်ဘာသာနဲ့ ရေးစေချင်တယ်။ ကိုယ်ခက်ခက်ခဲခဲနဲ့ လေ့လာခဲ့ရတဲ့ ဂျာမန်စာကို လွယ်လွယ်ကူကူနဲ့ မှာပေါ့။ ပြီးတော့ ဂျာမနီမှာရှိစဉ်တုန်းမှာလည်း တခြားဘာသာစကားနဲ့ ြောတဲ့ ဂျာမန်လိုပဲ ပြောသင့်တယ်။ အခွင့်ကြုံတိုင်း ဂျာမန်လိုပဲ ပြောစေချင် ယ်၊ ဒီနည်းဟာ ဘာသာစကားတစ်ခုကို တိတိကျကျနားလည်အောင်လုပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ တစ်ခုတည်းသော နည်းလမ်းဖြစ်တယ်။ ပြီးတော့လည်း အဆင့်အတန်း အမျိုးမျိုးရှိတဲ့လူတွေကို ခေါ်ဝေါ်တဲ့ ဘွဲ့တွေ၊ ဂုဏ်ထူးတွေကို ခေါ်တတ်အောင် သင်ပေးဖို့ ဆရာ့ကိုပြောပါ။ ဒီအချက်ဟာ ဂျာမနီမှာ တော်တော်အရေးကြီး တယ်။ ဖေဖေ့ရဲ့စာတော်တော်များများဟာ ဒီလို ဘွဲ့ထူးတွေ၊ ဂုဏ်ထူးတွေကို မထည့်မိတဲ့အတွက် လက်ခံမယ့်သူမရှိဘဲ ပြန်လာတာများလှပြီ။

စိန့်သောမတ်စ်နေ့ဟာလည်း နီးလာပြီ။ မင်းလည်း ဆက်ဖုံနီကနေပြီး ဘာလင်ကို သွားရတော့မယ်။ သာသနာ့မဲဆန္ဒနယ်တစ်နယ်အကြောင်းကို သိစရာတွေ ကျန်နေသေးရင် မပြန်ခင်မှာ သိအောင်လေ့လာခဲ့စေချင်တယ်။ ဒီနေရာမှာ သာသနာ့နယ်မြေမှာရှိတဲ့ ဘုရားရှိခိုးကျောင်းတွေ၊ ဘုန်းကြီး ကျောင်းတွေ၊ မြို့တွေရဲ့အရေအတွက်တွေကို လေ့လာဖို့ ပြောနေတာ မဟုတ် ဘူးဆိုတာ သဘောပေါက်စေချင်တယ်။ ဖေဖေလေ့လာဖို့ပြောနေတာက အဲဒီ သာသနာ့မဲဆန္ဒနယ်မြေမှာရှိတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ၊ အခွန်တော်ငွေတွေ၊ စစ်တပ် တွေနဲ့ အဲဒီနယ်မြေက ကုန်သွယ်မှုကိစ္စတွေကို ပြောနေတာ။ အသိဉာဏ်ရှိ သူများကို အသိဉာဏ်ရှိစွာ မေးတတ်ရင် မေးခွန်းနည်းနည်းနဲ့ မင်းသိချင်တဲ့ အချက်တွေကို သိလာလိမ့်မယ်။ ရလာတဲ့အချက်အလက်တွေကို မှတ်စုစာအုပ် ထဲမှာ မှတ်သားထားပါ။

ဘာလင်ကတော့ မင့်အဖို့ တကယ့်ရှုခင်းအသစ်ဖြစ်နေမှာပဲ။ အပြော ကျယ်လှတဲ့ ကမ္ဘာလောကကြီးထဲကို ဝင်ရောက်တဲ့ မင်းရဲ့ပထမဆုံးသော ခြေလှမ်းတစ်ရပ်ပဲလို့ ဖေဖေယူဆတယ်။ အဲဒီခြေလှမ်းကို မှန်မှန်လှမ်းနိုင်ဖို့ နဲ့ အဝင်ဝမှာ ချော်လဲမကျဖို့ သတိထားပါ။ အဲဒီကိုရောက်ရင် အရင်ကထက် ကျယ်ပြန့်တဲ့အပေါင်းအသင်းတွေကို တွေ့ရလိမ့်မယ်။ ဒါကြောင့်မို့ ယဉ်ကျေး ဖွယ်ရာတဲ့ အမူအကျင့်တွေနဲ့ အလေးပေးမှုရှိဖို့ ပိုလိုအပ်တယ်။ အပေါင်းအသင်း တို့အလယ်မှာ ကျေနပ်အောင်နေတတ်ခြင်းဟာ ကိုယ့်ကိုကိုယ် ကျေနပ်အောင် လုပ်ရာမှာ တစ်ခုတည်းသော နည်းလမ်းပဲ။ အပေါင်းအသင်းတွေကို ပျော်ရွှင် ကျေနပ်အောင် လုပ်ရာမှာ အသိဉာဏ်နဲ့ အသိပညာဟာ အဓိကလိုအပ်တဲ့ အုတ်မြစ်ကြီးတွေဖြစ်တယ်။ ဒါပေမယ့် သူတို့ချည်းရှိရုံနဲ့တော့ မလုံလောက် သေးဘူးပေါ့။ သူတို့နဲ့အတူ ယဉ်ကျေးဖွယ်ရာတဲ့အမူအကျင့်နဲ့ အလေးပေးမှု မပါရင် အဲဒီအရာတွေဟာလည်း အရာရောက်မှာမဟုတ်ပေဘူး။ ဒီလိုအရည် အချင်းတွေရဖို့အတွက် အထက်တန်းကျတဲ့အသိုင်းအဝိုင်းကိုရောက်ရင် ထိုက် သင့်တဲ့ ဂရုစိုက်မှုနဲ့ ထိုက်သင့်တဲ့အာရုံစိုက်မှုတို့နဲ့ ဒီအရည်အချင်းတွေ



ရအောင်ယူမယ်လို့ ပိုင်းဖြတ်ဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတော်တော် များများဟာ အထက်တန်းကျတဲ့အသိုင်းအဝိုင်းတွေကို တစ်သက်လုံးကျင်လည် လာခဲ့ကြပေမယ့် ဂရုမပြု၊ အာရုံမစိုက်ခဲ့ကြတဲ့အတွက် အထက်တန်းကျတဲ့ အသိုင်းအဝိုင်းကို တစ်ခါမှ မရောက်ဖူးခဲ့သလို အချိုးမကျ၊ ခွတီးခွကျ၊ အောက်တန်းကျကျဖြစ်မြဲဖြစ်နေတဲ့ လူတော်တော်များများကို ဖေဖေတွေ့ခဲ့ဖူးလို့ ပဲ၊ ဒီတော့ အထက်တန်းကျတဲ့အသိုင်းအဝိုင်းကိုသွားခဲ့ရင် (အထက်တန်းကျတဲ့ အသိုင်းအဝိုင်းဆိုတာ အဲဒီဒေသက အထက်တန်းအကျဆုံးဆိုတဲ့ အပေါင်းအသင်း တွေကိုခေါ်တာ) သူတို့ရဲ့ စိတ်နေသဘောထားတွေ၊ သူတို့ရဲ့အမူအကျင့်တွေ၊ သူတို့ရဲ့အပြောအဆိုတွေကို သေသေချာချာသတိထားရမယ်၊ သူတို့နဲ့အညီ ပြုမူပြောဆိုရမယ်။

ဒါပေမယ့် ဒီလောက်နဲ့တင် မလုံလောက်သေးဘူး။ သည့်ထက်ပိုပြီး နက်ရှိုင်းစွာ လေ့လာရမယ်။ သူတို့ရဲ့စရိုက်တွေကို သတိထားရမယ်။ တတ်နိုင် သမျှ သူတို့ရဲ့နှလုံးသားနဲ့ သူတို့ရဲ့ဦးနှောက်တွေကို ချောင်းမြောင်းကြည့်ရှု ရမယ်။ သူတို့ရဲ့ထူးခြားတဲ့အရည်အချင်းတွေ၊ သူတို့ရဲ့ အဓိက အာသာရမက် တွေနဲ့ သူတို့ရဲ့အားနည်းချက်တွေကို သိရမယ်။ အဲဒီအခါမှာ သူတို့ကို ဖမ်းဖို့ အတွက် မင့်ငါးမြှားချိတ်မှာ ဘယ်လိုအစာမျိုးကို တပ်ရမယ်ဆိုတာ သိလာလိမ့် မယ်။ [(လူဆိုတာ အလွန်ကွဲပြားခြားနားတဲ့ ဓာတ်ပစ္စည်းတွေကို စုပေါင်းထားတဲ့ အစုအဝေးဖြစ်တယ်။ ဒါကြောင့် အဲဒီဓာတ်ပစ္စည်းတွေကို ခွဲခြမ်းဆစ်ပိုင်းကြည့် ချင်ရင် အချိန်ရော၊ ဂရုစိုက်မှုရော လိုတယ်။)] တို့ရဲ့ဖွဲ့စည်းမှုထဲမှာလည်း အလားတူဓာတ်ပစ္စည်းတွေ ရှိတော့ရှိတာပဲ။ ဥပမာ ဆင်ခြင်တုံတရားတို့၊ ဆန္ဒတို့၊ အာသာရမက်တို့၊ ချဉ်ခြင်းတို့ဆိုပါတော့။ ဒါပေမယ့် ဒီဓာတ်ပစ္စည်းတွေဟာ တစ်ယောက်နဲ့တစ်ယောက် အနည်းအများမတူကြဘူး။ ဒီလိုမတူတဲ့အတွက် လူတွေမှာ စရိုက်တွေအမျိုးမျိုး ပေါ်လာကြရတယ်။ အမှန်ကတော့ ဆင်ခြင်တုံ တရားဟာ ဒီအရာတွေကို အညီအမျှရှိအောင် လုပ်ပေးသင့်ပေမယ့် လုပ်ပေးတာ တော်တော်ရှားတယ်။ လူတစ်ယောက်ဟာ ဘုရင့်ရဲ့ဝန်ကြီးတွေကိုသာ ချဉ်းကပ်ပြီး သူ့အခြွေအရံတွေကို လျစ်လျူပြုထားရင် အကြံမအောင်မြင်နိုင်ဘူး။ အလားတူပဲ ခြားလူတစ်ယောက်ရဲ့ ဆင်ခြင်တုံတရား တစ်ခုတည်းကိုသာ အလေးထားပြီး သူ့ရဲ့နှလုံးသားကို ထိအောင်မလုပ်တတ်ရင် ကိုယ့်အကျိုးမအောင်မြင်ဘူး။

လောကကြီးထဲကို မင်းဝင်တော့မယ်ဆိုတော့ စာအုပ်နှစ်အုပ်ကို အထူး ဂရုပြုဖတ်ဖို့ မင့်ကို တိုက်တွန်းချင်တယ်။ ဒီစာအုပ်နှစ်အုပ်ကို ဖတ်ကြည့်ရင်

www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့စရိုက်ကို မင်းတော်တော် နားလည်လာလိမ့်မယ်လို့ ထင်တယ်။ အဲဒီစာအုပ်နှစ်အုပ်ကတော့ "ရှီရှေးဖိုးကောရဲ့မှတ်တမ်းများ" နဲ့ "လာဗရူးရေး၏လူ့စရိုက်များ"ဆိုတဲ့ စာအုပ်နှစ်အုပ်ပဲ။ ဒါပေမယ့် ဒီစာအုပ်နှစ်အုပ်ဟာ မင့်ဘဝခရီးမှာ လမ်းညွှန်တဲ့ ယေဘုယျမြေပုံများသာ ဖြစ်တယ်ဆိုတာကို မမေ့ပါနဲ့။ ဒီမြေပုံတွေဟာ မင်းတွေ့ရမယ့် အချိုးအကွေ့တိုင်းကိုတော့ ဖော်ပြနိုင်မှာမဟုတ်ဘူး။ ဒီလိုအချိုးအကွေ့တွေကို သိနိုင်ဖို့ကတော့ မင်းရဲ့ကိုယ်ပိုင်အစွမ်းအစနဲ့ မြင်တတ်ကြည့်တတ်တဲ့အပေါ်မှာပဲတည်တယ်။

「**လူ့ရဲ့လုပ်ဆောင်ချက်ဟူသမျှဟာ မိမိကိုယ်ကို ချစ်ခြင်းတည်းဟူသော အတ္တမှပေါ်ထွက်လာတယ်လို့**」ပြောတဲ့အတွက် ရိုးရှေးဖိုးကောကို အပြစ်ဆိုကြတယ်။ ဒီလိုအပြစ်တင်တာဟာ မမှန်ဘူးလို့ ဖေဖေထင်တယ်။ ဖေဖေ့အနေနဲ့ ပြောရရင် သူ့အဆိုအမိန့်ထဲမှာ အမှန်တရားတော်တော်များများပါတယ်လို့ ထင်တာပဲ။ ဒီလိုသဘောထားတဲ့အတွက်လည်း ဘာမှအန္တရာယ်မရှိဘူးထင်တယ်။ တို့ဟာကိုယ်လုပ်တဲ့အရာထဲက စိတ်ချမ်းသာမှုကို မရှာကြဘူးလား။ ကိုယ်လုပ်တဲ့အလုပ် အောင်မြင်သွားရင် ပျော်ကြတာပဲမဟုတ်လား။ ကိုယ်လုပ်တဲ့အလုပ်ဟာ မှန်ကန်တဲ့ ဆင်ခြင်တုံတရားနဲ့ ကိုက်ညီရင် ပျော်တာပဲမဟုတ်လား။ ဒါဟာ သဘာဝနိယာမပဲမဟုတ်လား။ အဲ အာသာဆန္ဒတစ်ခု၊ သို့မဟုတ် တပ်မက်မှု တစ်ခု ဘယ်နည်းနဲ့ဖြစ်ဖြစ် ချက်ချင်းပြည့်ဝသွားတာကို တကယ့်ပျော်ရွှင်ချမ်းမြေ့မှုလို့ ယူဆရင်တော့ အဲဒီလိုယူဆတာဟာ မှားယွင်းတဲ့ မိမိကိုယ်မိမိ ချစ်ခြင်းတည်းဟူသော အတ္တစိတ်ဖြစ်တယ်။ ဒီလိုစိတ်မျိုးကိုသာ အပြစ်ဆိုသင့်တယ်။ ဒါပေမယ့် ဖေဖေဟာ ကောင်းတဲ့အလုပ်တစ်ခုကိုလုပ်တယ်။ ဒီလိုလုပ်တဲ့အတွက် ရိုးသားစွာ ပျော်ရွှင်ချမ်းမြေ့မှုကိုလည်း ရတယ်ဆိုရင် ဒါဟာ ဖေဖေ့ကို အပြစ်တင်သင့်သလား။ မတင့်သင့်ဘူးလို့ထင်တယ်။ ရှီရှေးဖိုးကောရဲ့ စာအုပ်မှာ မကောင်းဘူးလို့ အများဆုံးအပြောခံရတဲ့စာပိုဒ်တစ်ပိုဒ်ကတော့ "မိမိခင်မင်ရတဲ့သူငယ်ချင်းတစ်ယောက် ကြုံရတဲ့ကြမ္မာဆိုးဟာ မိမိကြိုက်တာမျိုးလည်း ဖြစ်တတ်တယ်" ဆိုတဲ့ စာပိုဒ်ပဲ။ အဲဒါဘာဖြစ်သလဲ။ ဖေဖေဟာ မိတ်ဆွေတစ်ယောက်ဒုက္ခရောက်တဲ့အတွက် တကယ်အမှန်စိတ်မကောင်းလည်း ဖြစ်တယ်။ တစ်ပြိုင်နက်တည်းမှာလည်း ဒုက္ခရောက်နေတုန်းမှာ ကိုယ်အတတ်နိုင်ဆုံး ကူညီခဲ့ရတဲ့အတွက် သူ့အပေါ်မှာ ဝတ္တရားကျေပြီဆိုပြီး ကိုယ့်ဘာသာကိုယ့်ပီတိဖြစ်တယ်။ ဒီလိုခံစားချက်မျိုးမရှိနိုင်ဘူးလား။ အလုပ်သာကောင်း စေ၊ ရည်ရွယ်ချက်တွေ၊ စေတနာဆိုတာတွေကို ဘာမှပြောနေစရာမလိုပါဘူး။



ဖေဖေ့အနေနဲ့ အမှန်တရားနှစ်ခုအနက် ဘယ်သင်းကိုရွေးရမလဲဆိုတာ လူတွေကိုမေးကြည့်ချင်တယ်။ အဲဒီအမှန်တရားနှစ်ခုဟာ တကယ်တော့ အတူတူပဲ။ သံတူကြောင်းကွဲပဲ။ ကိုယ့်ကိုကိုယ် အချစ်ဆုံးသူဟာ အရိုးသားဆုံးသူဖြစ်တယ်ဆိုတဲ့အချက်နဲ့ အရိုးသားဆုံးသူဟာ ကိုယ့်ကိုကိုယ် အချစ်ဆုံးသူပဲဆိုတဲ့ အချက်ပဲ။

လာဗရူးရေးရဲ့ရုပ်ပုံလွှာတွေကတော့ တကယ့်ဘဝက ရုပ်ပုံလွှာတွေပဲ။ တော်တော်များများဟာ လှလှပပရေးပြထားပြီး အရောင်အသွေးလည်း တောက်တယ်။ အဲဒီစာအုပ်ထဲမှာပါတဲ့စရိုက်တွေကို သေသေချာချာလေ့လာပါ။ နေ့စဉ်ဘဝမှာ သူတို့နဲ့တူတာတွေကို လေ့လာတဲ့အခါမှာ သူတို့ဟာပိုပြီး ပီပြင်လာလိမ့်မယ်။ သူရေးပြထားတဲ့လူတွေနဲ့ အပြင်မှာ တွေ့နေရတဲ့လူတွေကို နှိုင်းယှဉ်ကြည့်ပါ။ အဲဒီအခါမှာ အလှအပတွေကိုရော၊ အပြစ်အနာအဆာတွေကိုရော မြင်တတ်လာအောင် အဲဒီနှစ်ခုစလုံးက အကူအညီပေးပါလိမ့်မယ်။

အပေါင်းအသင်းထဲမှာ မိန်းမအပေါင်းအသင်း အထိုက်အလျောက်၊ ဒါမှမဟုတ် တော်တော်များများ ရှိတတ်ကြတယ်။ အထက်တန်းလွှာအသိုင်းအဝိုင်းမှာ လူတစ်ယောက်ရဲ့ အကျင့်စရိုက်ကို ဖန်တီးရာမှာ မိန်းမတွေဟာ တော်တော်အဆုံးအဖြတ်ကျတဲ့အခန်းကလည်း ပါလေ့ရှိတယ်။ (ဒီအချက်ဟာ ကိုယ့်ရဲ့အနာဂတ်နဲ့ ကိုယ့်ရဲ့တက်လမ်းမှာ တော်တော်အရေးကြီးတယ်။) မိန်းမတွေ ကျေနပ်သဘောကျအောင်လုပ်ဖို့ လိုအပ်တယ်။ ဒါကြောင့်မို့ ဒီအကြောင်းနဲ့ ပတ်သက်လို့ မင်းကို ဖေဖေ ဆေးနည်းတစ်လက် ပေးလိုက်မယ်။ ဒီဆေးနည်းဟာ မင်းအတွက် အများကြီးအသုံးဝင်လိမ့်မယ်။ ဒါပေမယ့် ဒီဆေးနည်းကို အထူးသတိထားပြီး လျှို့ဝှက်ထားပါ။ မသိချင်ယောင် ဆောင်ပါ။ တကယ်တော့ မိန်းမဆိုတာ ကလေးအကြီးစားတွေပဲ။ သူတို့မှာ တစ်ဖက်သားကို အပျင်းပြေစေတဲ့ စကားတင်းစကားဖျင်းတွေရှိတယ်။ တစ်ခါတစ်ရံမှာ လျှင်မြန်တဲ့ ဖြတ်ထိုးဉာဏ်ရှိတယ်။ ဒါပေမယ့် ခိုင်မာပြီး တွေးခေါ်မြော်မြင်တတ်တဲ့ဉာဏ်ရှိတဲ့မိန်းမ၊ အမြဲတမ်း ဆင်ခြင်တွေးခေါ်ပြီး ဆင်ခြင်တွေးခေါ်မှုနဲ့အညီလုပ်တဲ့ မိန်းမရယ်လို့တော့ ဖေဖေ့တစ်သက်မှာ တစ်ယောက်မှ မတွေ့သေးဘူး။ သူတို့မှာ စိတ်ဆိုးရတာနဲ့၊ စိတ်ကောက်ရတာနဲ့ဆိုတော့ တော်တော်တန်တန်ကိုလည်း မှန်မှန်ကန်ကန် မဆုံးဖြတ်နိုင်ကြတော့ဘူး။ သူတို့အလှ ပျက်ယွင်းလာတာနဲ့အမျှ၊ အသက်အရွယ်ထောက်လာတာနဲ့အမျှ ရှိသမျှအသိဉာဏ်လေး ပျက်ယွင်းလာတာနဲ့အမျှ သူတို့မှာ ဘာမဟုတ်တာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေနဲ့ စိတ်တိုစိတ်ကောက်တတ်ကြပြီး ဆင်ခြင်တုံတရား အပြည့်ဝဆုံးအချိန်မှာသာရှိတတ်တဲ့ ထိန်းထိန်းသိမ်းသိမ်း ပြုမူပြောဆိုနေတတ်တဲ့ အကျင့်ကလေးတောင်မှပဲ ပျက်ပြားသွားတတ်ကြတယ်။ အသိဉာဏ်ရှိတဲ့ ယောကျ်ားတစ်ယောက်ဟာ သွေးကြွပြီး အငြိမ်မနေနိုင်တဲ့ ကလေးတစ်ယောက်နဲ့ဆက်ဆံသလို မိန်းမတွေကို ချပ်ပေါ့ပေါ့ပဲ သဘောထားရမယ်။ ကစားသလိုပဲ သဘောထားရမယ်။ ပျော်စေပျက်စေပဲ သဘောထားရမယ်။ မြှောက်ပင့် ချီးမွမ်းပေးရမယ်။ အရေးကြီးတဲ့ ကိစ္စများမှာ သူတို့နဲ့တိုင်ပင်ခြင်း မပြုသင့်ပေဘူး။ ယုံကြည်ခြင်း မပြုသင့်ဘူး။ ဒါပေမယ့် သူတို့ကို တိုင်ပင်တယ်၊ ယုံကြည်တယ်လို့ ထင်ရအောင် အပြင်ပန်းအားဖြင့် မကြာခဏ ပြသရမယ်။ အဲဒီအချက်ဟာ သူတို့အဖို့ လောကမှာ ဂုဏ်အယူဆုံးအချက်ပဲ။ မိန်းမဆိုတာ အလုပ်ကိစ္စမှာ အလွန်ပါချင်တတ်ကြတာကိုး။ (ဒါပေမယ့် သူတို့ပါလာရင်လည်း ကိစ္စက ပျက်တော့တာပဲ။) မိန်းမဆိုတာ မယုံကြည်ရလေတော့ ယောကျ်ားတွေကလည်း သူတို့အပေါ်မှာ အလေးအနက် မထားတတ်ကြဘူး မဟုတ်လား။ ဒီမှာတင် သူတို့ကို အလေးအနက်ပြောတဲ့ယောကျ်ား၊ သူတို့ကို ယုံကြည်စိတ်ချသယောင် တိုင်ပင်နှီးနှောသယောင်ပြတဲ့ ယောကျ်ားမျိုးဆိုရင် သူတို့ ဖူးဖူးမှုတ်ကိုးကွယ်မတတ် ဖြစ်တော့တာပဲ။ ဒီနေရာမှာ တိုင်ပင်သယောင်၊ စိတ်ချယုံကြည်သယောင်ပြတဲ့ ယောကျ်ားလို့ ဖေဖေ ပြောခဲ့တယ်နော်။ စိတ်ထားပျော့ညံ့တဲ့ ယောကျ်ားတွေကတော့ တကယ်တိုင်ပင်ပြီး တကယ် စိတ်ချယုံကြည်လေ့ရှိကြတယ်။ ဒါပေမယ့် ဉာဏ်ပညာရှိတဲ့ ယောကျ်ားများကတော့ စိတ်ချယုံကြည်သယောင်ပဲ ပြတတ်ကြတယ်။ မိန်းမတွေအဖို့ မြှောက်ပင့်ချီးမွမ်းတာဟာ နည်းတယ်များတယ်ရယ်လို့ မရှိဘူး။ သူတို့ကို မြှောက်ပင့်ပေးရင် သဘောကျတာချည်းပဲ။ များများမြှောက်ရင် လောဘတကြီးဝါးမျိုပစ်မယ်။ နည်းနည်းမြှောက်ရင် ကျေးဇူးတင်စွာ လက်ခံမယ်။ မိန်းမတစ်ယောက်ကို မြှောက်ပင့်ချီးမွမ်းချင်ရင် နည်းအမျိုးမျိုးရှိတယ်။ သူပညာဗဟုသုတ နဲ့စပ်ပုံကအစ သူကိုင်ထားတဲ့ ယပ်တောင်ကလေး ဘယ့်လောက်လှတယ်ဆိုတဲ့ကိစ္စအထိ ချီးမွမ်းမြှောက်ပင့်စရာတွေ တစ်ပုံကြီးပဲ။ အဲဒီအထဲမှာ မင်းကြိုက်ရာရွေးပြီး ချီးမွမ်းမြှောက်ပင့်ပေတော့။ အငြင်းပွားစရာမရှိအောင် လှတဲ့ မိန်းမများနဲ့ အငြင်းပွားစရာမရှိအောင် အကျည်းတန်တဲ့ မိန်းမများဟာ သူတို့အသိဉာဏ်ရှိပုံကို မြှောက်ပင့်ပြောရင် အကြိုက်ဆုံးပဲ။ ဒါပေမယ့် သိပ်လည်းမချော၊ သိပ်လည်း အရုပ်မဆိုးတဲ့ ရွက်ကြမ်းရေကျိုမိန်းမများကတော့



သူတို့ရဲ့အလှကို မြှောက်ပင့်ပြောတာကို အကြိုက်ဆုံးပဲ။ ဘာဖြစ်လို့လဲဆိုတော့ အလွန်အမင်း အရုပ်မဆိုးတဲ့ မိန်းမတိုင်းဟာ သူတို့ကိုယ်သူတို့တော့ လှတယ်လို့ ထင်နေတတ်ကြလို့ပဲ။ ဒါပေမယ့် သူတို့ခမျာမှာ အဲဒီလိုလှတယ်လို့ မကြာခဏ အပြောမခံရလေတော့ သူတို့ကို လှတယ်လို့ပြောလိုက်တာနဲ့ အဲဒီလူကို အလွန်ကျေးဇူးတင်ပြီး အလွန်သဘောကျသွားတော့တာပဲ။ အငြင်းပွားလို့မရအောင်လှပြီး သူ့အလှကို သူကိုယ်တိုင်လည်းသိတဲ့ မိန်းမမျိုးကျတော့ လှတယ်လို့ သွားချီးကျူးရင် မင်းကို အထူးတလည် ကျေးဇူးတင်မှာမဟုတ်ဘူး။ အထူးတလည်လည်း ဝမ်းသာမှာမဟုတ်ဘူး။ ဒီလိုချီးကျူးမြှောက်ပင့်မှုဟာ သူရသင့်ရထိုက်တဲ့ ချီးကျူးမှုမျိုးလို့ပဲ သဘောထားမှာပဲ။ သူလိုချင်တာက သူဟာ ဉာဏ်ပညာအရာမှာ လိမ္မာတယ်လို့ အထင်ခံချင်တယ်။ အများတကာထက် ထူးခြားတောက်ပချင်တယ်။ ကိုယ့်ကိုကိုယ် အရုပ်ဆိုးမှန်း သိလောက်အောင် အရုပ်ဆိုးတဲ့ မိန်းမတစ်ယောက်ဟာလည်း သူ့မှာ အသိဉာဏ်ကလွဲလို့ ဘာမှမရှိတော့ဘူးဆိုတာ သိတယ်။ ဒီအသိဉာဏ်ဟာ (ဘယ်ဘက်က ကြည့်ကြည့်) သူ့အဖို့ အားနည်းချက်တော့ အားနည်းချက်ပဲ။

ဒါပေမယ့် မင်းဟာ အိုးဖိုးယတ်စ်လို မိန်းမလောကကြီးတစ်ခုလုံးကမကျေမနပ်ဖြစ်တာကို မခံချင်ရင် မင်း မလွဲမသွေ လိုက်နာရမယ့် လျှို့ဝှက်ချက်တွေရှိတယ်။ ဒါတွေအပြင် အပြောကျယ်တဲ့လောကကြီးမှာ နေထိုင်အသက်ရှင်နေတဲ့ ယောကျ်ားတစ်ယောက်ဟာ ရဲရင့်ရမယ်၊ ယဉ်ကျေးရမယ်၊ မိန်းမတွေကို ဂရုစိုက်ရမယ်။ ဒါမှသာ သူတို့တစ်တွေက ကျေနပ်ပေလိမ့်မယ်။ ယောကျ်ားတွေရဲ့ အားနည်းချက်ကြောင့် မိန်းမတွေဟာ ဘုရင်တွေရဲ့ ထီးနန်းတွေအားလုံးလောက်မှာ အနည်းနဲ့အများဆိုသလို ဩဇာတိက္ကမ ရှိနေကြတယ်။ အထက်တန်းစား မှူးမတ်သေနာပတိတိုင်းရဲ့ အကျင့်စရိုက်ကို ပုံသွင်းပေးနေကြတယ်။ အဲဒီစရိုက်ကို ရှင်သန်နေအောင်၊ သေသွားအောင်၊ ရပ်တန့်သွားအောင် လုပ်နိုင်ကြတယ်။ ဒါကြောင့်မို့ မိန်းမတွေကို ကြိုးစားချဉ်းကပ်ဖို့၊ သူတို့ကို ကျေနပ်အောင်လုပ်ဖို့၊ သူတို့ကို မြှောက်ပင့်ပြောဆိုဖို့ဟာ အကြွင်းမဲ့လိုအပ်တယ်။ သူတို့ကို အထင်သေးတဲ့ လက္ခဏာမျိုးကို မပြမိဖို့လိုတယ်။ အဲဒီလို အထင်သေးတဲ့ အမူအရာမျိုးကို ပြမိပြီဆိုရင်တော့ မင်းကို ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်တော့ဘူး။ ဒီတစ်ချက်မှာတော့ သူတို့တင် မဟုတ်ပါဘူး။ ယောကျ်ားတွေလည်း ဒီအတိုင်းပါပဲ။ မတရားမှုကိုသာ အလွယ်တကူ ခွင့်လွှတ်ချင် ခွင့်လွှတ်မယ်။ စော်ကားမှုကိုတော့ အလွယ်တကူ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်မှာမဟုတ်ဘူး။ လူတိုင်းဟာ ရည်မှန်းချက်ကြီးတာ မဟုတ်ပါဘူး၊ လောဘကြီးတာ မဟုတ်ပါဘူး၊ အံလိုဆန္ဒကြီးတာ မဟုတ်ပါဘူး။ ဒါပေမယ့် လူတိုင်းမှာ မာနရှိပြီး သူ့ကို အထင်သေး၊ အမြင်သေး ဖြစ်လာတာမျိုးကို ခံပြင်းတဲ့စိတ်မျိုးတော့ ရှိတတ်ကြတယ်။ ဒါကြောင့်မို့ ဘယ်သူ့အပေါ်မှာပဲ ဖြစ်ဖြစ် အထင်အမြင်သေးတဲ့ အမူအရာမျိုးကို မပြမိအောင် အတတ်နိုင်ဆုံး ကြိုးစားပါ။ အဲဒီလိုလုပ်နိုင်ရင် မင်းမှာ ရန်သူနည်းမှာပဲ။ အထူးသဖြင့် ယောကျ်ားတွေဟာ သူတို့ရဲ့အားနည်းချက်၊ သူတို့ရဲ့ ချွတ်ယွင်းချက်တွေကို တခြားလူ မသိစေချင်ကြဘူး။ လူတစ်ယောက်ကို မိုက်မဲတယ်၊ အသိဉာဏ် ကင်းမဲ့တယ်၊ ရည်မှန်းယဉ်ကျေးခြင်းမရှိဘူး၊ ကိုယ့်ယိုကားယားနိုင်တယ်ဆိုတဲ့ သဘောမျိုး မင်းက အရိပ်အမြွက် သွားပြမိရင် သူ့ကို လူဆိုးလို့သွားပြီး ပြောင်ပြောင်ပြောတာထက်ခံပြင်းမှာပဲ။ အဲဒီလိုပြောတာထက် မင်းကို ပိုမုန်းတီး သွားနိုင်တယ်။ အပေါင်းအသင်းတွေ စိတ်ဝင်စားအောင်ဖြစ်ဖြစ်၊ ကိုယ့်ရဲ့ အားသာမှုကို ပြသလိုတဲ့အတွက်ကြောင့်ပဲဖြစ်ဖြစ် လူငယ်တွေဟာ တခြားသူတွေ ရဲ့အားနည်းချက်၊ အားပျော့ချက်တွေကို ထုတ်ဖော်ပြောချင်ကြတယ်။ အဲဒီ အလိုဆန္ဒနောက်ကို ဘယ်တော့မှ မလိုက်ပါနဲ့။ ဒီလိုထုတ်ဖော်ပြောတဲ့အတွက် လောလောဆယ်မှာ ရယ်ချင်ရယ်ရမယ်။ ဒါပေမယ့် အဲဒီအလိုဆန္ဒနောက်ကို လိုက်ရင်တော့ မင်းမှာ ထာဝရရန်သူကို မွေးသလို ဖြစ်သွားလိမ့်မယ်။ အဲဒီ တုန်းက မင်းနဲ့အတူ ရယ်မောခဲ့ကြသူတွေကိုယ်တိုင် နောင်ပြန်စဉ်းစားတဲ့ အခါမှာ ထိတ်လန့်ကြောက်ရွံ့ပြီး မင်းကို မုန်းသွားကြလိမ့်မယ်။ ဒါတွေအပြင် လူတစ်ယောက်ရဲ့ အားနည်းချက်၊ သို့မဟုတ် ချို့ယွင်းချက်ကို လှောင်ပြောင် ရယ်မောတာဟာ ကောင်းတဲ့အကျင့်လည်း မဟုတ်ဘူး။ ကောင်းမြတ်တဲ့ နှလုံးသားတစ်ခုဟာ လူတစ်ယောက်ရဲ့ အားနည်းချက်နဲ့ ချို့ယွင်းချက်တွေကို ဖော်ထုတ်ဖို့ထက် ဖုံးကွယ်ပေးဖို့သာ အလိုရှိတယ်။ မင်းမှာ ရယ်ရွှင်တတ်တဲ့ ဇဝနဉာဏ်ရှိရင် အဲဒီဉာဏ်ကို တစ်ပါးသူ ထိခိုက်နာကျင်အောင် အသုံးမပြုပါနဲ့။ ပျော်ရွှင်ကျေနပ်အောင်သာ အသုံးပြုပါ။ မင်းဟာ သမပိုင်းဇုန်က နေမင်းလို ထွန်းလင်းနိုင်တယ်။ ဒါပေမယ့် ပူလောင်ခြင်းတော့ မရှိရဘူး။ အများက ကိုယ့်ကို လိုလားရမယ်။ ဒါပေမယ့် ခန့်ငြားရှိသေရမယ်။

ဒီအချက်တွေကတော့ ဖေဖေရဲ့ ရှည်လျားတဲ့ လောကအတွေ့အကြုံကနေပြီး ကောက်နုတ်ပေးလိုက်တဲ့ သင်ခန်းစာတွေပဲ။ တကယ်လို့ ဒီအချက်တွေကို မင်း ဂရုစိုက်မယ်ဆိုရင် မင်းသွားရမယ့် လောကခရီးရှည်ကြီးမှာ



အသုံးကျပါလိမ့်မယ်။ ဒီသင်ခန်းစာတွေဟာ အကျိုးရှိတဲ့ သင်ခန်းစာတွေ ဖြစ်ပါစေလို့ ဖေဖေ ဆုတောင်းတယ်။ တကယ်လို့ အကျိုးမရှိဘူးဆိုရင်တော့ မင်း ပျက်ကွက်မှုကြောင့်ပဲ ဖြစ်လိမ့်မယ်။

မစ္စတာဟာတီ ကောင်းကောင်း နေမကောင်းဘူးလို့ ကြားရတဲ့အတွက် ဖေဖေ စိတ်မကောင်းဘူး။ သူ့ကိုလည်း နှုတ်ဆက်လိုက်ကြောင်း ပြောပြပါ။

အာဒီးယူး။

www.burmeseclassic.com

www.burmeseclassic.com

**စာ - ၃၈**

လန်ဒန်၊ စက်တင်ဘာ ၁၃၊ ၁၇၄၈ ခုနှစ်။

လူလေး

ကာဒီနယ်ဂိုဏ်းချုပ်ကြီး ဒီရက်ဇ်ရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိနဲ့ အထူးသဖြင့် အဲဒီစာအုပ်ကောင်းကြီးထဲမှာပါတဲ့ နိုင်ငံရေးအတွေးအခေါ်များကို ဖတ်ရှုလေ့လာဖို့ မကြာခဏ ပြောခဲ့ဖူးတယ်။ ခု အဲဒီစာအုပ်ထဲက အချက်နှစ်ချက်သုံးချက်လောက်ကိုပဲ ဖေဖေပြောလိုက်မယ်။

ပါရီမြို့တော်မှာ ဆူပူမှုတွေဖြစ်တဲ့အချိန်တုန်းက မွန်စီယာ ဒီဗျူးဖိုးဟာ ဂိုဏ်းချုပ်ကြီး ဒီရက်ဇ်ရဲ့လက်ရုံးကြီးတစ်ယောက်ပဲ။ ဒီဗျူးဖိုးဟာ လူကြိုက်တော့ များပါရဲ့၊ ဒါပေမယ့် စိတ်ထားပျော့ညံ့တယ်။ ဒီဗျူးဖိုးဟာ လူကြိုက်များတာကို ဂုဏ်ယူလေ့ရှိပြီး မကြာခဏဆိုသလို ပါရီမြို့သူမြို့သားတွေကို စုဝေးတယ်။ သူ့ကိုယ်သူလည်း အဲဒီလူထုတွေရဲ့ရှေ့က ခေါင်းဆောင်ကြီးလို့ ထင်လေ့ရှိတယ်။ ဂိုဏ်းချုပ်ကြီး ရက်ဇ်ကတော့ ဒီလိုမဟုတ်ဘူး။ အကြောင်းကိစ္စရှိမှသာလျှင်၊ ပြောစရာဆိုစရာရှိမှသာလျှင် လူထုတွေကို စုဝေးလေ့ရှိတယ်။ ဒါပေမယ့် ဂိုဏ်းချုပ်ကြီး ရက်ဇ်ဟာ သူ့လူကိုနိုင်အောင် အမြဲတမ်း မထိန်းနိုင်ဘူး။ ဒီဗျူးဖိုးဟာ ဘာရည်ရွယ်ချက်ရယ်လို့လည်း သတ်သတ်မှတ်မှတ်မရှိဘဲ လူတွေကိုစုတော့ သူကိုယ်တိုင် မအုပ်ထိန်းနိုင်ဖြစ်ပြီး ဆူပူမှုတွေ ရန်းရင်းဆန်ခတ်ဖြစ်မှုတွေ ပေါ်ပေါက်လာတော့တာပဲ။ သူကိုယ်တိုင်လည်း အဲဒီလူထုတွေကို မထိန်းသိမ်းနိုင်ဘူး။ ဒီမှာတင် သူတို့အရေးတော်ပုံအတွက် အများကြီး နစ်နာဆုံးရှုံးမှုတွေ ဖြစ်ခဲ့တယ်။

လူဆိုတာ စုမိတာနဲ့တစ်ပြိုင်နက် စိတ်အားထက်သန်လာကြပြီး ကောင်းတာကိုဖြစ်စေ၊ မကောင်းတာကိုဖြစ်စေ လုပ်မိတတ်ကြတယ်။ အများအားဖြင့်တော့ မကောင်းတာကို လုပ်မိတတ်ကြတာပါပဲ။ လူဟာ တစ်ဦးတစ်ယောက်



ချင်းဆိုရင် အေးဆေးပြီး တိတ်ဆိတ်ငြိမ်သက်သလောက် စုမိသွားတာနဲ့ဆူညံသောင်းကျန်းတဲ့ အစုအဝေးကြီးတစ်ခုဖြစ်လာပြီး ခေါင်းဆောင်တွေက ညွှန်ပြမယ့် ကောင်းတာတစ်ခုခုကိုလုပ်ဖို့ အဆင်သင့်ဖြစ်နေလေ့ရှိတယ်။ ခေါင်းဆောင်တွေက သူတို့ကို အလုပ်မခိုင်းရင်လည်း သူတို့ဘာသာသူတို့ ရှာလုပ်တော့တာပဲ။ ဒါကြောင့်မို့ စကားပြောကောင်းတဲ့လှုံ့ဆော်ရေးသမားများ၊ ခေါင်းဆောင်များဟာ မလိုအပ်ဘဲနဲ့ လူတွေကို စုဝေးတာမျိုး မလုပ်မိအောင် သတိထားသင့်တယ်။ ပြတ်သားပြီး သေချာစွာ စဉ်းစားထားတဲ့ ရည်မှန်းချက် တစ်ခုမရှိဘဲ လူထုတွေကို စုဝေးတာမျိုး မလုပ်သင့်ဘူး။ ဒါ့အပြင် ဒီလိုလူထု အစည်းအဝေးတွေ ခဏခဏလုပ်နေရင် ခေါင်းဆောင်တွေဟာ နှမ်းပါများတော့ ပြယ်၊ မြင်ဖန်များတော့ ငယ် ဆိုတဲ့စကားလို ရိုးသွားနိုင်တယ်။ အဲဒီလိုဖြစ်လာရင် ကိုယ်ရဲ့နောက်လိုက်တွေကလည်း ကိုယ့်ကို လေးစားမှုလျော့သွားနိုင်တယ်။ လူထု အစည်းအဝေးတွေကို သတိထားကြည့်ရင် သူတို့ရဲ့စိတ်အားထက်သန်မှု၊ သူတို့ရဲ့ မြင်းပြမှုဟာ လူအရေအတွက်ကိုလိုက်ပြီး တက်လိုက်ကျလိုက် ဖြစ်နေတာကို တွေ့ရလိမ့်မယ်။ လူထုရဲ့အရေအတွက်ဟာ သိပ်များနေရင် အသိဉာဏ်တရားနဲ့ ဆင်ခြင်တုံတရားဟာ ပျောက်ကွယ်သွားတော့တာပဲ။ အဲဒီလိုအခါမျိုးမှာ စိတ်ဓာတ်အတည်ငြိမ်ဆုံးဆိုတဲ့ လူတွေသည်ပင်လျှင် ကမူးရှူးထိုး ဖြစ်လာတတ်ကြတယ်။

ဂိုဏ်းချုပ်ကြီးရဲ့စာအုပ်ထဲမှာ စိတ်ဝင်စားစရာကောင်းတဲ့ နောက်အချက်တစ်ချက်ရှိသေးတယ်။ အဲဒါကတော့ ကိုယ့်ခေတ်မှာဖြစ်ပျက်ပြီး ကိုယ်ကိုယ်တိုင် မျက်စိနဲ့ မြင်လိုက်တွေ့လိုက်ရတဲ့အဖြစ်အပျက်တွေဟာ စာအုပ်ထဲမှာ ဖတ်ရတဲ့ ရှေးခေတ်အလားတူအဖြစ်အပျက်တွေလောက် အံ့သြစရာကောင်းတယ်လို့ မထင်ကြဘူးဆိုတဲ့ အချက်ပဲ။ သူဒီလိုပြောရတာဟာ တခြားကြောင့်မဟုတ်ဘူးတဲ့။ ရောမဧကရာဇ် ကာလီဂူလာဟာ သူ့မြင်းကို အမတ်အဖြစ်ခန့်တော့ သူတို့ဘုရင်ဟာ ဒီလိုပဲ မတန်မရာတွေကို ချီးမြှင့်မြှောက်စားလေ့ရှိတာကို သိပြီးသားဖြစ်နေလေတော့ အဲဒီတုန်းက ရောမမြို့သားတွေဟာ ဒီအရာတလည်း အံ့သြခြင်းမဖြစ်ကြတော့ဘူးတဲ့။ ဒီအချက်ဟာ မှန်တယ်။ ခုခေတ် နေ့စဉ်မြင်တွေ့နေတဲ့အရာတွေကို ဘာမှ အံ့သြခြင်းမဖြစ်ပေမယ့် စာအုပ်ထဲမှာ ဖတ်လိုက်ရတဲ့အခါမှာ တအံ့တသြ ဖြစ်နေတတ်ကြတယ်မဟုတ်လား။ ကျွန်တော်တို့ဟာ သမိုင်းမှာ ရှိခဲ့ကြတဲ့ လီယိုနီဒတ်စ်၊ ကိုးဒရပ်စ်၊ ကားတီးယပ်စ် သူရဲကောင်းတွေရဲ့ စွန့်စားမှုတွေကို တအံ့တသြ ဖြစ်ကြပေမယ့်

www.burmeseclassic.com



ရန်သူလက်ထဲကို မကျအောင် ကိုယ်ပဲ့ကိုင်လာတဲ့ သင်္ဘောကိုရော၊ သင်္ဘောသားတွေကိုရော၊ သူ့ကိုယ်သူပါ ဖောက်ခွဲနှစ်မြှုပ်ပစ်လိုက်တဲ့ သင်္ဘောမာလိန်မှူးတစ်ယောက်ရဲ့အဖြစ်အပျက်ကို ကြားတဲ့အခါမှာတော့ သိပ်ပြီး အံ့သြခြင်း မဖြစ်ကြဘူး။ ဖေဖေဟာ သမိုင်းထဲမှာပါတဲ့ သူရဲကောင်း ပေါ်ဆင်နာနဲ့ ရက်ဂူးလတ်စ်တို့အကြောင်းကို ဖတ်တိုင်း အံ့သြခြင်းဖြစ်ရတယ်။ သူတို့ကို လေးစားကြည်ညိုခြင်း ဖြစ်ရတယ်။ ဒါပေမယ့် အသက်တစ်ဆယ့်ရှစ်နှစ်သာ ရှိသေးတဲ့ သူငယ်ကလေး ရှက်ပတ်ကို ပစ်သတ်တာကို မြင်ခဲ့ရတုန်းကတော့ အဲဒီသူငယ်ကလေးရဲ့လုပ်ရပ်ကို အံ့သြရကောင်းမှန်းမသိခဲ့ဘူး။ သူ့ကို ကြည်ညိုလေးစားရမှန်းလည်း မသိခဲ့ဘူး။ တကယ်တော့ ရှက်ပတ်ဟာ ဘုရင်ကို ပစ်သတ်ဖို့ ရည်ရွယ်ခဲ့မိတာကို ဝန်ခံပြီး အသနားခံခဲ့ရင် လွတ်ငြိမ်းချမ်းသာခွင့်ရမှာအမှန်ပဲ။ ဒါပေမယ့် ရှက်ပတ်ဟာ အသနားမခံခဲ့ဘူး။ သူ့ကိုအသက်ချမ်းသာပေးခဲ့ရင် သူဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ဘုရင်ကို နောက်တစ်ခါလုပ်ကြံဖို့ ကြိုးစားမိဦးမှာပဲတဲ့။ ဒါကြောင့် ဘုရင်ကိုလုပ်ကြံဖို့ ရည်ရွယ်ခဲ့မိတဲ့အတွက် သူ့ကို သတ်ရင်လည်း ပျော်ပျော်ကြီးသေမယ်ဆိုပြီး အသေခံသွားခဲ့တယ်။ သူငယ်လေး ရှက်ပတ် စဉ်းစားပုံနဲ့ ရက်ဂူးလတ်စ် စဉ်းစားပုံဟာ အတူတူပဲ။ ဒါပေမယ့် အာဃာတပြင်းထန်မှုနဲ့ အဖြစ်အပျက်ရဲ့ လတ်ဆတ်မှုတို့ကြောင့် ရှက်ပတ်ဟာ သာမန်ရာဇဝတ်ကောင်သာဖြစ်သွားပြီး ရက်ဂူးလတ်စ်ကတော့ သူရဲကောင်းအာဇာနည်ကြီး ဖြစ်သွားခဲ့ရတယ်။

မင်းသိထားတဲ့အရာတွေကို သေသေချာချာ စစ်ဆေးကြည့်ပြီး ပြန်စဉ်းစားပါ။ ခွဲခြမ်းစိတ်ဖြာကြည့်ပါ။ အဓိကကျတဲ့ အစိတ်အပိုင်းတွေကို ရှာဖွေပါ။ အလေ့အထနဲ့ အာဃာတဟာ အဓိကကျတဲ့အရာတွေ မဟုတ်ဘူးဆိုတာကို သတိပြုပါ။ အရာကိစ္စတွေကို ချင့်ချိန်စဉ်းစားပြီးတော့မှ ကိုယ့်ထင်မြင်ချက်ကို ဖွဲ့စည်းပါ။ ဆင်ခြင်တုံတရားဆိုတဲ့ ညီမျှပြီး ဘက်မလိုက်တဲ့ ချိန်ခွင်မှာ ထည့်ပြီး ကိုယ့်ထင်မြင်ချက်ကို ဖွဲ့စည်းပါ။ လူတွေဟာ ကိုယ်ပိုင်စဉ်းစားတွေးခေါ်နိုင်စွမ်း ရှိလျက်သားနဲ့ အပျင်းထူပြီး ကိုယ်ပိုင်ဉာဏ်ကို မသုံးဘဲ အများတစ်ထောင်ကို ကျူးလွန်ရင်း နေသွား-သေသွားခဲ့ကြတယ်။ သူတို့ဟာ ဒုက္ခခံပြီး ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစား၊ ကိုယ်ပိုင်အယူအဆကို ထူထောင်မယ့်အစား သူများပြောတာကို အဟုတ်ထင်ပြီး လက်ခံခဲ့ကြတယ်။ သူများပြောလို့ ယောင်ပေါင်ပြီး ဒီအတိုင်းပြောခဲ့ကြတယ်။ နောက်တော့ ကိုယ်ကိုယ်တိုင် တကယ်ယုံသွားပြီး ဒီအတိုင်းပဲ ပြောခဲ့ကြတယ်။



ဖေဖေပြောပြမယ့်ဂိုဏ်းချုပ်ကြီးရဲ့ နောက်စကားတစ်ခွန်း ရှိသေးတယ်။ အဲဒါကတော့ လျှို့ဝှက်ချက်တစ်ခုကို လူတော်တော်များများ သိသွားတဲ့အတွက် ပေါက်ကြားလိမ့်မယ်မထင်နဲ့တဲ့။ လူတွေတော်တော်များများ သိသည့်တိုင် အဲဒီလျှို့ဝှက်ချက်ဟာ ကိုယ်ထင်သလောက် ပေါက်ကြားဖို့ မလွယ်ဘူးတဲ့။ သူပြောတဲ့လျှို့ဝှက်ချက်မျိုးက လူတွေကိုယ်တိုင်က ထိန်းသိမ်းအပ်တယ်လို့ ယူဆတဲ့ အရေးကြီးတဲ့လျှို့ဝှက်ချက်မျိုးကို ဆိုလိုတာဖြစ်တယ်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်များဟာ လျှို့ဝှက်မှုဘယ်လောက်အရေးကြီးတယ်ဆိုတာ ကောင်းကောင်း သဘောပေါက်ကြတယ်။ ဒါကြောင့်မို့ သူတို့နဲ့ပတ်သက်သာတဲ့ ကိစ္စမျိုးမှာဆိုရင် လျှို့ဝှက်ချက်ကို ကျင့်သုံးတတ်ကြတယ်။ ကိုယ့်စိတ်ထဲမှာ ပြောချင်တဲ့ဆန္ဒပေါ်လာတဲ့အတွက် မဆိုင်တဲ့လူတွေဆီသွားပြီး လျှို့ဝှက်ချက်တွေကို ပြောနေတာမဟုတ်ဘူးတဲ့။ ဆိုင်တဲ့သူကျမှသာ ပြောလေ့ရှိတယ်တဲ့။ ဒါကြောင့် လူတိုင်းဟာ လျှို့ဝှက်ချက်ကို အောင့်မထားနိုင်ဘဲ ဖွင့်ပြောချင်တတ်တယ်ဆိုတဲ့အချက်ကို သူလက်မခံချင်ဘူးတဲ့။ မိတ်ဆွေ သူငယ်ချင်း၊ ဇနီးမယား၊ သို့မဟုတ် အပျော်မယားဆီကိုသွားပြီး သူတို့နဲ့ ဘာမှမဆိုင်တဲ့ လျှို့ဝှက်ချက်တွေကို သွားပြောနေရင် သူတို့ကလည်း ဒီကိစ္စကို လျှို့ဝှက်ချက်လို့ သဘောထားကြမှာ မဟုတ်ဘူးတဲ့။ မင်းဟာ ဒီလိုပဲ တွေ့ရာလူကို လျှောက်ပြောနေမှာပဲဆိုပြီး သူတို့ကလည်း မင်းပြောသမျှကို တွေ့ရာလူကို လျှောက်ပြောနေမှာပဲတဲ့။ ဒါပေမယ့် သက်ဆိုင်တဲ့လျှို့ဝှက်ချက်ကို သက်ဆိုင်တဲ့သူတွေကိုသာ သွားပြောတယ်ဆိုရင်တော့ လူဘယ်လောက်ကို ပြောသည့်တိုင် သူတို့ကိစ္စလည်း ဖြစ်နေတဲ့အတွက် ဒီလျှို့ဝှက်ချက်ကို ထိန်းသိမ်းကြမှာပဲတဲ့။ ဟုတ်တယ်၊ ဒီစကားကို ဖေဖေလည်း သဘောတူတယ်။ အသေးစားလျှို့ဝှက်ချက်ကလေးများကို လူတွေတိုင်း ပြောတတ်ကြပေမယ့် အကြီးစားလျှို့ဝှက်ချက်ကြီးတွေကိုတော့ အများအားဖြင့် ထိန်းသိမ်းထားတတ်ကြတာပါပဲ။ အာဒီးယူး။

www.burmeseclassic.com

www.burmeseclassic.com

## စာ - ၂၉

ဘာ့သ်၊ အောက်တိုဘာ ၁၂ ရက်၊ ၁၇၄၈ ခုနှစ်

လူလေး

ဖေဖေ ဒီကိုရောက်တာ သုံးရက်ရှိသွားပြီ။ ဗိုက်ကသိကအောက်ဖြစ်နေ ကနေပြီး ခေါင်းထဲမှာ နောက်တောက်တောက်ဖြစ်နေတာနဲ့ ဒီနေရာကို ရောက်လာတာပဲ။ ဒီရောက်တော့ နေလို့ထိုင်လို့ တော်တော်ကောင်းသွားတယ်။ ဒီရောက်လာတဲ့အခါမှာ ဒီကရေပူစမ်းကြောင့် နေလို့ထိုင်လို့ ကောင်းသွားတယ် ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ဖေဖေဘယ်ကိုပဲရောက်ရောက် ဘယ်လိုပဲ ဖြစ်နေနေ မင်းရဲ့နေရေးထိုင်ရေး၊ မင်းရဲ့စရိုက်၊ မင်းရဲ့အသိပညာ၊ မင်းရဲ့ စာရိတ္တတို့နဲ့ ပတ်သက်တဲ့ကိစ္စတွေဟာ ဖေဖေ့ခေါင်းထဲမှာ အမြဲရောက်နေ တယ်။ ဖေဖေ့ကိစ္စတွေ၊ ဖေဖေ့အတွက် ပေါ်လာနိုင်တဲ့အကြောင်းတွေ၊ မျှော် လင့်ချက်တွေကိုတောင် မစဉ်းစားနိုင်လောက်အောင်ပဲ။ ဖေဖေက ဇာတ်ခုံပေါ်က ဆင်းပြီး မင်းက ဇာတ်ခုံပေါ်ကို တက်ရတော့မယ်လေ။ ဖေဖေ့အဖို့ကတော့ ပြီးခဲ့တာတွေဟာ ပြီးခဲ့တာတွေ ဖြစ်သွားပြီ။ ခုအချိန်ကျမှ ဒီအကြောင်းတွေကို ပြန်လှန်သုံးသပ် စဉ်းစားနေရင် အချိန်နှောင်းသွားပြီ။ မင်းအဖို့ကတော့ အစစအရာရာဟာ လာဆဲလာလတ္တံ့ပဲ ရှိသေးတယ်။ တစ်နည်းပြောရရင် စဉ်းစားသုံးသပ်တဲ့ကိစ္စပင်လျှင် လာဆဲလာလတ္တံ့ပဲရှိသေးတယ်လို့ ပြောနိုင် တယ်။ ဒါကြောင့်မို့ မင်းအတွက် ဖေဖေရဲ့စဉ်းစားသုံးသပ်ချက်တွေ၊ အတွေ့အကြုံ ရလာဒ်တွေကို ပြောပြဖို့ အကောင်းဆုံးအချိန်ဟာ ဒီအချိန်ပဲ လို့ ဖေဖေယူဆ တယ်။ လိုက်ပဇစ်မြို့က ထွက်လာတာနဲ့တစ်ပြိုင်နက် မင်းဟာ အပြောကျယ်တဲ့ ကမ္ဘာလောကကြီးထဲကို တဖြည်းဖြည်း ရောက်သွားတော့မယ်။ အဲဒီမှာ မင်း ဘယ်လိုလူစားလဲဆိုတာ အများတကာသိအောင် ပြသမယ့်မင်းရုပ်ပုံဟာ မင်းအတွက် အရေးကြီးဆုံး ဖြစ်လိမ့်မယ်။ ဒါပေမယ့် သူတစ်ပါးက မင်းကို ဘယ်လိုထင်တာ



ဆိုတာထက် မင်းက သူတစ်ပါးကို ဘယ်လိုထင်တယ်ဆိုတဲ့အချက်က အဓိက အဆုံးအဖြတ်ဖြစ်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ပထမဆုံးစွဲထင်တဲ့ ရုပ်ပုံ များဟာ ကြာရှည်စွဲနေတတ်လို့ပဲ။ ဒီတော့ လောကကြီးထဲကို ပထမဆုံး ခရီး ထွက်လာတဲ့အချိန်မှာ ကောင်းတဲ့ရုပ်ပုံတွေ၊ အမှတ်သညာတွေကိုရချင်ရင် ကောင်းသောအသိုင်းအဝိုင်းနဲ့ ပေါင်းဖော်ဖို့လိုတယ်။ ကောင်းသောအသိုင်း အဝိုင်းဆိုတာ ဘယ်လိုဟာလဲလို့ မင်းမေးလာခဲ့ရင်တော့ အဲဒီကိစ္စဟာ သတ်မှတ် ဖို့ တော်တော်ခက်တဲ့ကိစ္စပဲလို့ ဖေဖေဝန်ခံရတော့မှာပဲ။ ဒါပေမယ့် ဖေဖေ ဘာတ်နိုင်သလောက် ကြိုးစားပြီး မင်းနားလည်အောင် ရှင်းပြမယ်လေ။

ကောင်းသောအသိုင်းအဝိုင်းဆိုတာ သူတို့ကိုယ်သူတို့ ထင်နေတဲ့ သို့မဟုတ် သူတို့ကို အဲဒီလိုခေါ်ရင် ကျေနပ်တဲ့အသိုင်းအဝိုင်းမျိုးကို ပြောတာ မဟုတ်ဘူး။ ဒေသတစ်ခုမှာရှိတဲ့ လူအားလုံးက ကောင်းသောအသိုင်းအဝိုင်း လို့ အသိအမှတ်ပြုပြီး အဲဒီလိုခေါ်ဝေါ်ကြတဲ့အသိုင်းအဝိုင်းမျိုးကို ဆိုလိုတာ။ အဲဒီအထဲမှာ မကောင်းတဲ့လူပါချင်ရင်တော့ ပါနိုင်တာပေါ့။ အဲဒီကောင်းသော အသိုင်းအဝိုင်းထဲမှာ အဓိကအားဖြင့် မျိုးရိုးဇာတိအားဖြင့်လည်းကောင်း၊ အဆင့်အတန်းအားဖြင့်လည်းကောင်း၊ အကျင့်စရိုက်အားဖြင့်လည်းကောင်း အတော်အတန်မြင့်သူတွေ ပါဝင်ကြတယ်။ မျိုးရိုးဇာတိအားဖြင့်လည်းကောင်း၊ အဆင့်အတန်းအားဖြင့်လည်းကောင်း နိမ့်ကျတဲ့သူများဟာ ထူးခြားတဲ့ အရည် အချင်း မရှိရင် သို့မဟုတ် စာပေအနုပညာနဲ့ သိပ္ပံပညာတို့မှာ ထူးချွန်မှုမရှိ ရင် ကောင်းသောအသိုင်းအဝိုင်းထဲကို ဝင်ခွင့်ရလေ့မရှိကြဘူး။ ဒါဟာလည်း မှန်တယ်လို့ ဖေဖေထင်တယ်။ အမှန်ကတော့ ဒီလိုမဟုတ်ဘူး။ ကောင်းသော အသိုင်းအဝိုင်းဆိုတာ လူမျိုးစုံတဲ့နေရာဖြစ်တဲ့အတွက် မျိုးရိုးဇာတိ၊ အဆင့် အတန်းနဲ့ အရည်အချင်း မရှိသူများဟာ သူတို့ကိုယ်ပိုင် ရှေ့ဆောင်မှုနဲ့ အတင်းဝင်လာတတ်ကြတယ်။ ဒါမှမဟုတ်ရင်လည်း တစ်ယောက်ယောက်ရဲ့ အရှိန်အဝါကိုယူပြီး ဝင်လာတတ်ကြတယ်။ စာရိတ္တအရ၊ စရိုက်အရ ဘာမျှ ထူးခြားသူတွေ ပါချင်ပါလာနိုင်သေးတယ်။ ဒါပေမယ့် အများအားဖြင့်တော့ ကောင်းတဲ့အစိတ်အပိုင်းကသာ အဓိကလွှမ်းမိုးနေတတ်တာပဲ။ ဒါကြောင့်မို့ အသည်ပျက်ရှိတဲ့သူတွေ၊ စာရိတ္တညံ့တဲ့သူတွေကို ဝင်ခွင့်ပြုလေ့မရှိပါဘူး။ ကောင်းသောအသိုင်းအဝိုင်းကို ရောက်သွားရင် မင်းဟာ ဒီအရပ်ဒေသမှာရှိတဲ့ အကောင်းဆုံးအပြုအမူတွေနဲ့ အကောင်းဆုံး အပြောအဆိုတွေကို လေ့လာရမှာ အမှန်ပဲ။ သူတို့ဟာ အဲဒီအရာနှစ်ခုကို မွေးမြူပေးရုံသာမက အရောင်တောက်

www.burmeseclassic.com

www.burmeseclassic.com



အောင်လည်း လုပ်ပေးနိုင်တယ်။

ဒါကြောင့် အများလက်ခံထားတဲ့ ဝေါဟာရအရပြောရရင် အဲဒီအရပ်ဒေသရဲ့ ဂုဏ်ပြုအပ်ပြီး ခေတ်မီတဲ့အသိုင်းအဝိုင်းမဟုတ်ခဲ့ရင် ပထမတန်းစားပုဂ္ဂိုလ်တွေချည်း ပါဝင်ဖွဲ့စည်းထားတဲ့ အသိုင်းအဝိုင်းတစ်ခုဟာ ကောင်းသောအသိုင်းအဝိုင်းလို့ မခေါ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပထမတန်းစားလူတွေဟာလည်း အနိမ့်ကျဆုံးအဆင့်မှာရှိတဲ့လူတွေလို မိုက်မဲနိုင်တာပဲ။ မွန်ရည်ယဉ်ကျေးခြင်းကင်းမဲ့နိုင်တာပဲ။ တန်ဖိုးမဲ့နိုင်တာပဲ။ တခြားတစ်ဘက်မှာ အရည်အချင်းတွေ ဘယ်လောက်ပဲရှိရှိ၊ ပညာတွေ ဘယ်လောက်ပဲတတ်တတ် အောက်တန်းကျတဲ့လူတွေချည်းပဲ ပါဝင်ဖွဲ့စည်းထားပြန်ရင်လည်း အဲဒီအသိုင်းအဝိုင်းကို ကောင်းသောအသိုင်းအဝိုင်းရယ်လို့ မခေါ်နိုင်ပြန်ဘူး။ ဒါကြောင့်မို့ အဲဒီအသိုင်းအဝိုင်းကို ဝေးစွာရှောင်ကြဉ်ခြင်း မပြုသင့်သည့်တိုင် မကြာခဏတော့ မသွားသင့်ဘူး။

ပညာရှိတဲ့လူတွေချည်းပဲ ပါဝင်ဖွဲ့စည်းထားပြီးတဲ့အတွက် လွန်စွာတန်ဖိုးထား လေးစားသင့်သည့်တိုင် အဲဒီလိုလူမျိုးတွေချည်း ပါဝင်ဖွဲ့စည်းထားတဲ့ အသိုင်းအဝိုင်းတစ်ခုဟာလည်း ကောင်းသောအသိုင်းအဝိုင်းလို့ မပြောနိုင်ပြန်ဘူး။ သူတို့ဟာ လောကကြီးအလယ်မှာ ကျင်လည်ကျက်စားခြင်း မပြုကြတဲ့အတွက် ပေါင်းသင်းဆက်ဆံရေးနဲ့ လောကရဲ့ထုံးစံဓလေ့ကို နားမလည်ကြဘူး။ သူတို့ကြားထဲမှာ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်တယ်ဆိုရင်တော့ တစ်ခါတစ်ရံမှာ အဲဒီအသိုင်းအဝိုင်းကို သွားဖို့ကောင်းတယ်။ အဲဒီလိုသွားနိုင်လို့ရှိရင် မင်းကိုလည်း ဒီလိုအသိုင်းအဝိုင်းမျိုးကို ဝင်ဆံ့တဲ့အတွက် အခြားသောအသိုင်းအဝိုင်းများက အထင်ကြီးလေးစားကြမှာပဲ။ ဒါပေမယ့် အဲဒီအသိုင်းအဝိုင်းထဲမှာတော့ စုန်းစုန်းမြုပ်မသွားသင့်ဘူး။ စုန်းစုန်းမြုပ်သွားရင်တော့ မင့်ကိုသက်မွေးဝမ်းကျောင်းအားဖြင့် စာပေသမားတစ်ဦးလို့ အထင်ရောက်သွားကြလိမ့်မယ်။ တကယ်တော့ အဲဒီနည်းလမ်းဟာ လောကမှာ ကြီးပွားရာကြီးပွားကြောင်း နည်းလမ်းကောင်းမဟုတ်ဘူး။

အလွန် ဇဝနဉာဏ်ထက်သန်တဲ့ပုဂ္ဂိုလ်တွေနဲ့ ကဗျာဆရာတွေရဲ့ အသိုင်းအဝိုင်းဟာ လူငယ်တွေ တော်တော်သဘောကျလေ့ရှိတဲ့အသိုင်းအဝိုင်းဖြစ်တယ်။ အကယ်၍ အဲဒီလူငယ်တွေဟာ သူတို့ကိုယ်၌က ပင်ကိုယ်ဇဝနဉာဏ်ထက်သန်တယ်ဆိုရင် အဲဒီလိုအသိုင်းအဝိုင်းမှာ ပျော်မွေ့နေတတ်ပြီး၊ ဇဝနဉာဏ်ထက်သန်ခြင်းမရှိရင်လည်း အဲဒီအသိုင်းအဝိုင်းထဲက တစ်ယောက် ဖြစ်ရ



အတွက် မိုက်မဲစွာ ဂုဏ်ယူနေတတ်တယ်။ ဒါပေမယ့် အဲဒီအသိုင်းအဝိုင်းမျိုးကို ချင့်ချင့်ချိန်ချိန် စဉ်းစဉ်းစားစားနဲ့ မကြာခဏ သွားရောက်ရမယ်။ အဲဒီအသိုင်းအဝိုင်းထဲမှာ လုံးဝရောသွားတာမျိုး မဖြစ်သင့်ဘူး။ ဇဝနဉာဏ်ထက်သန်တဲ့ပုဂ္ဂိုလ်ဆိုတာ သူနဲ့အတူ ကြောက်ဖွယ်ကို ယူဆောင်လာတတ်တဲ့အတွက် တော်တော်လူကြိုက်နည်းတဲ့ ဂုဏ်ပုဒ်ဖြစ်တယ်။ မိန်းမတစ်ယောက်ဟာ ဘယ်အချိန်မှာ မတော်တဆ ကျည်ဆံထွက်သွားလေမလဲ၊ ဘယ်အချိန်ဒုက္ခရောက်လေမလဲလို့ လက်ထဲမှာ သေနတ်ကိုင်ထားရမှာကို ကြောက်သလို သာမန်လူတွေဟာလည်း သူ့အသိုင်းအဝိုင်းထဲမှာ ဇဝနဉာဏ်ထက်သန်တဲ့ပုဂ္ဂိုလ်တစ်ယောက် ရှိတာကို ကြောက်လေ့ရှိကြတယ်။ ဒါပေမယ့် ဇဝနဉာဏ်ထက်သန်တဲ့ ပုဂ္ဂိုလ်မျိုးနဲ့ သိကျွမ်းရတာဟာ သိကျွမ်းထိုက်တယ်။ သူတို့နဲ့ ပေါင်းဖော်ရတာမျိုးဟာ ရှိသင့်ရှိထိုက်တယ်။ ဒါပေမယ့် အခြားအသိုင်းအဝိုင်းများကို စွန့်ပြီး သူတို့နဲ့ချည်းပဲပေါင်း၊ သူတို့အထဲမှာချည်းပဲ အဖွဲ့ဝင်တစ်ယောက်အနေနဲ့ ရောထွေးနေတာမျိုးတော့ မဖြစ်သင့်ဘူး။

အသိုင်းအဝိုင်းများစွာအနက် မင်းအထူးသတိထားပြီး ရှောင်ရမယ့်အသိုင်းအဝိုင်းကတော့ အဆင့်အတန်းအားဖြင့်လည်းနိမ့်ကျ၊ ပညာအားဖြင့်လည်းနိမ့်ကျ၊ အပြုအမူအားဖြင့်လည်းနိမ့်ကျ၊ စရိုက်အားဖြင့်လည်းနိမ့်ကျ၊ အဘက်ဘက်ကကို နိမ့်ကျနေတဲ့အသိုင်းအဝိုင်းမျိုးပဲ။ ဖေဖေရယ် ဒါလောက်တော့ အထူးသတိပေးနေစရာ မလိုပါဘူး။ သားလည်း သိပါတယ်လို့ မင်းကပြောကောင်းပြောမယ်။ အံ့သြကောင်းအံ့သြမယ်။ ဒါပေမယ့် ဖေဖေ့အထင်မှာတော့ ခုလိုသတိပေးဖို့ လိုကိုလိုအပ်တယ်။ အသိဉာဏ်ရှိပါတယ်၊ အဆင့်အတန်းရှိပါတယ်ဆိုတဲ့ လူတော်တော်များများဟာ အဲဒီလိုအသိုင်းအဝိုင်းနဲ့ ပေါင်းဖော်မိတဲ့အတွက် ဂုဏ်သရေညှိုးခဲ့ရတာ၊ အမနာပအပြောခံခဲ့ရတာ၊ ပျက်စီးသွားခဲ့ရတာတွေကို ဖေဖေမြင်ခဲ့ဖူးတဲ့အတွက် မင်းကို သတိပေးဖို့ အထူးလိုအပ်တယ်လို့ ဖေဖေထင်တယ်။ ဖေဖေတို့ မိုက်မဲမှုတွေနဲ့ အချို့သောပြစ်မှုတွေရဲ့ ရင်းမြစ်ဖြစ်တဲ့ ငါမှငါဆိုတဲ့ အတ္တမာနဟာ လူတော်တော်များများကို အဘက်ဘက်က ကိုယ့်ထက်အတိုင်းအဆမရှိ နိမ့်ကျတဲ့အသိုင်းအဝိုင်းထဲမှာ နစ်မြုပ်သွားအောင် လုပ်ပေးခဲ့လေ့ပြီ။ အဲဒီအသိုင်းအဝိုင်းမျိုးဆက်သွားတဲ့အခါမှာ သူက ဆရာကြီးလုပ်ပြီး ဩဇာပေးမယ်။ ဘေးကလည်းလိုက်ပြီး လက်ခုပ်တီးပေးမယ်။ ဖူးဖူးမှုတ်ကြမယ်။ ဒီမှာတင် ကိုယ်ဟာအောက်တန်းကျတဲ့ယိမ်းအဖွဲ့ရဲ့ခေါင်းဆောင်ဖြစ်ပြီး ကိုယ့်ဂုဏ်ကို ကိုယ်ခြိန်

www.burmeseclassic.com



ဖျက်၊ သည့်ထက်သည်အဆင့်အတန်းမြင့်တဲ့အသိုင်းအဝိုင်းကို ဝင်နိုင်မယ့်ကိုယ့်အရည်အချင်းကို ကိုယ်ပြန်ဖျက်တဲ့အဖြစ်ကို ရောက်တော့တာပဲ။ မင်းမြင့်သလား၊ နိမ့်သလားဆိုတာ အများအားဖြင့် ဘယ်အသိုင်းအဝိုင်းကို ပေါင်းသလဲဆိုတဲ့အပေါ်မှာ တည်တယ်။ လူတွေကလည်း အဲဒီအသိုင်းအဝိုင်းကိုကြည့်ပြီး မင်းကို ဆုံးဖြတ်ကြမှာပဲ။ ဒါဟာ မတရားဆုံးဖြတ်တာမဟုတ်ဘူး။ **"သင်ဘယ်သူနဲ့ နေသလဲဆိုတာကိုပြောပါ။ သင်ဘယ်သူလဲဆိုတာကို ပြောပြမယ်"** ဆိုတဲ့ စပိန်စကားပုံဟာ တော်တော်အဓိပ္ပာယ်ရှိတယ်။ ဒီတော့ ဖေဖေပြောချင်တာက ဘယ်အရပ်ဘယ်ဒေသကိုပဲရောက်ရောက် အဲဒီအရပ်ဒေသကလူတွေက ကောင်းတဲ့အသိုင်းအဝိုင်း ဖြစ်ပါပေတယ်လို့ အသိအမှတ်ပြုထားတဲ့ အသိုင်းအဝိုင်းမျိုးကို ပေါင်းဖော်နိုင်အောင်လုပ်ပါ။ ဒါဟာ ကောင်းတဲ့အသိုင်းအဝိုင်းဆိုတာ ဘာလဲဆိုတာနဲ့ ပတ်သက်လို့ ဖေဖေအကောင်းဆုံးပေးနိုင်တဲ့ အနက်ဖွင့်ဆိုချက်ပဲ။ ဒါပေမယ့် ဒီမှာလည်း တစ်ခု သတိချပ်ဖို့လိုတယ်။ သတိမချပ်ခဲ့မိလို့ လူငယ်တော်တော်များများဟာ ကောင်းတဲ့အသိုင်းအဝိုင်းမှာပင်လျှင် ပျက်စီးသွားခဲ့ကြတာ များလှပြီ။ ဒီတော့ (အထက်မှာ ဖေဖေ ပြောခဲ့တဲ့အတိုင်း) ကောင်းသောအသိုင်းအဝိုင်းဆိုသည်မှာ အကျင့်စရိုက်များနဲ့ စာရိတ္တများ အလွန်ခြားနားသည့်တိုင် အပြုအမူ၊ အနေအထိုင်များကတော့ အတော်များများတူကြတဲ့ အထက်တန်းကျတဲ့လူအမျိုးမျိုး ပါဝင်ဖွဲ့စည်းထားတဲ့အသိုင်းအဝိုင်းတစ်ခုကိုခေါ်ခြင်း ဖြစ်သည်လို့ ဖေဖေ ပြောချင်တယ်။

လောကကြီးကို အသစ်ဖြစ်နေတဲ့ လူငယ်တစ်ယောက်ဟာ အဲဒီလိုကောင်းတဲ့အသိုင်းအဝိုင်းကို ဝင်ရောက်လာတာနဲ့တစ်ပြိုင်နက် အဲဒီအသိုင်းအဝိုင်းနဲ့အညီ ကျင့်ကြံနေထိုင်ပြီး အဲဒီအသိုင်းအဝိုင်းကို အတုခိုးဖို့ ဆုံးဖြတ်လေ့ရှိတယ်။ ဒီလိုဆုံးဖြတ်တာဟာ မှန်လည်းမှန်ပါတယ်။ ဒါပေမယ့် အတုမခိုးသင့်တဲ့အရာကိုသွားပြီး အတုခိုးမိလေတော့ မကြာခဏ အမှားတွေတတ်ကြတယ်။ တစ်ခါတလေ အဲဒီအမှားဟာ ပြင်လို့မရတဲ့အမှားမျိုးတောင် ဖြစ်တတ်တယ်။ သူဟာ လူကြီးလူကောင်းဆန်သော အထက်တန်းကျတဲ့မကောင်းမှုဆိုတဲ့အဓိပ္ပာယ်မရှိတဲ့စကားလုံးကိုလည်း မကြာခဏ ကြားဖူးနေတယ်။ အဲဒီအသိုင်းအဝိုင်းကို ရောက်သွားတဲ့အခါမှာ အများထက်နာမည်ကျော်တဲ့သူ၊ အများကအထင်ကြီးလေးစားတဲ့သူတွေကို တွေ့ရတယ်။ အဲဒီလူတွေဟာ အများအားဖြင့် မိန်းမလိုက်စားသူများ၊ အရက်သမားများနဲ့ လောင်းကစား



သမားတွေဖြစ်နေတာ တွေ့ရတတ်တယ်။ ဒီမှာတင် သူဟာ အဲဒီချို့ယွင်းချက်တွေကို ယောကျာ်းကောင်းတို့ရဲ့ ဂုဏ်အင်္ဂါလို့၊ သူတို့တစ်တွေ နာမည်ကျော်ဘာ တင်ရှားတာဟာ ဒီအရည်အချင်းတွေကြောင့်လို့ တလွဲယူဆပြီး သူတို့ရဲ့မကောင်းမှုတွေကို လိုက်လုပ်တော့တာပဲ။ အမှန်ကတော့ သူတို့တစ်တွေ ဒီလိုထင်ရှားကျော်ကြားလာကြတာဟာ ဒီအရာတွေကြောင့် မဟုတ်ဘူး။ သူတို့ရဲ့ ဗဟုသုတ၊ သူတို့ရဲ့ပညာ၊ သူတို့ရဲ့ မျိုးရိုးနဲ့ သူတို့မှာ တကယ်ရှိတဲ့ ဘခြားသောအရည်အချင်းကောင်းတွေကြောင့် ထင်ရှားကျော်ကြားလာကြတာ ဖြစ်တယ်။ စဉ်းစားဉာဏ်ရှိတဲ့လူတွေနဲ့ သူတို့အသိုင်းအဝိုင်းမှာတော့ သူတို့ရဲ့ လူကြီးလူကောင်းဆန်ဆန် အထက်တန်းကျတဲ့ မကောင်းမှုတွေကြောင့် သူတို့မှာ အစွန်းအထင်းဖြစ်ရတယ်။ အထင်သေးခံရတယ်။ မိန်းမတော့ လိုက်စားနေပါရဲ့၊ ဒါပေမယ့် နာမည်ပျက်မရှိဘူး။ ပျော်ပျော်နေတတ်တယ်။ နူးညံ့သိမ်မွေ့တယ်ဆိုပြီး အဲဒီလူကို အတုယူမလား။ အရက်လေး ဘာလေးတော့ သောက်ပါရဲ့။ ဒါပေမယ့် ညကျတော့ နေ့လယ်ကသောက်ခဲ့တဲ့အရက်ကို အန်ပစ်လိုက်ပြီး နောက်ဆုံးမှာလည်း ခေါင်းကိုက်လို့ မသောက်တော့ဘူးဆိုတဲ့ လူမျိုးကို အတုယူမလား။ ဒါမှမဟုတ် ကိုယ့်မှာရှိတာထက် ရှုံးခဲ့လို့ ကိုယ့်ပင်ကိုယ်ပြန်ဆွဲဆောင်ပြီး ကိုယ့်ကိုယ်ကိုယ် ဆဲရေးတဲ့ ကစားသမားဟာ ချစ်စရာအကောင်းဆုံးလူတစ်ယောက်ဖြစ်တယ်လို့များ မင်းထင်မိသလား။ မဟုတ်ဘူး။ ဒါတွေဟာ အားကျစရာတွေ မဟုတ်ဘဲ အားပျက်စရာတွေ ဖြစ်တယ်။ အားပျက်စရာမှ တော်တော်ကြီးအားပျက်စရာတွေ။ ဒီအချက်တွေဟာ လူတစ်ယောက်ကို အသွေးအရောင်ပြောင်လက်လာအောင် လုပ်မပေးနိုင်တဲ့အပြင် အကောင်းဆုံးလူတွေကိုတောင် ယုတ်ညံ့သွားစေတဲ့အချက်တွေဖြစ်တယ်။ ထင်ရှားအောင် သက်သေပြမယ်။ ပညာလည်းမရှိ၊ တခြားအရည်အချင်းလည်း ဘာမှမရှိတဲ့ လူတစ်ယောက်ဟာ မိန်းမလိုက်စားသူ၊ အရက်သမား၊ ဒါမှမဟုတ် လောင်းကစားသမား စသဖြင့် တစ်ခုခုဖြစ်ကြည့်စမ်းပါလား။ လူတွေက သူ့အပေါ်မှာ ဘယ်လိုသဘောထားကြမလဲ။ စက်ဆုပ်စရာအကောင်းဆုံး၊ အဆိုးယုတ်ဆုံးသတ္တဝါတစ်ယောက်အဖြစ်ပဲ သဘောထားကြမှာပေါ့။ ဒါကြောင့်မို့ အဆိုးအကောင်းနှစ်မျိုးရှိတဲ့လူမျိုးမှာ လူတွေဟာ အကောင်းကြောင့် သူ့ကို ခွင့်လွှတ်ကြပေမယ့် အဆိုးကိုတော့ လက်ခံကြမှာ မဟုတ်ဘူး။

မင်းမှာ မကောင်းမှုမရှိဘူးလို့ ဖေဖေမျှော်လင့်တယ်။ ယုံလည်းယုံတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ ကံမကောင်းအကြောင်းမလှစွာ မင့်မှာမကောင်းမှုတစ်ခုတလေများ ရှိခဲ့ရင်လည်း ကိုယ့်ရှိတာလေးနဲ့ပဲ ကျေနပ်ပြီး အခြားသူတွေရဲ့ မကောင်းမှုကို အတုမယူမိဖို့ ရသလောက် တိုက်တွန်းရတော့မှာပဲ။ လူငယ်တွေ ပျက်စီးကြတာဟာ ပင်ကိုယ်သဘာဝကြောင့် နည်းနည်းဖြစ်ပြီး အပေါင်းအသင်းရဲ့ မကောင်းတဲ့အကျင့်တွေကို လိုက်အတုခိုးမိလို့ ပျက်စီးရတာက ဆယ်ဆ များတယ်။

ဖေဖေဟာ မင်းအတွက် အသုံးကျမယ်ဆိုလို့ရှိရင် အတိတ်က မှားခဲ့တဲ့ ဖေဖေ့ရဲ့အမှားတွေကို ထုတ်ဖော်ဝန်ခံဖို့ ဝန်မလေးပါဘူး။ တက္ကသိုလ်ကို ဖေဖေရောက်တော့ အရက်ကလေး ဘာလေးသောက်တယ်။ ဆေးလိပ်လည်း သောက်တယ်။ တကယ်တော့ ဖေဖေကြိုက်တာမဟုတ်ဘူး။ မကြိုက်တဲ့အပြင် ဆေးလိပ်နဲ့အရက်ဆိုရင် မုန်းတောင်မုန်းသေးတယ်။ ဒါပေမယ့် ဆေးလိပ်သောက်တာ၊ အရက်သောက်တာဟာ လူကြီးလူကောင်းဆန်တယ်။ ယောကျ်ားပီသတယ်လို့ထင်တော့ လုပ်မိတာပေါ့။ နိုင်ငံခြားသွားတော့လည်း ဖေဖေ ဘယ်သွားတယ်ထင်သလဲ။ အဲဒီတုန်းက လောင်းကစားဝိုင်းတွေ သိပ်ခေတ်စားနေတဲ့ သည်ဟိတ်ဂ်မြို့ကိုသွားတယ်။ အဲဒီမှာ ဂုဏ်သရေရှိပုဂ္ဂိုလ်ကြီးတွေ၊ အထက်တန်းစားတွေ လောင်းကစားကြတာကို မြင်ခဲ့ရတယ်။ အဲဒီတုန်းက ဖေဖေ ဘာရှိဦးမလဲ။ ခပ်ငယ်ငယ် ခပ်မိုက်မိုက်ပဲရှိသေးတာကိုး။ ဒီတော့ လောင်းကစားခြင်းဟာ ဂုဏ်သရေရှိလူကြီးလူကောင်းတို့ တတ်မြောက်အပ်တဲ့ ပညာလို့ ထင်လိုက်တာပေါ့။ ဖေဖေဟာ အလွန်ကျပ်ပြည့်တဲ့လူကြီးလူကောင်း ဖြစ်ချင်လေတော့ အဲဒီလိုလောင်းကစားခြင်းဟာ လူကြီးလူကောင်းတစ်ယောက် ဖြစ်ရေးမှာ အရေးကြီးတဲ့ ခြေလှမ်းတစ်ခုလို့ ထင်လိုက်တယ်။ ဒီမှာတင် အတုခိုးမှားပြီး မကောင်းတဲ့အကျင့်တစ်ခုကို ရလာခဲ့တာပဲ။ ဒီအတတ်ရလာတဲ့အတွက် ဖေဖေ့မှာ ဂုဏ်တက်မလာတဲ့အပြင်၊ အကျင့်စာရိတ္တမှာ ဂုဏ်တက်မလာတဲ့အပြင် ကြီးစွာသော အစွန်းအထင်းကြီး ဖြစ်ခဲ့ရတယ်။

ဒီတော့ အတုခိုးချင်တယ်ဆိုရင် ကောင်းတဲ့အသိုင်းအဝိုင်းတစ်ခုရဲ့ တကယ်စစ်မှန်တဲ့အရည်အချင်းတွေကို သတိသမ္ပဇဉ်ရှိရှိ စဉ်းစားဉာဏ်ရှိရှိနဲ့ အတုခိုးပါ။ သူတို့ရဲ့ ယဉ်ကျေးသိမ်မွေ့မှု၊ သူတို့ရဲ့ သွားဟန်လာဟန်၊ သူတို့ရဲ့ ပြောဟန်ဆိုဟန်၊ သူတို့စကားပြောတဲ့အခါမှာ အကြောင်းအရာတစ်ခုနဲ့တစ်ခုကို လွယ်ကူရည်မွန်စွာ ပြောင်းလဲပြောတတ်ပုံတို့ကို အတုယူပါ။ သူတို့တစ်တွေ ထွန်းလင်းတောက်ပကြပါစေ။ ဒါပေမယ့် တစ်ခုသတိထားဖို့က



အကယ်၍ သူတို့မှာ မကောင်းတဲ့စရိုက်ရယ်လို့ရှိခဲ့ရင် အဲဒီမကောင်းတဲ့စရိုက်မှာ အပြစ်အနာတွေ အများကြီးရှိတတ်တယ်။ အဲဒီအခါမှာ အကောင်းပကာတိ ရှိနေတဲ့ ကိုယ့်မျက်နှာပေါ်မှာ သူများကိုအားကျပြီး မှဲ့အတုမတပ်သလို သူတို့ရဲ့ မကောင်းတဲ့အကျင့်တွေကို အတုမခိုးမိအောင်တော့ သတိထားပါ။ တချို့လူငယ်တွေမှာ ကံမကောင်းအကြောင်းမလှချင်တော့ လှပုံချောပါလျက်နဲ့ မှဲ့ကြီးတွေပေါက်တာကို အားမကျပါနဲ့။ တကယ်ကတော့ မှဲ့မရှိရင် ဘယ်လောက်ချောမလဲဆိုတာကို မြင်တတ်ရမယ်။

ကဲ --- ဖေဖေ့ရဲ့ အမှားတော်ပုံတွေကိုတော့ ဝန်ခံပြီးပြီ။ အမှန်ဘက်ကလည်း နည်းနည်းလေးတော့ ပြောချင်သေးတယ်။ ဖေဖေဟာ ရောက်လေရာရာမှာ အကောင်းဆုံးအသိုင်းအဝိုင်းထဲကိုရောက်အောင် ကြိုးစားခဲ့တယ်။ အများအားဖြင့်တော့ အောင်မြင်ခဲ့တာချည်းပါပဲ။ အဲဒီမှာ ဖေဖေဟာ တစ်ဘက်သားကျေနပ်အောင်လုပ်လိုတဲ့ဆန္ဒရှိကြောင်းကိုပြခြင်းအားဖြင့် တစ်ဘက်သားကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ ကျေနပ်အောင် လုပ်ခဲ့တယ်။ ဖေဖေဟာ အသိုင်းအဝိုင်းထဲမှာ ယောင်တီးယောင်နဲ့ ငေါင်တောင်တောင်အဖြစ်မျိုး ဘယ်တော့မှမဖြစ်အောင် အမြဲသတိထားတယ်။ အသိုင်းအဝိုင်းထဲမှာ သူများပြောတာ၊ လုပ်တာ၊ ကြည့်တာကို အမြဲဂရုစိုက်တယ်။ အသေးစိတ်ကလေးတွေကိုတောင် မလွတ်ဘူး။ ဘယ်တော့မှ နဝေတိမ်တောင် မဖြစ်ဘူး။ ဒီအရာတွေဟာ ဖေဖေ့ကို ထင်ပေါ်အောင် လုပ်ပေးတဲ့အကြောင်းရင်းတွေပဲ၊ အမှားတော်ပုံတွေ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

## ဇာ - ၄၀

ဘာ့သ်၊ အောက်တိုဘာ ၁၉ ရက်၊ ၁၇၄၈ ခုနှစ်။

လူလေး

ဖေဖေ့ရဲ့ နောက်ဆုံးစာထဲမှာ ဘယ်လိုအပေါင်းအသင်းကို ပေါင်းရမယ်ဆိုတာကို ရေးခဲ့ပြီးပြီ။ ဒီတစ်ပတ်မှာတော့ အဲဒီအသိုင်းအဝိုင်းမှာ ဘယ်လိုပြုမူဆက်ဆံရမယ်ဆိုတာနဲ့ ပတ်သက်လို့ စည်းမျဉ်းအချို့ကို ရေးပေးလိုက်မယ်။ ဒီစည်းမျဉ်းတွေဟာ ဖေဖေရဲ့အတွေ့အကြုံနဲ့ ရှုစမ်းလေ့လာမှုအရ ကိုယ်တိုင်ချမှတ်နိုင်ခဲ့ပြီး ထိုက်သင့်တဲ့စိတ်ချယုံကြည်မှုနဲ့ မင့်ကိုပြောပြနိုင်တဲ့ စည်းမျဉ်းတွေ ဖြစ်တယ်။ ဒီစည်းမျဉ်းတွေရဲ့သဘောကို အရင်တုန်းက အရိပ်အမြွက်လောက်တော့ ပြောခဲ့ဖူးပါတယ်။ ဒါပေမယ့် တိုစိတိုစိဖြစ်နေတယ်။ ခုတော့ ပိုပြီး နည်းကျကျ၊ စနစ်ကျကျ ဆိုပါတော့။ မင့်ရဲ့ခန္ဓာကိုယ် အပြုအမူ အနေအထိုင်နဲ့ပတ်သက်လို့တော့ ဘာမှမပြောတော့ဘူး။ မင်းရဲ့အကသင်ဆရာနဲ့ အကောင်းဆုံးဆိုတဲ့ စံပြတွေကို မင်းသတိထား အတုယူလေ့လာမှာပဲလို့ပဲ သဘောထားလိုက်တော့မယ်။ ဒါပေမယ့် အဲဒီအချက်တွေဟာလည်း အရေးကြီးတယ်ဆိုတာကိုတော့ သတိပြုပါ။

မကြာမကြာ စကားပြောပါ။ ဒါပေမယ့် ဘယ်တော့မှ မရှည်ပါနဲ့။ စကားပြောရင် နားထောင်သူတွေကို ကျေနပ်နှစ်သိမ့်မှုမပေးနိုင်သည့်တိုင် အနည်းဆုံး သူတို့ကို ငြီးငွေ့အောင် မလုပ်မိဖို့ သတိထားပါ။

ပုံဝတ္ထုတွေကို သိပ်မပြောပါနဲ့။ အလွန်ကို အချိန်အခါနဲ့ကိုက်မှ၊ ဒါမှမဟုတ် အလွန်ကိုတိုမှသာလျှင် ပြောပါ။ အရေးမကြီးတဲ့အကြောင်းအရာတွေကို ချန်ပစ်ခဲ့ပါ။ ဘေးကို ချော်တောင်ငေါ့မသွားအောင် သတိပြုပါ။ ကိုယ်ပြောပြီးသားစကားကို မကြာခဏ ထပ်ပြောတာဟာ ကိုယ့်ရဲ့စိတ်ကူး စိတ်သန်းခေါင်းပါးမှုကို ဖော်ပြရာရောက်တယ်။



ကိုယ်ပြောတဲ့စကားကို နားထောင်စေချင်တဲ့အတွက် သူများရဲ့ အင်္ကျီကြယ်သီးကို သွားဆွဲပြီး ပြောတာမျိုး၊ လက်ကိုသွားဆွဲပြီး ခြေတို့လက်တို့ပြောတာမျိုးကို မလုပ်ပါနဲ့။ မင်းပြောတာကို သူတို့နားမထောင်ချင်တော့ဘူးဆိုရင် သူများလက်ကို ဖမ်းဆွဲတာထက် ကိုယ့်လျှာကိုယ် ဖမ်းဆွဲတာက ပိုကောင်းတယ်။

စကားကြောရှည်သူများဟာ အသိုင်းအဝိုင်းထဲက ကံမကောင်းသူတစ်ယောက် (အထူးသဖြင့် ဝိုင်းထဲမှာရှိတဲ့ စကားအနည်းဆုံးလို့ထင်တဲ့သူ၊ ဒါမှမဟုတ် ကိုယ့်ဘေးမှာကပ်ထိုင်နေသူ) ကို ရွေးထုတ်ပြီး စကားအမျှင်မပြတ်အောင် တီးတိုးပြောတာမျိုး၊ လေသံနှိမ့်ပြီးပြောတာမျိုးတွေ လုပ်တတ်တယ်။ ဒီလိုလုပ်တာဟာ ယဉ်ကျေးမွန်ရည်မှုကင်းရာရောက်ပြီး တစ်စုံတစ်ခုသောအတိုင်းအတာအရ လိမ်ညာရာလည်းရောက်တယ်။ စကားပြောခြင်းဆိုတဲ့ လုပ်ငန်းကိုင်ငန်းဟာ စပ်တူလုပ်ရတဲ့ လုပ်ငန်းဖြစ်တယ်။ ဘုံပိုင်ပစ္စည်းဖြစ်တယ်။ ဒါပေမယ့် အကယ်၍ အသနားအညှာတာကင်းမဲ့တဲ့ စကားပြောသူတစ်ယောက်က မင်းကိုအမိဖမ်းဆွဲပြီး စကားပြောပြီဆိုရင်တော့ စိတ်ရှည်ရှည်နဲ့ နားထောင်ပေတော့။ အကယ်၍ မလွဲမကင်းသာတဲ့သူဆိုရင်လည်း အနည်းဆုံး ရုရိုက်နားထောင်ဟန်ပြပေတော့။ သူ့အဖို့ စိတ်ရှည်တဲ့နားထောင်သူတစ်ယောက်လောက် ကျေးဇူးတင်ရမယ့်အရာဆိုလို့ တစ်ခုမှမရှိဘူးလေ။ အလားတူ သူစကားပြောတုန်း တန်းလန်းကြီးထသွားတာမျိုး၊ စိတ်မရှည်ဖြစ်နေတာကို တွေ့သွားတာမျိုးလောက် သူ့စိတ်ကိုထိခိုက်စေတဲ့အရာရယ်လို့ တစ်ခုမှမရှိဘူး။

မင်းရောက်နေတဲ့အသိုင်းအဝိုင်းကို ကိုယ့်အသံ၊ ကိုယ့်ဩဇာပေးတာထက် အဲဒီအသိုင်းအဝိုင်းရဲ့အသံ၊ အဲဒီအသိုင်းအဝိုင်းရဲ့ဩဇာကိုယူပါ။ မင်းမှာ ပညာဗဟုသုတရှိခဲ့ရင် ဘာသာရပ်တိုင်းမှာ သိကြောင်းကို အနည်းနဲ့အများပြတတ်တယ်။ အကယ်၍ မင်းမှာ ပညာဗဟုသုတမရှိခဲ့ရင် အကြောင်းအရာကို ကိုယ်တိုင်ရွေးပြီးမပြောဘဲ သူများပြောတဲ့အကြောင်းအရာကို မသိသား ဆိုးရွားစွာပြောတတ်တယ်။

လူပေါင်းစုံတဲ့နေရာမှာ အငြင်းပွားစရာ၊ အကြောက်အကန်ပြောစရာ၊ အငြင်းအခုံဖြစ်စရာစကားတွေကို တတ်နိုင်သမျှရှောင်ပါ။ အဲဒီလိုအငြင်းပွားစရာစကားတွေကို သွားပြောမိရင် ငြင်းခုံနေတဲ့ဘက်တွေကို တစ်ဘက်နဲ့တစ်ဘက် ကာလအတန်ကြာဖြစ်စေ မသင့်မတင့် ဖြစ်စေတတ်တယ်။ အမှန်

www.burmeseclassic.com



ကတော့ ဒီလိုမဖြစ်သင့်ပေမယ့် ဒီအတိုင်းပဲဖြစ်နေတတ်ကြတယ်။ အကယ်၍ ငြင်းခုံမှုဟာ ပြင်းထန်ဆူညံလာပြီဆိုရင် ရယ်စရာစကားလေးနဲ့ဖြစ်စေ၊ မသိမသာ လေအေးကလေးနဲ့ဖြစ်စေ အဲဒီအငြင်းအခုံကို ရပ်သွားအောင် ကြိုးစားပါ။ တစ်ခါတုန်းက အဲဒီလို စကားဝိုင်းမှာ ငြင်းခုံကြတာကို ငြိမ်သက်သွားအောင် ဖေဖေလုပ်ခဲ့ဖူးတယ်။ ကိုယ့်အချင်းချင်း ငြင်းခုံနေကြတဲ့ကိစ္စကို အပြင်မှာ ပြောမှာမဟုတ်ပေမယ့် ကြားသွားတဲ့ လမ်းသွားလမ်းလာ ပရိသတ်ကတော့ ပြောကြတော့မှာဖြစ်ကြောင်း၊ ဒါကြောင့် အငြင်းအခုံ မလုပ်သင့်ကြောင်း ဖေဖေ ဖျန်ဖြေခဲ့ဖူးတယ်။

ဘယ်အချိန် ဘယ်အခါမှာမဆို ကိုယ့်အကြောင်းကို တတ်နိုင်သမျှ မပြောမိအောင် ရှောင်ပါ။ လူဆိုတာ ကိုယ့်အကြောင်းကိုယ်ပြောတတ်ကြတာ ဓမ္မတာပဲ။ လူတစ်ကိုယ် ထင်တစ်လုံးဆိုသလို အတ္တမာနနဲ့ ကိုယ့်ကိုကိုယ် အထင်ကြီးစိတ်ဆိုတာက မွေးရာက ပါလာကြတာကိုး။ ဒါကြောင့် ပညာဉာဏ် အရှိဆုံးဆိုတဲ့သူများမှာပင်လျှင် အတ္တမာနဟာ ပုံသဏ္ဌာန်တစ်မျိုးမဟုတ် တစ်မျိုးနဲ့ ပေါ်လာတတ်ကြတယ်။

တချို့က ဘာမှမဆိုင်ဘဲ၊ ဘယ်သူကမှ မတောင်းဆိုဘဲနဲ့ ကိုယ့်အကြောင်းကိုယ် ရတ်တရက် ကောက်ပြောတတ်ကြတယ်။ ဒါကတော့ တော်တော်ကို မယဉ်ကျေးတဲ့ အပြုအမူလို့ပဲ ပြောရတော့မှာပဲ။ ဒါပေမယ့် တချို့ ကျတော့ တော်တော်ပညာသားပါတယ်။ ပထမ သူတို့ကိုယ်သူတို့ ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုပြီး စွပ်စွဲမယ်။ ပြီးတော့ တကယ်လည်း မဟုတ်ဘဲနဲ့ သူ့ကို ဘယ်သူက ဘယ်လိုမကောင်းပြောတယ် စသဖြင့် ညည်းမယ်။ အဲဒီလို နိဒါန်းပျိုးပြီးတော့မှ သူဒီလိုမဟုတ်ရကြောင်း ရှင်းပြပြီး သူ့ရဲ့ကောင်းကွက် တော်ကွက်တွေကို တစ်ခုပြီးတစ်ခု ကတ်တလောက် လုပ်ပြတော့တာပါပဲ။ ဒီလိုပြောတဲ့နေရာမှာ ခုလိုရှင်းလင်းပြောပြရတဲ့အတွက် တော်တော်ခွကျတယ် ဆိုတာ သူတို့သိကြောင်း၊ ဒီလိုရှင်းမပြချင်ကြောင်း၊ အရင်တုန်းက ဒီလို တစ်ခါမှလည်း ရှင်းမပြခဲ့ကြောင်း၊ ခုတော့ ဒီလိုမဟုတ်မတရားစွပ်စွဲတာတွေ များနေတဲ့အတွက် ဒီလိုရှင်းပြရခြင်းဖြစ်ကြောင်း၊ ကိုယ့်ရဲ့အကျင့်စာရိတ္တကို ဝေဖန်ပြစ်တင်ပြောဆိုခြင်းခံရတဲ့အခါမှာ မဟုတ်ကြောင်းကို ဒီလိုပဲ ရှင်းပြ ရမှာဖြစ်ကြောင်း၊ နို့မဟုတ်ရင် အဲဒီလိုစကားမျိုးကို ပြောမှာမဟုတ်ကြောင်း စသဖြင့် ပြောတတ်ကြတယ်။ ကိုယ့်ကိုကိုယ် အထင်ကြီးမှု ရေ့မှာဖုံးကွယ် ထားတဲ့ ဒီနှိမ့်ချမှု မျက်နှာဖုံးကလေးကတော့ ပါးလွန်းလှတယ်။ တော်တော်



ဝေးဝေးက လှမ်းကြည့်ရင်တောင် မြင်နိုင်လောက်ပါတယ်။

တချို့ကျတော့လည်း သည့်ထက်တောင် ပိုနှိမ့်ချပြီး ပိုပြီးတောင် ကျွမ်းကျင်သေးတယ်။ (ဒါကတော့ သူတို့အထင်ပေါ့လေ။) ဒါပေမယ့် ဖေဖေ့ အမြင်မှာတော့ ပိုပြီးတောင် ရယ်စရာကောင်းတယ်လို့ ထင်နေတယ်။ သူတို့တစ်တွေဟာ သူတို့ကိုယ်သူတို့ မြင့်မြတ်တဲ့အကျင့်စရိုက်ကြီးတွေကို ငြင်းသယောင်ပြောကြတယ်။ (ဒီလိုပြောရာမှာလည်း နည်းနည်းလေးမှရှက်ခြင်း ရှိ၊ တွေဝေဆုတ်ဆိုင်းခြင်း မရှိကြဘူး။) ပထမတော့ သူတို့မှာ အားနည်းချက် တွေရှိကြောင်း၊ ဒီလိုရှိတာဟာလည်း ကံအကြောင်းတရားကြောင့်ဖြစ်ကြောင်း၊ သူတို့ဟာ လူတွေဒုက္ခရောက်နေတာကို မကြည့်ရက်တဲ့အကြောင်း၊ လူတွေ ဆင်းရဲနေတာကို မကူညီဘဲ မနေနိုင်တဲ့အကြောင်း၊ အမှန်ကတော့ ကိုယ်က ကူညီနိုင်တဲ့အခြေအနေမှာရှိတာမဟုတ်ကြောင်း၊ အမှန်ကိုပြောတိုင်း မကောင်း သော်လည်း မပြောဘဲမနေနိုင်တဲ့အကြောင်း၊ အတိုချုပ်ပြောရရင် သူတို့မှာ ဒီလိုအားနည်းချက်တွေရှိတဲ့အတွက်လောကကြီးမှာ ကြီးပွားဖို့မပြောနဲ့၊ နေဖို့ တောင် မကောင်းတဲ့အကြောင်း၊ ဒါပေမယ့် ဒီအရွယ်ရောက်မှ ဒီလိုသနားတတ်၊ ကူညီတတ်တဲ့အကျင့်တွေကို ဖျောက်လို့လည်း ရမှာမဟုတ်တော့ကြောင်း၊ ခုတော့ ဒီအတိုင်းပဲတတ်နိုင်သမျှ ဆင်ခြင်နေရတော့မှာဖြစ်ကြောင်းနဲ့ ပြော တတ်ကြတယ်။ ဒီစကားတွေဟာ ဇာတ်ခုံပေါ်မှာဆိုရင်တော့ သနားစရာ၊ ရယ်စရာကောင်းပါရဲ့။ ဒါပေမယ့် လောကဇာတ်ခုံကြီးပေါ်မှာလည်း ဒီလို လူတွေအများကြီး၊ ဒီလိုအသံတွေအများကြီးဆိုတာ မင်းမှတ်ထားစေချင်တယ်။ လောကကြီးမှာ လူအမျိုးမျိုး၊ စရိုက်အထွေထွေ ဆုံတွေ့ရမှာပဲ။ စရိုက်တွေက ဘယ်လောက်များသလဲဆိုရင်တော့ အင်မတန်ပွင့်လင်းပါတယ်ဆိုတဲ့ စာဆို အကျော်တွေတောင် သူတို့ရဲ့မူရင်းစရိုက်တွေ၊ မူရင်းအသွေးအရောင်တွေနဲ့ ခင်ပြရဲကြမှာမဟုတ်ဘူးလို့ ဖေဖေထင်တယ်။

ကိုယ့်ကိုကိုယ်အထင်ကြီးမှုနဲ့ အတ္တမာနဟာ လူရဲ့ပင်ကိုစရိုက်မှာ တော်တော်အားကြီးတဲ့အရာတွေပဲ။ အားကြီးလွန်းတဲ့အတွက် အနိမ့်ကျဆုံး ဆိုတဲ့ အရာဝတ္ထုတွေမှာတောင် ရှိတတ်ကြတယ်။ တချို့လူများဟာ မဟုတ်တဲ့ နေရာမှာဝါကြွားပြီး ချီးကျူးမှုကို ငါးမျှားသလို မျှားနေတတ်တယ်။ တစ် ယောက်က သူဟာ ချောစာပို့မြင်းရထားကြီးကို ခြောက်နာရီအတွင်း မိုင်တစ် ဆယ်လောက် စီးလာခဲ့တယ်လို့ပြောတယ်။ ဒါဟာ သက်သက်မဟုတ် လိမ်ပြော တာ မဖြစ်နိုင်ဘူးလား။ အမှန်ပဲထားပါဦး။ စီးနိုင်တော့ ဘာဖြစ်သလဲ။ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး။ အလွန်ဆုံးဖြစ်ရင် ချောစာပို့မြင်းသမားပဲဖြစ်မှာပေါ့။ တစ်ယောက်ကတော့ သူဟာ တစ်ထိုင်တည်းမှာ ဝိုင်ပုလင်းခြောက်ပုလင်း၊ သို့မဟုတ် ရှစ်ပုလင်းကို သောက်နိုင်တယ်လို့ ကျိန်တွယ်ပြီးပြောတယ်။ ဒီလိုပြောလာရင် သူဟာ သက်သက်မယ့် လိမ်နေတယ်လို့ ဖေဖေထင်လိုက်မှာပဲ။ တကယ်သောက်နိုင်ရင်လည်း ဒီလူဟာလူမဟုတ်ဘဲ အတိတ်တိရစ္ဆာန်ပဲ ဖြစ်ရမယ်လို့ ထင်လိုက်မှာပဲ။

ဒီလိုစကားတွေနဲ့အလားတူ ထောင်ပေါင်းများစွာသော စကားလုံးတွေဟာ ကြွားလုံးတွေ၊ ဝါလုံးတွေ၊ မိုက်လုံးတွေသာဖြစ်တယ်။ ကိုယ့်ကိုကိုယ် အထင်ကြီးမှုကြောင့် ဒီစကားမျိုးတွေကို ပြောကြတာပဲ။ ရည်ရွယ်ချက်ကတော့ သူ့ကိုအထင်ကြီးစေချင်လို့ပြောတာ။ ဒါပေမယ့် သူကြွားလုံးဟာ သူ့ရည်ရွယ်ချက်ကို မရောက်တော့ဘူးပေါ့။ ဒါကြောင့်မို့ စာဆို ဝေါလား က "လုပ်တော့ အထင်ကြီးခံရအောင်လုပ်ပြ၊ ဖြစ်တော့ အထင်သေးခံရ" (ချီးမွမ်းမ ခြေကျောက်ရ) လို့ ပြောခဲ့တာပဲ။

ဒီတော့သား၊ မင်းအနေနဲ့ ဒီအဖြစ်မျိုးတွေကို ရှောင်ဖို့ အသေချာဆုံးနည်းလမ်းကတော့ ကိုယ့်အကြောင်းကို ဘယ်တော့မှ မပြောဖို့ပဲ။ ဒါပေမယ့် သမိုင်းအရ ကိုယ့်အကြောင်းကို မရှောင်မလွှဲသာပြောရတော့မယ်ဆိုရင်လည်း ချီးကျူးသြဘာပေးမှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မျှားခေါ်တဲ့ စကားလုံးတစ်လုံးတလေကို မသုံးမိဖို့ အထူးသတိထားပါ။ ကိုယ့်စရိုက်ကို ကိုယ့်စရိုက်အတိုင်းရှိပါစေ။ သိသွားကြမှာပေါ့။ မင်းပြောတဲ့စကားတိုင်းကို ယုံကြမှာ မဟုတ်ပါဘူး။ မင်းအကြောင်း မင်းပြန်ပြောတဲ့စကားတွေဟာ မင်းရဲ့ ချို့ယွင်းချက်တွေကို ဖာထေးအရောင်တင်ပေးလိမ့်မယ်လို့ မထင်ပါနဲ့။ မင်းရဲ့ကောင်းကွက်တွေကိုလည်း အရောင်တောက်လာအောင် လုပ်ပေးလိမ့်မယ်လို့ မထင်ပါနဲ့။ ကိုယ့်အကြောင်းကိုယ် ချီးမွမ်းပြောဆိုခြင်းဟာ ဆယ်ခါမှာ ကိုးခါဟာ ချို့ယွင်းချက်တွေကို ပိုမိုထင်ရှားလာစေပြီး ကောင်းကွက်တွေကို မှေးမှိန်သွားစေတတ်တယ်။ မင်းအကြောင်းကို မင်းမပြောဘဲ နေခဲ့ရင် တစ်ဘက်သားရဲ့ မနာလိုတိုရှည်မှုတွေ၊ အမျက်ဒေါသတွေ၊ လှောင်ပြောင်မှုတွေဟာ မင်းတကယ် အမှန်ရထိုက်တဲ့ ချီးကျူးသြဘာပေးမှုကို မတားဆီးနိုင်၊ မဖယ်ရှားနိုင်ပါဘူး။ ဒါပေမယ့် မင်းရဲ့ချီးကျူးသြဘာစာကြီး အချိန်အခါမရွေး ပုံသဏ္ဍာန်မရွေး ရိုက်နှိပ်ထုတ်ဝေနေမယ်ဆိုရင်တော့ ဘယ်လောက်ပဲ ပညာသားပါပါ ဝတ်စားဆင်ယင်ပေးထားသည်ဖြစ်စေ



ဘယ်လောက်ပဲပညာသားပါပါ ရုပ်ဖျက်ထားသည်ဖြစ်စေ မင်းကို ဝိုင်းဝန်းအထင်သေးကြမှာပဲ။ အဲဒီအခါမှာ ကိုယ်ရည်ရွယ်ထားတဲ့စခန်းကိုမရောက်ဘဲ စိတ်အပျက်ကြီး ပျက်ရတတ်တယ်။

အသိရခက်ပြီး လျှို့ဝှက်ဆန်းကြယ်တဲ့ပုံမျိုး ဘယ်တော့မှမပေါ်အောင် သတိပြုပါ။ ဒီလိုပုံမျိုးပေါ်တာဟာ အလွန်မနှစ်သက်စရာကောင်းတဲ့အပြင် အလွန်မသက်သာစရာလည်း ကောင်းတယ်။ မင်းဟာ တစ်ဖက်သားရဲ့အမြင်မှာ လျှို့ဝှက်ပြီး အသိရခက်နေရင် သူတို့ဟာလည်း မင်းရဲ့အမြင်မှာ အဲဒီလို ဖြစ်နေလိမ့်မယ်။ အဲဒီအတိုင်းဖြစ်နေရင် မင်းဟာ သူတို့အကြောင်းကို ဘာမှ သိတော့မှာမဟုတ်ဘူး။ လူရဲ့အမြင့်ဆုံးသော အရည်အချင်းဟာ အပြင်ချိုပြီး အတွင်းသိုတတ်တဲ့ အရည်အချင်းပဲ။ ဆိုလိုတာကတော့ ဟန်ဆောင်မှုကင်းပြီး ရိုးသားပွင့်လင်းတဲ့ပြင်ပန်းသဏ္ဌာန်ရှိရမယ်။ အမြော်အမြင်ရှိပြီး ဖာသိဖာသာ ချုပ်တည်းစောင့်စည်းတဲ့ အတွင်းသဏ္ဌာန်ရှိဖို့ပဲ။ မိမိဘက်ကို ကာကွယ်ပြီးသားလည်း ဖြစ်စေရမယ်။ တစ်ချိန်တည်းမှာ သဘာဝကျကျ ရိုးသားပွင့်လင်းတဲ့ သဏ္ဌာန်လည်း ပေါ်စေရမယ်။ ဒီနည်းအားဖြင့် တစ်ဖက်သားအကြောင်းကိုလည်း ကိုယ်ကသိအောင် လုပ်ရမယ်။ မင်းပေါင်းတဲ့ လူဆယ်ယောက်မှာ ကိုးယောက်ဟာ မင်းရဲ့ ပွင့်လင်းပြီး အမှုမထားတဲ့ပြင်ပန်းသဏ္ဌာန်တိုင်းကို သူတို့အတွက် အကျိုးရှိရင် အသုံးချသွားကြလိမ့်မယ်။ ဒါကြောင့်မို့ အပြင်ပန်းအားဖြင့် ဟန်ဆောင်မှုကင်းပြီး ပွင့်လင်းတာဟာ ဉာဏ်အမြော်အမြင်ရှိရာ ရောက်သလို ဉာဏ်အမြော်အမြင်ရှိစွာ လျှို့ဝှက်သိပ်သည်းတတ်တာဟာလည်း လိုအပ်တယ်။ လူတွေနဲ့ စကားပြောတဲ့နေရာမှာ သူတို့မျက်နှာကို အမြဲကြည့်ပြီး စကားပြောပါ။ မျက်နှာကို မကြည့်ဘဲတခြားကိုကြည့်ပြီး စကားပြောနေရင် အပြစ်ရှိလို့ မလုံမလဲ ဖြစ်နေတာလို့ အဓိပ္ပာယ်ကောက်သွားနိုင်တယ်။ ဒါတင် ကာဘူး၊ ကိုယ်ပြောတဲ့စကားကို သူတို့ဘယ်လို သဘောထားသလဲဆိုတာကို အကဲခတ်ဖို့ အခွင့်အရေးလည်း ကိုယ့်မှာဆုံးရှုံးသွားတယ်။ ဖေဖေကတော့ လူတွေရဲ့ စိတ်ရင်းသဘောထားအမှန်ကိုသိအောင်လုပ်ရာမှာ နားထက်မျက်စိကို ပိုပြီးအားကိုးတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူဆိုတာ ကိုယ့်စိတ်ထဲမှာ ဘာပဲရှိနေနေ တစ်ဖက်သားကြားချင်တဲ့စကားကို လွယ်လွယ်နဲ့ပြောလို့ ရတတ်ကြလို့ပဲ။ ဒါပေမယ့် ကိုယ့်စိတ်ထဲမှာရှိတဲ့ တစ်ဖက်သား မသိစေချင်တာကိုတော့ ဘယ်လိုအမူအရာမျိုးနဲ့မှ ဖုံးလို့မရတတ်ကြလို့ပဲ။

အမနာပစကားတွေကို လိုလိုချင်ချင်နဲ့ ဘယ်တော့မှ လက်မခံပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှလည်း လိုလိုချင်ချင်နဲ့ ဖြန့်ဖြူးခြင်းမပြုပါနဲ့။ တစ်ဘက်သားကို ဂုဏ်သရေပျက်အောင် ပြောဆိုတာမျိုးဟာ လောလောဆယ်မှာတော့ ရင်ထဲမှာရှိတဲ့အစိုင်အခဲတွေကို ဖွင့်ချလိုက်ရတဲ့အတွက် ရင်ပေါ့ပြီး ကျေနပ်သွားသလိုပဲ။ ဒါပေမယ့် အေးအေးဆေးဆေး ပြန်စဉ်းစားလိုက်တဲ့အခါမှာတော့ ဒီလိုစိတ်ထားမျိုးကြောင့် မကောင်းတဲ့ အကျိုးသက်ရောက်မှုတွေ ပေါ်ပေါက်လာစေပါကလားဆိုတာ တွေ့လာရတယ်။ ခိုးဝှက်တဲ့ကိစ္စမှာလို အမနာပပြောတဲ့ကိစ္စမှာလည်း လက်ခံသူဟာလည်း ခိုးသူလို ဆိုးယုတ်တာပဲ။

စိတ်သဘောထား သေးနုပ်သိမ်ဖျင်းသူများဟာ တစ်ဘက်သားကို တုပလှောင်ပြောင်လေ့ ရှိတတ်ကြတယ်။ ဒီနည်းဟာ သူတို့အဖို့ လုပ်လေ့လုပ်ထရှိပြီး တော်တော်သဘောကျတဲ့ ပျော်နည်းတစ်မျိုးဖြစ်တယ်။ ဒါပေမယ့် စိတ်ထားကြီးမြင့်သူများကတော့ တစ်ဖက်သားကို တုပလှောင်ပြောင်တာမျိုးကို အလွန်အမင်း စက်ဆုတ်ကြတယ်။ တစ်ဖက်သားကို အဲဒီလို တုပလှောင်ပြောင်တာမျိုးကတော့ အပြောင်အပျက်လုပ်ရာမှာ အောက်တန်းအကျဆုံး၊ ယဉ်ကျေးမှုအနည်းဆုံးတွေပဲ။ ဒါကြောင့် တစ်ဖက်သားကို တုပလှောင်ပြောင်တာမျိုးကို ကိုယ်ကိုယ်တိုင်လည်း မလုပ်ပါနဲ့။ သူများလုပ်ရင်လည်း အားမပေးပါနဲ့။ ဒါ့အပြင် တုပလှောင်ပြောင်ခြင်းခံရသူကိုလည်း စော်ကားရာရောက်တယ်။ အရင်တုန်းက မင်းကိုပြောဖူးသလိုပဲ၊ လူတွေဟာ စော်ကားတာကို ဘယ်တော့မှ ခွင့်မလွှတ်တတ်ကြဘူး။

ကိုယ်ဘယ်သူနဲ့စကားပြောသလဲဆိုတာကိုကြည့်ပြီး ကိုယ်ပြောတဲ့စကားကို လိုက်လျောညီထွေဖြစ်အောင် ပြောရမယ်။ ဒါကိုတော့ မင်းကို အထူးသွန်သင်နေစရာလိုမယ်မထင်ဘူး။ ဒီလိုသတိရှိမှသာလျှင် မင်းဟာ ဝန်ကြီးနဲ့တွေ့ရင် ဝန်ကြီးနဲ့ လိုက်လျောအောင်၊ ဘုန်းတော်ကြီးနဲ့တွေ့ရင် ဘုန်းတော်ကြီးနဲ့ လိုက်လျောအောင်၊ ဒဿနဆရာနဲ့တွေ့ရင် ဒဿနဆရာနဲ့ လိုက်လျောအောင်၊ စစ်ဗိုလ်နဲ့တွေ့ရင် စစ်ဗိုလ်နဲ့လိုက်လျောအောင်၊ အမျိုးသမီးနဲ့တွေ့ရင် အမျိုးသမီးနဲ့လိုက်လျောအောင် ပြောတတ်မှာပေါ့။ လောကအလယ်မှာ လူလုပ်မယ့်ယောကျ်ားတစ်ယောက်ဟာ ပုတ်သင်ညိုများလို အမျိုးမျိုး အရောင်ပြောင်းနိုင်ရမယ်၊ ဒီလိုလုပ်တာဟာ ရာဇဝတ်မှု ကျူးလွန်တာမဟုတ်ဘူး။ ဟိရိဩတ္တပ္ပကင်းမဲ့တာမဟုတ်ဘူး။ လိုအပ်တဲ့လောကဝတ်တစ်ခုဖြစ်တယ်၊ ဒီလိုလိုက်လျောညီထွေကျင့်တတ်ခြင်းဟာ စာရိတ္တဆိုင်ရာပြဿနာမဟုတ်ဘူး။ အပြုအမူအနေ



အထိုင်နဲ့ ပတ်သက်တဲ့ကိစ္စသာဖြစ်တယ်။

ကျိန်တွယ်တာနဲ့ပတ်သက်လို့လည်း ပြောလိုက်ရဦးမယ်။ ဒီကိစ္စဟာ ပြောဖို့လိုအပ်တယ်လို့ ယူဆလို့ ပြောရတာ။ မင်းကြားဖူးမလားမသိဘူး၊ အထက်တန်းစားအသိုင်းအဝိုင်းတွေကြားထဲမှာတောင် စကားပြောနေရင်းကနေပြီး သူတို့စကားကို ချောမွေ့ပြေပြစ်အောင်၊ လေးနက်အောင်ဆိုပြီး ကျိန်ပြောတတ်ကြတယ်။ ဒါပေမယ့် အဲဒီလို ကျိန်တွယ်ပြောတတ်ကြတဲ့လူတွေဟာ ကောင်းတဲ့အသိုင်းအဝိုင်းထဲမှာ ဘာမှအရာမရောက်ဘူးဆိုတာကို မင်းလည်း သတိထားမိလိမ့်မယ်။ အမှန်ကတော့ သူတို့တစ်တွေဟာ အောက်တန်းစားလူတွေ၊ ပညာအောက်တန်းကျသူတွေသာဖြစ်တယ်။ ဒီလိုကျိန်တွယ်ပြောတာဟာ ရူးနှမ်းစာလည်းရောက်တယ်။ ယဉ်ကျေးမှုနည်းရာလည်း ရောက်တယ်။ ညံ့ရာလည်းရောက်တယ်။ ပြီးတော့ ဘယ်သူကမှလည်း ဒီလိုကျိန်တွယ်ပြောနေတာတွေကို သဘောကျကြမှာမဟုတ်ဘူး။

ကျယ်လောင်စွာရယ်ခြင်းဟာ မိုက်မဲရူးနှမ်းတဲ့အရာတွေကိုသာ သဘောကျတတ်တဲ့ လူအုပ်ရဲ့ ရွှင်မြူးနည်းဖြစ်တယ်။ ဒါပေမယ့် ဉာဏ်ပညာရှိသူနှင့် အသိတရားရှိသူတို့ကတော့ ကမ္ဘာကြီးရယ်လို့ ဖန်ဆင်းပြီးကတည်းက ဘယ်တော့မှ တစ်ဖက်သားကို ကျယ်လောင်စွာရယ်အောင် မလုပ်ခဲ့ကြဘူး။ သူ့ဘာရှိပြီး အပေါင်းအသင်းဝင်ဆံ့တဲ့လူတစ်ယောက် ပြုံးတာကိုပဲ မင်းမြင်ရလိမ့်မယ်။ ရယ်တာကိုတော့ ဘယ်တော့မှ ကြားရမှာမဟုတ်ဘူး။

ကဲ --- ဒီတော့ စာလည်းရှည်သွားပြီ။ ဒီစာကိုချုပ်လိုက်ရင် ဖော်ပြခဲ့တဲ့စည်းကမ်းတွေကို မင်းဘယ်လောက်ပဲ လိုက်နာကျင့်သုံးသည့်တိုင် ပညာနဲ့ယှဉ်ပြီး မသုံးရင် အကျိုးသက်ရောက်မှုဟာ တစ်ဝက်လောက်ပဲ ရှိမှာပဲ။ ဘာကိုပဲပြောပြော လှောင်ပြောင်သရော်တဲ့ပုံ၊ အပေါ်စီးတဲ့ပုံနဲ့ပြောရင် ဒါမှမဟုတ် ပြောရဲပြောရဲပုံမျိုး မဝံ့မရဲနဲ့ပြောရင် ဒါမှမဟုတ် ရူးတူးတူး နှမ်းတမ်းတမ်း ပြက်ချော်ချော်နဲ့ပြောရင် မင်းပြောတာတွေဟာ ဘာမှအရာရောက်မှာ မဟုတ်ဘူး၊ ဒီလိုပြောတဲ့နေရာမှာလည်း ဗျစ်တောက်ဗျစ်တောက်နဲ့ပြောရင်၊ မပီမသရှင်းမလင်းပြောရင်၊ ဣန္ဒြေသိက္ခာမရှိပြောရင် ပိုပြီးတောင် ဆိုးဦးမယ်၊ မင်းရဲ့အပြုအမူနဲ့ အပြောအဆိုဟာ အောက်တန်းကျရင်၊ ကိုယ့်ယို့ကားယားနိုင်ရင် မင်းကတော်တဲ့အတွက် မင်းကို လေးစားချင်လေးစားလိမ့်မယ်။ ဒါပေမယ့် မင်းကိုတော့ သဘောကျမှာမဟုတ်ဘူး။ လူတွေသဘောမကျရင် မင်းကြီးပွားချင်ကြီးပွားမယ်။ ဒါပေမယ့် တန်ဖိုးတော့ကြီးလိမ့်မယ်။ ရှေးခေါင်းပြင်တွေထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဗီးနတ်စ်ဟာ အလှတရားကိုစောင့်တဲ့ နတ်သမီးသုံးပါးနဲ့ အတူတူပဲ။ အဲဒီနတ်သမီးများဟာ ဗီးနတ်စ်နဲ့ အမြဲလိုက်ပါကြတယ်လို့ အဆိုရှိတယ်။ နှပျိုခြင်းနဲ့ အနုပညာနဲ့ ဝစနာလင်္ကာရဖြစ်ခြင်းတို့ရဲ့ နတ်ဖြစ်တဲ့ မာကျူရီဟာ ဗီးနတ်စ်မရှိရင် မအောင်မြင်နိုင်ဘူးလို့ ဟိုးရေးစ်က ပြောဖူးတယ်။

အဲဒီနတ်သမီးများဟာ မမီနိုင်တဲ့နတ်ဒေဝီများ မဟုတ်ဘူး။ မှန်ကန်စွာနဲ့ ဝီရိယရှိစွာ အားထုတ်ရင် ဆွတ်ခူးနိုင်တဲ့အရာတွေ ဖြစ်တယ်။ အာဒီးယူး။

## စာ - ၄၁

ဘာ့သ်၊ အောက်တိုဘာ ၂၉ ရက်၊ ၁၇၄၈ ခုနှစ်

ငှလေး

မကြာခင်မှာပဲ မင်းဟာ လောကဇာတ်ခုံကြီးပေါ်ကို တက်ပြီး ပါဝင်ကပြနေတော့မယ်။ ဇာတ်ခုံပေါ်ကို တက်ဖို့ အချိန်နီးကပ်လာလေလေ မင့်အတွက် အောင်မြင်မှုရမှရပါ့မလားလို့ ဖေဖေ အစိုးရိမ်ကြီးလာလေလေပဲ။ ကန့်လန့်ကာဆု့ကို ထွက်လာတယ်ဆိုရင်ပဲ ပရိသတ်က မင်းနဲ့ပတ်သက်လို့ ထင်မြင်ချက်အမျိုးမျိုး ပေးကြတော့မယ်။ (မင်းမှာ အတွေ့အကြုံ မရှိသေးတော့ အထိုက်အလျောက်တော့ လျှော့ပေါ့စဉ်းစားကြမှာပါပဲ။) အဲဒီထင်မြင်ချက်ဟာ ပရိသတ်ရဲ့ အပြီးသတ် ထင်မြင်ချက်ပဲ။ နောင်မှာ နည်းနည်းပါးပါး အတိုင်းအတာမှုသွားနိုင်ပေမယ့် ပထမဆုံး ထင်မြင်ချက်ဟာ ဘယ်တော့မှ ပြောင်းလဲလေ့မရှိဘူး။ ဒီအတွက်ကြောင့်သာ ဖေဖေဟာ မင်းအကျင့်စရိုက် ကောင်းမွန်ပြည့်စုံရေးအတွက် အတတ်နိုင်ဆုံး ကြိုးစားပြီး အကူအညီပေးနေတာပေါ့။ မင်းစရိုက်မှာ အသေးငယ်ဆုံးသော အစွန်းအထင်းကလေး ဖြစ်သွားမှာကို ဖေဖေ အစိုးရိမ်ဆုံးပဲ။ တစ်ခြားဘယ်ကိစ္စကိုမှ ဒီကိစ္စမှာလောက် ဖေဖေ မစိုးရိမ်ဘူး။

ဘာသာရေး၊ စာရိတ္တရေးနဲ့ပတ်သက်လို့ ကိုယ့်မှာ တာဝန်ဝတ္တရားတွေ ဘယ်လောက်ရှိတယ်ဆိုတာကို မင့်ကို ဖေဖေ အကျယ်တဝင့် ပြောခဲ့ပြီးပြီ။ ဘာဖြစ်လို့လဲဆိုတော့ အရေးကြီးတဲ့ ဒီအချက်နှစ်ချက်နဲ့ ပတ်သက်တဲ့ သင်ခန်းစာတွေကို တစ်ခြားဘယ်နေရာကမဆို ရနိုင်တယ်လို့ မင်းထင်သွားမှာ စိုးတဲ့အတွက်ကြောင့်ပဲ။ မှန်ပါတယ်။ မင့်ဆရာ မစ္စတာဟာတီဟာ ဒီအချက်တွေနဲ့ ပတ်သက်လို့ လျစ်လျူပြုခြင်း မရှိဘူးဆိုတာ ဖေဖေယုံပါတယ်။ ဒါတင်မကဘူး ဒီအချက်တွေဟာ သာမန်အသိနဲ့ရော စဉ်းစားဉာဏ်နဲ့ရော စဉ်းစားလိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားနေတဲ့ အချက်တွေပဲ။ ထင်ရှားလွန်းတဲ့အတွက်ကြောင့်ပဲ ဆရာတော်တော်များများဟာ (မကြာခဏဆိုသလို) ရှုပ်ထွေးဝေ့ဝါးပြီး ရှင်းအောင် ပြောမပြတတ်ဘဲ ဖြစ်နေတတ်ကြတယ်။ ဒါကြောင့်မို့ ဖေဖေ့ရဲ့အလုပ်ဟာ လောကအတွေ့အကြုံ မရှိသေးတဲ့ မင်းကို ဖေဖေရဲ့ အတွေ့အကြုံတွေကို ပြောပြဖို့ ဖြစ်တယ်။ မင်းတို့အရွယ်တွေဟာ သဘာဝအားဖြင့် ယစ်မူးနေတတ်တဲ့ အရွယ်တွေပဲ။ ယစ်မူးကျွမ်းထိုးမှောက်ခုံဖြစ်ပြီး ဂုတ်မကျိုးအောင် ကာကွယ်ဖို့အတွက် ဘယ်သွားသွား အတားအဆီး၊ အကာအရံလိုတယ်။ လူငယ်တို့ဘာဝ ယစ်မူးကြတယ်ဆိုတာ တစ်စုံတစ်ခုသော အတိုင်းအတာထိတော့ ကောင်းပါတယ်။ အများကလည်း သည်းခံတတ်ကြပါတယ်။ ဒါပေမယ့် ယစ်မူးနေတဲ့ လူတစ်ယောက်အဖို့ အဲဒီအတိုင်းအတာဟာ ဘယ်လောက်ရှိသလဲ၊ ဘယ်မှာ ကုန်ဆုံးသလဲဆိုတာကို သိဖို့ကတော့ တော်တော့်ကို ခက်တယ်။ အဲဒီလိုအခါမျိုးမှာ မိတ်ဆွေတစ်ယောက်ရဲ့ အတွေ့အကြုံဟာ သူ့အဖို့ အကျိုးရှိရုံသာမက သူ့ကို ပျက်စီးခြင်းဘေးကတောင် ကယ်တင်နိုင်တယ်။

မင်းသွားလေရာ အသိုင်းအဝိုင်းမှာ ရွှင်မြူးမှုနဲ့ တက်ကြွမှုကို အမြဲယူဆောင်သွားပါ။ သူတစ်ပါးက ယူလာရင်လည်း ကြိုဆိုပါ။ ဒါပေမယ့် လူငယ်ဘဝရဲ့ ယစ်မူးမှုကိုတော့ တတ်နိုင်သမျှ နည်းပါစေ။ ရွှင်မြူးမှုဟာ လူအများကို နှစ်သက်စေတယ်။ ဒါပေမယ့် ယစ်မူးမှုကတော့ ကိုယ်ကမရည်ရွယ်သည့်တိုင် တစ်ဖက်သားကို ထိခိုက်စေတယ်။ ပြောစရာရှိတဲ့ စကားကို မပြောခင်မှာ အသိုင်းအဝိုင်းမှာရှိတဲ့လူတွေရဲ့ စရိုက်တွေနဲ့ အခြေအနေတွေကို သိအောင်လုပ်ထားပါ။ ဘယ်အသိုင်းအဝိုင်းမှာပဲဖြစ်ဖြစ် မှန်မှန်ကန်ကန် စဉ်းစားတတ်သူထက် မှားမှားယွင်းယွင်း စဉ်းစားတတ်သူက ပိုများတတ်တယ်။ ရှုတ်ချပြစ်တင်မှုကို နှစ်သက်သူထက် ရှုတ်ချပြစ်တင်မှုနဲ့ ထိုက်တန်သူက ပိုများတယ်။ ဒါ့ကြောင့်မို့ အချို့သော အသိုင်းအဝိုင်းမှာ သိသိသာသာ လိုအပ်နေတဲ့ ကောင်းတဲ့အရည်အချင်းတွေကို အကျယ်ချဲ့မြှောက်ပြောရာမှာဖြစ်စေ၊ အခြားသော အသိုင်းအဝိုင်းတစ်ခုမှာ အကြီးအကျယ်ကူးစက်ပြန့်ပွားနေတဲ့ မကောင်းမှုကို ရှုတ်ချပြစ်တင်ရာမှာဖြစ်စေ၊ မင်းရဲ့ထင်မြင်ချက်ဟာ ဘယ်မျှ ယေဘုယျကျသည်ဖြစ်စေ၊ ပုဂ္ဂိုလ်စွဲဆန်တယ်၊ သူတို့ကို တိုက်ခိုက်ဝေဖန်နေတာ ဖြစ်တယ်လို့ ထင်သွားတတ်တယ်။ ဒီလိုလုပ်နိုင်ရင် တစ်ဖက်သားကို မယုံသင်္ကာမဖြစ်ဖို့၊ ကိုယ့်ကိုယ်ကိုယ် အပြစ်မရှာဖို့၊ မင်းကို စောင်းမြောင်းပြောတယ်လို့ မထင်ဖို့ ညွှန်ပြလိမ့်မယ်။ ရည်မွန်ယဉ်ကျေး



တဲ့ အပြုအမူမျိုးရှိရင် ဒီလိုသွယ်သွယ်ဝိုက်ဝိုက်၊ စောင်းပါးရိပ်ခြည် တိုက်ခိုက်တာမျိုးတွေကို ဘယ်တော့မှ မခံရပါဘူး။ ဒါပေမယ့် မတော်တဆ ကြုံကြိုက်လို့ ရှုပ်ပေါလော်လီတဲ့ မိန်းမတစ်ယောက်၊ လူလည်လူကြွားတစ်ယောက်က ကိုယ့်အပေါ်မှာ ဒီလိုစကားမျိုး ပြောလာရင်လည်း သူတို့ကို ပြန်ချေပပြောတာထက် မသိကျိုးကျွန် ပြုနေလိုက်တာက ပိုကောင်းတယ်။

မိမိရဲ့ အိမ်တွင်းရေးကိုဖြစ်စေ၊ အခြားသူတစ်ယောက်ရဲ့ အိမ်တွင်းရေးကိုဖြစ်စေ မပြောမိအောင် အထူးသတိထားပါ။ မင်းရဲ့ အိမ်တွင်းရေးကိစ္စဟာ သူတို့အဖို့ ဘာမျှ အရေးကြီးတာ မဟုတ်ဘူး။ ငြီးငွေ့စရာတောင် ကောင်းနေသေးတယ်။ အလားတူပဲ။ သူတို့ရဲ့ အိမ်တွင်းရေးဟာလည်း မင်းအတွက် ဘာမှ အရေးမကြီးဘူး။ အိမ်တွင်းရေးကိစ္စဆိုတာ အလွန် သိမ်မွေ့တဲ့ကိစ္စဖြစ်တယ်။ ဒီလို ပြောလိုက်တဲ့အတွက် တစ်ဖက်သားကို အနာပေါ် တုတ်ကျသလို ဖြစ်စေနိုင်တယ်။ [အိမ်တွင်းရေးကိစ္စဆိုတာ အပေါ်ယံမှာ ချောမွေ့နေတယ်လို့ ထင်ရပေမယ့် တကယ့်အခြေအနေနဲ့ တစ်ခြားစီ ဖြစ်နေတတ်ကြလို့ပဲ။] လင်နဲ့မယားကြား၊ မိဘနဲ့သားသမီးကြား၊ မိတ်ဆွေသဖွယ် ဆက်ဆံနေတဲ့သူတွေရဲ့ကြားက တကယ့်အခြေအနေဟာ အပေါ်ယံနဲ့ လုံးဝ ခြားနားနေတတ်လို့ပဲ။

လူစုံတဲ့ အသိုင်းအဝိုင်းတစ်ခုက ဇဝနဉာဏ်၊ ဟာသဉာဏ်နဲ့ ပြက်လုံးတွေဟာ သူ့နေရာ သူ့အသိုင်းအဝိုင်းတစ်ခုနဲ့သာ ဆိုင်တယ်ဆိုတာ သတိပြုပါ။ အဲဒီပြက်လုံးများဟာ သက်ဆိုင်ရာ မြေကြီးပေါ်မှာသာ ရှင်သန်ပြီး တစ်ခြားမြေပေါ်မှာ ပြောင်းရွှေ့စိုက်လို့ မရတတ်ဘူး။ အသိုင်းအဝိုင်းတိုင်းမှာ ကွဲပြားခြားနားတဲ့ ပတ်ဝန်းကျင်ရှိတယ်။ သက်ဆိုင်တဲ့ စကားအခေါ်အဝေါ်၊ သက်ဆိုင်တဲ့ အသုံးအနှုန်းတွေရှိတယ်။ သက်ဆိုင်ရာ အသိုင်းအဝိုင်းမှာတော့ အဲဒီစကားလုံးတွေ၊ အခေါ်အဝေါ်တွေဟာ ရယ်စရာကောင်းချင် ကောင်းမယ်၊ ရွှင်မြူးစရာ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့် တစ်ခြားအသိုင်းအဝိုင်းမှာ သွားပြောရင်တော့ ရယ်စရာကင်းပြီး အနှစ်သာရမဲ့ချင်မဲ့နေတတ်တယ်။ ဒါ့ကြောင့်မို့ [အသိုင်းအဝိုင်းတစ်ခုက ပြက်လုံးတစ်ခုကို အခြားအသိုင်းအဝိုင်းတစ်ခုမှာ သပ်ပြောတာမျိုးကို ရှောင်သင့်တယ်။] တစ်ဖက်သား အရသာမတွေ့ဒါမှမဟုတ် နားမလည်တဲ့ ပြက်လုံးကို သွားပြောတဲ့လူလောက် အူကြောင်ကြောင်ဖြစ်တာမျိုးရှိမယ် မထင်ဘူး။ သူပြောတဲ့စကားကို သဘောကျပြီး လူတွေက သဘာပေးလိမ့်မယ်လို့ မျှော်လင့်ခဲ့ပေမယ့် တုတ်တုတ်မှမလှုပ်ဘဲ တိတ်ဆိတ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာမျိုးကိုတွေ့ရင်၊ ပိုပြီးဆိုးတာက သူပြောတဲ့ပြက်လုံးကို ပရိသတ်က နားမလည်ဘဲ ရှင်းပြခိုင်းရင် သူ့အနေအထားဟာ ဘယ်လောက် ခွကျပြီး ကိုယ့်ယို့ကားယား ဖြစ်နေမလဲဆိုတာ ပြောပြတာထက် ကိုယ့်စိတ်ကူးနဲ့ ကိုယ်တွေးကြည့်တာက ပိုပြီး သဘောပေါက်လိမ့်မယ်ထင်တယ်။ ဒီတော့ ပြောလက်စနဲ့ ထပ်ပြီး ပြောလိုက်ရဦးမယ်။ အသိုင်းအဝိုင်းတစ်ခုက ကြားခဲ့ရတဲ့ ရယ်စရာစကားကို တစ်ခြားအသိုင်းအဝိုင်းတစ်ခုမှာသွားပြီး ထပ်မပြောပါနဲ့ (ဒီနေရာမှာ ရယ်စရာ မောစရာ ပြက်လုံးကို ပြောတာမဟုတ်ဘူး။) ကိုယ်က အရေးမကြီးဘူးထင်လို့ အမှတ်တမဲ့ ပြောလိုက်ပေမယ့် တစ်ယောက်နှုတ်ဖျားက နောက်တစ်ယောက်နှုတ်ဖျားကို ကူးသွားတဲ့အခါမှာ အဓိပ္ပာယ်ပြောင်းသွားတတ်ပြီး ကိုယ်ထင်သည်ထက် လေးနက်ကြီးကျယ်တဲ့ အကျိုးသက်ရောက်မှုတွေကို ပေါ်ပေါက်စေတယ်။ ပြီးတော့ စကားဝိုင်းတစ်ခုတွေ့လို့ အချင်းချင်း စကားပြောကြတဲ့အခါမှာ နှုတ်က ထုတ်မပြောသည့်တိုင် ယေဘုယျအားဖြင့် တစ်ဦးကိုတစ်ဦး စိတ်ချယုံကြည်မှု ရှိတတ်ကြတယ်။ ဒီလိုရှိတဲ့ ယုံကြည်စိတ်ချမှုရှိတဲ့အတွက် လျှို့ဝှက်ထားပါ့မယ်လို့ ကတိမပြုသည့်တိုင် အခြားအသိုင်းအဝိုင်းမှာရောက်ရင် ဒီစကားကို ပြန်မပြောဖို့ တာဝန်ရှိနေတယ်။ ဒီလိုမဟုတ်ဘဲ ဝိုင်းတစ်ဝိုင်းမှာ ပြောခဲ့ကြားခဲ့တဲ့စကားကို တစ်ခြားဝိုင်းတစ်ဝိုင်းမှာ လျှောက်ပြောနေရင် လူပြောသူပြော ခံရပြီး သွားလေရာမှာ ရှောင်ဖယ်ဖယ်လုပ်တာမျိုးနဲ့ တွေ့ရတတ်တယ်။

များသောအားဖြင့် ကောင်းတဲ့အသိုင်းအဝိုင်းများမှာ အထင်သေးစရာကောင်းတဲ့ နာမည်တစ်လုံးနဲ့ အဲဒီအသိုင်းအဝိုင်းထဲမှာ ရောက်နေတတ်သူတစ်ချို့ကို မင်းတွေ့ဖူးမလားမသိဘူး။ အဲဒီလူမျိုးကို အများအားဖြင့် အလွန်စိတ်ကောင်းရှိတဲ့ကောင်ကြီးတွေလို့ ခေါ်တတ်ကြတယ်။ အမှန်ကတော့ သူတို့ဟာ ဉာဏ်နည်းသူတွေ၊ စိတ်ကူးစိတ်သန်း နည်းတဲ့လူတွေ၊ ကိုယ်ပိုင်အယူအဆရယ်လို့ ခိုင်ခိုင်မာမာ မရှိဘဲ သူများပြောတာကို သံယောင်လိုက်၊ သူများလုပ်တာကို လိုက်လုပ်တတ်တဲ့လူမျိုးတွေကို ခေါ်တဲ့အမည်ပဲ။ သူတို့ဟာ အလွန်ကောင်းတဲ့အလုပ်တွေကိုဖြစ်စေ၊ အလွန်ဆိုးသွမ်းတဲ့ပြစ်မှုတွေကိုဖြစ်စေ၊ အလွန်အမြော်အမြင်ရှိတဲ့အကြံတွေကိုဖြစ်စေ၊ အလွန်မိုက်မဲတဲ့ အကြံတွေကိုဖြစ်စေ အများလုပ်ရင် လိုက်လုပ်တတ်ကြတယ်။ ဒီမိုက်မဲတဲ့ အပြုအမူ (မကြာခဏဆိုသလို ပြစ်မှုမကင်းတဲ့လုပ်ရပ်) ဟာ အခြားအရည်အချင်းကောင်းမရှိခြင်းဆိုတဲ့ မိုက်မဲတဲ့အကြောင်းတရားက ပေါက်ဖွားလာတာဖြစ်တယ်။



မင်းဟာ အသိုင်းအဝိုင်းမှာ သည့်ထက်သည် ပိုမိုကြီးမြင့်တဲ့ အရှိန်အဝါ ?ိုရပြီး အဲဒီအရှိန်အဝါကို အချိန်ကြာမြင့်စွာ ထိန်းသိမ်းနိုင်လိမ့်မယ်လို့ ?ဖေမျှော်လင့်တယ်။ မိမိကိုယ်ပိုင်ဆန္ဒနဲ့ ကိုယ်ပိုင်ထင်မြင်ချက်ကို ဖွံ့စည်းပါ။ အဲဒီအရာတွေကို ဖြည်းဖြည်းမှန်မှန် စွဲကိုင်ပါ။ ဒါပေမယ့် ကိုယ့်ဆန္ဒကို အကောင်အထည်ဖော်ရာမှာ ကိုယ့်ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုရာမှာ ကောင်းမြတ်တဲ့စိတ်နှလုံး၊ ရည်မွန်ယဉ်ကျေးမှုတဲ့ အမူအရာနဲ့ (အကယ်၍ မင်းမှာရှိရင်) ယဉ်ကျေးသိမ်မွေ့မှုနဲ့ ပြုလုပ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ မင်းမှာ ?ာပြောသွန်သင်ဖို့ဖြစ်စေ၊ ရှုတ်ချပြစ်တင်ဖို့ဖြစ်စေ ခံနိုင်ရည် မရှိသေးလို့ပဲ။ လူလေး

(အသိုင်းအဝိုင်းမှာ ကျင့်သုံးရတဲ့ မကောင်းတဲ့ လိုက်လျောမှုတွေ ရှိသလို ကောင်းတဲ့လိုက်လျောမှုတွေလည်း ရှိတယ်။) ကောင်းတဲ့လိုက်လျောမှု ?တော့ အပြစ်ပြောစရာမရှိရုံတင်မဘူး၊ လိုက်နာကျင့်သုံးဖို့ လိုကိုလိုအပ်တယ်။ အသိုင်းအဝိုင်းရဲ့ သေးဖွဲတဲ့အားနည်းချက်ကလေးတွေကို မမြင်ယောင်ပြုတာ၊ အပေါယံကျသော်လည်း အပြစ်ကင်းမဲ့တဲ့ ဟန်ဆောင်မှုကလေးတွေကို မမြင်ယောင်ပြုတာ၊ အဲဒီလိုအပြုအမူကလေးတွေကို တစ်နည်းတစ်လမ်းနဲ့ သွယ်ဝိုက်မြှောက်ပင့်ပြောဆိုတာမျိုးတွေဟာ ရှိသင့်တယ်။ ဒါတင်မကဘူး၊ ဒီလိုလုပ်တာဟာ ယဉ်ကျေးတဲ့ တာဝန်ဝတ္တရားတစ်ခုလည်းဖြစ်တယ်။ အသိုင်းအဝိုင်းမှာ မင်းဟာအဲဒီလိုကျင့်ကြံနိုင်ခဲ့ရင် မင်းကိုသဘောကျကြမှာအမှန်ပဲ။ တကယ်လို့ အဲဒီလိုမလုပ်ခဲ့ရင်လည်း မင်းကြောင့်တော့ သူတို့တစ်တွေ တစ်မျိုးတစ်ဖုံပြောင်းလဲသွားကြမှာမဟုတ်ပါဘူး။ ဥပမာကလေးတစ်ခုကိုပဲ ဖေဖေပြောမယ်။ ဘယ်အသိုင်းအဝိုင်းမှာပဲဖြစ်စေ အဓိကကျတဲ့သူနှစ်ယောက်ကိုတော့ မင်းတွေ့ရမှာပဲ။ သူတို့နှစ်ယောက်ကတော့ ယဉ်ကျေးတဲ့အမျိုးကောင်းသမီးနဲ့ ယဉ်ကျေးတဲ့အမျိုးကောင်းသားတို့ပဲ။ သူတို့နှစ်ဦးဟာ အလိမ္မာဉာဏ်အရာ၊ စကားအရာ၊ ဝတ်စားဆင်ယင်မှုအရာ၊ အဆိုးအကောင်းရွေးချယ်တတ်မှုအရာမှာ အများက စံထားလောက်တဲ့သူတွေပဲ။ သူတို့နှစ်ဦးကြားမှာ အခိုက်အတန့်အားဖြင့် တင်းကြပ်ပြီး မကြာခဏဆိုသလို နူးညံ့သိမ်မွေ့တဲ့ တူညီမှုရှိတတ်ကြတယ်။ အမျိုးကောင်းသမီးက သူ့အင်ပါယာကြီးဟာ အလှတရားနဲ့ ?ိုးပေါ်က ကျလာတဲ့ အခွင့်အရေးအပေါ်မှာ တည်ဆောက်ထားတယ်လို့ထင်တတ်တယ်။ (ဘုရင်တို့၊ ကေရာဇ်တို့၊ ပုတ်ရဟန်းမင်းကြီးတို့ရဲ့ မိုးဆ?? ?ျလာတဲ့ အခွင့်အရေးလိုပဲ သူ့အလှတရားမှာလည်း ဘယ်သူမှ ချိုးဖောက်

www.burmeseclassic.com



ဖျက်ဆီးလို့မရနိုင်တဲ့ အခွင့်အရေးရှိတယ်လို့ မြင်တယ်။) အမျိုးကောင်းသမီးဟာ သူ့ကို အကန့်အသတ်မရှိ လိုက်နာဖို့ တောင်းဆိုတယ်။ တောင်းဆိုတဲ့အတိုင်း လည်း ရတာပါပဲ။ ဘာ့ကြောင့် မရရမှာလဲ။ သူ့လိုလားချက်ဟာ ဘယ်လောက်မှ များတာမှ မဟုတ်တာ။ အလှအရာမှာ၊ အလိမ္မာဉာဏ်အရာမှာ ဝတ်စားဆင်ယင်မှုအရာမှာ အများတကာထက် သာပါပေတယ်ဆိုတဲ့ အသိအမှတ်ပြုချက်ကလေး ရရုံလောက်ပဲမဟုတ်လား။ (စကားမစပ် ပြောရဦးမယ်။ အချို့သော ပြည့်ရှင်ဧကရာဇ်တွေဟာ အဲဒီအမျိုးကောင်းသမီးလောက်တောင်မှ စဉ်းစားဉာဏ်မရှိကြပါကလား။) အမျိုးကောင်းသား တောင်းဆိုတဲ့ အခွင့်အရေးဟာလည်း အတူတူပါပဲ။ ဒီသဘောပါပဲ။ အသိအလိမ္မာဉာဏ်အစစ်အမှန်ရှိသူမဟုတ်သည့်တိုင် အဲဒီအသိုင်းအဝိုင်းမှာ အသိလိမ္မာဉာဏ်ရှိတယ်လို့ အသိအမှတ်ပြုခံထားရသူကို မင်းအနေနဲ့ လေးစားရမှာပေါ့။ ဘယ်သူမဆို ကိုယ်ထိုက်သင့်တာထက် မပိုသည့်တိုင် အနည်းဆုံး ထိုက်သင့်တာကိုတော့ လိုချင်ကြတာချည်းပဲပေါ့။ ဒီတော့ အဲဒီပူးတွဲအရှင်သခင်နှစ်ဦးကိုတော့ မင်း အသိအမှတ်ပြုရလိမ့်မယ်။ ဒီလိုအသိအမှတ်မပြုသင့်ဘူးလို့ ဘယ်ဥပဒေကမှ လည်း တားမြစ်မထားပါဘူး။ ဒီနေရာမှာ ဖေဖေပြောသလိုမလုပ်ဘဲ သူတို့နှစ်ဦးကို သွားပြီး ပုန်ကန်ဖီဆန်တယ်ဆိုရင်တော့ မင်းကိုအဲဒီအသိုင်းအဝိုင်းကနေ မြိုင်ရပ်ကိုအနှင်ခံရပြီး မင်းရဲ့ အလိမ္မာဉာဏ်၊ ရည်မွန်တဲ့ အပြုအမူ၊ အကြိုက်ရွေးချယ်မှု၊ ဝတ်စားဆင်ယင်မှု ဟန်ပန် စသည်တို့ကို စွန့်ပစ်လျော့ကြေးပေးခဲ့ရလိမ့်မယ်။ ဒီလိုမဟုတ်ဘဲ သူတို့ကို ပြုံးပြုံးရွှင်ရွှင်၊ ရယ်ရယ်မောမော၊ မြှောက်ပင့်သင့်တာမြှောက်ပင့်၊ ချီးမွမ်းသင့်တာ ချီးမွမ်းတယ်ဆိုရင် မင်းကို သူတို့တစ်တွေက သဘောကျထောက်ခံကြပြီး သူတို့နယ်ပယ်မှာတင်မက အနီးအနားကနယ်ပယ်တွေမှာပါ မင်း အောင်လက်မှတ်ရသွားမှာပဲ။ နည်းနည်းပါးပါး ဆင်ခြင်စဉ်းစားလိုက်ရင် အသိုင်းအဝိုင်းတစ်ခုမှာ နာရီဝက်လောက်အကဲခတ်လိုက်ရုံနဲ့ အဲဒီအဓိကပုဂ္ဂိုလ်နှစ်ဦးကို မင်းအလွယ်တကူတွေ့ရမှာပဲ။ အသိုင်းအဝိုင်းက သူတို့ကို အရေးပေးတာ၊ သူတို့တစ်တွေကလည်း သူတို့တန်ခိုးစွမ်းပကားရှိတာကို သိပြီး သက်သက်သာသာ အမူမဲ့အမှတ်မဲ့နေတာနှစ်မျိုးစလုံးကို မင်းတွေ့ရလိမ့်မယ်။ ဒါ့ကြောင့် ဒီလိုအသိုင်းအဝိုင်းကို ဝင်တဲ့အခါမျိုးမှာဖြစ်စေ၊ တစ်ခြားကိစ္စမှာဖြစ်စေ၊ ဘယ်ကိစ္စမှာမဆို အမြဲတမ်းမြင့်မြင့်ကြံပါ။ အမြင့်ဆုံးသော အသိုင်းအဝိုင်းထဲကို ဝင်နိုင်အောင်လုပ်ပါ။ အဲဒီအထဲမှာ အမြင့်ဆုံးကို ရောက်ရမယ်လို့ မှန်းပါ။ မရနိုင်တဲ့ ပြဒါးရှင်လုံးကို



ရှာရတယ်ဆိုတာ ပြဒါးရှင်လုံးကို မတွေ့ပေမယ့် တစ်ခြားနည်းလမ်းနဲ့ တွေ့နိုင်တဲ့ အသုံးဝင်တဲ့ နည်းလမ်းတွေ ထောင်ပေါင်းများစွာကို ရရှိနိုင်တယ်။

မြင့်မြတ်ယဉ်ကျေးခြင်းလို့ ပြင်သစ်တွေခေါ်တဲ့ အရည်အချင်းတစ်မျိုးဟာ အကောင်းဆုံးသော အသိုင်းအဝိုင်းများမှာသာ ရနိုင်တယ်။ အဲဒီအရည်အချင်းတွေဟာ စံပြထားရမယ့် ပုဂ္ဂိုလ်တွေရဲ့ ထူးခြားတဲ့ အရည်အချင်းတွေပဲ။ အနိမ့်စား ပညာရေးလောက်ကိုသာရရှိသူများဟာ ဒီလိုအဝတ်အဆင်မျိုးကို လုံလုံခြုံခြုံ မဝတ်နိုင်ကြတော့ သူတို့မှာရှိတဲ့ အောက်တန်းကျမှုဟာ ပေါ်လာတတ်တယ်။ မြင့်မြတ်ယဉ်ကျေးခြင်းဆိုတဲ့ အရည်အချင်းဟာ တစ်ဖက်သားအပေါ်မှာ သရော်မော်ကားနိုင်တဲ့ အထင်သေးမှုကို မပြဘူး။ အောက်တန်းကျတဲ့ ခနဲ့လိုမှု၊ မရှုစိမ့်မှုတို့မရှိဘူး။ အောက်တန်းကျတဲ့လူများကျတော့ ဘယ်လောက်ပဲ အထက်တန်းကျတဲ့ အဝတ်အစားတွေကို ဝတ်ဆင်ထားစေကာမူ၊ ဘယ်လောက်ပဲ အခြွေအရံတွေရှိစေကာမူ သူတို့လိုကောင်းကောင်းမဝတ်နိုင်သူတွေ၊ သူတို့လို အခြွေအရံမထားနိုင်သူတွေအပေါ်မှာ သူတို့လိုကိုယ့်အိတ်ထဲမှာ ပိုက်ဆံများများ ခထည့်နိုင်သူတွေကို သရော်မော်ကားတဲ့ အထင်သေးမှုကို ပြတတ်ကြတယ်။ တစ်ချိန်တည်းမှာ သူတို့ဟာ သူတစ်ပါးကို မနာလိုဝန်တိုဖြစ်တတ်ပြီး၊ သူတို့ထက် အဝတ်အစားကောင်းကောင်းမွန်မွန် ဝတ်နိုင်သူတွေ၊ အခြွေအရံများများထားနိုင်သူတွေကို တွေ့ရင်လည်း မနာလိုဝန်တို ဖြစ်လေ့ရှိကြတယ်။ အမှန်ကတော့ ဒီလိုပစ္စည်းတွေရှိတာကိုကြည့်ပြီး အဆင့်အတန်းကို သတ်မှတ်လို့ မရပါဘူး။ ဒါတင်မကဘူး သူတို့ဟာစိတ်တွေဟာ သူများကောင်းစားတာကို မနာလိုတိုရှည်ဖြစ်တတ်ကြတယ်။ တစ်ဖက်သားကို မယုံသင်္ကာဖြစ်လေ့ရှိပြီး စိတ်အပြောင်းအလဲကလည်း သိပ်မြန်တယ်။ သူတို့တစ်တွေဟာ ဘာမှမဟုတ်တဲ့ အသေးအဖွဲကလေးတွေကို အရေးတကြီးထားလေ့ရှိကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက အဲဒီအသေးအဖွဲကလေးတွေဟာ သူတို့အဖို့ အရေးကြီးခဲ့တာကိုး။ မြင့်မြတ်ယဉ်ကျေးခြင်းဆိုတာကတော့ အဲဒီအရာတွေအားလုံးနဲ့ ပြောင်းပြန်ပဲ။ ဒီအချက်တွေကို အချိန်မနှောင်းခင် လေ့လာသတိပြုပါ။ ဒီအချက်တွေကို အကျင့်ပါပြီး ဒီအချက်တွေနဲ့ နေသားကျမသွားအောင် သတိထားပါ။

ဒီစာတွေရေးနေတုန်းမှာပဲ ၂၄ ရက်နေ့စွဲနဲ့ မင်းပေးလိုက်တဲ့ စာကိုရတယ်။ မင်းပြောသလို မစ္စတာဟာတီဆီက စာကိုတော့ မရသေးဘူး။ မင်းရေးလိုက်တဲ့ စာမျိုးကိုပဲ ဖေဖေဖတ်ချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆွဲတဲ့ မင်းရုပ်ပုံကို ဖေဖေမြင်ချင်လို့ပဲ။ မင်းကိုယ်တိုင် မင်းပုံကို ပြန်ရေးတဲ့ အခါကျတော့ တော်တော်အကျိုးရှိမယ့်ပုံတူကို ရေးနိုင်တာပေါ့။ ဒါပေမယ့် ဖေဖေကတော့ အဲဒီလိုပုံတွေကိုကြည့်တဲ့အခါမှာ တကယ့်ပုံသဏ္ဌာန်ကို ရှာဖွေကြည့်တတ်တဲ့ ကျွမ်းကျင်မှုရှိနေပြီ။ ဘယ်လို အရောင်တွေနဲ့ဆွဲဆွဲ၊ ဘယ်လို အလင်းအမှောင်တွေကိုပဲပေးပေး တကယ့်ပုံပန်းသဏ္ဌာန်ကို ရှာဖွေနိုင်လောက်အောင် ကျွမ်းကျင်မှုရှိနေပြီ။

မင်းရေးပြလိုက်တဲ့ ဂျာမန်ပြဇာတ်အကြောင်းကတော့ အလွမ်းဇာတ်ထုပ်လို့ ခေါ်ရမလား၊ အသောဇာတ်ထုပ်လို့ပဲ ခေါ်ရမလားဆိုတာ ဖေဖေမပြောတတ်ဘူး။ အဲဒီပြဇာတ်မှာ အကောင်းဆုံးကတော့ မြေခွေးရဲ့ အမြီးအကြောင်းပဲ။ စကားစပ်မိလို့ပြောရဦးမယ်။ ဂျာမန်ဘာသာစကားကိုကော၊ မင်းကောင်းကောင်း ပြောတတ်ပြီလား။ အလွယ်တကူကော ရေးတတ်ပြီလား။ သည့်ထက်သည် လွယ်တဲ့ ခေတ်သစ်ဘာသာစကားတွေကို မင်းပိုင်ပိုင်နိုင်နိုင်ရှိတယ်ဆိုတာ ဖေဖေယုံကြည်တယ်။ ဒါ့ကြောင့်မို့ ဂျာမနီမှာရောက်တုန်းမှာ ဂျာမန်ဘာသာစကားကိုလည်း ကောင်းကောင်းရေးနိုင်ပြောနိုင်အောင် ကြိုးစားလေ့လာစေချင်တယ်။

လာမယ့် သုံးပတ်လောက်အတွင်းမှာ မစ္စတာအဲလိယော့ကို လန်ဒန်မှာ တွေ့ရလိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။ ဒီနောက်ဆိုရင်လည်း လိုက်ပဇစ်မှာ မင်းသူ့ကိုတွေ့ရမှာပေါ့။ အာဒီယူး။

## စာ - ၄၂

လန်ဒန်၊ နိုဝင်ဘာ ၁၈ ရက်၊ ၁၇၄၈ ခုနှစ်

လုလေး

ဘာကိုပဲမြင်မြင် ဘာကိုပဲကြားကြား၊ ဖေဖေမြင်သမျှ ကြားသမျှတွေဟာ မင်းအတွက် အသုံးကျပါ့မလားဆိုတဲ့ အတွေးသာ ဖေဖေ့ခေါင်းထဲ ရောက်နေ တော့တာပဲ။ ဖြစ်ပုံလေးတစ်ခုကို ပြောရဦးမယ်။ တစ်နေ့က အမှတ်ထင် ပန်းချီကားမိတ္တူတွေရောင်းတဲ့ ဆိုင်တစ်ဆိုင်ကို ရောက်သွားတော့ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က ကွယ်လွန်သွားတဲ့ ကာလိုမာရာတီရဲ့ ဒီဇိုင်းတစ်ခုကို သွားတွေ့တယ်။ ကာလိုမာရာတီဟာ ဥရောပမှာတော့ တော်တော်နာမည်ကြီးတဲ့ ပန်းချီဆရာကြီးပဲ။ ပန်းချီကားရဲ့ အကြောင်းအရာကတော့ "ပန်းချီပညာသင်ကျောင်း" ဆိုတဲ့ ပန်းချီဆရာကြီးလို့ ယူဆရတဲ့ အဖိုးကြီးတစ်ယောက်က သူ့တပည့်တွေကို ဂျီသြမေထရီနဲ့ ရှုးခေတ်ရုပ်တုတွေအကြောင်းကို သင်ပေးနေတဲ့ပုံ။ နီးဝေးမြင်ကွင်းနဲ့ ပတ်သက်လို့ သင်ပြတဲ့အခါမှာ သူက လုံလောက်ရုံမျှသာ လေ့လာပါလို့ ရေးထားတယ်။ ဂျီသြမေထရီနဲ့ ပတ်သက်လို့လည်း သူက "လုံလောက်ရုံမျှသာ လေ့လာပါ" လို့ပဲ ရေးထားတယ်။ ရှေးဟောင်း ရုပ်တုတွေကို လေ့လာရေးနဲ့ပတ်သက်လို့တော့ "ဘယ်တော့မှ လုံလောက်ခြင်း မရှိ" လို့ ရေးထားတယ်။ ဒါပေမယ့် ပန်းချီကားရဲ့ အထက်ပိုင်းမှာ ဆွဲထားတဲ့ တိမ်တွေထဲမှာတော့ ဟောက်ပခြင်း၊ ချမ်းမြေ့ခြင်း၊ ပွင့်လန်းခြင်းဆိုတဲ့ (ဒဏ္ဍာရီမှာပါတဲ့) ကျက်သရေကိုစောင့်တဲ့ သီရိနတ်သမီးညီအစ်မသုံးဖော်ရဲ့ ပုံကို ရေးထားပြီး "ကျွန်ုပ်တို့ သုံးဖော်မရှိလျှင် အလုပ်ဟူသမျှ အချည်းနှီးဖြစ် ကြရအံ့" လို့ ရေးထားတယ်။

ဒီအချက်ဟာ ပန်းချီရေးရာမှာ အဓိကကျတဲ့ လိုအပ်ချက်ဖြစ်တယ်ဆို တာ အားလုံး လက်ခံကြတယ်။ ဒါပေမယ့် ဒီသဘောဟာ အခြားသော

www.burmeseclassic.com

www.burmeseclassic.com



အနုပညာရပ်များနဲ့ သိပ္ပံပညာရပ်များမှာလည်း ထင်ဟပ်ကျင့်သုံးလို့ရတယ်ဆိုတာ လူတော်တော်များများ သတိထားမိကြပုံ မရဘူး။ (မင်းကတော့ သတိထားမိမယ်လို့ ထင်တာပဲ။) အမှန်ကတော့ အနုပညာရပ်၊ သိပ္ပံပညာရပ်မှာတင်မကဘူး၊ ပြောသမျှ လုပ်သမျှအရာတိုင်းမှာ ထင်ဟပ်ကျင့်သုံးလို့ရတယ်။ မစ္စတာအဲလီယော့ပြန်ရင် အဲဒီပန်းချီကားမိတ္တူကို မင့်အတွက်ဝယ်ပေးလိုက်မယ်။ ဘရင်ဂျီဘာသာဝင်များဟာ သူတို့ ဘရင်ဂျီဘာသာဝင် သူတော်စင်တို့ရဲ့ ပုံတော်တွေကိုတွေ့ရင် အမြတ်တနိုး ကိုးကွယ်ဆည်းကပ်ခြင်း ပြုကြသလိုမင်းလည်း အဲဒီပုံကို ဆည်းကပ်ပါ၊ ဆည်းကပ်ရုံတင်မကဘူး၊ ကုန်ကုန်ပြောလိုက်မယ်။ ဘရင်ဂျီရဟန်းမင်းကို ကိုးကွယ်သူအဖြစ်က ဘာသာတရားမဲ့သူအဖြစ်ကို ရောက်ရတာဟာ သိပ်လွယ်ပြီး သိပ်မြန်တဲ့အတွက် မင်းအနေနဲ့ အဲဒီနတ်သမီးသုံးဖော်ကို နေ့စဉ်နေ့တိုင်း တစ်နေ့လုံး ပူဇော်သက္ကာရပြုပါ။ သီရိနတ်သမီးညီအစ်မသုံးဖော်ဟာ ဗြိတိန်ဇာတိတွေ ဟုတ်ပုံမရဘူးဆိုတာကိုတော့ ဝန်ခံရမှာပဲ။ ဗြိတိန်က အယဉ်ကျေးဆုံးဆိုတဲ့ လူတွေဟာလည်း သွေးထားတဲ့ စိန်ထက်တောင် ကြမ်းဦးမယ်ထင်တယ်။ အရိုင်းအစိုင်းဝါဒက သီရိနတ်သမီးညီအစ်မသုံးဖော်ကို ဂရိနဲ့ ရောမက နှင်ထုတ်လိုက်တဲ့အခါမှာ သူတို့တစ်တွေဟာ ပြင်သစ်ပြည်မှာလာပြီး ခိုလှုံရတယ်ထင်တယ်။ ပြင်သစ်ပြည်မှာ သူတို့ကို ကိုးကွယ်ထားတဲ့ နတ်ကွန်းတွေ၊ ဝတ်ကျောင်းတွေ အများကြီးရှိပြီး သူတို့ကို ကိုးကွယ်မှုဟာလည်း အမြစ်တွယ်နေပြီမဟုတ်လား။

[လူတွေကို ပေါင်းသင်းတဲ့နေရာမှာ အရည်အချင်းတူပါလျက် အချို့သူများကိုသာ သဘောကျပြီး အချို့သူများကို စိတ်နဲ့မတွေ့တာ တွေ့ရှိလိမ့်မယ်။ ဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲဆိုတာကို မင်းသေသေချာချာ စူးစမ်းကြည့်ပါ။ မင်းစိတ်နဲ့တွေ့ပြီး မင်းသဘောကျတဲ့လူများဟာ ဆိုခဲ့တဲ့ ကျက်သရေသုံးပါးနဲ့ ပြည့်စုံပြီး မင်းသဘောမတွေ့တဲ့သူတွေမှာ အဲဒီကျက်သရေသုံးပါးကင်းမဲ့နေတာကို တွေ့ရလိမ့်မယ်။] ကိုယ်နေဟန်ထားလည်း ပြေပြစ်၊ ရုပ်ရည်ရူပကာယလည်း လှပသည့်တိုင် ဘယ်သူ့ကိုမှ ဆွဲဆောင်နိုင်ခြင်းမရှိတဲ့ မိန်းမတော်တော်များများကို ဖေဖေတွေ့ခဲ့ဖူးတယ်။ တစ်ဖက်မှာ ကိုယ်ဟန်ကိုယ်နေဟန်ထားကလည်း သာမန်၊ ရုပ်ရည်ကလည်း အတော်အသင့်လောက်သာ ရှိပေမယ့် လူတော်များများကို စွဲလမ်းအောင် လုပ်နိုင်တဲ့ မိန်းမတွေရှိတယ်။ ဘာဖြစ်လို့လဲ။ ဗီးနပ်စ်ဟာ အဲဒီကျက်သရေသုံးပါးနဲ့ ပြည့်စုံခြင်းမရှိရင် ဒီလောက်စွဲလမ်း နှစ်သက်စရာကောင်းမှာ မဟုတ်ဘူး။ အလားတူပဲ၊ အဲဒီကျက်သရေသုံးပါးဟာလည်း ဗီးနပ်စ်မရှိရင် စွဲလမ်းနှစ်သက်စရာ ကောင်းမှာမဟုတ်ဘူး။ ယောကျ်ားတွေထဲမှာ အရည်အချင်းလည်းရှိ၊ ယောကျ်ားလည်းပီသတဲ့ ဥပမိရုပ်ရှိသည့်တိုင် ကျက်သရေသုံးပါးနဲ့ ပြည့်စုံခြင်းမရှိတဲ့အတွက် အသိအမှတ်ပြုခြင်း၊ ကြိုဆိုခြင်း မခံရတဲ့အပြင်၊ ဝိုင်းပယ်ခြင်းခံရတာတွေကိုတောင် ဖေဖေတွေ့ဖူးတယ်။ တစ်ဖက်မှာ ဉာဏ်ပညာပါးလျား၊ အသိပညာကလည်းနည်းပြီး အရည်အချင်းလည်း သိပ်မရှိသည့်တိုင် အဲဒီကျက်သရေသုံးပါးနဲ့ ပြည့်စုံတဲ့အတွက် ကြိုဆိုခြင်း၊ ချီးမြှောက်ခြင်း၊ မြတ်နိုးခြင်းခံရတာတွေရှိတယ်။ စိတ်ဓာတ်ဆိုင်ရာ အလှတစ်ပါးဖြစ်တဲ့ သီလပါရမီသည်ပင်လျှင် အဲဒီကျက်သရေသုံးပါးမရှိခဲ့ရင် ဆွဲဆောင်မှုရှိသင့်သလောက်မရှိဘဲ ဖြစ်နေတတ်တယ်။

ဒါဖြင့်ရင် မင်းရော၊ ဖေဖေရော တိတိကျကျ ပြောပြလို့ မရနိုင်တဲ့ အဲဒီအရာကို ဘယ်လိုရအောင် လုပ်မလဲလို့ မေးလာရင် စူးစမ်း လေ့လာမှုအားဖြင့် ရအောင်လုပ်လို့ပဲ ဖေဖေဖြေနိုင်မှာပဲ။ [တစ်ဖက်သားကို မင်းဘာကြောင့်ခင်မင်နှစ်သက်သလဲဆိုတာကိုရှာပြီး မင်းလည်း တစ်ဖက်သား ခင်မင်နှစ်သက်အောင် လုပ်ဖို့ပဲရှိတော့တယ်။] မင်းမှာ ကျက်သရေသုံးပါးရှိဖို့ လိုအပ်တယ်။ အဲဒီကျက်သရေသုံးပါးဟာ အရေးကြီးတယ်ဆိုတာလောက်ကိုပဲ ဖေဖေပြောနိုင်တယ်။ ဒါပေမယ့် အဲဒီကျက်သရေသုံးပါးကိုတော့ ဖေဖေလည်း မပေးစွမ်းနိုင်ဘူး။ တကယ်သာ ပေးလို့ရရင်တော့ မင့်ကို ပေးလိုက်ချင်တာပေါ့။ သည့်ထက်ကောင်းတဲ့ လက်ဆောင်ရယ်လို့ ဘယ်မှာရှိနိုင်ပါ့မလဲ။

ဒီကျက်သရေသုံးပါးဟာ ဘယ်လောက်အရေးကြီးသလဲဆိုတာကို ဖေဖေတွေးသလို တွေးခဲ့တဲ့ အလွန်ဉာဏ်အမြော်အမြင်လည်းရှိ၊ အတွေးအခေါ်လည်းရင့်သန်ပြီး လောကကြီးက အနားယူသွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်။ အဲဒီလူဘယ်သူလဲဆိုတာကို ပြဖို့အတွက် မင်းဆီကို ဒဿနဆရာကြီး မစ္စတာလော့ခ်ရေးတဲ့ ပညာရေးနဲ့ ပတ်သက်တဲ့ နာမည်ကျော်စာအုပ်တစ်အုပ်ကို မစ္စတာ အဲလီယော့နဲ့အတူ ပို့လိုက်တယ်။ သူက အဲဒီစာအုပ်ထဲမှာ ကျက်သရေသုံးပါးကို ငြိကာချဲ့ပြောထားပြီး ဒီကျက်သရေသုံးပါးဟာ ရည်မွန်ယဉ်ကျေးခြင်းဖြစ်တယ်လို့ ချုပ်ပြောခဲ့တယ်။ မင်းဂရုတစိုက် မှတ်သားလေ့လာရမယ့်နေရာတွေကို ဖေဖေမျဉ်းသားပြီး ပေးလိုက်တယ်။ စာအုပ်ထဲမှာ သူ့မွေးကင်းဆကလေးအရွယ်ကစပြီး ရေးထားတော့ အဲဒီအပိုင်းတွေဟာ မင်းအတွက် ဘာမှအသုံးကျမှာ မဟုတ်လို့ ရွေးပြီး မျဉ်းသားပေးလိုက်တာ။ တကယ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဂျာမနီဟာ ဖေဖေတို့ အင်္ဂလန်လို အဲဒီနတ်သမီးသုံးဖော် ပျော်မွေ့တဲ့နေရာ မဟုတ်ဘူး။ ဒါပေမယ့် ဂျာမနီမှာရောက်နေတုန်း ဒီလိုသွားပြောလို့တော့ မသင့်ဘူးပေါ့။ ဒါပေမယ့် ခုမင်းသွားမယ့်နေရာကတော့ နတ်သမီးညီအစ်မ သုံးဖော်တော်တော်ပျော်မွေ့ကြတဲ့နေရာတွေပဲ။ ဥရောပကိုလာရင် တူရင်က ရောက်လာကြတဲ့ ရည်မွန်ယဉ်ကျေးပြီး ခန့်ညားချောမောတဲ့လူတွေကို ဖေဖေ တွေ့ဖူးခဲ့တာကိုး၊ ကံတော်ကုန်သွားတဲ့ ဘုရင်ဗစ်တာအာမီဒီဟာ သူ့လက် အောက်ခံ တိုင်းသူပြည်သားတွေကို အဲဒီလို ကျက်သရေနဲ့ ပြည့်စုံတဲ့သူတွေ ဖြစ်လာအောင် ကြိုးကုတ်အားထုတ်ပြီး မြေတောင်မြှောက်ပေးခဲ့သူဖြစ်တယ်။ လက်ရှိဘုရင်ဟာလည်း သူ့နမူနာအတိုင်းပဲ အုပ်ချုပ်တယ်လို့သိရတယ်။ ဒါ့ကြောင့်မို့ ထင်ပါရဲ့။ အပြည်ပြည်က ဝန်ကြီးမှူးကြီးတွေ စုံညီတဲ့ နန်းသဘင်မှာ သို့မဟုတ် ညီလာခံတွေမှာ ဆာဒီနီယားဘုရင်ရဲ့ ဝန်ကြီးမှူးကြီးတွေဟာ ယေဘုယျအားဖြင့် အရည်အချင်းနဲ့လည်း အပြည့်စုံဆုံး၊ အယဉ်ကျေးဆုံး ဖြစ်နေကြတယ်။ ဒါ့ကြောင့်မို့ တူရင်ရောက်ရင် မင်းအတွက် အကောင်းဆုံး နမူနာယူစရာတွေ တွေ့လိမ့်မယ်။ ဒါပေမယ့် အကောင်းဆုံးဆိုတဲ့ နမူနာတွေ ရှေးဟောင်း ခေါမရုပ်တုတွေနဲ့ ပတ်သက်လာရင် ဘယ်တော့မှ လုံလောက် ခြင်း မရှိဘူးဆိုတာကို သတိရပါ။ သူတို့ပြောတဲ့ စကားလုံးတိုင်း၊ အမူအရာတိုင်း လှုပ်ရှားမှုတိုင်းကို သတိပြုပါ။ သူတို့ရဲ့ သဘာဝကျပြီး အမူမဲ့အမှတ်မဲ့ဖြစ် သော်လည်း ယဉ်ကျေးတဲ့ အပြုအမူ၊ ရှက်ရွံ့ဟန်မရှိတဲ့ ရည်မွန်ယဉ်ကျေးမှု ဟန်ဆောင်ခြင်းကင်းသည့်တိုင် ညစ်ထေးခြင်းမရှိတဲ့ သူတို့ရဲ့ ဂုဏ်သိက္ခာတို့ကို သတိပြုပါ။ [သူတို့ရဲ့ သိက္ခာရှိတဲ့ ရှင်မြူးမှု၊ အမြော်အမြင်ရှိတဲ့ ပွင့်လင်းမှု လူပုံအလယ် စကားပြောရာမှာ မှန်ကန်တဲ့ နည်းလမ်းဖြစ်တဲ့ ကျွမ်းကျင်လိမ္မာမှု ကို လေ့လာပါ။] ကျွမ်းကျင်လိမ္မာမှုဟာ နိုင်ငံခြားရေးဝန်ကြီးတစ်ယောက် အတွက် အလွန်အသုံးဝင်တယ်။ ဒီအရည်အချင်းဟာ ကိုယ့်ကို မိသားစုများစွာ နဲ့ ရင်းနှီးကျွမ်းဝင်စေပြီး ကိုယ့်ကို အခက်အခဲတွေ့စေမယ့်စကားမျိုး၊ အကြောင်း အရာမျိုးကို ရှောင်ရတိမ်းရတာ လွယ်ကူစေတယ်။ ဘယ်လိုစကားမျိုးကို ဘယ်လိုအပြုအမူမျိုးကို လုပ်ရမယ်ဆိုတာကို ညွှန်ပြနိုင်တယ်။

ဖေဖေ့သက်တမ်းတစ်လျှောက် သိကျွမ်းခဲ့တဲ့လူတွေအနက် ကွယ်လွန်သူ မာလ်ဘာရိုနယ်စားကြီးဟာ စောစောက ပြောခဲ့တဲ့ ကျက်သရေသုံးပါးနဲ့ အပြည့်စုံဆုံး ပုဂ္ဂိုလ်လို့ ဖေဖေထင်တယ်။ (ဖေဖေက သူ့အကြောင်း ကောင်းကောင်းသိလို့ပြောတာ။) ဒီလိုကျက်သရေသုံးပါးနဲ့ ပြည့်စုံတဲ့အတွက်



သူ့အဖို့လည်း အကျိုးကျေးဇူးတော်တော်ထူးပါတယ်။ မာလ်ဘာရိုနယ်စားကြီး ဒီလောက် ကျော်စောထင်ရှားတာ၊ ဒီလောက်ချမ်းသာတာဟာ အဲဒီကျက်သရေ သုံးပါးကြောင့်လို့ပဲ ဖေဖေထင်တယ်။ နယ်စားကြီးက စာကောင်းကောင်း မတတ်ဘူး။ သူရေးတဲ့ အင်္ဂလိပ်စာကလည်း တော်တော်ညံ့တယ်။ သတ်ပုံ ဆိုတာကတော့ မပြောနဲ့တော့။ သာပြီးတောင် ဆိုးသေးတယ်။ သူ့မှာ ပညာ ဗဟုသုတဆိုလို့လည်း ဘာမှ ဟုတ္တိပတ္တိရှိတာမဟုတ်ဘူး။ ဉာဏ်လည်း မကောင်းဘူး။ ပါရမီ အခံကလည်း နည်းလိုက်သေးတယ်။ ဒါပေမယ့် သူ့မှာ ရှင်းရှင်းပြတ်ပြတ် နားလည်တတ်မှုနဲ့ ဝေဖန်ပိုင်းခြားတတ်တဲ့ဉာဏ်ရှိတယ်။ ဒီအရည်အချင်းတစ်ခုတည်းနဲ့ပဲ နယ်စားကြီးဟာ သူ့လက်ရှိ ထမ်းဆောင်နေတဲ့ ဂျိမ်းဘုရင်ရဲ့ ဒုတိယမြောက် မိဖုရားရဲ့ သူငယ်တော်ထက်တောင်မြင့်တဲ့ အဆင့်ကို ရသင့်ပေတာပေါ့။ သူဒီလိုအဆင့်ကို ရောက်လာခြင်းဟာ တစ် ခြားကြောင့် မဟုတ်ဘူး၊ ဆိုခဲ့တဲ့ ကျက်သရေသုံးပါးကြောင့်ပဲ။ သူကိုယ်ရံတော် တပ်မှာ ဗိုလ်လေးအဖြစ် အမှုထမ်းနေစဉ်တုန်းက ချားလ်ဘုရင်ရဲ့ ကိုယ်လုပ် တော်ဖြစ်တဲ့ ကလီဗီလင်းနယ်စားမင်းသမီးက ဆိုခဲ့တဲ့ ကျက်သရေသုံးပါးကို မြင်လို့ အားရနှစ်သက်တော်မူပြီး ဆုတော်ငွေ ပေါင်ငါးထောင်ဆုချတော် မူတယ်။ အဲဒီရတဲ့ငွေထဲက တစ်နှစ်ကို ပေါင်ငါးရာဖိုး ဖေဖေရဲ့ အဖိုးလော့ဒ် ဟာလီဖက်စ်ရဲ့ ပင်စင်ကိုဝယ်သွားခဲ့တယ်။ နယ်စားကြီး ချမ်းသာသွားတာဟာ ဒီနည်းအားဖြင့် ချမ်းသာသွားခဲ့တာ။ နယ်စားကြီးက ဥပမိရုပ်ကောင်းပြီး မြင်မြင်သမျှ ယောကျ်ား မိန်းမက သူ့ကို သဘောကျကြတယ်။ အဲဒီလို ဥပမိရုပ်ကောင်းပြီး ကျက်သရေသုံးပါးနဲ့ ပြည့်စုံတဲ့အတွက် နယ်စားကြီးဟာ မဟာမိတ်အဖွဲ့ထဲက တဖောင်းစေးနဲ့ မျက်ချေးလိုဖြစ်နေတဲ့ နိုင်ငံခေါင်းဆောင် တွေကို စေ့စပ်ပေးနိုင်ခဲ့တာပေါ့။ အဲဒီနိုင်ငံခေါင်းဆောင်တွေအချင်းချင်း ဘယ်လိုပဲ မလိုမုန်းထားမှုတွေရှိရှိ၊ ဘယ်လိုပဲ သဘောထားတွေကွဲကွဲ အဓိကအရေးကြီးဆုံး ဖြစ်တဲ့ စစ်ပွဲကို ဆက်တိုက်ဖို့ ကြားဝင်ဆွေးနွေးပေးနိုင်ခဲ့တယ်။ သူရောက်လေ ရာရာ နန်းရင်ပြင်တိုင်းမှာ သူ့ကို ဝမ်းသာအယ်လဲဖော်ရွေစွာ ဆီးကြိုလက်ခံ ကြပြီး သူ့အကြံအစည်တွေ အောင်မြင်ခဲ့တာချည်းပဲ။ (မကြာခဏဆိုသလိုလည်း ခေါင်းမာပြီး နားဝင်အောင် ပြောဖို့ခက်တဲ့ နန်းရင်ပြင်တွေဆီကို သွားခဲ့ရတယ်။) ယူနိုက်တက်ပရီးဗင့်စ်သမ္မတနိုင်ငံကို အနှစ်လေးဆယ်ကျော် အုပ်ချုပ်ခဲ့ပြီး သူ့လုပ်ငန်းမှာ ခေါင်းမွေးဖြူအောင်လုပ်ခဲ့တဲ့ အတွေ့အကြုံကြီးတဲ့ သက်ကြီး ရွယ်အိုဝန်ကြီးမျိုးကိုတောင် နားဝင်အောင် ပြောနိုင်ခဲ့သေးတယ်။ နယ်စားကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်လိုက်ရင် အမြဲတမ်း အေးဆေးတည်ငြိမ်နေတာပဲ။ သူ့မျက်နှာပေါ်မှာ အမူအရာ ပြောင်းလဲသွားတာကို ဘယ်သူမှ အကဲခတ်လို့ မရချင်ဘူး။ သူ ငြင်းပယ်တာဟာ ယဉ်ကျေးသိမ်မွေ့လွန်းတဲ့အတွက် တစ်ခြားသူတွေ လိုက်လျော တာထက်တောင် ကျေနပ်စရာကောင်းနေသေးတယ်။ အလုပ်အကိုင်နဲ့ ပတ် သက်လို့ မကျေမနပ် ပြန်သွားကြပေမယ့် သူ့နဲ့တွေ့ရတာကို ကျေနပ်သွားပြီး သူ့အပြုအမူတွေကြောင့် သဘောတောင်ကျသွားကြသေးတယ်။ ဖေဖေ့ အမြင် မှာတော့ ဒီလို နူးညံ့သိမ်မွေ့ပြီး ဒီလို ကျက်သရေရှိတဲ့အတွက် ဖေဖေတွေ့ဖူး သမျှတွေထဲမှာတော့ ဂုဏ်သိက္ခာအရှိဆုံးလို့ပဲ ထင်တယ်။

ခု မင်း ဆည်းပူးခဲ့တဲ့ အသိပညာ၊ နောင်မှာ ဆည်းပူးရရှိမယ့် အသိပညာတို့ကို ဖေဖေပြောတဲ့ ကျက်သရေသုံးပါးနဲ့ ပေါင်းထည့်နိုင်ရင် မင်းမမျှော်မှန်းနိုင်တဲ့ နေရာရယ်လို့ ဘယ်မှာမှမရှိဘူး။ အထူးသဖြင့် မင်း ပန်းတိုင်ကိုသွားရာမှာ အဲဒီအရည်အချင်းတွေရှိရင် ခရီးတစ်ဝက်ရောက်ပြီလို့ ဆိုနိုင်တယ်။ ဆိုပါစို့။ မင်းဟာ သံတမန်အနေနဲ့ နိုင်ငံခြားဘုရင်တစ်ပါးရဲ့ နန်းရင်ပြင်ကိုသွားရမယ်ဆိုရင် အဲဒီက မင်းညီမင်းသားတွေ၊ မှူးမတ်တွေရဲ့ ချစ်ခင်မှုနဲ့ လေးစားမှုကို ရတယ်ဆိုရင် မင်းရဲ့ လုပ်ငန်းတစ်ဝက် အောင် ပြီပေါ့။ ဒီလိုအရည်အချင်းမျိုးတွေမရှိရင် ဒီလုပ်ငန်းဟာ တော်တော်ခက်ခဲတဲ့ လုပ်ငန်းဖြစ်တယ်။ ဖေဖေမကြာခဏ ပြောနေတဲ့ ကျက်သရေသုံးပါးဟာ အရေးကြီးတဲ့ လုပ်ငန်းကြီးတွေမှာသာ လိုအပ်တယ်၊ ပွဲကြီးလမ်းကြီးတွေမှာ သာ ဝတ်ဆင်အပ်တယ်လို့ မယူပါနဲ့။ နေရာတိုင်းမှာ လိုအပ်တယ်။ မင်း ပြောသမျှ မင်းလုပ်သမျှအရာတိုင်းမှာ လိုအပ်တယ်။ အသေးအဖွဲ့ကလေးတွေ မှာ သူတို့ကို မင်းလျစ်လျူပြုခဲ့ရင် ကိစ္စအကြီးကြီးတွေကျတော့ သူတို့က မင်းကို ရှောင်ဖယ်သွားကြလိမ့်မယ်။ တစ်ခြားဟာကို မပြောနဲ့။ ကော်ဖီတစ်ခွက် သောက်တာကအစ ကျက်သရေရှိရှိနဲ့ သောက်တတ်ဖို့လိုတယ်။ ကော်ဖီခွက်ကို ကိုယ့်ကားယား ကိုင်ပြီး ဂလောက်ဂလောက်နဲ့ သောက်နေရင် ဘယ်နိပ်ပါ့ မလဲ။ ဖေဖေ့အနေနဲ့ မင်းကုတ်အင်္ကျီကြယ်သီးကို ကိုယ့်ကားယား တပ်ထားတာ၊ ဖိနပ်ကြိုးကို ကိုယ့်ကားယား ချည်ထားတာမျိုးကိုလည်း မမြင်ချင်ဘူး။ စကားကို ဗလုံးဗထွေးပြောတယ်လို့ ကြားရင်၊ ဗိုလ်ပုံပရိသတ်အလယ်မှာ မိန့်ခွန်းပြောလို့ ထစ်အထစ်အဖြစ်နေတယ်လို့ ကြားရင်၊ မင်းပြောတဲ့စကား ထဲမှာ အမှားအယွင်း အကျအပေါက်အဖိတ်အစဉ်တွေများနေတယ်လို့ကြားရင် ဖေဖေတော့ စိတ်ဆိုးမိမှာပဲ။ အဲဒီလိုသာဆိုရင် မင်းကိုလာပြီး ဖက်လှဲတကင်း



ကြိုဆိုဖို့ထက် ခပ်ဝေးဝေးကို မြန်နိုင်သမျှ မြန်မြန်ထွက်ပြေးမိမှာပဲ။

ဖေဖေပြောနေတဲ့ အကြောင်းအရာတွေဟာ ပြောလို့ကုန်နိုင်မှာ မဟုတ် ဘူး၊ ဒါပေမယ့် စာကတော်တော်ရှည်သွားတော့ ဒီလောက်နဲ့ပဲ ရပ်လိုက်တော့ မယ်၊ မင်းကတော့ ဖေဖေပြောတာ ရှည်လှပြီလို့ အောက်မေ့ကောင်း အောက် မေ့လိမ့်မယ်။ ဒါပေမယ့် ဖေဖေအဖို့ကတော့ မင့်ကို ပြည့်စုံစေချင်၊ လူတော် လူကောင်းဖြစ်စေချင်လွန်းတဲ့အတွက် ပြောလို့ကို မကုန်နိုင်သေးဘူးလို့ ထင်တာပဲ။ အခုန်ကတော့လည်း မင်းမှာ အမြော်အမြင်ဉာဏ်မလုံလောက်သေးသမျှ ဖေဖေ တို့ လူကြီးတွေအဖို့လည်း ပြောစရာတွေ မကုန်သေးဘူးပေါ့။ ပြောနေရဦး မှာပဲပေါ့။

www.burmeseclassic.com

## စာ – ၄၃

လန်ဒန်၊ နိုဝင်ဘာ ၁၀ ရက်၊ ၁၇၄၉ ခုနှစ်

လူလေး

ဒီဇင်ဘာလ ၃၁ ရက်နေ့စွဲနဲ့ ပေးလိုက်တဲ့စာကို ရတယ်။ ဖေဖေပေးလိုက်တဲ့ လက်ဆောင်အတွက် ကျေးဇူးတင်တယ်လို့ သိရတယ်။ တကယ်တော့ မင်းရဲ့ကျေးဇူးဥပကာရစကားဟာ ဖေဖေ့လက်ဆောင် တန်ဖိုးထက်တောင် များပါတယ်။ ဒါပေမယ့် ဖေဖေပို့လိုက်တဲ့ လက်ဆောင်ပစ္စည်းကို အကျိုးရှိရှိ အသုံးချမယ်လို့ ပြောလိုက်တဲ့စကားတော့ ဖေဖေအလိုချင်ဆုံးသော ကျေးဇူးတင်စကားပဲ။ လူတစ်ယောက်ဟာ စာအုပ်တစ်အုပ်ကိုကိုင်ရင် အတွင်းသားကို ထိုက်သင့်တဲ့ အာရုံစိုက်မှုပေးပြီး အပေါ်ယံကို ထိုက်သင့်တဲ့ ဥပေက္ခာထားရမယ်။ ဒီသဘောဟာ အသိဉာဏ်ရှိတဲ့ လူတစ်ယောက်အနေနဲ့ သူ့စာအုပ်တွေအပေါ်မှာ ထားရမယ့်သဘောထား ဖြစ်တယ်။

ခုဆိုရင် မင်းဟာ ကမ္ဘာလောကကြီးအလယ်ကို လျှောက်လှမ်းရတော့မယ်။ ဒီလိုအချိန်မှာ မင်းရဲ့အနာဂတ် ငွေကြေးသုံးစွဲမှုနဲ့ ပတ်သက်လို့ ဖေဖေ့သဘောထားကို နည်းနည်းပြောချင်တယ်။ ဒါမှသာလျှင် နောင်မှာ မင်းအနေနဲ့ ဖေဖေ့ဆီက ဘယ်ရွေ့ဘယ်မျှ ရနိုင်တယ်ဆိုတာကို သဘောပေါက်ပြီး ကိုယ့်ဘာသာကိုယ် စီစစ်သုံးစွဲနိုင်လိမ့်မယ်။ မင်းရဲ့တိုးတက်မှုနဲ့ မင်းရဲ့ ပျော်ရွှင်မှုအတွက် လိုအပ်သလောက်ကို သုံးစွဲရာမှာ ဖေဖေ့အနေနဲ့ ဘယ်တော့မှ တွန့်တိုခြင်းဖြစ်မှာ မဟုတ်ဘူး။ ငြင်းလည်းငြင်းဆန်မှာမဟုတ်ဘူး။ (အဲ ပျော်ရွှင်မှုဆိုရာမှာ စဉ်းစားဉာဏ်ရှိတဲ့လူတစ်ယောက်ရဲ့ ပျော်ရွှင်မှုမျိုးတော့ ဖြစ်ရလိမ့်မယ်။) တိုးတက်မှုဆိုတဲ့ ခေါင်းစဉ်အောက်မှာ အကောင်းဆုံးသော စာအုပ်များနဲ့ အကောင်းဆုံးသော ဆရာသမားများကို ဆိုလိုခြင်း ဖြစ်တယ်။ သူတို့နဲ့ပတ်သက်ရင်တော့ ကုန်ကျချင်သလောက် ကုန်ကျပါစေ။ အဲဒီခေါင်းစဉ်



အောက်မှာ အခန်းခ၊ ရထားခ၊ အဝတ်အစားဖိုး၊ အစေခံလခစသည်တို့လည်း ါတာပေါ့။ မင်းရောက်လေရာနေရာတိုင်းမှာ အဲဒီနေရာနဲ့အညီ ကုန်ကျသင့်တဲ့ စရိတ်တွေ အားလုံးပါတာပေါ့။ စဉ်းစားဉာဏ်ရှိတဲ့ ပျော်ရွှင်မှုဆိုတဲ့ ခေါင်းစဉ်အောက်မှာတော့ အောက်ပါတို့ပါဝင်တယ်။ ပထမအားဖြင့် ပေးကမ်းစွန့်ကြဲလှူဒါန်းသင့်တဲ့သူတွေကို လှူဒါန်းတဲ့စရိတ်၊ ဒုတိယအားဖြင့် မင်းအပေါ်မှာ ကျေးဇူးပြုဖူးတဲ့သူတွေကို ကန်တော့လက်ဆောင်ပေးတဲ့စရိတ်၊ တတိယအားဖြင့် င်းအပေါင်းအသင်းတွေအပေါ်မှာ ဝတ္တရားနဲ့အညီ ပြုစုကျွေးမွေးတဲ့ စရိတ်တို့ ဖြစ်တယ်။ ဥပမာအားဖြင့် ပွဲလမ်းသဘင်မှာ ကိုယ်ကပြုစုကျွေးမွေးတာ၊ အများသူငါလုပ်ကြတဲ့ ပွဲတွေမှာ အများနည်းတူထည့်ဝင်တာ၊ မိတ်ကောင်းဆွေကောင်းလာရင် ပြုစုဧည့်ခံတာ စသည်တို့ ပါဝင်တယ်။ အဲ အောက်တန်းကျကျ စည်းမရှိကမ်းမရှိနေတာမျိုး၊ နမော်နမဲ့နဲ့ ပိုက်ဆံကို လက်ဖွာဖွာသုံးစွဲပစ်တာမျိုးကိုတော့ ဖေဖေဘယ်တော့မှ ခွင့်မပြုနိုင်ဘူး။ အဲဒီလိုနေထိုင်ဖို့ စရိတ်မျိုးကိုလည်း ဖေဖေဘယ်တော့မှ ပေးမှာမဟုတ်ဘူး။

လူလိမ္မာတစ်ယောက်ဟာ မိမိရဲ့ ဂုဏ်သိက္ခာနဲ့ မိမိရဲ့ အကျိုးစီးပွားအတွက် ငွေကို သုံးစွဲတယ်။ လူမိုက်ကတော့ မိမိရဲ့ ဂုဏ်သိက္ခာအတွက်လည်းမဟုတ်၊ မိမိရဲ့အကျိုးစီးပွားအတွက်လည်းမဟုတ်ဘဲ ငွေကို ဖြုန်းတီးတယ်။ လူလိမ္မာဟာ သူ့အချိန်ကိုကောင်းစွာ အသုံးချသလို ငွေကိုလည်း အကျိုးရှိစွာ အသုံးချတယ်။ လူလိမ္မာဟာ မိမိလည်း အကျိုးမရှိ၊ အခြားသူလည်း အကျိုးမရှိတဲ့ ကိစ္စမျိုးမှာ ပိုက်ဆံကို တစ်ပြားမှ အကုန်မခံသလို အချိန်ကိုလည်း တစ်မိနစ်မှ အလဟဿ အဖြစ်မခံဘူး။ လူမိုက်ကတော့ သူမလိုတာမှန်သမျှကို ငွေကြေးအကုန်ခံဝယ်ပြီး သူတကယ်အမှန်လိုတာအတွက် တစ်ပြားမှ အကုန်အကျမခံတတ်ဘူး။ သူဟာ ကစားစရာဆိုင်ရဲ့ဆွဲဆောင်သိမ်းသွင်းမှုကို ကြံ့ကြံ့မခံနိုင်ဘူး။ ရွှေဆေးမှုံးအလှအပကလေးတွေ၊ နာရီတွေ၊ ကြိမ်တုတ်ခေါင်းအလှအပကလေးတွေဟာ သူ့ကို ပျက်စီးရာပျက်စီးကြောင်းဖြစ်စေတဲ့အရာတွေပဲ။ သူ့ရဲ့အစေခံတွေနဲ့ ဈေးသည်တွေကလည်း သူ့ဘော်ကြော့စရိုက်နဲ့ပေါင်းပြီး သူ့ကို လိမ်ကြတယ်။ နည်းနည်းလည်း ကြာသွားရော၊ သူဟာ ပတ်ဝန်းကျင်မှာ ရယ်စရာကြီးဖြစ်၊ ဘာမျှအသုံးမကျတဲ့အပေါ်ယံပစ္စည်းတွေလောက်သာရှိပြီး ဘဝမှာ လိုအပ်တဲ့ ပစ္စည်းတွေ၊ သက်တောင့်သက်သာဖြစ်စေတဲ့ ပစ္စည်းတွေဆိုလို့ ဘာမှမရှိဘဲ ဖြစ်နေတာကို တွေ့လာရတော့တာပါပဲ။ စည်းစိမ်ဥစ္စာတွေ ဘယ်လောက်ပဲရှိပေစေ ဂရုမမူစိုက်မှုနဲ့ နည်းစနစ်ရယ်သို့မရှိခဲ့ရင် လိုအပ်တဲ့ ကုန်ကျစရိတ်ကို ရနိုင်

www.burmeseclassic.com



မှာ မဟုတ်ဘူး။ ဆိုခဲ့တဲ့ ဂရုဓမ္မစိုက်မှုနဲ့ နည်းစနစ်ရယ်လို့ ရှိခဲ့ရင်တော့
စည်းစိမ်ဥစ္စာဘယ်လောက်ပဲ နည်းပေစေ လိုအပ်တဲ့ ကုန်ကျစရိတ်ကိုရမှာပဲ။
တတ်နိုင်ရင် ကိုယ်ဝယ်တဲ့ ပစ္စည်းအတွက် ပိုက်ဆံကို လက်ငင်းပေးချေပါ။
ဘယ်တော့မှ အကြွေးမယူပါနဲ့။ အဲဒီပိုက်ဆံကိုပေးရင်လည်း မင်းကိုယ်တိုင်
ပေးပါ။ အစေခံကတစ်ဆင့် ဘယ်တော့မှ မပေးပါနဲ့။ အစေခံကတစ်ဆင့်ပေး
ရင် အမြဲလိုလို ဘောက်ဆူးတောင်းရင်တောင်း၊ ဒီလိုမဟုတ်ရင်လည်း လက်
ဆောင်တို့ ဘာတို့ကို တောင်းတတ်တယ်။ မင်းမှာ (အသား၊ ယမကာ
အဝတ်အစား စသည်တို့နဲ့ပတ်သက်တဲ့) အကြွေးရှိရင် လစဉ်လတိုင်း မင်းကိုယ်
တိုင် မှန်မှန်ဆပ်ပါ။ ကိုယ်မလိုတဲ့ ပစ္စည်းတစ်ခုကို ဈေးပေါလို့၊ ဒါမှမဟုတ်
ရှားပါးလို့ဆိုပြီး ဘယ်တော့မှ မဝယ်ပါနဲ့။ ဒီလိုလုပ်ခြင်းဟာ မှားယွင်းတဲ့
ချွေတာမှုဖြစ်တယ်။ ကိုယ်မလိုတဲ့ ပစ္စည်းတစ်ခုကို ရှားပါးလို့ဆိုပြီး ဘယ်တော့မှ
မဝယ်ပါနဲ့။ ဒီလိုလုပ်ခြင်းဟာ မိုက်မဲတဲ့ ဂုဏ်ယူမှုဖြစ်တယ်။ ကိုယ်ရဲ့
ဝင်ငွေစာရင်းနဲ့ ကိုယ်သုံးတဲ့ ဝင်ငွေစာရင်းတို့ကို စာအုပ်တစ်အုပ်နဲ့ အမြဲ
မှတ်ထားပါ။ ကိုယ်ဘာရသလဲ၊ ကိုယ်ဘာသုံးသလဲဆိုတာကို သိတဲ့လူဟာ
ဘယ်တော့မှ မဆင်းရဲဘူး။ စာတ်ပွဲသွားကြည့်တာတို့ ကုလားထိုင်ငှားတာတို့
စတဲ့ အသေးအဖွဲကလေးတွေအတွက် ကုန်ကျတဲ့ မုန့်ဖိုးစုပဲစုကလေးလောက်သာ
ရှိတဲ့ ငွေလောက်ကအစ လိုက်မှတ်နေရမယ်လို့တော့ မဆိုလိုပါဘူး။ ဒီလောက်
အသေးအဖွဲကလေးတွေကို လိုက်မှတ်တာကတော့ အချိန်ကုန်၊ မင်ကုန်ရုံ
ရှိမှာပါ။ အဲဒီလို ငြီးငွေ့စရာကောင်းတဲ့ အသေးစိတ်စာရင်းမျိုးကိုတော့
တစ်ပေါင်ဖိုးမိုက်ပြီး တစ်သျှီလင်ဖိုးလိမ္မာတဲ့သူတွေ မှတ်ကြလိမ့်မယ်။ ဒါပေမယ့်
တစ်ခုတော့ သတိရဖို့လိုတယ်။ စီးပွားရေးမှာပဲဖြစ်ဖြစ်၊ ဘဝမှာပဲဖြစ်ဖြစ်
ဘယ်နေရာမှာမဆို မှန်ကန်တဲ့ကိစ္စအတွက် မှန်ကန်စွာ အာရုံစိုက်ရမယ်။
အသေးအဖွဲကလေးတွေအတွက်တော့ မှန်ကန်စွာ လျစ်လျူရှုနိုင်ရမယ်ဆိုတာပဲ။
ကြံ့ခိုင်တဲ့စိတ်ဓာတ်က အရာဝတ္ထုတွေကို အမှန်အတိုင်းကြည့်တယ်။ ပျော့ညံ့တဲ့
စိတ်ကတော့ မှန်ဘီလူးနဲ့ကြည့်တယ်။ အလေးအမွှားကလေးကို ဆင်ကောင်
ကြီးလောက်ချဲ့တယ်။ သေးသေးကလေးကို အကြီးကြီးလုပ်တယ်။ ဒါပေမယ့်
အကြီးကြီးကို မမြင်နိုင်ဘူး။ ငွေကလေးတစ်ပဲလောက်ကို ကုတ်ကတ်ချွေတာ
ပြီး နှစ်ပြားလောက်အတွက် ရန်ဖြစ်နေတတ်တဲ့လူတွေကို ဖေဖေတွေ့ဖူးတယ်။
ဒီလူတွေဟာ မဟုတ်တဲ့နေရာတွေမှာ သုံးဖြုန်းကြပေမယ့် တကယ်သုံးရမယ့်နေရာ
ကျတော့ ကုဋ္ဋစ္စနိုင်ပြီး ကပ်စေးနဲကော်တရာတွေ ဖြစ်သွားကြတယ်။ ခိုင်မာ



သည်ကြည်တဲ့စိတ်ရဲ့ အဓိကလက္ခဏာချက်ဟာ ဟိုးဂေ့စ်ပြောသလို ကြည့်လေ
စရာမှာ အတိုင်းအရှည်ပမာဏကို သိတတ်တဲ့သဘောပဲ။ သင့်မသင့်ဆိုတဲ့
နယ်နမိတ်ကြားမှာ အလွန်သေးငယ်တဲ့ မျဉ်းကြောင်းကလေးပဲ ခြားထားတယ်။
အမြော်အမြင်ရှိမှုနဲ့ ဂရုဓမ္မစိုက်မှုတို့ဖြင့်သာလျှင် အဲဒီနယ်နိမိတ်မျဉ်းကြောင်း
ကလေးကို မြင်နိုင်တယ်။ ယုတ်ညံ့နိမ့်ကျတဲ့ မျက်လုံးတွေနဲ့ မမြင်နိုင်ဘူး။
လူရဲ့အပြုအမူအနေအထိုင်မှုဆိုရင် အဲဒီနယ်နိမိတ်မျဉ်းကြောင်းဟာ ရည်မွန်
သဉ်ကျေးခြင်းဖြစ်တယ်။ အဲဒီထက်ကျော်သွားရင် စိတ်ပျက်စရာကောင်းတဲ့
ဟန်ဆောင်မှုဖြစ်တယ်။ အဲဒီထက်လျော့ရင် မလျော်ကန်တဲ့ နမော်နမဲ့နိုင်မှုနဲ့
အာရုံမစိုက်မှုဖြစ်တယ်။ စာရိတ္တဆိုင်ရာမှာဆိုရင် အပေါ်ယံသီလကြောင်အကျင့်နဲ့
ဒုစရိုက်ဆန်တဲ့ ပျော်ပါးမှုကြားက မျဉ်းကြောင်းဖြစ်တယ်။ ဘာသာတရားမှာ
ဆိုရင် အလွန်အမင်း အယူသည်းခြင်းနှင့် ဘုရားတရားမကြည်ညိုမှုကြားက
မျဉ်းကြောင်းဖြစ်တယ်။ အတိုချုပ်ပြောရရင် ကောင်းတဲ့ အကျင့်သီလတိုင်းနဲ့
သူနဲ့အတူတွဲပါလာတတ်တဲ့ မကောင်းတဲ့အကျင့်နဲ့စိတ်ဓာတ်အားနည်းချက်တို့
ရဲ့ကြားက မျဉ်းကြောင်းဖြစ်တယ်။ ဒီတော့ မင်းဟာ အဲဒီနယ်နိမိတ်မျဉ်းကြောင်း
ကို မြင်အောင်ကြည့်တတ်လိမ့်မယ်လို့ ဖေဖေယူဆတယ်။ အဲဒီနယ်နိမိတ်မျဉ်း
ကြောင်းကို မျက်ခြေမပြတ်ကြည့်ပြီး အဲဒီမျဉ်းကြောင်းပေါ်မှာ တည့်တည့်
လော်မတ်လျှောက်နိုင်အောင် ကြိုးစားပါ။ မင်းဆရာ မစ္စတာဟာတီကို
အားထားပါ။ မင်းတစ်ယောက်တည်း ဖြောင့်ဖြောင့်တန်းတန်း၊ မယိမ်းမယိုင်
လျှောက်နိုင်သည်အထိ သူဖေးကူပါလိမ့်မယ်။ စကားစပ်မိလို့ပြောရရင် ကြိုးလျှော့နေ
တဲ့ကြိုးပေါ်မှာ လျှောက်တတ်ချင်လျှောက်တတ်မယ်။ အဲဒီမျဉ်းကြောင်းပေါ်မှာ
ဖြောင့်အောင် လျှောက်တတ်တဲ့သူကတော့ တော်တော်ရှားတယ်။ ဒါ့ကြောင့်မို့
တည့်မတ်အောင်လျှောက်နိုင်သူများဟာ အများတကာထက်ပိုပြီး တောင်ပြောင်
ထောက်ကြားတာပေါ့။

ဘာလင်မှာ ရောက်နေတုန်း ပရပ်ရှားအစိုးရရဲ့ နယ်များမှာရှိတဲ့ မြို့ပြ
အရေးရာ စစ်ဖက်ရေးရာနဲ့သာသနာ့ဆိုင်ရာ အုပ်ချုပ်မှုတွေနဲ့ ပတ်သက်လို့
သူလာခဲ့လိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။ အထူးသဖြင့် အခြားသော
ဥရောပတိုင်းပြည်တွေထက် သာလွန်တဲ့ စစ်ရေးစစ်ရာကိစ္စတွေကို လေ့လာမှ
ဖြစ်မယ်လို့ ဖေဖေမျှော်လင့်တယ်။ စစ်ရေးပြအခမ်းအနားတွေကို တက်ရောက်ပြီး
စစ်တပ်လေ့ကျင့်ခန်းတွေကို သွားကြည့်ရမယ်။ မြင်းတပ်၊ ခြေလျင်တပ်၊
ခြေလျင်မြင်းတပ်ရင်းတွေမှာ တပ်ခွဲဘယ်လောက်ရှိတယ်၊ တပ်သား အရေ

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဘယ်လောက်ရှိတယ်ဆိုတာကို လေ့လာရမယ်။ တပ်များနဲ့ တပ်ခွဲများက ပြန်တမ်းဝင်အရာရှိများနဲ့ ပြန်တမ်းဝင်မဟုတ်တဲ့ အရာရှိများရဲ့ အရေအတွက်နဲ့ ဘွဲ့ထူးရာထူးတွေကို စုံစမ်းရမယ်။ ဂျာမန်ဘာသာနဲ့ပြောတဲ့ စစ်အသုံးအနှုန်း ဝေါဟာရတွေကိုလည်း လေ့လာရမယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ စစ်မှုထမ်းမလုပ်သည့်တိုင် စစ်ရေးစစ်ရာတွေကို အများသူငါ မကြာခဏ ဆွေးနွေးလေ့ရှိတော့ စစ်ရေးစစ်ရာအကြောင်းကို မသိရင် ကြောင်တက်တက်ဖြစ်နေမှာပေါ့။ ဒါ့အပြင် စစ်ရေးစစ်ရာကိစ္စဆိုတာဟာ မကြာခဏ ဆွေးနွေးရတဲ့ ကိစ္စမျိုးဖြစ်လေတော့ နောင်မှာ မင်းရဲ့လုပ်ငန်းထဲမှာ အကျိုးဝင်လာနိုင်တယ်။ ပရပ်ရှားဘုရင်ဟာ မကြာခင်တုန်းက တရားဥပဒေပြုပြင်ပြောင်းလဲမှုတွေကို လုပ်သွားခဲ့တယ်။ အဲဒီပြုပြင်ပြောင်းလဲမှုအရ ပရပ်ရှားပြည်မှာ အမှုတွေနည်းသွားပြီး အမှုစစ်ဆေးတဲ့နေရာမှာလည်း မြန်ဆန်လာခဲ့တယ်။ ဒီအကြောင်းတွေကိုလည်း သိအောင်လုပ်ထားရမယ်။ တရားဥပဒေပြုပြင်ပြောင်းလဲရေးလုပ်ငန်းကတော့ ကြီးကျယ်တဲ့ လုပ်ငန်းကြီးဖြစ်ပြီး ပရပ်ရှားဘုရင်လို မင်းကောင်းမင်းမြတ်များသာ လုပ်နိုင်တဲ့ လုပ်ငန်းမျိုးပေပဲ။ ပရပ်ရှားဘုရင် (မင်းသား) ဟာ ဥရောပတိုက်မှာ အရည်အချင်းအရှိဆုံးဘုရင်ဖြစ်တယ်ဆိုတာ ဘယ်သူမှ အငြင်းပွားကြတာမဟုတ်တဲ့အတွက် မင်းအနေနဲ့ ပရပ်ရှင်းအစိုးရရဲ့ ဆောင်ရွက်ချက်တိုင်းကို အလေးအနက် လေ့လာပြီး အထူးဂရုစိုက်စုံစမ်းရမယ်။ မင်းဟာ ဘာလင်မှာ ပညာသင်ကြားခဲ့ပြီး တူရင်ကိုသွား၊ အဲဒီကမှ ပရပ်ရှားပြည်က အရည်အချင်းအရှိဆုံး ဘုရင်ထံကို သွားခစားခွင့်ရခဲ့တဲ့ လူငယ်နိုင်ငံရေးသမားကလေးတစ်ယောက် ဖြစ်လာရတာကတော့ တော်တော်ကံထူးတယ်လို့ပဲ ပြောရတော့မှာပဲ။ တကယ်လို့သာ မင်းဟာ နိုင်ငံရေးသုံးသပ်ချက်တွေကို လုပ်နိုင်ရင် အဲဒီမင်းနှစ်ပါးရဲ့အကြောင်းဟာ တော်တော်ကောင်းတဲ့အကြောင်းအရာတွေဖြစ်မှာပဲ။

မင်းအနေနဲ့ မွန်စီယာ ဒီမော်ပါတီနဲ့ သိကျွမ်းအောင် ကြိုးစားစေချင်တယ်။ သူဟာ ပညာရပ်အမျိုးမျိုးမှာ ကျွမ်းကျင်နှံ့စပ်သူဖြစ်တယ်။ သူရှိတဲ့မြို့ကို တစ်နေ့တစ်လေလောက်ရောက်လျက်သားနဲ့ သူနဲ့မတွေ့ခဲ့ဘူးဆိုရင် ဝမ်းနည်းဖို့လည်းကောင်း၊ ရှက်ဖို့လည်းကောင်းတယ်။ မင်းမှာ သူ့ကို မိတ်ဆွေဖွဲ့နိုင်တဲ့ နည်းလမ်းမရှိဘူးဆိုရင် ဖေဖေစာတစ်စောင်ရေးပေးလိုက်မယ်။ ဘာလင်မှာရှိတဲ့ မွန်စီယာကက်နီနီဟာလည်း စီးပွားရေးလုပ်ငန်းမှာ အလွန်အောင်မြင်သူဖြစ်ပြီး ဥရောပတိုက်အကြောင်းကို ကောင်းကောင်းသိသူဖြစ်တယ်။ သူနဲ့



သိကျွမ်းဖို့ ကြိုးစားပြီး ထိုက်တန်စွာ အသုံးချနိုင်ရင် မင်းအတွက် အများကြီး အကျိုးရှိနိုင်တယ်။

ဘာလင်မှာရောက်နေတုန်း အကောင်းဆုံး အကသင်ဆရာဆီကိုသွားဖို့ မေ့ပါနဲ့။ ဒါပေမယ့် ကောင်းကောင်းအကသင်ဖို့ထက် ကျက်သရေရှိစွာ ဆိုင်တတ်ဖို့၊ ကျက်သရေရှိစွာ ထတတ်ဖို့၊ ကျက်သရေရှိစွာ လမ်းလျှောက်တတ်ဖို့သာ အဓိကသင်ကြားပါ။ ကျက်သရေသုံးပါး၊ ကျက်သရေသုံးပါး၊ ကျက်သရေသုံးပါးဆိုတာကို အမြဲသတိရပါ။ အာဒီးယူး။

www.burmeseclassic.com

www.burmeseclassic.com

**စာ - ၄၄**

လန်ဒန်၊ ဖေဖော်ဝါရီ ၇ ရက်၊ ၁၇၄၉ ခုနှစ်

လူလေး

ခုဆိုရင် မင်းဟာ ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်နိုင်တဲ့အရွယ်ကို ရောက်ပြီ။ လူတော်တော်များများဟာ ဒီအရွယ်မှာ ပြန်လည်သုံးသပ်တဲ့အလုပ်ကို မလုပ်ကြဘူး။ ဖေဖေကတော့ မင်းကိုယ်မင်း ပြန်လည်သုံးသပ်စေချင်တဲ့ဆန္ဒရှိတယ်။ အမှန်တရားနဲ့ ခိုင်မာတဲ့ အသိပညာကို ရှာရာမှာ ဒီလိုပြန်လည်သုံးသပ်တဲ့ကိစ္စဟာ တော်တော်လိုအပ်တယ်။ မင်းကိုတော့ ဖေဖေဝန်ခံရဦးမယ်။ (ပြောလို့ ပြောရတယ်။ ဖေဖေရဲ့ လျှို့ဝှက်ချက်တွေကို မင်းမသိစေချင်တာတော့အမှန်ပဲ။) ဖေဖေကိုယ်တိုင်လည်း ဒီလို ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်တဲ့ အကျင့်ကိုရလာတာဟာ သိပ်တော့ မကြာလှသေးဘူး။ ဖေဖေဟာ အသက်ဆယ့်ခြောက်နှစ် ဆယ်ခုနစ်နှစ်ရောက်လာသည့်တိုင် ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်တဲ့ အလေ့မရှိခဲ့သေးဘူး။ ဒါ့ကြောင့်မို့ နောင်နှစ်ပေါင်းများစွာကြာသည်အထိ ဖေဖေဟာ ကိုယ့်မှာရှိတဲ့ အရည်အချင်းကိုလည်း အသုံးမချတတ်ခဲ့ဘူး။ ကိုယ်ဖတ်တဲ့ စာအုပ်တွေထဲကရတဲ့အသိ၊ ကိုယ်ပေါင်းတဲ့ အပေါင်းအသင်းတွေဆီကရတဲ့ အသိတွေကိုပဲ အဟုတ်ထင်ခဲ့တယ်။ အဲဒီအသိတွေဟာ မှန်ကန်ရဲ့လား၊ တရားရဲ့လားဆိုတာကို လုံးဝဆန်းစစ်ခြင်း မပြုခဲ့ဘူး။ အချိန်ယူ၊ ဒုက္ခခံပြီး အမှားအမှန်ကို စူးစမ်းခြင်းမပြုတော့ဘဲ လွယ်လွယ်နဲ့ မှားနိုင်တဲ့လမ်းကို ရွေးမိလျက်သား ဖြစ်နေတော့တာပေါ့။ ပျင်းတာကြောင့်ရော၊ ကိုယ့်ကိုယ်ကိုယ် အလိုလိုက်တာကြောင့်ရော၊ အထက်တန်းအသိုင်းအဝိုင်းက လက်ခံထားတာတွေကို ပစ်ပယ်ရဲတဲ့သတ္တိမရှိတာကြောင့်ရော ဖေဖေဟာ ဆင်ခြင်တုံတရားကို အသုံးမပြုမိဘဲ အစွဲတွေနောက်ကိုပါသွားခဲ့မိတယ်။ (ဒါတွေက ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်တဲ့အခါမှ တွေ့လာရတာတွေ



ဒီလိုနဲ့ ဖေဖေဟာ အမှန်တရားကို ရှာရမယ့်အစား အမှားတွေကို တိတ်တဆိတ် လေးစားအထင်ကြီးနေခဲ့မိတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်ပြီး ကိုယ့်ကိုယ်ကိုယ်ရဲရဲကြည့်တတ်တဲ့သတ္တိရှိလာတဲ့အခါမှာ ဖေဖေရဲ့ အသိတွေ၊ အမြင်တွေ ဘယ်လောက်ပြောင်းသွားသလဲဆိုတာသိရရင် မင်းတော်တော် အံ့သြမှာပဲ။ ကိုယ်ဘာသာကိုယ် ဆင်ခြင်သုံးသပ်ပြီး မြင်တဲ့အမြင်နဲ့ အရှိန်အဝါတို့၊ အစွဲတို့ကြောင့် မြင်တဲ့အမြင်ဟာ ဘယ်လောက်ခြားနားသွားသလဲဆိုတာကို မင်းသိရရင် တော်တော်အံ့သြမှာပဲ။ သို့တိုင်အောင် ခုထက်တိုင် ဖေဖေ့မှာ အရင်တုန်းကရှိခဲ့ဖူးတဲ့ အမှားတွေ လုံးဝမရှိတော့ဘူးလို့တော့ မပြောလိုပါဘူး။ ရှိသင့်သလောက်တော့ ရှိဦးမှာပေါ့။ အမှားကြာ အမှန်ဖြစ်ဆိုတဲ့ စကားလို မှားတဲ့အမြင်နဲ့ ကြည့်တတ်တဲ့အကျင့်ဟာ ကြာလာရင် အလေ့အထ ဖြစ်လာပြီး၊ နောင်မှာ အဟုတ်တကယ်လို့ ထင်လာတတ်ကြတယ်မဟုတ်လား။ ငယ်ငယ်ကလေးကတည်းက စွဲမြဲခဲ့ပြီး ကြာကြာလိုက်နာလာတဲ့ အကျင့်တွေကို ဆင်ခြင်တုံတရား၊ ပြန်လည်သုံးသပ်မှုတို့က ပေါ်ထွက်လာတဲ့အမှန်နဲ့ ခွဲခြားရတာဟာ တော်တော်ခက်တတ်တယ်။

ဖေဖေရဲ့ ပထမအစွဲကတော့ ရှေးဟောင်းဂန္ထဝင်ကို အထင်ကြီးတတ်တဲ့အစွဲပဲ။ (ဒီနေရာမှာ ကလေးတွေနဲ့မိန်းမတွေမှာရှိတတ်တဲ့ အစွဲအလမ်းတွေ အကြောင်းကိုတော့ ဖေဖေထည့်မပြောတော့ဘူး။ သူတို့ကတော့ မှင်စာတို့၊ သရဲတို့၊ အိပ်မက်တို့၊ ဆားဖိတ်ကျတာတို့နဲ့ ပတ်သက်လို့ အစွဲအလမ်းတွေ ရှိတတ်ကြတယ်။) ဖေဖေဖတ်တဲ့ စာအုပ်တွေ၊ ဂန္ထဝင်တွေကို သင်ပေးတဲ့ ဆရာတွေကတစ်ဆင့် ဖေဖေဟာ ရှေးဟောင်းဂန္ထဝင်ကို အထင်ကြီးတဲ့ အစွဲကိုရလာခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင့်ငါးရာလောက်အတွင်းမှာ ကမ္ဘာလောကကြီးမှာ ရိုးသားဖြောင့်မတ်ခြင်းတို့၊ စဉ်းစားဉာဏ်တို့ ဘာမှမရှိဘူးလို့တောင် ဖေဖေထင်ခဲ့မိတယ်။ ရှေးဟောင်း ခေါမနဲ့ ရောမနိုင်ငံတို့နဲ့အတူ ရှေးဟောင်းဂန္ထဝင်ဟာလည်း ကွယ်ပျောက်သွားခဲ့တယ်လို့ ထင်ခဲ့မိတယ်။ ဖေဖေ့စိတ်ထဲမှာ ဟိုးမားနဲ့ ဗာဂျီးတို့ဟာ အမှားမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ရှေးဟောင်းဖြစ်လို့။ မီလ်တန်နဲ့တာဆိုတို့ကတော့ အကောင်းမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ခေတ်သစ်ဖြစ်လို့လို့ စိတ်ထဲက ထင်ခဲ့မိတယ်။ ခုတော့ အထူးဝါယမစိုက်ပြီး စဉ်းစားစရာမလိုဘဲ သိပြီလေ။ ကမ္ဘာဝကြီးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးထောင်ကလို ဒီနေ့လည်း အတူတူပဲ ဆိုတာ ဖေဖေသဘောပေါက်သွားပြီ။ လူတွေဟာလည်း အရင်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



လူတွေလိုပဲဆိုတာ နားလည်သွားပြီ။ ထုံးစံလေ့တွေဟာ မကြာခဏ ပြောင်းလဲတတ်ကြသည့်တိုင် လူကတော့ ဒီအတိုင်းပဲဆိုတာ ဖေဖေသဘောပေါက်သွားပြီ။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင့်ငါးရာ၊ သို့မဟုတ် သုံးထောင်လောက်က လူတွေဟာ ခုခေတ်လူတွေထက်ပိုပြီး ကောင်းမွန်ခြင်း၊ ရဲရင့်ခြင်း ဉာဏ်ကြီးခြင်း မရှိသလို တိရစ္ဆာန်တွေနဲ့ သစ်သီးဝလံတွေဟာလည်း ယခုထက်ဘာမှပိုပြီး ကောင်းမွန်ခြင်း မရှိဘူးဆိုတာ ဖေဖေသိလာခဲ့တယ်။

ဒါတင်မကဘူး။ ရှေးဟောင်း ဂန္ထဝင်ကို ဦးစားပေးပြောဆိုကြတာတွေကိုလည်း ဖေဖေ ဆန့်ကျင်ဝေဖန်ပြောရဲလာခဲ့တယ်။ လက်စသတ်တော့ ဟိုးမားရဲ့ ဇာတ်လိုက်ဖြစ်တဲ့ အာခီလီဟာ လူရိုင်းလူရမ်းကားတစ်ယောက်ပါကလား၊ မဟာကဗျာကြီးတွေထဲမှာ အကျော်ဒေးယျဇာတ်လိုက်မဖြစ်ထိုက်သူပါကလားဆိုတာ သဘောပေါက်လာတယ်။ မင်းပဲစဉ်းစားကြည့်ဦးလေ။ သူ့မှာ ဘယ်မှာ တိုင်းပြည်ကို ချစ်တဲ့စိတ်ရှိလို့လဲ။ မိန်းမတစ်ယောက်အတွက် အဂ္ဂါမိန္နန်နဲ့ ရန်ဖြစ်ကြတဲ့အတွက် ဘယ်မှာ တိုင်းပြည်ကို ကာကွယ်ခဲ့တော့လို့လဲ။ တစ်ယောက်တည်း စိတ်ရှုပေါက်တာနဲ့ တိုင်းသူပြည်သားတွေကို ရက်ရက်စက်စက် သတ်ဖြတ်ပစ်ခဲ့ရသလား။ သူ့ကိုယ်သူဘေးအန္တရာယ် "ပြီး" တယ်လို့ ထင်တဲ့အတွက် ဒီလိုတစ်ဖက်သားကို အန္တရာယ်ပေးတယ်လို့ပဲ ဖေဖေတော့ ထင်မိတာပဲ။ ပြီးတော့လည်းကြည့်စမ်းပါဦး။ သူ့ကိုယ်သူ အန္တရာယ် အပေါင်းက "ပြီး" တယ်လို့လည်း ထင်သေးတယ်။ ဝတ်ထားတော့လည်း ကမ္ဘာပေါ်မှာ အလုံခြုံဆုံးဆိုတဲ့ သံကျပ်အင်းကျီကြီးကိုလည်း ဝတ်ထားလိုက်သေးတယ်။ အမှန်ကတော့ သူ့ကို ဒီလောက်လုံခြုံတဲ့ သံကျပ်အင်းကျီကြီးကိုတောင် ဝတ်ပေးဖို့ မလိုပါဘူး။ ဖနောင့်မှာ မြင်းသံခွာတစ်ချက်လောက် ရိုက်ပေးလိုက်ရင် လုံလောက်ပြီထင်တာပဲ။ တစ်ဖက်မှာလည်း ဖေဖေဟာ ခေတ်သစ်သမားတွေရဲ့ အဆိုတွေကို လက်ခံတာတွေ ရှိပါတယ်။ ဥပမာအားဖြင့် မီလ်တန်ရဲ့ ကဗျာရှည်ကြီးထဲက ဇာတ်လိုက်ဟာ နတ်ဆိုးဖြစ်တယ်ဆိုတဲ့ မစ္စတာဒရိုင်ဒင်ရဲ့အဆိုကို ဖေဖေသဘောတူတယ်။ နတ်ဆိုးရဲ့ စိမ်ကိန်း၊ နတ်ဆိုးရဲ့ အကြံအစည်တွေဟာ ကဗျာရဲ့အသက်ပဲမဟုတ်လား။ ဒီလိုစဉ်းစားကြည့်လိုက်တော့ ဂန္ထဝင်ဆရာတွေမှာ အားကောင်းချက်တွေရှိသလို အားနည်းချက်တွေရှိတယ်။ ကောင်းကွက်တွေရှိသလို ဆိုးကွက်တွေရှိတယ်။ သူတို့ဟာလည်း ခေတ်သစ်ဆရာတွေနဲ့အတူတူပါပဲဆိုပြီး မျက်နှာမလိုက်ဘဲ ကောက်ချက်ဆွဲလာနိုင်ခဲ့တယ်။ ကျမ်းတတ်စာတတ်သမားနဲ့ တတ်ယောင်ကားသမားတို့က



[ဂ]န္ထဝင်ကို ထောက်ခံကြတယ်။ မသိနားမလည်သူနဲ့ ထောင်လွှားသူက ခေတ်သစ်ကို ထောက်ခံကြတယ်။

ဖေဖေရဲ့ နောက်အစွဲတစ်ခုကတော့ ဘာသာရေးအစွဲပဲ။ တစ်ခါတုန်းကတော့ အင်္ဂလိပ်ခရစ်ယာန်သာသနာဂိုဏ်းဝင်တိုင်းဟာ အရိုးဖြောင့်ဆုံးလူတွေလို့ပဲ ထင်ခဲ့မိတယ်။ အဲဒီတုန်းကတော့ လူတိုင်းဟာ ကိုယ့်လိုပဲ ယုံကြည်မယ်လို့ ယူဆခဲ့တာကိုး။ အခြားတစ်ယောက်မှာလည်း သူ့ကိုယ်ပိုင် အယူအဆ၊ သူ့ကိုယ်ပိုင်ထင်မြင်ချက် ရှိနိုင်တယ်။ သူ့အယူအဆဟာလည်း ကိုယ့်အယူအဆနဲ့ ကွဲလွဲတယ်ဆိုတာကို မစဉ်းစားမိခဲ့ဘူး။ ရိုးသားစွာ သဘောကွဲတာဟာ အပြစ်ဆိုစရာမရှိဘူး၊ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် လိုက်လျောသင့်တယ်ဆိုတာကို မစဉ်းစားမိခဲ့ဘူး။

ဖေဖေ့မှာရှိတဲ့ နောက်အစွဲတစ်ခုကတော့ အထက်တန်းလွှာ အသိုင်းအဝိုင်းဆိုတဲ့လူတွေကို အတုခိုးရမယ်ဆိုတဲ့အစွဲပဲ။ အဲဒီတုန်းကတော့ ဖေဖေကလည်း အများတကာထက် ထင်ပေါ်ချင်ပေတာကိုး။ အဲဒီတော့ အထက်တန်းလွှာတွေလုပ်ကြတဲ့ ခေတ်မီတဲ့မကောင်းမှုကလေးတွေဟာ လိုအပ်တယ်လို့ထင်ခဲ့တယ်။ သူတို့တစ်တွေ ပြောသံကြားတော့ မရှုးမစမ်း၊ မဆင်မခြင်နဲ့ ယုံခဲ့တယ်။ ဒါမှမဟုတ်ရင်လည်း အထက်တန်းစား လူကုံတန်တွေလို့ ဖေဖေထင်တဲ့အသိုင်းအဝိုင်းက ကိုယ့်ကို လှောင်ပြောင်ရယ်မောမှာကိုကြောက်ပြီး ငြင်းရမှာကို ရှက်ခဲ့တယ်။ ဒါပေမယ့် ခုတော့ အဲဒီခေတ်မီတဲ့ မကောင်းမှုကလေးတွေလို့ မှားယွင်းစွာခေါ်နေကြတဲ့အရာတွေဟာ လောကီအာရုံတွေကို လိုက်စားပါတယ်ဆိုတဲ့ လူတွေရဲ့အကျင့်စရိုက်မှာတောင် အစွန်းအထင်းကြီးတွေဖြစ်နေတယ်ဆိုတာကို ပြောဖို့ ဖေဖေရှက်လည်း မရှက်တော့ဘူး။ ကြောက်လည်း မကြောက်တော့ဘူး။ တော်မှန်တဲ့ လူကြီးလူကောင်းတစ်ယောက်ဆိုသူအဖို့တော့ မပြောနဲ့တော့။ သူ့အထင်ကြီး လေးစားတဲ့အသိုင်းအဝိုင်းကသူ့ကို အထင်သေးကြမှာ အမှန်ပဲဆိုတာကို ဖေဖေသိလာခဲ့တယ်။ ဟုတ်တယ်။ ဒီအစွဲဟာ အလွန်ကို ပျံ့နှံ့သွားခဲ့တယ်။ ဖေဖေ့အသိမိတ်ဆွေထဲမှာဆိုရင် အဲဒီလို ခေတ်မီတဲ့ မကောင်းမှုကလေးတွေကို ဖုံးကွယ်ရမယ့်အစား မရှိတဲ့သူကတောင် ရှိသယောင်လုပ်ပြီး ကြွားကြသည်အထိ ခေတ်စားသွားခဲ့တယ်။

ကိုယ့်ရဲ့စဉ်းစားဉာဏ်ကို အသုံးချပြီး ခိုင်အောင်လုပ်ပါ။ ခိုင်မာပြီးရင့်ကျက်တည်ငြိမ်တဲ့ ထင်မြင်ချက်တစ်ခုကို ဖွဲ့စည်းဖို့အတွက် အရာရာတိုင်းသုံးသပ်ပါ။ စစ်ဆေးပါ။ ခွဲခြမ်းစိတ်ဖြာကြည့်ပါ။ မင်းပြောတဲ့ စကားတွေထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ယံ ထင်မြင်ချက်တွေ မပါပါစေနဲ့။ အဲဒီအပေါ်ယံထင်မြင်ချက်တွေ နောက်ကို မလိုက်လိုက်ပါနဲ့။ အဲဒီအပေါ်ယံထင်မြင်ချက်တွေနဲ့ စကားမပြောပါနဲ့။ ကိုယ်ဘာလိုချင်သလဲဆိုတာကို စေ့စေ့စပ်စပ် သိအောင်လုပ်ပါ။ စေ့စေ့စပ်စပ် မသိသေးရင်လည်း သိပ်နောက်မကျခင်မှာ သိအောင်လုပ်ပါ။ မင့်စဉ်းစားဉာဏ်နဲ့ အခါမလပ်တိုင်ပင်ပါ။ ဒီလိုပြောတဲ့အတွက် မင့်စဉ်းစားဉာဏ်ဟာ မမှားတဲ့ရှေ့ဆောင်လမ်းပြလို့တော့ ဖေဖေမပြောချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူ့ရဲ့စဉ်းစားဉာဏ်ဟာလည်း မမှားနိုင်တဲ့ အရာမဟုတ်ဘူး။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် စဉ်းစားဉာဏ်ဟာ မင်းလိုက်နာရမယ့် အမှားအနည်းဆုံးသော လမ်းပြဖြစ်တယ်ဆိုတာကိုတော့ မှတ်ထားရမယ်။ စာအုပ်တွေ၊ လူပြောသူပြောတွေက စဉ်းစားဉာဏ်ကို အကူအညီပေးကြလိမ့်မယ်။ ဒါပေမယ့် စာအုပ်ကိုရော၊ လူပြောသူပြောကိုရော မျက်ကန်းသဖွယ် အကြွင်းမဲ့ မလိုက်နာမိဖို့တော့ လိုတယ်။ စာအုပ်ကိုရော၊ သူများပြောစကားကိုရော ဘုရားသခင်ကပေးတဲ့ အကောင်းဆုံး စံနဲ့ နှိုင်းချိန်ကြည့်ပါ။ အဲဒီစံကတော့ ကိုယ့်ရဲ့ စဉ်းစားဉာဏ်ပဲ။

လူတော်တော်များများဟာ စဉ်းစားတဲ့ဒုက္ခကို မခံချင်ကြဘူး။ ဒီတော့ မင်းလည်း သူတို့လုပ်သလို စဉ်းစားတဲ့ဒုက္ခကို မငြင်းပါနဲ့။ တကယ်တော့ လူ့လောကမှာရှိတဲ့ လူတော်တော်များများဟာ စဉ်းစားတယ်လို့ ပြောရမှာတောင် ခပ်ခက်ခက်ပဲ။ သူတို့ရဲ့အသိတွေ အားလုံးလောက်ဟာ အစဉ်အဆက်က ရှိခဲ့ပြီးသားတွေချည်းပဲ။ ယေဘုယျပြောရရင်တော့ အဲဒီလို အစဉ်အဆက်က လက်ခံပြီးသားအသိကို လက်ခံတာ ခပ်ကောင်းကောင်းပဲလို့ ဆိုရမယ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကယဉ်ကျေးဖွံ့ဖြိုးခြင်း၊ တိုးတက်ခြင်းမရှိသေးတဲ့အခါမှာ ကိုယ့်ရဲ့စဉ်းစားဉာဏ်ထက် အစဉ်အလာလက်ခံကျင့်သုံးခဲ့ကြတဲ့ အသိက ငြိမ်းချမ်းပြီး စနစ်တကျရှိမှုကို ထောက်ကူပေးနိုင်လို့ပဲ။ ဖေဖေတို့ တိုင်းပြည်မှာ အဲဒီလို အသုံးဝင်တဲ့ ရှေးဟောင်းအစဉ်အလာအစွဲတွေ အများကြီးရှိတယ်။ အဲဒီအစွဲမျိုးတွေ ပျောက်ကွယ်တိမ်မြုပ်သွားမှာကိုတော့ ဖေဖေ စိုးရိမ်တယ်။ ဥပမာ–ပုတ်ရဟန်းမင်းကြီးသည် တစ်ချိန်တည်းတွင် အန္တိခရစ်ဖြစ်ပြီး ဘေဘီလုံမြို့က ပြည့်တန်ဆာဖြစ်တယ်ဆိုတဲ့ ပရိုတက်စတင့်ဘာသာဝင်တွေရဲ့ အစွဲဟာ ဒီတိုင်းပြည်မှာ ပုတ်ရဟန်းမင်းကြီးကို ဆန့်ကျင်ရာမှာတော့ ချီလင်းဝါ့သ်ရဲ့ ဟောပြောချက်တွေထက် အများကြီးတာသွားတယ်။ ပြီးတော့ ဖြစ်နိုင်တာ မဖြစ်နိုင်တာ အပထား၊ ပရိုတင်းဒါးမင်းလောင်းကို မီးအိုးကင်းထဲ ထည့်ယူလာပြီး ဘုရင်မရဲ့ ညောင်စောင်းအောက်မှာ သွားထားတယ်ဆိုတဲ့



သတ္တိကင်းတဲ့ပုံပြင်ဟာလည်း ဒဿနဆရာ မစ္စတာလော့ခ်တို့ ရေးသားတင်ပြနေကြတဲ့ မျိုးရိုးဆက်ခံခွင့်တို့၊ အတိုင်းအဆမရှိသည်းခံမှုတို့ဆိုတဲ့အရာတွေ ဆက် ဂျက်ကိုဘိုက်ဝါဒကို တိုက်ခိုက်ရာမှာ အများကြီး တာသွားတယ်။ ပြီးတော့အင်္ဂလိပ်တစ်ယောက်ဟာ ပြင်သစ်သုံးယောက်ကို အနိုင်သတ်နိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်မရှိတဲ့စကားဟာလည်း တစ်ခါတစ်ရံမှာ အင်္ဂလိပ်တစ်ယောက်ကို သတ္တိမွေးပေးပြီး ပြင်သစ်နှစ်ယောက်ကို နိုင်အောင် တိုက်နိုင်တဲ့အခါတွေရှိတယ်။

ပြင်သစ်လူမျိုးတစ်ယောက်ဟာ သူ့ဘဝကို ရှင်လန်းထက်သန်တဲ့ အဆင်သင့်ဖြစ်မှုနဲ့ အစပြုတယ်။ တကယ်လို့ သူအစဉ်အလာသင်ကြားခဲ့ရတဲ့ အမြင်ကို ပြောင်းစေချင်ရင် လူကြီးလူကောင်းမဆန်ဘူးလို့ ပြောလိုက်ရုံပဲ။ အဲဒီလို ပြောလိုက်တာနဲ့ အဲဒီပြင်သစ်ဟာ ထွက်ပြေးလိမ့်မယ်ထင်တယ်။ လူ့လောကကြီးမှာ အဲဒီလို အကြမ်းထည်နိုင်တဲ့ ဒေသဆိုင်ရာအစွဲအလမ်းတွေနဲ့ ပြည့်နေတယ်။ ဒီလိုအစွဲတွေဟာ ယဉ်ကျေးဖွံ့ဖြိုးပြီး၊ အကြားအမြင်ရှိပြီး စဉ်းစားတတ်တဲ့သူတွေမှာတော့ မရှိနိုင်ဘူးပေါ့။ ဒါပေမယ့် ဒီလောက် အကြမ်းထည်နိုင်ပြီး ဒီလောက်အဓိပ္ပာယ်ကင်းမဲ့ခြင်းမရှိသော်လည်း အလားတူ မှားယွင်းတဲ့ အစွဲတွေလည်း ရှိသေးတယ်။ ဒီလိုအစွဲမျိုးတွေကိုတော့ နားလည်မှုအဆင့်မြင့်ပြီး တိုးတက်ဖွံ့ဖြိုးတဲ့လူများကိုယ်တိုင်က လက်ခံကျင့်သုံးနေကြတယ်။ လိုအပ်တဲ့ စုံစမ်းလေ့လာမှု လိုအပ်တဲ့ စစ်ဆေးမှု၊ အမှန်တရားကို ဆုံးဖြတ်ရာမှာ လိုအပ်တဲ့ နက်နဲစွာ ရှုစိုက်မှုတို့ကို မလုပ်ချင်ကြတဲ့အတွက် လွယ်လွယ်နဲ့ လက်ခံနေကြခြင်း ဖြစ်တယ်။ ဖေဖေ မင်းကို သတိပေးနေတဲ့ အစွဲတွေဆိုတာ အဲဒီလိုအစွဲမျိုးတွေကိုပြောတာ။ မင်းရဲ့စဉ်းစားဉာဏ်ကို ဂရုတစိုက်နဲ့ အသုံးပြုရင် အဲဒီလိုအစွဲတွေကို ချေချွတ်နိုင်မှာပဲ။

အဲဒီလိုအစွဲမျိုးတွေ တစ်ထောင်လောက်ရှိတဲ့အထဲက မင်းကိုတစ်ခုပဲ ဥပမာအဖြစ် ပြောပြလိုက်မယ်။ သက်ဦးဆံပိုင် အစိုးရတစ်ရပ်အောက်မှာ အနုပညာနဲ့ သိပ္ပံပညာဟာ ဘယ်တော့မှ ဖွံ့ဖြိုးတိုးတက်နိုင်မှာ မဟုတ်ဘူး။ လွတ်လပ်မှုရယ်လို့မရှိတဲ့အရပ်မှာ ဉာဏ်ပါရမီဟာလည်း သေးသိမ်ညှိုးခြောက်သွားရတော့တယ်လို့ အကြီးအကျယ် အစွဲရှိခဲ့ကြတယ်။ နှစ်ပေါင်း တစ်ထောင်ခြောက်ရာ လုံးလုံးလည်း ဒီအတိုင်းပဲ ပြောခဲ့ကြတယ်။ အသံကို နားထောင်လိုက်ရင်တော့ ဟုတ်သလိုလိုပါပဲ။ ဒါပေမယ့် အချက်အလက်မှာတော့ မှားနေတယ်။ လယ်ယာစိုက်ပျိုးရေး၊ လက်မှုပညာထုတ်လုပ်မှု စသည်တို့လို

www.burmeseclassic.com





မကျွင်းနစ်အတတ်ပညာလို့ခေါ်တဲ့ စက်ယန္တယားဆိုင်ရာ အတတ်များဟာလည်း အစိုးရရဲ့ သဘာဝကြောင့် အမြတ်အစွန်းနဲ့ ပိုင်ဆိုင်မှု လုံခြုံမှုမရှိခဲ့ရင် ဘယ်မှာ ဖွံ့ဖြိုးနိုင်ပါ့မလဲ။ ဒါပေမယ့် သက်ဦးဆံပိုင်အစိုးရတစ်ရပ်ဟာ သင်္ချာပညာရှင်တစ်ယောက်၊ နက္ခတ္တဗေဒပညာရှင်တစ်ယောက်၊ ကဗျာဆရာတစ်ယောက်၊ ဒါမှမဟုတ် နှုတ်မှုအတတ်ပညာရှင်တစ်ယောက်ရဲ့ ဉာဏ်ပါရမီကို ဘာဖြစ်လို့ ညှိုးလျော်တိမ်ကောသွားအောင် လုပ်ရမှာလဲ။ ဖေဖေတော့ ဘယ်လိုနည်းနဲ့မှ စဉ်းစားလို့မရဘူး။ သက်ဦးဆံပိုင် အစိုးရဖြစ်တဲ့အတွက် ကဗျာဆရာ ရေးချင်တဲ့ အကြောင်းအရာ၊ နှုတ်မှုပညာရှင် ပြောချင်တဲ့ ဘာသာရပ်ကို ပြောရာမှာတော့ လွတ်လပ်မှုရှိကောင်းမှရှိလိမ့်မယ်။ ဒါပေမယ့် သူတို့ဉာဏ်ပါရမီထဲမှာ ဒီအကြောင်းကို မပြောရရင် တစ်ခြားအကြောင်းကို ပြောစရာတွေ အများကြီး အရှိသားကပဲ။ ဘာသာတရားကို ပုတ်ခတ်တဲ့ စာ၊ ညစ်ညမ်းတဲ့စာ၊ အစိုးရကို အကြည်ညိုပျက်စေတဲ့စာကို ရေးခွင့်မရတဲ့အတွက် သူဟာ ညှိုးခြောက်ပြီး ဘောင်ခတ်ခံထားရပါပြီလို့ စာရေးဆရာတစ်ယောက်ဟာ ဆင်ခြင်တုံတရားရှိရှိ ပြောနိုင်ပါ့မလား။ တကယ်လို့ စနစ်တကျ အုပ်ချုပ်ပြီး ဉာဏ်အမြော်အမြင်ရှိတယ်ဆိုရင် အလွတ်လပ်ဆုံးဆိုတဲ့ အစိုးရတွေ အောက်မှာလည်း ဒီအရာတွေကို ကန့်သတ်ချုပ်ချယ်ထားတာပဲ မဟုတ်လား။ ယခုလောလောဆယ်မှာတော့ ပြင်သစ်စာရေးဆရာတွေဟာ ဒီအချက်ကို ညည်းညူနေကြလေရဲ့။ ဒါပေမယ့် အဲဒီလို ညည်းတဲ့ စာရေးဆရာတွေဟာ ခပ်ညံ့ညံ့တွေ များပါတယ်။ သူတို့က ပြောသေးတယ်။ အင်္ဂလန်လိုတိုင်းပြည်မျိုးမှာ ပါရမီဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကျော်တွေကို မွေးထုတ်နိုင်မှာပေါ့၊ အဲဒီမှာရှိတဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ကြိုက်သလို* တွေးခေါ်နိုင်ပြီး သူတို့တွေးခေါ်သလို ရေးသားထုတ်ဝေခွင့်ရတာကိုးလို့ ပြောတတ်ကြတယ်။ မှန်ပါတယ်။ ဒါပေမယ့် ကိုယ်ကြိုက်သလို မတွေးရတဲ့နေရာရယ်လို့ ဘယ်မှာများ ရှိလို့လဲ။

တကယ်လို့ သူတို့ဟာ ဘာသာတရားကို ဖျက်ဆီးတဲ့စာ၊ စာရိတ္တကို ပျက်ပြားစေတဲ့စာ၊ စရဏကို ပျက်ပြားစေတဲ့စာ၊ နိုင်ငံရဲ့ငြိမ်ဝပ်ပိပြားရေးကို ပျက်ပြားစေမယ့်စာမျိုးကို ရေးလာခဲ့ရင် သက်ဦးဆံပိုင်အစိုးရတစ်ရပ်ဟာ အဲဒီစာမျိုးကို ထုတ်ဝေခွင့် ပေးချင်မှပေးမယ်။ ထုတ်ဝေတဲ့အတွက် အပြစ်ပေး ကောင်းပေးမယ်။ လွတ်လပ်တဲ့အစိုးရကတော့ ဒီလောက်အရေးယူချင်မှ ယူမယ်ပေါ့။ ဒါပေမယ့် ဒီလိုလုပ်လိုက်တာနဲ့ ကဗျာဆရာကြီးတစ်ယောက်ရဲ့ ဉာဏ်ပါရမီဟာ ညှိုးမှိန်ပျောက်ကွယ်သွားရောတဲ့လား။ တရားပလ္လင်၊ ဒါမှမဟုတ် ဘာရားခွင်က နှုတ်မှုပညာရှင်တစ်ယောက်ရဲ့ ဉာဏ်ပါရမီဟာ ပျက်စီးသွားရောတဲ့လား။ ဒီအချက်ကို ငြင်းဆိုပြီး စာပေ ဩဂတ်စတန်ခေတ်ကြီး ဆုထောင်ခဲ့ကြတဲ့ ပြင်သစ်စာရေးဆရာအကျော်အမော်တွေပြစ်တဲ့ ကော်နယ်လီ၊ ခရစင်း၊ မောလျဲ၊ ဘွိုင်လော၊ လာဖွန်တိန် စသူတို့ဟာ ၁၆ ဆက်မြောက် လူဝီဘုရင်ရဲ့ သက်ဦးဆံပိုင်စနစ်အောက်က ပေါ်ထွက်လာကြတာပဲ မဟုတ်ဘူးလား၊ ဩဂတ်စတန်ခေတ်ရဲ့ စာရေးဆရာအကျော်အမော်များဟာလည်း ရက်စက်ကြမ်းကြုတ်ပြီး ဆိုးယုတ်တဲ့ ရောမဘုရင်က ရောမလူထုတွေကို နှောင်ကြိုးတွေတည်းပြီး အုပ်ချုပ်တဲ့အချိန်မှာ ပေါ်ထွန်းလာခဲ့ကြတာ မဟုတ်ဘူးလား။ စာကောင်းပေကောင်း ပေါ်မပေါ်ဆိုတာ လွတ်လပ်တဲ့အစိုးရ ရှိမရှိဆိုတဲ့ အချက်ပေါ်မှာ မတည်ပါဘူး။ ဆယ်ဆက်မြောက် လီယိုရဲ့အားပေးမှုနဲ့ ပထမမြောက် ဖရန်စစ်ဘုရင်တို့ရဲ့ ကာကွယ်မှုအရ ပေါ်ထွန်းလာခဲ့ကြရတာပါ။ ဆယ်ဆက်မြောက် လီယိုကတော့ အာဏာရှင်ပုတ်ရဟန်းဖြစ်ပြီး ပထမမြောက် ဖရန်းစစ်ကတော့ သက်ဦးဆံပိုင်မင်းသား မဟုတ်လား။ ဖေဖေ ပြောလိုတာက အစွဲတစ်ခုကို ချွတ်ဖို့ကိစ္စကို ပြောနေတာပါ။ အစွဲတစ်ခုကို ချွတ်ဖို့ပြောရင်း သက်ဦးဆံပိုင် အစိုးရတစ်ရပ်ကို ချီးကျူးပြောနေတယ်လို့ မထင်လိုက်ပါနဲ့။ ဖေဖေဟာ သက်ဦးဆံပိုင်အုပ်ချုပ်မှုဆိုတာ လူ့လောကကြီးရဲ့ သဘာဝပိုင်ခွင့်တွေကို ပြောင်ပြောင်တင်းတင်း ရာဇဝတ်မကင်းစွာ ချိုးဖောက်မှုတစ်ရပ်လို့ မြင်တဲ့လူပါ။ အာဒီးယူး။

www.burmeseclassic.com

**စာ - ၄၅**

လန်ဒန်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ ၁၇၄၉ ခုနှစ်

လူလေး

ဘာလင်ကိုရောက်တော့ မင်းကိုဆီးကြိုကြတဲ့အကြောင်း ရေးလိုက်တဲ့ စာကို ဖတ်ရလို့ ဖေဖေဝမ်းသာတယ်။ ဒါပေမယ့် အဲဒီလို ဆီးကြိုကြတာကို မင်းဘယ်လိုတုံ့ပြန်တယ်ဆိုတဲ့အကြောင်း မင့်ဆရာမစ္စတာဟာတီ ရေးလိုက်တဲ့ စာကို ဖတ်လိုက်ရတော့ ဖေဖေပိုပြီးတောင် ဝမ်းသာရသေးတယ်။ သရဖူဆောင်းတဲ့ဘုရင်တွေကို မင်းတွေ့ရတဲ့အခါ သူတို့နဲ့ထိုက်တန်သော လေးစားမှု ကိုယ့်ကိုယ်ကို နှိမ့်ချမှုတို့နဲ့ မင်းဘယ်လိုဆက်ဆံပုံ၊ တစ်ချိန်တည်းမှာကိုယ်နဲ့ အဆင့်တူတွေကို ဆက်ဆံရတာမျိုးလောက်ပဲ ရက်စနိုးဖြစ်နေပုံ စသည်တို့ကို မင့်ဆရာက ရေးထားတယ်။ ဒီလိုလွယ်ကူစွာ အရှိအသေပြုတတ်ခြင်းဟာ ယဉ်ကျေးရည်မွန်တဲ့ အပြုအမူတစ်ရပ်ပဲ။ အလွန်အဆင့်အတန်းမြင့်တဲ့ ဉာဏ် အမြော်အမြင်နဲ့ လောကကြီးကို သိမြင်နံ့စပ်မှုတို့ကသာ ပေါ်ထွက်နိုင်တဲ့ အရည်အချင်းတွေဖြစ်တယ်။ မင်းအဖို့ပြောရရင် ဒီအရည်အချင်းဟာ ဒုတိယ အကြောင်းကြောင့်တော့ မဖြစ်နိုင်ဘူး။ ပထမအကြောင်းကြောင့်သာ ဖြစ်လိမ့် မယ်ဆိုတာ ထင်ရှားနေတယ်။

ခုဆိုရင် လအနည်းငယ်အတွင်းမှာ မင်းဟာ ဥရောပတိုက်က ထင်ရှားတဲ့ နန်းရင်ပြင်သုံးခုလောက်ကို ရောက်ခဲ့ဖူးပြီ။ ဘာလင်ရွှေနန်းရယ်၊ ဒရက်စဒင် ရွှေနန်းရယ်၊ ဗီယင်နာရွှေနန်းရယ်ပေါ့။ ဒါကြောင့် တူရင်ရွှေနန်းတော်ကို ရောက်ရင်လည်း ချောမောပြီး နောက်ဆုံး အချောသတ်အတွက် အသင့်ဖြစ်နေလိမ့် မယ်လို့ မျှော်လင့်တယ်။ အဲဒီမှာတော့ မင့်အတွက် အကောင်းဆုံးပညာရမှာပဲ။ တူရင်ရွှေနန်းတော်လောက် ရည်မွန်ယဉ်ကျေးပြီး နှစ်လိုဘွယ်ကောင်းတဲ့လူတွေ ရှိတဲ့ နန်းရင်ပြင်မျိုးဆိုလို့ ဖေဖေတစ်ခုမှ မတွေ့သေးဘူး။ ဒီတော့ ရည်မွန်



ယဉ်ကျေးခြင်း၊ ကိုယ်အမူအရာသိမ်မွေ့ခြင်း၊ အပြောအဆိုယဉ်ကျေးခြင်းနဲ့ (ပြောရမယ်ဆိုရင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ) ဝတ်စားဆင်ယင်ခြင်း ဟာ အရေးကြီးတယ်ဆိုတာကို အမှတ်ရပါ။ အဲဒီကိစ္စတွေအတွက် သတိထားသင့် သလောက်ထားပါ။

ကောင်းစွာအသုံးချတတ်တယ်ဆိုရင် နေ့တာဟာ အဲဒီအရာတွေအားလုံး အတွက် အလွန်ရှည်ပါတယ်။ နေ့တစ်ဝက်ကို မင်းရဲ့သင်ခန်းစာတွေနဲ့ လေ့ကျင့်ခန်းအတွက် အသုံးပြုရမယ်။ ဒီလိုအသုံးပြုနိုင်ရင် မင့်စိတ်နဲ့ မင်း ကိုယ်ခန္ဓာအတွက် လုံလောက်ပြီ။ ကျန်တဲ့နေ့တာကိုတော့ အပေါင်းအဖော် များနဲ့ နေရမယ်။ အဲဒီအချိန်ကတော့ မင်းရဲ့အပြုအမူများနဲ့ စရိုက်ကို တိုးတက်ပြည့်စုံအောင် လုပ်ဖို့ဖြစ်တယ်။ ဒီမိုစသင်းကို မနက်ပိုင်းမှာ ဝေဖန်တဲ့ သဘောနဲ့ဖတ်ပြီး သူ့ကို အခြားသူများထက် နားလည်အောင်ကြိုးစားပါ။ နွမ်းလွဲပိုင်းမှာ နန်းရင်ပြင်မှာရှိတဲ့ အခြားသောသူများထက် ယဉ်ကျေးစွာ နေပါ။ ညနေပိုင်းမှာ အခြားသူများထက် ရွှင်မြူးစွာ အပေါင်းအဖော်များနဲ့ နေထိုင်ပါ။ ဒီအချက်တွေကို နှစ်သက်တယ်ဆိုရင် အသုံးပြုပါ။ မင်းမှာ နည်းလမ်းတွေရှိတယ်။ အခွင့်အလမ်းတွေရှိတယ်။ ဒီနည်းလမ်းတွေ၊ အခွင့် အလမ်းတွေကို ကောင်းရာကောင်းကျိုးအတွက် အသုံးပြုပါ။ ဖေဖေ မင်းကို ဖြစ်စေချင်တဲ့အတိုင်း အောင်မြင်ပေါက်မြောက်တဲ့ ယောကျာ်းကောင်းတစ်ယောက် ဖြစ်အောင်လုပ်ပါ။ ဒီလိုဖြစ်အောင်လုပ်ဖို့ဟာ ဒီနှစ်နှစ်အတွင်းမှာ တည်နေ တယ်။ ဒီနှစ်နှစ်ဟာ အဆုံးအဖြတ်ပေးမယ့်နှစ်တွေပဲ။

ဒီစာနဲ့အတူ ဗင်းနစ်မြို့မှာရှိတဲ့ မွန်စီယာ ကာပယ်လိုဆီကို ထောက်ခံချက် တစ်စောင်ရေးပေးလိုက်တယ်။ ရောက်ရောက်ချင်းဒီစာကိုသွားပေးပြီး သူနဲ့သူ့ဇနီး ဆီကို ဖေဖေကနှုတ်ဆက်လိုက်ကြောင်း ပြောပြပါ။ သူတို့နှစ်ယောက်စလုံးကို ဖေဖေ လန်ဒန်မှာတွေ့ဖူးပြီပဲ။ မွန်စီယာကာပယ်ဟာ မင်းကိုယဉ်ကျေးစွာ ဆက်ဆံပြီး ဗင်းနစ်မှာ မင်းကိုအကူအညီပေးနိုင်ပါလိမ့်မယ်။ သူလဲမကြာခင်မှာပဲ ရောမမြို့ ကို သံအမတ်ကြီးအဖြစ် ပြောင်းရတော့မယ်။ စကားစပ်လို့ ပြောလိုက်ဦးမယ်။ မင်းရောက်လေရာရာမှာ ဗင်းနစ်မြို့သံအမတ်တွေဆီကို မကြာခဏသွားဖို့ ဖေဖေ အကြံပေးချင်တယ်။ ဗင်းနစ်သံအမတ်များဟာ သူတို့ရောက်ရှိရာနန်းတော်တွေ အကြောင်းကို အခြားသောသံအမတ်များထက် ပိုသိကြတယ်။ သူတို့အစိုးရ ဆီကို တိကျမှန်ကန်တဲ့သတင်းတွေ ရေးပို့ရလေတော့ သူတို့ဟာ [illegible] [illegible] အမြဲလေ့လာစူးစမ်းနေတတ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းလည်း ကာနီဗယ်ပျော်ပွဲကြီးပြီးအောင် ဗင်းနစ်မှာနေဦးပေါ့။ မင်းကို ကျူရင်ကို မြန်မြန်ရောက်စေချင်ပေမယ့် ဗင်းနစ်မြို့လို ထူးခြားတဲ့မြို့တစ်မြို့မှာ ကြည့်စရာရှိတာကိုလည်း ကုန်စင်အောင်ကြည့်ခဲ့စေချင်တယ်။ အထူးသဖြင့် ခုလို ကာနီဗယ်ပျော်ပွဲကျင်းပတဲ့ စည်ကားချိန်မျိုးမှာ ပိုနေစေချင်တယ်။ ပြီးတော့ နိုင်ငံခြားသားတွေကြည့်ခွင့်ရတဲ့ အစိုးရအဖွဲ့စည်းဝေးသဘင်တွေကိုလည်း အထူးသတိထားပြီး ကြည့်ခဲ့စေချင်တယ်။ ဆီးနိတ်လွှတ်တော်အစည်း အဝေးတို့ ဘာတို့ပေါ့။ ဗင်းနစ်အစိုးရရဲ့ ထူးခြားဆန်းကြယ်တဲ့ အုပ်ချုပ်ရေးယန္တယား ဖွဲ့စည်းပုံကိုလည်း လေ့လာစေချင်တယ်။ အဲဒီအကြောင်းရေးထားတဲ့ စာအုပ် တွေလည်း ရှိတယ်။ အဲဒီထဲမှာ အကောင်းဆုံးကတော့ Amelot de La Houssaye ဆိုတဲ့ကျမ်းပဲ။ အဲဒီကျမ်းကို ကြိုတင်ဖတ်ထားစေချင်တယ်။ အဲဒီ ကျမ်းကို ကြိုတင်ဖတ်ထားစေချင်တယ်။ အဲဒီစာအုပ်ကိုဖတ်ရင် ဗင်းနစ်မြို့ပြ နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ ယေဘုယျသဘောကို နားလည်ရုံမျှမက ဗင်းနစ်မြို့နဲ့ပတ်သက်တဲ့ သိသင့်သိထိုက်တာတွေကိုလည်း သိနိုင်တယ်။ ဗင်းနစ်က ပန်းပုတွေ၊ ပန်းချီကားတွေထဲမှာ မင်းလေ့လာသင့်တဲ့ ရှေးပန်းချီ ကျော်တွေ၊ ပန်းပုကျော်တွေရဲ့ လက်ရာတွေ အများကြီးကျန်သေးတယ်။

ဒီစာကိုရပြီးမကြာခင်မှာပဲ မင်းလည်း ဗီယင်နာကို ရောက်နေလိမ့်မယ် ထင်တယ်။ ဒီတော့ ဗီယင်နာကိုရောက်ချိန်မှာ နောက်တစ်စောင်မရေးတော့ဘူးလို့ အောက်မေ့တယ်။ နောက်တစ်စောင်ရေးရင်လည်း ဖေဖေဗင်းနစ်မြို့လိပ်စာနဲ့ပဲ ရေးလိုက်မယ်။ တူရင်ကိုမရောက်ခင်မှာ စာစောစောရောက်နိုင်တဲ့နေရာဟာ ဒီတစ်နေရာပဲရှိတယ်။ ဒါပေမယ့် မင်းကတော့ စာပို့တိုက်ရှိတဲ့နေရာတိုင်းက ဖေဖေ့ဆီကို စာထည့်နိုင်တယ်။ စာထည့်လိမ့်မယ်လို့လည်း ဖေဖေမျှော်လင့်တယ်။

တစ်ချို့စာတွေကိုတော့ ဖေဖေဗီယင်နာလိပ်စာနဲ့ ထည့်လိုက်မယ်။ ဒါမှမဟုတ်ရင်လည်း ဗင်းနစ်မှာရှိတဲ့ မင့်ဘဏ်တိုက်လိပ်စာနဲ့ ထည့်လိုက်မယ်။ မင်းရောက်တာနဲ့တစ်ပြိုင်နက် လူလွှတ်ယူပေတော့။ တစ်ချို့လူတွေလုပ်ကြသလို ကြည့်သင့်တဲ့နေရာတွေမကြည့်မိ၊ သိသင့်တာတွေကိုမသိဘဲ ပြန်လာမှာစိုးလို့ ဖေဖေဂရုတစိုက် စာရေးနေတာ။ အထူးသဖြင့် လူတွေနဲ့ ပြုမူဆက်ဆံပုံတွေကို မသိမှာစိုးတယ်။ မင်းကို ဘုရားသခင်စောင်မပါစေ။ ဖေဖေရဲ့ဆန္ဒတွေကိုလည်း ဖြည့်စွမ်းနိုင်ပါစေ။ မျှော်လင့်နေမယ်ဆိုတာ ဖေဖေပြောလိုက်ပါတယ်။ အာဒီးယူး။

**စာ - ၄၆**

လန်ဒန်၊ ဧပြီ ၁၉ ရက်၊ ၁၇၄၉ ခုနှစ်

သားလေး

မင်း ဗင်းနစ်မြို့မှာ ရောက်နေတုန်း ဒီစာကို ရလိမ့်မယ်ထင်တယ်။ ဗင်းနစ်မှာတော့ မတ်စကရိတ်လို့ခေါ်တဲ့ ရုပ်ဖျက်ကပွဲတွေ၊ ရစ်ဒေါ့တိုလို့ခေါ်တဲ့ မျက်နှာဖုံးတပ်နှစ်ယောက်တွဲကပွဲတွေ၊ အော်ပရာတွေနဲ့ ခြိမ့်ခြိမ့်ညံနေမှာပဲ။ ပျော်စရာကြီးပေါ့။ အဲဒီပွဲတွေဟာ ဣန္ဒြေသိက္ခာရှိတဲ့ ညချမ်းပျော်ပွဲရွှင်ပွဲတွေပါပဲ။ ဖေဖေမျှော်လင့်ထားသလို တစ်မနက်လုံး ပင်ပင်ပန်းပန်း၊ လေးလေးနက်နက် လေ့လာမှတ်သားပြီး နောက်အဲဒီလို ပျော်ရွှင်မှုမျိုးဟာ လျော်ကန်စွာ လိုက်လာရမှာ ပေါ့။ လောကမှာ လဒ္ဓိဖြစ်တဲ့ အနုပညာနဲ့ အလဒ္ဓိ အနုပညာရှိသလို လဒ္ဓိ ဖြစ်တဲ့ ပျော်ရွှင်မှုနဲ့ အလဒ္ဓိ ပျော်ရွှင်မှုဆိုတာရှိတယ်။ အမျိုးကောင်းသားတစ် ယောက်ကို ယုတ်ညံ့တဲ့အဖြစ်ကို ရောက်စေတဲ့ သက်မွေးမှုလုပ်ငန်းတွေရှိသလို အမျိုးကောင်းသားတစ်ယောက်ကို ယုတ်ညံ့တဲ့အဖြစ်ကို ရောက်စေတဲ့ ပျော်ရွှင်မှု တွေလည်းရှိတယ်။ ယစ်ထုပ်ကြီးလို အရက်ကို အလွန်အကျွံသောက်တာ၊ အစားကြူးတာ၊ ရထားပြိုင်မောင်းတာ၊ မြေခွေးလိုက်တာ၊ မြင်းပြိုင်တာ စသည်တို့ဟာ ဖေဖေ့အမြင်မှာတော့ ဖိနပ်ချုပ်သမားနဲ့ အပ်ချုပ်သမားတို့ရဲ့ ရှိသားပြီး ကြိုးစားတဲ့ သက်မွေးမှုလုပ်ငန်းထက် အတိုင်းအဆမရှိအောင် အောက်တန်းကျလွန်းလှတယ်လို့ ဖေဖေထင်တယ်။

အီတလီဆိုတာ ဂီတကိုချစ်တဲ့ တိုင်းပြည်၊ သီဆိုမှုအတတ်၊ စောင်းညှင်း အတတ် တီးမှုတ်ခြင်းအတတ်တို့ဟာ နေ့စဉ်နေ့တိုင်း ပြောနေကျအကြောင်း အရာတွေ ဖြစ်ရုံသာမက အထူးသတိထား လေ့လာလိုက်စားကြတဲ့ ပညာရပ်တွေ ဖြစ်တယ်။ ဒီတော့ ဖေဖေသတိပေးချင်တာက မင်းဟာ တို့အင်္ဂလိပ်တွေ အီတလီရောက်ရင် လုပ်လေ့ရှိသလို (အလဒ္ဓိဖြစ်တယ်လို့ ဖေဖေထင်တဲ့) အဲဒီ ပျော်ရွှင်မှုမျိုးတွေကို မလိုက်စားမိအောင်တော့ ကြိုတင်သတိပေးချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဂီတဟာ လဒ္ဓိဖြစ်တဲ့ အနုပညာလို့ အများက ယူဆကြသည့်တိုင် ဖေဖေ
အင်္ဂလိပ်တွေ အီတလီရောက်ရင် လိုက်စားကြတဲ့ အတိုင်းအတာကတော့
များလွန်းတယ်လို့ ဖေဖေထင်တယ်။ မင်းဟာ ဂီတကို ချစ်ရင် နားထောင်ပါ
အော်ပရာတွေ၊ ပဒေသာကပွဲတွေကို သွားပါ။ စောင်းသမားကို သတ်မှတ်
အခကြေးငွေပေးပြီး အတီးခိုင်းပါ။ ဒါပေမယ့် ကိုယ်တိုင်လေမှုတ်ကိရိယာ
ဝင်မှုတ်တာမျိုး၊ စောင်းကိုဝင်တီးတာမျိုးတော့ မလုပ်ပါလေနဲ့။ ဒီလိုလုပ်ခြင်း
ဟာ အမျိုးကောင်းသားတစ်ယောက်ကို အပေါ့အလွှင့်၊ လူကဲ့ရဲ့ရယ်စရာအဖြစ်
ကို ရောက်စေတယ်။ မကောင်းတဲ့ အပေါင်းအသင်းနဲ့တွေ့တတ်တယ်
ဒီထက်အသုံးဝင်တဲ့အလုပ်တွေအတွက် ကုန်ရမယ့်အချိန်တွေကို ဖြုန်းတီး
ရောက်တယ်။ ပဒေသာဇာတ်ခုံပေါ်တက်၊ စောင်းကြီးကိုပိုက်၊ ဒါမှမဟုတ်
လေမှုတ်တူရိယာကြီးကို မှုတ်နေတဲ့ မင်းကို မြင်ရတာလောက် ဖေဖေ့
စိတ်ဆင်းရဲဖြစ်စေမယ့်အရာမျိုးတော့ ရှိမှာမဟုတ်ဘူးလို့ ထင်တယ်။

ဖေဖေလည်း မင်းနဲ့ပတ်သက်လို့ မြို့စား ဂျပါရွှန်၊ မြို့စား လာစကာရီ
နဲ့ တော်တော်များများ ပြောပြီးပြီ။ မြို့စား ဂျပါရွှန်းကဆိုရင် မင်းနဲ့ပတ်သက်
တော်တော့်ကို အကောင်းပြောတယ်။ မင်းမှာ ဟန်အမူအရာကလေးကလွဲ
တစ်ခြားဘာမှ မလိုတော့ဘူးလို့ ကြားရတဲ့အတွက် ဖေဖေဝမ်းသာတယ်
တကယ်တော့ မြို့စားပါရွှန်းဟာ အကဲဖြတ်ကောင်းသူလို့ ဖေဖေထင်တယ်
ဒါပေမယ့် မင်းရှေ့လျှောက်တွေ့ရမယ့် အပေါင်းအသင်းတွေထဲကို ရောက်သွား
ရင် အဲဒီဟန်အမူအရာကို မင်းရသွားမှာပါပဲ။ အဲ တစ်ခုတော့ ဖေဖေပြောလို
မယ်။ အဲဒီအရာကို မရခဲ့ရင်တော့ ကျန်အရည်အချင်းတွေဟာ သိပ်ပြီး
အသုံးဝင်မယ်မဟုတ်ပေဘူး။ ဟန်အမူအရာလို့ဆိုရာမှာ သာမန်ယဉ်ယဉ်
ကျေးကျေးကလေး နေတတ်ထိုင်တတ်တာကို ပြောတာမဟုတ်ဘူး။ ဒါလော
ကတော့ လူတိုင်းရှိကြမှာပဲ။ မရှိရင် အသိုင်းအဝိုင်းက ကန်ထုတ်ပစ်လိုက်
ပေါ့။ ဖေဖေပြောလိုတဲ့ ဟန်အမူအရာဆိုတာက နှစ်သက်စဖွယ်သော၊ အ
အခြည်ပြသော၊ ရွှင်လန်းကြည်လင်သော အပြုအမူကိုဆိုလိုတာဖြစ်တယ်
သူမတူ ထူးခြားတဲ့ ယဉ်ကျေးသိမ်မွေ့မှု၊ တစ်ဖက်သားကို ဆွဲဆောင်သိမ်းသွင်း
နိုင်တဲ့ အပြုအမူ၊ အပြောအဆိုကို ဆိုလိုတာဖြစ်တယ်။ မင်းလုပ်သ
မင်းပြောသမျှတိုင်းမှာ အများထက်သာလွန်ပြီး ကျက်သရေရှိစွာ ပြုမှုတာ
ဆိုလိုတာဖြစ်တယ်။ ဒီအရည်အချင်းကသာလျှင် မင်းရဲ့အခြားသော အရည်
အချင်းများကို အပြည့်အဝအရောင်တောက်စေပြီး အပြည့်အဝတန်ဖိုးရှိစေ



တယ်။ ဒါ့ကြောင့်မို့ မင်းအနေနဲ့ ခုလောလောဆယ်အာရုံစိုက်သင့်တဲ့အရာဟာ
ဒီအရည်အချင်းကို မွေးမြူရေးပဲလို့ ဖေဖေပြောချင်တယ်။ မင်းသွားလေရာရာမှာ
ယဉ်ကျေးမှုရှိတဲ့ စံနမူနာမှန်သမျှကို အသေးစိတ်လေ့လာပြီး မင်းကိုယ်မင်း
ပြင်ဆောက်ပါ။ အခြားသူများမှာ မင်းမြင်တဲ့ နှစ်သက်စရာများကို မင်းလိုက်နာ
ကျင့်သုံးကြည့်ရင် မင်းကိုလည်း အခြားသူများက နှစ်သက်ပါလိမ့်မယ်။ ဒီ
အကြောင်းတွေကို ဖေဖေမကြာခဏ ရေးခဲ့ဖူးပြီ။ ခုအချိန်ဟာ မင်းအဖို့
လက်တွေ့လုပ်ဖို့အချိန်ပဲ။

မစ္စတာဟာတီကိုလည်း ဖေဖေကနှုတ်ဆက်ကြောင်း ပြောပြပါ။ ၁၆ ရက်
နေ့စွဲနဲ့ ဗီယင်နာက ပေးလိုက်တဲ့စာကို ရရှိကြောင်း၊ ဒါပေမယ့် သူ့အတွက်
အနှောင့်အယှက်မဖြစ်စေလိုတဲ့အတွက် နောက်စာတစ်စောင်ရမှပဲ ပြန်တော့မယ့်
အကြောင်းကိုလည်း ပြောပြပါ။ ကျူရင်ကအပြန်မှာ သူ့ဆီက ဘာပြောမလဲ
ဆိုတာကို ဖေဖေကြားချင်တယ်။ ကျူရင်မှာနေရတဲ့ ရက်တွေဟာ မင့်အဖို့
အသုံးအဖြတ်ပေးမယ့်ရက်တွေဖြစ်တယ်။ အကယ်ဒမီကျောင်းတော်ကြီးက ပေး
လိုက်တဲ့ သင်ခန်းစာတွေ၊ နန်းရင်ပြင်များမှာ တွေ့ခဲ့ရတဲ့ အပြုအမူ၊ အနေ
အထိုင်တွေကို အတုခိုးလေ့လာပါ။ တစ်ချိန်တည်းမှာ ကိုယ့်ရဲ့ကျောင်းသင်ခန်း
စာတွေကိုလည်း မပြတ်ဆည်းပူးပါ။ ကျူရင်မှာရောက်နေတုန်း မင်းဟာ
ပန်းနာရိသော်မျှ အကျိုးမဲ့ အချိန်ကုန် ဖြုန်းတီးခြင်းမပြုဘူး၊ မပြုလည်း မပြုလို
ဘူးလို့ ဖေဖေယုံတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျူရင်မှာရှိတဲ့ ခြောက်လလောက်
ဟာ တခြားဘယ်နေရာမှာမှ လေ့လာစရာကောင်းတဲ့ အချိန်မရှိလို့ပဲ။

ရောမမှာ မင်းဘယ်လိုနေခဲ့ထိုင်ခဲ့သလဲဆိုတာကိုတော့ နောက်များမှပဲ
ပြောကြတာပေါ့။ ခုလောလောဆယ်မှာ ဖေဖေပြောချင်တာကတော့ မင်းရောက်
နေရာတိုင်းမှာ အဲဒီနေရာဒေသရဲ့ စိတ်ဓာတ်ကိုရအောင်ယူပါဆိုတာပဲ။
ရောက်သွားတဲ့နေရာတွေဟာ ရှေးဟောင်းဂုဏ်သတင်းနဲ့ ရှေးဟောင်းပစ္စည်း
အကြွင်းအကျန်များကြောင့်သာ ထင်ရှားတဲ့နေရာများ ဖြစ်လေတော့ မင်းလက်နဲ့
ပိုင်းနှောက်ထဲမှာ လိုအပ်တဲ့ ဂန္ထဝင်ကျမ်းစာပေတို့ကို ဆောင်သွားပါလေ။
ခေတ်ပထဝီဝင်နဲ့ အဲဒီဒေသတွေအကြောင်းရေးတဲ့ ဆောင်းပါးတွေကို
ဂရုတစိုက်သစ်နဲ့ နှိုင်းယှဉ်ကြည့်ပါလေ။ မှတ်သားစရာရှိတာတွေကို မှတ်စုနဲ့
မှတ်ဖို့ မမေ့ပါနဲ့။ ရောမဟာ ဒီလိုလုပ်စရာတွေကို မင်းကိုအများကြီးပေး
လိမ့်မယ်။ အာဒီးယူး။

www.burmeseclassic.com

www.burmeseclassic.com

## စာ - ၄၇

လန်ဒန်၊ မေ ၁၅ ရက်၊ ၁၇၄၉ ခုနှစ်

လူလေး

ကျူရင်ကိုရောက်နေချိန်မှာ ဒီစာကိုရလိမ့်မယ်လို့ ဖေဖေထင်တယ်။ ဒီအချိန်လောက်ဆိုရင် ဗင်းနစ်က ကာနီဗယ်ပျော်ပွဲရွှင်ပွဲတွေကို ရောက်ခဲ့ပြီး ကျူရင်မှာ လေးနက်တဲ့သင်ခန်းစာတွေ၊ လိုအပ်တဲ့ လေ့ကျင့်ခန်းတွေကို လုပ်နေတဲ့အချိန်မှာပေါ့။ တျူရင်မှာနေတဲ့အချိန်ဟာ မင့်ရဲ့ပညာသင်ကြားရေးမှာ အသုံးအဝင်ဆုံးအချိန်၊ ပြင်ဆင်မွမ်းမံဖို့ အကောင်းဆုံးအချိန်ပဲလို့ ဖေဖေ ယူဆချင်တယ်။ ဒါပေမယ့် မင့်အတွက် အစိုးရိမ်ရဆုံးအချိန်ဟာလည်း ဒီအချိန်ပဲဆိုတာကိုတော့ ဖေဖေပြောရလိမ့်မယ်။ မင်းမှာအန္တရာယ်တစ်စုံတစ်ရာ တွေ့ရင် ဖေဖေ့အနေနဲ့ မစိုးရိမ်ဘဲနေနိုင်ပါ့မလား။ ခုဆိုရင် ကျူရင်မှာ မင့်အဖို့ အန္တရာယ်တွေ ဝိုင်းနေပြီလေ။ မစ္စတာဟာတီဟာ အဲဒီအန္တရာယ်တွေက မင်းကိုတတ်နိုင်သမျှ ကာကွယ်ပေးမှာပါပဲ။ ဒါပေမယ့် အဓိကတော့ မင်းရဲ့ သတိနဲ့ ပိုင်းဖြတ်မှုပဲ။ မင်းရဲ့သတိနဲ့ပိုင်းဖြတ်မှုကသာလျှင် မင်းကို အကာအကွယ် ပေးနိုင်လိမ့်မယ်။ တျူရင်ကအကယ်ဒမီမှာ အင်္ဂလိပ်ကျောင်းသားတွေ အများကြီး ရောက်နေကြတယ်လို့ ဖေဖေကြားရတယ်။ အဲ သူတို့တစ်တွေဟာ မင်းအတွက် အန္တရာယ်တွေပဲ။ သူတို့တစ်တွေ ဘယ်သူဘယ်ဝါတွေလဲဆိုတာကို ဖေဖေ မသိပါဘူး။ ဒါပေမယ့် ဖေဖေတို့ အင်္ဂလိပ်လူငယ်ကလေးတွေဟာ နိုင်ငံခြား ကိုရောက်ရင် အနေအထိုင် မဆင်ခြင်ကြတာ၊ အပြုအမူမယဉ်ကျေးကြတာ အတွေးအမြင် မတော်မတည့်ဖြစ်ကြတာတွေကို ဖေဖေသိထားတယ်လေ။ အထူးသဖြင့် စုမိရင်ပိုဆိုးတယ်။ မကောင်းတဲ့နမူနာကို တွေ့လိုက်ရတယ်ဆိုရင်း တော်တော်အန္တရာယ်များနေပြီ။ ဒါပေမယ့် အဲဒီနမူနာကိုပြတဲ့သူတွေကတော့ ဒီလောက်နဲ့တင် မရပ်ကြသေးဘူး။ တစ်ဖက်သားကို မတော်မလျော် သင်ပြတာ မျိုး၊ သူတို့နဲ့အတူလုပ်ကြဖို့ ဖိတ်ခေါ်ကြတာမျိုးတွေ လုပ်တတ်ကြသေးတယ်။



သူတို့ခေါ်လို့ မလာရင် လှောင်ပြောင်သရော်ကြတော့တာပဲ။ မင်းလိုအတွေ့အကြုံ နည်း၊ ငယ်လည်းငယ်သေးတဲ့လူငယ်တွေအဖို့တော့ ဒီလိုအလှောင်ခံရတာ ထက် သူတို့နဲ့အတူ မကောင်းမှုလုပ်လိုက်ချင်တာပေါ့။ ဒီလိုအလှောင်ခံရတာ မျိုးကိုတော့ အဖြစ်မခံချင်ဘူးပေါ့။ ဒီတော့ မင်းကိုပစ်ခတ်နေမယ့် အဲဒီအမြောက် တွေကို သတိထားပါ။ မင်းကို နိုင်ငံခြားကို လွှတ်လိုက်တာဟာ ကိုယ့်တိုင်းပြည်က လူနဲ့ စကားပြောဖို့လွှတ်လိုက်တာမဟုတ်ဘူး။ သူတို့နဲ့သာနေရင် မင်းမှာ အသိပညာလည်း တိုးမှာမဟုတ်ဘူး။ ဘာသာစကားလည်း တတ်ကျွမ်းမှာ မဟုတ်ဘူး။ အပြုအမူအပြောအဆိုလည်း တိုးတက်မှာမဟုတ်ဘူး။ ဒီတော့ အဲဒီလိုလူမျိုးတွေနဲ့ အဆက်အသွယ် (သူတို့အပြောနဲ့ပြောရင် အပေါင်းအသင်း) လုပ်စေချင်ဘူး။ အမှန်ကတော့ အဲဒီအပေါင်းအသင်းမျိုးဟာ ကောင်းတဲ့စာရိတ္တ နဲ့ ကောင်းတဲ့အနေအထိုင်ကို ဖျက်ဆီးမယ့် မကောင်းတဲ့အသိုင်းအဝန်း၊ မကောင်းတဲ့ ပေါင်းဖော်မှုသာ ဖြစ်တယ်။

လူငယ်ဆိုတာ ကိုယ့်ဆီကိုတောင်းခံလာရင် ငြင်းပယ်ဖို့ ဝန်လေးတတ် တဲ့သဘောရှိတတ်ကြတယ်။ ကိုယ့်ဆီလာတောင်းခံတာကို ငြင်းပယ်ရမှာ ရှက်တတ်ကြတယ်။ ပြီးတော့ သူရောက်နေတဲ့ အသိုင်းအဝိုင်း သဘောကျအောင် လုပ်ချင်တဲ့ဆန္ဒ၊ ထင်ပေါ်ချင်တဲ့ဆန္ဒ ရှိတတ်ကြတယ်။ ဒီလိုလုပ်တာတွေဟာ ကောင်းတဲ့အသိုင်းအဝိုင်းမှာတော့ အကောင်းဆုံးအကျိုးတရားရလာဒ်တွေကို ဖြစ်စေနိုင်ပါရဲ့။ ဒါပေမယ့် ဆိုးတဲ့အသိုင်းအဝိုင်းမှာတော့ အဆိုးဆုံးရလာဒ် တွေကို ပေါ်ပေါက်စေမှာအမှန်ပဲ။ လူတွေမှာ သူတို့ကိုယ်ပိုင် မကောင်းမှုရယ်လို့ သာမရှိခဲ့ရင် ခုလိုမကောင်းမှုတွေများတဲ့သူရယ်လို့ သိပ်ရှိမှာမဟုတ်ဘူး။ နည်းနည်း ရှိမှာပဲ။ ဖေဖေ့ဆန္ဒကိုပြောရရင် တစ်ခြားသူတွေရဲ့အဝတ်ဟောင်းကို ဝတ်လိုက် ချင်သေးတယ်။ တစ်ခြားသူတွေရဲ့ မကောင်းမှုတွေကိုတော့ မတုပချင်ဘူး။ သူတို့ကိုသာ တုပမိရင် တစ်သက်လုံး ဖေဖေအပေါ်မှာ သူတို့လွှမ်းမိုးနေတော့ မှာပေါ့။ မင်းအနေနဲ့ ဘယ်သူ့ကိုမှ အတုခိုးမယ်လို့တော့ ဖေဖေမထင်ဘူး။ ဘယ်လိုဒုစရိုက်မျိုးမှလည်း ရှိမယ်မထင်ဘူး။ ရှိခဲ့တယ်ဆိုရင်လည်း သူများကို တုလို့ရတဲ့ ဒုစရိုက်မျိုးမဟုတ်ဘဲ မင့်ကိုယ်ပိုင် ဒုစရိုက်ပဲဖြစ်လိမ့်မယ်လို့ထင် တယ်။ မကောင်းမှု ဒုစရိုက်များစွာတို့အနက် သူများဆီက တုပလိုက်တဲ့ မကောင်းမှုမျိုးကတော့ ရှက်စရာအကောင်းဆုံး၊ ခွင့်မလွှတ်နိုင်စရာအကောင်း ဆုံးပဲ။ ကောင်းမှုမှာဖြစ်စေ၊ မကောင်းမှုမှာဖြစ်စေ ဒီဂရီအတိုင်းအတာရှိတယ်။ အဲဒီတို့လူမျိုးဟာ ယေဘုယျအားဖြင့် မကောင်းမှုအတိုင်းအတာ အမြင့်ဆုံးပဲလို့

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ ဒီလိုပြောမှ ဖေဖေတရားမယ်လို့ထင်တယ်။ ဖေဖေတို့ အင်္ဂလိပ်လူမျိုးရဲ့ ယောကျ်ားပီသတဲ့ ရဲရင့်မှုဆိုတာဘာလဲ။ မကောင်းတဲ့အိမ်တွေကို သွားပြီး ရှက်စရာကောင်းလောက်အောင် အပျော်ကျူးတာကိုခေါ်တာ။ ဒီလိုအပျော်ကျူးတဲ့အတွက် ကျန်းမာရေးရောအကျင့်စာရိတ္တရော ဆုံးရှုံးရတယ်။ အင်္ဂလိပ်လူမျိုးရဲ့ စားပွဲသောက်ပွဲ ပျော်ရွှင်မှုဟာ တိရစ္ဆာန်လို အရက်မူးတာ၊ အောက်တန်းကျကျ ရန်ဖြစ်တာ၊ ပြတင်းပေါက်မှန်တွေကွဲတာ၊ (သူတို့နဲ့ထိုက်တန်စွာ) အရိုးကျိုးတာမှာ အဆုံးသတ်သွားတတ်တယ်။ သူတို့တစ်တွေဟာ ပျော်ရွှင်မှုအတွက်မဟုတ်ဘဲ မကောင်းမှုအတွက် လောင်းကစားကြတယ်။ ဒီတော့ အလွန်အကျွံဖြစ်ကုန်တော့တာပေါ့။ ဒီလိုနဲ့ ကိုယ့်အပေါင်းအသင်းကို ဖျက်ဆီးကြတယ်။ ဒါမှမဟုတ်ရင်လည်း အပေါင်းအသင်းရဲ့ ဖျက်ဆီးတာကို ခံကြရတော့တယ်။ နိုင်ငံခြားမှာ ဒီလိုအပေါင်းအသင်းတွေနဲ့တွေ့ပြီး အိမ်ကိုပြန်လာကြတယ်။ ဒီတော့ ဘယ်လိုလူတွေ ဖြစ်ကုန်သလဲ။ နေ့စဉ် မြင်တွေ့နေကျ ဘာမှ တိုးတက်မှုမရှိတဲ့လူ၊ အလဇ္ဇီမှာ ပျော်မွေ့တဲ့လူ၊ လူကြီးလူကောင်းမဆန်တဲ့လူတွေ ဖြစ်ကုန်တော့တာပေါ့။ တစ်နည်းပြောရရင် ကောင်းတဲ့ အသိုက်အဝန်းမှာ မတွေ့ရဘဲ လမ်းမပေါ်မှာ၊ ပန်းခြံထဲမှာ တွေ့ရတတ်တဲ့လူမျိုးတွေ ဖြစ်ကုန်တာပေါ့။ သူတို့မှာ ကိုယ့်ကိုကိုယ် ပွဲလယ်တင့်အောင်လုပ်ဖို့ အမူအရာ အလေ့အကျင့်လည်းမရှိဘူး။ ဗိုလ်ပုံပရိသတ်က လက်ခံကြိုဆိုမယ့် အရည်အချင်းမျိုးလည်း မရှိဘူး။ အပြုအမူက မြင်းထိန်းသမားလို အစေတော်လိုပုံပေါက်နေသလို အဝတ်အစားကလည်း ကပျက်ကညစ်ဖြစ်လာတော့တာပေါ့။ လမ်းထဲမှာ မင်းတွေ့ဘူးမလား မသိဘူး။ သူတို့ဝတ်စားတာက ညစ်ပတ်နေတဲ့ ပြာမွဲမွဲ ဖရော့ကုတ်နဲ့။ လက်ထဲမှာ ဝက်သစ်ချသားတုတ်ကို ကိုင်လို့။ ဆံပင်ကလည်း ကျကျနနဖြီးမထားဘဲ ဆီတွေနဲ့စေးထန်းလို့။ အဆမတန်ကြီးတဲ့ ဦးထုပ်ကြီးအောက်မှာ ငှက်သိုက်လို ပွယောင်းလို့။ ဒီလိုနဲ့ ခရီးသွားရင်း အကျင့်ပျက်လာရာကနေ ပျော်စရာနေရာတွေမှာ အနှောင့်အယှက်ပေးသူတွေ ဖြစ်လာခဲ့ကြတယ်။ သူတို့ဟာ သူတို့သောက်စားရာ ဘုံဆိုင်ပြတင်းတွေကို ရိုက်ခွဲကြတယ်။ အများအားဖြင့်တော့ ဆိုင်ရှင်တွေကို ရိုက်ခွဲတာများတယ်။ ချက်ချင်းဆိုသလိုပဲ သူတို့မကြာခဏသွားရောက်လေ့ရှိတဲ့ မကောင်းတဲ့အိမ်များကို ထောက်ပံ့သူ၊ ခြောက်လှန့်သူနဲ့ အဲဒီအိမ်တွေရဲ့ သားကောင်ဖြစ်ရတော့တာပဲ။ ဒီသနားစရာကောင်းတဲ့လမ်းမှားရောက်သူများဟာ သူတို့ကိုယ်သူတို့ တောက်ပတယ်လို့ထင်တယ်။ အတော်အသင့် တောက်ပတယ်လို့လည်း



ဆိုရမယ်။ ဒါပေမယ့် သူတို့တောက်ပပုံက အမှောင်ထဲမှာ အညစ်အကြေးပုံကြီး တောက်ပတာနဲ့ တူနေတယ်။

ဖေဖေဟာ အဖိုးကြီးများလို ဘာသာရေးတို့၊ နီတိတို့ကို ဟောပြောဆုံးမနေတာ မဟုတ်ဘူး။ မင်းဟာ အဲဒီလို ဟောပြောဆုံးမနေရမယ့်သူလည်း မဟုတ်ဘူးလို့ ဖေဖေယူဆတယ်။ ခု ဖေဖေပြောနေတာက မိတ်ဆွေတစ်ယောက်အနေနဲ့၊ လောကအတွေ့အကြုံရှိတဲ့လူတစ်ယောက်အနေနဲ့ ပြောနေတာ။ အသက်ကြီးတဲ့လူတစ်ယောက်က အသက်ငယ်တဲ့လူတစ်ယောက်ကို ပြောနေတာမျိုး မဟုတ်ဘူး။ ဆင်ခြင်ဉာဏ်တရားက ညွှန်ပြပြီး သိက္ခာကတောင်းဆိုတဲ့ ပျော်ရွှင်မှုမျိုးကို ရှာတတ်ဖို့ပြောနေတာ။ ဒါ့ကြောင့်မို့ စကားအရပြောရရင် အထက်မှာပြောခဲ့တဲ့ မကောင်းမှုတွေဟာ သူတို့ကိုယ်တိုင်က ဘာမှအပြစ်ပြောစရာ မရှိဘူး။ လူကလုပ်မှသာ အဲဒီအရာတွေဟာလုပ်တဲ့သူကို အောက်တန်းကျစေတာ။ ညစ်နွမ်းစေတာ။ နစ်မွန်းစေတာ။ လုပ်တဲ့သူရဲ့ အကျင့်စရိုက်ကို ယုတ်ညံ့စေခြင်းအားဖြင့် ဒီမကောင်းမှုဟာ လုပ်တဲ့သူရဲ့ ကြီးပွားတိုးတက်ရေးကို တားဆီးတယ်။ သူတို့ကို စိတ်ထားရော အပြုအမူပါ ညံ့ဖျင်းစေတယ်။ ဒီအကျင့်တွေဟာ အထက်တန်းကျတဲ့ဘဝမှာ ကြီးကျယ်တဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ရှိတဲ့လူတစ်ယောက်နဲ့ လားလားမျှမလင့်လျော်တဲ့အကျင့်တွေပဲ။

ခုဖေဖေပြောတဲ့ စကားတွေနဲ့ မင်းရဲ့ကိုယ်ပိုင်ဉာဏ်ကိုသုံးပြီး နှိုင်းချိန်ကြည့်စားခဲ့ရင် စောစောကပြောခဲ့တဲ့ ကမကောင်းတဲ့ လူငယ်များရဲ့ ဖြားယောင်းမှု ခေါ်တော်ခေါ်မှု၊ မကောင်းတဲ့ ဒုစရိုက်မှာ ပျော်မွေ့ဖို့ ဆုံးမဩဝါဒ (အဲဒါတွေကို သွေးဆောင်မှုလို့တော့ ဖေဖေမပြောပါဘူး။) တို့ကနေပြီး မင်းကိုယ်မင်း ကာကွယ်စောင့်ရှောက်နိုင်လိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။ တကယ်လို့ သူတို့က မင်းကို အဲဒီအကြံအစည်တွေထဲမှာ ပါဝင်ဖို့ ပြောလာရင်လည်း ယဉ်ကျေးသော်လည်း တည်ငြိမ်တဲ့ ငြင်းဆန်မှုလောက်ကိုပဲ လုပ်ပါ။ ဒီလောက် ရှင်းလင်းတဲ့ အချက်တွေအပေါ်မှာ သူတို့နဲ့သွားပြီး ငြင်းလားခုံလား လုပ်နေပါနဲ့။ မင်းကသိပ်ငယ်တော့ သူတို့ကို ပြောင်းလဲသွားအောင်လုပ်နိုင်မှာ မဟုတ်ဘူး။ အလားတူပဲ မင်းက လိမ္မာတော့ သူတို့ကလည်း မင်းကို ပြောင်းလဲအောင် မလုပ်နိုင်ဘူးလို့ ဖေဖေယုံကြည်တယ်။ ကောင်းတဲ့အသိုင်းအဝိုင်းက မင်းကို ဆီးကြိုကြစေချင်ရင် သူတို့ကို ကိုယ်ပေါင်းစိတ်ပါလုပ်ခဲ့ကြောဘဲ ကိုယ်ခွာစိတ်ခွာပေါင်းရလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘာပဲလောက်ပဲ အပြင်ပန်းအားဖြင့် ကျန်းမာသယောင်ရှိစေကာမှု ပလိပ်ကပ်ရောဂါဖြစ်နေတဲ့

www.burmeseclassic.com



နေရာကလာသူတစ်ယောက်ကိုကြိုဆိုဖို့ ဝန်လေးတတ်ကြလို့ပဲ။ ပြင်သစ်နဲ့ အင်္ဂလိပ်ဘာသာမှာ စကားတစ်ချို့ရှိတယ်။ အဲဒီနိုင်ငံနှစ်ခုနဲ့ အခြားနိုင်ငံများမှာလည်း များစွာသောလူငယ်များကို ပျက်စီးခြင်းကို ရောက်စေခဲ့တဲ့ စကားတစ်ချို့ ပြင်သစ်ဘာသာနဲ့ အင်္ဂလိပ်ဘာသာမှာရှိတယ်။ အဲဒီစကားတွေကတော့ **ချစ်စရာကောင်းတဲ့လူဆိုး** ဆိုတဲ့စကားနဲ့ **အပျော်အပါးကြိုက်တဲ့လူ** ဆိုတဲ့စကားတွေပဲ။ ဒီစကားတွေရဲ့ အဓိပ္ပာယ်ဟာ သောက်စားရမ်းကားပြီး အကျင့်ပျက်နေတာကို ပြောတာတော့မဟုတ်ဘူး။ ပျင်းရိထုံထိုင်းတာ၊ အေးစက်စက်နိုင်တာ၊ တစ်ခါတစ်ရံမှာ အပေါင်းအသင်းနဲ့တွေ့လို့ လူငယ်ဘာဝ ပျော်ကြပါးကြတာလောက်ကို ပြောတာ။ လူငယ်တစ်ယောက်ဟာ ခေတ်ဆန်တဲ့ မိန်းမတစ်ယောက်နဲ့ မမျှော်လင့်ဘဲ မိတ်ဆွေဖြစ်သွားကြတယ်။ အပေါင်းအသင်းနဲ့တွေ့လို့ ပျော်လို့ ဝမ်းသာလို့ ဝိုင်ကလေးတစ်ခွက်နှစ်ခွက်သောက်တယ်။ ဒါမှမဟုတ်ရင်လည်း ဘယ်သူ့ကိုမှ မထိခိုက်စေဘဲ ပျော်ကြပါးကြတယ်။ ဒါတွေဟာ မိမိရဲ့ အကျင့်စရိုက်ကို အလေးထားတဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ လူတစ်ယောက်အနေနဲ့ အများဆုံးလုပ်တဲ့ ဘဝပျော်ရွှင်မှုကလေးတွေပဲ။ သူများထက်သာအောင် ထူးအောင်၊ ကျော်ကြားအောင်၊ ရည်ရွယ်ချက်နဲ့ အဲဒီထက် လွန်သွားရင်တော့ လိုရာကိုမရောက်ဘဲ နာမည်ပျက်တဲ့အဖြစ်ကို ရောက်သွားလိမ့်မယ်။ ဒီလိုမှ မဟုတ်ရင်လည်း ရှက်ချအထင်သေးခံရလိမ့်မယ်။

ကျူရှင်မှာ မင်းဘယ်လောက်ကြာကြာနေမလဲ (မစ္စတာဟာတီက မပြောသည့်တိုင်) ဆိုတဲ့ အချက်ကိုကြည့်လိုက်ရုံနဲ့ မင်း အဲဒီမှာ ဘယ်လိုနေတယ်ထိုင်တယ်ဆိုတာ ဖေဖေခန့်မှန်းလို့ရနိုင်တယ်။ မင့်ကိုယ်ပေါ်မှာ ကူးစက်လာတဲ့ရောဂါရဲ့ အရိပ်အရောင်ကလေးကို မြင်လိုက်တယ်ဆိုရင် အဲဒီကနေပြီး မင့်ကို ပြန်ခေါ်လာဖို့ မစ္စတာဟာတီကို ဖေဖေပြောပြီးပြီ။ မစ္စတာဟာတီဟာ အလုပ်ကို အလွန်ရှိသေ လေးစားသူဖြစ်ရုံကဘူး၊ မင်းနဲ့ ဖေဖေတို့ရဲ့ မိတ်ကောင်းဆွေကောင်းကြီးဖြစ်လေတော့ ဖေဖေပြောထားတဲ့အတိုင်း တသွေမတိမ်းလုပ်မယ်ဆိုတာ ဖေဖေယုံကြည်ပြီးသား။ ပြီးတော့လည်း အကယ်ဒမီကျောင်းတော်ကြီးကို အုပ်ချုပ်သူဖြစ်တဲ့ ကွန်တီဆားလ်မိုးကလည်း မင်းနဲ့ အပြုအမူ၊ အနေအထိုင်နဲ့ ပတ်သက်လို့ ဖေဖေ့ဆီကို အမြဲသတင်းပေးပို့နေတယ် ဆိုတာ မင်းသိအောင် ပြောလိုက်ရဦးမယ်။ သူ့သားလည်း ဒီမှာရောက်ပြီး ဖေဖေနဲ့ မိတ်ဆွေဖြစ်နေကြပြီ။ ပြီးတော့ မင့်ကို ဖေဖေမပြောလိုတဲ့ အခြားသော သတင်းပေးတဲ့နေရာတွေလည်း အများကြီးရှိသေးတယ်။ သို့သော်လည်း ရောမမှာ



မင်းရောက်နေတုန်းက နာတာလူးပွဲတော်အချိန်မှာ ဖေဖေပြောခဲ့ဖူးသလို ကျူရှင်မှာလည်း အကလေ့ကျင့်ခန်း၊ ဓားခုတ်လှံထိုးလေ့ကျင့်ခန်းနဲ့ မြင်းစီးလေ့ကျင့်ခန်းတို့ကို မပျက်မကွက် ဆက်ဆက်လုပ်ပါ။ မင်းရဲ့ကိုယ်ခန္ဓာပုံပန်းကျစေဖို့ ပျော့ပျောင်းစေဖို့နဲ့ မင်းရဲ့ကျန်းမာရေး တိုးတက်ဖွံ့ဖြိုးစေဖို့အတွက်လည်း ရစိုက်လိမ့်မယ်လို့ ဖေဖေမျှော်လင့်ချင်တယ်။ အဝတ်အစားကိုလည်း နမော်နမဲ့ မဝတ်ပါနဲ့။ သူများက စံပြဖြစ်ရလောက်အောင်ဝတ်ဆင်ပါ။

ကျူရှင်ကိုရောက်ရင် သွားတွေကိုလည်း အကောင်းဆုံးဆရာဝန်ဆီမှာ ပြပါ။ ကျူရှင်မှာ နာမည်ကျော်သွားဆရာဝန်တစ်ဦး ရှိတယ်လို့ ကြားရတယ်။ သူ့ကိုပြပြီး သွားတွေကို ပြင်ပြီးခဲ့ရင် နောင်မှာ သွားတွေကို ကောင်းကောင်း ရစိုက်ပါ။ ဟိုတုန်းကတော့ မင်းသွားတွေက တော်တော်ကောင်းတာပဲ။ နောက်လည်း ကောင်းဦးမယ်လို့ ဖေဖေထင်တယ်။ သွားမကောင်းတဲ့သူများသည်ပင် လျှင် သွားတွေကို သန့်သန့်ရှင်းရှင်းထားသင့်တယ်။ ပါးစပ်က နံတာဟာလည်း အောက်တန်းကျတဲ့ အပြုအမူလို့ ဖေဖေထင်တယ်။ အတိုချုပ်ပြောရရင်တော့ တစ်ဖက်သားကို ကျေနပ်စေတဲ့အရာတိုင်းကို ဘယ်အရာကိုမဆို လျစ်လျူမရှုပါနဲ့။ ဘာရယ်လို့ ပြောလို့မရနိုင်တဲ့ အသေးအဖွဲကလေးပေါင်း တစ်ထောင်ဟာ တစ်ဖက်သားကို သဘောကျအောင်လုပ်တဲ့အရာမှာ အရေးကြီးတဲ့အစိတ်အပိုင်းတွေဖြစ်တယ်။ အဲဒီအရာ အသေးအဖွဲကလေးတွေဟာ ဘာတွေလဲလို့ မေးလာရင် ဘယ်သူမှတော့ ဖြေတတ်မှာမဟုတ်ဘူး။ ဒါပေမယ့် လူတိုင်းစိတ်ထဲမှာတော့ အလိုလိုသိနေကြတယ်။ ကြွေစီတဲ့နံရံပန်းချီက ကြွေပြားကလေးတွေဟာ တစ်ခုချင်းအနေနဲ့ကြည့်ရင် အလှအပအားဖြင့်လည်းကောင်း၊ တန်ဖိုးအားဖြင့်လည်းကောင်း ဘာမျှမပြောလောက်ပေမယ့် ကောင်းစွာ ဆက်စပ်လိုက်ရင် လူတိုင်းကို နှစ်သက်စေတဲ့ လှပတဲ့ ပုံသဏ္ဌာန်တွေပေါ်လာတယ်။ ဟန်ပန်တစ်ခု၊ အမူအရာတစ်ချက်၊ အနေအထားတစ်မျိုး၊ လေယူလေသိမ်းတစ်သံ စသည်တို့ဟာ တစ်ဖက်သားကို နှစ်သက်သဘောကျအောင်လုပ်ခြင်းဆိုတဲ့ ကိစ္စကြီးထဲမှာ အစိတ်အပိုင်းကလေးတွေအဖြစ် ပါဝင်နေကြတယ်။ နှစ်သက်စဖွယ်ဖြစ်အောင် လုပ်တဲ့အတတ်ပညာဟာ တစ်ခြားကိစ္စတွေမှာထက် မင်းရည်မှန်းထားတဲ့ အတတ်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ပိုပြီးလိုတယ်။ အမှန်ကိုပြောရရင် အဲဒီလိုလုပ်တဲ့ အတတ်ပညာဟာ မင်းအလုပ်ရဲ့ ပထမပိုင်းတစ်ဝက်ပဲ။ အကယ်၍ မင်းဟာ မင်းရောက်သွားတဲ့ နန်းရင်ပြင်မှာ ချစ်ခင်နှစ်လိုဖွယ်ဖြစ်အောင် မလုပ်နိုင်ရင် မင်းဟာ မင်းကိုစေလွှတ်လိုက်တဲ့ နန်းရင်ပြင်အဖို့လည်း ဘာမှ သိပ်အသုံး

www.burmeseclassic.com

www.burmeseclassic.com



မဝင်တော့ဘူးပေါ့။ တစ်ဖက်သားရဲ့ နားနဲ့မျက်စေ့ကို နှစ်သက်စဖွယ်ဖြစ်အောင် လုပ်ပါ။ အဲဒီနားတွေနဲ့ မျက်စေ့တွေဟာ မင်းကို နှလုံးသားနဲ့ မိတ်ဖွဲ့ပေးပါလိမ့်မယ်။ ဆယ်ကြိမ်အနက် ကိုးကြိမ်မှာ နှလုံးသားဟာ နားလည်မှုကို ကြီးစိုးချုပ်ကိုင်ထားတယ်။

မင်းရောက်တဲ့နန်းရင်ပြင်က အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်းကို သိသိသာသာ ဂရုစိုက်ပါ။ ဒီနည်းအားဖြင့် မင်းကိုယ်စားပြုတဲ့ နန်းရင်ပြင်ကို အမူအရာမှာ အမြင့်ဆုံးဖြစ်အောင်၊ လူထုအမြင်မှာ အမြင့်ဆုံးဖြစ်အောင်လုပ်ပါ။ သူတို့ကို ပြန်ပြောမယ်လို့ ထင်တဲ့အသိုင်းအဝိုင်းမှာသူတို့ မရှိတုန်း သူတို့အကြောင်းကို အကောင်းပြောပါ။ ဆဗွိုင်းမျိုးနွယ်က ထုတ်လုပ်ပေးလိုက်တဲ့ ကျော်စောထင်ရှားသူများနဲ့ပတ်သက်လို့ ချီးမွမ်းပြောဆိုပါ။ ဒီလိုချီးမွမ်းပြောဆိုခြင်းဖြင့် လက်ရှိဘုရင်မင်းမြတ်နဲ့ ဆဗွိုင်းနယ်စားကြီးတို့ကို ဝီရိယစိုက်ထုတ်အောင် သဘာဝက အားပေးနေသလို ထင်ရတယ်ဆိုတာကို သတိပြုပါ။ ဒီနည်းအတိုင်း ကြိုးစားအားထုတ်သွားရင် ဘယ်အချိန်မှာ အဆုံးသတ်မလဲဆိုတာ စဉ်းစားပါ။ နောက်ဆုံးဥရောပတစ်တိုက်လုံးကို အုပ်ချုပ်နိုင်တဲ့ အခြေအနေမှာ အဆုံးသတ်သွားမယ်ဆိုတာ ကောက်ချက်ချပါ။ နောက်ထပ် ပြန်ပြောမယ့်နေရာမျိုးတွေမှာ ဒီသဘောကို ထပ်တလဲလဲပြောပါ။ ဒီနည်းလမ်းကလေးတွေဟာ အလွန်အသုံးဝင်တယ်။ လောကကြီးကို ဖြတ်သန်းရာမှာ အသုံးချတတ်ရမယ်။ ဒီနည်းလမ်းကလေးတွေဟာ တစ်ဖက်သားကို နှစ်သက်မှုရစေပြီး အခြားတစ်ဖက်ကိုလည်း အသုံးဝင်စေတယ်။ တစ်ခြားဘယ်သူ့ကိုမှလည်း ထိခိုက်ခြင်းမရှိဘူး။

ဖေဖေတို့လူမျိုးတွေနဲ့ ပတ်သက်တဲ့ ဖေဖေရဲ့ စကားတွေကတော့ အားလုံးနဲ့ မသက်ဆိုင်ပါဘူး။ ဖေဖေတို့လူမျိုးထဲမှာလည်း အရည်အချင်းနဲ့ အမူအရာပြည့်ဝသူတွေ ရှိပါတယ်။ မင်းမိတ်ဆွေ မစ္စတာစတီဖင်ကတော့ အမူအရာပြည့်ဝသူလို့ဆိုရမယ်။ သူလို ပုဂ္ဂိုလ်မျိုးနဲ့ ပေါင်းတာကို ဖေဖေသဘောကျတယ်။ သူတို့ရဲ့ အရည်အချင်းကြောင့်ဖြစ်စေ၊ မျိုးရိုးအဆင့်အတန်းနဲ့ စည်းစိမ်ဥစ္စာကြောင့်ဖြစ်စေ ကိုယ့်အတွက် ပေါင်းဖော်လို့ အကျိုးရှိအသုံးဝင်မယ့် မိတ်ဆွေတွေကို နောင်မှာတွေ့လိမ့်ဦးမယ်။ သူတို့နဲ့ ပေါင်းပါ။ ဒါပေမယ့် အဲဒီလိုလူမျိုး ဟုတ်မဟုတ်နဲ့ပတ်သက်လို့တော့ မစ္စတာဟာတီဟာ တရားသူကြီးဖြစ်သင့်တယ်။

အာဒီးယူးသားငယ်။နောင်လာမယ့်နှစ်နှစ်ဟာ မင်းရဲ့စိတ်နေသဘောထား



မင်းရဲ့ပုံပန်းသဏ္ဌာန်နဲ့ မင်းရဲ့စည်းစိမ်ဥစ္စာတို့နဲ့ပတ်သက်လို့ အရေးကြီးတယ်ဆိုတာကို အလေးအနက်သဘောပေါက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## စာ - ၄၈

လန်ဒန်၊ မေ ၂၂ ရက်၊ ၁၇၄၉ ခုနှစ်

လူလေး

အရင့်တစ်ပတ်စာထဲမှာ အပြစ်ကင်းတဲ့ အတတ်ပညာတစ်ခုကို လိုက်နာကျင့်သုံးဖို့ ဖေဖေပြောခဲ့တယ်။ တစ်ခြားမဟုတ်ဘူး။ တစ်ဖက်သားကို ကွယ်ရာမှာ ချီးမွမ်းပြောဆိုဖို့ကိစ္စလေ။ ဒီလို ချီးမွမ်းပြောဆိုရာမှာ သက်ဆိုင်သူရဲ့နားကိုရောက်အောင် ပြောမယ့်သူတွေရှေ့မှာ ချီးမွမ်းပါ။ အဲဒီလိုအခါမျိုးမှာ သူတို့တစ်တွေဟာ မင့်အကျိုးအတွက်ထက် သူတို့အကျိုးအတွက် ရည်ရွယ်ပြီး မင့်စကားကို ရောက်အောင်ပို့ပေးကြလိမ့်မယ်။ သာသာထိုးထိုးကလေးတောင် ပြောချင်ပြောကြလိမ့်ဦးမယ်။ မြှောက်ပင့်ပြောဆိုမှုတွေထဲမှာ အဲဒီနည်းဟာ ကျေနပ်စရာအကောင်းဆုံး။ အထိရောက်ဆုံး နည်းလမ်းဖြစ်တယ်။ လောကကြီးအလယ်မှာ အလာတူးတစ်ဖက်သားကိုလည်း ချီးမွမ်း၊ အမှန်ကိုလည်းပြောရာရောက်တဲ့ အခြားအတတ်ပညာတွေလည်း ရှိသေးတယ်။ အဲဒီအတတ်ပညာတွေဟာ လောကကြီးအလယ်မှာ လိုအပ်တယ်။ ဒီအတတ်ပညာတွေကို အစောဆုံး ကျင့်သုံးသူဟာ သူတစ်ပါးအကျေနပ်ဆုံးသူဖြစ်ပြီး အမြင့်ကို အမြန်ဆုံးရောက်သူဖြစ်နိုင်တယ်။ လူငယ်ရဲ့စိတ်ဓာတ်တက်ကြွမှုနဲ့ ထက်သန်မှုတို့ကတော့ ဒီလိုလုပ်တာမျိုးဟာ အချည်းနှီးပဲလို့ ထင်ကောင်းထင်လိမ့်မယ်။ ဒါမှမဟုတ်ရင်လည်း အလုပ်ပိုတယ်လို့ ယူဆကောင်းယူဆလိမ့်မယ်။ ဒါပေမယ့် ဒီအတတ်ပညာတွေဟာ အရေးကြီးပါကလားဆိုတာကို အသိနဲ့ အတွေ့အကြုံတွေက သတိပေးနေတတ်တယ်။ သတိလည်းရရော နောက်ကျသွားပြီလေ။

အဲဒီအတတ်ပညာတွေထဲမှာ အဓိကအကျဆုံး အတတ်ပညာကတော့ ကိုယ့်စိတ်ကိုနိုင်အောင် ထိန်းသိမ်းနိုင်တဲ့ အတတ်ပညာပဲ။ မင်းဟာ စိတ်ကို အေးချမ်းအောင်ထားတတ်ရမယ်။ မျက်နှာထားကို တည်ငြိမ်အောင် ထားတတ်



ရမယ်။ ဒီလိုထားတတ်ရင် ကိုယ့်စိတ်မှာ ဘယ်လိုခံစားနေရတယ်၊ ဘယ်လိုဖြစ်နေတယ်ဆိုတာကို တစ်ခြားသူ မသိနိုင်တော့ဘူးပေါ့။ အပြောအားဖြင့်လည်းကောင်း၊ အလုပ်အားဖြင့်လည်းကောင်း၊ အမူအရာအားဖြင့်လည်းကောင်း မသိနိုင်တော့ဘူးပေါ့။ ကိုယ့်စိတ်ထဲမှာ ခံစားနေရတာတွေကို ပိုတည်ငြိမ်ပြီး အေးဆေးဆေးတဲ့သူက သိသွားရင်လည်း သူတစ်ပန်းသာသွားပေတာပေါ့။ တကယ့်အလုပ်ကြီးအကိုင်ကြီးတွေမှာတင်မဟုတ်ဘဲ သာမန်ကိစ္စကလေးတွေမှာပင်လျှင် သူက ကိုယ့်ထက်တစ်ပန်းသာတယ်လို့ ဆိုရမှာပဲ။ မနှစ်သက်စရာ စကားကို မျက်နှာမပျက်၊ ဒေါသ အမူအရာမပြဘဲ နားမထောင်နိုင်သူ၊ ကျေနပ်စရာစကားကို ဣန္ဒြေမပျက်ဘဲ နားမထောင်နိုင်သူဟာ ပရိယာယ်များနဲ့ လူလိမ်လူကောက်တွေနဲ့ ခက်ရဲလက်ရဲရှိတဲ့ လူပေါ့လူသွမ်းတွေရဲ့ သားကောင်ပဲဖြစ်မှာပဲ၊ ပရိယာယ်များတဲ့ လူလိမ်လူကောက်က မင်းကို တမင်ကလာ ဆွမယ်။ ဒါမှမဟုတ်ရင်လည်း မြှောက်ပင့်ပြောမယ်။ ဒီနည်းအားဖြင့် မင်းဆီက ဘာစကားတွေ ထွက်လာပြီး ဘယ်လိုအမူအရာတွေဖြစ်သွားမလဲဆိုတာ စောင့်ကြည့်မယ်။ ပြီးတော့မှ မင့်အမူရာ၊ မင့်အပြောအဆိုကိုကြည့်ပြီး မင်းနှလုံးသားရဲ့ လျှို့ဝှက်ချက်တွေကို အဓိပ္ပာယ်ပြန်လိမ့်မယ်။ တကယ်ကတော့ နှလုံးသားရဲ့ လျှို့ဝှက်ချက်ကို ဖွင့်ဖို့သော့ဟာ ဘယ်သူ့ကိုမှ မယုံဘဲ မင်းကိုယ်တိုင် သိမ်းဆည်းထားရမယ့်အရာဖြစ်တယ်။ ပရိယာယ်များတဲ့ လူလိမ်လူကောက်ဟာ ဒီနည်းနဲ့ မင့်ရဲ့စိတ်ထဲက ခံစားချက်တွေကို သိအောင် လုပ်သွားလိမ့်မယ်။

ဒီလို စိတ်အေးအေးထားနိုင်ဖို့ကိစ္စဟာ ဆန္ဒနဲ့မဆိုင်ဘဲ ပင်ကိုယ်စိတ်ထားနဲ့ ဆိုင်တယ်လို့ မင်းကပြောကောင်း ပြောလိမ့်မယ်။ ဟုတ်ပါတယ်။ ပင်ကိုယ်စိတ်ထားဟာ တို့အပေါ်မှာ တန်ခိုးသြဇာရှိတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် လူတော်တော်များများဟာ မကြာခဏဆိုသလို အကြောင်းပြချက်တစ်ခုအနေနဲ့ ပင်ကိုယ်စိတ်ထားကို မတရားသဖြင့် စိတ်စွဲလေ့ရှိကြတာကိုလည်း သတိပြုသင့်တယ်။ ဂရုစိုက်မှုနဲ့ ပြန်လှန်စဉ်းစားမှုကို မှန်ကန်စွာ အသုံးပြုရင် ပိုပြီးကောင်းမှာအမှန်ပဲ။ အဲဒီလိုသာဆိုရင် လူတစ်ယောက်ဟာ စိတ်နောက်ကိုယ်ပါ လုပ်တာထက် ဆင်ခြင်တုံတရားကို အဓိကထားတဲ့အကျင့်ကို ရသွားမှာပဲ။ ဖြစ်နေတာကတော့ စိတ်လိုက်မာန်ပါ လုပ်တာက အဓိကဖြစ်နေပြီး ဆင်ခြင်တုံတရားက နောက်ကလိုက်ရတာဖြစ်နေတယ်။ တကယ်လို့ မင်းက ရုတ်တရက် စိတ်လိုက်မာန်လုပ်တာနဲ့ ရူးသွပ်တာကို (အဲဒီနှစ်ခုဟာ အချိန်ကြာတာ မကြာတာလောက်ပဲကွဲတယ်။ ကျန်တာမှာတော့ အတူတူပဲလို့ ဖေဖေထင်တယ်။)

www.burmeseclassic.com



ဦးစားပေးလိုက်မိပြီဆိုတာ သိလိုက်ရင် သိလိုက်တာနဲ့ တစ်ပြိုင်နက် ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်ပါ။ ကျိတ်ပြီး ဖျောက်ဖျက်ပစ်လိုက်ပါ။ အနည်းဆုံး ရင်ထဲမှာ ခံစားချက်ရှိနေတယ်ဆိုတာကို သိလိုက်ရင် ဘယ်သူ့ကိုမှ စကားမပြောပါနဲ့။ ပြီးတော့ မင့်မျက်နှာထားကိုလည်း စိတ်ခံစားရသယောင်၊ ရှက်အမ်းအမ်းဖြစ်သယောင် မပြမိဖို့ သတိထားပါ။ အမြဲတစေ သတိပြုထားရင် ဒီလိုတည်ငြိမ်မှုဟာ အလေ့အကျင့်တစ်ခု ဖြစ်သွားပါလိမ့်မယ်။ စေ့စပ်ဆွေးနွေးတဲ့နေရာမှာ စိတ်မြန်ပြီး ဒေါသကြီးတဲ့လူတွေနဲ့ အလုပ်လုပ်ရတာကို ဖေဖေသဘောအကျဆုံးပဲ။ သူ့ကို ကျွမ်းကျင်စွာ ဆွပေးခြင်းဖြင့် သူ့ဆီက အလောတကြီးနဲ့ မဆင်မခြင်ထွက်လာတဲ့ စကားတွေကို ဖေဖေညှစ်ထုတ်ယူချင်တယ်။ ကိုယ်လိုချင်နေတဲ့ အချက်တွေကို အရိပ်အမြွက်လမ်းကြောင်းပေးခြင်းဖြင့် သူ့မျက်နှာရိပ် မျက်နှာခြည် ပြောင်းနေတာကို အကဲခတ်ခြင်းဖြင့် သိနိုင်တယ်။ **မျက်နှာကဲကို ခတ်၍ စိတ်ကိုသိရာ၏**ဆိုတဲ့ စကားဟာ စီးပွားရေးလုပ်ငန်းကိုင်ငန်းတွေမှာ တော်တော်အသုံးကျတဲ့ စကားဖြစ်တယ်။ လာလန်းတို့ ကွင်ဓိတို့စတဲ့ စကားဝိုင်းတွေမှာလည်း အလားတူလိုအပ်တယ်။ ကိုယ့်စိတ်နဲ့ မျက်နှာထားကို အစိုးမရနိုင်တဲ့လူဟာ ဘယ်လောက်ပဲကစားဝိုင်းမှာ ကျွမ်းကျင်သည်ဖြစ်စေ ကိုယ့်စိတ်နဲ့မျက်နှာထားကို ထိန်းချုပ်နိုင်တဲ့ လူကို အရှုံးပေးလိုက်ရမှာပဲ။ စီးပွားရေးလုပ်ငန်းမှာဆိုရင် ပိုလို့တောင် လိုအပ်သေးတယ်။ တစ်ဖက်က စီးပွားရေးသမားဟာ စီးပွားရေးလုပ်ငန်းကျတော့ ပြိုင်ဘက်နဲ့ ကစားရတာဖြစ်တဲ့အတွက် သူ့ကို အလစ်နည်းနည်းကလေးမှ ပေးလို့မဖြစ်ဘူး။ ဒီလိုပြောတဲ့အတွက် ဖေဖေဟာ မင့်ကို မာယာပရိယာယ်တွေ ဆောင်တတ်အောင် သင်ပေးနေတယ်လို့ မထင်လိုက်နဲ့။ ဖေဖေမှာ ခုတိုင် ဒီပရိယာယ်တွေရှိနေပြီး ဒီလိုရှိနေတာဟာလည်း မှန်တယ်လို့ ထင်တုန်းပဲ။ မုသားမပါ လင်္ကာမချောဆိုတဲ့ စကားရှိတယ်မဟုတ်လား။ ဖေဖေကတော့ ဘယ်စီးပွားရေးအလုပ်မဆို ပရိယာယ်မပါ၊ မုသားမပါဘဲ မဖြစ်နိုင်ဘူးလို့တောင် ပိုပြီး ပြောလိုက်ချင်သေးတယ်။ ဟန်ဆောင်တယ်ဆိုတာ နှစ်မျိုးရှိတယ်။ တစ်မျိုးက ရှိလျက်သားနဲ့ မရှိဟန်ဆောင်တာ၊ သိလျက်သားနဲ့မသိဟန်ဆောင်တာ။ အဲဒါကမဆိုးဘူး။ မရှိဘဲနဲ့ ရှိလေဟန်ဆောင်တာ၊ မသိဘဲနဲ့ သိဟန်ဆောင်တာကမှဆိုးတာ။ အဲဒါကမှ မှားတာ၊ အောက်တန်းကျတာ၊ ပြစ်မှုမကင်းတာ။ အဲဒီပရိယာယ်မျိုးကို လော့ဒ်ဘေကွန်က ကောက်ကျစ်မှု၊ ဘယ်သန်ဉာဏ်ကောင်းမှုလို့ခေါ်ခဲ့ပြီး တကယ့်ဉာဏ်ပညာမရှိသူများမှအပ အခြားဘယ်သူ အသုံးမပြုတဲ့ ဉာဏ်မျိုးလို့ခေါ်ခဲ့တယ်။ လော့ဒ်



ဘေကွန်ကပဲ ပြောခဲ့တာက အသိကို မသိဟန်ဆောင်ခြင်း၊ အရှိကို မရှိဟန်ဆောင်ခြင်းဟာ ကိုယ့်ဖဲချပ်ကို ဖုံးကွက်တာသာဖြစ်ပြီး မသိကို သိဟန်ဆောင်ခြင်း၊ မရှိကို ရှိဟန်ဆောင်ခြင်းကတော့ အခြားသူရဲ့ ဖဲချပ်ကို ခိုးကြည့်တာမျိုး ဖြစ်တယ်လို့ ပြောခဲ့ဖူးတယ်။ “တိုင်းချစ်ပြည်ချစ် ဘုရင်ဆိုသည်မှာ” ဆိုတဲ့ နောက်ဆုံးထုတ်ဝေလိုက်တဲ့သူ့ကျမ်းမှာ လော့ဒ်ဘိုလင်းဘရွတ်က မရှိကို ရှိဟန်ဆောင်ခြင်းဟာ ဓားမြှောင်နဲ့တူတယ်တဲ့။ ဒီဓားမြှောင်ဟာ မတရားရုံမျှမက အရားမဝင်တဲ့ လက်နက်တစ်ခုလည်းဖြစ်တယ်တဲ့။ ဒီလက်နက်ကို အသုံးပြုတာဟာ ဘယ်တော့မှ ခွင့်မလွှတ်ထိုက်ဘူးတဲ့။ ဘယ်တော့မှ မတရားဘူးတဲ့။ လျှို့ဝှက်မှုဟာ သံချပ်အင်္ကျီဖြစ်သလို အရှိကို မရှိဟန်ဆောင်ခြင်းကတော့ ဒိုင်းလွှားသာဖြစ်တယ်တဲ့။ **စီးပွားရေးလုပ်ငန်းမှာ အရှိကိုမရှိဟန်ဆောင်မှသာ လျှို့ဝှက်ချက်ကို ထိန်းသိမ်းထားနိုင်တယ်။ အလားတူပဲ လျှို့ဝှက်မှုကို ထိန်းသိမ်းမထားဘဲလည်း ဘယ်စီးပွားရေးလုပ်ငန်းမှ အောင်မြင်နိုင်မှာမဟုတ်ဘူးလို့** ဘိုလင်းဘရွတ်က ပြောခဲ့တယ်။ အရှိကို မရှိဟန်ဆောင်ခြင်းနဲ့ လျှို့ဝှက်ခြင်း အတတ်ပညာ၊ အဲဒီအတတ်ပညာနှစ်ခုဟာ သံအစစ်နဲ့ရောစပ်ထားတဲ့ လောဟာသတ္တုနဲ့တူသတဲ့။ လောဟာသတ္တုမှာ သံအစစ်နည်းနည်းပါဖို့တော့ လိုအပ်တာအမှန်ပဲ။ ဒီလို သံအစစ်ပါရုံနဲ့ ငွေစဟာ တန်ဘိုးနိမ့်မသွားနိုင်ဘူး။ ဒါပေမယ့် နည်းနည်းထက် ကျော်လာရင်တော့ (မရှိကိုအရှိဟန်ဆောင်လာပြီဆိုရင်တော့) ငွေစရဲ့ တန်ဘိုးဟာ လျော့ကျသွားပြီး ငွေစကို ထုတ်လုပ်သူဟာလည်း အမည်ပျက်တော့တယ်လို့ သူက ပြောခဲ့တယ်။

ဒါ့ကြောင့် ကိုယ့်စိတ်နဲ့ ကိုယ့်မျက်နှာအမူအရာကို ပိုင်နိုင်တဲ့ အရှင်သခင်ဖြစ်အောင်လုပ်ပါ။ ကိုယ့်စိတ်ထဲမှာ ဘယ်လိုပဲ ခံစားနေရသည်ဖြစ်စေ အနည်းဆုံး စိတ်အမူအရာနဲ့ မျက်နှာအမူအရာမှာ သိသာလောက်တဲ့ ပြောင်းလဲမှု မပေါ်အောင်တော့ ကြိုးစားပါ။ ဒီလိုလုပ်ရတာဟာ ခက်တော့ခက်တယ်။ ဒါပေမယ့် မဖြစ်နိုင်တဲ့အရာမဟုတ်ပါဘူး။ အမြော်အမြင်ရှိတဲ့လူတစ်ယောက်ဟာ မဖြစ်နိုင်တာကို ဘယ်တော့မှမကြိုးစားဘူး။ တစ်ဖက်မှာလည်း အခက်အခဲတွေ တွေ့ရာရင် ဘယ်တော့မှ စိတ်ဓာတ်မကျဘူး။ စိတ်ဓာတ်မကျတဲ့အပြင် သူ့ရဲ့ ကြိုးစားအားထုတ်မှုနဲ့ ဝီရိယကို နှစ်ဆတိုးတယ်။ ဇွဲရှိရှိနဲ့ ကျိတ်မှိတ်ခံတယ်။ နောက်ဆုံးကျတော့ မလွဲမသွေအောင်မြင်သွားတာပဲ။ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် အမြော်အမြင်ရှိရှိလုပ်ပါ။ အသုံးဝင်တဲ့ကိစ္စပါပါစေ။ ဒီလိုကိစ္စမျိုးကို လုပ်တဲ့အခါမှာ အခက်အခဲတွေဟာ မင်းရဲ့အားထုတ်မှုကို ဟန့်တားတဲ့အရာတွေ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေဘဲ စိတ်ဓာတ်တက်ကြွစေတဲ့အရာတွေ ဖြစ်ပါစေ။ တစ်နည်း မအောင်မြင်ရင် အခြားနည်းတစ်နည်းကို ကြိုးစားပါ။ တက်ကြွ၊ စိတ်ရှည်ရင် မုချ အောင်မြင်မှာပဲ။ တစ်ချို့လူတွေဟာ သဘောပေါက်အောင် လုပ်ဖို့ဖြစ်တယ်။ တစ်ချို့ဟာ မြှောက်ပင့်ဖို့ဖြစ်တယ်။ တစ်ချို့ဟာ ခြောက်လှန့်ဖို့ဖြစ်တယ်။ တစ်ချို့ကျတော့ တစ်မျိုးတည်းနဲ့ ပြီးသွားအောင်လုပ်ဖို့ဖြစ်တယ်။ ဒါပေမယ့် ယေဘုယျပြောရရင်တော့ ကျွမ်းကျင်စွာ ကျင့်သုံးရင်၊ ကောင်းစွာ ကိုင်တွယ်တတ်ရင်၊ သူတို့ရဲ့ ပျော့ကွက်တွေကို ရှာပြီး၊ မမောတမ်း မပန်းတမ်းတိုက်ရင် အားလုံးကို အသုံးချလို့ ရနိုင်တယ်၊ ဒီလိုလုပ်တဲ့အခါမှာ အချိန်အခါကို မှန်ကန်စွာ ရွေးတတ်ဖို့လိုတယ်။ လူတိုင်းမှာ စိတ်ဓာတ်ပျော့ပျောင်းတဲ့အချိန် တစ်ချိန်တော့ ရှိတတ်ကြတယ်။ ဒါပေမယ့် တစ်နေ့လုံးရှိနေတာ မဟုတ်ဘူး။ သူ့ခေါင်းထဲမှာ အခြားကိစ္စတစ်ခုကို စဉ်းစားနေတုန်း၊ ဒါမှမဟုတ် သူ့စိတ်ထဲမှာ သောကဖြစ်နေတုန်း၊ ဒေါသထွက်နေတုန်း၊ ဒါမှမဟုတ် စိတ်လက်မကြည်မသာ ရှိနေတုန်းမှာ မင်းက တစ်ခြားကိစ္စတစ်ခုကို သွားတိုက်တွန်းနေရင် မင်းဟာ အချိန်ကို အလွန်မှားယွင်းစွာ ရွေးတာပဲဖြစ်လိမ့်မယ်။

တစ်ခြားလူတွေရဲ့စိတ်ကို အကဲခတ်ချင်ရင် ကိုယ့်စိတ်ကို အရင်အကဲ ခတ်ရမယ်။ ယေဘုယျအားဖြင့် လူဆိုတာ တစ်ယောက်နဲ့တစ်ယောက် သိပ်ကွာကြတာမဟုတ်ပါဘူး။ တစ်ယောက်မှာ ဝါသနာတစ်ခုရှိသလို အခြားတစ် ယောက်မှာလည်း တစ်ခြားဝါသနာတစ်ခုတော့ရှိတာပဲ။ ဒါပေမယ့် အဲဒီ ဝါသနာတွေ အလုပ်လုပ်ပုံကတော့ အတူတူချည်းပဲ။ တစ်ခြားသူတွေမှာရှိတဲ့ မင်းနှစ်သက်တာ၊ ဒါမှမဟုတ် ရွံ့မုန်းတာ၊ မင်းကျေနပ်တာ၊ ဒါမှမဟုတ် မကျေနပ်တာဟာ မင်းမှာရှိတဲ့ တစ်ခြားလူတွေ နှစ်သက်တာ၊ ရွံ့မုန်းတာ ကျေနပ်တာ၊ မကျေနပ်တာတွေနဲ့အတူတူပါပဲ။ မင်းစိတ်ရဲ့ အလုပ်လုပ်ပုံတွေ မင်းဝါသနာရဲ့သဘောသဘာဝတွေ၊ မင်းစိတ်ဆန္ဒကို အဆုံးအဖြတ်ပေးတဲ့ အမျိုးမျိုးသော ရည်ရွယ်ချက်တွေကို အတတ်နိုင်ဆုံး သတိထားပြီး လေ့လာ အဲဒီအခါမှာ လူ့လောကကြီးအကြောင်းကို အများကြီးသိလာနိုင်မယ်။ ဥပမာ အားဖြင့် ဗဟုသုတအရာ၊ ပညာအရာ၊ အဆင့်အတန်းအရာ၊ စည်းစိမ်ဥစ္စာအရာ လူတစ်ယောက်က မင်းကိုနှိမ့်ချပြီး သူ့ကိုယ်သူမြင့်အောင်လုပ်တယ်ဆိုရင် မင်းစိတ်ထိခိုက်သလား။ မကျေမနပ်ဖြစ်သလား။ လူတစ်ယောက်ဆီက စေတနာ အကြံပေးစကား၊ စိတ်ဝင်စားမှု၊ လေးစားမှု၊ ဒါမှမဟုတ် ချစ်ခင်မှုတို့ လိုချင်ပြီး ကိုယ်ကလည်း သူ့ထက်သာမယ်ဆိုရင် အဲဒီသာလွန်မှုကို သူသိအောင်



မပြမိဖို့ အထူးသတိထားပါ။ မနှစ်သက်စရာကောင်းတဲ့စကား၊ ကောက်ကျစ်တဲ့ လှောင်ပြောင်သရော်မှု၊ ဒါမှမဟုတ် မကြာခဏ ငြင်းအခုံ လုပ်တာမျိုးဟာ မင်းအတွက် အနှောင့်အယှက်ဖြစ်နေရင်၊ ကိုယ့်ကို ကျေနပ်နှစ်သက်အောင် လုပ်ရမယ့်နေရာမျိုးမှာ ဒါမျိုးတွေကို သွားသုံးလို့ဖြစ်မလား။ ဘယ်ဖြစ်မလဲ။ မင်းဟာ သွားလေရာ၊ ရောက်လေရာမှာ ကိုယ့်ကိုကျေနပ်နှစ်သက်စေချင် မယ်လို့ ဖေဖေမျှော်လင့်တယ်။ ဘွန်မိုးလို့ခေါ်ကြတဲ့ စကားပြောင် စကားပြက် ပြောချင်စိတ်နဲ့ ဒီလိုပြောတဲ့အတွက် အများအားဖြင့် ရတတ်တဲ့ မလိုတမာ ညဘာပေးမှုဟာ (အဲဒီစကားပြောင်၊ စကားပြက်မျိုးကို ပြောနိုင်သူ၊ မပြောနိုင် သော်လည်း ပြောနိုင်တယ်လို့ထင်ပြီး ကြိုးစားသူတို့အဖို့) မိတ်ဆွေထက် ရန်သူပိုများစေတယ်။ ရန်သူမှမကျေနိုင် မချမ်းနိုင်တဲ့ ရန်သူမျိုးတွေ ဖြစ်နေ တတ်သေးတယ်။ မင်းကို အဲဒီလိုပြောင်စရာ လှောင်စရာလုပ်လာရင် (တစ်ခါ တစ်လေ ဒီလိုလုပ်မှာလည်း သေချာတယ်။) မင်းစိတ်ထဲမှာ ပေါ်လာတဲ့ စိတ်အနှောင့်အယှက်ဖြစ်မှု၊ စိတ်ဆိုးမှု၊ ဒေါသထွက်မှုတို့ကို အလေးအနက် ဆင်ခြင်ပါ။ တစ်ဖက်သားကို ဒီလိုစိတ်မျိုးတွေ ပေါ်ပေါက်အောင် သွား လုပ်ရင်လည်း ဘယ်နှယ်လုပ်နည်းလမ်းကျနိုင်မလဲဆိုတာကို စဉ်းစားပါ။ အပြောင်အပြက်စကားတစ်လုံးကြောင့် မိတ်ဆွေတစ်ယောက် ဆုံးရှုံးရမယ်ဆိုရင် ဒါဟာသေချာတဲ့ မိုက်မဲမှုတစ်ခုပဲ။ ဒါပေမယ့် အပြောင်အပြက်စကားတစ်ခွန်း ကြောင့် မိတ်ဆွေမဟုတ်တဲ့ ကြားလူတစ်ယောက်ကို ရန်သူဖြစ်အောင် လုပ်တာ ဟာလည်း မလျော့တဲ့အတိုင်းအတာရှိတဲ့ မိုက်မဲမှုပဲလို့ ဖေဖေယူဆတယ်။ မင်းနဲ့ပတ်သက်လို့ ဒီလိုအပြောင်အပြက်စကားတွေ ပြောလာခဲ့ရင် အကောင်းဆုံး နည်းကတော့ ကိုယ့်ကိုပြောနေတာ မဟုတ်ဘူးလို့ ယူဆထားလိုက်တာ အကောင်းဆုံးပဲ။ ဒါတင်မကဘူး။ စိတ်ထဲမှာပေါ်လာတဲ့ဒေါသကို မျိုသိပ်ဖုံးကွယ် ထားဖို့လည်း လိုတယ်။ မင်းကို ပြောနေတာပဲလို့ ထင်ရလောက်အောင် ပြောင်ကျကျပြောနေရင်လည်း အများနဲ့အတူ ရောပြီး ရယ်ပစ်လိုက်ပါ။ သူ့ ထိုးနှက်ချက်ဟာ တရားတဲ့ထိုးနှက်ချက်၊ သူပြောတဲ့ အပြောင်အပြက်စကားဟာ ကောင်းတဲ့ အပြောင်အပြက်စကားလို့ ယူဆပြီး ဘာမှမဖြစ်သလို ရယ်မော ပြောက်ပစ်လိုက်ပါ။ ဒါပေမယ့် ဘယ်တော့မှ နာကျည်းစိတ်ဆိုးတဲ့နည်းနဲ့ တုံ့ပြန်ခြင်းမပြုပါနဲ့။ ဒီလိုလုပ်ခြင်းဟာ မင်းနာကျင်သွားတယ်ဆိုတာပြတယ်။ ဖုံးကွယ်ထားချင်တဲ့ အောင်မြင်မှုကိုလည်း ထုတ်ဖော်ပြောသလိုဖြစ်နေတယ်။ ပြောတဲ့စကားဟာ မင်းရဲ့ဂုဏ်သိက္ခာ၊ မင်းရဲ့အကျင့်စာရိတ္တကို ထိခိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



မင်းအဖို့ သင့်လျော်တဲ့ အဖြေတစ်ခုပဲရှိတယ်။ ဒီလိုအဖြေမျိုးကိုပေးဖို့ အခွင့်ကြုံမှာမဟုတ်ဘူးလို့တော့ ဖေဖေ မျှော်လင့်တယ်။

မိန်းမလောကဟာ ယောက်ျားလောကအပေါ်မှာ အတော်အတန်သြဇာရှိတယ်။ (တစ်ခါတစ်လေမှာ တော်တော်ကြီးတယ်လို့တောင် ဆိုနိုင်တယ်။) မိန်းမတွေနဲ့ ပတ်သက်လာရင် (မိန်းမဆိုရာမှာ အထက်တန်းကျတဲ့ မိန်းမများကို ဆိုလိုတာဖြစ်တယ်။ မင်းကလည်း တစ်ခြားမိန်းမမျိုးတွေနဲ့ စကားပြောမှာ မဟုတ်ဘူးဆိုတာ ဖေဖေယူဆတယ်။) မင်းအပြုအမူကိုလည်း မင်းဘာသာမင်း ပြန်စဉ်းစားသင့်တယ်။ မိန်းမဆိုတာ အလွန်စကားများတတ်တယ်။ သူတို့နဲ့ မိတ်ဆွေဖြစ်လို့ အကျိုးရှိတာထက် သူတို့နဲ့ မုန်းရတာက ပိုပြီး အန္တရာယ်များတယ်။ မိန်းမတွေနဲ့ ယေဘုယျခင်မင်စွာ ဆက်ဆံခြင်း၊ သူတို့ကို အလေးထားခြင်းဟာ အစဉ်အလာလုပ်ရတဲ့ ထုံးစံတစ်ခုဖြစ်ပြီး လိုလည်း လိုအပ်တယ်။ ဒါပေမယ့် အခြေအနေ၊ အဆင့်အတန်း၊ ဝါသနာနဲ့ အဆက်အသွယ်အရ မင်းအတွက် အကျိုးရှိတယ်ဆိုရင် အဲဒီအမျိုးသမီးကို အထူးအရေးပေးကြောင်း ပြသသင့်တယ်။ အနည်းဆုံးသော ဂရုစိုက်မှုဟာ သူတို့ကို ကျေနပ်စေပြီး အများဆုံးသော ဂရုစိုက်မှုဟာ သူတို့က ကိုယ့်ကိုနှစ်သက်စွဲလန်းအောင် လုပ်ပေးတယ်။ မိန်းမဆိုတာ ဘယ်လောက်ပဲအကြမ်းထည်နိုင်သည်ဖြစ်စေ သူတို့အလှကို ရိုးသားစွာ ချီးမွမ်းပြောဆိုတာကို လောဘတကြီး မျိုချကြပြီး ကြင်နာမြတ်နိုးစွာ အစာချေပစ်တတ်ကြတယ်။ ဒါပေမယ့် သူတို့ရဲ့ နားလည်သိတတ်မှုအတွက် လေးစားဟန်ပြတာ၊ သူတို့ရဲ့ စိတ်ဓာတ်သန့်စင်မွန်မြတ်မှုကို ယုံကြည်ဟန်ပြတာတို့ဟာ သူတို့ခေါင်းတွေအားလုံးကို မင်းဘက်ကို လှည့်လာစေလိမ့်မယ်။ သူတို့ရဲ့စွမ်းရည်တွေကို အထင်သေးဟန်ပြတာမျိုးလောက် သူတို့ကို ထိတ်လန့်သွားစေတဲ့အရာရယ်လို့လည်း ဘာမှမရှိဘူး။ သူတို့ရဲ့ ခင်မင်လေးစားမှုကို ရထိုက်တယ်လို့ မင်းယူဆရင် သူတို့ရဲ့ ခင်မင်လေးစားမှုကို ရမှာလည်း သေချာတယ်။ ဒီနေရာမှာတော့ အသိကို မသိဟန်ဆောင်တာ အရှိကို မရှိဟန်ဆောင်တာဟာ မကြာခဏဆိုသလို လိုအပ်ပြီး မသိကို သိဟန်ဆောင်ဟာ၊ မရှိကို ရှိဟန်ဆောင်တာတောင်မှ တစ်ခါတစ်ရံရှိသင့်တယ်လို့ ဖေဖေယူဆတယ်။ ဒီလိုလုပ်တာမျိုးဟာ သူတို့ကို ကျေနပ်စေပြီး မင်းအတွက်လည်း အသုံးကျနိုင်မယ်။ ဘယ်သူ့ကိုမှလည်း မထိခိုက်ဘူး။

ခုဖေဖေရေးလိုက်တဲ့စာရွက်တိုတိုကလေးကြောင့် ဖေဖေရဲ့ စာလည်း တိုလိမ့်မယ်။ (ကောက်ပြီးရေးလိုက်တုန်းကတော့ စာရွက်တိုကလေးမှန်းမသိလိုက်ဘူးပေါ့။) ဒါပေမယ့် ဒီလောက်ရေးလိုက်ရင် လုံလောက်ပြီလို့ ဖေဖေထင်တယ်။ ဖေဖေရဲ့ ဘဝသက်တမ်းကုန်ဆုံးခါနီးချိန်အတွေ့အကြုံဟာ မင်းဘဝသက်တမ်းအချိန်အတွက် အသုံးကျလိမ့်မယ်လို့တော့ ဖေဖေကြွားချင်တယ်။ ဒီအတွေ့အကြုံတွေဟာ မင်းအတွက် နည်းနည်းပါးပါး အကျိုးကျေးဇူးဖြစ်တယ်ဆိုရင် ဖေဖေများများစားစား ဒုက္ခခံရတာတွေကို မမှုပါဘူး။ မင်းရဲ့ ငယ်ရွယ်ပြီး မူးဝေတဲ့ (ဒါကတော့ ဖေဖေ့အထင်ပါ) စိတ်ထဲမှာ စွဲမြဲနေဖို့အတွက် ဒီစကားတွေကို ထပ်တလဲလဲတောင် ပြောရဦးမယ်။ ဒီလိုဆိုရင် ဖေဖေရဲ့ဘဝသက်တမ်းက ဒီအချိန်ကို အကောင်းဆုံးအသုံးပြုခြင်းဖြစ်ပြီး မင်းရဲ့ဘဝသက်တမ်းက ဒီအချိန်ကိုလည်း ကောင်းစွာအသုံးချနိုင်ဖို့ အထောက်အပံ့ဖြစ်စေလာလိမ့်မယ်။ ဘုရားသခင် ကောင်းချီးပေးပါစေ ကလေး။



www.burmeseclassic.com

www.burmeseclassic.com



## စာ - ၄၉

လန်ဒန်၊ ဇူလိုင် ၆ရက်၊ ၁၇၄၉ ခုနှစ်

လူလေး

ခုအချိန်လောက်ဆိုရင် မင်းလည်း ကျန်းမာရေးအခြေအနေ ပြန်ကောင်းလာလောက်ပြီလို့ ဖေဖေယူဆတယ်။ ဒါကြောင့် မင်းကျန်းမာရေးနဲ့ ပတ်သက်လို့ ဖေဖေဘာမှ စိုးရိမ်သောက မဖြစ်တော့ဘူး။ အလားတူပဲ မင်းနဲ့ပတ်သက်တဲ့ သတင်းတွေကိုရပြီးဖြစ်တဲ့အတွက် မင်းရဲ့ပညာသင်ကြားရေးနဲ့ ပတ်သက်လို့လည်း ဖေဖေဘာမှ စိုးရိမ်သောက မဖြစ်တော့ဘူး။ အနာဂတ်မှာ မင်းနဲ့ဖေဖေတို့ အပြန်အလှန် စာရေးကြမယ့် အကြောင်းအရာတွေဟာ နှိုင်းယှဉ်ချက်အားဖြင့် ပြောရရင် သိပ်အရေးမကြီးတဲ့ အချက်အလက်တွေ အကြောင်းပဲဖြစ်နေတော့မယ်။ ဒါပေမယ့် အလွန်အရေးကြီးတဲ့အကြောင်းတွေပဲ ဖြစ်နေသေးတယ်။ လူ့လောကကြီးအကြောင်း၊ ယဉ်ကျေးဖွယ်ရာမှု၊ အပြုအမူ၊ အနေအထိုင်နဲ့ (အားလုံးကခေါ်နေကြတဲ့) အသေးစား လိမ္မာရေးခြားရှိမှုကလေးတွေကို ဖေဖေဆိုလိုတာပါ။ အကြီးစားလိမ္မာရေးခြားရှိမှုကြီးတွေကို အပြည့်အဝ တန်ဖိုးရှိအောင်၊ အပြည့်အဝ တောက်ပပြောင်လက်အောင် လုပ်ပေးတဲ့နေရာမှာ အဲဒီအသေးစားလိမ္မာရေးခြားရှိမှုကလေးတွေဟာ လုံးဝလိုအပ်တယ်။

ဖေဖေ့မှာသာ ဒဏ္ဍာရီထဲကလို ကိုယ်ပျောက်စေနိုင်တဲ့ ဂိုင်ဂျီရဲ့ ကိုယ်ပျောက်လက်စွပ်ရှိခဲ့ရင်၊ တစ်နေရာကနေ တစ်ခြားတစ်နေရာကို ချက်ချင်းရောက်သွားနိုင်တဲ့ စကြောမအတတ်ကိုများ တတ်ခဲ့ရင် ဖေဖေရဲ့ ပထမဆုံးခရီးကတော့ ဗင်းနစ်မြို့ပဲပေါ့။ မင်းဘယ်လိုနေထိုင်သလဲဆိုတာ မင်းမမြင်ရဘဲ ကင်းထောက်ကြည့်ဖို့လေ။ ပထမဆုံး မင်းနဲ့ မင်းဆရာမစ္စတာဟာတီ မနက်စာစားကြတာကို ကြည့်မယ်။ မနက်စာစားပုံကို လာကြည့်ရင်း မင့်ဆရာကို လွတ်လွတ်လပ်လပ်၊ သဘာဝအတိုင်းပြောဆိုနေပုံတွေကို နားထောင်မယ်။ ဒီလို နားထောင်လိုက်ရင် မင်းရဲ့ပင်ကိုယ်စိတ်ထားကို ဖေဖေကောင်းကောင်း အကဲခတ်နိုင်ပြီပေါ့။ အသုံးကျတဲ့အကြောင်းအရာတွေနဲ့ပတ်သက်လို့ မေးသင့်မေးထိုက်တဲ့ မေးခွန်းတွေကို မေးနေတာ၊ အဲဒီနေ့ မနက်က သင်ခဲ့တဲ့ သင်ခန်းစာတွေကို ပြန်လှန်ဆွေးနွေးကြတာ၊ ဒါမှမဟုတ် မနေ့က အဖြစ်အပျက်တွေကို ပြန်လှန်သုံးသပ်နေကြတာတွေကိုများ ကြားရရင် ဖေဖေဘယ်လောက်များ ဝမ်းသာမလဲ မဆိုနိုင်ဘူး။ ပြီးရင် အဲဒီနေ့တစ်နေ့လုံး မင်းသွားတဲ့ အမျိုးမျိုးသော အပေါင်းအသင်းတွေဆီကို နောက်ကတကောက်ကောက်လိုက်နေမှာပဲ။ ပြီးတော့ ဂုဏ်ရှိဂုဏ်ရှိသူတွေရဲ့ ရှေ့မှာ မင်းဘယ်လို ပြုမူနေထိုင်သလဲ၊ သူတို့နဲ့ ဘယ်လို ဆက်ဆံသလဲဆိုတာကို မျက်စေ့ဒေါက်ထောက်ကြည့်နေမှာပဲ။ မင်းပြုမူနေထိုင်ပုံဟာ လွတ်လွတ်လပ်လပ်ရှိသည့်တိုင် ဣန္ဒြေသိက္ခာရှိရဲ့လား၊ မင်းဟန်ပန်ဟာ ရှက်ရွံ့စိုးရိမ်ပုံမရသည့်တိုင် ရိုကျိုးနှိမ့်ချမှုရှိရဲ့လားဆိုတာကို ကြည့်ချင်တယ်။ ပြီးတော့လည်း မင်းကို ပထမဆုံးအကြိမ် မြင်လိုက်တဲ့သူတွေရဲ့ စိတ်ထဲမှာ မင်းကို ဘယ်လိုထင်သွားကြသလဲဆိုတာ သူတို့စိတ်ထဲဝင်ကြည့်လိုက်ချင်တယ်။ ဟန်ပန်တစ်ခုနဲ့ အပြုအမူတစ်ခုဟာ တစ်ဖက်သားရဲ့အပေါ်မှာ ထင်မြင်ချက်တစ်ခုကို ဖြစ်စေတာချည်းပဲမဟုတ်လား။ နောက်ပြီးတော့ ညနေပိုင်းမှာ မင်းရဲ့အမျိုးမျိုးသော အပေါင်းအသင်းတွေဆီကို သွားရာမှာလည်း လိုက်ကြည့်ရဦးမယ်။ ဘုရားရှိခိုးကျောင်းတက်တာတို့ ညစာစားပွဲသွားတာတို့ကို လိုက်ပြီး မင်းရဲ့ညနေခင်းအပေါင်းအသင်းတွေဆီကိုလည်း လိုက်ကြည့်ရဦးမယ်။ သူတို့နဲ့အတူ မင်းသိက္ခာရှိရှိ၊ သိမ်သိမ်မွေ့မွေ့ အပျော်ဖြေသလား၊ မင်းရဲ့ ယဉ်မွန်ယဉ်ကျေးမှုနဲ့ သိမ်မွေ့မှုတို့ဟာ မင်းရဲ့ပညာဗဟုသုတအတွက် အသုံးဝင်ရဲ့လားဆိုတာကို ကြည့်ရဦးမယ်။

ဒီအချက်တွေမှာ ဖေဖေစိတ်တိုင်းကျသွားရင် ဖေဖေဟာ ချက်ချင်းရုပ်လုံးပေါ်လာပြီး မင်းကို ကိုယ်ထင်ပြမယ်။ ပြီးတော့ မင်းကို အားရဝမ်းသာဖက်မယ်။ ဒီလိုမဟုတ်ဘဲ ဖေဖေမျှော်လင့်ထားတာတွေနဲ့ တစ်လွဲဖြစ်နေမယ်ဆိုရင်တော့ ဖေဖေဟာ ကိုယ်ကို ဖျောက်မြဲဖျောက်ထားပြီး အိမ်ဆီကုပ်ကုပ်ကလေးပဲ ပြန်သွားတော့မယ်။ အိမ်ရောက်တော့မှ မင်းနဲ့လောကကြီးဆိုင်စိတ်ပျက်လက်ပျက် ဖြစ်သမျှတွေကို ဖြေဖျောက်ရတော့မှာပဲ။ ဒါပေမယ့် ...မကောင်း၊ အကြောင်းမလှ ချင်တော့ ဖေဖေပြောခဲ့တဲ့ တောစောင့်နတ်၊ ...စောင့်နတ်၊ ကိုယ်စောင့် နတ်၊ မြေစောင့်နတ် စတဲ့ တန်ခိုးရှင်တွေကလည်း ...ခေတ်မှာ မရှိကြတော့ဘူး။ တန်ခိုးမပြနိုင်ကြတော့ဘူး။ ဒါတော့ ဖေဖေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ပတ်သက်လာရင် မစ္စတာဟာတီ ပို့ပေးတဲ့သတင်းတွေ၊ မင်းနဲ့တွေ့ခဲ့တဲ့ လူတွေရဲ့ ပြောစကားတွေနဲ့ပဲ ကျေနပ်ရတော့မှာပဲ။ ဒါပေမယ့် ဖေဖေဟာ မင်းအနားမှာ အမြဲရှိနေပြီး မင်းလုပ်သမျှ ပြောသမျှတွေကို မြင်နေတယ်၊ ကြားနေတယ်လို့ မင်းနှလုံးပိုက်ထားမယ်ဆိုရင်လည်း မင်းအတွက် အကျိုး မယုတ်ဘူးလို့ ဖေဖေထင်တယ်။

လောကကြီးမှာ အရေးမကြီးတဲ့ ကိစ္စကလေးတွေကို အလျှော့ပေး သဘောတူလိုက်ရတဲ့အခါတွေရှိတယ်။ (ဒါမျိုးကို ပြင်သစ်တွေကတော့ ချစ်စရာ ကောင်းတဲ့အလေ့လို့ ပြောလေ့ရှိကြတယ်။) ခုဆိုရင် မင်းဟာ လောကကြီးထဲကို ဝင်ဖို့ ခြေလှမ်းပြင်နေပြီ။ ဒီလို သဘောတူတတ်တဲ့ အတတ်ပညာမျိုးကို မင်းတတ်ရလိမ့်မယ်။ ဒီလိုမဟုတ်ရင် မင်းရဲ့ပညာတွေ၊ မင်းရဲ့လေ့လာမှုတွေဟာ စာအုပ်ကြီးဆန်နေမှာပေါ့။ တရားသေဆန်နေမှာပေါ့။ မင်းရဲ့ စကားပြောပုံ ဟာလည်း မဖွယ်မရာဖြစ်ပြီး အမြဲစိတ်မချမ်းသာစရာဖြစ်နေမှာပေါ့။ မင်းရဲ့ ပုံပန်းသဏ္ဌာန်ဟာလည်း ဘယ်လောက်ပဲအချိုးအစားကျသည်ဆိုစေ ကိုယ့်ကိုယ် ကားယား၊ ပုံပန်းမလှဖြစ်နေမှာပေါ့။ စိန်တစ်လုံးဟာ မသွေးရခင်ကတည်းက ကိုယ်ပိုင်တန်ဖိုးရှိတယ်။ ဒါပေမယ့် သွေးလို့မပြီးမချင်း ဘာမှတော့ အသုံး မကျသေးဘူး။ ဘယ်သူကမှလည်း လိုချင်မှာမဟုတ်ဘူး။ ဘယ်သူမှလည်း ဝတ်ဆင်မှာ မဟုတ်သေးဘူး။ စိန်ရဲ့ပြီးပြက်တဲ့အရောင်ဟာ စိန်သားရဲ့ ဖြော ကျော့မှု၊ အစိတ်အပိုင်းများရဲ့ ခိုင်မာတဲ့ စေ့ငြိဖွဲ့တွယ်မှုတို့က ပေါ်ထွက်လာ တယ်ဆိုတာ မှန်တယ်။ ဒါပေမယ့် သူ့ကိုသွေးပြီး အရောင်တင်မပေးခဲ့ရင် စိန်ဟာ ခပ်ကြောင်ကြောင်စိန်စုဆောင်းသူတစ်ချို့ရဲ့ သေတ္တာထဲက ညစ်ပတ်တဲ့ အကြမ်းထည် သတ္တုခဲကြီးတစ်ခဲပဲ ဖြစ်နေမှာပေါ့။ မင်းမှာ အဲဒီလို မာကျောမှု မျိုး၊ အဲဒီလို ဖွဲ့စည်းမှုမျိုးတော့ရှိတယ်လို့ ဖေဖေမျှော်လင့်တယ်။ ဒီတော့ အရောင်ထွက်အောင် ကြိုးစားဖို့ပဲလိုတော့တယ်။ ကောင်းစွာ အသုံးချတတ်ရင် ကောင်းတဲ့အပေါင်းအသင်း (ကလျာဏမိတ္တအသိုင်းအဝန်း) ဟာ မင်းကို ပုံပန်းကျအောင် ဖြတ်တောက်ပေးပြီး တကယ်စစ်မှန်တဲ့ အရည်အသွေးထွက် အောင် အရောင်တင်ပေးလိမ့်မယ်။

စိန်အကြောင်းစကားစပ်မိလို့ ပြောလိုက်ရဦးမယ်။ စက်တင်ဘာလဆန်း လောက်ဆိုရင် ဘုရင်မင်းမြတ်ရဲ့ ဝန်ကြီးဖြစ်တဲ့ ဆာဂျိမ်းဂရေး ဗင်းနစ်ကို ရောက်လာလိမ့်မယ်။ သူနဲ့အတူ ဖေဖေနဲ့ မတော်တော့ဘဲ မင့်ခြေထောက်နဲ့ တော်မယ့်စိန်ကြိုးကလေးပေးလိုက်မယ်။ မင်းဝတ်ရင် အဆင်တန်ဆာဖြစ်မှာပဲ



မဆေဝတ်ရင်တော့ ကိုယ့်ကိုကားယား ဖြစ်မှာပေါ့။ ဆာဂျိမ်းဟာ ဗင်းနစ်ရောက်ရင် ဖိတ်ချယုံကြည်ရမယ့်သူကိုရှာပြီး မင်းဆီကို ပို့ပေးလိမ့်မယ်။ စိတ်ချရတဲ့သူ ရှာမတွေ့ခဲ့ရင် ဒါမှမဟုတ် သူမရောက်ခင် မင်းက ဗင်းနစ်က ထွက်သွားခဲ့ ရင် မင်းရောက်တဲ့နေရာကို အရောက်ပို့ပေးဖို့ မင်းရဲ့ပစ္စည်းအပ်နှံသူ မွန်စီယာ ကာနက်ကို ပေးပစ်ခဲ့လိမ့်မယ်။ ခုဆိုရင် မင်းလည်းအရွယ်ရောက်ပြီ။ ဒီ အရွယ်မှာ ကိုယ့်ကိုယ်ကိုယ်ဆင်ယင်မွမ်းမံခြင်းဟာ ရယ်စရာမကောင်းရုံမျှမက ဘင့်တယ်လျောက်ပတ်တဲ့အရွယ်ဖြစ်တယ်။ ကဗျစ်ကညစ်နေခြင်းဟာ တစ်ဖက် သားရဲ့စိတ်ချမ်းသာမှုကို လျစ်လျူရှုရာရောက်တယ်။ ဒါမှမဟုတ်ရင်လည်း အခြားသူများ လိုက်နာကြတဲ့ နည်းလမ်းတွေကို မထေမဲ့မြင် ပြုရာရောက်တယ်။ ကိုယ်ခန္ဓာပြည့်ဝစွာ သန့်ရှင်းရေးဟာ မင်းရဲ့ကျန်းမာရေးအတွက် လိုအပ်သလို အခြားသူများကို အနှောက်အယှက်မဖြစ်ဖို့အတွက်လည်း လိုအပ်တာပဲ။ ကိုယ့် ကိုယ်ကိုယ် သန့်စင်ခြင်း၊ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများကို ရေမြှုပ်နဲ့ ကြာခဏတိုက်ခြင်းဟာ ကျန်းမာရေးအတွက် အထောက်အကူဖြစ်ရုံမကဘူး၊ သန့်ရှင်းရေးအတွက် အထောက်အကူဖြစ်တယ်။ ပါးစပ်၊ သွား၊ လက်နဲ့ ခြေသည်းများကို ဂရုတစိုက် သန့်ရှင်းအောင်လုပ်ခြင်းဟာ အထက်တန်းကျမှုကို ဆော်ပြတာဖြစ်တယ်။ အခြားသူများရဲ့ မျက်စေ့နဲ့ နှာခေါင်းတို့ကိုလည်း မထိ ခိုက်အောင် လုပ်ရာရောက်တယ်။

ဒီစာနဲ့အတူ ရောမမြို့မှာရှိတဲ့ ပြင်သစ်သံအမတ်ကြီး နီဗာနွိုင်းနယ်စား ကြီးကို သွားပေးဖို့ ထောက်ခံစာတစ်စောင်ရေးပေးလိုက်တယ်။ သံအမတ်ကြီးဟာ ဖေဖေတစ်သက် မြင်ဖူးခဲ့သမျှတွေထဲမှာတော့ အချောမောဆုံးယောက်ျားတစ် ယောက်ဖြစ်တယ်။ မင်းကိုယ်မင်း ပြုပြင်ချင်တယ်ဆိုရင် သူ့ထက်ကောင်းတဲ့ နမူနာစံပြမရှိတော့ဘူး။ အပြုအမူ၊ အသိမ်အမွေ့ဆိုတာ ဘာလဲဆိုတာကို မင်းကိုပြလိမ့်မယ်။ နောင်မှာ ရောမနဲ့နေပဲလ်တို့ရောက်ရင် ဘယ်လိုနေရထိုင်ရ မယ်ဆိုတာကိုလည်း ဆက်ရေးဦးမယ်။ အဲဒီမှာ အကောင်းဆုံး အထက်တန်း အကျဆုံး အသိုင်းအဝိုင်းတွေကို မပေါင်းသင်းဘူးဆိုရင်တော့ မင်းအပြစ်ပဲ။

သွားလေရာမှာ ဂျာမန်လူမျိုးတော်တော်များများကို တွေ့မှာဖြစ်လေ တော့ သူတို့နဲ့စကားပြောရင် ဂျာမန်စကားကိုပဲ အမြဲပြောစေချင်တယ်။ ဒီလို ပြောရင် မင်းလည်း ဂျာမန်စကား တိုးတက်လာမယ်။ ပြီးတော့ သူတို့ကိုလည်း သဘောကျေးသမှုပြုရာရောက်တယ်။

အီတလီကိုရောက်ရင် မင်းဟာ အီတလီစကားကို ပိုင်ပိုင်နိုင်နိုင် ပြော

www.burmeseclassic.com

www.burmeseclassic.com



နိုင်မယ်ဆိုတာ ဖေဖေ ဘာမှသံသယမဖြစ်ဘူး။ မင်းသဘောကျမယ်လို့လည်း ဖေဖေယူဆတယ်။ ဘာဖြစ်လို့လဲဆိုတော့ အီတလီစကားဟာ ပုံမှန်ဖြစ်ပြီး လွယ်လည်းလွယ်လို့ပဲ။ အာဒီယူး၊ မင်းကို ဘုရားသခင် ကောင်းချီးပေးတော်မူပါစေ။

## တ - ၅၀

လုလေး

လူတွေ၊ အကျင့်စရိုက်တွေနဲ့ အပြုအမူတွေရဲ့အကြောင်းကိုဆက်ပြီး ဆွေးနွေးကြဦးစို့။ တစ်နည်းပြောရရင်တော့ လောကကြီးအကြောင်းပေါ့ကွာ။ ဒီအကြောင်းတွေကိုသိရင် မင်းကိုယ်မင်း ပြုပြင်ရာမှာ အထောက်အကူဖြစ်နိုင်တယ်။ တစ်ခြားလူတွေကို သိနားလည်ရာမှာလည်း အထောက်အကူဖြစ်နိုင်တယ်။ ဒီအသိဟာ ဘယ်အရွယ်ကိုရောက်ရောက် အသုံးဝင်တယ်။ မင်းအရွယ်မှာတော့ ဒီအသိမျိုးရတာ ရှားတာပေါ့။ လူငယ်တွေကို ဒီအသိမျိုးပေးဖို့ဟာ ကိုယ့်အလုပ်မဟုတ်ဘူးလို့ ထင်နေကြဟန်တူတယ်။ ကျောင်းကဆရာတွေက သူတို့တစ်ဦးချင်းကို ဘာသာစကားတွေ သင်ပေးလိုက်ကြတယ်။ ဒါမှမဟုတ်ရင်လည်း အထူးထူးသော ပညာရပ်တွေကို သင်ပေးလိုက်ကြတယ်။ ဒါပေမယ့် လောကကြီးတစ်ခုလုံးအကြောင်းကိုတော့ ယေဘုယျအားဖြင့် ဘယ်မှာ သင်ပေးနိုင်ပါ့မလဲ။ မိဘတွေကလည်း သင်မပေးလိုက်ကြဘူး။ အလုပ်များလို့ပဲလား၊ နမော်နမဲ့နိုင်လို့ပဲလား၊ လောကကြီးထဲကို တွန်းပို့လိုက်ရင် လောကကြီးကသင်ပေးသွားလိမ့်မယ်လို့ပဲ ယူဆလို့လားတော့ မပြောတတ်ဘူး။ လောကကြီးက သင်ပေးလိမ့်မယ်ဆိုတာ မှန်တော့မှန်ပါတယ်။ လောကကြီးရဲ့အကြောင်းဆိုတာ သဘောတရားအရ သိရုံ၊ ခန့်မှန်းရုံနဲ့ မမှန်ဘဲကိုး။ ဒီတော့ လက်တွေ့ဝင်ကြည့်ဖို့ လုံးဝလိုအပ်တယ်။ ဒါပေမယ့် ထက်ပါတွေ၊ အကွေ့အကောက်တွေ၊ အချိုးအဆစ်တွေများတဲ့ နယ်မြေကြီးထဲကို ခရီးမထွက်ခင်မှာ အတွေ့အကြုံရှိပြီးဖြစ်တဲ့ ခရီးသည်တွေ ရေးဆွဲခဲ့တဲ့ မြေပုံကြမ်းကြီးတစ်ချပ်ရှိရင်တော့ လူငယ်အဖို့ အလွန်အသုံးကျတာပေါ့။

ဘယ်လောက်ပဲ အဖိုးထိုက်တန်တဲ့ အကျင့်စရိုက်ဖြစ်ပေစေ၊ အလေး လေးစားဖို့ သို့မဟုတ် လေးစားခြင်းခံရဖို့အတွက် ဂုဏ်သိက္ခာရှိတဲ့ အပြုအမူမှိ

www.burmeseclassic.com



လုံးဝလိုအပ်တယ်။

ဆူဆူညံညံလုပ်တာ၊ မြူးတူးပျော်ပါးတာ၊ ဟားတိုက်ရယ်တာ၊ နောက်ပြောင်တာ၊ ဝါကြွားတာ၊ ပေါက်ပန်းသေး အရောဝင်တာဟာ ကိုယ်ရဲ့အရည်အချင်းနဲ့ အသိပညာကို အထင်သေးခြင်း နွံဗွက်ကြီးထဲကို နစ်စေလိမ့်မယ်။ ဒီလိုစရိုက်တွေရှိတဲ့အတွက် ပျော်ပျော်နေတတ်တဲ့ လူပျော်တစ်ယောက်တော့ ဖြစ်ကောင်းဖြစ်လိမ့်မယ်။ ဒါပေမယ့် လူပျော်တစ်ယောက်ဟာ ဘယ်တော့မှ လေးစားထိုက်တဲ့ လူတစ်ယောက် ဖြစ်မလာဘူး။ လူသူမရွေး အရောဝင်လွန်းတာမျိုးဟာ ကိုယ့်အထက်လူကြီးတွေကို ထိခိုက်စေလိမ့်မယ်။ ဒါမှမဟုတ်ရင်လည်း ကိုယ့်ကို သူတို့တပည့်လို့ အထင်ရောက်စေလိမ့်မယ်။ ဒါမှမဟုတ်ရင်လည်း မင်းကို ဆရာလုပ်ကြလိမ့်မယ်။ ကိုယ့်လက်အောက်ငယ်သားတွေကလည်း မတန်မရာ ခြေရာတိုင်းလာကြလိမ့်မယ်။ သူတို့က ခြေရာလာတိုင်းတာဟာ စိတ်အနှောင့်အယှက်ဖြစ်ရပေမယ်။ သူတို့ကို အဆိုးမဆိုသင့်ပေဘူး။ ကိုယ်ကမှ အနေအထိုင်မတတ်ဘဲ သွားရောမိပေသကိုး။ ပျော်ပျော်နေတတ်တဲ့ လူတစ်ယောက်ဟာ လူပြောင်လူပြက်နဲ့ တူတယ်။ သူတို့နှစ်ယောက်စလုံးဟာ ဇဝနဉာဏ်နဲ့ ဘာမှမဆိုင်ဘူး။ အရည်အချင်းနဲ့ အပြုအမူကြောင့်မဟုတ်ဘဲ တစ်ခြားအကြောင်းတစ်ခုကြောင့် လူရာဝင်တာမျိုး၊ အရေးပေးခံရတာမျိုးဟာ အသိုင်းအဝိုင်းမှာ ဘယ်တော့မှ လေးစားခြင်းခံရမှာမဟုတ်ဘူး။ အသုံးချခံရမှာပဲရှိတယ်။ ဘယ်သူ့ကိုတော့ ဖိတ်ဦးမှ၊ သူက သီချင်းဆိုတတ်တယ်ဆိုတာမျိုး၊ ဘယ်သူ့ကိုတော့ ကပွဲ ဖိတ်ဦးမှ၊ သူက ကောင်းကောင်းကတတ်တယ်ဆိုတာမျိုး၊ ဘယ်သူ့ကိုတော့ ညစာစားပွဲ ကို ဖိတ်ဦးမှ၊ သူက အနောက်အရွှတ်ပြောပြီး ရယ်ရတယ်ဆိုတာမျိုး၊ ဘယ်သူ့ကိုတော့ ဖိတ်ဦးမှ သူက ဖဲကောင်းကောင်းကစားတတ်တယ်ဆိုတာမျိုး ဒါမှမဟုတ် သောက်နိုင်တယ်ဆိုတာမျိုးတွေ ရှိကြတယ်။ ဒီဂုဏ်ပုဒ်တွေဟာ ယုတ်ညံ့တဲ့ဂုဏ်ပုဒ်တွေ ဖြစ်တယ်။ အရှက်ရစေတဲ့ ဦးစားပေးမှုတွေဖြစ်တယ်။ (သူတို့ပြောနေကြသလို) အသိုင်းအဝိုင်းမှာ တစ်ခုတည်းရှိသူဟာ အဲဒီတစ်ခုပဲရှိတယ်။ အဲဒီတစ်ခုကလွဲရင် တစ်ခြားဘယ်နေရာမှာမှ လူရာမဝင်ဘူး။ ဒါ့ကြောင့်မို့ သူ့မှာ ဘယ်လိုအရည်အချင်းမျိုးရှိပေ့စေ လေးစားခြင်းခံရမှာမဟုတ်ဘူး။

သတ္တိကောင်းတာနဲ့ ဟိတ်ဟန်များတာ ခြားနားသလို၊ ဇဝနဉာဏ်ကောင်းတာနဲ့ အပြောင်အပြက်ပြောတာ ခြားနားသလို ဖေဖေပြောတဲ့ ဂုဏ်



သိက္ခာရှိတဲ့ အနေအထိုင်ဆိုတာဟာ ဘဝင်မြင့်တာနဲ့ ခြားနားတယ်။ ဒါတင်မကဘူး။ အဲဒါနဲ့ လုံးဝကိုမတူဘူး။ ဘဝင်မြင့်တာ၊ မာနကြီးတာလောက် သိမ်ဖျင်းတာ၊ အောက်တန်းကျတာရယ်လို့ တစ်ခုမှမရှိဘူး။ ဘဝင်မြင့်တဲ့ လူတစ်ယောက်ရဲ့ ဟန်ဆောင်မှုတွေဟာ မကြာခဏဆိုသလို စိတ်ဆိုးစရာထက် လှောင်ပြောင်အထင်သေးစရာ ဖြစ်ရတတ်တယ်။ သူ့ကုန်ပစ္စည်းကို မတန်တဆ ဈေးတောင်းတဲ့ ဈေးသည်တစ်ယောက်ကို ဝယ်သူက မတန်တဆ ဈေးဆစ်လိုက်သလိုပေါ့။ ဒါပေမယ့် မျှတပြီး ကျိုးကြောင်းညီညွတ်တဲ့ ဈေးကို တောင်းတဲ့ဈေးသည်ကို ဖေဖေတို့ ဈေးမဆစ်ကြပါဘူး။

အောက်တန်းကျတဲ့ မြှောက်ပင့်မှုနဲ့ သူများပြောသမျှ အဟုတ်ထင်တာမျိုးဟာ လူကိုနိမ့်ကျစေတယ်။ သူများပြောတိုင်းလိုက်ပြီး ကဏ္ဍကောစလုပ်တာနဲ့ အော်ကြီးဟစ်ကျယ် ငြင်းခုံတာကတော့ လူကို စက်ဆုပ်ရွံမုန်းစရာ ဖြစ်စေမယ်။ ဒါပေမယ့် ကိုယ့်ထင်မြင်ချက်ကို တည်ကြည်ရိုးသားစွာ ဖော်ထုတ်တာ၊ အခြားသူများရဲ့ ထင်မြင်ချက်ကို လိုက်လိုက်လှဲလှဲ သဘောတူတာဟာ ဂုဏ်သိက္ခာကို ထိန်းသိမ်းပေးတယ်။

ယုတ်ညံ့အောက်တန်းကျတဲ့ အမူအရာ၊ ကိုယ်ဟိုကားယားနိုင်တဲ့ လှုပ်ရှားဟန်နဲ့ အပြုအမူဟာ အဆင့်နိမ့်စေတယ်။ ဒီလိုအပြုအမူမျိုးဟာ စိတ်ထားအောက်တန်းကျတာ၊ ပညာရေးအောက်တန်းကျတာ၊ အပေါင်းအသင်းအောက်တန်းကျတာကို ဖော်ပြနေတာပဲ။

အသေးအဖွဲကလေးတွေကို အပေါ်ယံ စူးစမ်းချင်တာ၊ အချိန်ကုန်ခံစဉ်းစားစရာမလိုတဲ့ စဉ်းစားဖို့မကောင်းတဲ့ အသေးစား ကိစ္စကလေးတွေကို ရေးကြီးခွင်ကျယ်လုပ်ပြီး စိတ်ဝင်စားနေတာဟာ လူတစ်ယောက်ကို နိမ့်ကျစေတယ်။ ဒါကြောင့် သူဟာ ကြီးကျယ်တဲ့ ကိစ္စတွေနဲ့ မထိုက်ဘူးလို့ (တရားမျှတစွာ) ထင်တတ်ကြတယ်။ တစ်ခါမှာ ဂိုဏ်းချုပ်ကြီး ချီမီက သူဟာ ကလောင်တံတစ်ချောင်းကို သုံးနှစ်တိုင်တိုင် အသုံးပြုကြောင်း၊ သို့တိုင် အဲဒီကလောင်တံဟာ ကောင်းနေဆဲဖြစ်ကြောင်း ဂိုဏ်းချုပ်ကြီး ဒီရက်ဇ်ကို ပြောတယ်။ ဒီတော့ ဂိုဏ်းချုပ်ကြီး ဒီရက်ဇ်က ဂိုဏ်းချုပ်ချီမီဟာ စိတ်အားသေးနုတ်တယ်လို့ မှတ်ချက်ချခဲ့ဖူးတယ်။

မျက်နှာအမူအရာနဲ့ သွားလာလှုပ်ရှားပုံမှာ အပေါ်ယံအားဖြင့် တစ်စုံတစ်ခုသော အတိုင်းအတာအထိ လေးနက်ခြင်းဟာ ခန့်ငြားတဲ့ ဂုဏ်သိက္ခာရှိစေတယ်။ ဒါပေမယ့် ဇဝနဉာဏ်နဲ့ ရည်မွန်တဲ့ ရွှင်ပျမှုမျိုးမပါရင်တော့

www.burmeseclassic.com



အချည်းနှီးပဲ။ တကယ်တော့ ဇဝနဉာဏ်နဲ့ ရည်မွန်တဲ့ ရွှင်ပျမှုသာလျှင် တကယ်အမှန် လေးနက်တဲ့ အရာတွေ ဖြစ်တယ်။ မျက်နှာက အမြဲတမ်း ပြုံးစိပြုံးစိလုပ်နေတာ၊ ကိုယ်အပြုအမူက ဆောင့်ကြွားကြွားဖြစ်နေတာတွေဟာ အနှစ်မဲ့ခြင်းကိုပြတဲ့ အဓိကလက္ခဏာချက်တွေပဲ။ ပျာယာခတ်နေတဲ့သူကို မြင်ရင် သူလုပ်တဲ့အလုပ်ဟာ သူ့အတွက် သိပ်ကြီးနေတယ်ဆိုတာကို ပြတယ်။ လျင်မြန်တာနဲ့ ပျာယာခတ်တာဟာ အလွန်ခြားနားတဲ့ အရာတွေ ဖြစ်တယ်။

ခု ဖေဖေပြောနေတဲ့အချက်တွေဟာ (တစ်ခြားနေရာတွေမှာ ဘယ်လောက်ပဲ အဖိုးတန်တန်) လောကရဲ့အမြင်မှာ လူ့စရိုက်ကို အထင်သေးအမြင်သေးဖြစ်စေမယ့် အချက်တွေဖြစ်တယ်။ ဒါပေမယ့် စာရိတ္တကို ထိခိုက်စေမယ့် တစ်ခြားအချက်တွေကို ဖေဖေမပြောသေးဘူး။ ဒါတွေကတော့ မင်းလည်း သိပြီးသားပဲ။ ခြေထောက်နဲ့ အကန်ခံရတဲ့ လူတစ်ယောက်ဟာ သတ္တိရှိချင်ယောင်ဆောင်နိုင်သလို မကောင်းမှုတွေ၊ ဒုစရိုက်တွေနဲ့ ပျက်စီးနေတဲ့ လူတစ်ယောက်ဟာလည်း သူတော်ကောင်းယောင် ဂုဏ်သိက္ခာရှိသယောင် ဆောင်နိုင်တာပဲ။ ဒါပေမယ့် အပြင်ပန်းအားဖြင့် ရည်မွန်ပြီး အပြုအမူအားဖြင့် ဂုဏ်သိက္ခာရှိသူတစ်ယောက်ဟာ ဒါတွေမရှိသူထက်တော့ နစ်မြုပ်ကျဆုံးသွားရမယ့်ဘေးကို ပိုပြီး ကြံ့ကြံ့ခံနိုင်တာ အမှန်ပဲ။ ဟန်ဆောင်ပြီး တမင်လုပ်ထားရသည့်တိုင် အနည်းနဲ့အများတော့ တေတ်သေးတယ်လို့ ဆိုရမှာပဲ။ စာကို မကြာခဏဖတ်ပါ။ အတတ်နိုင်ဆုံး အာရုံစိုက်ပြီးဖတ်ပါ။ စီဇာရိုရဲ့ "ရာထူးဌာနန္တရ" ဆိုတဲ့ကျမ်းနဲ့ "လောကကျင့်ဝတ်" ကျမ်းတို့ကို ဖတ်ပါ။ တတ်နိုင်ရင် အာဂုံဆောင်ပါ။ အဲဒီကျမ်းတွေထဲမှာ ဂုဏ်သိက္ခာရှိတဲ့ အမူအကျင့်ရှိဖို့အတွက် လိုအပ်တဲ့အရာတွေ အကုန်ပါတယ်။

နောက်တစ်ပတ်စာထဲမှာ နန်းတော်တွေရဲ့ မြေပုံကြီးတွေကို ပို့လိုက်မယ်။ မင်းစူးစမ်းရှာဖွေခြင်း မပြုရသေးသော်လည်း၊ တစ်နေ့မှာ မင်းကျင်လည်ကျက်စားရမည့် နယ်မြေပဲ။ လောကထုံးတမ်းဆိုတာ ယေဘုယျအားဖြင့် ကွေ့ကောက်ပြီး အချိုးအဆစ်တွေ များတယ်။ တစ်ခါတစ်ရံမှာ နှင်းဆီတွေနဲ့ ခင်းထားပြီး တစ်ခါတစ်ရံမှာလည်း ဆူးတွေနဲ့ ပြည့်နေတယ်။ အပေါ်ယံ မျက်နှာပြင်က ညီညာချောမွေ့နေပေမယ့် စောက်နက်လှစွာသော ကျင်းကြီးတွေနဲ့ နွံဗွက်တွေ ရှိနေတတ်တယ်။ လမ်းအားလုံးဟာ ချော်ကျိနေပြီး ချော်လဲမှုတိုင်းဟာ အန္တရာယ်ကြီးတယ်။ ဒီခရီးကို စ,ထွက်စဉ်မှာ အသိဉာဏ်နဲ့ ဦးတည်ချက်ရှိမှ ဖြစ်မယ်။ ဒီအရာတွေရှိသည့်တိုင်အောင် နောင်မှာ



အတွေ့အကြုံက မင်းကို လမ်းညွှန်သည်အထိ မင်းဟာ မကြာခဏ လမ်းမှားပြီး လဲနေဦးမှာပဲ။

လေဒီချက်စတာဖီးလည်း ဂျာမန်ဘာသာနဲ့ ရေးလိုက်တဲ့ မင့်စာကို လှတယ်။ ကျေးဇူးတင်ပါတယ်တဲ့။ အသုံးအနှုန်းလည်း မှန်တယ်တဲ့။ လက်ရေးတွေကလည်း လှတယ်။ မင်း အင်္ဂလိပ်လက်ရေးထက်တောင် လှသေးတယ်။ ဂျာမန်လို မကြာခဏရေးပါ။ ဒီနည်းအားဖြင့် နောင်မှာ ဂျာမန်ဘာသာနဲ့ ကျွမ်းကျင်ရင်းနှီးပါလိမ့်မယ်။ အာဒီးယူး

www.burmeseclassic.com

www.burmeseclassic.com

**၈ - ၅၁**

စက်တင်ဘာ ၁၂၊ ၁၇၄၉

လူလေး

မင်းရဲ့ကောင်းသတင်းကို လူတော်တော်များဆီက ကြားရတယ်။ အဲဒီလို ကြားရလေလေ ဖေဖေစိုးရိမ်လေလေပဲ။ ဒီလိုပြောတော့ ထူးဆန်းကောင်း ထူးဆန်းနေမယ်။ ဒါပေမယ့် အဖြစ်ကတော့ အမှန်ပဲ။ ဖေဖေက မင်းကို အများကြီး မျှော်လင့်ထားလေတော့ မျှော်လင့်သလိုဖြစ်မလာမှာကို စိုးရိမ်မိတာပေါ့။ ခုတော့ မင်းလည်း ဆိပ်ကမ်းကို ရောက်လုပါပြီ။ ဒီဆိပ်ကမ်းကို ချောချောမောမောရောက်အောင် ဖေဖေအတတ်နိုင်ဆုံး ကြိုးစားပို့ခဲ့ရတာ မဟုတ်လား။ ဆိပ်ကမ်းကို လှမ်းမြင်ရချိန်ရောက်မှ သင်္ဘောများ ပျက်လေမလားလို့ စိုးရိမ်ရတာလည်း အမောပဲ။ ဒါကြောင့် ဒီစာကို မိဖတစ်ယောက် အနေနဲ့မဟုတ်ဘဲ မိတ်ဆွေတစ်ယောက်အနေနဲ့ ရေးလိုက်တယ်။ ဖေဖေ့ကို ချစ်ခင်သောအားဖြင့် (ချစ်ခင်စရာအကြောင်းလည်း ရှိလိမ့်မယ်လို့ ဖေဖေ ထင်တယ်။) မင်းကိုယ်မင်း လေးစားသောအားဖြင့် မင်းအလုပ်ကို ဂရုမမူ စိုက်ပြီး သတိဝီရိယနဲ့ ပြီးအောင်လုပ်ဖို့ ဖေဖေတိုက်တွန်းချင်တယ်။ ခုအထိ တော့ မင်းလုပ်ခဲ့သမျှဟာ ပြောစရာမရှိလှပါဘူး။ ပန်းတိုင်ကိုလည်း ရောက် လုနီးနေပြီမဟုတ်လား။ ဖေဖေ့ဆန္ဒနဲ့ သဘောထားကတော့ ပညာတတ် အသိုင်းအဝိုင်းမှာရော ယဉ်ကျေးတဲ့ အသိုင်းအဝိုင်းမှာပါ တောက်ပစေချင် တယ်။ သူများထက် ထူးခြားစေချင်တယ်။ ဒီလိုလုပ်နိုင်တဲ့လူ အရှားသား ကလား။ စာပေကျမ်းဂန်ကို နက်နက်ရှိုင်းရှိုင်း လိုက်စားလွန်းသွားရင် အများအားဖြင့် ဟိတ်ဟန်များတဲ့ ပညာရှိကဝိ ဆန်သွားတတ်တယ်။ အနည်း ဆုံး ခွတီးခွကျနဲ့ လူရေးလူရာ နားမလည်တဲ့ လူကြောင်ဖြစ်သွားတတ်တယ်။ သိပ်ပြီး ယဉ်ကျေးသိမ်မွေ့လွန်း၊ လောကဓမ္မတာကို လိုက်လွန်းရင်လည်း



ကြောခဏဆိုသလို အသိပညာနဲ့ ဝေးသွားတတ်တယ်။ ညှော်ခန်းဆောင် ထဲက ပေါ့ပေါ့လွင်လွင် ပကာသနတွေထဲမှာ နစ်မွန်းပြီး အထင်သေးစရာ ဖြစ်တတ်တယ်။ ခုဆိုရင် မင်းဟာ ခက်ခဲပြီး ပျင်းစရာကောင်းတဲ့ သင်ခန်းစာ တွေကို လွန်ခဲ့ပြီး ကျန်တာတွေကတော့ ဒီလောက် ဒုက္ခခံစရာ မလိုတော့ ဘူး။ အချိန်ပေးဖို့ပဲ လိုတော့တယ်။

မင်းနေထိုင်မကောင်းဖြစ်လိုက်တော့ အချိန်တွေ ဆုံးရှုံးသွားခဲ့တာ ပေါ့။ ဒီဆုံးရှုံးသွားတဲ့အချိန်တွေကို အခုချက်ချင်း ပြန်ရအောင်ယူပါ။ ခုမှ မယူရင် နောင်ဘယ်တော့မှ ရတော့မှာ ရတော့မှာမဟုတ်ဘူး။ ဒါကြောင့်မို့ ခုအချိန်ကစပြီး နောက်လာမယ့် ခြောက်လအတွင်းမှာ မနက်တိုင်း အနည်း ဆုံး ခြောက်နာရီတောက်လျှောက် မစ္စတာဟာတီနဲ့ စာသင်စေချင်တယ်။ ဒါ မင်းအတွက် ပြောနေတာ။ သူကတော့ ခြောက်နာရီမလိုဘူးလို့ ထင်ကောင်း ထင်မယ်။ ဒါပေမယ့် ဖေဖေ့အဖို့တော့ လိုတယ်။ လိုတယ်ဆိုတာ ဖေဖေ သိတယ်။ ခြောက်နာရီအချိန်ပေးဖို့ သူ့ကို ပြောနိုင်လိမ့်မယ်လို့ မျှော်လင့် တယ်။ ခြောက်နာရီဟာ များတယ်ဆိုတာ ဖေဖေသိပါတယ်။ ဒါပေမယ့် ဒီလို ဝီရိယစိုက်ထုတ်ပြီး လုပ်လိုက်ရင် အချိန်လည်း မြန်သွားမယ်၊ ပိုလည်း ဘာသွားမယ်ဆိုတာသိရင် မင်းတို့နှစ်ယောက်စလုံးပဲ များတယ်လို့ထင်မှာ မဟုတ်တော့ပါဘူး။ မင်းတို့နှစ်ယောက်စလုံးအဖို့လည်း ကောင်းသွားတာ ပေါ့။ ဒီတော့ မင်းဘက်က ဉာဏ်ရှိရှိ၊ မစ္စတာဟာတီဘက်ကလည်း စေတနာ ရှိရှိ၊ ကြင်နာမှုရှိရှိနဲ့ လုပ်သွားမယ်လို့ ဖေဖေမျှော်လင့်တယ်။ အဲဒီမနက်ခင်း တွေအကြောင်းတော့ ဒီလောက်ပါပဲ။ ညနေခင်းတွေကိုတော့ ပျော်မှုပါးမှု ပွဲလမ်းသဘင်တွေအတွက် ဦးစားပေးသင့်တယ်။ ဒီလိုဦးစားပေးတာဟာ ဆင်ခြင်ဉာဏ်ရှိရာရောက်ရုံတင် မကဘူး။ အသုံးလည်းဝင်တယ်။ ဒါကြောင့်မို့ ညနေခင်းတွေကို မိတ်ဆုံပွဲတွေ၊ ကပွဲတွေ၊ ပြပွဲတွေနဲ့ ရည်မွန်တဲ့ အသိုင်း အဝိုင်းတွေကြားမှာ အသုံးချဖို့ ဖေဖေခွင့်ပြုတယ်။ ခွင့်ပြုရုံတင်မက တိုက်လည်း တိုက်တွန်းတယ်။ အဲ- တစ်ခုတော့ရှိတယ်။ ညနေခင်း ပျော်မှုပါးမှုတွေ ကြောင့် နောက်တစ်နေ့မနက်မှာ သင်ခန်းစာတွေ ပျက်ကွက်တာမျိုးတော့ မဖြစ်သင့်ဘူးပေါ့။ မနက်စာမစားဘဲနေတာ၊ လျှောက်လည်တာ၊ ကျောင်း ကိုသွားပြီး အချိန်ဖြုန်းတာမျိုးတွေ မရှိသင့်ဘူးပေါ့။ မနက်ပိုင်းအထိ အိပ်ရာထဲမှာ နေဖို့ပြောရင်လည်း မစ္စတာဟာတီဆီမှာ သင်တန်းတက်ရမှာဖြစ်တဲ့ ခွင့်လွှတ်ချိန် ပြောပြရမယ်။ အဖေက ဒီလိုအလုပ်ခိုင်းထားကြောင်း၊ အဖေက ခြောက်နာရီ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် မလုပ်ရဲကြောင်းကို ပြောပြရမယ်။ မင်းအရွယ်မှာ ဒီလိုပြောရတာဟာ ဘာမှရှက်စရာမရှိဘူး။ ဒီတော့ ဖေဖေ့အပေါ်ကိုသာ လွှဲချလိုက်။ ပြောလို့သာ ပြောတာပါ။ ဒီကိစ္စမှာတော့ မင်းလည်း ဖေဖေနဲ့ သဘောတူမှာပါ။ ပေါ့ပေါ့လွှင်လွှင်၊ အားအားယားယားနေတတ်သူတွေဟာ အချိန်ကို နည်းနည်းကလေးမှ မနမြောဘူး။ တစ်ခြားသူတွေကိုလည်း သူတို့လိုပဲ အချိန်တွေကို အလဟဿကုန်စေချင်ကြတယ်။ ဒီလိုလူတွေနဲ့သွားပြီး ငြင်းခုံနေလို့တော့ အပိုပဲ။ သူတို့နဲ့သွားပြီး ငြင်းခုံနေရင် သူတို့ကို သိပ်အလေးထားရာတောင် ရောက်နေသေးတယ်။ အကောင်းဆုံးကတော့ ကျွန်တော် မလုပ်ဘူးလို့ ပြတ်ပြတ်တောင်းတောင်း ပြောမယ့်အစား ကျွန်တော်မလုပ်နိုင်ဘူး၊ မလုပ်ရဲဘူးလို့ ယဉ်ယဉ်ကျေးကျေးနဲ့ ခပ်တိုတိုပြောလိုက်တာဟာ အကောင်းဆုံးပဲ။ သူတို့ကို စာကျက်ဖို့လိုတဲ့အကြောင်း၊ ပညာရှိမှ လူရာဝင်ကြောင်း စတာတွေကို သွားပြောနေရင် သူတို့အတွက် ပြောင်စရာ လှောင်စရာစကားလုံးများ ပေးသလိုတောင် ဖြစ်နေလိမ့်ဦးမယ်။

ရောမကို ရောက်ရင်တော့ မစ္စတာဟာတီနဲ့အတူ မနက်တိုင်း ခြောက်နာရီလုံးလုံး တောက်လျှောက် စာကျက်လိမ့်မယ်၊ ညနေခင်းများမှာ ရောမမှာရှိတဲ့ ရည်မွန်တဲ့ အသိုင်းအဝိုင်းတွေနဲ့အတူ ရှိလိမ့်မယ်၊ သူတို့ဆီက ကောင်းတဲ့ နမူနာတွေကိုယူလိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။ ရောမမှာ စာမတတ်ပေမတတ်၊ အားအားယားယားနဲ့ လျှောက်သွားနေတဲ့ အင်္ဂလိပ်လူမျိုးတွေရှိတတ်တယ်။ သူတို့မှာ အလုပ်အကိုင်ရယ်လို့လည်း မရှိဘူး။ စားမယ်၊ သောက်မယ်၊ ညအချိန်မတော် သူများအိမ်မှာနေမယ်ဆိုတဲ့ လူမျိုးတွေ။ မူးရင် ရန်ဖြစ်မယ်၊ ရိုက်မယ်၊ နှက်မယ်။ မမူးတော့လည်း ဘယ်တော့မှ ပေါင်းလို့သင်းလို့မကောင်းတဲ့ လူမျိုးတွေ အများကြီးရှိတတ်တယ်။ အဲဒီလူမျိုးတစ်ယောက်ကို တွေ့တယ်လို့ သဘောထားပြီး သူနဲ့မင်း ဘယ်လို စကားပြောကြသလဲဆိုတာ ဖေဖေစိတ်ကူးနဲ့မှန်းပြီး ရေးပြလိုက်မယ်။ သူ့ဘက်က ပြောမယ့်စကားကို ဖေဖေ မှုသေထားရေးလိုက်ပြီး မင်းပြောမယ့်စကားကို မှန်းပြီး ရေးလိုက်တယ်။

**အင်္ဂလိပ်**။ ။ မနက်ဖြန်ကျရင် ကိုယ်တို့နဲ့လာပြီး မနက်စာ စားပါလား။ ကိုယ်တို့အမျိုးသားလေးငါးယောက်လောက် ရှိမယ် ထင်တယ်။ မြင်းအပျော်စီးပြိုင်ပွဲကလေးလည်း ပါမယ်။



မနက်စာ စားပြီးရင် မြို့ပြင်တစ်နေရာရာ ရထားနဲ့ ထွက်ကြတာပေါ့။

**တန်းဟုတ်**။ ။ ဝမ်းနည်းပါတယ်ဗျာ။ ကျွန်တော် လိုက်နိုင်မှာမဟုတ်ပါဘူး။ တစ်မနက်လုံး အိမ်မှာ နေရမှာပါ။

**အင်္ဂလိပ်**။ ။ ဒီလိုဆို ကိုယ်တို့လာပြီး မနက်စာ စားမယ်လေ။

**တန်းဟုတ်**။ ။ ဒါလည်း လက်မခံနိုင်ပါဘူးခင်ဗျာ။ ကျွန်တော် မအားပါဘူး။

**အင်္ဂလိပ်**။ ။ နောက်နေ့ဆိုရင်ကော။

**တန်းဟုတ်**။ ။ အမှန်ပြောရမယ်ဆိုရင်တော့ မနက်ပိုင်းမှာ မဖြစ်နိုင်ပါဘူး။ ကျွန်တော်က မနက်ပိုင်းမှာ အပြင်လည်း မထွက်ပါဘူး။ ဆယ့်နှစ်နာရီမထိုးခင်အထိ ဘယ်သူ့ကိုမှလည်း မတွေ့ပါဘူး။

**အင်္ဂလိပ်**။ ။ မောင်ရင်က နေ့လည်ဆယ့်နှစ်နာရီထိအောင် ဘာတွေများ လုပ်နေလို့လဲ။

**တန်းဟုတ်**။ ။ ကျွန်တော်တို့မှာ လေ့လာစရာတွေ ရှိပါတယ်။ စာဖတ်တယ်။ စကားပြောတယ်။

**အင်္ဂလိပ်**။ ။ ဟာ ပျော်စရာကြီးပါလား။ မင်းက အမိန့်တွေ နာခံနေရတာပေါ့။

**တန်းဟုတ်**။ ။ ဟုတ်ပါတယ်။ ကျွန်တော့်အဖေအမိန့်ကို နာခံရမယ်လို့ ကျွန်တော်ထင်ပါတယ်။

**အင်္ဂလိပ်**။ ။ မိုင်တစ်ထောင်လောက်ဝေးတဲ့နေရာက အဖိုးကြီးကိုများ ကြောက်နေရသေးသလားကွာ။

**တန်းဟုတ်**။ ။ ကျွန်တော်က သူ့အမိန့်တွေကို အလေးမထားရင် ကျွန်တော် ကျားထိုးတာကိုလည်း သူက အရေးမစိုက်ဘဲ နေမှာပေါ့။

**အင်္ဂလိပ်**။ ။ ဘာလဲကွ။ အဖိုးကြီးက မင်းကို ခြိမ်းခြောက်ထားလို့လား။ ကြောက်တယ်ဆိုတာ တော်တော်နဲ့မပျောက်တတ်ဘူးနော်။ ကြောက်တာတွေ၊ ခြိမ်းခြောက်တာတွေ ဘာတွေကို ခေါက်ထားလိုက်စမ်းပါ။

**တန်းဟုတ်**။ ။ ဟင့်အင်း။ အဖေက သူ့တစ်သက်မှာ ကျွန်တော့်ကို တစ်ခါမှ မခြိမ်းခြောက်ဖူးပါဘူး။ ဒါပေမယ့် သူစိတ်ဆိုး

www.burmeseclassic.com



အောင်နေရင် အကောင်းဆုံးပေါ့ဗျာ။

**အင်္ဂလိပ်။** ။ သွားပြီ။ သွားပြီ။ ကေ့န္တ အဖိုးကြီးဆီက ကြိမ်းစာရောက်ပြီထင်တယ်။ တစ်သက်လုံးခံပေါ့ကွာ။

**စတန်းဟုတ်။** ။ ခင်ဗျားတွက်တာ သိပ်လွဲသွားပြီဗျ။ ကျွန်တော့်အဖေက သိပ်ပြောနေတာမဟုတ်ဘူး။ လုပ်စရာရှိရင် လုပ်သွားတာပဲ။ ကျွန်တော်မှတ်မိသလောက် အဖေက ခုထိကျွန်တော့်ကို တစ်ခါမှ စိတ်မဆိုးဖူးသေးဘူး။ ဒါပေမယ့် သူစိတ်ဆိုးအောင် သွားလုပ်ရင်တော့ ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး။ စိတ်ဆိုးမိပြီဆိုရင် မရတော့ဘူး။ ကျွန်တော်က ဘယ်လောက်ပဲ တောင်းပန် တောင်းပန် အလကားပဲ။

**အင်္ဂလိပ်။** ။ အဖိုးကြီးကို ခေါက်ထားလိုက်စမ်းပါကွာ။ နို့ နေစမ်းပါဦး။ မင်းရဲ့အခြောက် နို့ထိန်းကိုကော နားထောင်ရသေးသလား။ သူ့နာမည် ဘယ်သူ။ မစ္စတာ ဟာတီ၊ ဟုတ်လား။

**စတန်းဟုတ်။** ။ ဟုတ်ပါတယ်။

**အင်္ဂလိပ်။** ။ ဒါဖြင့် သူက တစ်မနက်လုံး မင်းခေါင်းထဲကို ဂရိစာတွေ၊ လက်တင်စာတွေ၊ ယုတ္တိဗေဒတွေ ရိုက်သွင်းနေတာပဲလား။ ကိုယ့်မှာလည်း အခြောက်နို့ထိန်းတစ်ယောက် ရှိပါတယ်။ အီးဂတ်တဲ့။ ဒါပေမယ့် သူနဲ့အတူ တစ်ခါမှ စာအုပ်တစ်အုပ်ကို အတူမဖတ်ဖူးဘူး။ ခုဆို သူ့မျက်နှာကို မမြင်ရတာ တစ်ပတ်လောက်တောင် ရှိသွားပြီ။ မမြင်ရလည်းနေပေါ့ကွ။ ဂရုစိုက်လို့။

**စတန်းဟုတ်။** ။ ကျွန်တော့်ဆရာကတော့ ဘယ်တော့မှ မဟုတ်တယုတ်မဖြစ်စေချင်ဘူး။ ဒါကလည်း ကျွန်တော်ကောင်းဖို့ပါ။ ဒါ့ကြောင့်မို့ ကျွန်တော်ကတော့ သူနဲ့အတူ ရှိတာကိုသဘောကျတယ်။

**အင်္ဂလိပ်။** ။ တော်ပါပေတယ်ဗျာ။ ချီးကျူးထိုက်ပါပေတယ်။ ဒီအတိုင်းသာဆိုရင်တော့ မောင်မင်းကြီးသား ကောင်းစားဦးမှာပါပဲ။



**စတန်းဟုတ်။** ။ ဘာဖြစ်လို့လဲဗျာ။ ဒီလိုနေတာ ဘယ်သူ့မှ အန္တရာယ်မရှိပါဘူး။

**အင်္ဂလိပ်။** ။ ကဲ ဒီလိုဆိုရင် မောင်ရင် မနက်ဖြန်ညနေမှာ ကိုယ်တို့နဲ့လိုက်နိုင်မလား။ မနက်ဖြန် ညဆယ်နာရီလောက်ပေါ့၊ ဝိုင်းကောင်းကောင်းရှိတယ်။ ပျော်ကြတာပေါ့။

**စတန်းဟုတ်။** ။ သိပ်လိုက်ချင်ပါတယ်ဗျာ။ ဒါပေမယ့် မနက်ဖြန်မှာလည်း တစ်ညနေလုံး ကျွန်တော်မအားပါဘူး။ ပထမ ဂိုဏ်းချုပ်ကြီး အယ်တာနီဆီကို သွားရပါမယ်။ ပြီးတော့ ဗီယင်နာ အမျိုးသမီး သံအမတ်ကြီးနဲ့ ညစာစားဖို့ ရှိပါတယ်။

**အင်္ဂလိပ်။** ။ မောင်ရင်က နိုင်ငံခြားသားတွေနဲ့ ပေါင်းရတာကို တော်တော် သဘောကျတယ်နော်။ ကိုယ်ကတော့ ဘယ်တော့မှ သူတို့နဲ့ မရောဘူး။ အဆောင်အယောင်တွေ၊ အခမ်းအနားတွေကို စိတ်ပျက်လွန်းလို့။ သူတို့နဲ့နေရတာ တစ်မျိုးကြီးပဲ။ သက်တောင့်သက်သာ မရှိဘူး။ ဘာဖြစ်လို့လဲတော့မသိဘူး။ နည်းနည်းလည်း ရှက်တယ်။

**စတန်းဟုတ်။** ။ ကျွန်တော်ကတော့ ကြောက်လည်းမကြောက်ဘူး။ ရှက်လည်း မရှက်ပါဘူး။ သူတို့နဲ့နေရတာ လွယ်ပါတယ်။ သူတို့ကလည်း ကျွန်တော်နဲ့နေရတာ လွယ်ပါတယ်။ ကျွန်တော်က သူတို့စကားလည်း တတ်တယ်။ သူတို့နဲ့ စကားပြောခြင်းအားဖြင့် သူတို့စရိုက်ကိုလည်း သိရတယ်။ ဒါကြောင့် ကျွန်တော်တို့ကို နိုင်ငံခြားကို လွှတ်လိုက်တာ မဟုတ်ဘူးလား။

**အင်္ဂလိပ်။** ။ မောင်ရင်ရဲ့ အမျိုးသမီးအပေါင်းသင်းတွေကိုတော့ ကိုယ်မုန်းတယ်။ အထက်တန်းစားဆိုတဲ့ အမျိုးသမီးတွေလေ။ သူတို့နဲ့တွေ့ရင် ဘာပြောလို့ပြောရမှန်းတောင် မသိဘူး။

**စတန်းဟုတ်။** ။ ခင်ဗျားက သူတို့နဲ့ကော စကားပြောဖူးလို့လား။

**အင်္ဂလိပ်။** ။ ဟင့်အင်း။ ကိုယ်က ဘယ်တော့မှ သူတို့နဲ့ စကားမပြောဘူး။ ဒါပေမယ့် တစ်ခါတစ်လေတော့ သူတို့အသိုင်းအဝိုင်းထဲ ရောက်သွားတတ်တယ်။ ကိုယ်က သွားချင်လို့ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**စတန်းဟုတ်။** ။ အနည်းဆုံး သူတို့က ခင်ဗျားကို ဘာမှ ထိခိုက်နာကျင်အောင် မလုပ်ပါဘူးဗျာ။ ခင်ဗျားက သူတို့အကြောင်း မကောင်းပြောတာက ပိုပါလိမ့်ဦးမယ်။

**အင်္ဂလိပ်။** ။ ဟုတ်တယ်။ ကိုယ်ပြောတယ်။ ဒါပေမယ့် မောင်ရင့်အထက်တန်းစား အမျိုးသမီးတွေနဲ့ တစ်နှစ်နေရတာနဲ့စာရင် ကိုယ့်ကိုခွဲစိတ်တဲ့ ဆရာဝန်နဲ့ နှစ်ဝက်နေလိုက်ချင်သေးတယ်။

**စတန်းဟုတ်။** ။ ဒါကတော့ အကြိုက်အမျိုးမျိုးပေါ့ဗျာ။ လူတိုင်း ကိုယ့်အကြိုက်ကိုယ် လိုက်ကြတာပဲ။

**အင်္ဂလိပ်။** ။ ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမယ့် အဲဒီအကြိုက်တွေထဲမှာ မကောင်းတဲ့အကြိုက် ရှိသေးတယ်ကွ။ မင်းအကြိုက်ကတော့ မကောင်းတဲ့အကြိုက်။ တစ်မနက်လုံး ယောကျ်ားအထိန်းနဲ့နေတယ်။ ညနေကျတော့ ဟန်ဆောင်ပန်ဆောင် အထက်တန်းလွှာတွေနဲ့နေတယ်။ တစ်နေ့လုံး အင်္ဂလန်မှာရှိတဲ့ အဖိုးကြီးကို ကြောက်နေရတယ်။ မင်းဆိုတဲ့ကောင်က တော်တော်ကြောင်တဲ့ကောင်။ မင်းနဲ့ပေါင်းလို့ ဘာမှသိပ်အကျိုးများမှာ မဟုတ်ပါဘူး။

**စတန်းဟုတ်။** ။ အင်း၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ။

**အင်္ဂလိပ်။** ။ ကောင်းပြီလေ။ ဒီလိုဆို ဝွတ်နိုက်ပေါ့။ ဒီနေ့ည ကိုယ်တော့ နည်းနည်းမူးအောင် ချလိုက်ဦးမယ်။ မင်း မကန့်ကွက်ဘူးမဟုတ်လား။

**စတန်းဟုတ်။** ။ အမယ်လေး။ မကန့်ကွက်ပါဘူးဗျာ။ မနက်ဖြန်မနက်မှာ အရက်နာကျနေရင်လည်း ကျွန်တော်က အနေသာကြီးပါ။ အရက်နာကျမှာကလည်း သေချာပါတယ်။ ကဲ ဝွတ်နိုက်ပါပဲ။

ဒီနေရာမှာ ထိထိမိမိရှိတဲ့ ချေပချက်တွေကို ဖေဖေ ရေးမပြလိုက်ပါဘူး။ ဒီလိုဟာမျိုးနဲ့တွေ့ရင် ထိထိမိမိ ချေပချက်တွေဟာ မင့်ခေါင်းထဲမှာ အလိုလို ရောက်လာမှာပဲဆိုတာလည်း ဖေဖေသိပြီးသားပါ။ ဖေဖေကို ချစ်တာနဲ့ ရိုသေလေးစားတာ၊ မစ္စတာဟာတီကို လေးစားတာနဲ့ မိတ်ဆွေသဖွယ် ခင်မင်တာ၊ မင်းရဲ့အကျင့်သီလနဲ့ လူတစ်ယောက်၊ သားတစ်ယောက်၊ တပည့်တစ်



ယောက်၊ နိုင်ငံသားကောင်းတစ်ယောက်အနေနဲ့ တာဝန်ဝတ္တရားတွေ စသဖြင့်ပြောစရာတွေ အများကြီးရှိတာပေါ့။ ဒီလို ခိုင်မာတိကျတဲ့ ချေပချက်တွေ၊ ပြောစရာတွေဟာ သူတို့လို ဉာဏ်တိမ်တဲ့ ခွေးကလေးတွေကို သွားပြောနေလို့လည်း သဲထဲရေသွန်ပဲ ဖြစ်မှာပဲ။ သူတို့ရဲ့ မသိမိုက်မဲမှု၊ ညစ်ပတ်ပြီးကျက်သရေမရှိတဲ့ ဒုစရိုက်တွေထဲမှာ နေရစ်ခဲ့ပေစေပေါ့။ အချိန်နှောင်းတဲ့အခါမှာ သူတို့ရဲ့ အကျိုးသက်ရောက်မှုတွေကို ခံစားရပြီး စိတ်ဆင်းရဲရလိမ့်မယ်။ အသက်လည်း ကြီးလာရော၊ တွေ့ကရာကို ပေါက် ပန်းဈေးစားခဲ့တဲ့ ဝမ်းဗိုက်ကလည်း မကောင်း၊ ခန္ဓာကိုယ်ကလည်း အိုမင်းယွင်းရော် အဲဒီအခါမှာ ခိုလှုံစရာပညာရယ်လို့လည်း မရှိတဲ့အခါကျတော့ သိပ်စိတ်ဆင်းရဲရပြီး ဂုဏ်သိက္ခာမရှိတဲ့အဖြစ်ကို ရောက်ရတော့တာပဲ။ ကိုယ်နဲ့မတူတဲ့သူတွေကို လှောင်ပြောင်သရော်တဲ့ အဲဒီလိုလူမျိုးတွေရဲ့ လှောင်ပြောင်မှုတွေဟာ ဉာဏ်ပညာရှိသူတွေရဲ့ အမြင်မှာတော့ တကယ်စစ်မှန်တဲ့ ချီးမြှောက်ဂုဏ်ပြုမှုနဲ့ အတူတူပဲ။ ဒီတော့ ကိုယ်လျှောက်ရမယ့်လမ်းကို ဆက်လျှောက်ပါ ငါ့သား။ တစ်နှစ်ခွဲလောက်ပဲ ရှိတော့တယ်။ ဖေဖေ ဒီလောက်ပဲ တိုက်တွန်းချင်တယ်။ အဲဒီနောက်မှာတော့ မင်းဟာ မင်းရဲ့အရှင်သခင် ဖြစ်လာမှာပဲ။ အဲဒီအခါမှာ ဖေဖေဟာလည်း မင်းရဲ့အကောင်းဆုံးနဲ့ အစစ်မှန်ဆုံးမိတ်ဆွေဆိုတဲ့ဘွဲ့မှအပ တစ်ခြား ဘာကိုမှ မတောင်းဆိုလိုတော့ပါဘူး။ ဖေဖေ့ဆီက အမိန့်မဟုတ်တော့ဘဲ အကြံဉာဏ်ပဲ ရတော့မယ်။ အမှန်ပြောရရင်တော့ လူငယ်နဲ့ အတွေ့အကြုံရှိသေးသူတို့ လိုအပ်တဲ့ အကြံဉာဏ်မှအပ အခြားအကြံဉာဏ်လည်း လိုတော့မှာ မဟုတ်တော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

## စာ - ၅၂

လူလေး

ပီယဆေးတို့၊ အနုဆေးတို့ဆိုတာတွေကိုသာ ဖေဖေယုံခဲ့ရင် မင်းဟာ ဆာချားလ်စ်ဝီလျံကို ဒီဆေးတွေ သုံးလိုက်ပြီလို့တောင် ဖေဖေသံသယဖြစ်မိမှာပဲ။ ဆာချားလ်က ဖေဖေ့ကိုသာမက တွေ့သမျှ လူတိုင်းကို မင်းအကြောင်း အကောင်းတွေ ပြောလိုက်တာ ရွှန်းရွှန်းဝေလို့ပါကလား။ မင်း ဗဟုသုတစုံပုံနဲ့ ပတ်သက်လို့ သူဘယ်လိုပြောသလဲဆိုတာ ဖေဖေ ပြန်ရေးမပြတော့ပါဘူး။ ဒါတွေကို ရေးပြနေရင် မင်း ဘဝင်မြင့်သွားလိမ့်မယ်။ ဒီလိုမှမဟုတ်ရင်လည်း တယ်ဟုတ်တဲ့ငါပါကလားလို့ ထင်ချင်ထင်သွားလိမ့်မယ်။ မင်းနဲ့ပတ်သက်လို့ ဖေဖေ ဘယ်လိုမေးခွန်းတွေကို မေးမလဲ၊ မင်းအကြောင်းတွေကို ဖေဖေ ဘယ်လို စစ်စစ်ပေါက်ပေါက် နှိုက်ထုတ်မလဲဆိုတာကို မင့်ဘာသာမင်း စဉ်းစားသာကြည့်ပေတော့။ သူကလည်း ဖေဖေမေးသလောက် စိတ်ရှည်လက်ရှည်ဖြေရှာပါတယ်။ သူ့စကားတွေဟာလည်း အမှန်တွေပဲလို့ ဖေဖေ ပြောရဲပါတယ်။ မင်းရဲ့အကျင့်စာရိတ္တ၊ မင်းရဲ့လေ့လာသင်ကြားမှုနဲ့ ပတ်သက်လို့တော့ အားလုံး ကျေနပ်စရာပါပဲ။ ဒီနောက် ဖေဖေ တစ်ခြားအကြောင်းတွေကိုလည်း မေးသေးတယ်။ ပင်ကိုယ်သဘောအားဖြင့်ကြည့်ရင်တော့ သိပ်အရေးမကြီးတဲ့အကြောင်းတွေပါပဲ။ ဒါပေမယ့် စောစောကကိစ္စတွေလောက်သာ အရေးမကြီးတာ။ လူတိုင်းအဖို့တော့ တော်တော်အရေးကြီးတဲ့အကြောင်းတွေပဲ။ အထူးသဖြင့် တစ်ခြားသူတွေထက် မင့်အဖို့ အရေးကြီးတဲ့အကြောင်းတွေပဲ။ ဒီအကြောင်းတွေကတော့ တစ်ခြားမဟုတ်ဘူး။ မင်းရဲ့အပြုအမူ၊မင်းရဲ့ ဟန်ပန်နဲ့ မင်းရဲ့အပြောအဆိုတွေပဲ။ ဆာဝီလျံဟာ စောစောကကိစ္စတွေကို မှန်မှန်ကန်ကန်ပြောခဲ့သလို ခုကိစ္စမှာလည်း မှန်မှန်ကန်ကန်ပြောရတာဖြစ်တဲ့ အတွက် ဖေဖေကျေနပ်လောက်တဲ့ အဖြေတွေကိုတော့ မပေးနိုင်ပေဘူး။



ဆာဝီလျံဟာ ဖေဖေနဲ့ မိတ်ဆွေဖြစ်သလို မင့်ရဲ့မိတ်ဆွေကြီးလည်း ဖြစ်တဲ့အတွက် ကောင်းတာတွေကို ပြောသလို ညံ့တာတွေကိုလည်း ပြောဖို့ဝတ္တရားရှိတယ်လို့ ယူဆပုံရတယ်။ ဒါ့ကြောင့်မို့ ဖေဖေကလည်း ဒီသဘောထားကို လက်ကိုင်ပြုပြီး သူပြောတဲ့ စကားတွေကို မင်းကို ပြန်ပြောဖို့ဝတ္တရားရှိတယ်လို့ ဖေဖေထင်တယ်။

သူ့အပြောအရဆိုရင် မင်းဟာ လူတွေထဲရောက်ရင် စိတ်ပျက်စရာကောင်းလောက်အောင် နမော်နမဲ့ မကြာခဏ နေတတ်တယ်တဲ့။ ဘာကိုမှ စိတ်မဝင်စားသယောင် ငေါင်တောင်တောင် ဖြစ်တတ်တယ်တဲ့။ အခန်းထဲဝင်လာရင်လည်း ပုံမကျပန်းမကျ ခွတတ ဖြစ်တတ်တယ်တဲ့။ ထမင်းစားပွဲမှာလည်း ဓားတို့၊ ခက်ရင်းတို့၊ လက်သုတ်ပဝါတို့၊ ပေါင်မုန့်တို့ကို လွတ်ကျတာတို့, ဘာတို့ဖြစ်တတ်တယ်တဲ့။ အဝတ်အစားဝတ်ရာမှာလည်း ကိုယို့ကားယားနဲ့ ဂရုမစိုက်ဘူးတဲ့။ ဒီလိုဟန်ပန်မျိုးဟာ ဘယ်အရွယ်မှာပဲဖြစ်ဖြစ် ခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်နေသတဲ့။ မင်းအရွယ်မျိုးဆိုရင်တော့ မပြောနဲ့တော့ပေါ့။

လောကအကြောင်း၊ လူတွေအကြောင်းကို မသိတဲ့လူတွေအဖို့တော့ ဒီကိစ္စတွေဟာ ဘာမှအရေးမကြီးဘူးပေါ့။ ဒါပေမယ့် အရေးတကြီးထားတဲ့ ဖေဖေ့အဖို့တော့ တော်တော့်ကို စိုးရိမ်သွားတယ်။ ဒီလိုကိစ္စတွေမှာ မင့်ကို ဖေဖေ စိတ်တိုင်းမကျခဲ့တာကြာပြီ။ ဒါကြောင့်မို့ မကြာခဏဆိုသလို မင်းကို ဆုံးမခဲ့တယ်မဟုတ်လား။ ဒီတော့ နောက်ထပ် ဒါတွေနဲ့ပတ်သက်လို့ သတင်းကောင်း မကြားရမချင်း ဖေဖေတော့ ဘဝင်မကျ ဖြစ်နေဦးမှာပဲ။ လူတောသူတောကို ရောက်တဲ့အခါမှာ နမော်နမဲ့နိုင်တာ၊ အာရုံထွေပြားတာလောက် စိတ်ပျက်စရာကောင်းတာ တစ်ခုမှမရှိဘူးလို့ ဖေဖေထင်တယ်။ လူတွေထဲမှာ ဒီလိုနေတာဟာ သူတို့ကို မထီလေးစားလုပ်တာနဲ့ အတူတူပဲ။ လူတွေဟာ မထီလေးစားလုပ်တာကို ဘယ်တော့မှ ခွင့်မလွှတ်တတ်ဘူး။ ဘယ်သူဖြစ်ဖြစ် ကိုယ်ချစ်တဲ့မိန်းမရှေ့ကို ရောက်ရင်၊ ဒါမှမဟုတ် ကိုယ်ကြောက်ရတဲ့လူရှေ့ကိုရောက်ရင် ဘယ်သူမှ နမော်နမဲ့မနေကြဘူး။ ဒါကိုကြည့်ရင် လူတွေဟာ ဘာကယ်လုပ်ချင်ရင် နမော်နမဲ့နိုင်မှုကို ဖျောက်ဖျက်လို့ရတယ်ဆိုတာ သိနိုင်တယ်။ ဒီတော့ အဲဒီနမော်နမဲ့နိုင်မှုကို ပျောက်အောင်လုပ်ရင် အပြတ်အကျိုးရှိတယ်ဆိုတာ မှတ်ပါ။ ဖေဖေအနေနဲ့ ပြောရမယ်ဆိုရင်တော့ နမော်နမဲ့နိုင်တဲ့ လူတစ်ယောက်နဲ့ နေရတာထက် လူသေတစ်ယောက်နဲ့ နေလိုက်

www.burmeseclassic.com

www.burmeseclassic.com



ချင်သေးတယ်။ လူသေဟာ ကိုယ့်ကို ပျော်ရွှင်ချမ်းမြေ့မှုကို မပေးနိုင်သည့်တိုင် အနည်းဆုံး ကိုယ့်အပေါ်မှာတော့ မထိလေးစားလုပ်တဲ့ အမူအရာကို မပြဘူး။ နမော်နမဲ့နိုင်တဲ့လူကတော့ ပါးစပ်က ထုတ်မပြောသည့်တိုင် မင်းလိုလူကို ဂရုစိုက်စရာမဟုတ်ဘူးဆိုတာကို အမူအရာက သိသိသာသာကြီး ပြနေတယ်။ ပြီးတော့လည်း ဒီလောက်တောင် နမော်နမဲ့နိုင်သူတစ်ယောက်ဟာ အပေါင်းအသင်းတွေရဲ့စရိုက်တွေ၊ ထုံးစံဓလေ့တွေ၊ အပြုအမူတွေကို လေ့လာနိုင်ပါ့ဦးမလား။ ဘယ်နယ်လုပ်မှ လေ့လာနိုင်မှာမဟုတ်ဘူး။ သူဟာ အကောင်းဆုံးသောကလျာဏမိတ္တ အသိုက်အဝန်းမှာ တစ်သက်လုံး ရှိကောင်းရှိမယ်။ (အကယ်၍ သူ့ကို အဲဒီအသိုက်အဝန်းက ခွင့်ပြုခဲ့ရင်ပေါ့လေ။ ဒါပေမယ့် ဖေဖေသာဆိုရင်တော့ အဲဒီလိုလူမျိုးကို အသိုက်အဝန်းမှာလည်း ခွင့်ပြုမှာမဟုတ်ဘူး။) ဒါပေမယ့် ဘယ်တော့မှ လိမ္မာရေးခြားရှိလာမှာမဟုတ်ဘူး။ ဖေဖေဟာ နားလေးတဲ့လူတစ်ယောက်နဲ့ စကားပြောချင်ပြောမယ်။ နမော်နမဲ့နိုင်တဲ့လူတစ်ယောက်နဲ့တော့ ဘယ်တော့မှ စကားမပြောဘူး။ ကိုယ်ပြောတဲ့စကားကိုလည်း မကြား၊ နလုံးလည်းမသွင်း၊ နားလည်ခြင်းလည်း မရှိဘူးလို့ ထင်ထင်ရှားရှားကြီး မြင်နေရတဲ့ လူတစ်ယောက်နဲ့ သွားပြီး စကားပြောတာဟာ သိပ်ကိုမှားတဲ့ အမှားကြီးပဲ။ ဘာကိစ္စမှာပဲဖြစ်ဖြစ် ကိစ္စတစ်ခုလုပ်ရင် ကိုယ်လုပ်တဲ့ကိစ္စကို အာရုံမစိုက်နိုင်သူ၊ အာရုံမစိုက်သူဟာ အလုပ်လုပ်ဖို့၊ ဒါမှမဟုတ် စကားပြောဖို့ မသင့်ဘူးလို့ပဲ ဖေဖေထင်တယ်။

မင်းသိတဲ့အတိုင်း ဖေဖေဟာ မင့်ပညာရေးနဲ့ပတ်သက်လို့ ငွေကြေးကုန်ကျတာကို နည်းနည်းကလေးမှ နမြောတွန့်တိုခြင်း မရှိခဲ့ဘူး။ ဒါပေမယ့် မင့်အတွက် အတို့တော်တစ်ယောက်တော့ ဖေဖေ ဘယ်နည်းနဲ့မှ ထားမပေးနိုင်ဘူး။ ဒေါက်တာဆွစ်ရဲ့ စာအုပ်ထဲမှာ အဲဒီ အတို့တော်တွေအကြောင်းကို ရေးထားတာ မင်းလည်း ဖတ်ဖူးမှာပေါ့။ အဲဒီစာအုပ်ထဲမှာ အတို့တော်ဟာ မင့်မိတ်ဆွေ လာပွတ္တာန်တွေအတွက် ဘယ်လောက်အသုံးဝင်သလဲ။ (ဂါလီဗာရဲ့ ပြောပြချက်အတိုင်းဆိုရင်) လာပွတ္တာန်တိုင်းသူပြည်သားတွေဟာ တစ်စုံတစ်ခုကို အာရုံဝင်စားနေကြတဲ့အတွက် စကားလည်း မပြောနိုင်ကြဘူးတဲ့။ သူများပြောတဲ့စကားကိုလည်း နားမထောင်နိုင်ကြဘူးတဲ့။ သူတို့ရဲ့ စကားပြောအင်္ဂါများနှင့် အကြားအင်္ဂါများကို ပြင်ပမှ တစ်စုံတစ်ခုက နှိုးဆွပေးတော့မှ ပြောနိုင် ကြားနိုင်သတဲ့။ ဒါကြောင့်မို့ အဲဒီလာပွတ္တာန်တိုင်းပြည်က ပိုက်ဆံတတ်နိုင်သူတွေမှာ သူတို့မိသားစုအတွက် အတို့တော်တစ်ယောက် ငှားထား



ကြသတဲ့။ အဲဒီအတို့တော်တွေပါမှ လမ်းထွက်ကြသတဲ့။ အလည်သွားကြသတဲ့။ သူတို့မပါရင် ဘယ်ကိုမှ မသွားကြဘူးတဲ့။ အဲဒီအတို့တော်တာ သခင်လမ်းလျှောက်သွားရင် အတူလိုက်သွားရသတဲ့။ တစ်ခါတစ်လေ သခင်က အတွေးတွေထဲမှာ နက်နက်နဲနဲ အာရုံဝင်စားနေရင် ရှေ့ကချောက်ထဲ လိမ့်ကျမှာစိုးလို့ မျက်လုံးကို အသာကလေး ယပ်ကလေးနဲ့ တို့ပေးရသတဲ့။ ရှေ့မှာ တိုင်ရှိရင် တိုင်နဲ့တိုက်ဆောင့်မိမှာစိုးလို့ သူတို့မျက်လုံးကို ယပ်နဲ့ အသာတို့ပေးရသတဲ့။ လမ်းသွားရင်လည်း တစ်ခြားသူကို ဝင်တိုက်မှာစိုးလို့၊ ဒါမှမဟုတ် တစ်ခြားသူက ဝင်တိုက်သွားပြီး ချွေးအိမ်ထဲ ရောက်သွားမှာစိုးလို့ သူ့ကို အမြဲတို့တို့ပြီး သတိပေးပေးနေရသတဲ့။ တကယ်လို့များ ခရစ်ယာန်တွေက အဲဒီနယ်ကို သိမ်းပိုက်မိသွားရင် ဒုက္ခပဲလို့တောင် ဖေဖေ စိုးရိမ်ရသေးတယ်။ ဒါပေမယ့် ဒီအကြောင်းကြောင့်တော့ သူ့ကို ဖေဖေ လုပ်ခပိုပေးမှာတော့ မဟုတ်ဘူး။

ဒီတော့ အတိုချုပ်ပြီး မင်းကို ဖေဖေ ပေးသင့်ပေးထိုက်တဲ့ သတိတစ်ခုတော့ ပေးချင်တယ်။ ဖေဖေတို့ ဒီလိုတွေ့ကြလို့ မင်းကို အဲဒီလို သတိပျောက်စိတ်ပျောက်ဖြစ်တာကို မြင်ရင် ဖေဖေလည်း မကြာခင် ကိုယ်ပျောက်သွားတော့မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအခန်းထဲမှာ ဖေဖေမှ နေလို့ဖြစ်မှာမဟုတ်တော့ဘဲကိုး။ ထမင်းစားရင်း မင်းက မင်းဓားကို လွှတ်ချမိမယ်၊ ပန်းကန်ကို လွှတ်ချမိမယ်၊ ပေါင်မုန့်ကို လွှတ်ချမိမယ်၊ တစ်နာရီလောက်ဖွဲ့သည့်တိုင် ကြက်ရင်အုပ်သားကို မဖွဲ့နိုင်ဘဲ ကိုယ့်ယို့ကားယားဖြစ်နေမယ်၊ မင့်အင်္ကျီလက်ကြီးကလည်း တစ်ခြားသူရဲ့ ပန်းကန်ထဲမှာ ရောက်နေမယ်ဆိုရင်တော့ ဖေဖေ စားပွဲက မြန်မြန်ထပြေးမှဖြစ်မယ်။ ကြာကြာထိုင်ရင် မင်းလုပ်တာကို မြင်တာနဲ့ ဖေဖေရောဂါရတော့မှာ သေချာတယ်။ မင်းရောက်ရောက်ချင်း စက်ချုပ်သမားလို ဘောင်းဘီပွကြီးကိုဝတ်ပြီး မွန်မော့လမ်းက အရူးဖိများလို အင်္ကျီတွေကလည်း မင့်ကိုယ်ပေါ်မှာ ဖို့ယို့ဖားယားနဲ့ အခန်းထဲဝင်လာရင် ဖေဖေ ဘယ်လောက် အလန့်တကြားဖြစ်မယ်ဆိုတာ မင်းပဲ စဉ်းစားကြည့်ပေတော့။ တကယ် ဖေဖေမြင်ချင်တာက၊ မြင်ချင်ရုံတင်မဟုတ်ပါဘူးလေ၊ ဖြစ်သင့်တာက ကောင်းတဲ့အပေါင်းအသင်းမှာ ကျက်စားနေတဲ့ နူးညံ့ယဉ်ကျေးတဲ့ ဟန်ပန်ရှိတဲ့ အထက်တန်းကျကျ လူတစ်ယောက်အဖြစ် မြင်ချင်တာ။ ဒီအတိုင်းလည်း တကယ်ဖြစ်သင့်တာပဲ။ မင်း တူတူနန ဝတ်စားထားတာကိုသာမက အလွန်ကျကျနန ဝတ်စားထားတာကို သေသေ

www.burmeseclassic.com

www.burmeseclassic.com



မြင်ချင်တယ်။ မင့်လှုပ်ရှားဟန်တိုင်းမှာ ဣန္ဒြေသိက္ခာရှိတာ၊ အထူးသဖြင့် မင့်ပြောဟန်ဆိုဟန်ထဲမှာ စိတ်ဝင်စားစရာ ကောင်းတာကို မြင်ချင်တယ်။ ဒါတွေဟာ ဖေဖေဖြစ်စေချင်တာတွေပဲ။ ဂရုတစိုက်နဲ့ အာရုံစိုက်လိုက်ရင် ဒါတွေဟာ မင်းလုပ်ပေးနိုင်တာချည်းပဲ။ ဒါပေမယ့် ဟုတ်တိုင်းမှန်ရာကို ပြောရရင် ဖေဖေမျှော်လင့်တဲ့ အရာတွေကို မမြင်ရရင်တော့ ဖေဖေတို့နှစ်ယောက် စကားများများမပြောကြတာက ကောင်းမယ်ထင်တယ်။ ဖေဖေက နမော်နမဲ့နိုင်တာတို့၊ ကိုယ့်ယို့ကားယားဖြစ်နေတာတို့ကို သိပ်မြင်ချင်တာ မဟုတ်ဘူး။ ဒါတွေကိုမြင်ရရင် ဖေဖေ့ကျန်းမာရေးကို ထိခိုက်နိုင်တယ်။

လော့ဒ်လက်တယ်တန်ရဲ့ အလွန်ထင်ရှားပြီး ကျော်ကြားတဲ့ နမော်နမဲ့နိုင်မှုနဲ့ ခွတီးခွကျနိုင်မှုတို့ကို မကြာခဏ မင်းသတိထားမိအောင် ဖေဖေပြခဲ့တဲ့အတွက် မင်းလည်း မကြာခဏ မြင်ခဲ့ဖူးပြီပဲ။ (ဂါလီဗာရဲ့ခရီးစဉ်စာအုပ်ထဲက) လာပွတ္တန်ပြည်သားများလို အင်မတန်လေးနက်တဲ့ အတွေးထဲမှာ နစ်မြုပ်လို့။ တစ်ခါတစ်လေမှာလည်း ဘာကိုမှ တွေးတောခြင်းမရှိသလို ငေါင်တောင်တောင်ဖြစ်လို့။ ဒီလိုအပြုအမူမျိုးဟာ နမော်နမဲ့နိုင်တဲ့လူမျိုးတွေရဲ့ အပြုအမူမျိုးတွေပဲ။ လမ်းမှာ ကိုယ်နဲ့ အင်မတန် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေကို တွေ့လို့မှ တွေ့မှန်းမသိ။ ပြောတော့လည်း တစ်ခါတစ်လေမှ တွေ့တဲ့လူနဲ့ စကားပြောသလို ကဘောက်တိ ကဘောက်ချာနဲ့။ ဦးထုပ်ကို တစ်နေရာမှာ မေ့လားမေ့ထားခဲ့ရဲ့။ ဓားကို နောက်တစ်နေရာမှာ မေ့လို့မေ့၊ ဖိနပ်ကို တစ်ခြားတစ်နေရာမှာ ချွတ်မိလို့ချွတ်မိ။ သူ့နေပုံထိုင်ပုံ မတတ်တာနဲ့ လက်နဲ့ ခြေထောက်ကလည်း ဘယ်လိုထားလို့ ထားရမှန်းမသိ။ ခေါင်းကလည်း တည့်တည့်မတ်မတ်မဟုတ်ဘဲ ဟိုဘက်စောင်းလိုစောင်း၊ သည်ဘက်စောင်းလိုစောင်းနဲ့ ကြက်ကြီးလည်လိမ်ပြီး ကိုင်ရိုက်ထားတဲ့ ပုံစံမျိုး။ ဒီလို လူမျိုးရဲ့ပညာ၊ လေ့လာမှုနဲ့ သီလတို့ကို ဖေဖေ လေးစားရိုးသားစွာ တန်ဖိုးထားတယ်။ အထင်လည်း ကြီးတယ်။ ဒါပေမယ့် အသိုင်းအဝိုင်း၊ အပေါင်းအသင်းတွေထဲမှာတော့ ဝေးဝေးကရှောင်ချင်တယ်။ သူ့ရဲ့ဉာဏ်ပညာဟာ ကြီးချင်ကြီးမယ်။ တစ်ခြားချီးကျူးစရာတွေ ရှိချင်ရှိမယ်။ ဒါပေမယ့် ဒါတွေ ဘယ်လောက်ပဲရှိရှိ အထက်မှာ ဖေဖေပြောခဲ့တဲ့အချက်တွေကတော့ နမော်နမဲ့နိုင်ပြီး ကိုယ့်ယို့ကားယားနိုင်တဲ့ ကမ္ဘာ့လူကြောင်ကြီးတွေရဲ့ နမူနာပဲ။

# ၈၁ - ၅၃

လန်ဒန်၊ စက်တင်ဘာ ၂၂ ရက်၊ ၁၇၄၄ ခုနှစ်

လုလေး

မင်းအရွယ်တုန်းက ဖေဖေဟာ နေရာတကာမှာ သူများထက် ထူးချွန်ချင်တဲ့စိတ်တွေ ရှိခဲ့ဖူးတယ်။ ဒါကြောင့် စာပြဆရာနဲ့တွေ့တဲ့အခါမှာဖြစ်စေ၊ ညနေပိုင်း အပေါင်းအသင်းများနှင့် နေတဲ့အခါမှာဖြစ်စေ၊ အပြုအမူမှာရော၊ အဝတ်အစားမှာရော၊ အမူအရာမှာရော အမြဲဂရုစိုက်ခဲ့တယ်။ လူငယ်တစ်ယောက်ဟာ နေရာတကာမှာ ထူးချွန်ချင်တဲ့စိတ်ရှိရမယ်။ ထူးချွန်ရမယ်ဆိုတဲ့ မျှော်မှန်းချက် ထားရမယ်။ ဒီလိုမျှော်မှန်းချက်မျိုး ထားရာမှာ ပိုရင်သာ ပိုရမယ်။ လိုတော့ မလိုစေရဘူး။ စောစောက ဖေဖေပြောခဲ့တဲ့ကိစ္စကလေးတွေဟာ အသေးအဖွဲလေးတွေ မဟုတ်ဘူး။ လောကကြီးအလယ်မှာ လူတစ်လုံးသူတစ်လုံး ဖြစ်ချင်သူတွေ၊ အောင်မြင်ကြီးပွားလိုသူတွေအတွက် အလွန်အရေးကြီးတဲ့အရာတွေ ဖြစ်တယ်။ လောကကြီးမှာ ကောင်းစွာထိုက်တန်အောင် နေတတ်ရုံနဲ့မပြီးသေးဘူး။ ကောင်းစွာကျေနပ်အောင်လည်း လုပ်တတ်ရသေးတယ်။ ခွတီးခွကျ ယောင်တီးယောင်ကန်း အမူအရာမျိုးဟာ နှစ်သက်စရာမကောင်းတဲ့ အမူအရာဖြစ်တဲ့အတွက် ကြီးပွားရေးလမ်းမှာ အများကြီး အတားအဆီးဖြစ်တတ်တယ်။ တော်တဲ့အကသင်ဆရာတစ်ယောက်ကိုတွေ့ရင် ဘယ်မှာပဲဖြစ်ဖြစ် မင်းကိုဒူးထောက်ထိုင်တတ်အောင် သင်ပေးပါစေ။ မငြင်းပါလေနဲ့။ အကကောင်းအောင်တော့ မဟုတ်ဘူး။ ညှို့ခန်းဆောင်ထဲ ဝင်လာတဲ့အခါ အများအမြင်မှာ နူးညံ့သိမ်မွေ့ပြီး ယဉ်ကျေးတဲ့အသွင်မျိုးကို ဆောင်နိုင်အောင်လို့ပါ။ မင်းဆက်ဆံရမယ့်အမျိုးသမီးတွေဟာ အောက်တန်းကျပြီး ခွတီးခွကျနိုင်တဲ့အမူအရာမျိုး၊ အပြုအမူမျိုးကို ခွင့်လွှတ်လေ့မရှိကြဘူး။ တစ်ချို့လူတွေဟာ တော်တော့တော်ပါရဲ့။ ဒါပေမယ့် မယဉ်ကျေးကြဘူး။ ယောက်ျား

www.burmeseclassic.com

www.burmeseclassic.com



တော်တော်များများ ဒီအတိုင်း ဖြစ်တတ်ကြတယ်။

ဖေဖေပို့လိုက်တဲ့ စိန်လက်ပတ်ကြိုးကို ချောချောမောမော လက်ခံရရှိတယ်လို့ သိရတဲ့အတွက် ဝမ်းသာတယ်။ ဒီစိန်လက်ပတ်ကြိုးကို ပို့လိုက်ရတဲ့အတွက် ဖေဖေပြန်လိုချင်တဲ့အရာကတော့ အဲဒီစိန်ကြိုးကို မင်းခြေထောက်မှာပတ်သည့်တိုင်အောင် ခြေအိတ်ကြားမှာညှပ်ပြီး ကိုရိုကားယားမဝတ်မိဖို့ပဲ။ စိန်လက်ပတ်ကြိုးကို ခြေထောက်မှာ ဝတ်တဲ့အတွက် မင်းကို လူကြွားလို့ ထင်ကောင်း ထင်ကြမယ်။ ဒီလိုအထင်ခံရတဲ့အတွက် ဖေဖေ စိတ်မကောင်းဘူး။ ဒါပေမယ့် လူကြွားနဲ့လူနုတ်(လူညံ့) ဘယ်သူ့ကို ရွေးမလဲလို့ရွေးရင် လူကြွားကိုပဲ ရွေး မိမှာပဲ။ ဖေဖေ့အရွယ်ဟာ အဝတ်အစားကြောင့် ထူးပြီး ဂုဏ်တက်တဲ့အရွယ် မဟုတ်တော့ပါဘူး။ ဒါပေမဲ့ ကိုယ့်အဝတ်အစားကို လျစ်လျူပြုခြင်းဟာ အခြားသူများနဲ့ဆက်ဆံရာမှာ မသင့်မြတ်ဘူးလို့ ဖေဖေထင်တယ်။ ဖေဖေဆိုရင် ကောင်းပေ့ညွန့်ပေ့ဆိုတဲ့ အဝတ်အစားတွေကို ဝတ်ခဲ့တဲ့အတွက် နောက်ထပ်မဝတ်တော့ပါဘူး။ ဒါပေမယ့် ဖေဖေဝတ်တဲ့ ရိုးရိုးအဝတ်အစားဟာ ဖေဖေနဲ့လိုက်ဖက်ရမယ်။ အခြားသူများရဲ့အဝတ်အစားလိုပဲ သင့်လျော်ရမယ်။ ညနေခင်းများမှာ အရေးပေးခြင်းနဲ့ထိုက်တန်ပြီး ဒါနဲ့အညီ အလေးထားရမယ့် အထက်တန်းကျတဲ့ အမျိုးသမီးအသိုင်းအဝိုင်းနဲ့နေဖို့ ဖေဖေအကြံပေးချင်တယ်။ အမျိုးသမီးများနဲ့ ဆက်ဆံပေါင်းသင်းခြင်းဟာ မင်းရဲ့အပြုအမူ အနေအထိုင်ကို နူးညံ့သိမ်မွေ့လာအောင် လုပ်ပေးလိမ့်မယ်။ တစ်ဖက်သားကို အရေးပေး လေးစားတတ်တဲ့ အကျင့်မျိုးရှိလာအောင်လည်း လုပ်ပေးလိမ့်မယ်။ ဒီလိုအကျင့်မျိုးကိုရသွားရင် ယောကျ်ားတွေရဲ့အသိုင်းအဝိုင်းမှာ ကိုယ့်အဖို့ အခွင့်အလမ်းအများကြီး သာနိုင်တယ်။

မင်းနဲ့ပတ်သက်လို့ ဖေဖေရဲ့စီမံကိန်းကတော့ အစကတည်းက စာတတ်ပေတတ်အသိုင်းအဝိုင်းမှာရော၊ ယဉ်ကျေးတဲ့အသိုင်းအဝိုင်းမှာပါ မင်းကို ထူးချွန်ထက်မြက်အောင် တောက်ပအောင် လုပ်ဖို့ဖြစ်တယ်။ စာတတ်ပေတတ်အသိုင်းအဝိုင်းမှာ တောက်ပအောင် လုပ်ဖို့ဆိုတဲ့ ဖေဖေရဲ့ပထမရည်ရွယ်ချက်ကတော့ စိတ်တိုင်းကျ အောင်မြင်သလောက်ရှိနေပြီ။ ဒုတိယရည်ရွယ်ချက်နဲ့ပတ်သက်လို့လည်း မကြာခင်အတွင်းမှာ စိတ်တိုင်းကျ ပြည့်ဝလိမ့်မယ်လို့ ဖေဖေမျှော်လင့်ထားတယ်။ ဒုတိယရည်ရွယ်ချက် ပြည့်ဝဖို့ကိစ္စကတော့ ခုထက်တိုင် မင်းရဲ့အစွမ်းအစပေါ်မှာ တည်နေသေးတယ်။ ဒီလိုပြည့်ဝအောင် လုပ်လိမ့်မယ်လို့လည်း ကိုယ့်ဖာသာကိုယ် နှလုံးသွင်းတယ်။ ဒီလိုမလုပ်နိုင်ရင်တော့



အထမပိုင်းမှာ မင်းရရှိခဲ့တဲ့ ပညာတွေဟာ အချည်းနှီးဖြစ်မှာပဲ။ အထူးသဖြင့် အပြင်သဏ္ဌာန်နဲ့ ဟန်ပန်အမူအရာတို့ကို အရေးပေးလုပ်ဆောင်ရတဲ့ မင်းတို့လုပ်ငန်းမျိုးမှာ ပိုလို့တောင် အရေးကြီးသေးတယ်။ ဒီအချက်တွေဟာ မင့်အရည်အချင်းရဲ့ ရှေ့ပြေးတမန်တွေဖြစ်တယ်။ ဒီအချက်တွေမရှိရင် မင့်အရည်အချင်းကို အေးစက်စွာ ဆီးကြိုကြမှာပဲ။ အများအားဖြင့် [လူတွေတော်တော်များများဟာ တကယ့်အရည်အချင်းကို ဆုံးဖြတ်တာထက် အပေါ်ယံမြင်ရတဲ့အချက်အလေးတွေကို ဆုံးဖြတ်တတ်ကြတာကိုး။]

နေထိုင်မကောင်းဖြစ်ပြီးတဲ့နောက် မင်းလည်း တော်တော့ကို ထွားလာတယ်လို့ မစ္စတာဟာတီက ပြောပြတယ်။ မင်းအရပ်ဟာ ငါးပေဆယ်လက်မ အနည်းဆုံး ငါးပေကိုးလက်မလောက်ရှိရင် တော်တော်ကြည့်ကောင်းနေပြီ။ ဒီအထဲမှာ အချိုးကျကျလည်း ဝတ်စားတတ်ရင်၊ ဆက်ဆံပြုမူပုံကလည်း ယဉ်ကျေးသိမ်မွေ့ရင်၊ မင့်ကို အတိုင်းထက်အလွန် ချစ်ခင်ကြမှာပဲ။ ဒီအချက်ဟာ လူတွေထင်တာထက် အရေးကြီးတယ်။ [ဒီလိုဝတ်တတ်၊ စားတတ်၊ ပြောတတ်ဆိုတတ်တာမျိုးဟာ အရည်အချင်းပြည့်ကြောင်း ဖော်ပြတဲ့ ထောက်ခံစာတစ်မျိုးလို့ လော့ဒ်ဘေကွန်က ပြောခဲ့ဖူးတယ်။]

ဖေဖေအနေနဲ့ပြောရရင် မင်းကို ထင်ရှားတဲ့ပုဂ္ဂိုလ်အများက ချစ်ခင်နှစ်သက်တဲ့ပုဂ္ဂိုလ်ဖြစ်စေချင်တယ်။ မင်းရွယ်တူတွေထဲ မှာတော့ မင်းက အဲဒီလိုပုဂ္ဂိုလ်မျိုးဖြစ်ဖို့ အနီးစပ်ဆုံး ဖြစ်လိမ့်မယ်လို့ပဲ ယူဆတယ်။ ဒီတော့ ဖေဖေအကြံပေးချင်တာက နောက်နှစ်ကျရင် မနက်ပိုင်းမှာ မင်းရဲ့သင်ခန်းစာတွေကို ဆည်းပူးလာသင်အံ့ပါ။ ညနေပိုင်းမှာ မင်းရဲ့အပြုအမူ၊ အပြောအဆို၊ အနေအထိုင်တွေကို သင်ကြားပါ။ အဲဒီလိုလုပ်နိုင်လို့ရှိရင် မင်းဟာ ဖေဖေဖြစ်စေချင်တဲ့ ယောကျ်ားမျိုး၊ ရှာမှရှားတဲ့ယောကျ်ားမျိုး ဖြစ်လာမှာ အမှန်ပဲ။

ဖေဖေတို့ရေးရတဲ့စာတွေက မှန်မှန်ရေးရတာလည်းမဟုတ်၊ ရေးတဲ့အခါမှာလည်း ရောက်ချင်မှရောက်တာဆိုတော့ သေချာအောင်ဆိုပြီး ဒီအကြောင်းတွေကို ထပ်ခါထပ်ခါ ရေးနေရတာ။ ဒါကြောင့်မို့ စက်တင်ဘာလ (၁) ရက်နေ့နဲ့ မစ္စတာဟာတီဆီကို ပေးတဲ့စာတွေထဲ မှာ ဒီအကြောင်းတွေကို ရေးလိုက်ပြီးဖြစ်ပေမယ့် ဒီစာထဲမှာ နောက်တစ်ကြိမ် ထပ်ရေးလိုက်တာ။ ခုရေးလိုက်တဲ့စာကို ဗီရိနာမှာရောက်နေတုန်း လက်ခံရရှိခဲ့ရင် နေပဲလ်ကျွန်းဖက်ကိုလည်း မင်းသွားချင်ရင် သွားနိုင်တယ်ဆိုတာကို အကြောင်းကြားလိုက်တာ။ ဒီလိုမှ မဟုတ်ဘဲ မစ္စတာဟာတီက မင့်ကို ဗီရိနာမှာပဲ ဆက်နေစေချင်တယ်၊ ဒါမှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ် ပွဲတော်အတွက် ရောမတစ်ဝိုက်မှာပဲ နေစေချင်သေးတယ်ဆိုရင်တော့ တစ်မျိုးပေါ့။ ဒီလိုမဟုတ်ဘဲ သူကိုယ်တိုင်ကပဲ မင်းကို ဗီရိုနာကနေပြီး ရောမကို တိုက်ရိုက်သွားစေချင်တယ်ဆိုရင်လည်း သဘောအတိုင်းပဲ။ ဘာသာစကား အခက်အခဲကြောင့်ရော၊ အပေါင်းအသင်းကြောင့်ရော၊ အထူးအဆန်းတွေကြောင့်ရော မင်းလည်းရောမမှာ ကြာကြာနေနိုင်မယ်လို့မထင်ဘူး။ နေပဲလ်ကျွန်းကို သွားစေချင်တာကတော့ အဲဒီမှာ ရာသီဥတုကောင်းပြီး မင့်ကျန်းမာရေးအတွက်ကြောင့် ပြောရတာ။ တကယ်လို့ မင့်ကျန်းမာရေးဟာ နေပဲလ်ကိုသွားဖို့မလိုအောင် ကောင်းနေပြီလို့ မင့်ဆရာ မစ္စတာဟာတီက ယူဆရင်တော့ သူကြိုက်တဲ့နေရာကို ပို့ပေးလိမ့်မယ်။ ဖေဖေတို့ကိစ္စတွေကို ဆောင်ရွက်ပေးရာမှာ မစ္စတာဟာတီထက် သင့်မြတ်တဲ့ပုဂ္ဂိုလ်တော့ ရှိမှာမဟုတ်ဘူး။ သည်လိုကိစ္စမျိုးကို ဆောင်ရွက်ပေးရာမှာ မစ္စတာဟာတီဟာ ပုတ်ရဟာန်းမင်းထက်တောင် သာလိမ့်မယ်ဆိုတာ ဖေဖေအကြောပေးပြီးတောင် လောင်းလိုက်ချင်သေးတယ်။ ပုတ်ရဟာန်းမင်းကြီးဆိုလို့ ပြောလိုက်ရဦးမယ်။ ရောမက မပြန်ခင်မှာ ပုတ်ရဟာန်းမင်းကြီးကို ဆက်ဆက်သွားပြီး ဖူးမြော်ပါ။ သူ့ရဲ့ ဖိနပ်ကိုပဲ နမ်းရနမ်းရ ဘာကိုပဲ လုပ်ရလုပ်ရ၊ ထုံးတမ်းစဉ်လာ လုပ်သင့်လုပ်ထိုက်တဲ့ အခမ်းအနားအဆောင်အယောင်တွေကိုလုပ်ပါ။ ဖေဖေကတော့ ကိစ္စတစ်ခုကို လုပ်ချင်ပြီဆိုရင် ဘယ်အစဉ်အလာ၊ ဘယ်ထုံးစံတွေကို လိုက်ရလိုက်ရ လုပ်ဖြစ်အောင်လုပ်တာပဲ။ ဘရင်ဂျီဘာသာ လွှမ်းမိုးတဲ့တိုင်းပြည်တွေကို ရောက်တုန်းကဆိုရင် ဖေဖေဟာ ဘုရားရှိခိုးကျောင်းထဲမှာ ဒူးထောက်ထိုင်ပြီး ဝတ်ပြုဖို့ ဘယ်တော့မှ ဝန်မလေးခဲ့ဘူး။ ဒါဟာ နေရာဒေသ ဓလေ့ထုံးစံကို လိုက်ပြီး ကျင့်သုံးရမယ့်ကိစ္စမဟုတ်လား။ ဉာဏ်နည်းသူတွေ ယူဆကြသလို သူတို့ဘာသာကို သက်ဝင်ယုံကြည်တယ်လို့ အဓိပ္ပာယ်မရောက်ပါဘူး။ ကိုယ်ခန္ဓာအနေအထားနဲ့ အခြေအနေဆိုတာ သူ့ထုံးစံနဲ့သူရှိနေကြတဲ့အရာတွေပဲ။ ဒီကိစ္စတွေမှာ ဘာဖြစ်လို့ သူတကာနဲ့လိုက်ပြီး ရန်ဖြစ်နေမလဲ။ မစ္စတာဟာတီကတော့ သူ့ရဲ့ပင်ကိုယ်စရိုက်ကိုက ခေါင်းမာသူတစ်ဦးဖြစ်လေတော့ ဒီလိုလိုက်ပြီး အလိုက်အထိုက် လုပ်ရတာကို ဝန်လေးပေလိမ့်မယ်။

စာလည်းတော်တော်ရှည်သွားပြီ။ တော်တော်လေးလည်း အိပ်သွားလောက်ပြီပေါ့။ မင်းဘဝရဲ့ အရေးကြီးဆုံးအချိန်ဖြစ်တဲ့ ဒီအချိန်မှာ ဖေဖေ့ရဲ့စိုးရိမ်မှုအသိပ်ကြီးနေလေတော့ တစ်စုံတစ်ရာ မပြောမိမဆိုမိဘဲ ကျန်နေမှာ စိုးရိမ်တယ်။ ဒါပေမယ့် မင့်အတွက်အသုံးမဝင်မယ့် အကြောင်းအရာတွေကို ရှည်ရှည်



ဝေးဝေး ပြောခဲ့မိမယ်လို့တော့ မထင်ပါဘူး။ ဖေဖေစိုးရိမ်သလို မင်းအတွက်လည်း မင်းဖာသာစိုးရိမ်ပါ။ အားလုံးအဆင်ပြေသွားမှာပါ။ အာဒီးယူး လူလေး။

www.burmeseclassic.com

## စာ - ၅၄

လန်ဒန်၊ စက်တင်ဘာ ၂၇ ရက်၊ ၁၇၄၉ ခုနှစ်။

လူလေး

အတွေးအခေါ်၊ အပြုအမူ၊ အပြောအဆိုမှာ နိမ့်ကျပြီး လေ့ကြီးထိုးရိုးရိုးကြီး ဖြစ်နေတာမျိုးဟာ အသိပညာနိမ့်ကျပြီး အောက်တန်းကျတဲ့ အလေ့အကျင့်တစ်ခုဖြစ်တယ်။ လူငယ်တွေဟာ ဒီလိုအောက်တန်းကျတဲ့အလေ့တွေကို ကျောင်းတုန်းကဖြစ်စေ၊ မကြာခဏပြောဆိုဆက်ဆံရတဲ့ အစေခံဆီကဖြစ်စေ ရလာခြင်းဖြစ်တယ်။ ဒါပေမယ့် ကောင်းတဲ့အသိုင်းအဝိုင်းကြားကို ရောက်သွားရင်တော့ အဲဒီအသိုင်းအဝိုင်းက အလေ့အထတွေကို ကောင်းကောင်းကြီး အာရုံစိုက်ပြီး ကောင်းကောင်းကြီး သတိပြုရမယ်။ ကိုယ်ကလည်း အဲဒီအသိုင်းအဝိုင်းကို ဘေးမဖယ်ဘဲ ဝင်ဆန့်အောင် လုပ်ရမယ်။ ကိုယ်က ဘေးဖယ်ခဲ့တယ်ဆိုရင်တော့ အဲဒီအသိုင်းအဝိုင်းကလည်း ကိုယ့်ကိုဘေးဖယ်မှာပဲ။ လောကမှာ အောက်တန်းကျမှုအမျိုးမျိုး ရှိတယ်။ အဲဒီအောက်တန်းကျမှုတွေကို ဖေဖေအကျယ်မပြောတော့ဘူး။ ဒါပေမယ့် မင်းအကျယ်စဉ်းစားနိုင်အောင် နမူနာတစ်ချို့ကို ပြောလိုက်မယ်။

[အောက်တန်းကျတဲ့လူတစ်ယောက်ဟာ အထအနကောက်တယ်။ မနာလိုဖြစ်တတ်တယ်။ အသေးအဖွဲ့ကလေးတွေကို ရေးကြီးခွင်ကျယ်လုပ်ပြီး စိတ်ဆိုးတတ်တယ်။ သူ့ကို လူတကာက ဝိုင်းပြီးနှိမ်နေတယ်လို့ ထင်တတ်တယ်။ ဘယ်သူကပြောပြော သူ့ကို စောင်းမြောင်းပြောတယ်လို့ထင်တယ်။ အသိုင်းအဝိုင်းက ရယ်ရင်လည်း သူ့ကို လှောင်ပြောင်ရယ်တယ်လို့ထင်တယ်။ အဲဒီအခါမှာ စိတ်ဆိုးပြီး ရှုံ့ရှုံ့ရှားရှားဖြစ်၊ သူဘယ်လိုလူဖြစ်တယ်ဆိုတာကို အတင်းဖွတ်လုပ်ပြရင်း ပုံပျက်ပန်းပျက်ဖြစ်တော့တာပဲ။] အထက်တန်းကျတဲ့သူကတော့ သူဟာအသိုင်းအဝိုင်းက ဂရုစိုက်စရာ၊ ပြောစရာ၊ စဉ်းစားစရာ



လူမဟုတ်ဘူးလို့ သူ့ကိုယ်သူအမြဲယူဆတယ်။ သူ့ကို ဝိုင်းပြီးနှိမ်တယ်၊ လှောင်ပြောင်တယ်လို့လည်း ဘယ်တော့မှ မယူဆဘူး။ သူ့ကိုနှိမ်ရင်၊ လှောင်ပြောင်ရင်လည်း နှိမ်သင့် လှောင်သင့်လို့ လုပ်တာလို့ပဲ သဘောထားတယ်။ အကယ်၍ အသိုင်းအဝိုင်းက လှောင်တတ် နှိမ်တတ်တဲ့၊ အောက်တန်းကျတဲ့ အသိုင်းအဝိုင်းမျိုးဆိုရင်လည်း (ဒီလိုအသိုင်းအဝိုင်းမျိုးကိုလည်း သူ့အနေနဲ့ တွေ့ခဲ့ပါတယ်။) နှစ်ပြားဖိုးတောင် ဂရုမစိုက်ဘူး။ စော်ကားတာ၊ လှောင်တာက တရားသဖြင့်များလွန်း၊ ပြောင်ကျလွန်းတယ်ဆိုရင်တော့လည်း တစ်မျိုးပေါ့လေ။ သူဟာ အသေးအဖွဲ့ကလေးရဲ့ အထက်မှာရှိတယ်။ အဲဒီအသေးအဖွဲ့ကလေးတွေကို ဘယ်တော့မှ အလေးမထားဘူး၊ ဂရုမစိုက်ဘူး။ [အသေးအဖွဲ့တွေနဲ့ပတ်သက်လာရင်လည်း ငြင်းခုံနေမယ့်အစား လိုက်လျောလိုက်တယ်။]

အောက်တန်းကျတဲ့ လူတစ်ယောက်ရဲ့စကားကတော့ သူ့ပညာအဆင့်အတန်း နိမ့်ကျမှုနဲ့ အပေါင်းအသင်း နိမ့်ကျမှုကို အမြဲဖော်ပြနေတတ်တယ်။ အများအားဖြင့် သူ့ရဲ့အိမ်တွင်းရေးတွေ၊ သူ့အစေခံ၊ သူ့မိသားစုအတွင်းမှာ သူဘယ်လောက်အထိန်းအသိမ်းကောင်းတာတွေ၊ အိမ်နားနီးချင်းရဲ့ ရယ်စရာကောင်းတဲ့အကြောင်းတွေကို အားရပါးရပြောတတ်တယ်။ ဒီလိုပြောတဲ့နေရာမှာ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ကိစ္စတွေကို ပြောသလို အလေးအနက် အားရပါးရပြောတော့တာပဲ။ တကယ်ကတော့ သူဟာ အတင်းပြောသူတစ်ယောက်ပဲ။

နောက်တစ်ချက်ကတော့ စကားအသုံးအနှုန်း အောက်တန်းကျတဲ့ကိစ္စပဲ။ ဒီအချက်ဟာလည်း မကောင်းတဲ့ အသိုင်းအဝိုင်းနဲ့ မကောင်းတဲ့ပညာသင်ကြားမှုရဲ့ ထင်ရှားတဲ့လက္ခဏာချက်ဖြစ်တယ်။ အထက်တန်းကျသူတစ်ယောက်ဟာ တစ်ခြားအရာတွေထက် အဲဒီလိုလူမျိုးကို အထူးသတိထားပြီး ရှောင်တယ်။ စကားပုံတွေ၊ ရိုးနေတဲ့ဆိုရိုးစကားတွေဟာ အောက်တန်းကျသူတစ်ယောက်ရဲ့ အသုံးအနှုန်းမှာ ပန်းပွင့်အဆင်တန်ဆာတွေပဲ။ လူတွေမှာ တစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်းမတူတဲ့အကြောင်းကို ပြောပြီဆိုပါတော့။ သူကလည်း ရောယောင်ကောက်ခံပြီး သူ့ထင်မြင်ချက်ကို ဝင်ပြောတော့တာပါ။ အဲဒီလိုပြောရာမှာလည်း လူတစ်ယောက်အဖို့ အစာဖြစ်နေပေမယ့် အခြားလူတစ်ယောက်အဖို့ အဆိပ်ဖြစ်နေတယ်ဆိုတဲ့ စကားပုံအဟောင်းကြီးမျိုးကို ကောက်ပြီး တခုတ်တရ ထည့်ပြောတတ်ရဲ့။ တကယ်လို့ တစ်ယောက်ယောက်က သူ့ကို ... ဗိုလ်ကျလာပြီလို့ ထင်ရင်လည်းပဲ သူကလည်း သူတစ်ခုထဲ တစ်ချက် ပြန်လက်စားချေတော့တာပဲ။ ဘယ်အချိန်မှာပဲဖြစ်ဖြစ်၊ သူ့ကြိုက်

www.burmeseclassic.com



တဲ့စကားလုံးတစ်လုံးရှိတတ်တယ်။ ဒီစကားလုံးတစ်လုံးကို သုံးချင်ရင် နေရာဟုတ်ဟုတ်၊ မဟုတ်ဟုတ် အတင်းသုံးတော့တာပဲ။ ဥပမာ အရမ်းစိတ်ဆိုးတယ်ဗျာ၊ အရမ်းသနားတယ်ဗျာ၊ အရမ်းလှတယ်ဗျာ၊ အရမ်းအရုပ်ဆိုးတယ်ဗျာဆိုတဲ့ စကားလုံးမျိုးတွေပေါ့။ စကားလုံးတွေ ပြောရာမှာလည်း အသံထွက်ကစပြီး ကိုယို့ကားယား ပြောတော့တာပဲ။ မြေကြီးကို မြေယီးလို့ခေါ်လားခေါ်ရဲ့။ ခင်ဗျာ ကျေးဇူးရှိတာပေါ့လို့မပြောဘဲ ကျေးစူးလို့ပြောလားပြောရဲ့။ သူခင်ဗျားဆီကို လာတယ်လို့မပြောဘဲ ခင်ဗျားရှိကိုလို့ ပြောလားပြောရဲ့။ တစ်ခါတစ်လေလည်း စကားလုံးခက်ခက်ကြီးတွေကို ပြောတတ်သေးတယ်။ ဒါပေမယ့် စာတတ်တဲ့ မိန်းမတစ်ယောက်စကားပြောသလို ကောင်းကောင်းလည်း ပီတာမဟုတ်ဘူး။ အထက်တန်းကျတဲ့လူတစ်ယောက်ကတော့ စကားပုံတွေ ဘာတွေကို သိပ်သုံးလေ့မရှိဘူး။ အောက်တန်းကျတဲ့ ဥပမာအလင်္ကာတွေကို သိပ်သုံးတာမဟုတ်ဘူး။ ပြီးတော့ ခံတွင်းတွေ့တဲ့စကားလုံးတို့၊ ခက်တဲ့စကားလုံးတို့ကို သိပ်သုံးတာမဟုတ်ဘူး။ သဒ္ဒါဝါကျမှန်မှန်၊ အသံထွက်မှန်မှန်ဖြစ်အောင် အထူးသတိထားပြီး ပြောတယ်။ တစ်နည်းပြောရရင် ကောင်းတဲ့အသိုင်းအဝိုင်းမှာ သုံးတဲ့အသုံးအနှုန်းအတိုင်း ပြောတယ်။

ကိုယို့ကားယား စကားပြောတာ၊ သိက္ခာမရှိတဲ့သဘောထားနဲ့ အပြုအမူမျိုးကိုပြတာတွေဟာ ပညာအဆင့်အတန်း နိမ့်တာနဲ့ အပေါင်းအသင်းအောက်တန်းကျတာကို ကျယ်လောင်စွာ ထုတ်ဖော်ပြောနေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ အထက်တန်းကျတဲ့ အသိုင်းအဝိုင်းရဲ့ အရိပ်အငွေ့ကလေးတွေလောက်မှ မတွေ့ရရင် လူတစ်ယောက်ဟာ အဲဒီအသိုင်းအဝိုင်းကို ရောက်ဖူးတယ်လို့ ဘယ်နှယ့်လုပ်ပြီး ထင်နိုင်ပါ့မလဲ။ တပ်သားတစ်ယောက်ဟာ သူ့ရဲ့ကိုယို့ကားယားဟန်ပန်ကြောင့် တပ်ထဲမှာ ချက်ချင်းခွဲခြားလို့ရတယ်။ ဒါပေမယ့် တစ်လနှစ်လလောက်အတွင်းမှာ သာမန်လေ့ကျင့်ခန်းကလေးလောက်ကိုမှ အထာကျအောင် မလုပ်နိုင်ဘူး၊ စစ်သားတစ်ယောက်နဲ့မတူလာဘူးဆိုရင်တော့ သူဟာ တော်တော့်ကို ထုံထိုင်းလို့ပဲ ဖြစ်ရမယ်။ အထက်တန်းကျတဲ့ လူတစ်ယောက်ရဲ့ တန်ဆာပလာများဟာ အောက်တန်းကျတဲ့ လူတစ်ယောက်အဖို့ ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်နေတတ်တယ်။ သူဟာ ဦးထုပ်ကို ဆောင်းမထားရင် အဲဒီဦးထုပ်ကို ဘယ်သွားထားရမှန်းမသိဘဲ ယောင်တီးယောင်တဖြစ်နေတတ်တယ်။ (တကယ်လို့ ယောင်ယမ်းပြီး) ကြိမ်တုတ်တစ်ချောင်းကို ကိုင်လာမိတယ်ဆိုရင်လည်း သူ့လက်ထဲက ကြိမ်တုတ်ဟာ စားပွဲပေါ်က လက်ဖက်ရည်ပန်းကန်တွေ



ကော်ဖီပန်းကန်တွေနဲ့ အမြဲတန်း စစ်ခင်းနေတော့တာပဲ။ ကြိမ်တုတ်ကြီးကို မကိုင်တတ် ကိုင်တတ်နဲ့ ကိုင်လာတော့ သူ့ကြိမ်တုတ်ကြီးက ပထမ လက်ဖက်ရည် ပန်းကန်တွေကို ဖျက်ဆီးမယ်၊ နောက်လက်ဖက်ရည် ပန်းကန်တွေကျကွဲရင် အဲဒီပန်းကန်တွေနဲ့ အပေါင်းအသင်းဖြစ်သွားပြီး လွတ်ကျမယ်။ ဓားကလည်း ရန်သူအဖို့ ကြောက်စရာကောင်းမနေဘဲ သူ့ခြေထောက်ကြားထဲမှာ သူ့ခြေထောက်အဖို့ ကြောက်စရာကောင်းနေတော့မယ်။ တကယ်ကတော့ သူ့ခြေထောက်ဟာ သူ့ဓားကို ကြောက်ဖို့မဟုတ်ဘူး။ အခြားသူရဲ့ဓားချက်ကလွတ်အောင် သူ့ကို မြန်မြန်သယ်ဆောင်သွားမယ့်အရာ။ အဝတ်အစားကလည်း ကိုယို့ကားယား၊ ဖို့ယို့ဖားယားနဲ့ဆိုတော့ သူဟာ အဝတ်အစားပိုင်ရှင်နဲ့ မတူတော့ဘဲ အဝတ်အစားရဲ့အကျဉ်းသားနဲ့တူနေတယ်။ အသိုင်းအဝိုင်းထဲရောက်လာတော့လည်း မိတ်ဆွေသူငယ်ချင်းအပေါင်းအဖော်တွေဆီလာတဲ့ လူတစ်ယောက်နဲ့မတူဘဲ တရားရုံးတော်မှာရောက်နေတဲ့ တရားခံတစ်ယောက်နဲ့တူနေတယ်။ သူ့ရဲ့ဟန်ပန်ကိုယ်တိုင်က သူ့ကို ပြန်ပြီး သရော်ရွတ်ချနေတယ်။ ဒီလိုလူမျိုးကို အထက်တန်းကျတဲ့ ပုဂ္ဂိုလ်တွေကလည်း ရှောင်လိမ့်မယ်။ သိက္ခာရှိတဲ့ ပုဂ္ဂိုလ်များကလည်း ရှောင်ကြလိမ့်မယ်။ ဒီလိုနဲ့ အဲဒီလူဟာ အောက်တန်းကျတဲ့ အသိုင်းအဝိုင်းဆီကို ရောက်သွားပြီး အဲဒီထဲမှာ နစ်မြုပ်သွားတော့တာပဲ။ အတော်အတန်လည်း ကြာသွားရော၊ အဲဒီလူဟာ အဲဒီပင်လယ်ကြွေကြီးထဲက ပေါ်မလာတော့ဘူး။ **ညိက္ခာရှိတဲ့အမူအရာနဲ့ သက်တောင့်သက်သာဖြစ်မှုဟာ ကျေးတောသားတစ်ယောက်ကို အရောင်အသွေးတောက်ပအောင်လုပ်ပေးနိုင်တယ်ဆိုတဲ့စကားရှိတယ်။** စိန်ကို အရောင်ဆင်ပေးဖို့ လိုသလိုင်းရဲ့ ပင်ကိုယ်အရည်အသွေးတွေနဲ့ ပင်ကိုယ်အသိပညာတွေကိုလည်း အဆင်အယင်၊ အမွမ်းအမံလုပ်ပေးဖို့ လိုတယ်။ စိန်ဟာ ဘယ်နှစ်ရတီပဲလေးသည်ဆိုစေ၊ အရောင်တင်ခြင်းမရှိဘဲ ဝတ်ဆင်လေ့မရှိကြဘူး။ ဒီလိုအဆင်အယင်၊ အမွမ်းအမံတွေဟာ အမျိုးသမီးတွေနဲ့ဆက်ဆံရာမှာသာ အသုံးကျတယ်လို့ ထင်ပါနဲ့။ အမျိုးသားတွေနဲ့ ဆက်ဆံရာမှာ ပိုပြီးတောင် အသုံးကျသေးတယ်။ ဒိလ်ပုံပရိသတ်ရဲ့အလယ်မှာ အမူအရာလည်းသိမ်မွေ့၊ ဥပဓိရုပ်လည်းကောင်းဘဲ့ စကားပြောကောင်းသူတစ်ဦးဖြစ်သည့်တိုင် ဖော်ပြခဲ့တဲ့အရည်အချင်းတွေမရှိရင် ဘာလုပ်မှာလဲ။ စီးပွားရေးလုပ်ငန်းမှာဆိုရင် ဖေဖေပြောခဲ့တဲ့ ကျက်သရေဆိုတာ အလွန်အရေးကြီးပြီး အဲဒီကျက်သရေသုံးပါးမရှိတာဟာ ဘယ်လောက်အကျိုးယုတ်စေတယ်ဆိုတာ ပိုပြီးတောင် သိသာသေးတယ်။ အဲဒီကျက်သရေ

www.burmeseclassic.com

www.burmeseclassic.com



သုံးပါးကြောင့် အချို့သောသူများဟာ အခွင့်အရေးရသူများရဲ့ ကုန်ခြွေမျိုးနဲ့ အခွင့်အရေးကို ငြင်းပယ်ခဲ့တာမျိုးကို ဖေဖေတွေ့ခဲ့ရဖူးတယ်။ နန်းတော်များနဲ့ စေ့စပ်ဆွေးနွေးပွဲများမှာ ဒီအရည်အချင်းတွေရဲ့ အသုံးဝင်မှုဟာ အတိုင်းထက် အလွန်ပဲ။ ဒီလိုသာ ဆက်ဆံနိုင်ရင် မင်းဟာ တစ်ဘက်သားရဲ့ နှလုံးသားကို လည်း ရမယ်။ ဒီလိုသာ ဆက်ဆံနိုင်ရင် သူတို့တစ်တွေ ဘယ်လောက်ပဲ ဉာဏ်အမြော်အမြင်ရှိပေစေ ဆယ်ယောက်မှာ ကိုးယောက်ရဲ့နှလုံးသားကို မင်းရနိုင်တယ်။ နှလုံးသားကိုရပြီဆိုရင် လျှို့ဝှက်ချက်ကိုလည်းရပြီပေါ့။ ဒီလို ဆိုရင်လည်း ဆယ်ကြိမ်မှာ ကိုးကြိမ်ဟာ သူတို့နှလုံးသားနဲ့ သူတို့အအသိကို မင်းပိုင်နိုင်ပြီပေါ့။ ဒီတော့ ဒီကိစ္စတွေနဲ့ပတ်သက်လာရင် သူတို့နဲ့ ထိုက်တန်သည့် အားလျော်စွာ ဂရုစိုက်အလေးထားပါ။ သည်အရာတွေကို တတ်မြောက်အောင် လုပ်ဖို့အတွက်လည်း အမြဲတစေ ကြိုးစားအားထုတ်ပါ။

ခုဆိုရင် မင်းဟာ တစ်ခါတုန်းက အနုပညာမှာရော စစ်အတတ်မှာပါ (နှလုံးရည်မှာရော၊ လက်ရုံးရည်မှာပါ) ကျော်ကြားခဲ့တဲ့ တိုင်းပြည်တစ်ပြည်ကို ရောက်နေပြီ။ ယခုအချိန်အခါမှာ အရင်တုန်းကလို ဘုန်း၊ လက်ရုံး၊ တန်ခိုး စွမ်းပကားနဲ့ မပြည့်စုံတော့သည့်တိုင် အလေးပေးလေ့လာဖို့တော့ ကောင်းနေ သေးတယ်။ ဒါကြောင့် အဲဒီတိုင်းပြည်ကို သေသေချာချာကြည့်ပါ။ အရင်အခြေ အနေနဲ့ ခုအခြေအနေကို နှိုင်းယှဉ်လေ့လာပါ။ အဲဒီတိုင်းပြည်တိုးတက်ပုံနဲ့ ဆုတ်ယုတ်ပုံတို့ရဲ့ အကြောင်းရင်းတွေကို လေ့လာပါ။ အဲဒီတိုင်းပြည်ကို ဂန္ထဝင်အရ၊ နိုင်ငံရေးအရ၊ လေ့လာပါ။ မင်းနဲ့ရွယ်တူ အင်္ဂလိပ်လူငယ်တွေ လုပ်လေ့ရှိသလို အပြေးအဖြန်း မလုပ်ပါနဲ့။ ပေါ့ပေါ့တန်တန်၊ (ရယ်စရာ ကောင်းတဲ့စကားလုံးကို သုံးရရင်) ကဘောက်တိကဘောက်ချာ မလုပ်ပါနဲ့။ စောင်းကလေးတီးလိုက်၊ ပုလွေလေးမှုတ်လိုက်နဲ့ အချိန်မကုန်ပါနဲ့။ မမြင်ရတဲ့ ထုရုပ်၊ ထွင်းရုပ်တွေကိုလိုက်ပြီး ရှာဖွေစေ့ငုမနေပါနဲ့။ အသေးအဖွဲပစ္စည်းကလေး တွေမှာ စပ်စပ် စပ်စပ် လျှောက်မသိချင်ပါနဲ့။ မင်းတကယ်ဝါသနာပါ တယ်ဆိုရင် ရှေးခေတ်နဲ့ခေတ်သစ်အနုပညာရှင်တွေရဲ့ လက်ရာကို သေသေ ချာချာ လေ့လာခြင်းဖြင့် ပန်းချီ၊ ပန်းပု၊ ဗိသုကာစသည့် ပညာရပ်တွေနဲ့ ပတ်သက်လို့ ခံစားတတ်အောင် လေ့ကျင့်ပါ။ အဲဒီအနုပညာတွေဟာ ခံစားမှု အနုပညာဖြစ်သည့်အတွက် သူတို့နဲ့ပတ်သက်လို့ တကယ်ခံစားတတ်ရင် တကယ်ကျွမ်းကျင်နားလည်ရင် အထက်တန်းကျတဲ့လူတစ်ယောက် ကောင်း ကောင်းဖြစ်နိုင်တယ်။ ဒါပေမယ့် အဲဒီလို ခံစားရာမှာလည်း အတိုင်းအဆ



ရှိတယ်။ တစ်စုံတစ်ခုသော နယ်နိမိတ်ကို ကျော်သွားတာနဲ့ ခံစားတတ်တဲ့ သူတစ်ယောက်ဘဝဟာ ကုန်ဆုံးသွားပြီး အပျော်အပါးလိုက်တဲ့ လူစုံဖြစ်သွားတော့ တာပဲ။

စမာရီတန်တစ်ယောက်ဖြစ်တဲ့ မင်းသူငယ်ချင်း မင်းဒီးစ်လည်း ဖေဖေနဲ့ အတူလာပြီး ညစာစားတယ်။ သူ့မှာ ပညာဗဟုသုတထက် စိတ်ကောင်းသဘော ထားနဲ့ ရက်ရောမှုက ပိုတယ်လို့တင်တယ်။ ဒါပေမယ့် မင်းအပေါ်မှာ ကြင်နာတဲ့သဘောရှိတဲ့အလျောက် သူ့ကို ဖေဖေကောင်းစွာ ပြုစုလိုက်ပါတယ်။ သူ့ အပြောအတိုင်းဆိုရင်တော့ မင်းက ဖေဖေ့ထက် အရပ်မြင့်တယ်တဲ့။ ဒီစကား ကြောင့် ဖေဖေလည်း တော်တော်ဝမ်းသာသွားတယ်။ အရပ်တင်မကဘူး၊ မင်းဟာ အရာရာမှာ ဖေဖေ့ထက် တော်စေ၊ သာစေချင်တယ်။ ဒီလိုတော်ရင် အသေမနာလိုတိုရှည် မဖြစ်တဲ့အပြင် ဝမ်းတောင်သာဦးမယ်။ မင်းမိတ်ဆွေ ဒေါ့တာစတီဗင်ကိုလည်း သူက တော်တော်အကောင်းပြောသွားတယ်။ သူ့ အကြောင်းကို တခြားသူတွေဆီကလည်း ဖေဖေကြားဖူးထားလေတော့ သူနဲ့ အပေါင်းအဖော်ဖြစ်တဲ့အတွက် ဖေဖေဝမ်းသာရသေးတယ်။ နောင်မှာ ဘယ် လောက်အသုံးဝင်မယ်ဆိုတာ မင်းသိလာလိမ့်မယ်။ အဆင့်အတန်းကြောင့်လည်း ကောင်း၊ ပညာဗဟုသုတကြောင့်လည်းကောင်း ပေါင်းသင်းထိုက်တဲ့ အင်္ဂလိပ် လူမျိုးတစ်ယောက်ကို နိုင်ငံခြားမှာ တွေ့ခဲ့ရင် အဲဒီခင်မင်မှုကို ပြုစုပျိုးထောင်ပါ၊ ပြန်ရောက်အရင် အင်္ဂလန်ကို ပြန်မယ့်သူတွေက အကောင်းပြောအောင် လုပ်ခိုင်းပါ။ ဆာချားလ်ဝီလျံကတော့ မင်းကို (အများပြောတဲ့စကားအတိုင်း ပြောရရင်) တော်တော်မွှန်းတာပဲ။ အဲ --- မင်းပြန်မလာခင် အဲဒီလို ပညာ အရာသတပြည့်ဝတဲ့ ပုဂ္ဂိုလ်မျိုး သုံးလေးယောက်က ချီးမွမ်းတယ်ဆိုရင်တော့ မင်းအိမ်ပြန်ရောက်ရင် တော်တော့ကို အကျိုးထူးမှာပဲ။ လူတော်တော်များများ အများပြောတာကို ယုံကြည်ပြီး လက်ခံလေ့ရှိကြတယ်။ (ဒီအတိုင်းလည်း ဖြစ်သင့်တာပဲ) တစ်ချို့လူတော်တော်များများကတော့ လက်မခံလိုကြဘူး။ ကိုယ်ပိုင်ထင်မြင်ချက်ကို သဘောကွဲလွဲရဲသူ အရေအတွက်ကတော့ နည်းနည်း လေးပဲရှိတယ်။ အာဒီယူး။

www.burmeseclassic.com

www.burmeseclassic.com

**ဇာ - ၅၅**

လန်ဒန်၊ နိုဝင်ဘာ ၁၄ ရက်၊ ၁၇၄၉ ခုနှစ်

လူလေး

သဘာဝမွန်ရည် ယဉ်ကျေးမှုဆိုတာရှိတယ်။ အဲဒီမွန်ရည်ယဉ်ကျေးမှုမျိုးဟာ သာမန်စဉ်းစားဉာဏ်ရှိတဲ့လူတိုင်းမှာရှိပြီး သာမန်စိတ်ကောင်းရှိတဲ့လူတိုင်းကပဲ လိုက်နာကျင့်သုံးကြတယ်။ အဲဒီမွန်ရည်ယဉ်ကျေးမှုက ယေဘုယျလည်းကျ ဟန်လုပ်တာမျိုးလည်း မဟုတ်တဲ့ လူလူချင်း တတ်နိုင်တာကို ယိုင်းပင်းကူညီတဲ့ မွန်ရည်မှုမျိုးကို ဆိုလိုတာဖြစ်တယ်။ ဒီလိုမွန်ရည်မှုမျိုးဟာ စိတ်ကောင်းရှိတဲ့ အမေရိကန်လူရိုင်းတစ်ယောက်မှာလည်း ရှိနိုင်တယ်။ အမွန်ရည်ဆုံး၊ မျိုးရိုးအကောင်းဆုံးဆိုတဲ့ ဥရောပတိုက်သား တစ်ယောက်မှာလည်း ရှိနိုင်တာပဲ။ ဒါပေမယ့် အဲဒီမွန်ရည်တဲ့ စိတ်ထားမျိုးဟာ သူများအကျိုးအတွက် ကိုယ်အနစ်နာခံပြီး ယိုင်းပင်းတဲ့အဆင့်ကိုတော့ မရောက်ဘူး။ နောက်တစ်မျိုးကတော့ ကိုယ့်အတွက် အသုံးကျလို့ ဆန်ပေးလို့ ဆေးယူဆိုတဲ့ အလဲအလှယ်လုပ်ရတဲ့ မွန်ရည်ယဉ်ကျေးမှုမျိုးပဲ။ ကိုယ်က သူများအတွက် လုပ်ပေးတယ်။ ဒါကြောင့် သူများကလည်း ကိုယ့်အတွက် လုပ်ပေးရတယ်။ ဒီလိုအလဲအလှယ်၊ အကူးအသန်းမျိုးကတော့ အများဆုံးပဲ။ လူတိုင်းမှာ သူက ကိုယ့်လုပ်ပေးရလို့ ပြန်ဆပ်ရမယ့်ကြွေး၊ ကိုယ်က သူ့လုပ်ပေးလို့ ပြန်ရရမယ့်ကြွေး စသည်ဖြင့် ရှိကြတယ်။ တတိယအမျိုးအစားဖြစ်တဲ့ မွန်ရည်ယဉ်ကျေးမှုမျိုးကတော့ ဒေသအလိုက် ရှိတတ်တဲ့ မွန်ရည်ယဉ်ကျေးမှုမျိုးပဲ။ ဒါကြောင့် တိုင်းပြည်အမျိုးမျိုးမှာ တစ်ခုနဲ့တစ်ခုမတူကွဲပြားနေရုံတင်မကဘူး။ တိုင်းပြည်တစ်ပြည်ထဲမှာတောင် တစ်မြို့နဲ့တစ်မြို့၊ တစ်နေရာနဲ့တစ်နေရာ မတူကွဲပြားခြားနားနေတတ်တယ်။ ဒါပေမယ့် အဲဒီတတိယအမျိုးအစားဟာလည်း ပထမနှစ်မျိုးအပေါ်မှာ အမှီပြုရတယ်။ အဲဒီနှစ်မျိုးပေါ်မှာ မူတည်ပြီး ထုံးစံဓလေ့တွေ



အမူအကျင့်တွေ ပေါ်ပေါက်လာတာဖြစ်တယ်။ ပထမမွန်ရည်ယဉ်ကျေးမှု နှစ်မျိုးရှိတဲ့သူဟာ တတိယမွန်ရည်ယဉ်ကျေးမှုမျိုးကို အလွယ်နဲ့ရနိုင်လိမ့်မယ်။ လေ့လာမှုစိုက်မှုနဲ့ အာရုံပြုမှုတို့ရှိရင် ရနိုင်တော့တာပေါ့။ အဲဒီအဆင့်ရောက်ရင် မွန်ရည်ယဉ်ကျေး မှုဟာ အဆင့်အမြင့်ဆုံး၊ အတောက်ပဆုံး၊ အချောအသတ်ဆုံး အဆင့်ကို ရောက်ပြီပေါ့။ အဲဒီလို မွန်ရည်ယဉ်ကျေးမှုမျိုးကိုတော့ မြို့တော်ကြီးများမှာသာ တွေ့နိုင်ပေလိမ့်မယ်။ မြို့တော်ကြီးများမှာတောင် တစ်မြို့နဲ့တစ်မြို့ မတူကြသေးဘူး။ ရောမရဲ့မွန်ရည်ယဉ်ကျေးမှုဟာ ပါရီရဲ့ မွန်ရည်ယဉ်ကျေးမှုနဲ့ မတူဘူး။ ပါရီရဲ့မွန်ရည်ယဉ်ကျေးမှုဟာ နေရာအချို့မှာ မဒရစ်ရဲ့ မွန်ရည်ယဉ်ကျေးမှုနဲ့မတူဘူး။ မဒရစ်ရဲ့ရည်မွန်ယဉ်ကျေးမှုဟာလည်း နေရာများစွာမှာ လန်ဒန်ရဲ့ ရည်မွန်ယဉ်ကျေးမှုနဲ့ မတူပေဘူး။

ဒါကြောင့်မို့ အမြော်အမြင်ရှိသူတစ်ယောက်ဟာ ကိုယ်ရောက်တဲ့နေရာဒေသတိုင်းက ဒေသအလိုက် ပြုမူပြောဆိုပုံတွေကို ဂရုစိုက်ပြီး သတိထားတယ်။ အဆင့်အတိုင်နဲ့မွန်ရည်ယဉ်ကျေးမှုမှာ ထိပ်တန်းရောက်နေတဲ့သူလို့ ယူဆရတဲ့ ပုဂ္ဂိုလ်ရဲ့နည်းနာတွေကို အတုယူကျင့်သုံးတယ်။ အဲဒီလိုပုဂ္ဂိုလ်ဟာ သူ့ရဲ့ အထက်လူကြီးတွေကို ဘယ်လိုဆက်ဆံသလဲ၊ ကိုယ်နဲ့တန်းတူတွေကို ဘယ်လိုပြုသလဲ၊ ကိုယ်ထက်နိမ့်ကျသူတွေကို ဘယ်လိုပြောဆိုသလဲဆိုတာတွေကို စောင့်ကြည့်တယ်။ ဘယ်လောက်သေးငယ်တဲ့ တိကျသေချာမှုကလေးကိုဖြစ်စေ အလွှတ်မပေးဘဲ လေ့လာတယ်။ လှပကောင်းမွန်တဲ့ ပန်းချီကားတစ်ချပ်မှာ ပန်းချီဆရာရဲ့ နောက်ဆုံးပိတ် အချောသတ်စုတ်ချက်ကလေးတွေဟာ အရေးကြီးသလို ရည်မွန်ယဉ်ကျေးမှုမှာလည်း အဲဒီသေးဖွဲတဲ့ တိကျမှုကလေးတွေဟာ အရေးကြီးတယ်။ လူပြိန်းတွေကတော့ အဲဒီအသေးစိတ်စုတ်ချက်ကလေးတွေကို သတိထားမိပေမယ့် တော်တဲ့ အကဲဖြတ်လူကြီးကတော့ ကောင်းကောင်းခွဲခြားသိတာပေါ့။ အဲဒီပုဂ္ဂိုလ်တွေရဲ့ဟန်ပန်၊ အဝတ်အစားနဲ့ လှုပ်ရှားမှုတွေကိုတောင် သတိထားပြီး ပုံတူချွတ်စွပ်မဟုတ်ဘဲ၊ သင့်တင့်လျောက်ပတ်စွာ အတုခိုးတယ်။ ပန်းချီဆရာဟာ အဲဒီပုဂ္ဂိုလ်ကို သရုပ်တူအောင် ကူးတယ်။ သရုပ်ပျက်အောင် မကူးဘူး။ အဲဒီလို ကိုယ်ဟန်တင့်တယ်ပြေပြစ်မှုတွေဟာ အလွန်အရေးပါတယ်။ လူတိုင်းကြည့်ပြီး အပွေးကိုမြင်ရုံနဲ့အပင်ဟာ ဘယ်လိုအပင်လည်းဆိုတာ သိနိုင်တယ်။ အဲဒီအသေးအဖွဲကလေးတွေဟာ နှလုံးသားကို သိမ်းကျုံးယူငင်ပြီး ဉာဏ်ဦးကို ပြီးမြောက်စေတယ်။ သူတို့ကြောင့် ရတဲ့ရလာဒ်ဟာ အလွန်အံ့ဩစရာကောင်းတဲ့အတွက် မော်ကဝေအတတ်ကို တတ်သလားတောင် အောက်

www.burmeseclassic.com

www.burmeseclassic.com



မေ့ရတယ်။ ကျက်သရေအရှိဆုံး၊ အယဉ်ကျေးဆုံး၊ အမွန်ရည်ဆုံးအမျိုးသားနဲ့ အချောဆုံး၊ အသိမ်မွေ့ဆုံးအမျိုးသမီးတို့ဟာ အကောင်းဆုံးသော ပီယဆေးတွေပဲ။ ဒီအရာတွေသာ ပြည့်စုံရင် တစ်ခြားဘာအတတ်ပညာတွေမှ မလိုတော့ဘူးလို့တောင် ဖေဖေထင်တယ်။ ဒီတော့ [အဝတ်အစားကို သပ်ရပ်ကောင်းမွန်စွာ ဝတ်ရုံတင်မကာ တောက်ပခမ်းနားစွာဝတ်ပါ။] ဒီလိုပြောတဲ့အတွက် ရွှေတွဲလွဲ ငွေတွဲလွဲ ဝတ်ရမယ်လို့ ဖေဖေ မဆိုလိုပါဘူး။ သင့်တင့်ပြီး ကြည့်ကောင်းရုံ ဝတ်ဆင်ရမယ်လို့ ဆိုလိုတာပါ။ မိန်းမတွေကတော့ အဲဒီလို ရွှေငွေတွေကို နှစ်သက်ကြတယ်။ လိုလည်း လိုအပ်တယ်။ ဒီပစ္စည်းတွေဟာ သူတို့နဲ့ထိုက်တန်တဲ့ပစ္စည်းလို့လည်း ယူဆကြတယ်။ ဒါပေမယ့် မင်းရဲ့ပြုမူလှုပ်ရှားဟန်တွေက ကျက်သရေလည်းမရှိဘူး၊ နူးညံ့သိမ်မွေ့မှုလည်းမရှိဘူး၊ သဘာဝလည်းမကျဘူး ဆိုရင်တော့ မင်းရဲ့ဝတ်ကောင်းစားလှတွေဟာ မင်း ကို ယို့ကားယားနိုင်တာကို အထုပ်ဖြေပြသလို ဖြစ်နေမှာပဲ။

ဒါပေမယ့် ခုအချိန်မှာ မင်းဟာ ကို ယို့ကားယားရှိနေဦးမှာပဲလို့ ဖေဖေ မယူဆချင်ဘူး။ ခုအချိန်လောက်ဆိုရင် မင်းလည်းကောင်းတဲ့အသိုင်းအဝိုင်းမှာ ကောင်းတဲ့ဟန်ပန်တွေကို ရလောက်နေပြီပဲ။ ဒီတော့ အဲဒီအသိုင်းအဝိုင်းက ထွက်လာတယ်ဆိုရင် ကို ယို့ကားယား၊ ခွတီးခွကျ မဖြစ်တော့ဘူးပေါ့။ ဒါပေမယ့် ကို ယို့ကားယားဖြစ်သည့်တိုင်အောင်လည်း သိပ်တော့အကြောင်းမဟုတ်လှပါဘူး။ လိုက်ပဇစ်ဆိုတဲ့မြို့က ကျက်သရေသုံးပါးရှိတဲ့ မြို့မှမဟုတ်တာကလား။ အဲဒီတော့ မင်းဘာမှရခဲ့မှာမဟုတ်ဘူး။ အထက်တန်းစားပုဂ္ဂိုလ်တွေ သူတို့ ခြေတွေလက်တွေ သူတို့ကိုယ်ခန္ဓာတွေ ဦးခေါင်းတွေနဲ့ ဘယ်လိုလှုပ်ရှားကြပြကြတယ်ဆိုတာကို လေ့လာခဲ့တယ်ဆိုရင်လည်း ကောင်းကောင်းက,တတ်အောင် လေ့လာခဲ့ပေတော့။ အဲဒီမှာ အတော်ကလေး က,တတ်ပြီဆိုရင် အိမ်အပြန်မှာ ပိုပြီး က,တတ်အောင် လေ့လာခဲ့ပါ။ အလုပ်တစ်ခုခုကို မရွှေ့မရှောင်သာလို့ လုပ်ရပြီဆိုရင်လည်း အကောင်းဆုံးဖြစ်အောင် လုပ်ဖို့လိုတယ်။ သူများထက်သာအောင်လုပ်ပါ။

မင့်အရွယ်ဟာ တည်ငြိမ်ရင့်ကျက်ပြီး ဣန္ဒြေကြီးတစ်ခွဲသားနဲ့ နေရမယ့် အရွယ်မဟုတ်ဘူး။ ဖျတ်ဖျတ်လတ်လတ် တက်တက်ကြွကြွနဲ့ နေရမယ့်အရွယ် သူများက တတာမ်းတတ တလွမ်းသသ၊ တမွန်းဆဆနဲ့ အဖြစ်ခံရမယ့်အရွယ် (အလိုလားခံရမယ့်အရွယ်၊ တဖွဖွအပြောခံရမယ့် အမျှော်ခံရမယ့်အရွယ် ခွဲရင်လည်း အသိုင်းအဝိုင်းက မခွဲချင် ခွဲချင် အခွဲခံရမယ့်အရွယ်ဖြစ်တယ်



အထက်တန်းကျတဲ့မိန်းမ တစ်ဒါဇင်လောက်က ချစ်စရာကောင်းလိုက်တဲ့ ကောင်လေးရယ်လို့ တမ်းတမ်းတတ ဖြစ်နေတဲ့အသံကို ဖေဖေကြားချင်တယ်။ ဒီနေရာမှာ မိန်းမတွေကသာ တမ်းတခံနေရအောင် လုပ်ရမယ်လို့ ပြောနေတာ မဟုတ်ဘူး။ ယောကျ်ားတွေကပါ အမှတ်တရဖြစ်နေအောင် လုပ်ဖို့ပြောတာ။ ပြင်သစ်ကိစ္စမှာမဆို မိန်းမတွေ သဘောကျတာမှန်သမျှကို ယောကျ်ားတွေ သဘောကျတတ်တာချည်းပဲ။ (ကွဲလွဲရင်လည်း နည်းနည်းပါးပါးပဲ ရှိမှာပေါ့)] အထက်တန်းကျတဲ့ မိန်းမတွေကြောင့် ပျော့ပျောင်းပြီး ယဉ်ကျေးလာတဲ့ လူတစ်ယောက်၊ သူတို့ကြောင့် အမြဲတမ်းလိုလို တစ်ဖက်သားကို အလေးထားလာ တတ်တဲ့လူတစ်ယောက်ဟာ လူတွေကို ကျေနပ်အောင် လုပ်ရာမှာ၊ ဆက်ဆံရာမှာ စကားပြောရာမှာ သည့်ထက်ပိုပြီး လွယ်တာပေါ့။ အမျိုးမျိုးသော လူများနဲ့ ပေါင်းသင်းခြင်း၊ သူတို့နဲ့ ပေါင်းဖော်ပြီး ကိုယ့်အတွက် အသုံးမချဘဲ ဘယ် အရာမှ အထက်ကို ရောက်နိုင်မှာမဟုတ်ဘူး။ မင်းဟာ သူတို့မသိဘဲ သူတို့ တွေ မင်းကို မှီခိုအားထားနေအောင် လုပ်ရမယ်။ သူတို့ညွှန်ကြားတာကို မင်းလိုက်နာတယ်လို့ ထင်ရပေမယ့် တကယ်က သူတို့ကို မင်းက ညွှန်ကြား အောင်နေရမယ်။ အမြဲတစေ ကျေနပ်အောင် လုပ်ပေးခြင်း၊ ဂရုစိုက်ခြင်း၊ ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံခြင်း၊ ချုပ်တည်းခြင်းဖြင့်သာလျှင် လိုအပ်တဲ့အဆိုပါ ဆက်သွယ်မှုတို့ကို ရနိုင်မယ်။ သူတို့ရဲ့ထောက်ခံအားပေးမှုကို လိုချင်ရင် သူတို့ရဲ့နှလုံးသားကို ဆွဲဆောင်သိမ်းသွင်းရမယ်။ သူတို့ရဲ့စိတ်အထာကို စောင့်ကြည့်နေရမယ်။ လိုက်လျောခြင်းအားဖြင့် သူတို့ကို ဆွဲဆောင်ရမယ်။ ယုယချိုသာစွာ ပြောခြင်းဖြင့် သူတို့ကို ဆွဲဆောင်ရမယ်။ ကိုယ်လိုတော့မှ သူတို့ကို သွားခေါ်တာမျိုး မလုပ်ရဘူး။ သူတို့ရဲ့ခွန်အားကို လိုချင်ရင် သူတို့ ကိုလည်း ကိုယ်ကပျော်ရွှင်ကျေနပ်မှုဖြစ်စေ၊ အကျိုးကျေးဇူးဖြစ်စေ ပြန်ပေးရ မယ်။

ယခုလေးတင်ပဲ (၂) ရက် နေ့စွဲတပ်ထားတဲ့ စာတစ်စောင် မစ္စတာ ဟာ့တ်ဆီက ရတယ်။ မကြာခင် ဖေဖေသူ့ဆီကို ပြန်စာရေးလိုက်မယ်။ စာရေးလာဆယ်တော့ သူ့ကို ကျေးဇူးတင်ကြောင်း မင်းကတစ်ဆင့် ပြောပေးပါ။ မင်းနဲ့ပတ်သက်ရင် အကောင်းတွေချည်းရေးနေတဲ့အတွက် သူဟာ မင်းအကြောင်း ကောင်းတာတွေရေးနေသလားလို့တောင် ဖေဖေထင်မိသေးတယ်။ ဒါကြောင့် နောင်မှာ မင်းနဲ့ပတ်သက်လို့ သူက မကောင်းများရေးခဲ့ရင် သူ့စာဟာ ဘယ်လောက် အချိန်စီးမလဲဆိုတာ မင်းစဉ်းစားကြည့်ပေတော့။ ဒီလိုရေးရမှာကို သူ

www.burmeseclassic.com



အလွန်ဝန်လေးမှာဖြစ်လေတော့ သူဟာ အလွန်အရေးကြီးတဲ့ သက်သေတစ်ယောက်ဖြစ်လာမှာပဲ။ အာဒီးယူး။

မြသန်းတင်

အခြေခံပညာအထက်တန်းကျောင်းသားတိုင်း
တက္ကသိုလ်ကျောင်းသားတိုင်း
အင်္ဂလိပ်ဘာသာလေ့လာသူတိုင်းအတွက်
**အင်္ဂလိပ်ကဗျာအလှဒီပနီကျမ်း**

**မောင်သော်က**
**A BOUQUET OF POEMS**
**ကဗျာဘူကေး**

ရောင်းဈေး (၁၃၅ ကျပ်)
ထွက်နေပါပြီ။

လောကသစ်စာပေ၊ ၇၊ သုဝဏ္ဏလမ်း၊
ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

BURMESE CLASSIC .com

www.burmeseclassic.com